www.burmeseclassic.com

တက္ကသိုလ်နေဝင်း

# ဘီလျံနာ

# BILLIONER MISSION

BURMESE CLASSIC



DEATH MERCHENT SERIES

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com


စာမူခွင့်ပြုချက်အမှတ် – ၅၀၀၇၈၉၀၆၀၆

မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၈၆၀၀၆၀၇

■

ပုံနှိပ်ခြင်း – ပထမအကြိမ်၊ မေလ၊ ၁၉၈၁

သက်တင်စာပေတိုက်

– ဒုတိယအကြိမ်၊ ဇန်နဝါရီလ၊ ၂၀၀၇

The Couple

အုပ်ရေ – ၈၀၀

မျက်နှာဖုံး – ဇင်မင်းလူ

ကွန်ပျူတာစာစီ – Dream City

မျက်နှာဖုံးဖလင် – Stars

အတွင်းဖလင် – ပုံရိပ်ရှင်

စာအုပ်ချုပ် – ကိုမြင့်

■

ဦးသန်းဆွေ (၀၃၃၂၀)၊ Unity စာပေ

၃၆၊ အပေါ်ဆုံးထပ်၊ ဟသ်ာတလမ်း၊ စမ်းချောင်းမြို့နယ် ရန်ကုန်မြို့မှ ထုတ်ဝေ၍

ဒေါ်ခင်အေးမြင့် (၀၅၉၀၁)၊ ရာပြည့်အော့ဖ်ဆက်

အမှတ် ၁၉၉၊ လမ်း၅၀၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့တွင်

မျက်နှာဖုံးနှင့် အတွင်းစာသားများကို ပုံနှိပ်သည်။


**တန်ဖိုး – ၂၀၀၀ ကျပ်**

■

ဒီစာအုပ်ကလေးကို ဒုတိယအကြိမ်ထုတ်ဝေဖို့ ခွင့်ပြုခဲ့တဲ့ ဆရာ တက္ကသိုလ်နေဝင်း ရဲ့ဇနီး အန်တီ ဒေါ်ခင်ညိမ်း၊ ထုတ်ဝေဖြစ်အောင် အကူအညီပေးခဲ့တဲ့ ကိုနေမျိုးသူရ (တကောင်းစာအုပ်တိုက်) တို့ကို ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။

**The Couple**

## ပုံနှိပ်ရာဇဝင်



**သက်တင်စာပေတိုက်**
ပထမအကြိမ်
မေလ၊ ၁၉၈၁



**The Couple**
ဒုတိယအကြိမ်
ဇန်နဝါရီလ၊ ၂၀၀၇

www.burmeseclassic.com

www.burmeseclassic.com

# ပထမအကြိမ် ထုတ်ဝေစဉ်က မြန်မာပြန်သူ၏အမှာ

ဤစာအုပ်၏အမည်ကို 'ဘီလျံနာ'ဟု ပေးထားသည့်အတိုင်း 'ဘီလျံနာ' ဟူသော အင်္ဂလိပ်ဘာသာ ဝေါဟာရကို အနည်းငယ်ရှင်းရန် လိုမည်ထင်ပါသည်။

'မီလျံနာ' သို့မဟုတ် သန်းကြွယ်သူဌေးကြီးများ အကြောင်းကိုတော့ စာဖတ်သူများ ကြားဖူးနားဝရှိပါလိမ့်မည်။ အဓိပ္ပာယ်ကား အမေရိကန် ဒေါ်လာငွေတစ်သန်း (ဆယ်သိန်း) ထက် ပို၍ ချမ်းသာကြွယ်ဝသူများကို အမေရိကန်ပြည်တွင် 'မီလျံနာ' (တစ်နည်းအားဖြင့် မီလျံ ခေါ် ဒေါ်လာဆယ်သိန်း ကြွယ်ဝသူ)ဟု ခေါ်ကြပါသည်။

တစ်ဖန် ဒေါ်လာငွေ (ဆယ်သန်း) သောင်းတစ်ထောင်ကျော် ကြွယ်ဝသူကို သန်းပေါင်းတစ်ထောင်ပိုင်လျှင် သို့မဟုတ် 'ဘီလျံနာ' ဟု ခေါ်ကြသည်။

ယနေ့ ကမ္ဘာပေါ်တွင် 'ဘီလျံနာ'ဟု ခေါ်ရလောက်အောင် ကျိကျိတက်ချမ်းသာကြွယ်ဝသူသည် ဦးရေလက်တစ်ဆုပ်မျှလောက်သာ ရှိသည်။

'ဘီလျံ' (သန်းပေါင်းတစ်ထောင်) ပေါင်း များစွာ ချမ်းသာသူ၊ အနည်းငယ်လည်း ရှိရာ ယင်းတို့အနက် ဤစာအုပ်တွင် ပါဝင်သော သူဌေးကြီးလည်း တစ်ဦးအပါအဝင် ဖြစ်သည်။

သို့ရာတွင် ထို 'ဘီလျံနာ' သူဌေးကြီးသည် သုံးမကုန် ဖြုန်းမကုန်နိုင်အောင် ချမ်းသာကြွယ်ဝလျက် အေးအေးမနေဘဲ စိတ်ရှုပ်စရာ လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com

သူ စိတ်ရှုးပေါက်ပုံကလည်း တတိယကမ္ဘာစစ် (နျူကလီးယား) စစ်ပွဲကြီးဖြစ်အောင် သူ၏ ငွေသန်းပေါင်းများစွာဖြင့် ဖန်တီးလုပ်ကိုင်ချင်စိတ်ပေါက်လာသည်။ တတိယကမ္ဘာစစ်ကြီးဖြစ်၍ အဏုမြူ နျူကလီးယားလက်နက်များ အပြိုင်အဆိုင် အသုံးပြု ပစ်ခတ်ကြကာ ကမ္ဘာပေါ်ရှိ လူသားအားလုံး သေကျေ ပျက်စီးသွားမည့် အခြေအနေကို 'ဘီလျံနာ'သူဌေးကြီးက လိုချင်တောင့်တမိလေသည်။ အလွန်ကြောက်မက်ဖွယ်ကောင်းလှသော စိတ်ရူးပေါက်ပုံမျိုးပင်တည်း။

ဘီလျံနာသူဌေးကြီးသည် စိတ်ရူးပေါက်ရုံမက လက်တွေ့အကောင်အထည်ဖော်ရန်လည်း ကြိုးစားပါလေတော့သည်။

သူ၏အကြံအောင်သွားပါက တကယ်ပင် ကမ္ဘာကြီး ပျက်စီးရတော့မည်ဖြစ်ရာ ကံအားလျော်စွာ 'ဘီလျံနာ' သူဌေးကြီး၏ အကြံကို အမေရိကန် ဗဟိုထောက်လှမ်းရေး (စီအိုင်အေ) အဖွဲ့က ကြိုတင်သတင်းရရှိလာသည်။

ထို့ကြောင့် 'စီအိုင်အေ' အကြီးအကဲများက ဤဝတ္ထု၏ အဓိကဇာတ်ဆောင်သူရဲကောင်း 'ရစ်ချတ်' ၏ အကူအညီဖြင့် 'ဘီလျံနာ' သူဌေးကြီးအား ခက်ခက်ခဲခဲ နှိမ်နင်းရပုံမှာ စိတ်ဝင်စားဖွယ်ကောင်းသလောက် သည်းထိတ်ရင်ဖိုစရာကောင်းလှပေတော့သည်။

ထို့ပြင် ပုထုဇဉ် လူသားမှန်သမျှ တရားစစ် တရားမှန် မသိမချင်း လောဘ မကုန်ကြောင်း၊ လောကီစည်းစိမ်မှန်သမျှ ပြီးပြည့်စုံသော စိတ်ကျေနပ်မှု၊ ငြိမ်းချမ်းသာယာမှု မရနိုင်ကြောင်း စသော ဗုဒ္ဓဝါဒ၏ သင်ကြားချက်များကို ထင်မြင်သဘောပေါက်လာအောင် သင်ခန်းစာရဖွယ်၊ သံဝေဂရဖွယ် ဇာတ်လမ်းလည်း ဖြစ်၍ မြန်မာစာဖတ်ပရိသတ်အတွက် ပြန်ဆိုရေးသားလိုက်ရခြင်း ဖြစ်ပါသည်။

တက္ကသိုလ်နေဝင်း

## အခန်း (၁)

'ရစ်ချတ်'သည် လတ်တလော သူ့အား အရေးတကြီးပေးထားသည့် တာဝန်အကြောင်း၊ အပြန်ပြန်အလှန်လှန် စဉ်းစားနေမိလေသည်။

တာဝန်ကလည်း ယခင် သူ ဆောင်ရွက်ခဲ့ဖူးသော အလုပ်တာဝန်များနှင့် မတူဘဲ အလွန်ကြီးကျယ်သလောက် ဘေးအန္တရာယ်ကလည်း များလှသည်။

'ရစ်ချတ်'အနေဖြင့် ရန်သူဒုစရိုက်သမားများကို ရှုပ်ရှုပ်ချုံချုံ စွန့်စားတိုက်ခိုက်ရသည့် အပွဲပွဲတွင် အနိုင်ရခဲ့သလောက် ယခုတစ်ကြိမ်တွင်မှ သူက အနိုင်ရပါ့မလားဟု သံသယပင် ဖြစ်သည်။

သေဘေးမှ အကြိမ်ကြိမ် လွတ်မြောက်ခဲ့သော်လည်း ယခုတစ်ကြိမ်တွင်မှ လွတ်မြောက်ပါမည်လော။

သို့ဖြစ်လင့်ကစား 'ရစ်ချတ်' သည် စိတ်ဓာတ် အလွန်ခိုင်မာ ပြင်းထန်သူ ဖြစ်သည့်အလျောက် သေကာမှ သေရော ရန်သူဒုစရိုက်များကို အနိုင်မခံ အရှုံးမပေး ရှုပ်ရှုပ်ချုံချုံ တိုက်ခိုက်နှိမ်နင်းရန် စိတ်ပိုင်းဖြတ်ပြီး ဖြစ်သည်။

အကယ်၍ မိမိအသက်သေရသည့်တိုင်အောင် တိုက်ရင်း သေမည်ဟု ဆုံးဖြတ်ထားသည်။

❖

အမေရိကန်နိုင်ငံတွင် အလွန်ပူအိုက်သော နွေရာသီ ဖွန့်လဖြစ်လေသည်။

'ရစ်ချတ်' သည် သူနှင့် တွေ့ဆုံဆွေးနွေးရန် ချိန်းဆိုထားသော ဆော်ဒင် ဆိုသူအကြောင်း တွေးနေမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဓါဒင်' သည်ကား ဗဟိုထောက်လှမ်းရေးအဖွဲ့၏ လျှို့ဝှက်သီးသန့်ဌာန မှ 'ဧကျင်း' (စုံထောက်) တစ်ဦး ဖြစ်သည်။

ယင်းဌာနနှင့် ဆက်သွယ်ရာတွင် မိမိ၏နာမည်ရင်း 'ရစ်ချတ်' ကို မသုံးဘဲ 'ကော်တင်' ဟူသော လျှို့ဝှက်အမည်ကို သုံးထားသည့်အတိုင်း 'ဂေါဒင်' က ဖုန်းဆက် ချိန်းဆိုသောအခါ...

"ဟဲလို မစ္စတာ 'ကော်တင်' အရေးကြီးတဲ့ စာရင်းတစ်ခု ခင်ဗျားကို ပေးစရာရှိလို့ အမြန်ဆုံးလာတွေ့စေချင်ပါတယ်။ 'ဂရင်းဝစ်' ရပ်ကွက်က သုသာန် သိတယ် မဟုတ်လား။ အဲဒီသုသာန်ရဲ့ အရှေ့တောင်ဘက်ထောင့်နားမှာ ကျုပ် စောင့်နေပါ့မယ်။ အမြန်ဆုံးသာ လာခဲ့ပါ" ဟု ပြောခဲ့သည်။

'ဂေါဒင်' အနေဖြင့် ယင်းသို့ ဖုန်းဆက်ချိန်းဆိုခြင်းသည် အကြောင်း ရှိရပေမည်။ မိမိအား 'စီအိုင်အေ' လျှို့ဝှက်သီးသန့်ဌာနမှ တာဝန်ပေးထားသော အလုပ်နှင့်စပ်လျဉ်း၍ အရေးကြီးသော သတင်းအချက်အလက်များ ရရှိသဖြင့် မိမိအား အမြန်ဆုံး အကြောင်းကြားလို၍ပင် ဖြစ်ရပေမည်။

'ရစ်ချတ်' သည် သူ၏မော်တော်ကားဖြင့် 'ဂေါဒင်' ချိန်းဆိုလိုက်သော 'ဂရင်းဝစ်' ရပ်ကွက် သုသာန်ဆီသို့ မောင်းသွားရင်း ယခုသွားမည့်နေရာတွင် ပင် ဘေးအန္တရာယ်တစ်စုံတစ်ခု ရှိနိုင်သည်ဟု စိတ်ထဲတွင် ထင်လိုက်မိသည်။ ဤကား 'ရစ်ချတ်' ၏ ထူးခြားသော အရည်အချင်းတစ်ခုပင် ဖြစ်သည်။

အသက်ဘေးအန္တရာယ် နီးကပ်လာအောင် အခြေအနေရှိနေပါက သူ၏ စိတ်ထဲတွင် အလိုလို ကြိုတင် ရိပ်မိလေ့ ရှိသည်။ ဤသည်မှာလည်း ဘေးရန် အမျိုးမျိုး တိုက်ပွဲအမျိုးမျိုး ဆင်နွှဲခဲ့ရသည့် အတွေ့အကြုံကြောင့် ဖြစ်ပေါ်ရရှိ လာသည့် အရည်အချင်းပင် ဖြစ်သည်။

တိရစ္ဆာန်များတွင် ဘေးအန္တရာယ် သို့မဟုတ် ၎င်းတို့၏ သဘာဝရန်သူ နီးကပ်လာပြီဆိုလျှင် အလိုလို ကြိုတင်သိသော (Instinct) အင်စတင့် ခေါ် အသိစိတ်တစ်မျိုးရှိသည်။

ယင်းအသိစိတ်ခေတ် 'အင့်စတင့်' မျိုးကို 'ရစ်ချတ်' သည် သေတွင်းမှ အကြိမ်ကြိမ် လွတ်မြောက်ခဲ့သော အတွေ့အကြုံများမှတစ်ဆင့် ရရှိခဲ့ခြင်းပင် ဖြစ်သည်။

ယခုလည်း ချိန်းဆိုထားသောသုသာန်ဆီသို့ ကားမောင်းသွားရင်း အသက် ဘေးနှင့် နီးကပ်သည့်အန္တရာယ် ရင်ဆိုင်ရချေဦးမည်ဟု စိတ်ထဲမှ သိနေပြန်လေ ပြီ။

အထူးသဖြင့် ဒုစရိုက်သမားများကို ရက်ရက်စက်စက် အပြတ်နှိမ်နင်း



အပြုတ်တိုက်လေ့ရှိသော မိမိအားသတ်ဖြတ်ချင်သူ လူဆိုးဂိုဏ်းသားတွေ နေရာ တကာမှာ ရှိနေကြကြောင်း သိထား၍လည်း 'ရစ်ချတ်' က သွားလေရာတွင် သတိကြီးစွာထား၍ သွားလာလှုပ်ရှားတတ်လေရာ သုသာန်အနီးသို့ ချဉ်းကပ် မိသည်နှင့် သူ၏မျက်လုံးများက ပတ်ဝန်းကျင်ကို သေချာစေ့စပ်စွာ လှည့်ပတ် အကဲခတ်ကြည့်လိုက်သည်။

'ဂေါဒင်' နှင့် တွေ့ဆုံရန် ချိန်းဆိုထားသော သုသာန်၏ အရှေ့တောင် ထောင့်သို့ ချက်ချင်းမသွားသေးဘဲ ကားကို တစ်ပတ်လှည့်မောင်းရင်း အခြေအနေ ကို အကဲခတ်ကြည့်ခြင်း ဖြစ်လေသည်။

ရုတ်တရက်အားဖြင့်မူကား ဘေးအန္တရာယ်ရှိဖွယ်(သို့မဟုတ်) မသင်္ကာ ဖွယ်ရာ လူစိမ်းဆို၍ မတွေ့ရချေ။

သုသာန်တစ်နေရာရှိ အုတ်ဂူတစ်ခုနားတွင် လူငယ်ဇနီးမောင်နှံတို့သည် ကလေးငယ်များနှင့်အတူ ငြိမ်သက်စွာ ရပ်နေကြသည်။ ကွယ်လွန်သူတစ်ဦးဦး (သူတို့၏မိဘဆွေမျိုးထဲမှ ဖြတ်တန်ရာသည်) အတွက် အလွမ်းဖြေအုတ်ဂူသို့ လာရောက်ကြဟန် တူသည်။

မလှမ်းမကမ်းတွင်လည်း အသက်ကြီးကြီး ဇနီးမောင်နှံတို့က အုတ်ဂူ တစ်ခုအနီးတွင် ရပ်ကာ မျက်ရည်ကျနေသည်။ သူတို့၏ သားသမီးတစ်ဦး၏ အုတ်ဂူရှိရာသို့ လာရောက်ကြဟန်တူသည်။

ချိန်းဆိုထားသောနေရာ အရှေ့ထောင့်အနီးရှိ လမ်းပေါ်တွင်ကား ပင်စင် စားနှင့်တူသော အဘိုးကြီးတစ်ယောက်သည် ခပ်ဖြည်းဖြည်း လမ်းလျှောက်သွား နေသည်။ ကွယ်လွန်သူ ဇနီးသည်၏ အုတ်ဂူသို့ အလွမ်းပြေသွားနေခြင်း ဖြစ် ဟန်တူသည်။

ယခုအတိုင်းဆိုလျှင် သုသာန်၏ ပတ်ဝန်းကျင်၌ မသင်္ကာဖွယ်ရာ လူ စိမ်းများ လုံးဝမရှိဟု ယူဆရမလို ဖြစ်နေသည်။

'ရစ်ချတ်' သည် သူ၏မော်တော်ကားကို 'ပလိုင်းမောက်' အမျိုးအစား ကားတစ်စီးရပ်ထားသည့် နေရာ၏ နောက်နားတွင် ထိုးရပ်လိုက်သည်။

ရှေ့ကားမှ ယာဉ်မောင်းသူ ဒရိုင်ဘာသည် တစ်စုံတစ်ဦးအား စောင့်နေ ဟန်ဖြင့် သတင်းစာထိုင်ဖတ်နေသည်။

'ရစ်ချတ်' သည် အမြဲတစေ သတိရှိသူဖြစ်သည့်အလျောက် ထားသော်မှ မဆင်းမီ သူ၏ကိုယ်တွင် ပါလာသော လက်နက်များကို လိုလိုမည်မည် ပြန် စစ်ကြည့်လေသည်။

ယင်းတို့ကား ကုတ်အင်္ကျီအတွင်း ပခုံးတွင် သိုင်းလွယ်ထားသော [illegible]

www.burmeseclassic.com

www.burmeseclassic.com



ရေအိတ်အနက်များရှိ ၉ မီလီမီတာ 'ဘရောင်းနင်း' အော်တိုမစ်တစ်၊ ပစ္စတိုလ်သေနတ်နှစ်လက် (တစ်လက်လျှင် ကျည်ဆန် ၁၃ တောင့်ပါသည်။) နှင့် ပွိုင့် ၂၅ အမျိုးအစား 'ကိုလ်' ပစ္စတိုလ် နှစ်လက်တို့ပင် ဖြစ်သည်။

ပွိုင့် ၂၅ ပစ္စတိုလ်နှစ်လက်ကို ဘောင်းဘီအတွင်း ခြေသလုံးတွင် အထူး စီမံဖန်တီးထားသော လျှို့ဝှက်သားရေအိတ်များဖြင့် ချိတ်ထားသည်။

သေနတ်လေးလက်စလုံး၏ ကျည်ဆန်များနှင့် ပစ်ခတ်သည့် မောင်းခလုတ် စသည်တို့ကိုပါ သေချာစွာ စစ်ဆေးကြည့်ပြီးနောက် 'ရစ်ချတ်' သည် ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်သည်။

သူ၏နေရာမှ လက်ဝဲဘက် ပေ ၂၀၀ ခန့်တွင် စီအိုင်အေ လျှို့ဝှက်ဌာနမှ စုံထောက် 'ဂေါ်ဒင်' ရောက်ရှိနေပြီ ဖြစ်ကြောင်း သတိပြုမိလေသည်။

'ဂေါ်ဒင်' သည် 'ရစ်ချတ်' ဘက်သို့ ကျောပေး၍ ရပ်နေရာ 'ခရိမ်း' ခေါ် ဝန်ချီစက်မောင်း အလုပ်သမားတစ်ဦးအသွင်ဟန်ဆောင်လျက် တကယ့် အလုပ်သမားဝတ်စုံကို ဝတ်ဆင်ထားလေသည်။

'ဂေါ်ဒင်' ရပ်နေရာမှ လက်ဝဲဘက် ပေ ၂၀၀ ခန့်တွင်ကား အသုဘအခမ်းအနားကို ခရစ်ယာန်ဘာသာဝင်တို့ ထုံးစံအတိုင်း လူစုလူဝေးနှင့် ပြုလုပ်နေကြသည်။

'ရစ်ချတ်' သည် စုံထောက် 'ဂေါ်ဒင်' ရပ်နေရာသို့ ပြန်ကြည့်လိုက်ရာ သူ၏နောက်နား ၇၅ ပေခန့်အကွာတွင် သုသာန်အလုပ်သမားနှင့်တူသူ လူနှစ်ယောက်သည် မြေကြီးပေါ်တွင် မြက်ပင်များကို နုတ်နေကြသည်။

ဤသည်မှာလည်း သုသာန်ပတ်ဝန်းကျင်တွင် မြင်တွေ့နေကျဖြစ်၍ မသင်္ကာစရာမရှိချေ။

'ရစ်ချတ်' သည် စီအိုင်အေစုံထောက် 'ဂေါ်ဒင်' ရပ်နေရာသို့ ချဉ်းကပ်သွားပြီး ဘေးချင်းယှဉ်ရပ်၍ စကားစပြောလေသည်။

"နေပါဦးဗျ... ဘာများ ဒါလောက်အရေးကြီးလို့ ကျုပ်ကို ချိန်းရတာလဲ။ ဒီလိုနေရာမျိုးမှာ ခင်ဗျားနဲ့ ကျုပ်နဲ့ ဆုံပြီးစကားပြောရင် အန္တရာယ်ရှိနိုင်တယ် မဟုတ်လား"

'ရစ်ချတ်' က ဤသို့ပြောရင်း ဘေးပတ်ဝန်းကျင်သို့ သေချာစေ့စပ်စွာ ထပ်မံကြည့်လိုက်ရာ သူ ထင်သည့်အတိုင်းပင် အန္တရာယ်ရှိကြောင်း အထောက်အထားကို တွေ့ရတော့သည်။

မလှမ်းမကမ်းရှိ အုတ်ဂူခပ်ကြီးကြီးတစ်ခု၏ အကွယ်မှ သေနတ်ပြောင်းဝ တစ်စွန်းတစ်စထွက်နေသည်ကို လှမ်းမြင်လိုက်ရခြင်း ဖြစ်သည်။



ဂေါ်ဒင်ကတော့ သတိပြုမိဟန်မတူဘဲ ရစ်ချတ်၏ စကားကို ပြန်ဖြေနေသည်။

"ဒီလိုပါဗျ... ကျုပ်တို့ ဦးတည်ဖြိုခွင်းရမယ့် အရုဏ်သစ်အဖွဲ့ရဲ့ ဘရွတ်ကလင်းနယ်မြေက အဖွဲ့ဝင်တွေ စာရင်းအပြည့်အစုံကို ကျုပ်တို့ ရရှိထားပြီဗျ။ အဲဒီစာရင်းကတော့..."

သူ၏စကားမဆုံးသေးမီ ရစ်ချတ်က...

"ဟေ့လူ ဝပ်နေလိုက်စမ်း"

ပြောပြောဆိုဆို ဂေါ်ဒင်အား မြေပြင်ပေါ်သို့ အတင်းလှဲချလိုက်သည်။

တစ်ချိန်တည်းမှာပင် သူ၏လက်တစ်ဖက်က မယုံကြည်နိုင်လောက်အောင် လျင်မြန်လှသောအဟုန်ဖြင့် ကုတ်အင်္ကျီအတွင်းမှ ဘရောင်းနင်းအော်တိုမက်တစ်ပစ္စတိုလ်သေနတ်ကို ဆွဲထုတ်လိုက်သည်။

သူတို့နှစ်ဦး မြေပြင်သို့ ဝပ်လိုက်ပြီး စက္ကန့်ပိုင်းအတွင်းမှာပင် သေနတ်သံနှစ်ချက် ကြားလိုက်ရပြီး ပွိုင့် ၃၈ ကျည်ဆန်နှစ်တောင့် စောစောက သူတို့ ရပ်နေရာမှ ဝှီခနဲ ဖြတ်ထွက်သွားသည်။

အကယ်၍သာ ရစ်ချတ်က ဂေါ်ဒင်အား ဆွဲလှဲချပြီး ဝပ်မနေလိုက်ပါက ယင်းကျည်ဆန်နှစ်တောင့်သည် သူတို့နှစ်ဦးစလုံး ကျည်ဆန်ထိမှန် အသက်ပျောက်သွားကြမည်မှာ သေချာလှပေသည်။

ရစ်ချတ်သည် သူတို့အား လှမ်းပစ်သူ ရန်သူနှစ်ဦးကို မြင်ထားပြီးဖြစ်၍ မြေပြင်ဝပ်လျက်ပင် သူ၏ပစ္စတိုလ်သေနတ်ဖြင့် တစ်ချက်လှမ်းပစ်လိုက်သည်။

ရစ်ချတ်၏ ထူးခြားသော အရည်အချင်းတစ်ခုမှာ သေနတ်ပစ် အလွန်လက်ဖြောင့်ပြီး ပစ်တိုင်းမလွဲခြင်းပင် ဖြစ်သည်။

ယခုလည်း သူပစ်လိုက်သော ကျည်ဆန်သည် မလွဲပါချေ။

သူ၏ကျည်ဆန်သည် လူဆိုးဂိုဏ်းသား သေနတ်သမားနှစ်ဦးအနက် တစ်ဦး၏ ရင်ဘတ်တည့်တည့်သို့ ထိမှန်ပြီး ယိုင်လဲကျရင်း သူ၏ဘေးမှအဖော်ကို တိုက်မိသွားသည်။

ဒုတိယသေနတ်သမားသည် ယိမ်းယိုင်လျက်နှင့်ပင် သေနတ်တစ်ချက် လှမ်းပစ်လိုက်ရာ ဂေါ်ဒင်၏ လက်ယာဘက်ပခုံးကို ထိမှန်သွားသည်။

ရစ်ချတ်သည် ယခုကဲ့သို့ တိုက်ပွဲမျိုးကို အကြိမ်ပေါင်းများစွာ ကြုံတွေ့ခဲ့ဖူးပြီဖြစ်၍ ယခု မိမိတို့အား တိုက်ခိုက်ပစ်ခတ်သူ သေနတ်သမားနှစ်ဦးအပြင် နောက်ထပ် သူတို့လူတွေရှိရဦးမည်ဟု တထစ်ချ ယုံနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကျန်လူများကိုပါ ရင်ဆိုင် တိုက်ခိုက်နိုင်ရန်အတွက် ဂေါ်ဒင်အား...

"အုတ်ဂူတွေနောက်မှာ အသာကွယ်နေလိုက်ဗျ၊ ဒါမှ ကျုပ်တို့ အသက်ရှင်နိုင်မယ်" ဟု ပြောရင်း သူကိုယ်တိုင်လည်း ခပ်မြင့်မြင့်အုတ်ဂူတစ်ခု၏ နောက်သို့ ဝင်ပြီး ကာကွယ်ယူထားလိုက်သည်။

ဂေါ်ဒင်မှာ သေနတ်ထိမှန်ထား၍ ကောင်းမွန်စွာ မလျှောက်နိုင်သောကြောင့် ရစ်ချတ်ကပင် ကူညီတွဲခေါ်ပြီး အုတ်ဂူတစ်ခု၏ အကွယ်ဆီသို့ ပို့ပေးလိုက်ရသည်။

ထိုအခိုက်မှာပင် သေနတ်ကျည်ဆန်များ မိုးရွာသလို သူတို့၏ ဝဲယာနှစ်ဖက်စလုံးမှ ဒလဟော ဝင်လာလေတော့သည်။

ရစ်ချတ်နှင့် ဂေါ်ဒင်တို့အား ရန်သူက သုံးဘက်သုံးတန်မှ တြိဂံသဏ္ဍာန် ဝိုင်းပစ်ခတ်ခြင်း ခံနေရလေပြီ။

ရန်သူဘက်မှ ကျည်ဆန်လေးတောင့်သည် ဂေါ်ဒင်၏ နားထင်တွင် တစ်ချက်၊ နံဘေးတွင် သုံးချက် ထိမှန်သွားလေရာ သူ့ခမျာ မြေပြင်ပေါ် ယိုင်လဲမကျမီပင် အသက်ပျောက်သွားရှာသည်။

ရစ်ချတ် ကိုယ်တိုင်ကလည်း သုံးဘက်သုံးတန်မှ ရန်သူဝိုင်းထားပြီး တကယ့်အကျဉ်းတကျပ် အခြေအနေသို့ ရောက်နေကြောင်း စဉ်းစားမိသဖြင့် တစ်ယောက်နှင့် အများကို အနိုင်ရအောင် အထူး သတိကြီးစွာဖြင့် တိုက်မှဖြစ်မည်ဟု ဆုံးဖြတ်လိုက်သည်။

ရှေးဦးစွာ သူ၏ လက်ယာဘက်ရှိ ရန်သူအုပ်စုဆီသို့ တစ်ချက်လှမ်းပစ်လိုက်ရာ သေနတ်သမားတစ်ဦး ထိမှန်လဲကျသွားသည်။ ထိုအချိန်မှာပင် လူနှစ်ယောက်က သူ့အား ပြန်ပစ်ခတ်သဖြင့် ကပျာကယာ ဝပ်ချလိုက်ရသည်။

ရစ်ချတ်သည် သူ၏ လက်ဝဲဘက်ဆီသို့ သေနတ်တစ်ချက် လှမ်းပစ်ကြည့်လိုက်သည်။ ချက်ချင်းပင် ရန်သူဘက်မှ ကျည်ဆန်နှစ်ချက် ပြန်လာလေသည်။

အုတ်ဂူအကာအကွယ်ရှိထား၍သာ ကျည်ဆန်များက သူ့အား မထိမှန်ခြင်း ဖြစ်သည်။

ရစ်ချတ်သည် အုတ်ဂူ၏ အစွန်းနားမှ အသာခေါင်းပြူ၍ ကြည့်လိုက်ရာ ရန်သူ့သေနတ်သမားနှစ်ဦးကို လှမ်းမြင်ရလေသည်။

တစ်ဦးက နေကာမျက်မှန်တပ်ထားပြီး နောက်တစ်ဦးက မျက်နှာပြားပြား အရပ်ဆိုးဆိုး လူတစ်ယောက် ဖြစ်သည်။



ရစ်ချတ်သည် သူ၏ နောက်နားဘက်တွင်လည်း ရန်သူရှိသည်ဟု တွက်လျက် သေနတ်နှစ်ချက် ဆင့်ပစ်ကြည့်လိုက်ရာ ချက်ချင်းပင် လူဆိုးနှစ်ဦးက ပြန်လည်ပစ်ခတ်ရာ ကျည်ဆန်များသည် အုတ်ဂူ၏ နံရံကိုသာ ထိမှန်ကြကုန်၏။

ထိုလူနှစ်ယောက်ကို အုတ်ဂူ၏ဘေးမှ အသာချောင်းကြည့်လိုက်ရာ အံ့အားသင့်သွားမိသည်။

"လက်စသတ်တော့ စောစောက သုသာန်အလုပ်သမားဟန်ဆောင်ပြီး မြက်နုတ်နေတဲ့ လူနှစ်ယောက် ဖြစ်နေတာကိုး။ တစ်ယောက်က ငါသိတဲ့...ငါသိတဲ့... 'ဖရက်ဒီ' ဆိုတဲ့ အကောင်နဲ့တူတယ်"။ ဤသို့လျှင် ခပ်တိုးတိုး ရေရွတ်လိုက်မိသည်။

ယခုတိုင်းဆိုလျှင် ရစ်ချတ်သည် ရန်သူ၏ အင်အား အခြေအနေကို ခန့်မှန်းတွက်ချက်ရပြီ ဖြစ်သည်။

မိမိအား ဝိုင်းတိုက်ပစ်ခတ်နေသူများကား တကယ့်ကျွမ်းကျင်သူ ကြေးစားသေနတ်သမားများ မဟုတ်နိုင်။ ဟုတ်ပါက ယခုလောက်ဆိုလျှင် မိမိအားကိစ္စချောအောင် ပစ်ခတ်နိုင်ရမည် ဖြစ်သည်။

ရန်သူသေနတ်သမားတို့၏ အမှားကား သူတို့၏ အင်အားကို ယုံကြည်စိတ်ချပြီး ပစ်မှတ်ဖြစ်သော မိမိအား အထင်သေးကြပုံ ရသည်။

သူတို့၏ အကြီးဆုံးသော အမှားသည်ကား ပထမဆုံး စတင်ပစ်လိုက်သော သေနတ်သမားနှစ်ဦး၏ လက်ချက်ဖြင့် 'ရစ်ချတ်' နှင့် 'ဂေါ်ဒင်' တို့ အသက်ပျောက်သွားရန် သေချာသည်ဟု ထင်လိုက်ကြခြင်းပင် ဖြစ်သည်။

သို့သော် ထိုလူနှစ်ဦး ပစ်ခတ်မှုက လုံးဝ မထိရောက်ဘဲ ဖြစ်သွားသောအခါ ကျန်သေနတ်သမားများသည် အံ့အားသင့်လျက် ခေတ္တမျှ ဆုတ်ဆိုင်းသွားခဲ့ရသည်။ ဤသည်ပင်လျှင် ရစ်ချတ်အဖို့ အုတ်ဂူများအကြား အကာအကွယ်ကောင်းကောင်းယူနိုင်ရန် အချိန်ရသွားစေခဲ့သည်။

သုသာန်အတွင်း သေနတ်သံများ ဆူညံစွာ ထွက်ပေါ်လာခြင်းကြောင့် လှမ်းမကမ်းတွင် အသုဘသင်္ဂြိုဟ်ခြင်း အခမ်းအနားပြုလုပ်နေသူများသည် ဒိတ်လန့်တကြားဖြစ်ကာ ခြေဦးတည့်ရာ ထွက်ပြေးကြကုန်ပြီ ဖြစ်သည်။

ရစ်ချတ်သည် သူ့အား ဝန်းရံထားသော ရန်သူသေနတ်သမားခြောက်ယောက်အား အပြတ်ရှင်းရန်အတွက် တိုက်ခိုက်နည်းပရိယာယ်ကို သေချာစွာ တွက်ချက် အကွက်ချလိုက်သည်။

သူဝတ်ထားသော အင်္ကျီ၊ ဘောင်းဘီဝတ်စုံမှာ လွန်ခဲ့သောနှစ်ရက်ထဲ

www.burmeseclassic.com



ဈေးကြီးပေးဝယ်ထားခဲ့သော ဝတ်စုံသစ်ဖြစ်ရာ ယခုတော့ သုသာန်မြေပြင်ပေါ် လှဲချ၊ လူးလိမ့်၊ ရှောင်တိမ်းခဲ့ရသဖြင့် ညစ်ပတ်ပေရေကုန်သည်ကိုလည်း အလွန် ဒေါသထွက်နေမိလေသည်။

ယင်းအတွက်ကြောင့်လည်း ရန်သူအုပ်စုအား ပို၍ မကျေမချမ်းဖြစ်ကာ အပြတ်ရှင်းပစ်ချင်စိတ်ပေါ်လာမိသည်။

သေနတ်ပစ် အလွန်ကျွမ်းကျင်လှသူ ဖြစ်သည့်အတိုင်း ရစ်ချတ်သည် သူ၏ ဘရောင်းနင်းပစ္စတိုလ်နှစ်လက်ဖြင့် ကျည်ဆန်ငါးချက်ကို လျှင်မြန်စွာ ပစ်လိုက်သည်။ လက်ဝဲဘက်သို့ တစ်ချက်၊ လက်ယာဘက်သို့ နှစ်ချက်နှင့် သူ၏နောက်နားသို့ နှစ်ချက်ဆက်တိုက်ပစ်လိုက်ရာ ရန်သူဘက်ကလည်း ချက်ချင်းပင် ပြန်လှန်ပစ်ခတ်လေသည်။

သို့သော် ကျည်ဆန်အားလုံးသည် ရစ်ချတ် အကာအကွယ်ယူထားသော အုတ်ဂူကိုသာ ထိမှန်ကြကုန်သည်။

ရစ်ချတ်သည် ရန်သူများ သုံးဘက်သို့ နောက်ထပ်ကျည်ဆန်တစ်ချက်စီ ပစ်လိုက်ပြန်သည်။ ရန်သူဘက်ကလည်း ပြန်လှန်ပစ်ခတ်ကြသည်။ သို့သော် ထိမှန်ခြင်းမရှိဘဲ ကျည်ဆန်များ လွဲချော်ကုန်သည်။

သူ၏တိုက်ခိုက်နည်း ပရိယာယ်ကို လက်တွေ့ အသုံးချမှ ဖြစ်ချေတော့မည်ဟု တွက်ချက်လျက် ရစ်ချတ်သည် ခြေသလုံးတွင် ဖက်ချိတ်ထားသော ပွိုင့် ၂၅ ပစ္စတိုလ်သေနတ်နှစ်လက်ကိုပါ အဆင့်သင့် ထုတ်ယူထားလိုက်သည်။

ထို့နောက် သေနတ်သုံးချက် လှမ်းပစ်လိုက်ရာ ရန်သူ့ဘက်မှ ကျည်ဆန်တွေ ဒလဟောကျအောင် ပြန်ပစ်လေသည်။

သည်တစ်ခါတော့ ရစ်ချတ်သည် လုံးဝ မြန်မပစ်တော့ဘဲ သေနတ်ထိမှန်သွားသည့်ဟန် ဟစ်အော်ညည်းညူလျက် ငြိမ်နေလိုက်သည်။

တစ်ချိန်တည်းမှာပင် သူ၏ဘရောင်းနင်း ပစ္စတိုလ်သေနတ်နှစ်လက်ကို လွတ်ကျသွားသလို ရန်သူများ မြင်သာအောင် မြေပြင်ပေါ်သို့ လွှတ်ချလိုက်သည်။

အဓိပ္ပာယ်ကား သူသည် သေနတ်ထိမှန်လဲကျရင်း သေနတ်များပါ လက်မှ လွတ်ကျသွားလေပြီဟု ရန်သူက ထင်အောင် ပရိယာယ်ဆင်လိုက်ခြင်းပင် ဖြစ်သည်။

"ဟော... ဟိုခွေးသား ထိသွားပြီနဲ့တူတယ်ကွ"

ရစ်ချတ် ပုန်းကွယ်နေရာ အုတ်ဂူ၏ အရှေ့ဘက် ပေငါးဆယ်ခန့်အကွာမှ သေနတ်သမားတစ်ဦး၏ အားပါးတရ အော်ပြောသံကို ကြားလိုက်ရချိန်



မှာပင် လက်ဝဲဘက်အုတ်ဂူ ခပ်ကြီးကြီးနောက်မှ သေနတ်သမားတစ်ဦးသည် စိတ်ချလက်ချ မတ်တတ်ထရပ်လိုက်လေသည်။

ရစ်ချတ်၏ လက်ယာဘက်တွင်ရှိနေသော နှစ်ယောက်ကမူ အခြေအနေကို စောင့်ကြည့်ဟန်ဖြင့် ငြိမ်သက်နေသည်။

သို့သော် ခပ်မြင့်မြင့်အုတ်ဂူကြီးတစ်ခု၏ နောက်မှ လူနှစ်ယောက်က ရစ်ချတ်ရှိရာသို့ သေနတ်ဖြင့် နှစ်ချက် ဆင့်ပစ်လိုက်ကြလေသည်။

ရစ်ချတ်ကမူ တုတ်တုတ်မျှ မလှုပ်ဘဲ အသာဆက်ငြိမ်နေလိုက်သည်။

တစ်မိနစ်သာသာခန့် ငြိမ်နေပြီးမှ ရစ်ချတ်သည် အကာအကွယ်ယူထားသော အုတ်ဂူ၏ ဘေးနားဆီသို့ အထူးသတိထားလျက် တွားသွားပြီး ချောင်းကြည့်လိုက်သည်။

သူ ကြိုတင်တွက်ထားသည့်အတိုင်းပင် ဖြစ်နေသည်။

လက်ယာဘက်မှ သေနတ်သမားနှစ်ဦးသည် အုတ်ဂူ၏ အကာအကွယ်မှ ထွက်ပြီး ရစ်ချတ်သေပြီဟု ယုံကြည်စိတ်ချဟန်ဖြင့် လျှောက်လာလေသည်။

လူချင်းဆယ်ပေခန့်သာ ကွာသောနေရာသို့ရောက်မှ ရစ်ချတ် ဘွားခနဲ မတ်တတ်ထရပ် ရင်ဆိုင်လိုက်ရာ ထိုလူနှစ်ယောက်မှာ အကြီးအကျယ် အံ့အားသင့်သွားကြတော့သည်။

"ဟ... ဒီကောင် မသေသေးပါကလား သူက..."

တစ်ယောက်က ထိုမျှသာ ရေရွတ်ပြောဆိုနိုင်ပြီး စကားမဆုံးမီ ရစ်ချတ်၏ ပွိုင့် ၂၅ ပစ္စတိုလ်သေနတ် ကျည်ဆန်သည် ထိုလူ၏ ပါးစပ်ပေါက်တည့်တည့်သို့ ဝင်သွားကာ၊ နောက်စေ့မှ ဖောက်ထွင်းသွားလေသည်။

ထိုလူသည် သူ့အား ဘာထိလိုက်မှန်းပင် သိလိုက်ဟန်မတူဘဲ နောက်ပြန်လဲကျကာ အသက်ပျောက်သွားလေသည်။

ရစ်ချတ်၏ ဒုတိယနှင့် တတိယကျည်ဆန်တို့က ထိုလူ၏ အဖော်သေနတ်သမား၏ ဝမ်းဗိုက်တွင် တစ်ချက်၊ နှာခေါင်းရိုးတည့်တည့်တွင် တစ်ချက် ထိမှန်ပြီး ထိုလူလည်း ကိစ္စချောသွားရတော့သည်။

ရစ်ချတ်၏ လှုပ်ရှားမှုများကား လျှပ်တစ်ပြက် လျှင်မြန်လှသည်။

သေနတ်ထိမှန်လဲကျနေသူများကို ဆက်ကြည့်မနေတော့ဘဲ လျှင်မြန်စွာ ချာခနဲ လှည့်ပြီး သူ၏ လက်ဝဲဘက်ရှိ ရန်သူနှစ်ယောက်ကို ရင်ဆိုင်လိုက်ပြန်သည်။

ထိုလူနှစ်ယောက်မှာ နေကာမျက်မှန်တပ်ထားသူနှင့် အရုပ်ဆိုးဆိုး မျက်နှာပြားပြားလူတို့ပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ဦးစလုံးသည် ပွိုင့် ၃၈ ခြောက်လုံးပြူးသေနတ်ကိုယ်စီ ကိုင်ထားကြလေသည်။ ရစ်ချတ်ကို မြင်မြင်ချင်း အံ့အားသင့်သွားလင့်ကစား သေနတ်ဖြင့် လှမ်းပစ်လေသည်။

လူကို မထိမှန်သော်လည်း ကျည်ဆန်တစ်တောင့်က ရစ်ချတ်၏ ဘောင်းဘီဘေးအဖျားကို ထိမှန်ပေါက်ထွက်သွားသည်။

သူ၏အဖိုးတန်ဝတ်စုံတော့ သုံးမရအောင် ပစ်ရချေပြီဟု တွေးလျက်ပိုပြီး စိတ်တိုလာသော ရစ်ချတ်သည် ထိုလူနှစ်ယောက်စလုံးအား သူ၏ပွိုင့် ၂၅ အော်တိုမက်တစ်ပစ္စတိုလ်သေနတ်ဖြင့် ဆက်တိုက်ဆင့်ပစ်လိုက်လေသည်။

အရုပ်ဆိုးဆိုးလူ၏ လက်ဝဲဘက်ရင်အုံ နှလုံးရှိရာ တည့်တည့်သို့ ကျည်ဆန်ထိမှန်သဖြင့် အရုပ်ကြိုးပြတ် လဲကျသွားချိန်တွင်ပင် နောက်ကျည်ဆန်တစ်တောင့်က ကျန်လူ၏ နေကာမျက်မှန်တည့်တည့်ကို ထိမှန်ကာ မျက်မှန်မှ တစ်ဆင့် မျက်လုံးထဲ ဝင်ကာ ဦးနှောက်ဆီသို့ ရောက်သွားသဖြင့် ထိုလူသည်လည်း ဘာမှန်းမသိလိုက်ဘဲ အသက်ပျောက်သွားတော့သည်။

ရစ်ချတ်သည် နေကာမျက်မှန်နှင့် လူ၏ လက်မှ လွတ်ကျသော ပွိုင့် ၃၈ ခြောက်လုံးပြူးသေနတ်ကို လျင်မြန်စွာ ထုတ်ယူလိုက်ပြီးနောက် ကျန်ရှိနေသည့် လူနှစ်ယောက်အား ရင်ဆိုင်ရန် လှည့်လိုက်ပြန်သည်။

ထိုလူနှစ်ယောက်ကား စောစောက သုသာန်အလုပ်သမားများအသွင် မြက်ပင်များ နုတ်နေကြသူများပင် ဖြစ်သည်။

သူတို့၏ အဖော်လေးဦး ရစ်ချတ်၏ လက်ချက်ဖြင့် မရှုမလှ သေပွဲဝင်သွားပုံကို မြင်လိုက်ရသဖြင့် ထိုလူနှစ်ယောက်သည် ပြန်လည်ပစ်ခတ်ခြင်း မပြုတော့ဘဲ အုတ်ဂူများကြားမှ ပုန်းကွယ်ရင်း သုသာန်ပြင်သို့ ထွက်ပြေးရန် ကြိုးစားကြလေသည်။

ရစ်ချတ်သည် စောစောက မြေကြီးပေါ် ပစ်ချထားခဲ့သော သူ၏ဘရောင်းနင်းပစ္စတိုလ်သေနတ်ကို ပြန်ကောက်ယူလိုက်သည်။

ထိုအချိန်၌ ထွက်ပြေးသူ (မြက်နုတ်သမားအယောင်ဆောင်) နှစ်ယောက်သည် အပြင်၌ ရပ်ထားသော ပလိုင်းမောက် အမျိုးအစား မော်တော်ကားဆီသို့ ရောက်နေပြီ ဖြစ်သည်။

အသင့်ရှိနေသူ ဒရိုင်ဘာကလည်း ချက်ချင်းပင် ကားကို စက်နှိုးကာ အရှိန်ပြင်းစွာဖြင့် မောင်းထွက်ပြေးလေသည်။

ရစ်ချတ်သည် သူ၏ သေနတ်ကို ပြန်သိမ်းဆည်းပြီး ပွိုင့် ၂၅ ပစ္စတိုလ်သေနတ်နှစ်လက်ကိုတော့ ကုတ်အင်္ကျီအိတ်အတွင်း အိတ်နှစ်ဖက်ထဲ အသင့်



ပြန်ထည့်လိုက်ပြီးနောက် သူ၏ကားပေါ် အမြန်ပြေးတက်လျက် ရှေ့မှ ပလိုင်းမောက်ကားရှိရာသို့ စက်ကုန်ဖွင့်ကာ မောင်းလိုက်သွားလေသည်။

ပလိုင်းမောက်ကားမောင်းသူသည် ကောင်းစွာ ကျင်လည်ဟန် မတူသည့်ပြင် နောက်မှ တရကြမ်းလိုက်လာသည့် ရစ်ချတ်၏ ကားကို နောက်ကြည့်မှန်မှတစ်ဆင့် လှမ်းမြင်ရသဖြင့် ကြောက်အားလန့်အားနှင့် မောင်းနေရသောကြောင့် သုသာန်မှအထွက် အကွေ့အကောက်များသော လမ်းကျဉ်းများတွင် ခဲခဲယဉ်းယဉ်း မောင်းနေရလေသည်။

ရစ်ချတ်၏ မော်တော်ကားက အင်ဂျင်စက်ပိုကောင်းသည်က တစ်ကြောင်း၊ ရစ်ချတ်ကိုယ်တိုင် ကားမောင်းရာ၌ အထူးကျင်လည်သည်ကတစ်ကြောင်းကြောင့် ရှေ့ကားဆီသို့ တဖြည်းဖြည်း မီလာလေသည်။

သေနတ်ပစ်ရန် လက်လှမ်းမီသည်နှင့် ရစ်ချတ်သည် မော်တော်ကားစတီယာရင်ကို ညာဖက်လက်ဖြင့် ထိန်းမောင်းရင်း ဘယ်ဖက်လက်ဖြင့် ဘရောင်းနင်းပစ္စတိုလ်သေနတ်တစ်လက်ကို ဆွဲထုတ်ကာ ရှေ့မှ ပလိုင်းမောက်ကား၏ လက်ဝဲဖက်နောက်ဘီးကို ချိန်ပစ်လိုက်သည်။

နှစ်ချက်မျှသာ ပစ်လိုက်ရပြီး ရှေ့ကား၏ နောက်ဘီးကို ထိမှန်ကာ ချက်ချင်းပင် ဘီးပြားလျက် ပလိုင်းမောက်ကားနှင့် ဒရိုင်ဘာသည် မည်သို့မျှ ထိန်းမရဘဲ ဟိုကွေ့သည်ကောက်နှင့် သွားရင်း အနီးဆုံးလမ်းဖြစ်သော ၃၇ လမ်းထဲသို့ ချိုးဝင်သွားပြီး ထိုးရပ်လိုက်ရသည်။

ပလိုင်းမောက်ကားထဲမှ လူသုံးယောက်အဖို့ စောစောက ရစ်ချတ်၏ သေနတ်ပစ်လက်ဖြောင့်ပုံကို မျက်မြင်ကိုယ်တွေ့ သိရှိခဲ့ပြီး ဖြစ်၍ ရင်ဆိုင်ပြန်တိုက်ရန် လုံးဝစိတ်မကူးတော့ဘဲ မလှမ်းမကမ်းရှိ မီးရထားလမ်းဘက်ဆီသို့ သုတ်ခြေတင် ထွက်ပြေးကြလေသည်။

သူတို့အနေဖြင့် ထည့်မတွက်မိသော အချက်ကား ဒုစရိုက်သမားလောကတွင် ‘သေမင်းတမန်’ဟု နာမည်ကြီးနေသော ရစ်ချတ်သည် သူ့အား တိုက်ခိုက်လာသူမှန်သမျှကို တစ်ယောက်မကျန် လိုက်လံသုတ်သင် ချေမှုန်းလေ့ရှိသည်ဟူသော အချက်ပင်တည်း။

သူတို့သုံးယောက် မီးရထားလမ်းဘက်ဆီသို့ ဒရောသောပါး ပြေးနေစဉ်မှာပင် ရစ်ချတ်သည် သူ၏ကားကို ရပ်ပြီး ချက်ချင်းပြေးဆင်းကာ သေနတ်နှစ်လက် အသင့်ကိုင်လျက် ထိုသူသုံးယောက်နောက်မှ ထက်ကြပ်မကွာ ပြေးလိုက်လာလေသည်။

ထိုသို့ ပြေးရင်းနှင့်ပင် သူ၏ ဘရောင်းနင်းပစ္စတိုလ်သေနတ်များကြီး

www.burmeseclassic.com

www.burmeseclassic.com



လှမ်းပစ်လေရာ ပထမဆုံး ကျည်ဆန်က 'ပလိုင်းမောက်' ကားမောင်းသူ၏ ပခုံးနှစ်ဖက်ကြား တည့်တည့်သို့ ထိမှန်သွားလေသည်။

ထိုလူသည် မီးရထားလမ်းအနီးတွင်ပင် မှောက်ထိုး လဲကျသွားရာ နောက်ကျောမှ ထိုးဖောက်ဝင်လာသည့် သေနတ်ကျည်ဆန်က နှလုံးရှိရာတည့်တည့်သို့ ထိုးဖောက်ဝင်လာသဖြင့် မှောက်လျက် လဲကျသွားချိန်တွင် လုံးဝ အသက်မရှိတော့ချေ။

အနီးအနားရှိ မီးရထားအလုပ်သမားများသည် သေနတ်သံကြားရာဘက်သို့ လှည့်ကြည့်ပြီး 'မာဖီယာ' ဒုစရိုက်ဂိုဏ်းသားအချင်းချင်း တိုက်ခိုက်နေကြသည်ဟု ထင်မှတ်လျက် ကြောက်အား လန့်အား ထွက်ပြေးကြကုန်လေ၏။

ပလိုင်းမောက်ကားဒရိုင်ဘာ၏ အဖြစ်ဆိုးကို မြင်ရပြီးနောက် ကျန်လူနှစ်ယောက်သည် အကြီးအကျယ် တုန်လှုပ်ချောက်ချားသွားမိသလောက် ဆက်လက် ထွက်ပြေးလျှင်လည်း ရစ်ချတ်က ထက်ကြပ်လိုက်ပစ်ခတ်မည်ဟု သေချာပေါက် တွက်မိလေသည်။

ဤတွင် နှစ်ယောက်စလုံးက စိတ်ချောက်ချားလျက်နှင့်ပင် ဒူးထောက်ထိုင်ချပြီး ရစ်ချတ်ဘက်သို့ မျက်နှာချင်းဆိုင်ကာ သူတို့၏ သေနတ်များဖြင့် ပြန်လည် ပစ်ခတ်ကြတော့သည်။

သူတို့ကျည်ဆန်က လူကို မထိသော်လည်း ကျည်ဆန်တစ်တောင့်သည် ရစ်ချတ်၏ ခြေထောက်နှစ်ဖက်ကြားမှ ဒူးဆစ်နားဆီလောက်မှ ဖြတ်ထွက်သွားလေသည်။ ကျည်ဆန်သွားပုံက နောက်ထပ် လက်မအနည်းငယ်သာ မြင့်သည်ဆိုလျှင် မရှုမလှ သေပွဲဝင်ရမည်မှာ သေချာလှပေသည်။

ရစ်ချတ်ကိုယ်တိုင်က ပြေးလွှားရှောင်တိမ်းရင်း ပစ်ရသဖြင့် ကောင်းစွာ ချိန်မပစ်နိုင်သောကြောင့် ကျည်ဆန်အတော်များများက ပစ်မှတ်ကို မထိဘဲ လွဲချော်ကုန်လေသည်။

သို့သော် ကျည်ဆန်ကတော့မှ လူဆိုးတစ်ဦး၏ ဝမ်းဗိုက်တည့်တည့်သို့ ထိမှန်သွားရာ ထိုလူသည် ပြင်းထန်နာကြည်းခြင်းဒဏ်ကြောင့် ဟစ်အော်ညည်းညူရင်း လဲကျ သေဆုံးသွားတော့သည်။

နောက်ဆုံး ကျန်သူတစ်ယောက်ကား ဖရက်ဒီအမည်ရှိ ကြေးစားလူမိုက်တစ်ဦးပင် ဖြစ်သည်။

သူသည် မီးရထားလမ်းပေါ်သို့ ရောက်နေပြီး ဆက်ပြေးရမည်လော၊ သို့တည်းမဟုတ် ရစ်ချတ်အား ပြန်လည် တိုက်ခိုက်ရကောင်းမည်လောဟု စဉ်း



စား၍ မရသလို ဖြစ်နေစဉ် ကျယ်လောင် စူးရှသော မီးရထားစက်ခေါင်း ဥသြဆွဲသံကို ကြားလိုက်ရလေသည်။

သူရပ်နေရာနှင့် ပေငါးဆယ်ခန့်သာ ကွာသော နေရာသို့ ဒီဇယ်မီးရထားအင်ဂျင်စက်ခေါင်းကြီး ရောက်ရှိနေကြောင်း ထိတ်လန့်တုန်လှုပ်ဖွယ် မြင်ရလေတော့သည်။

သည်တော့မှ ဖရက်ဒီ ဆိုသူသည် ဖြစ်ချင်ရာဖြစ်ဟု သဘောထားဟန်ဖြင့် နောက်မှ လိုက်လာသူ ရစ်ချတ်အား ရင်ဆိုင်လိုက်သည်။

သူ၏ အကြံကား ပွိုင့် ၃၈ ခြောက်လုံးပြူးသေနတ်ဖြင့် ရစ်ချတ်အား အနီးကပ် ပစ်သတ်ရန်ပင် ဖြစ်သည်။

သို့ရာတွင် သူ၏အကြံက စက္ကန့်ပိုင်းမျှ နောက်ကျသွားသည်။

ရစ်ချတ်သည် ကျားတစ်ကောင် သားကောင်ကို ခုန်အုပ်လိုက်သလို လွှားခနဲ ခုန်၍ ဖရက်ဒီဆိုသူအား လူချင်း ဝင်ပူးကာ သူ၏ သေနတ်ကိုင်ထားသော လက်ကို ဖမ်းလိမ် ချိုးလိုက်ရာ ခြောက်လုံးပြူးသေနတ်သည် လွတ်ကျသွားခိုက် ရစ်ချတ်က သူ၏ဘရောင်းနင်းပစ္စတိုလ်ဒင်ဖြင့် မျက်နှာကို တအား လွှဲရိုက်လိုက်သည်။

ဖရက်ဒီသည် ပြင်းထန်နာကျင်ခြင်းထက် ကြောက်ရွံ့ထိတ်လန့်ခြင်းက ပိုနေသဖြင့် သတိမေ့လုမတတ် ဖြစ်နေသည်။ ဤတွင် ရစ်ချတ်က ထိုလူ၏ တစ်ကိုယ်လုံးကို ဖမ်းကိုင် မြှောက်လိုက်ပြီး ရထားလမ်းပေါ်သို့ ပစ်ချလိုက်သည်။

ထိုအချိန်၌ ဒီဇယ် မီးရထား အင်ဂျင်စက်ခေါင်းကြီးသည် သူ့အရှိန်အတိုင်း ခုတ်မောင်းလာပြီဖြစ်ရာ ဖရက်ဒီ၏တစ်ကိုယ်လုံးကို ဒီဇယ်စက်ခေါင်းကြီး၏ ဘီးများ ဖြတ်ကြိတ်သွားလေတော့သည်။

ဖြစ်ပျက်ပုံက လျင်မြန်လွန်းလှသဖြင့် ဖရက်ဒီသည် နာကျင်ခြင်းဝေဒနာကို မခံစားလိုက်ရတော့ဘဲ မရှုမလှ သေသွားရတော့သည်။

မိမိနှင့် ချိန်းဆိုခဲ့သူ ထောက်လှမ်းရေးစုံထောက် ဂေါ်ဒင်တစ်ယောက် သေနတ်မှန် ကျဆုံးခဲ့ရသော်လည်း ရစ်ချတ်အနေဖြင့် ရန်သူသေနတ်သမားအားလုံးကို တစ်ယောက်မကျန် သုတ်သင် ရှင်းလင်းနိုင်ခဲ့ပေပြီ။

သူ၏ အဖိုးတန်အင်္ကျီနှင့် ဘောင်းဘီဝတ်စုံကတော့ လူမြင်၍မကောင်းအောင်ပင် စုတ်ပြတ်နေပြီ ဖြစ်သည်။

သို့သော် ကိစ္စမရှိ။ ရစ်ချတ်၏ အလေ့အကျင့်တစ်ခုမှာ [illegible] ထဲတွင် အမြဲတမ်း အဝတ်အစားတစ်စုံ အပိုဆောင်ထားလေ့ ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုလည်း နီးရာ ဓာတ်ဆီဆိုင်သို့ သွားပြီး ရေချိုးခန်းထဲ ခေတ္တဝင်၍ အဝတ်အစားလဲပြီးမှသာ တည်းခိုရာ ဟိုတယ်ခန်းသို့ ပြန်ရပေတော့မည်။

❖

နောက် ၂ နာရီခန့်ကြာသောအခါ ရစ်ချတ်သည် သူ တည်းခိုရာ 'အယ်ဒီဆင်' ဟိုတယ်ရှိ အခန်းသို့ ပြန်ရောက်နေလေသည်။

အိပ်ရာပေါ် ပက်လက်လှဲ၍ လက်တစ်ဖက်က ခရမ်းချဉ်သီးဖျော်ရည် ခွက်ကိုင်ထားရင်း ပြီးခဲ့သော ဖြစ်ရပ်များအကြောင်းကို လေးနက်စွာ ပြန်လည် စဉ်းစားသုံးသပ်နေလေသည်။

'စီအိုင်အေ' ဗဟိုထောက်လှမ်းရေးအဖွဲ့ချုပ် အထူးလျှို့ဝှက်သီးသန့်ဌာန မှ မိမိအား တာဝန်ပေးခဲ့သည်မှာ 'အရုဏ်သစ်'အမည်ခံထားသော အဖွဲ့အား တိုက်ခိုက်ချေမှုန်းရန်ပင် ဖြစ်သည်။

'အရုဏ်သစ်' ဟူသည် တတိယကမ္ဘာစစ်ကြီး (တစ်နည်းအားဖြင့် အဏုမြူ နျူကလီးယားစစ်ကြီး) မဖြစ် ဖြစ်အောင် လုပ်ကြံဖန်တီး၍ ကမ္ဘာ လူသားအားလုံး သေကျေပျက်စီးစေရန် ကြံစည်နေသည့်အဖွဲ့လည်း ဖြစ်သည်။

မိမိနှင့် စီအိုင်အေစုံထောက် ဂေါ်ဒင်တို့ ချိန်းဆိုတွေ့ဆုံခဲ့သော ဂရင်း ဝစ်သုသာန်၌ သဲသဲမဲမဲ ဝိုင်း၍ သတ်ဖြတ်ကြရန် ကြံခဲ့သူများသည် အဆိုပါ အရုဏ်သစ်အဖွဲ့သားများ သို့မဟုတ် ယင်းအဖွဲ့က ငွေပေးငှားရမ်းခဲ့သော သေနတ်သမားများ ဖြစ်ကြောင်း သေချာသည်။

လုပ်ကြံသတ်ဖြတ်ရန် လာရောက်ကြံစည်သူများအားလုံးကို မိမိက အနိုင်ယူကာ သုတ်သင်ရှင်းလင်းနိုင်ခဲ့သော်လည်း ရစ်ချတ်အနေဖြင့် စိတ်ထဲ မကျေမနပ်၊ ဘဝင်မကျနိုင်သောအချက်တစ်ချက် ရှိနေသည်။

မိမိနှင့် ဂေါ်ဒင်တို့ သုသာန်တွင် ချိန်းဆိုတွေ့ဆုံခြင်းကို အရုဏ်သစ် အဖွဲ့က မည်သည့်နည်းနှင့် ကြိုတင်သိရှိခဲ့လေသနည်း။ ယင်းအချက်ကို ယခု ရစ်ချတ်သည် လေးလေးနက်နက် စဉ်းစားနေခြင်းဖြစ်သည်။ မေးခွန်းကို ကျေနပ် လောက်အောင် အဖြေရှာရန်ဆို၍ တစ်နည်းသာ ရှိပေသည်။

မိမိတို့၏ စီအိုင်အေ အထူးလျှို့ဝှက်သီးသန့်အခန်းဌာနအတွင်းမှ တစ်စုံ တစ်ယောက်က ရန်သူဘက် (အရုဏ်သစ်) အဖွဲ့သို့ သတင်းပေးခဲ့ခြင်းသာ ဖြစ် ရပေမည်။ သတင်းပေါက်ကြား၍သာ ရန်သူက ကြိုတင်သိနေခြင်း မဟုတ်ပါ လော။

ဤသို့ ရန်သူဘက်သို့ မိမိတို့ အစီအစဉ်အကြောင်း ကြိုတင်သတင်း



ပေးခဲ့သူ အတွင်းလူသစ္စာဖောက်အား မတွေ့တွေ့အောင် ရှာဖွေဖော်ထုတ်၍ ရှင်းပစ်ရန် အထူးလိုအပ်နေပေပြီ။

တစ်ဖန် စီအိုင်အေခေါ် ဗဟိုထောက်လှမ်းရေးအဖွဲ့ကြီးသည် နည်းမျိုး စုံဖြင့် စစ်ဆေး စိစစ်ပြီး အထူးယုံကြည်စိတ်ချရသူများကိုသာ အဖွဲ့ဝင်အဖြစ် ခေါ်ယူခန့်ထားသဖြင့် စဉ်းစားရခက်နေပြန်သည်။

မည်သို့ပင်ဖြစ်စေ မိမိနှင့် စုံထောက်ဂေါ်ဒင်တို့ ချိန်းဆိုတွေ့ဆုံမည့် အချိန်နှင့် နေရာကို ရန်သူဘက်က ကြိုတင်သတင်းရခဲ့ကြောင်းကတော့ ယုံ မှားဖွယ်မရှိချေ။

ဤသို့လျှင် ရစ်ချတ်သည် ခရမ်းချဉ်သီးဖျော်ရည်သောက်ရင်း စဉ်းစား နေခိုက်မှာပင် သူ၏အခန်းထဲရှိ တယ်လီဖုန်းသံ ဖွားရှစွာ မြည်လာလေသည်။

“ဟဲလို… ဘယ်သူပါလိမ့်၊ ကျွန်တော် ကော်တင်ပါ”

ရစ်ချတ်က သူ၏နာမည်ဝှက်ကို အသုံးပြု၍ ပြောလိုက်စဉ် တစ်ဖက် မှ စကားပြောသူ၏အသံကို ကြားရလျှင် အံ့အားသင့်သွားမိလေသည်။

တစ်ဖက်မှပြောနေသူကား မိမိကိုယ်တိုင် ပါဝင်တာဝန်ယူဆောင်ရွက် ရမည့် 'ဘီလုံနာ'အမည်ဝှက်ပေးထားသော စစ်ဆင်ရေးတစ်ခုလုံးကို ကြီးကြပ် ကွပ်ကဲသူ အထူးစုံထောက် 'နာသန်နီယယ်လ်'ဆိုသူ ဖြစ်နေသည်။

“ဟုတ်ကဲ့ မစ္စတာကော်တင်၊ ကျုပ် 'ဟယ်ရီဘလက်'ပါ”

နာသန်နီယယ်လ်ကလည်း နာမည်ရင်းကို မသုံးဘဲ နာမည်ဝှက် ဟယ် ရီဘလက်ဟု သူ့ကိုယ်သူ ပြောလိုက်သည်။ ပြီးတော့ သူကပင် ဆက်ပြောလေ သည်။

“ဒီနေ့ညရှစ်နာရီတိတိမှာ ခင်ဗျားနဲ့ ကျုပ် တွေ့ကြရအောင်။ တွေ့ကြ မယ့်နေရာကတော့ ဂရင်းဝစ်ကျေးရွာမှာ ဖြစ်ပါတယ်။ လာခဲ့မယ်မဟုတ်လား”

“ဟုတ်ကဲ့၊ လာခဲ့ပါ့မယ်”

ရစ်ချတ်က ကတိပေးလိုက်လျှင် တစ်ဖက်မှ နာသန်နီယယ်လ်က စကားဖြတ်လိုက်သည်။

ဂရင်းဝစ်ကျေးရွာဆိုသည်မှာ တကယ်ရှိသော်လည်း အမှန်အားဖြင့် နာ သန်နီယယ်လ်က စကားဝှက်ဖြင့် ပြောလိုက်ခြင်း ဖြစ်သည်။ ဂရင်းဝစ်ကျေးရွာဟု အမည်ဝှက်ပေးထားသော နေရာကား နယူးယောက်မြို့ 'မင်ဟက်တန်' မြေအောက် ပိုင်းရပ်ကွက်တစ်နေရာရှိ တိုက်ခန်းတစ်ခန်းပင် ဖြစ်သည်။

ထိုအခန်းသည် စီအိုင်အေထောက်လှမ်းရေးအဖွဲ့ကြီး၏ လျှို့ဝှက်စခန်း သို့မဟုတ် ရုံးခွဲရုံးလည်း ဖြစ်သည်။ ထိုနေရာတွင် ယခုကဲ့သို့ အလျှင်အမြန်

www.burmeseclassic.com

www.burmeseclassic.com



အရေးပေါ် အစည်းအဝေးခေါ်ခြင်းသည် အလွန်အရေးကြီးသော ကိစ္စတစ်ခု ရုတ်တရက် ပေါ်ပေါက်လာ၍ ဖြစ်ရပေမည်။

အရက်သစ်အမည်ခံအဖွဲ့သည် တတိယကမ္ဘာစစ်ကြီး မဖြစ် ဖြစ်အောင် ဖန်တီးလှုံ့ဆော်ရာ၌ ဝါရှင်တန်မြို့ရှိ အစိုးရအိမ်ဖြူတော်ကို ဝင်တိုက်ရန် အစီအစဉ်ရှိကြောင်း စီအိုင်အေအဖွဲ့က သတင်းသန့်သန့်ကြားထားရာ ယင်းကိစ္စနှင့် ပတ်သက်၍ နောက်ထပ် အသေးစိတ်အချက်အလက် သတင်းများ ရရှိ၍ ယခုအရေးပေါ် အစည်းအဝေးခေါ်ခြင်းပေလောဟု ရစ်ချတ်က တွေးနေမိလေသည်။

■

## အခန်း (၂)

"နေပါဦးကွ၊ မင်း အခုပြောတာ သေချာရဲ့လား၊ ရစ်ချတ်ဆိုတဲ့ကောင်က ငါတို့လူအားလုံး တစ်ယောက်မကျန် သတ်ပစ်လိုက်တယ်ဆိုတာ ဟုတ်ရဲ့လား"

ဘီလျံနာသူဌေးကြီး 'ဝင်စတန်' သည် သူ၏ကိုယ်ပိုင်သီးသန့်အားကစားရုံအတွင်း ပေါင် ၁၅၀ အလေးမကိရိယာဖြင့် လေ့ကျင့်နေရာမှ ဘားဘယ်လ်ခေါ် အလေးသံဘားကို အသာပြန်ချရင်း မေးလိုက်သည်။

"ဟုတ်ပါတယ် ဆရာကြီးခင်ဗျား၊ သေချာပါတယ်"

ပြန်ဖြေသူကား သူ၏လူယုံတော်တစ်ဦးဖြစ်သူ 'စတီးလ်' ဆိုသူဖြစ်သည်။

"မှန်ပါတယ်ခင်ဗျ၊ ကျွန်တော်တို့လူတွေက စီအိုင်အေစုံထောက် ဂေါ်ဒင်ကိုတော့ ပွဲချင်းပြီး ကိစ္စတုံးအောင် သုတ်သင်နိုင်ခဲ့ပါတယ်။ ဒါပေမဲ့ ရစ်ချတ်နဲ့ ကျွန်တော်တို့လူတွေ အရေးနိမ့်ခဲ့ပါတယ်။ ရဲအရာရှိတွေဆီက ရတဲ့သတင်းအရဆိုရင် ရစ်ချတ်က ကျွန်တော်တို့လူတွေကို တစ်ယောက်တည်း ခုခံတိုက်ခိုက်သတ်သွားတယ်လို့ ဆိုတယ်။ နောက်ဆုံးကျန်တဲ့ သုံးယောက်က မီးရထားလမ်းဘက် ထွက်ပြေးသွားတာတောင် ရစ်ချတ်က နောက်က အတင်းလိုက်ပြီး သတ်ပစ်လိုက်ပါတယ်။ ဒီလိုဖြစ်ရတာ ဝမ်းနည်းပါတယ် ဆရာကြီး"

စတီးလ်ဆိုသူ၏ စကားအဆုံးတွင် ဘီလျံနာသူဌေးကြီး ဝင်စတန်သည် သဘောပေါက်ဟန်ဖြင့် ခေါင်းညိတ်ရင်း မသိမသာ ပြုံးလိုက်သည်။

"ဝမ်းနည်းဖို့မလိုပါဘူးကွ။ အခုကိစ္စမအောင်မြင်တာဟာ မင်းရဲ့အပြစ်မှ မဟုတ်ဘဲ။ ဒါပေမဲ့ ကိစ္စမရှိပါဘူး။ တစ်ချိန်ကျရင် ဒီရစ်ချတ်ဆိုတဲ့ သတ္တဝါက မုချသေရမှာပါ။ ငါတို့ဘက်က ကူညီစောင့်ရှောက်မယ့် ဆေးတန်နတ်မင်းလည်း ရှိပါတယ်"



ဝင်စတန်က သူယုံကြည်အားကိုးသော ဆေးတန်နတ်ဆိုးကိုပါ တိုင်တည်ပြောလိုက်ရာ လူယုံတော် စတီးလ်က မည်သို့မျှ ပြန်မပြောဘဲ ငြိမ်နေလိုက်သည်။

သူနှင့်အတူရှိနေသော သူဌေးကြီး၏ နောက်လူယုံတော် မက်ကီလင်းဆိုသူလည်း ဘာမှဝင်မပြောချေ။

သူတို့စကားပြောနေကြသော နေရာကား နယူးယောက်မြို့ မင်ဟက်တန်ရပ်ကွက်ရှိ (၉၃) ထပ် တိုက်အပေါ်ဆုံးထပ်တွင် ရှိသော သူဌေးကြီး ကိုယ်ပိုင်သီးသန့် အားကစားရုံအတွင်း ဖြစ်သည်။

အဆိုပါ (၉၃) ထပ်ရှိ အဆောက်အအုံကြီးတစ်ခုလုံးသည် သူဌေးကြီး ဝင်စတန်၏ ကိုယ်ပိုင်ဖြစ်ပြီး အောက်ထပ်များတွင်ကား သူ၏ ကျယ်ပြန့်လှသော စီးပွားရေးလုပ်ငန်းပေါင်းစုံတို့၏ ကုမ္ပဏီရုံးခန်းများ ရှိလေသည်။

သီးသန့်အားကစားရုံကို အပေါ်ဆုံးထပ်တွင် ပြုလုပ်ထားခြင်းမှာ ထိုနေရာမှကြည့်လျှင် နယူးယောက်မြို့တော်၏ ပတ်ဝန်းကျင် ရှုခင်းအားလုံးကို ကောင်းကင်မှ စီးကြည့်ရသလို မြင်နိုင်သောကြောင့်ပင် ဖြစ်သည်။ အရှေ့ဘက်သို့ လှမ်းမျှော်ကြည့်လျှင် အရှေ့မြစ်ကမ်းပါးရှိ ကမ္ဘာ့ကုလသမဂ္ဂအဆောက်အအုံကိုပင် မြင်နေရသည်။

ဘီလျံနာ ဝင်စတန်သည် ထိုနေရာမှ စီးကြည့်ပြီး သူ၏ ပြင်းပြသော ဆန္ဒဖြစ်သည့် ကမ္ဘာကြီးကို စိုးမိုးချုပ်ကိုင်ရန် စိတ်ကူးယဉ်မျှော်မှန်းချက်ကို အကြိမ်ကြိမ် အဖန်ဖန် ဆင်ခြင်သုံးသပ်လေ့ ရှိသည်။ ငါ့အကြံအစည်မုချအောင်ရမည်ဟုလည်း သူ့ကိုယ်သူ စိတ်ဓာတ်အားဖြင့် အားပေးလေ့ ရှိသည်။

သူဌေးကြီးဝင်စတန်သည် အရပ်မြင့်မြင့် ဗလကောင်းသလောက် အသားအရေ ကျစ်လျစ်ပြီး တကယ့် အားကစားသမားတစ်ယောက်နှင့် တူလေသည်။ အမေရိကန် စီးပွားကုန်သွယ်ရေးလောကမှ ကျွမ်းကျင်သူများ၏ ခန့်မှန်းချက်အရ သူသည် ဒေါ်လာငွေပေါင်း ငါးဘီလျံ (သန်းပေါင်းငါးထောင်) အနည်းဆုံး ချမ်းသာသည်ဟု ဆိုသည်။ သို့သော် လူပုံပန်းသဏ္ဌာန်က ကမ္ဘာ့အကြွယ်ဝဆုံးသူဌေးကြီးတစ်ဦးနှင့် လုံးဝမတူချေ။

သူသည် အသက် ၅၉ နှစ် ရှိပြီဖြစ်သော်လည်း မသိသူများအနေဖြင့် ၄၉ နှစ်ခန့်သာ ရှိမည်ဟု ခန့်မှန်းရလောက်အောင် အသားအရေစိုပြည်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လုံးကိုယ်ဟန် တောင့်တင်းရုံမက ဦးခေါင်းမှ ဆံပင်ကလည်း တစ်ပင်မျှ မဖြူသေးချေ။

သူ၏အင်္ဂါရုပ်ကို ပထမဆုံးအကြိမ် မြင်ဖူးသူတိုင်း သတိပြုမိကြသည်ကား အညိုရောင်အဆင်းရှိပြီး အလွန်စူးရှတောက်ပြောင်လှသော မျက်လုံးများပင်ဖြစ်သည်။ စိတ်ဓာတ်ပြင်းထန်ခိုင်မာသလောက် သူမတူအောင် ရက်စက်ကြမ်းကြုတ်မည့် လက္ခဏာဖြစ်သည်ဟုလည်း လူကဲခတ်တတ်သူများက ဆိုကြသည်။

အမေရိကန်နိုင်ငံ 'မက်ဆာချူးဆက်' ပြည်နယ်ရှိ စက်ကိရိယာပစ္စည်းအစိတ်အပိုင်းများ ထုတ်လုပ်သော စက်ရုံကြီးတစ်ခုပိုင်ရှင် သူဌေး၏ တစ်ဦးတည်းသောသားဖြစ်သူ ဝင်စတန်သည် မွေးဖွားသည့်အချိန်ကပင် ချမ်းသာကြွယ်ဝသူဖြစ်သည်ဟု ဆိုနိုင်သော်လည်း 'ဘီလျံနာ' ခေါ် ဒေါ်လာသန်းပေါင်း ထောင်ကျော် ကြွယ်ဝသည့် အဆင့်မရှိခဲ့သေးချေ။

သူ၏ဖခင်ကြီး ကွယ်လွန်ပြီးနောက် မိဘလက်ငုတ် စက်ရုံလုပ်ငန်းတစ်ခုတည်း ဆက်လုပ်၍ မကျေနပ်ဘဲ လက်ရှိငွေများကို အဆမတန် တိုးပွားအောင် လုပ်ချင်စိတ်များ ပေါ်လာသည်။ နယူးယောက်မြို့မှ ကမ္ဘာကျော် 'စတော့အိတ်ချိန်း' ခေါ် ကုမ္ပဏီကြီးများ အစုရှယ်ယာများ ရောင်းဝယ်ဈေးကစားသည့် လုပ်ငန်းထဲသို့ ဝင်ရောက်ရင်းနှီးမြှုပ်နှံခဲ့သော်လည်း သူ၏ ကြံရည်ဖန်ရည်ကောင်းမှု၊ ဈေးနှုန်းအတက်အကျကို ကြိုတင် ခန့်မှန်းတွက်ချက်တတ်မှုကြောင့် အမြတ်အစွန်းငွေ အမြောက်အမြား ရရှိကာ 'မီလျံနာ' (ဒေါ်လာသန်းကြွယ်သူဌေး) အဆင့်သို့ ရောက်ရှိခဲ့လေသည်။ တစ်ဖန် ထိုမျှနှင့် မကျေနပ်သေးဘဲ လုပ်ငန်းမျိုးစုံ၊ ကုမ္ပဏီမျိုးစုံကို ချဲ့ထွင်လုပ်ကိုင်ခဲ့ရာ သူ၏ လုပ်ငန်းမှန်သမျှ အောင်မြင်တိုးတက်ကြီးပွားလာသဖြင့် 'မီလျံနာ' မှ 'ဘီလျံနာ' (သန်းပေါင်းထောင်ကျော် ကြွယ်ဝသူ) အဆင့်သို့ ရောက်ရှိလာခဲ့လေသည်။

သူပိုင်ဆိုင်သော လုပ်ငန်းပေါင်းများစွာအနက် သံမဏိစက်ရုံများ၊ သင်္ဘောတည်ဆောက်သည့် သင်္ဘောကျင်းများ၊ သတ္တုတူးဖော်ရေးကုမ္ပဏီများသာမက ပင်လယ်ကူးသင်္ဘောကုမ္ပဏီကြီး သုံးခုလည်း ပါဝင်လေသည်။

ဩစတြေးလျနိုင်ငံရှိ အကြီးဆုံးသော သိုးမွေးမြူရေးလုပ်ငန်းသည်လည်း သူဌေးကြီး ဝင်စတန်တစ်ဦးတည်းပိုင် ဖြစ်သည်။

လုပ်ငန်းမှန်သမျှ ရှုံးသည်မရှိဘဲ အောင်မြင်တိုးတက်ကြီးပွားခဲ့ခြင်းမှာ ဝင်စတန်၏ ထူးခြားသော အရည်အချင်းတစ်ရပ်ကြောင့် ဖြစ်သော်လည်း ယင်းအရည်အချင်းကား မည်သည့်ကိစ္စမဆို လက်တွေ့မလုပ်မီ အသေးစိတ် တွက်ချက်



အကွက်ချခြင်း၊ ဖြစ်လာနိုင်သမျှကို ထည့်တွက်၍ စီမံကိန်းချခြင်း စသည်ဖြင့် ကြိုတင်ပြင်ဆင်မှုတွင် အထူးပင် စေ့စပ်သေချာသလောက် အဖြစ်နိုင်ဆုံးကို မှန်ကန်စွာ ကြိုတင်ခန့်မှန်းတွက်ချက်နိုင်သည့် အရည်အချင်းပင်တည်း။

ကမ္ဘာပေါ်တွင် ကြွယ်ဝချမ်းသာဆုံး လူတစ်ယောက်ဟု အသိအမှတ်ပြုခြင်း ခံရသူ ဘီလျံနာသူဌေးကြီး ဝင်စတန်သည် ပင်ကိုစိတ်ဓာတ်နှင့် အတွေးအခေါ်အားဖြင့် ထူးထူးဆန်းဆန်းလူတစ်ယောက် ဖြစ်နေလေသည်။

မေတ္တာတရား ခေါင်းပါးပြီး ကြင်နာယုယမှု၊ သနားညှာတာမှု ဟူ၍ အလျှင်းမရှိ။ လူ့အဖွဲ့အစည်းတစ်ခုလုံးကို မုန်းတီးနေဘိသကဲ့သို့ နေတတ်လေသည်။ ထို့ကြောင့်လည်း သူသည် အသက် ၅၉ နှစ်အရွယ် ရောက်လာသည့်တိုင်အောင် လုံးဝ အိမ်ထောင်မပြုခဲ့။ မည်သည့် အမျိုးသမီးနှင့်မှလည်း အရောမဝင်ဘဲနေခြင်း ဖြစ်ဟန်တူသည်။

သို့ဖြစ်လင့်ကစား ဘီလျံနာဝင်စတန်တွင် အလွန်လိုလားတောင့်တတန်ဖိုးထားသည့် ရည်မှန်းချက်နှစ်ခုတော့ ရှိပေသည်။ ယင်းတို့ကား ကမ္ဘာပေါ်တွင် ဩဇာအာဏာအင်အားအကြီးမားဆုံး ဖြစ်ရန်နှင့် သူ၏ခန္ဓာကိုယ်နှင့် ခွန်အားဗလ သူမတူအောင် ကြံ့ခိုင်သန်စွမ်းရန်ပင် ဖြစ်သည်။

စီးပွားကုန်သွယ်ရေးဘက်၌လည်း သူ၏ ကြံရည်ဖန်ရည် ထူးချွန်မှုကြောင့် ဘီလျံနာ (သန်းပေါင်း တစ်ထောင်ကျော် ကြွယ်ဝသူ) ဖြစ်လာ၍ ငွေကြေးစနစ်အရှိန်ကြောင့် ဩဇာတိက္ကမ သူတကာထက် ပိုကြီးနေပြီ ဖြစ်ရာ သူ၏ ခန္ဓာကိုယ် ကြံ့ခိုင်သန်စွမ်းရေးအတွက်လည်း တစ်ဖက်က ကြိုးစားအားထုတ်ခဲ့လေသည်။

ငယ်စဉ်မှစ၍ ယခု အသက်ခြောက်ဆယ်နီးပါး ရှိလာသည့်တိုင်အောင် ဝင်စတန်သည် အားကစားနှင့် ကာယဘက် လေ့ကျင့်ခန်းများကို အဆက်မပြတ် ကြိုးပမ်းလေ့ကျင့်ခဲ့သည်။ သူ၏ကိုယ်ပိုင်သီးသန့် အားကစားရုံအတွင်း တစ်နေ့လျှင် နှစ်နာရီကြာအောင် နေ့စဉ်မပြတ် လေ့ကျင့်ကစားလေ့ ရှိသည့်ပြင် အရှေ့တိုင်းမှ ကိုယ်ခံသိုင်းပညာများဖြစ်သော 'ကွန်ဖူး'၊ 'ကရာတေး' စသည်တို့ကိုလည်း ကျွမ်းကျင်သူ ဆရာကြီးများအား ငှားရမ်းခေါ်ယူ၍ လေ့ကျင့်သင်ကြားခဲ့သေးသည်။

သူသည် ကျန်းမာရေးလိုက်စားသူ ဖြစ်သည့်အလျောက် အရက်နှင့် ဆေးလိပ်ကို လုံးဝမသောက်။ သို့သော် လူသားတို့၏ သဘာဝကို ကောင်းစွာ နားလည်သဘောပေါက်သဖြင့် သူ၏ တပည့်တပန်းများ အပေါင်းအသင်းများ ဆေးလိပ်နှင့် အရက်သောက်ခြင်းကို မပိတ်ပင်၊ မတားမြစ်ချေ။

www.burmeseclassic.com

www.burmeseclassic.com



ဝင်စတန်သည် လူထူးလူဆန်းတစ်ယောက်ဟု ခေါ်ထိုက်သည့်နောက်ထပ် အလေ့အကျင့်တစ်ခုလည်း ရှိသေးသည်။

ယင်းကား အိမ်သာသုံးစက္ကူလိပ်နှင့် ပတ်သက်သည်။

အိမ်သာသုံးစက္ကူလိပ်ကို အိမ်သာခန်းတွင် အသင့်ဆွဲသုံးရန် ချိတ်ဆွဲထားရာ၌ ထုံးစံက စက္ကူလိပ်ကို အပေါ်ဘက်မှ ဆွဲယူရသည်။ ယင်းအစဉ်အလာ ထုံးစံကို ဘီလျံနာသူဌေးကြီး ဝင်စတန်က လုံးဝ ကြည့်၍မရချေ။ သူပိုင်ဆိုင်သော စက်ရုံအလုပ်ရုံ ကုမ္ပဏီအားလုံးနှင့် ကမ္ဘာအနှံ့အပြားရှိ သူ၏ကိုယ်ပိုင်အိမ်သာအားလုံးရှိ အိမ်သာခန်းတွင် စက္ကူလိပ်ကို အောက်ဘက်မှ လှန်၍ ဆွဲယူနိုင်အောင် ချိတ်ဆွဲထားရမည်ဟု အမိန့်ထုတ်ထားလေသည်။ ထို့ပြင် သူပိုင်ဆိုင်သော ပင်လယ်ကူးသင်္ဘောကြီးများ အားလုံးတွင်လည်း အိမ်သာသုံးစက္ကူလိပ်ကို ပြောင်းပြန်ချိတ်ဆွဲထားရလေသည်။

ဘီလျံနာဝင်စတန်သည် အတွေးအခေါ် အယူအဆအားဖြင့် သာမန်လူတို့နှင့် မတူသည့် အခြားအချက်တစ်ခုကား 'ဆေတန်'ခေါ် အနောက်တိုင်းသားတို့၏ 'နတ်ဆိုး' ကို ယုံကြည်အားကိုးခြင်းပင် ဖြစ်သည်။

'ဆေတန်' နတ်ဆိုးကမှ တန်ခိုးတကယ်ရှိပြီး ယုံကြည်အားကိုးသူများကို ကူညီစောင့်ရှောက်လိမ့်မည်ဟု ယူဆသည်။ တစ်ချိန်တည်းမှာပင် သူသည် နာမ်ဝါဒ သို့မဟုတ် နာမ်လောကကိုလည်း ယုံကြည်သည့်ပြင် စိတ်ကို လေ့ကျင့်အားထုတ်ပါက လောကီချာန်တန်ခိုးများ ရရှိနိုင်သည်ဟု ယုံကြည်သေးသည်။

အရှေ့တိုင်းမှ လောကီပညာ စာအုပ်စာတမ်းများကို ဖတ်ရှုလေ့လာရုံမက ကိုယ်တိုင်လည်း အထိုက်အလျောက် လေ့ကျင့်ခဲ့လေသည်။ နောက်ပိုင်းကျတော့ သူသည် ဆေတန်နတ်ဆိုးကို ယုံကြည်အားကိုးရာမှ ဆေတန်သည်သာလျှင် ကမ္ဘာလောကကြီး၏ ကယ်တင်ရှင်ဖြစ်သည်ဟု ယုံကြည်လာသည်။ ဤသို့ဝင်လျှင် အမှန်တရားအစစ်ဟု ဝင်စတန်က ယုံကြည်လာသည်။

အမှန်အားဖြင့် ဘီလျံနာသူဌေးကြီး ဝင်စတန်သည် အတွေးအခေါ်မှားယွင်း ချွတ်ချော်နေသော စိတ္တဇဝေဒနာရှင် (တစ်နည်းအားဖြင့်) လူရူးတစ်ယောက်ပင် ဖြစ်လေသည်။

သို့သော် လူရူးက ဒေါ်လာငွေ သန်းပေါင်း ထောင်ချီကြွယ်ဝသော ဘီလျံနာသူဌေးကြီး ဖြစ်နေရာ၊ သူစိတ်ရူးပေါက်ခြင်းကို လက်တွေ့အကောင်အထည်ဖော်နိုင်သည့် အခြေအနေရှိနေသည်။ တကယ်လည်း အကောင်အထည်ဖော်ရန် ဆုံးဖြတ်လိုက်သည်။

ဤသို့ မှားယွင်းချွတ်ချော်နေသည့် အတွေးအခေါ်ပိုင်ရှင် ဝင်စတန်



သည် အရဏ်သစ်အမည်ရှိ အဖွဲ့တစ်ဖွဲ့ စတင်ဖွဲ့စည်းထူထောင်လိုက်သည်။

အရဏ်သစ်ဟု အမည်ပေးထားခြင်း အကြောင်းကတော့ လက်ရှိ ကမ္ဘာကြီးတစ်ခုလုံး ပျက်စီးစေအောင် ဖန်တီးပြီး သူ့အပါအဝင် လက်ရွေးစင် လူနည်းစုတစ်စုသာ အသက်မသေဘဲ ကျန်ရစ်အောင်လုပ်ထားကာ ယင်းလူနည်းစုမှတစ်ဆင့် ကမ္ဘာသစ်ကြီးတစ်ခု ထူထောင်ရန် ရည်ရွယ်ချက်ဖြင့် အသစ်ပြန်စလတ္တံ့သော လူ့လောကသစ်ကို မျှော်ခေါ်သောအားဖြင့် 'အရဏ်သစ်'ဟု အဖွဲ့အမည်ပေးထားခြင်းပင် ဖြစ်သည်။

လက်ရှိကမ္ဘာကြီး ပျက်စီးအောင် ဖန်တီးရန် သူ စိတ်ရူးပေါက်ခြင်းနှင့် ကြံစည်ပုံကလည်း အလွန်ကြောက်စရာကောင်းလှပေသည်။

သူ၏အကြံကား ဤသို့ဖြစ်သည်။

လက်ရှိအင်အားကြီးနိုင်ငံများ တစ်ဦးအပေါ်တစ်ဦး အထင်အမြင်လွဲကာ တတိယကမ္ဘာစစ်ကြီး မဖြစ်ဖြစ်အောင် လျှို့ဝှက်ပီရိစွာ ကြံစည်ဖန်တီးမည်။ တတိယကမ္ဘာစစ် ဖြစ်ပြီဆိုလျှင် ကြောက်စရာ လူသတ်လက်နက်များဖြစ်သော အဏုမြူနျူကလီးယားလက်နက်များဖြင့် အပြန်အလှန် ပစ်ခတ်တိုက်ခိုက်ကြပေတော့မည်။

ထိုအခါ ကမ္ဘာပေါ်ရှိ လူသားအားလုံးလိုလို သေကျေပျက်စီးသွားကြမည်မှာ သေချာသည်။

သို့သော် ဘီလျံနာ ဝင်စတန်နှင့် သူ၏ လက်ရွေးစင်အုပ်စုကတော့ ဩစတြေလျနိုင်ငံရှိ သူပိုင်ဧက (၈၅၀၀၀၀) ကျယ်ဝန်းသည့် သိုးမွေးမြူရေးခြံကြီးအတွင်း တည်ဆောက်ထားသော မြေအောက်အဏုမြူ ဗုံးခိုကျင်းကြီးထဲတွင် အသာခိုအောင်းနေကြမည် ဖြစ်သည်။

ဗုံးခိုကျင်း ဆိုသော်လည်း မြေအောက်၌ တခမ်းတနား ဆောက်လုပ်ထားသော မြို့တစ်မြို့ဖြစ်သည်။ စားနပ်ရိက္ခာ ပစ္စည်းအသုံးအဆောင်များလိုလေသေးမရှိ။ နှစ်ရှည်လများနေရန်အတွက် လုံလောက်စွာ သိုလှောင်ထားရှိပြီး ဖြစ်သည်။

ယင်းသို့ စိတ်ရူးပေါက်သည့်အတိုင်း လက်တွေ့အကောင်အထည်ဖော်သည့်အနေဖြင့် ဩစတြေလျနိုင်ငံ သိုးမွေးမြူရေးခြံကြီးအတွင်း အဏုမြူနျူကလီးယားဓာတ်အားဒဏ်ကို ခံနိုင်သည့် မြေအောက်မြို့ကို မကြာမီ တည်ဆောက်ပြီးစီးသွားခဲ့သည်။

❖

www.burmeseclassic.com

www.burmeseclassic.com



ဘီလျံနာဝင်စတန်သည် သူ၏ စိတ်ရှုပေါက်သည့် အကြံကို ဆက်လက်အကောင်အထည်ဖော်ရန်အတွက် အသေးစိတ် အစီအစဉ်များ ပြုလုပ်ပြန်လေသည်။

အထူးသဖြင့် လုံးဝ ယုံကြည်စိတ်ချရမည့် လူယုံတော်များလိုသဖြင့် ရှာဖွေစုဆောင်းခဲ့သည်။ သူ၏ ကိုယ်ရေးအရာရှိ သို့မဟုတ် အတွင်းရေးမှူးအဖြစ် နှစ်ပေါင်းနှစ်ဆယ်ခန့် သစ္စာရှိစွာ အမှုထမ်းခဲ့သော မက်ကီလစ်ဆိုသူတော့ ရှိပြီး ဖြစ်သည်။ သို့သော် တစ်ယောက်တည်းနှင့် မလုံလောက်သေး၊ ဉာဏ်ရုံးသဖွယ် အားကိုးစိတ်ချရမည့် နောက်ထပ်အနည်းဆုံးတစ်ယောက် လိုပေမည်။ သူက အမိန့်ပေးလိုက်ရုံနှင့် မဖြစ်ဖြစ်အောင် လုပ်ကိုင်ဆောင်ရွက်နိုင်မည့် ထိုလူမျိုးမှ ဖြစ်မည်။

ဝင်စတန်သည် ထိုလူမျိုးကို အချိန်ယူ၍ သေချာစေ့စပ်စွာ ရှာဖွေရင်း 'စတီးလ်' ဆိုသူကို တွေ့လေသည်။

'စတီးလ်' သည် တစ်ချိန်က 'စီအိုင်အေ' (ထောက်လှမ်းရေး) အဖွဲ့တွင် အမှုထမ်းခဲ့ဖူးပြီး အကျင့်ပျက်မှုဖြင့် ထုတ်ပစ်ခြင်းခံခဲ့ရသည်။ ငွေကြေးမက်မောလောဘကြီးသူဖြစ်၍ ငွေရမည်ဆိုလျှင် လူသတ်ရန်လည်း ဝန်မလေးသူ ဖြစ်သည်။ ရက်စက်ကြမ်းကြုတ်သောစရိုက်လည်း ရှိသည်။

"ဒီလူတော့ဖြင့် ငါ့အတွက် စိတ်ချရပြီ၊ အသုံးဝင်မယ့်သူပဲ" ဟု ဆုံးဖြတ်ကာ ဘီလျံနာ ဝင်စတန်သည် 'စတီးလ်'အား မက်မောလောက်အောင် အခကြေးငွေပေး၍ စည်းရုံးသိမ်းသွင်းခဲ့ရာ တကယ်ပင် လူယုံတော်တစ်ယောက် ဖြစ်လာခဲ့သည်။

'စတီးလ်' သည် တစ်ချိန်က 'စီအိုင်အေ' အဖွဲ့တွင် အမှုထမ်းခဲ့ဖူးသဖြင့် ကမ္ဘာအနှံ့အပြားတွင် အဆက်အသွယ်များ ရှိလေရာ ယင်းအချက်ကိုပင် ဘီလျံနာ ဝင်စတန်က အသုံးချလိုက်သည်။

စတီးလ်၏ အကူအညီဖြင့် ဝင်စတန်သည် ကမ္ဘာ့အနှံ့အပြားတွင် သူ၏ ဝါဒကို လက်ခံယုံကြည်မည့်သူများကို လျှို့ဝှက်စွာ ချဉ်းကပ် စည်းရုံးလျက် 'အရဏ်သစ်' အမည်ရှိအဖွဲ့ကို စနစ်တကျ တည်ထောင်ဖွဲ့စည်းခဲ့ခြင်း ဖြစ်လေသည်။

အံ့ဩဖွယ်ကောင်းသည်ကား ဆေတန်နတ်ဆိုးကို ယုံကြည်ကိုးကွယ်သူများ မကြာမီ ကမ္ဘာကြီးပျက်စီးသည့်အခါ မသေဘဲ ကျန်ရစ်မည်၊ ထိုအခါမှ လူ့လောကသစ် ထူထောင်ကြမည့် 'အရဏ်သစ်' (ကမ္ဘာသစ်) တွင် မိမိတို့



ပျော်ရွှင်စွာ နေကြရမည် ဟူသော ဘီလျံနာ ဝင်စတန်၏ စည်းရုံးဝါဒဖြန့်ချက်ကို လက်ခံ ယုံကြည်သူတွေ ရှိနေခြင်းပင် ဖြစ်သည်။

[မှတ်ချက်။ ။ မြန်မာနိုင်ငံတွင်လည်း ဗုဒ္ဓဘာသာဝင်များအဖြစ် ကိုးကွယ်
စရာအစစ် ရတနာသုံးပါးရှိပါလျက် ဂိုဏ်းဆရာလူလိမ်
'ဘိုးတော်' အတုအယောင်များ၏ လိမ်လည်လှည့်ဖြားမှုကို
ယုံကြည်လွယ်သူများ ရှိသည့် သဘောပင် ဖြစ်တန်ရာသည်။]
(မြန်မာပြန်သူ)

မည်သို့ပင်ဖြစ်စေ သူဌေးကြီး ဝင်စတန်သည် ကမ္ဘာအနှံ့အပြား၌ သူ၏ 'အရဏ်သစ်' အဖွဲ့ဝင် လူယုံများ စည်းရုံးဖွဲ့စည်းပြီးနောက် တတိယကမ္ဘာစစ်ကြီးဖြစ်ပွားအောင် ယုတ်မာရက်စက်စွာ စတင်ကြံစည်ဆောင်ရွက်လေတော့သည်။

အထူးသဖြင့် နိုင်ငံအချင်းချင်း အထင်အမြင်လွဲမှားပြီး ရန်သူဖြစ်အောင် သူ၏ 'အရဏ်သစ်' ဂိုဏ်းသားများအား ပါးကွက်အာဏာသားအဖြစ် အသုံးချကာ အကြမ်းဖက်မှုများကို လုပ်စေခဲ့သည်။

❖

အောက်ပါတုန်လှုပ်ချောက်ချားဖွယ် ကမ္ဘာ့သတင်းများသည် စင်စစ်အားဖြင့် ဘီလျံနာ ဝင်စတန်၏ 'အရဏ်သစ်' ဂိုဏ်းသားများက ပုံမှားရိုက်ကာ ကျူးလွန်ခဲ့သည့် ယုတ်မာရက်စက်မှုများပင် ဖြစ်သည်။

၁၉၇၃ ခု၊ မတ်လ။ ။ အစ္စရေးလ်နိုင်ငံ ဝန်ကြီးချုပ်၏ နေအိမ်၌ ဗုံးတစ်လုံး
ပေါက်ကွဲခဲ့ရာ အရဏ်သစ်ဂိုဏ်းသားများက ယင်းလုပ်
ရပ်သည် အီဂျစ်နိုင်ငံထောက်လှမ်းရေးအဖွဲ့၏ လက်
ချက်ဟု ဝါဒဖြန့်ခဲ့သည်။ ယင်းကြောင့်ပင် အီဂျစ်နှင့်
အစ္စရေးလ်နိုင်ငံမှာ ချစ်ကြည်ရေးကို ထိခိုက်ပျက်ပြား
ခဲ့ရသည်။

၁၉၇၃ ခု ဩဂုတ်လ။ ။ ပြင်သစ်ပြည် ဝန်ကြီးချုပ်အား လက်ဖြောင့်သေနတ်
သမားတစ်ဦးက ချောင်းမြောင်း၍ ရိုင်ဖယ်သေနတ်
ဖြင့် ပစ်ခတ်ခဲ့သည်။ ဤတွင် ပြင်သစ်နိုင်ငံတစ်ဝန်း
လုံး၌ ဂျူးလူမျိုး အကြမ်းဖက်သမားတို့၏ လက်ချက်
ဟူသော ကောလာဟလသတင်းတွေ ပျံ့နှံ့ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၇၄ ခု ဇန်နဝါရီလ။ ။ ကျူးဘားနိုင်ငံ ဝန်ကြီးချုပ် 'ကက်စထရို'အား အမည်မသိ လုပ်ကြံရန် ကြံစည်ရာမအောင်မြင်သော်လည်း ယင်းလုပ်ကြံမှုသည် အမေရိကန်ထောက်လှမ်းရေး (စီအိုင်အေ)၏ လက်ချက်ဖြစ်သည်ဟု ဘီလျံနာဝင်စတန်၏ ဂိုဏ်းသားများက ဝါဒဖြန့်ခဲ့သည်။

၁၉၇၄ ခု၊ မတ်လ။ ။ ဆော်ဒီအာရေဗျနိုင်ငံ ဘုရင့်နန်းတော်ဝင်းအတွင်း 'ရောကက်' ဒုံးကျည်တစ်ခု ပြင်းထန်စွာ ပေါက်ကွဲခဲ့သည်။ ပေါက်ကွဲသော ဒုံးကျည်၏ အစအနများကို သက်ဆိုင်ရာမှ စစ်ဆေးကြည့်ရာ ရုရှနိုင်ငံလုပ်ပစ္စည်းဖြစ်နေသဖြင့် ဆော်ဒီအာရေဗျနိုင်ငံက ဆိုဗီယက်ယူနီယံအပေါ် အထင်လွဲကာ ဆက်ဆံရေး အလွန်တင်းမာခဲ့လေသည်။

၁၉၇၄ ခု၊ ဧပြီလ။ ။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကြီးအကဲ မော်စီတုန်းအား ဆိုဗီယက်ယူနီယံက အဆိပ်ခတ်သတ်ရန် ကြံစည်ပါသည်ဟု တရုတ်တို့ဘက်မှ စွပ်စွဲပုတ်ခတ်ခဲ့သည်။ စွပ်စွဲနိုင်လောက်အောင်လည်း 'အရဏ်သစ်' ဂိုဏ်းသားများက ပီကင်းမြို့တော်၌ အထောက်အထားနိုင်လုံသောပစ္စည်းများ လျှို့ဝှက်စွာ ဝင်ထားခဲ့သည်။ ရည်ရွယ်ချက်ကား အလိုလိုမှ ဆက်ဆံရေးတင်းမာနေသော ဆိုဗီယက်နှင့် တရုတ်တို့ စစ်ဖြစ်အောင် ဘီလျံနာလူရှုး ဝင်စတန်က ကြံစည်လိုက်ခြင်းပင် ဖြစ်သည်။

ဤသို့လျှင် အာဏာရူး စိတ်ရူးပေါက်နေသော ဘီလျံနာသူဌေးကြီး ဝင်စတန်သည် တတိယကမ္ဘာစစ်ကြီး မဖြစ်ဖြစ်အောင် အကြမ်းဖက်နည်းဖြင့် အမျိုးမျိုး လုပ်ကြံခဲ့ပြီးနောက် သူ၏ အစီအစဉ်အရ နောက်ဆုံးခြေလှမ်းနှစ်လှမ်းသာ ကျန်တော့သည်။

ယင်းတို့ကား အမေရိကန်ပြည် ဝါရှင်တန်မြို့တော်နှင့် မော်စကိုမြို့ ကရင်မလင်နန်းတော်တို့အား ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ရန်ပင် ဖြစ်သည်။

အမေရိကန်နိုင်ငံအနေဖြင့် ရုရှက လာရောက်ရန်စပြီဟု ယူဆချိန်တွင်



ဆိုဗီယက်ယူနီယံကလည်း အမေရိကန်တို့ စတင်တိုက်ခိုက်လာသည်ဟု တထစ်ချ တွက်တော့မည် ဖြစ်သည်။

ဤနည်းအားဖြင့် တတိယကမ္ဘာစစ်ကြီး စတင် ဖြစ်ပွားအောင် ဘီလျံနာဝင်စတန်က မီးမွှေးလိုက်မည် ဖြစ်သည်။ စစ်ဖြစ်ပြီဆိုလျှင် အဏုမြူနျူကလီးယားလက်နက်များ၏ ဒဏ်ကြောင့် ကမ္ဘာလူသားအားလုံး သေကျေပျက်စီးကြကုန်မည်မှာ သေချာသည်။ ဤကား ကျိုကျိုတက် ချမ်းသာကြွယ်ဝသလောက် စိတ်ရူးပေါက်နေသူ ဘီလျံနာသူဌေးကြီး ဝင်စတန်၏ အကြီးဆုံးသော တောင့်တချက်ပင်တည်း။

❖

"ကိုင်း လိုက်ခဲ့ကြ။ တို့စာကြည့်တိုက်ထဲ သွားကြရအောင်၊ ဟိုကျမှ ရစ်ချတ်ဆိုတဲ့ သတ္တဝါနဲ့ ပတ်သက်လို့ ဘာဆက်လုပ်ရမယ်ဆိုတာကို ဆွေးနွေးကြမယ်"

ဘီလျံနာ ဝင်စတန်က အားကစားသမားဝတ်သော ခြုံထည်ကုတ်အင်္ကျီကို ဆွဲယူဝတ်ရင်း ပြောပြီး လျှောက်ထွက်သွားရာ လူယုံတော်နှစ်ဦးဖြစ်သူ စတီးလ်နှင့် မက်ကီလစ်တို့လည်း သူ၏ နောက်မှ လိုက်သွားကြလေသည်။

စာကြည့်တိုက်ဆိုသည်မှာ ဝင်စတန်၏ သီးသန့်စာကြည့်ခန်းပင် ဖြစ်ပြီး အတော်ကျယ်ဝန်းလျက် ခမ်းနားသပ်ရပ်သော အခန်းကြီးတစ်ခန်း ဖြစ်လေသည်။ ဝင်စတန်သည် အခန်း၏ အလယ်ဗဟိုတွင် အသင့်ရှိနေသော ပက်လက်ကုလားထိုင်ကြီးတွင် ဝင်ထိုင်လိုက်သည်။ စတီးလ်နှင့် မက်ကီလစ်တို့က မျက်နှာချင်းဆိုင်ရှိ ကုလားထိုင်များတွင် အသီးသီးဝင်ထိုင်လိုက်ကြသည်။

"ဆရာကြီးအနေနဲ့ ရစ်ချတ်ကို ဘယ်လိုစီရင်ရရင် ကောင်းမယ်ဆိုတာ အာရုံထဲမှာ မပေါ်သေးဘူးလားခင်ဗျ" စတီးလ်က စတင်၍ မေးလိုက်သည်။

"လောလောဆယ်တော့ ငါ့စိတ်ထဲ ဘာမှမပေါ်လာသေးဘူးကွ။ တစ်ခုတော့ရှိတယ်၊ ဒီရစ်ချတ်ဆိုတဲ့ကောင်ဟာ ငါတို့အတွက် အလွန်အန္တရာယ်များတဲ့အကောင်ပဲ။ ဒါပေမဲ့လည်း ဒီကောင်ကို သုတ်သင်ပစ်ဖို့က မဖြစ်နိုင်လောက်အောင် ခက်ခဲလှတဲ့ ပြဿနာ မဟုတ်ပါဘူး"

ဝင်စတန်က လေသံခပ်အေးအေးဖြင့် ပြောရင်း သူ၏ လူယုံတော်နှစ်ဦး၏ မျက်နှာကို စူးစိုက်ကြည့်ကာ အကဲခတ်လိုက်သည်။

စတီးလ်နှင့် မက်ကီလစ်တို့ နှစ်ဦးစလုံးသည် သူတို့ဆရာကြီး ဝင်စတန်၏ တောက်ပြောင်စူးရှသော မျက်လုံးများကို ကြည့်ပြီး ကျောချမ်းသွားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့အနေဖြင့် ဘီလျံနာဝင်စတန်၏ ဆေတန်နတ်ဆိုး ကိုးကွယ်မှုအယူဝါဒကို လက်ခံ ယုံကြည်ရုံမက ဆရာကြီး ဝင်စတန်သည် တစ်နေ့ကျလျှင် ကမ္ဘာတစ်ခုလုံး၏ ဘာသာရေး၊ လူမှုရေးခေါင်းဆောင်ကြီး ဖြစ်လာမည်ဟု ထင်နေကြ၍ မျက်လုံးချင်း ဆိုင်ရမည်ကိုပင် ရင်ဖိုကျောချမ်းမိကြခြင်းဖြစ်သည်။

ဝင်စတန်သည် လှယုံတော် စတီးလ်ဘက်သို့လှည့်၍ ဆက်ပြောပြန်သည်။

"နေပါဦးကွ၊ မင်းက ဘာကြောင့် ငါ့စိတ်ထဲ အာရုံမပေါ်ဘူးလားလို့ မေးရတာလဲ။ ဘာလဲ မင်းတို့က ဒီရစ်ချတ်ဆိုတဲ့ကောင်ကို ကြောက်နေလို့လား။ ဒီကောင်က ငါတို့လုပ်ငန်းတွေကို လိုက်နှောင့်ယှက်နေခဲ့တာ ခြောက်လနီးပါးရှိပြီဆိုတာ မှန်တယ်။ ဒါပေမဲ့ မင်းတို့သိတဲ့အတိုင်း သူ့ရဲ့ခြေလှမ်းတွေကို ငါတို့ အမြဲတစေ ကြိုတင်ပြီး သိနေရတယ် မဟုတ်လား"

"ဟုတ်ပါတယ် ဆရာကြီး"

ကိုယ်ရေးအရာရှိ မက်ကီလစ်က ဝင်ထောက်ခံ ပြောဆိုလေသည်။

"ဆရာကြီးပြောဆိုတဲ့အတိုင်း မှန်ပါတယ်။ ဥပမာ ဒီနေ့ည ဒီကောင်က စီအိုင်အေလျှို့ဝှက်ခန်း သီးသန့်ဌာနက နာသန်နီယယ်လ်နဲ့ တွေ့ဆုံပြီး အစည်းအဝေးလုပ်မယ်ဆိုတာ ကျွန်တော်တို့ ကြိုတင်သတင်းရထားပြီးပြီ မဟုတ်လား။ နက်ဖြန် ညနေဘက်ဆိုရင်ပဲ အဲဒီအစည်းအဝေးမှာ ဘာတွေ ဆွေးနွေးကြတယ်ဆိုတာလည်း ကျွန်တော်တို့ အသေးစိတ် သိရမှာ သေချာပါတယ်"

မက်ကီလစ်က ဆက်ပြောလိုက်ချိန်တွင် စတီးလ်သည် စောစောက ဘီလျံနာသူဌေးကြီးပြောလိုက်သော စကားကို ပြန်လည် စဉ်းစားနေမိသည်။

မိမိအနေဖြင့် ရစ်ချတ်အား ကြောက်နေ၍ဟု အမေးခံရခြင်းကို စိတ်ထဲတွင် ဘဝင်မကျ ဖြစ်မိသည်။

သူသည် ဆရာကြီး ဝင်စတန်၏ ၉၃ ထပ်တိုက်ကြီးအတွင်း၌ ရှိနေသမျှကာလပတ်လုံး သူတို့၏ရန်သူ ရစ်ချတ်ကို မကြောက်ပေ။ ဤအဆောက်အအုံအတွင်း၌ မည်သည့် အန္တရာယ်မျှလည်း မရှိနိုင်ချေ။

ဘီလျံနာသူဌေးကြီး ဝင်စတန်၏ ၉၃ ထပ်တိုက်အဆောက်အအုံကြီးတွင် လုံခြုံရေးအစီအစဉ်များ ပြုလုပ်ထားပုံက 'ပင်တာဂွန်' ခေါ် အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနနှင့် စစ်ဦးစီးဌာနချုပ် အဆောက်အအုံထက်ပင် ပို၍ကောင်းသည်ဟု ဆိုနိုင်ပေသည်။

ကမ္ဘာအရပ်ရပ်ရှိ သူဌေးကြီး၏ စီးပွားရေးလုပ်ငန်းမျိုးစုံကို ကွပ်ကဲချုပ်ကိုင်သော ကုမ္ပဏီရုံးများ ရှိသည့်အတိုင်း စာရေးစာချီ အရာရှိ စသော ဝန်ထမ်း



ဦးရေ အမြောက်အမြားရှိသည်နှင့်အမျှ ယင်းဝန်ထမ်းအားလုံး တစ်ယောက်မကျန် အဆောက်အအုံကြီးသို့ ဝင်တိုင်း ထွက်တိုင်း စစ်ဆေးခံကြရသည်။

ကုမ္ပဏီအမှုထမ်းအစစ် ဟုတ်မဟုတ် စစ်ဆေးရာတွင်လည်း နောက်ဆုံးပေါ် 'ကွန်ပျူတာ' စက်များဖြင့် စီစဉ် ဖန်တီးထားလေရာ အမှုထမ်းတစ်ဦး ဝင်လာသည်နှင့် ရှေးဦးစွာ မိမိ၏ လက်ဝါးနှစ်ဖက်ကို အထူးစီမံပြုလုပ်ထားသည့် စားပွဲငယ်တစ်ခုပေါ်သို့ တင်ထားပြီးမှ မိမိ၏အမည်ကို 'မိုက်ခရိုဖုန်း' ဓာတ်ခွက်တစ်ခုအတွင်းသို့ ပြောလိုက်ရသည်။

ယင်းနေရာတွင် တယ်လီဗီးရှင်း (ရုပ်မြင်သံကြား) စက်ရှိသဖြင့် အတွင်းမှ လုံခြုံရေးအရာရှိများက ထိုလူသည် မိမိတို့လူ ဟုတ်မဟုတ် စိစစ်နိုင်လေသည်။

အဆောက်အအုံတစ်ခုလုံးရှိ တံခါးအားလုံးသည် မည်သို့မှ ဖောက်ထွင်းမဝင်နိုင်အောင် ဖန်တီးထားသည်။ အခန်းအသီးသီး၏ တံခါးသော့ကို အထူးစပယ်ရှယ် အော်ဒါပေးလုပ်ထားသဖြင့် မည်သည့်သော့တူနှင့်မျှ မဖွင့်နိုင်ရုံမက အခန်းတစ်ခန်းချင်း၏ သော့များကို လျှို့ဝှက်အမှတ်အသားဖြင့် ဘယ်သော့ဘယ်ကို ဘယ်နှစ်ချက်မှ ပွင့်အောင်လည်း စီစဉ်ထားသည်။

ကုမ္ပဏီရုံးခန်းအသီးသီးတွင်လည်း (အလုပ်သမားအမှုထမ်းများ မသိစေဘဲ) လျှို့ဝှက်တယ်လီဗီးရှင်း ကင်မရာများ တပ်ဆင်ထားသည်။ ဤနည်းအားဖြင့် ဘီလျံနာသူဌေးကြီး ဝင်စတန်က သူ၏ သီးသန့်အခန်းမှနေ၍ မည်သည့်အခန်းကိုမဆို မည်သူတွေ ဘာလုပ်နေကြောင်း အချိန်မရွေး မြင်နိုင်သိနိုင်ပေသည်။

၉၃ ထပ်ရှိသော အဆောက်အအုံဖြစ်၍ အလွန်ကြီးမားသလောက်ကျယ်ဝန်းလေရာ နေ့စဉ် လက်ရွေးစင် လုံခြုံရေးအစောင့်တစ်ရာတို့က လှည့်ပတ်ကင်းလှည့်၍ စောင့်ရှောက်နေကြသည်။ ညနေခြောက်နာရီကျော်လျှင်ကားလုံခြုံရေးအစောင့်အင်အား (၁၅၀) အထိ တိုး၍ ခန့်ထားလိုက်သေးသည်။

အစောင့်များ မမြင်အောင် အဆောက်အအုံတွင်းသို့ အလစ်ဝင်၍ မရနိုင်အောင်လည်း အပြင်လူစိမ်း ချဉ်းကပ်လာသည်နှင့် အချက်ပေးခေါင်းလောင်းများ မြည်လာအောင် လျှပ်စစ်ဓာတ်အားဖြင့် အထူးကိရိယာများ တပ်ဆင်ထားသေးသည်။

လုံခြုံရေးအစောင့်အားလုံးကို ကြီးကြပ်ကွပ်ကဲသည့် ရုံးခန်းကို အဆောက်အအုံ၏ (၁၅) ထပ်တွင် ထားရှိလေသည်။

ထို့ကြောင့် ဘီလျံနာ ဝင်စတန်၏ အဆောက်အအုံတွင်းသို့ လူခေါ်

www.burmeseclassic.com

www.burmeseclassic.com



ထားဘိ ယင်ကောင်တစ်ကောင်ပင် ဝင်နိုင်မည် မဟုတ်ဟု အဆိုရှိပေသည်။

❖

စတီးလ်သည် သူ့အနေဖြင့် သတ္တိနည်းသူ မဟုတ်ကြောင်း ဆရာကြီးဝင်စတန်အား ထပ်ပြောချင်လာပေသည်။

"ဆရာကြီးခင်ဗျား ကျွန်တော့်အနေနဲ့ ရစ်ချတ်ဆိုတဲ့အကောင်က တိုက်ရည်ခိုက်ရည် အစွမ်းရှိတာကိုတော့ ဝန်ခံပါတယ်။ ဒါပေမဲ့ ကျွန်တော်က သူ့ကို လုံးဝမကြောက်ပါဘူး။ လက်နက်ကိုင် တိုက်ရတိုက်ရ၊ လူချင်း တိုက်ရ တိုက်ရ ကျွန်တော် မကြောက်ပါဘူး"

ထိုစကားကို ဘီလျံနာ ဝင်စတန်က ပြန်ပြောလိုက်ပုံကြောင့် စတီးလ်သည် အံ့အားသင့်သွားမိသည်။

"မင်းကတော့ ဒီကောင့်ကို မကြောက်ဘူး ပြောပေမယ့် ငါထင်တာတော့ ကြောက်ရင်ကောင်းလိမ့်မယ်ထင်တယ်။ ငါတို့အားလုံးက ဒီရစ်ချတ်ကို ကြောက်သင့်တယ်လို့"

စကားကို ဆုံးအောင်မပြောဘဲ ဝင်စတန်သည် ရုတ်တရက်ရပ်လိုက်ပြီး မျက်စိစုံပိတ်ကာ တစ်စုံတစ်ခုကို စူးစိုက်အာရုံပြုနေသလို လက်နှစ်ဖက်ဖြင့် သူ၏ နားထင်ကို ဖိကပ်ထားလိုက်သည်။

တစ်မိနစ်ကြာမှ မျက်လုံးမှိတ်လျက်ပင် စကားပြောလေသည်။

"ငါ့ရဲ့ဝိညာဉ်ကို ဆေတန်နတ်မင်းကိုယ်တိုင် လာဆက်သွယ်သတိပေးသလို ခံစားရတယ်"

ဤသို့ စကားစလိုက်သည်နှင့် စတီးလ်နှင့် မက်ကီလစ်တို့နှစ်ဦးသည် အံ့ဩသလောက် စိတ်ဝင်စားဟန်ဖြင့် ရှေ့သို့ တိုးကာ ဂရုစိုက် နားစွင့်နေကြသည်။

သူတို့အနေဖြင့် ဆရာကြီးဝင်စတန် တကယ်ပင် နတ်လောကနှင့် ဆက်သွယ်ကာ ဓာတ်ဝင်နိုင်သည်ဟု ယုံကြည်နေကြသောကြောင့်ပင်တည်း။

ဆရာကြီး ဝင်စတန်သည် ခပ်တည်တည်နှင့် ဆက်ပြောပြန်သည်။

"သေမင်းတမန်လို့ နာမည်ရနေတဲ့ ရစ်ချတ်ဆိုတဲ့အကောင်ဟာ ငါတို့ထင်တာထက် ပိုပြီး အန္တရာယ်ပြုနိုင်တယ်။ ငါတို့ရဲ့ မဟာစီမံကိန်း ပျက်ပြားသွားအောင် နှောင့်ယှက်ဖျက်ဆီးနိုင်တဲ့လူဆိုလို့ ဒီကောင်တစ်ယောက်တည်းပဲ ရှိတယ်။ ဒါပေမဲ့လည်း အပြီးသတ်ကျတော့ ဒီကောင်က ဘာမှမတတ်နိုင်ဘဲ ငါတို့အကြံ မှုချအောင်မြင်ရမယ်"



ထိုစကားဆုံးတော့မှပင် ဝင်စတန်သည် မျက်လုံးပြန်လည်ဖွင့်လိုက်သည်။

စတီးလ်နှင့် မက်ကီလစ်တို့သည် သူတို့ဆရာကြီး ဝင်စတန်ဓာတ်စီးပြောသလို ပြောသွားပုံကို နားမလည်နိုင်အောင် ဖြစ်နေကြသည်။

ထို့ကြောင့် မက်ကီလစ်ကပင် စတင်၍–

"ဆရာကြီးခင်ဗျာ အခုပြောသွားတာက ရစ်ချတ်ဟာ ကြောက်စရာကောင်းတဲ့ ရန်သူတစ်ယောက်လို့ ပြောသွားပါတယ်။ တစ်ဆက်တည်းမှာပဲ ကျွန်တော်တို့ရဲ့အကြံ မှုချအောင်မြင်မှာပါလို့ ဆိုပြန်တယ်" ဟု မေးရာ သူဌေးကြီး ဘာမှမပြောမီ စတီးလ်ဆိုသူက ဝင်ဖြေလေသည်။

"ဆရာကြီးဆိုလိုတာက ဒီလိုပါဗျ။ ကျုပ်တို့အနေနဲ့ ရစ်ချတ်ရဲ့လှုပ်ရှားမှု အခြေအနေ ခြေလှမ်းမှန်သမျှ မျက်ခြည်မပြတ် သိနေရသမျှ ကာလပတ်လုံး ကျုပ်တို့ ဘာအန္တရာယ်မှ မရှိနိုင်ဘူးဆိုတဲ့သဘော ဖြစ်တယ်"

ဤသို့ပြောရင်း စတီးလ်သည် ဘီလျံနာသူဌေးကြီးဘက်သို့ လှည့်ပြောပြန်သည်။

"မဟုတ်ဘူးလား ဆရာကြီးခင်ဗျ။ ကျွန်တော်တို့က ဒီရစ်ချတ်ရဲ့ လှုပ်ရှားမှုကို အမြဲတစေ ကြိုတင်သိနေဖို့ အရေးကြီးတယ် မဟုတ်လား။ ကျွန်တော့်သဘောပြောရရင်တော့ ဒီကောင့်ကို အမြန်ဆုံး သုတ်သင်ပစ်လိုက်တာ အကောင်းဆုံးပဲလို့ ထင်မိပါတယ်။ ကျွန်တော်ကိုယ်တိုင် စီအိုင်အေအဖွဲ့မှာ ရှိတုန်းက လက်ကိုင်ထားတဲ့ ဝါဒတစ်ခုက ရန်သူတစ်ဦးတစ်ယောက်ဟာ အန္တရာယ်ပေးနိုင်တဲ့ အခြေအနေ ရှိတယ်ဆိုရင် အဲဒီရန်သူကို အမြန်ဆုံးကွပ်မျက်လိုက်မှ ဒီရန်က အေးသွားမှာဆိုတဲ့ သဘောထားရှိခဲ့ဖူးပါတယ်"

"ဟုတ်တယ်ခင်ဗျ၊ အလွန်သဘာဝကျတဲ့ သဘောထားပဲလို့ ဆိုရမယ်"

မက်ကီလစ်က ဝင်ထောက်ခံ ပြောဆိုလိုက်သည်။

ဤတွင် ဘီလျံနာ ဝင်စတန်၍ လူယုံတော်နှစ်ယောက် အချီအချပြောနေသည်ကို သဘောမကျဟန်ဖြင့် မျက်နှာထားတည်တည်ဖြင့် ပြောလေသည်။

"မင်းတို့ပြောနေတဲ့ လုပ်နည်းလုပ်ဟန် သဘောထားတွေက အခုလက်ရှိ ငါတို့ရင်ဆိုင်နေရတဲ့ အခြေအနေနဲ့ မကိုက်ညီဘူး။ တို့အနေနဲ့ ရှေ့လောကြီးလို့ မဖြစ်ဘူး။ ခေါင်းအေးအေးထားပြီး သေသေချာချာ အကွက်ချလုပ်မှဖြစ်မယ်။ ရစ်ချတ်ဆိုတဲ့ကောင်က သူမတူအောင် 'လျင်' တယ်ဆိုတာတော့ ငြင်းလို့မရဘူး။ လွန်ခဲ့တဲ့ခြောက်လလောက်ကစပြီး ဒီကောင်ရဲ့သွားလာလှုပ်ရှားမှုတွေကို သတင်းတွေကို၊ ငါတို့က အမြဲကြိုတင်ရခဲ့တယ် မဟုတ်လား။ ဒါပေမဲ့ ဒီကောင်က ငါတို့အကွက်ဆင်ခဲ့တဲ့ ထောင်ချောက်အားလုံးက လွတ်အောင်

www.burmeseclassic.com

www.burmeseclassic.com



ရှောင်နိုင်ခဲ့တယ်။ ဒါတင်မကသေးဘူး၊ သူ့လက်ချက်နဲ့ ငါတို့ဂိုဏ်းသားထဲက အတော်ဆုံး အားကိုးရဆုံး အဖွဲ့သားနှစ်ဆယ်ကျော်လောက် ကျဆုံးခဲ့ရတယ်။ အဲဒါ ဘာကြောင့်လဲဆိုတာ မင်းတို့ သိကြရဲ့လား"

စတီးလ်နှင့် မက်ကီလစ်တို့ နှစ်ဦးစလုံးက မည်သို့မျှ ပြန်မဖြေဘဲ ဆိတ်ဆိတ်နေလိုက်ကြသောအခါ ဝင်စတန်ကပင် ဆက်ပြောလေသည်။

"ကိုင်း... ဘာကြောင့်ဆိုတာ ငါပြောပြမယ်။ လောလောဆယ် ဒီကောင်က ကံကောင်းနေတာပဲ ဖြစ်ရမယ်။ ပြီးတော့ သူကိုးကွယ်တဲ့ ဘုရားသခင်က ကာကွယ်စောင့်ရှောက်ပေးနေတာလည်း ဖြစ်နိုင်တယ်။ ဘာပဲဖြစ်ဖြစ် ရစ်ချတ်ဟာ ငါတို့ရဲ့ အကြီးဆုံးရန်သူ ဖြစ်တယ်ဆိုတာကိုတော့ ဆေတန်နတ်မင်းက ငါ့နားကပ်ပြီး သတိပေးသလိုကြားယောင်နေတယ်"

ဤသို့ ပြောနေစဉ် သူ၏ မျက်နှာထား အမူအရာသည် အလွန်ခက်ထန် တင်းမာနေလေရာ လူယုံတော်နှစ်ဦးဖြစ်သူ စတီးလ်နှင့် မက်ကီလစ်တို့ နှစ်ဦးစလုံးက သူတို့ဆရာကြီးအား မျက်နှာချင်းမဆိုင်ဝံ့ဘဲ မျက်နှာလွှဲနေလိုက်ကြသည်။

စတီးလ်က အခန်းကြမ်းပြင်တွင် ခင်းထားသော အဖိုးတန်ကော်ဇောကြီးမှ ဒီဇိုင်းအကွက်များကို ငုံ့ကြည့်နေလိုက်သည်။

မက်ကီလစ်ကမူ အခန်းပတ်ဝန်းကျင်သို့ လျှောက်ကြည့်နေလေသည်။

စာကြည့်ခန်းဆိုသော်လည်း ထိုအခန်းမှာ ပြတိုက်သဖွယ် ဖြစ်သည်။ နံရံများတွင် ဓားရှည်များ၊ ခြောက်လုံးပြူးများနှင့် ပန္နတိုလ်သေနတ်များ၊ ရှေးခေတ်သုံးရိုင်ဖယ်သေနတ်များကို တန်ဆာဆင်သလို ချိတ်ဆွဲထားသည်။

ဘီလျံနာသူဌေးကြီး ဝင်စတန်ထိုင်နေသည့်နေရာ နောက်တည့်တည့်တွင်ကား သဘာဝသမိုင်းပြတိုက်များမှာလို သဘာဝကိုယ်ဟန်အတိုင်း ဖန်တီးထားသော ကျားကြီးတစ်ကောင် ရှိနေသည်။ ထူးခြားချက်ကား ကျား၏မျက်လုံးနေရာများတွင် အလွန်အရည်အသွေးကောင်းလှသော ပတ္တမြားနှစ်လုံးထည့်ထားခြင်းပင် ဖြစ်သည်။

မက်ကီလစ်သည် ထိုကျားရုပ်ကြီး၏ မျက်လုံးနေရာတွင် ဘာကြောင့် ပတ္တမြားနှစ်လုံးထည့်ထားသည်ကို သိချင်နေသည်မှာ ကြာပေပြီ။ သို့သော် သူ၏ဆရာကြီး ဝင်စတန်ကိုတော့ ဖွင့်မမေးကြည့်ခဲ့ချေ။

မက်ကီလစ်အနေဖြင့် နှစ်ပေါင်း ၂၀ ခန့် ဘီလျံနာဝင်စတန်၏ ကိုယ်ရေးအတွင်းရေးမှူးအဖြစ် အလုပ်လုပ်ခဲ့ရာ၌ သူအမြဲလိုက်နာသော စည်းကမ်း



ချက်တစ်ခု ရှိသည်။ ယင်းကား ဆရာကြီး ဝင်စတန်က ဘာလုပ်လုပ် ဘာကြောင့် လုပ်ပါသနည်းဟု မည်သည့်အခါမှ မမေးခဲ့ခြင်းပင် ဖြစ်သည်။

ယင်းသို့ ဘယ်ခါမှ ပြန်မမေးဘဲ စေခိုင်းသမျှကိုသာ ဆောင်ရွက်ခဲ့ခြင်းကြောင့်လည်း သူသည် ယခုအချိန်အထိ သူဌေးကြီးထံ၌ မြဲနေသည်ဟု ယူဆလေ့ရှိသည်။

မက်ကီလစ်သည် အသက် ၅၀ ကျော်ကျော်အရွယ်၊ အရုပ်ဆိုးဆိုးတုတ်တုတ်ခိုင်ခိုင် လူတစ်ယောက်ဖြစ်သည်။ ဘီလျံနာသူဌေးကြီး ဝင်စတန်အား လောကီရှာနတန်ခိုးသဘော၊ အကြားအမြင်များ တကယ်ပင်ရနေသည်ဟု ယုံကြည်ခဲ့၍လည်း နှစ်ရှည်လများသစ္စာရှိစွာ အမှုထမ်းခဲ့ခြင်း ဖြစ်သည်။

မက်ကီလစ်သည် အခန်းကို လှည့်ပတ် ကြည့်နေရာမှ သူ၏အဖော် စတီးလ်ဘက်သို့ လှည့်ကြည့်လိုက်ပြန်သည်။

စတီးလ်ကမူ မက်ကီလစ်ကဲ့သို့ ဆိတ်ဆိတ်မနေဘဲ သူဌေးကြီးအား စကားပြောနေပြန်လေသည်။

"ဆရာကြီး ပြောသလို ရစ်ချတ်ဟာ ကျွန်တော်တို့အဖွဲ့ရဲ့ အကြီးဆုံးရန်သူ ဖြစ်တယ်ဆိုရင် ဒီကောင့်ကို အမြန်ဆုံး သုတ်သင်ပစ်ဖို့ အရေးကြီးတယ် မဟုတ်လားခင်ဗျ။ ဒီကောင်တည်းနေတဲ့ ဟိုတယ် ... ကျွန်တော်တို့ အရဏ်သစ်အဖွဲ့ ... ကွပ်မျက်ရေးအဖွဲ့ကိုလွှတ်ပြီး ရှင်းပစ်ခိုင်းလိုက်ရင်ပြီးတာပါပဲ။ အဖွဲ့ခေါင်းဆောင် 'လွိုက်'ကို ကျွန်တော် ခေါ်ပြောလိုက်ရုံနဲ့ ဒီကိစ္စပြတ်သွားနိုင်ပါတယ်။ ဒီပြဿနာက..."

စတီးလ်၏ စကားမဆုံးမီ ဘီလျံနာ ဝင်စတန်က ကြားဖြတ်၍ "နိုး...နိုး... ဒီလိုမလုပ်ရဘူးကွ" ဟု ဟန့်တားလိုက်ပြီးနောက် သူ၏သဘောထားကို ဆက်ပြောလေသည်။

"ရစ်ချတ်ဆိုတဲ့အကောင်ဟာ တစ်နေ့ကျရင် သေရမှာပါ။ ဘာမှမစိုးရိမ်ပါနဲ့။ အဲဒီအချိန်ကိုလည်း ဆေတန်နတ်မင်းက ငါတို့ကို ညွှန်ကြားလိမ့်မယ်၊ ငါတို့အနေနဲ့ ရှေ့လောကြီးပြီး ထင်ရာစွပ်လုပ်လို့ မဖြစ်ဘူး။ လောလောဆယ် ဒီနေ့ည ရစ်ချတ်တက်မယ့် အစည်းအဝေးမှာ ဘာတွေဆွေးနွေးကြတယ်ဆိုတာ စောင့်ပြီး သတင်းနားထောင်ကြရမယ်"

သူဌေးကြီးက ဤသို့ပြောလိုက်သောအခါ စတီးလ်သည် နောက်ထပ် ဘာမျှမပြောတော့ဘဲ ဆိတ်ဆိတ်နေလိုက်သည်။

သူ့အနေဖြင့် ဆရာကြီး ဝင်စတန်၏အကြောင်းကို ကောင်းစွာ သိထားပြီး ဖြစ်၍ ငြိမ်နေလိုက်ခြင်း ဖြစ်သည်။ ဆရာကြီးက တစ်စုံတစ်ခုကို ဆုံးဖြတ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီဆိုလျှင် မည်သို့မျှ တားဆီး၍ မရနိုင်ကြောင်း သူ ကောင်းကောင်းကြီး နားလည်သဘောပေါက်ထားပြီး ဖြစ်သည်။

ဘီလျံနာ ဝင်စတန်သည် မက်ကီလစ်ဘက်သို့ လှည့်လိုက်ပြန်သည်။

"ဟော့... ဒီနေ့စမ်းသပ်ခိုင်းထားတဲ့ လူတွေရဲ့ ပင်ကိုစရိုက်နဲ့ ဓာတ်သဘော အကဲခတ်နည်းကိစ္စနဲ့ ပတ်သက်လို့ တို့လူတွေရဲ့ အစီရင်ခံချက်က ဘယ်လိုလဲ"

ဤသို့ပြောလိုက်ခြင်းအားဖြင့် သူဌေးကြီးက နောက်ထပ်ရစ်ချတ်အကြောင်း ဆက်လက်မဆွေးနွေးလိုတော့ကြောင်း သိသာထင်ရှားလေသည်။

မက်ကီလစ်သည် သူ၏ကုတ်အင်္ကျီအိတ်ထဲမှ မှတ်စုစာအုပ်တစ်အုပ်ကို ဆွဲထုတ်လိုက်ပြီး ခေတ္တမျှဖွင့်၍ လေ့လာဖတ်ကြည့်လေသည်။

မှတ်စုစာအုပ်တွင်ကား သူတို့အဖွဲ့မှ တီထွင်ထားသော လက်ရေးတို ရေးနည်းတစ်မျိုးဖြင့် အရေးကြီးသော အချက်များကို လျှို့ဝှက်စွာ ရေးမှတ်ထားလေသည်။ ယင်းလက်ရေးတိုနည်းစနစ်က ရှိရင်းလက်ရေးတိုနည်းမျိုး မဟုတ်သဖြင့် အခြားမည်သူကမှ ဖတ်၍ နားလည်နိုင်မည် မဟုတ်ချေ။

ယခု သူကိုယ်တိုင် လျှို့ဝှက် လက်ရေးတိုနည်းဖြင့် ရေးထားသော အကြောင်းအရာများမှာ ဘီလျံနာသူဌေးကြီး ဝင်စတန်မေးလိုက်သည့် မေးခွန်းနှင့် ပတ်သက်သော အချက်အလက်များပင် ဖြစ်သည်။

အရှေ့တိုင်းမှ လောကီပညာကို လေ့လာခဲ့သူအနေဖြင့် လူသားတို့၏ ထူးခြားသော အချက်တစ်ခုအကြောင်းကို ဖတ်ရှုမိခဲ့ရာမှ စိတ်ဝင်စားလာမိလေသည်။ ယင်းထူးခြားချက်ကား လူမှန်သမျှ ခန္ဓာကိုယ်၏ ပတ်ဝန်းကျင်တွင် သာမန်မျက်စိဖြင့် မမြင်နိုင်သော 'အော်ရာ' ခေါ် ဓာတ်ရောင်ခြည်တစ်မျိုး ရှိသည်ဟူသော အချက်ပင် ဖြစ်သည်။

လူတစ်ယောက်နှင့်တစ်ယောက် လက်ဗွေပုံစံ (လက္ခဏာ) ချင်း မတူနိုင်သကဲ့သို့ အော်ရာခေါ် ဓာတ်ရောင်ခြည်သည်လည်း တစ်ဦးနှင့်တစ်ဦး မတူချေ။

အရှေ့တိုင်းမှ သမာဓိအားကောင်းသူ လောကီပညာရှင်ကြီးများဆိုလျှင် လူတစ်ယောက်ကို မြင်ရုံနှင့် ခန္ဓာကိုယ်ပတ်ဝန်းကျင်၌ ရှိနေသော အော်ရာဓာတ်ရောင်ခြည်ကို ကြည့်ပြီး ထိုလူ၏ စိတ်နေသဘာဝ၊ စိတ်နေစိတ်ထား၊ ရည်ရွယ်ချက်များကို အတပ်သိနိုင်သည်ဟု အရှေ့တိုင်း လောကီပညာကျမ်းများက ဆို၏။

သူဌေးကြီး ဝင်စတန်သည် ထိုအကြောင်းကို စိတ်ဝင်စားလာရာမှ အနောက်တိုင်းမှ 'အီလက်ထရွန်းနစ်' သိပ္ပံပညာဖြင့် ပေါင်းစပ်ဖန်တီးကြည့်ပါက လူ



တို့၏ 'အော်ရာ'ဓာတ်ရောင်ခြည်ကို သိရှိနိုင်မည့် ကိရိယာတစ်မျိုး တီထွင်နိုင်လိမ့်မည်ဟု စိတ်ကူးရလာခဲ့သည်။ ထိုစိတ်ကူးကို လက်တွေ့အကောင်အထည်ဖော်ကြည့်ရန်အတွက် ငွေကြေးအမြောက်အမြား ကုန်ကျခံကာ သိပ္ပံဓာတ်ခွဲခန်းကြီး တစ်ခု တည်ဆောက်ပြီးနောက် အီလက်ထရွန်းနစ် သိပ္ပံပညာရှင်များ ငှားရမ်းခေါ်ယူကာ အဆိုပါ လျှပ်စစ်ကိရိယာတစ်မျိုး စမ်းသပ်တီထွင်ခိုင်းခဲ့လေသည်။

လျှို့ဝှက်ဓာတ်ခွဲခန်းက အမေရိကန်နိုင်ငံ အနောက်ဘက်ကမ်းရိုးတန်း 'ကယ်လီဖိုးနီးယား' ပြည်နယ်တွင်ရှိရာ ယခု သူဌေးကြီးက ဓာတ်ခွဲခန်းမှ နောက်ဆုံး စမ်းသပ်ချက်များအကြောင်း သတင်းပို့အစီရင်ခံချက်ကို မေးမြန်းလိုက်ခြင်းပင် ဖြစ်သည်။

မက်ကီလစ်သည် သူ၏ မှတ်စုစာအုပ်ကို ကြည့်ရင်း ပြေကြားလေသည်။

"ဟုတ်ကဲ့ ကာလီဖိုးနီးယားပြည်နယ်က ဓာတ်ခွဲခန်းမှာ စမ်းသပ်ချက်တွေဟာ အောင်မြင်တယ်လို့ သတင်းရပါတယ်။ လူတွေရဲ့ 'အော်ရာ'ဓာတ် ကို အီလက်ထရွန်းနစ်နည်းနဲ့ သိအောင် လုပ်နိုင်တဲ့ ကိရိယာကို ထုတ်လုပ်နိုင်တဲ့ အဆင့်ရောက်ရှိနေပါပြီ။ ဆရာကြီးက အမိန့်ပေးလိုက်တာနဲ့ ဓာတ်ခွဲခန်းက လူတွေက ထုတ်လုပ်ကြပါလိမ့်မယ်"

မက်ကီလစ်၏စကားကို နားထောင်ရင်း ဘီလျံနာ ဝင်စတန်သည် ရုတ်တရက် ဘာမှ ပြန်မပြောသေးဘဲ တစ်စုံတစ်ရာကို အာရုံပြုနေသလို မျက်စိမှိတ်ပြီး စဉ်းစားနေလေသည်။

သူ စဉ်းစားသည့်အကြောင်းကတော့ နောက်ရက်သတ္တပတ် နှစ်ပတ်ကြာလျှင် အကောင်အထည်ဖော်ရန် သူ စီစဉ်ရည်ရွယ်ထားသည့် ဧရာမ စီမံချက်ကြီးတစ်ခုအကြောင်းပင် ဖြစ်သည်။

ဧရာမ စီမံချက်ဆိုသည်မှာလည်း သူ၏ အကြီးဆုံး ရည်မှန်းချက်ဖြစ်သော တတိယကမ္ဘာစစ်ကြီး မဖြစ်ဖြစ်အောင် လုပ်ကြံဖန်တီး၍ ကမ္ဘာ့လူသားအားလုံး သေကျေပျက်စီးစေရန် ရက်စက်ယုတ်မာလှသည့် အစီအစဉ်ပင် ဖြစ်သည်။

သူ့အနေဖြင့် ဆေတန်နတ်ဆိုး၏ ကူညီစောင်မချက်ဖြင့် ထိုအကြံမှာ အောင်မြင်ရမည်ဟုလည်း စိတ်ရူးပေါက်ကာ ယုံကြည်နေပေသည်။

အတန်ကြာအောင် စဉ်းစားနေပြီးမှ စိတ်ထဲ ကျေနပ်သွားဟန်ဖြင့် ကိုယ်ရေးအရာရှိ မက်ကီလစ်အား မေးခွန်းပြန်ထုတ်လေသည်။

"ဒါထက် အဲဒီ အီလက်ထရွန်းနစ်ကိရိယာက ဘယ်လောက်အရွယ် အစားရှိမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီးမေးတာ ပစ္စည်းအရွယ်ပမာဏက အင်္ကျီအိတ်ထဲ ထည့်ထားနိုင်လောက်အောင် ငယ်မလားလို့ ဆိုလိုတာ ထင်ပါတယ်။ အဲသလောက်တော့ မငယ်ဘူးခင်ဗျ၊ ဒါပေမဲ့ လက်ကိုင်အိတ်ထဲထည့်ရင်တော့ ရလိမ့်မယ်လို့ ဆိုပါတယ်"

"ဟုတ်လား။ ဘာပဲဖြစ်ဖြစ်ကွာ၊ ဓာတ်ခွဲခန်းက လူတွေကိုသာ အကြောင်းကြားလိုက်ပေတော့။ အဲဒီကိရိယာမျိုး အနည်းဆုံး ခြောက်ခုကို အခုရက်ပိုင်းအတွင်း အမြန်ထုတ်လုပ်ပြီး ငါ့ဆီကို လေယာဉ်နဲ့ ပို့လိုက်ပါလို့ ပြောလိုက်"

"ကောင်းပါပြီ ဆရာကြီးခင်ဗျာ။ အကြောင်းကြားလိုက်ပါ့မယ်၊ ဒါပေမဲ့ ဓာတ်ခွဲခန်းက လူတွေက ဘာကြောင့် အခုလောက် မြန်မြန်ကြီးလိုချင်တာလဲလို့ သိချင်ကြလိမ့်မယ် ထင်ပါရဲ့။ ကျွန်တော်က အကြောင်းတစ်ခုခုပြောလိုက်ရင် ကောင်းမလားလို့"

မက်ကီလစ်က ဤသို့ပြောလိုက်သည်ကို ဘီလုံနာကြီးသည် သဘောမကျဟန်ဖြင့် မျက်နှာထား တင်းမာခက်ထန်လာသည်။

"ဟေ့ ဒီမယ်... ငါက အဆမတန် ငွေကြေးပေးပြီးခိုင်းတာ။ လူတွေဟာ ညွှန်ကြားတာကိုသာ လုပ်ဖို့သာ ရှိတယ်။ သူတို့က ဘာကြောင့်ခိုင်းတာလဲလို့ မေးပိုင်ခွင့်မရှိဘူး သိဖို့လည်း မလိုဘူး။ ဒါပဲ"

လေသံတင်းတင်းဖြင့် ခပ်ပြတ်ပြတ်ပြောလိုက်သဖြင့် မက်ကီလစ်နှင့် စတီးလ်တို့ နှစ်ယောက်စလုံးသည် သူတို့ဆရာကြီးအား မျက်နှာချင်းဆိုင် မကြည့်ဝံ့အောင် တုန်လှုပ်သွားမိတော့သည်။

ဘီလုံနာ ဝင်စတန်ကပင် ဆက်လက်ပြောပြန်သည်။

"ဓာတ်ခွဲခန်းကလူတွေကို အမြန်ဆုံးလုပ်ပေးဖို့ အရေးကြီးကြောင်းလို့သာ သေသေချာချာ ပြောလိုက်ပါ။ နောက်တစ်ချက်ကိုလည်း မင်းတို့နှစ်ယောက် ငါ အသိပေးလိုက်မယ်လေ။ ငါတို့ရဲ့ အကြီးဆုံးရန်သူ ရစ်ချတ်ဆိုတဲ့အကောင်ကို သုတ်သင်ကွပ်မျက်ရာမှာ အဲဒီအီလက်ထရွန်းနစ်ကိရိယာကို အဓိကအသုံးပြုမယ်။ ဒီကိရိယာနဲ့သာဆိုရင် ဒီကောင်အနေနဲ့ ဘယ်လိုနည်းနဲ့မှ ငါတို့ရဲ့ ထောင်ချောက်ထဲက မလွတ်နိုင်ဘူး"

ထိုစကားကို ကြားသောအခါ မက်ကီလစ်သည် သဘောကျသွားပုံရသည်။

"ဒီလိုဆိုရင် ရစ်ချတ်ဆိုတဲ့ ရန်သူကောင်သေတဲ့အချိန်မှာ ကျွန်တော်ကိုယ်တိုင် အနားက ထိုင်ပြီး အားရပါးရကြည့်ချင်ပါတယ်"

သို့သော် ဘီလုံနာ ဝင်စတန်က ခေါင်းခါပြလေသည်။



"ဒါတော့ မဖြစ်ဘူးကွ။ ငါတို့ရဲ့ရန်သူ ရစ်ချတ်သေတဲ့အချိန်မှာ မင်းက အနားမှာ မရှိနိုင်ဘူး။ ဒီနေ့ကစပြီး ရှစ်ရက်တိတိ ကြာရင် ငါတို့အားလုံးက ဩစတြေးလျနိုင်ငံက တို့ရဲ့လျှို့ဝှက်စခန်းကို လေယာဉ်နဲ့ သွားကြမယ်။ အဲဒီစခန်းရဲ့ မြေအောက်လုံခြုံရေးမှာ ငါတို့က လက်ရှိကမ္ဘာကြီး ပျက်စီးတဲ့အထိ စောင့်နေကြရမယ်"

ဤသို့ ပြောဆိုလိုက်ခြင်းအားဖြင့် သူ၏လူယုံနှစ်ဦးစလုံး အံ့အားသင့်တုန်လှုပ်သွားမည်ဟု ကြိုတင်တွက်ထားသည့်အတိုင်း စတီးလ်နှင့် မက်ကီလစ်တို့သည် အံ့အားသင့်သွားကြလေသည်။

နှစ်ယောက်အနက် စတီးလ်သည် ဆိတ်ဆိတ်မနေနိုင်သဖြင့် သူ၏စိတ်ထဲဖြစ်ပေါ်လာသော အချက်ကို ထုတ်ဖော်ပြောလေသည်။

"ဟင်...ဒီလိုဆိုရင် မော်စကိုနဲ့ ဝါရှင်တန်မြို့တော်ကို တစ်ပြိုင်နက်တိုက်ခိုက်ဖျက်ဆီးတဲ့အချိန်မှာ ကျွန်တော်တို့ ဩစတြေးလျနိုင်ငံကို ရောက်နေမှာပေါ့"

ဤသို့ စကားစပြီးကာမှ သူကပင် ဆက်လက်၍...

"ဒါထက် ဆရာကြီး ကျွန်တော်တို့ ဝါရှင်တန်မြို့က အိမ်ဖြူတော်ကို တိုက်ခိုက်မယ်ဆိုတာ 'စီအိုင်အေ'က ရိပ်မိထားတယ် မဟုတ်လား ခင်ဗျ။ ဒါကြောင့် ကျွန်တော်တို့က အစီအစဉ်တစ်ခု ပြောင်းလုပ်မှ ဖြစ်မယ်ထင်ပါတယ်"

ဟု ပြောလေသည်။

သို့သော် ဘီလုံနာသူဌေးကြီးက ခေါင်းခါပြလေသည်။

"မလိုဘူးကွ၊ ငါတို့ရဲ့ မူလအစီအစဉ်အတိုင်းပဲ လုပ်ကြရမယ်။ ဒီလိုလုပ်ဖို့လည်း ငါတို့ စောစောကပဲ ကြိုတင် ဆုံးဖြတ်ထားခဲ့ပြီ မဟုတ်လား"

"ဒါတော့ ဟုတ်ပါတယ် ဆရာကြီး။ ကျွန်တော် အခုစဉ်းစားနေတာက ဒီလိုပါ။ ဝါရှင်တန်ကို တိုက်တဲ့အခါ ကျွန်တော်တို့ရဲ့ အဖွဲ့သား (ဂျေင်း) တွေပါ တစ်ပြိုင်နက် သေကုန်လိမ့်မယ် ဆိုတာကို တွေးမိလို့ပါ"

"ဟုတ်တယ်လေ အဲဒါ ဘာဖြစ်လဲ။ ငါတို့ရဲ့ ဂျေင်းတွေလည်း သေမှာပဲ။ ဒါပေမဲ့ သူတို့သေရတာဟာ တို့တစ်တွေရဲ့ မှန်ကန်မွန်မြတ်တဲ့ ရည်မှန်းချက်အတွက် အသက်စွန့်ရတဲ့ သဘောဖြစ်တယ်"

သူဌေးကြီးက ခပ်ပြတ်ပြတ်ပြောလိုက်မှ စတီးလ်သည် သဘောပေါက်သွားပုံရလေသည်။

"ဒါဖြင့် ကျွန်တော်တို့ရဲ့ စစ်ဆင်ရေး အမှတ် (A) ကို အသုံးပြုရမှာပေါ့ ဆရာကြီး"

www.burmeseclassic.com

www.burmeseclassic.com



**"အေး... ဟုတ်ပါတယ်၊ အဲဒါအတွက် နက်ဖြန်က စပြီး ကြိုတင်အစီအစဉ်လုပ်စေတော့"**

**အရာကြီး ဘီလျံနာတစ်ပြောလိုက်သည်တွင်** အတွင်းရေးမှူးမက်ကီလစ်**သည် ထထွက်သွားလေသည်။**

**စတီးလ်သည် ဘာမှ** ဆက်မပြောတော့ဘဲ စဉ်းစားနေမိလေသည်။ **အထူးသဖြင့် ဘီလျံနာသူဌေးကြီး** လစာငွေအဖြစ် တစ်နှစ်လျှင် ဒေါ်လာသုံးသိန်း**ပေးထားသည့်** ငွေပမာဏသည် အလွန်များပြားလှပါတကားဟု တွေးမိရင်း ဘီလျံနာသူဌေးကြီး ဝင်စတန်သည် ဆေတန်နတ်မင်း၏ တမန်တော်ဖြစ်နိုင်သည်ဟု တွေးမိလေသည်။

သို့ရာတွင် သူ၏စိတ်ထဲ အနှောင့်အယှက်တစ်ခု ရှိနေပြန်သည်။

ယင်းကား မိမိတို့၏ အကြီးဆုံးရန်သူဖြစ်သော ရစ်ချတ်အမည်ရှိ သေမင်းတမန်အား တိုက်ခိုက်သုတ်သင်ရန်အတွက် မလွယ်ကူလှပါတကား ဟူသော အချက်ပင် ဖြစ်လေသည်။

■

## အခန်း (၃)

နယူးယောက်မြို့ 'မင်ဟက်တန်'ရပ်ကွက်၊ အနောက်မြောက်နယ်မြေ ၁၁၆ လမ်းနှင့် ၅ လမ်းထောင့်ရှိ အဆောက်အအုံတွင် တိုက်ခန်းပေါင်းများစွာ ရှိသည့်အနက် တိုက်ခန်းအမှတ် (၈၀၆) တံခါးဝနား၌ အခန်းရှင်၏ နာမည်ဆိုင်းဘုတ်ရှိရာ 'မစ္စတာနှင့် မစ္စက်ကူဂူဒီ'ဟု ရေးထားလေသည်။

အမှတ် (၈၀၆) သည် လူနေတိုက်ခန်း ဆိုသော်လည်း အတွင်း၌ ကျယ်ဝန်းပြီး အခန်းပေါင်းခြောက်ခန်း ရှိသည်။

ထိုအခန်းခြောက်ခန်းအနက် တစ်ခန်းမှာ စီအိုင်အေ အထူးသီးသန့်ဌာနမှ စုံထောက်များ လျှို့ဝှက်တွေ့ဆုံ စည်းဝေးရာ နေရာပင် ဖြစ်လေသည်။

သို့သော် အိမ်နီးချင်းများနှင့်တကွ အများပြည်သူတို့အနေဖြင့် တိုက်ခန်းအမှတ် (၈၀၆) မှ မစ္စတာနှင့် မစ္စက်ကူဂူဒီဇနီးမောင်နှံတို့အား လျှပ်စစ်အချက်ပေးခေါင်းလောင်းများ ရောင်းသူကုန်သည်များအဖြစ် သိကြသည်။

လျှပ်စစ်အချက်ပေးခေါင်းလောင်းဆိုသည်မှာ လူနေအိမ်များတွင် ဖောက်ထွင်းသူများ၊ သူခိုးဓားပြများ ညအချိန်မတော် ဝင်ပါက အလိုအလျောက်



အချက်ပေးခေါင်းလောင်း မြည်စေသော ကိရိယာမျိုး ဖြစ်သည်။

ယင်းပစ္စည်းများကို ကူဂူဒီဇနီးမောင်နှံတို့က စာတိုက်မှ ပါဆယ်ဖြင့် တင်ပို့ရောင်းချသည့်စနစ်ဖြင့် ရောင်းချလျက် ရှိသည်။ လာသည့် **အော်ဒါမှာ**ကြားချက်များကို ဂရုတစိုက် စာတိုက်မှ ပေးပို့သလို၊ ပစ္စည်းဝယ်ပြီး **မကျေနပ်**သူတစ်ဦး တက်လာလျှင် ချက်ချင်း ငွေပြန်အမ်းလေ့ ရှိသည်။ ဤသည်မှာလည်း အကြောင်းရှိပေသည်။

မကျေနပ်သူများက စာတိုက်ဌာနသို့ တိုင်ကြားပါက စာတိုက်အင်စပက်တာများက လာရောက် စစ်ဆေးမည်ဖြစ်ရာ ယင်းသို့ လာရောက်စစ်ဆေးပါက တစ်အိမ်လုံးကို မွှေနှောက် ရှာဖွေလျှင် ကူဂူဒီလင်မယား၏ တိုက်ခန်းအတွင်း စီအိုင်အေ ထောက်လှမ်းရေးအဖွဲ့၏ အမှတ် 'ဝိုင်စီ-၂' လျှို့ဝှက်စခန်း ရှိနေကြောင်း ပေါ်ပေါက်သွားမည် ဖြစ်လေသည်။

နောက်တစ်ချက်ကား အိမ်ရှင် မစ္စတာကူဂူဒီသည် အငြိမ်းစားစစ်မှုထမ်းတစ်ယောက် ဖြစ်ကြောင်း ဗီယက်နမ်စစ်ပွဲအတွင်းက ကျောရိုးတွင် ရန်သူ၏ ကျည်ဆန်ထိမှန်ပြီး လမ်းမလျှောက်နိုင်လောက်အောင် ကိုယ်အောက်ပိုင်း လေဖြတ် 'သေ'နေသဖြင့် အိမ်ထဲမှ အိမ်ပြင်သို့ လုံးဝမထွက်နိုင်သဖြင့် သူတို့ရောင်းချသည့် ကုန်ပစ္စည်းများကို စာတိုက်မှ တင်ပို့သည့်အလုပ် လုပ်နေရကြောင်း ကြေညာထားလေသည်။

အမှန်တော့ ကူဂူဒီသည် ခန္ဓာကိုယ်အောက်ပိုင်းသေပြီး လမ်းမလျှောက်နိုင်သူ မဟုတ်ချေ။ သူ၏တိုက်ခန်းတွင် အမြဲတစေ ရှိနေခြင်းအားဖြင့် ရန်သူသို့မဟုတ် တစ်စုံတစ်ယောက်က လာရောက်ပြီး လျှို့ဝှက်အသံဖမ်းကိရိယာများ မတပ်ဆင်နိုင်ရန် စောင့်ကြည့်နေနိုင်ပေသည်။

အကြောင်းမှုကား ကူဂူဒီကိုယ်တိုင် နယ်လ်ဆင်အမည်ရှိ စီအိုင်အေစုံထောက်တစ်ဦးဖြစ်ပြီး သူ၏ဇနီးကလည်း အမျိုးသမီးဂျေင်း (စုံထောက်) 'ဂလိုရီယာ' ဖြစ်ပေသည်။

ဤသို့လျှင် စီအိုင်အေထောက်လှမ်းရေးအဖွဲ့၏ အထူးလျှို့ဝှက် သီးသန့်ဌာနသည် အရေးတကြီး လျှို့ဝှက်စည်းဝေးရန် လိုအပ်လျှင် တွေ့ဆုံနိုင်ရန် နေရာကို ပိရိသပ်ရပ်စွာ ဖန်တီးထားလေသည်။

❖

တိုက်ခန်းအမှတ် (၈၀၆) ၏ အတွင်းကျကျ သီးသန့်အခန်းထဲတွင် [illegible] ယောက် ထိုင်နေကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အခန်းလယ်ရှိ စားပွဲထိပ်တွင် ထိုင်နေသူမှာ အရပ်ခြောက်ပေ ကိုယ်အလေးချိန် ၁၇၆ ပေါင်ခန့် ရှိပြီး ကိုယ်လုံးကိုယ်ဟန် အလွန်တောင့်တင်းသူ ဖြစ်သည်။

ထိုလူကား 'ဘီလျံနာသူဌေးကြီး ဝင်စတန်'၏ အရဏ်သစ်ဂိုဏ်းသားများက သေမင်းတမန်ဟု ခေါ်ရလောက်အောင် လက်သံပြောင်သူ ရစ်ချတ်ပင်တည်း။

စားပွဲတစ်ဖက်အစွန်းတွင် ဆေးတံကို အားရပါးရဖွာရင်း ထိုင်နေသူကား ဘီလျံနာစစ်ဆင်ရေးကို ကြီးကြပ်ကွပ်ကဲသူ 'နာသန်နီယယ်လ်'ဖြစ်သည်။ သူ၏တာဝန်မှာ ဘီလျံနာသူဌေးကြီး ဝင်စတန်၏ အရဏ်သစ်အဖွဲ့နှင့်တကွ တတိယကမ္ဘာစစ်ကြီးဖြစ်အောင် ဖန်တီးမည့် ၎င်းတို့အကြံကို တိုက်ဖျက်ချေမှုန်းရာတွင် အစီအစဉ်အရပ်ရပ်ကို ကြီးကြပ်ကွပ်ကဲလျက် တစ်ဖက်ကလည်း ဗာဂျီးနီးယားပြည်နယ်ရှိ စီအိုင်အေ ဗဟိုဌာနချုပ်သို့ သတင်းပို့ အစီရင်ခံခြင်း၊ ဌာနချုပ်မှ ညွှန်ကြားချက်များ လက်ခံယူပြီး တစ်ဆင့် အကောင်အထည်ဖော်စေခြင်း စသော ညှိနှိုင်းမှုလုပ်ငန်းပင် ဖြစ်သည်။

စားပွဲ၏ ဘေးဘက်တွင် ထိုင်နေသူ တတိယလူကတော့ အသက်ခြောက်ဆယ်ကျော်အရွယ်ခန့်ရှိ 'ကလီဗာ'ဆိုသူ ဖြစ်သည်။ နာမည်ကြီး အမေရိကန် 'မရိမ်း' တပ်မှ ဗိုလ်မှူးကြီးဟောင်းတစ်ဦး ဖြစ်သည်။ ယခုတော့ သူသည် စီအိုင်အေ ထောက်လှမ်းရေးအဖွဲ့ စီမံကိန်းဌာန၏ လက်ထောက်ညွှန်ကြားရေးမှူး ဖြစ်နေပေသည်။

သုံးယောက်သား ဆွေးနွေးတိုင်ပင်နေကြသည်မှာ တစ်နာရီကျော်ကျော်ကြာသွားပြီဖြစ်ရာ၊ ဗိုလ်မှူးကြီး ကလီဗာသည် ရစ်ချတ်၏ ပြောပုံဆိုပုံကို သဘောမကျပါချေ။

'ပိုကာ' စစ်ဆင်ရေးဟု လျှို့ဝှက်အမည်ပေးထားသော စီအိုင်အေ၏ **အစီအစ**ဉ်ကို ရစ်ချတ်က 'ကြိုတင်ရေးဆွဲထားပုံတွေ နေရာမကျ သဘောမတူ**နိုင်**' ဟု ကန့်ကွက်နေသဖြင့် ကလီဗာက မကျေမနပ် ဖြစ်မိလေသည်။

ပိုကာစစ်ဆင်ရေးဆိုသည်မှာ ဩစတြေးလျနိုင်ငံရှိ ဘီလျံနာသူဌေးကြီး၏ သိုးမွေးမြူရေးခြံ အယောင်ပြထားသော မြေအောက်စခန်းကို တရကြမ်းဝင်တိုက် ချေမှုန်းရန်ပင် ဖြစ်သည်။

စီအိုင်အေအဖွဲ့ကြီးက စီမံချက်ချပြီး ရေးဆွဲထားသော အစီအစဉ်ကို ရစ်ချတ်သည် အမျိုးမျိုး ဝေဖန်ကန့်ကွက်ပြီး အပြစ်ရှာနေရာ ကလီဗာသည် ဒေါသမထွက်မိစေရန် စိတ်ကို ကြိုးစားချုပ်ထိန်းထားရလေသည်။



ပို၍ဆိုးသည်ကား ဗိုလ်မှူးကြီးကလီဗာအနေဖြင့် ရစ်ချတ်အား 'ဟောကောင် မင်း ဘာမှ စကားရှည်မနေနဲ့ တိတ်တိတ်နေစမ်း' ဟု မပြောနိုင်ခြင်းပင် ဖြစ်သည်။

အကြောင်းမှုကား ရစ်ချတ်သည် လခစားစီအိုင်အေ အမှုထမ်းတစ်ဦးမဟုတ်ဘဲ သူ၏ တိုက်ခိုက်ရေးစွမ်းရည်ထူးချွန်မှုကြောင့် ယာယီခေါ်ယူတာဝန်ပေးထားသည့် အပြင်လူတစ်ယောက်ဖြစ်နေသောကြောင့်ပင်တည်း။

ရစ်ချတ်အား အရေးတကြီး လိုအပ်၍ ငှားရမ်းအသုံးပြုလျှင် ပေးရသည့်ငွေကလည်း များလှပေသည်။

စီအိုင်အေ၏ လျှို့ဝှက်အလုပ်တစ်ခု တာဝန်ပေးခိုင်းလျှင် ရစ်ချတ်အားလုပ်အားခအဖြစ် ဒေါ်လာငွေတစ်သိန်းတိတိ ပေးရခြင်း ဖြစ်သည်။

သို့ဖြစ်လင့်ကစား စီအိုင်အေ အကြီးအကဲ အာဏာပိုင်များအနေဖြင့် လုပ်ငန်းတစ်ခုလျှင် ဒေါ်လာတစ်သိန်းပေးရတာ တန်သည်ဟု ဆုံးဖြတ်ထားပေသည်။ ယခုအချိန်အထိ စီအိုင်အေက တာဝန်ပေးခိုင်းခဲ့သမျှ အလုပ်အားလုံးကို ရစ်ချတ်သည် ချွတ်ယွင်းချက်မရှိ အောင်မြင်ခဲ့သည်ချည်း ဖြစ်သောကြောင့် သူ့အား ချီးမြှင့်ငွေဒေါ်လာတစ်သိန်း ပေးရကျိုးနပ်သည်ဟု ယူဆထားခြင်း ဖြစ်လေသည်။

ယင်းကြောင့်ပင်လျှင် ယခု အစည်းအဝေးတွင် ရစ်ချတ်က ပိုကာစီမံကိန်းနှင့်ပတ်သက်၍ အမျိုးမျိုး ဝေဖန်အပြစ်ရှာ ပြောဆိုနေခြင်းကို ဗိုလ်မှူးကြီးကလီဗာက မကျေမချမ်းဖြစ်သော်လည်း အောင့်သက်သက်နှင့် ခံနေရလေသည်။

ရစ်ချတ်၏ သဘောထားမှာ ဘီလျံနာသူဌေးကြီး၏ အဖွဲ့အား ချေမှုန်းရန်အတွက် ဩစတြေးလျနိုင်ငံထိအောင် ဝေးဝေးလံလံ သွားမည့်အစား နယူးယောက်မြို့ရှိ ဝင်စတန်၏ ကမ္ဘာလုံးဆိုင်ရာ ဌာနချုပ်အဆောက်အအုံကြီးသို့ ဝင်ရောက်တိုက်ခိုက်ခြင်းက ပို၍ လွယ်ကူလိမ့်မည်ဟု ဆိုခြင်း ဖြစ်သည်။

ယင်းအစီအစဉ်ကို ကျန်လူနှစ်ယောက်က လက်ခံချင်ပုံ မရသဖြင့် ရစ်ချတ်ကပင် ဆက်ပြောပြန်သည်။

"ဒီ နယူးယောက်မြို့က ဘီလျံနာဝင်စတန်ရဲ့ အဆောက်အအုံကြီးကဘယ်လိုမှ ဝင်လို့မရအောင် လုံခြုံရေး အလွန်ကောင်းတယ်ဆိုပေမယ့် ကျုပ်တို့ဘာစ်နည်းနည်းနဲ့ မဖြစ်ဖြစ်အောင် ကြံရင် ဝင်လို့ရမှာပဲ။ သူတို့ရဲ့ အဆောက်အအုံ လုံခြုံရေး စီစဉ်ထားပုံဟာ ကမ္ဘာပေါ်မှာ အကောင်းဆုံးပဲလို့လည်း [illegible] ကို ထပ်မပြောပါနဲ့။ ကျုပ် လက်မခံနိုင်ဘူး။ အီလက်ထရွန်းနစ် [illegible] ညောနဲ့ တီတွင်ဖန်တီးထားတာမှန်သမျှ တစ်နည်းနည်းနဲ့ ဖွင့်လို့ရတဲ့ ဟာ

www.burmeseclassic.com



ကွက်တော့ ရှိရမှာပဲ။ ပြီးတော့ ဘီလျံနာဝင်စတန်ရဲ့ လုပ်ငန်းစုတွေ ဝင်အမှုထမ်းနေတဲ့ ခင်ဗျားတို့ စီအိုင်အေ ဂျင်း(လူယုံ) ငါးယောက်ရှိတယ် မဟုတ်လား။ နောက်တစ်ခု ကျုပ်ပြောရဦးမယ်။ မော်စကိုမြို့က အလွန်လုံခြုံရေးစနစ်ကောင်းလှပါတယ်ဆိုတဲ့ ကရင်မလင် နန်းတော်ကြီးအတွင်း ကျုပ်ကိုယ်တိုင် ဘယ်သူမှ မသိအောင် ဝင်နိုင်ထွက်နိုင်ခဲ့တယ်ဆိုတာ ခင်ဗျားတို့ အသိပဲ။ ဒါကြောင့် ကျုပ်က ဒီကောင်ကြီးနဲ့ သူ့အဖွဲ့ကို ချေမှုန်းဖို့ရာ ဝေးဝေးလံလံ ဩစတြေးလျနိုင်ငံထိအောင် သွားမနေဘဲ ဒီမြို့က သူ့ဌာနချုပ်ကို ဝင်တိုက်ဖို့ သင့်ကြောင်း ပြောနေတာဗျ”

ရစ်ချတ်က စကားကို ခပ်ပြတ်ပြတ် ခပ်မာမာပြောရာ ဗိုလ်မှူးကြီး ကလီဗာသည် သဘောမကျသော်လည်း စိတ်ကို ထိန်းချုပ်ထားကာ မည်သို့မျှ ပြန်လည်ချေပခြင်း မပြုချေ။

သို့သော် ကြီးကြပ်ကွပ်ကဲရေးမှူး တာဝန်ခံနာသန်နီယယ်လ်က အကြောင်းပြချက်ကို ပြောလေသည်။

“ဒီလိုရှိတယ်ဗျို့... ဘီလျံနာဝင်စတန်က တစ်ပတ်လောက်အတွင်း ဩစတြေးလျနိုင်ငံကို ထွက်ဖို့ ခရီးရှိတယ်။ ကျုပ်တို့အနေနဲ့ ဘာကြောင့် ဩစတြေးလျနိုင်ငံက သူ့ရဲ့အခြေစိုက် ပင်မစခန်းကို တိုက်ခိုက်ချေမှုန်းချင်တဲ့ အကြောင်းက...”

သူ၏စကားမဆုံးမီ ရစ်ချတ်က စိတ်မရှည်ဟန်ဖြင့် ကြားဖြတ်ဝင်ပြောလိုက်သည်။

“ခင်ဗျားပြောမယ့် အကြောင်းကို ကျုပ်သိပါတယ်။ ဝင်စတန်တို့အဖွဲ့က ဝါရှင်တန်မြို့ကို တိုက်ခိုက်မယ့် အစီအစဉ်က အလွန်နီးကပ်နေပြီလို့ ဆိုချင်တာ မဟုတ်လား။ ဒီမယ် ခင်ဗျားတို့ ဘာကြောင့် အခုလောက်ထိအောင် လက်နှေးနေရတာလဲ။ ဘီလျံနာဝင်စတန်နဲ့ သူ့လူယုံတော် စတီးလ်တို့ အပါအဝင် တစ်ဖွဲ့လုံးကို အက်ဖ်ဘီအိုင် နိုင်ငံတော် ထောက်လှမ်းရေးက ဖမ်းဆွဲလိုက်ရင် ကိစ္စပြတ်နေတာပဲ”

ထိုစကားကို နာသန်နီယယ်လ်က မဖြေဘဲ ဗိုလ်မှူးကြီးကလီဗာက ဖြေကြားလေသည်။

“ဒီမယ် ရစ်ချတ်၊ မောင်ရင်ကိုယ်တိုင် မသိတာကျနေတာပဲ၊ ကျုပ်တို့အနေနဲ့ ဘီလျံနာသူဌေးကြီးနဲ့ သူ့ရဲ့ အရက်သစ်အဖွဲ့အပေါ် တရားဥပဒေကြောင်းအရ အရေးယူနိုင်ဖို့ရာ ခိုင်ခိုင်လုံလုံ သက်သေအထောက်အထားဆိုလို့ ဘာမှမရှိဘူး။ ဒီလူကြီးကို ကျုပ်တို့ ဖမ်းလိုက်တာနဲ့ အပြစ်မရှိဘဲ



မတရား ဖမ်းဆီးပါတယ်ဆိုတဲ့ အသံတွေ ထွက်လာလိမ့်မယ်။ အဲဒီလို ဖြစ်လာရင် အစိုးရအနေနဲ့ သိက္ခာထိခိုက်သွားနိုင်တယ်”

ဗိုလ်မှူးကြီး ကလီဗာက ပြောပြီးနောက် နာသန်နီယယ်လ်ကလည်း ဝင် ပြောလေသည်။

“နောက်တစ်ချက်ကိုလည်း ထည့်စဉ်းစားရသေးတယ်ဗျ။ ကိုယ့်လူသိတဲ့အတိုင်း ‘ဝါးတားဂိတ်’ ပြဿနာပေါ်ပြီးတာ သိပ်မကြာသေးဘဲ အခုလိုအချိန်မှာ အစိုးရအပေါ် ပြည်သူလူထုအမြင်မှာ သိက္ခာကျမယ့် အလုပ်မျိုးကို ကျုပ်တို့ အထူး သတိထားရှောင်ဖို့ လိုတယ်။ ပြီးတော့ ကိုယ့်လူပြောတဲ့ ဘီလျံနာဝင်စတန်ရဲ့ အဆောက်အအုံကြီးကို တစ်ကိုယ်တော် စစ်ဆင်နည်းနဲ့ ဝင်တိုက်ဖို့တော့ လုံးဝ စိတ်မကူးပါနဲ့တော့။ ဒီလူကြီးရဲ့ အဆောက်အအုံအတွင်းမှာ ရှိနေတဲ့ ကျုပ်တို့ရဲ့ လူငါးယောက်ဆိုတာကလည်း ကိုယ့်လူကို ဘယ်လိုမှ ကူညီနိုင်မှာ မဟုတ်ဘူး။ သူတို့လုပ်နေတဲ့ အလုပ်ကလည်း လုံခြုံရေး ဗဟိုစခန်းနားကပ်ရတဲ့ အလုပ်မျိုး မဟုတ်ဘူး။ ကျုပ်တို့လူတွေက ဓာတ်လှေကားမောင်းတဲ့ အလုပ်မျိုး၊ ရုံးလုလင် (မင်းစေ) အလုပ်မျိုးသာ လုပ်နေကြရတယ်”

နာသန်နီယယ်လ်၏ ပြောလိုက်ပုံက အကြောင်းအချက် ခိုင်လုံနေသဖြင့် ရစ်ချတ်လည်း မည်သို့မှ ပြန်လည်ချေပခြင်း မပြုဘဲ နေလိုက်သည်။

သို့သော် သူ၏စိတ်ထဲတွင်ကား စီအိုင်အေ အထူးသီးသန့်ဌာနအနေဖြင့် မိမိကိုယ်တိုင် ဦးစီးကွပ်ကဲ၍ ဩစတြေးလျနိုင်ငံရှိ ဘီလျံနာဝင်စတန်၏ ဗဟိုအခြေစိုက်စခန်းကြီးကို တိုက်ခိုက်ချေမှုန်းစေလိုခြင်း၏ အကြောင်းကို စဉ်းစားနေမိသည်။

မိမိ၏ ဦးစီးကွပ်ကဲရမည့် တိုက်ပွဲအကြီးအကျယ်၊ သူသေ ကိုယ်သေ အကြိတ်အနယ် တိုက်ရမည်မှာ သေချာလေရာ ယင်းသို့ တိုက်ပွဲကြီးကြီးကျယ်ကျယ် ဖြစ်ပွားရင်း မိမိတို့နှင့်တကွ အဖွဲ့သားအားလုံး ကျဆုံးသွားနိုင်ရန်လည်း အလွန်နီးစပ်လှသည်။ ဟိုးလေးတကျော်လည်း ဖြစ်သွားမည်။

ယင်းဖြစ်ရပ်များကို စီအိုင်အေက အမေရိကန်နိုင်ငံ နယ်မြေအတွင်း မဖြစ်စေလို၍ ဩစတြေးလျနိုင်ငံမှ ဘီလျံနာ၏ စခန်းကို တိုက်ခိုက်စေလိုသည် သဘောလည်း ဖြစ်နိုင်ပေသည်။

တစ်နည်းအားဖြင့် ဘီလျံနာစစ်ဆင်ရေးကို ကမ္ဘာ့ပရိသတ်အမြင်တွင် အမေရိကန်အစိုးရနှင့် ဘာမှမဆိုင်သလို ဖြစ်စေချင်ပုံရသည်။

ဤသို့ တွေးမိရင်း ရစ်ချတ်သည် ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



နာသန်နီယယ်လ်နှင့် ဗိုလ်မှူးကြီး ကလီဗာတို့သည် ရစ်ချတ်၏ မျက်နှာကို သေသေချာချာ အကဲခတ်ကြည့်နေကြလေသည်။

တိုက်ရည်ခိုက်ရည် အစွမ်းထက်ပုံက သူမတူအောင် ထူးချွန်လှသောကြောင့် ခေါ်သုံးနေရသော်လည်း ရစ်ချတ်အား ချုပ်ကိုင်ရ အလွန်ခက်ခဲကြောင်း သူတို့နှစ်ဦးစလုံးက သိထားကြသည်။

ရစ်ချတ်သည် တကယ့်အရေးကျလျှင် မည်သူ၏ စကားကိုမှ နာခံလေ့မရှိ၊ သူ လုပ်ချင်ရာကို ဇွတ်လုပ်တတ်သည်။ လုပ်ရာတွင်လည်း တုံးတိုက်တိုက်ကမ်းတိုက်တိုက် ကြမ်းကြမ်းတမ်းတမ်း လုပ်လေ့ရှိသည်။

ထို့ကြောင့် ယခု ရစ်ချတ်ပြုံးနေပုံကို ကြည့်ပြီး ဘာများဆက်ပြောလေမည်နည်းဟု စောင့်နားထောင်နေကြခြင်း ဖြစ်လေသည်။

ရစ်ချတ်သည် ပြုံးလျက်နှင့်ပင် မေးခွန်းတစ်ခု မေးလေသည်။

"ဒါဖြင့်လည်း ကောင်းပါပြီ။ စီအိုင်အေအနေနဲ့ အထူးတိုက်ခိုက်ရေး (ကွန်မန်ဒို) တပ်ဖွဲ့တစ်ဖွဲ့ကို ကျုပ်ခေါင်းဆောင်ပြီး ဩစတြေလျနိုင်ငံ ကွင်းစ်လန်ပြည်နယ်မှာရှိတဲ့ ဘီလုံနာဝင်စတန်ရဲ့ အခြေစိုက်စခန်းကို တိုက်ခိုက်ချေမှုန်းပစ်စေချင်တယ် မဟုတ်လား။ အဲဒီလို ကျုပ်က သဘောတူလက်ခံပြီပဲထားပါတော့ ဩစတြေလျနိုင်ငံရဲ့ သဘောထားကကော ဘယ်လိုနေမလဲ"

နာသန်နီယယ်လ်နှင့် ကလီဗာ နှစ်ဦးစလုံးသည် ရစ်ချတ်က သဘောတူလက်ခံမည်ဟု ကြားရသည်တွင် 'ဒီလူက လုပ်မှ လုပ်ပါ့မလား' ဟူသော စေးစောက စိုးရိမ်နေသည့် သံသယပျောက်သွားကာ ကျိတ်၍ ကျေနပ်သဘောကျသွားမိကြလေသည်။

ရစ်ချတ်၏ မေးခွန်းကိုမူ ကြီးကြပ်ကွပ်ကဲမှုတာဝန် နာသန်နီယယ်လ်က ဖြေကြားလေသည်။

"ဒါအတွက်တော့ မပူပါနဲ့။ ဩစတြေလျ အစိုးရက ကျုပ်တို့ရဲ့ အစီအစဉ်ကို အပြည့်အဝ ပူးပေါင်းကူညီပါမယ်လို့ ကတိရရှိထားပြီးဖြစ်တယ်။ သူတို့ကိုယ်တိုင်ကလည်း ဘီလုံနာဝင်စတန်ဟာ လူယုတ်မာကြီးမှန်းသိလို့ အပြတ်နှိပ်ချင်နေကြတယ်၊ မဟုတ်ဘူးလား ဗိုလ်မှူးကြီးခင်ဗျား"

နာသန်နီယယ်လ်က ပြောရင်း တစ်ဖက်သို့ လှမ်းမေးရာ ဗိုလ်မှူးကြီး ကလီဗာကလည်း ထောက်ခံပြောဆိုလေသည်။

"ဟုတ်ပါတယ်၊ စောစောပိုင်းက ဩစတြေလျနိုင်ငံ အစိုးရအဖွဲ့အနေနဲ့ ဘီလုံနာအပေါ် ဘာမှ မလုပ်ခဲ့တာက ဒီလူကြီးရဲ့ ဒေါ်လာသန်းပေါင်းများစွာ လာရောက်မြှုပ်နှံထားလို့ ဩစတြေလျနိုင်ငံစီးပွားရေး အခြေအနေအတွက်



အတော်ပဲ အထောက်အကူရနေလို့ ဖြစ်တယ်။ ဒါပေမဲ့ ဒီလူကြီးဟာ အာဏာရူး၊ စိတ်ရူးပေါက်နေတဲ့ လူယုတ်မာကြီးတစ်ယောက် ဖြစ်ကြောင်းကို ကျုပ်တို့ အသေးစိတ် ရှင်းပြလိုက်တဲ့အခါကျတော့ ဩစတြေလျအစိုးရက သဘောပေါက်လာတယ်။ ဒီလူကြီးဟာ စိတ်ရူးပေါက်ပြီး တတိယကမ္ဘာစစ်ကို ဖြစ်အောင် ကြံစည်နေတာကိုလည်း သိရလေတော့ ကျုပ်တို့ရဲ့ ဘီလုံနာစစ်ဆင်ရေး လက်တွေ့အကောင်အထည်ဖော်ရေးမှာ သူတို့ဘက်က လိုအပ်သလို ကူညီဖို့ ကတိပေးလိုက်ပါတယ်။ အဲဒီစစ်ဆင်ရေးကို ဦးစီးခေါင်းဆောင်ပြီး ဘီလုံနာသူဌေးကြီး 'ဝင်စတန်'နဲ့ သူ့အဖွဲ့ကိုပါ အပြုတ်တိုက်ဖို့ကတော့ မောင်ရင်ရဲ့တာဝန်ပဲ"

ဗိုလ်မှူးကြီး ကလီဗာက ရှင်းပြသည်ကို ရစ်ချတ်သည် ကောင်းစွာ ကျေနပ်ပုံမရချေ။

"ဒါက ခင်ဗျားတို့ စီအိုင်အေအနေနဲ့ ကျုပ်ကို အကြောင်းပြတာပဲ ရှိတယ်။ ဒီဘီလုံနာကောင်ကြီးကို သုတ်သင်ရှင်းလင်းပစ်ဖို့ ဘာ့ကြောင့် ကျုပ်ကိုမှ ရွေးပြီး တာဝန်ပေးရတာလဲ။ တခြား လူတစ်ယောက်ယောက်ကို ခိုင်းရင်လည်း ဖြစ်တာပဲ မဟုတ်လား။ နောက်တစ်ခု ပြောချင်သေးတယ်။ ခင်ဗျားတို့က ကျုပ်နဲ့ အခုလို ဆွေးနွေး တိုင်ပင်တယ် ဆိုရင် အပြည့်အစုံ ဖွင့်ပြောစေချင်တယ်။ ဘာမှ ထိမ်ချန်မထားပါနဲ့။ ရှင်းရှင်းကတော့ ခင်ဗျားတို့အနေနဲ့ ကျုပ်ကို ကြေးစားတိုက်ခိုက်ရေးသမားတစ်ယောက်ဆိုပြီး လှုလည်လုပ်ဖို့တော့ မကြံပါနဲ့"

ရစ်ချတ်က လေသံတင်းတင်းဖြင့် ပြောသည်ကို ဗိုလ်မှူးကြီးကလီဗာသည် အောင့်သက်သက်ဖြစ်သွားသော်လည်း နာသန်နီယယ်လ်ကမူ စိတ်ရှည်လက်ရှည် ဆက်လက်ရှင်းပြပြန်သည်။

"ကျုပ်တို့က မောင်ရင့်အပေါ် လှုလည်လုပ်တာ မဟုတ်ပါဘူးဗျ။ ဘာကိုမှလည်း ထိမ်ချန်မထားပါဘူး။ အမှန်အတိုင်း ပြောတာပါ။ ဩစတြေလျအစိုးရက ကျုပ်တို့ရဲ့ ဘီလုံနာစစ်ဆင်ရေးကို အကူအညီပေးမယ်ဆိုတာလည်း အမှန်ပဲ။ သူတို့ဆီက ထောက်လှမ်းရေးကပါ ကျုပ်တို့ကို ကူညီလိမ့်မယ်။ ဒါဟာလည်း ဘီလုံနာကောင်ကြီးရဲ့ ရက်စက်ယုတ်မာတဲ့ အကြံအစည်ကို ကျုပ်တို့က ဖွင့်ပြောပြလိုက်လို့ သဘောပေါက်သွားတာပဲ။ မော်စကိုနဲ့ ဝါရှင်တန်မြို့တော်ကို တစ်ပြိုင်နက် တိုက်ခိုက်ပြီး အမေရိကန်နဲ့ ရုရှား တစ်ဦးပေါ်တစ်ဦး အထင်အမြင်လွဲပြီး စစ်ကြီးဖြစ်လာအောင် လုပ်ခဲ့သူက ဩစတြေလျနိုင်ငံမှာ အခြေစိုက် စခန်းချနေတာကို လက်ပိုက်ကြည့်နေရင် သူတို့ အစိုးရအဖို့ ဘယ်လိုဖြစ်သွားမယ် ဆိုတာပါ သဘောပေါက်သွားတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆိုရင် ခင်ဗျား ဩစတြေလျ အစိုးရကို မကူညီဘဲ မနေနိုင်အောင် အကျပ်ကိုင် စည်းရုံးတဲ့ သဘောမျိုး ဖြစ်နေတာပေါ့"

ရစ်ချတ်က ဝေဖန်သည်ကို နာသန်နီယယ်လ်ကလည်း…

'အဲဒီလို မောင်ရင်ကပြောချင်လည်း ဟုတ်တယ်လို့ ဝန်ခံရမှာပါပဲ'ဟု ဝန်ခံလိုက်သည်။

ထိုအခါ ဗိုလ်မှူးကြီး ကလီဗာက ဝင်၍…

"ဘာပဲဖြစ်ဖြစ်လေ၊ အရေးကြီးတာက ဩစတြေလျအစိုးရက ကျုပ်တို့ကို အကူအညီပေးပါ့မယ်လို့ ကတိပြုလိုက်တဲ့ အချက်ပဲ မဟုတ်လား" ဟု ပြောလိုက်သည်။

"နောက်တစ်ခုက စစ်ဆင်ရေး ပြီးသွားရင် ဘီလုံနာဝင်စတန်ရဲ့ မြေအောက်စခန်းမြို့ကြီး ဘယ်လို ဖန်တီးထားတယ်ဆိုတာ ကျုပ်တို့ကိုယ်တိုင် လေ့လာကြည့်ခွင့်ရမှာကို တွေးပြီး သဘောကျမိတယ်"

နာသန်နီယယ်လ်က ဤသို့ ပြောလိုက်လျှင် ရစ်ချတ်သည် သဘောကျပုံမရချေ။

"ဘာလဲ ဩစတြေလျနိုင်ငံကို ကျုပ် သွားတိုက်တဲ့အခါမှာ ခင်ဗျားတို့ ပါ လိုက်မှာလား"

ရစ်ချတ်က ခပ်တည်တည်မေးလိုက်လျှင် နာသန်နီယယ်လ်က ပြုံး၍ ခေါင်းညိတ်ပြလေသည်။

"ဟုတ်တယ်လေ၊ ကျုပ်လည်း တပါတည်းလိုက်ခဲ့မယ်။ ဒီစစ်ဆင်ရေးကြီးကို ကြီးကြပ်ကွပ်ကဲရတဲ့လူအနေနဲ့ ကျုပ်က မောင်ရင့်လုပ်ပုံကိုင်ပုံတွေကို ထိန်းပေးဖို့နဲ့ အခြေအနေကို အမေရိကန်ဌာနချုပ် အကြီးအကဲတွေဆီ အဆက်မပြတ် သတင်းပို့ အစီရင်ခံဖို့ ကျုပ်လိုက်လာမှ ဖြစ်မယ်။ ကိုင်း ရှင်းပြီမဟုတ်လား။ နောက်ထပ် မောင်ရင်သိချင်တာ ဘာများရှိသေးသလဲ"

"ကျုပ်သိချင်တာတွေတော့ ရှိတာပေါ့။ ဥပမာ ဘီလုံနာသူဌေးကြီး ဝင်စတန်က ခင်ဗျားတို့သတင်းရထားလို့ ဩစတြေးလျနိုင်ငံကို ရှေ့အပတ်ထဲ မသွားဘူးဆိုရင်ကော ဘာလုပ်ကြမလဲ။ ဒါကို ခင်ဗျားတို့ဌာနချုပ်ကလည်း ထည့်စဉ်းစားထားပြီးရောပေါ့"

ဤတွင် ဗိုလ်မှူးကြီး ကလီဗာက…

"ဒါတော့ ဌာနချုပ်က ထည့်စဉ်းစားထားပြီးဖြစ်တယ်။ တကယ်ဆို ဒီဘီလုံနာကောင်ကြီး အစီအစဉ်အတိုင်း ဩစတြေလျနိုင်ငံကို မသွားဘူးဆိုရင်…"



ဟု ပြော၍ စကားမဆုံးမီ နာသန်နီယယ်လ်က ကြားဖြတ်ပြီး ရစ်ချတ်ဘက်သို့ လှည့်ကာ–

'မောင်ရင်က နယူးယောက် မြို့လယ်ကောင်က ဘီလုံနာဝင်စတန်ရဲ့ ၉၃–ထပ်တိုက် အဆောက်အအုံတစ်ခုလုံးကို ဖောက်ခွဲဖျက်ဆီးပစ်ချင်တယ် မဟုတ်လား' ဟု ပြောလိုက်သည်။

"အဲဒီလိုဆိုရင်လည်း ဝင်စတန်က ဩစတြေးလျကို မသွားဘဲ ဒီမှာပဲ နေရင်တော့ မောင်ရင်ကြိုက်တဲ့နည်းနဲ့ တိုက်ခိုက်ဖို့ အခွင့်အရေးရပါလိမ့်မယ်"

ဗိုလ်မှူးကြီးကလီဗာက ပြောလိုက်ပြီးနောက် နာသန်နီယယ်လ်ကပင် ဆက်လက်ပြောပြန်သည်။

"ကျုပ့်တော့ ဒီဘီလုံနာသူဌေးကြီး ဝင်စတန်ဆိုတဲ့လူ စိတ်ရူးပေါက်နေပုံကို ဘယ်လိုမှ စဉ်းစားလို့ မရဘူး။ သူ့လို ဒေါ်လာသန်းပေါင်း ထောင်ချီပြီး ချမ်းသာကြွယ်ဝနေတဲ့ ခေတ်မီသူတစ်ယောက်အနေနဲ့ ဆေတန်နတ်ဆိုးကို ယုံကြည်ကိုးကွယ်ရုံမက တတိယကမ္ဘာစစ်ကြီး မဖြစ် ဖြစ်အောင် လုပ်ဖို့ ကြံစည်တာရယ်၊ ကမ္ဘာကြီးပျက်အောင် လုပ်ချင်တာရယ်၊ ဒါတွေက သာမန်လူကောင်းတစ်ယောက်ရဲ့စိတ်ထဲ ဘယ်လိုမှ မဖြစ်ပေါ်နိုင်ဘူး။ ဇကန္တ ဒီလူဟာ ငွေကြေး အလွန်အကျွံ ချမ်းသာရာက ရူးသွားပြီထင်တယ်"

ထိုစကားကို ရစ်ချတ်က ပြန်လည် ရှင်းလင်းဖြေကြားလေသည်။

"လူတွေရဲ့စိတ်ဆိုတာ အလွန်လေ့လာရခက်တယ်ဗျ။ ယုံကြည်ကိုးကွယ်စရာ ဘာသာတရားအစစ်အမှန် ရှိပေမယ့်လည်း တချို့က ကိုးကွယ်မှုအသစ်ကို ရှာချင်စိတ် ဖြစ်လာတယ်။ ပြီးတော့ သူတို့ ယုံကြည်မိပြီဆိုရင် လွန်ကဲတဲ့အဆင့်ထိအောင် ပစ်ကိုးကွယ်လေ့ရှိကြတယ်။ ဒါ့ကြောင့် အခုခေတ်မှာ ဘာသာတရားယောင်ယောင် ယုံကြည်ကိုးကွယ်မှု အတုအယောင်တွေ 'ဂိုဏ်း'တွေ ထွန်းကားနေတာပေါ့ဗျ"

"နေပါဦးကွ၊ မောင်ရင်က ဘာသာရေး အကြောင်းကို လေ့လာဖူးလို့လား"

ဗိုလ်မှူးကြီး ကလီဗာက ရစ်ချတ်အား ဝေဖန်ရှုတ်ချသည့် လေသံဖြင့် ပြောလိုက်ရာ ကြာလျှင် တစ်ယောက်တစ်ခွန်း အချီအချ စကားများကုန်ပြီ တော့မည်ဟု ရိပ်မိသူ နာသန်နီယယ်လ်က ကြားဖြတ်ဝင်ပြီး စကားကို [illegible] မျိုးလှည့်လိုက်လေသည်။

"ကိုင်း အဲဒီဆွေးနွေးခန်းကို အသာထားပြီး ကျုပ်တို့ရဲ့ [illegible] အကြောင်းပဲ ပြောကြရင် ကောင်းလိမ့်မယ် ထင်တယ်။ [illegible]

www.burmeseclassic.com

www.burmeseclassic.com



တကယ်လို့ သူဌေးကြီးဝင်စတန် ဩစတြေလျနိုင်ငံကို ခရီးထွက်သွားပြီလို့ သတင်းရတာနဲ့ ရစ်ချတ်က ကိုယ့်ဘာသာကိုယ် ခရီးထွက်သလို ဥရောပကို ထွက်သွားရမယ်"

ဤတွင် ရစ်ချတ်ကလည်း သူ၏ မကျေနပ်ချက်ကို ခပ်ရှင်းရှင်းပင် ပြောလေတော့သည်။

"ကျုပ်ကို ဥရောပလွှတ်တာတော့ ဟုတ်ပါပြီ။ ခင်ဗျားတို့ စီအိုင်အေ အထူးလျှို့ဝှက် သီးသန့်ဌာနထဲမှာ သတင်းပေါက်ကြားမှု ရှိနေတာကိုကော ဘယ်လိုလုပ်မလဲ။ အတွင်းမှာ သစ္စာဖောက်သူ ရှိနေတာတော့ အမှန်ပဲ။ ခက်တာက ဘယ်သူမှ ဝန်မခံချင်ကြဘူး။ ဒီမယ် ကျုပ် ရှင်းရှင်းပြောမယ်၊ ကျုပ်နဲ့ စုံထောက်ဂေါ်ဒင်တို့ ဂရင်းဝစ်သုသာန်မှာ ချိန်းတွေ့တာကို ဘယ်သူမှ မသိအောင် လျှို့ဝှက်စီစဉ်ခဲ့ကြတာ မဟုတ်လား။ ဒါဖြင့် ဘာ့ကြောင့် အဲဒီသုသာန်ပတ်ဝန်းကျင်မှာ သေနတ်သမားရှစ်ယောက် အသင့်စောင့်ပြီး ကျုပ်တို့ကို တိုက်ခိုက်ခဲ့ကြတာလဲ။ ဂေါ်ဒင်ခမျာ အလကားအသက်သေခဲ့ရတယ်။ ဒါဟာ ကျုပ်တို့နှစ်ယောက် ချိန်းတွေ့တာကို ရန်သူဘက်က ကြိုတင်သတင်းရလို့ မဟုတ်ဘူးလား။ ကျုပ်ကိုယ်တိုင်က ဒီလူတွေထက် 'လျင်' လို့သာပေါ့။ ဒီလူတွေက ကျုပ်တို့ ချိန်းတွေ့တာကို ကြိုတင်သိနေတာဟာ ခင်ဗျားတို့အဖွဲ့ထဲက အတွင်းလူတစ်ယောက်ယောက် သစ္စာဖောက်ပြီး သတင်းပေးလို့ပဲ ဖြစ်ရမယ်။ အဲဒါ ဘယ်လိုလုပ်ကြမလဲ"

ထိုစကားကို ဗိုလ်မှူးကြီး ကလီဗာက ဖြေလေသည်။

"ကျုပ်တို့အဖွဲ့ထဲက သတင်းပေါက်ကြာတာတော့ မဖြစ်နိုင်ဘူး။ ဆိုလိုတာက ကျုပ်တို့အဖွဲ့ထဲမှာ ကိုယ့်လူသူ့ဘက်သား (ရန်သူဘက်ကလူ) မရှိနိုင်ဘူး။ မောင်ရင့်ကို လူရှစ်ယောက်က ဝိုင်းပစ်တိုက်ခိုက်ကြတာဟာ တခြားအကြောင်းရှိရမယ်။ ဥပမာ မောင်ရင်ဟာ ရန်သူအလွန်များတဲ့ လူတစ်ယောက်ဖြစ်တယ်။ မာဖီယာ လူဆိုးဂိုဏ်းသားတွေကဆိုရင် မောင်ရင့်ကို အမြဲတမ်းလုပ်ကြံသုတ်သင်ဖို့ အလစ်ချောင်းနေကြတယ် မဟုတ်လား"

ဤတွင် နာသန်နီယယ်လ်ကပါ ဗိုလ်မှူးကြီးဘက်က ဝင်ထောက်ခံပြောဆိုလေသည်။

"တစ်ခုတော့ရှိတယ်ဗျ။ ဘီလျံနာဝင်စတန်ရဲ့ လူယုံတော်တစ်ဦးဖြစ်တဲ့ စတီးလ်ဆိုသူဟာ တစ်ချိန်က စီအိုင်အေမှာ အမှုထမ်းခဲ့ဖူးတယ်။ သူ့အနေနဲ့ ကျုပ်တို့ရဲ့ နည်းပရိယာယ်တွေအကြောင်း သိနေတယ်။ သူကိုယ်တိုင်က သူဌေးကြီးရဲ့ အရှေ့သစ်အဖွဲ့မှာ သတင်းထောက်လှမ်းရေးအဖွဲ့တစ်ခု ဖွဲ့ထားပြီး



ကျုပ်တို့ရဲ့ ခြေလှမ်းတွေကို လိုက်စုံစမ်းထောက်လှမ်းနေတာမျိုးလည်း ဖြစ်နိုင်တယ်။ ကျုပ်တို့အဖွဲ့ထဲက သတင်းပေါက်ကြားတာတော့ လုံးလုံးမဖြစ်နိုင်ဘူး"

ထိုအခါ ရစ်ချတ်သည် ဆက်၍ မပြောတော့ဘဲ ငြိမ်နေလိုက်သည်။ သူ၏ စိတ်ထဲတွင်ကား စီအိုင်အေ အထူးသီးသန့်ဌာနအတွင်း သစ္စာဖောက်သူ ရှိနေမည်ဟု သိနေသည်။

သစ္စာဖောက် ရန်သူ့ဘက်သားတစ်ဦးက စီအိုင်အေအတွင်းသို့ ထိုးဖောက်ဝင်ရောက်နေ၍သာ မိမိ၏ ခြေလှမ်းကို ရန်သူ့ဘက်မှ ကြိုတင် သိနေခြင်းဖြစ်သည်ဟု တထစ်ချ တွက်မိပြီး ဖြစ်သည်။

ယခု သူက ဘာမှ ဆက်မပြောဘဲ နေသော်လည်း သစ္စာဖောက် ရန်သူ့ဘက်သား 'ဒပ်ဗယ်လ်ဧဂျင်း'ခေါ် 'နှစ်ဖက်လွှ' သတ္တဝါကို မိမိကိုယ်တိုင် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ရှာဖွေဖော်ထုတ်ပြီး စီရင် ဆုံးမမည်ဟုလည်း စိတ်ပိုင်းဖြတ်လိုက်သည်။

ဗိုလ်မှူးကြီး ကလီဗာသည် ရစ်ချတ်သွားရမည့် ခရီးစဉ်အကြောင်း ဆက်ပြောလေသည်။

"မောင်ရင် ဒီနေ့ကစပြီး အီတလီရောမမြို့ကို သွားရမယ်။ ဟိုမှာတော့ ဘာအခက်အခဲ၊ ဘာအန္တရာယ်မှ ရှိမှာမဟုတ်ဘူး။ ရောမမြို့ကိုရောက်ပြီးတော့ မောင်ရင်ကိုယ်တိုင်က ကျုပ်တို့ရဲ့ ပိုကာစီမံချက်ကို ဦးစီးခေါင်းဆောင်ရမယ်။ မောင်ရင့်လက်အောက်မှာ အလုပ်လုပ်ရမယ့်လူတွေက ဘယ်သူဘယ်ဝါဆိုတာကိုတော့ ညွှန်ကြားရေးမှူးတစ်ဦးတည်းကသာ သိတယ်။ တစ်ခုတော့ အသိပေးလိုက်မယ်။ အဲဒီစီမံချက် အကောင်အထည်ဖော်ရာမှာ မောင်ရင်နဲ့အတူ ပူးတွဲလုပ်ကိုင်ရမယ့် လူတွေက ဟောဒီ နာသန်နီယယ်လ်က လွဲရင် အမေရိကန်လူမျိုး တစ်ယောက်မှမပါဘူး၊ နိုင်ငံခြားသားတွေချည်းဖြစ်လိမ့်မယ်။ အင်္ဂလိပ်၊ ပြင်သစ်၊ ရုရှ၊ ဩစတြေလျ နိုင်ငံခြားသားတွေချည်း ဖြစ်လိမ့်မယ်။ ဒါပေမဲ့ အားလုံး တစ်ယောက်မကျန် အလွန်အားကိုးရတဲ့လူ၊ ယုံကြည် စိတ်ချရတဲ့လူတွေချည်းပဲ။ အဲဒါ မောင်ရင် ဘယ်လိုသဘောရသလဲ"

ပြောပြောဆိုဆို ကလီဗာသည် သူ၏ ကုတ်အင်္ကျီအိတ်ထဲမှ စာအိတ်ရှည်တစ်ခု ထုတ်ယူပြီး စားပွဲပေါ်သို့ တင်ပေးလိုက်သည်။

ဗိုလ်မှူးကြီးက စာအိတ်ကို ရစ်ချတ်အား ပေးခြင်းဖြစ်သော်လည်း ရစ်ချတ်သည် ဂရုလည်းမစိုက်၊ စာအိတ်ကိုလည်း ကောက်မယူဘဲ ခပ်တည်တည် ဆေးလိပ်ထိုင်သောက်နေရာ နာသန်နီယယ်လ်က ဝင်၍–

'စာအိတ်ကို ယူပြီး ဖွင့်ကြည့်ပါ ရစ်ချတ်။ ကျုပ်တို့ကို အထင်သေး

www.burmeseclassic.com

www.burmeseclassic.com



အမိန့်ပေးလိုက်တယ်။ မောင်ရင်ကိုယ်တိုင် ကျုပ်တို့ရှေ့မှာ စာအိတ်ကို ဖွင့်ကြည့်ရမယ်လို့ ဆိုတယ်' ဟု အမိန့်ပေးလိုက်သလို ပြောသည်။

သည်တော့မှ ရစ်ချတ်လည်း စားပွဲပေါ်မှ စာအိတ်ကို ကောက်ယူဖွင့်၍ အတွင်းရှိ စာရွက်တစ်ရွက်ကို ထုတ်ယူကာ စားပွဲပေါ်သို့ ပြန်တင်လိုက်သည်။

စာရွက်ပေါ်၌ကား မည်သည့်စာမှ မပါဘဲ စတုရန်းသဏ္ဌာန်ပုံတစ်ခုသာ ဆွဲထားပြီး အလယ်၌ အမည်းစက်တစ်စက် ပါရှိလေသည်။

"အဲဒီအမည်းစက်ကလေးမြင်ရဲ့ မဟုတ်လား၊ အဓိပ္ပာယ်ကိုတော့ မောင်ရင်သိမှာပေါ့"

နာသန်နီယယ်လ်က မေးရာ ရစ်ချတ်က ခေါင်းညိတ်ပြလိုက်သည်။

"နားလည်ပါတယ်။ အဲဒါ မိုက်ခရိုဒေါ့လို့ ခေါ်တဲ့ လျှို့ဝှက်သင်္ကေတပဲ။ အဆပေါင်းများစွာ ကြီးလာအောင် ဒီအမည်းစက်ကလေးကို မှန်ဘီလူးနဲ့ ချဲ့ကြည့်လိုက်ရင် ညွှန်ကြားချက်စာတွေ ပေါ်လာလိမ့်မယ်။ အရေးကြီးတဲ့ ညွှန်ကြားချက်တွေကို လျှို့ဝှက်ပေးတဲ့ နည်းတစ်နည်းပဲ ဆိုပါတော့။ ဟုတ်တယ် မဟုတ်လား"

"ဟုတ်ပါတယ်။ ကျုပ်တို့ကို အထက်က ညွှန်ကြားလိုက်တာက ဒီလျှို့ဝှက်ညွှန်ကြားချက်တွေကို မောင်ရင်က ဒီစခန်းအမှတ် 'ဝိုင်စီ (၂) ဘီ' မှာပဲ အကြီးချဲ့ပြီး ဖတ်ကြည့်ရမယ်လို့ ဆိုတယ်။ ဒါပေမဲ့ ဘယ်သူမှမရှိတဲ့ အခန်းတစ်ခန်းကို တံခါးအလုံပိတ်ပြီး တစ်ယောက်တည်းပဲ ပုံကြီးချဲ့ယူပြီး ဖတ်ရမယ်တဲ့"

ဗိုလ်မှူးကြီး ကလီဗာ က ပြောပြီးနောက် နာသန်နီယယ်လ် ကပါ ဝင်၍ ပြောပြန်သည်။

"ဒီလျှို့ဝှက်သင်္ကေတထဲမှာပါတဲ့ ညွှန်ကြားချက်တွေကို မောင်ရင်နဲ့ ကျုပ်တို့ဌာန ညွှန်ကြားရေးမှူးနှစ်ယောက်တည်းသာ သိစေရမယ်ဆိုတဲ့ သဘောပေါ့။ ညွှန်ကြားချက်ထဲမှာ ရောမမြို့ရောက်တော့ ကျုပ်တို့ ဧဂျင့် (အဖွဲ့သား) တွေကို ဘယ်အချိန်၊ ဘယ်အခါ၊ ဘယ်နေရာမှာ တွေ့ဆုံမယ်ဆိုတာ တွေ့ပါလိမ့်မယ်။ မောင်ရင့်တာဝန်က ညွှန်ကြားချက်ကို ဖတ်ပြီး အလွတ်ရအောင် ကျက်ထားလိုက်ဖို့ပဲ။ ပြီးတော့ စာရွက်ကို မီးရှို့ဖျောက်ဖျက်ပစ်လိုက်ရမယ်။ ဒီလိုဆိုတော့ ဘီလျံနာ ဝင်စတန်ရဲ့ ဂိုဏ်းသားတွေက ဘယ်လိုနည်းနဲ့မှ ကျုပ်တို့ရဲ့ အစီအစဉ်တွေကို သိနိုင်မှာ မဟုတ်ဘူး"

"နောက်တစ်ချက်ရှိသေးတယ်၊ မောင်ရင် ဦးစီးကွပ်ကဲရမယ့် အဖွဲ့သားတွေဟာ တစ်ယောက်နဲ့ တစ်ယောက် မသိကြဘူး။ အီတလီပြည် ရောမမြို့ကို



မောင်ရင် ရောက်သွားတဲ့အခါကျမှ သူတို့နဲ့ မောင်ရင် တွေ့ဆုံချိန်မှာ သူတို့လည်း အချင်းချင်း ပထမဆုံးအကြိမ် တွေ့ဆုံကြရမှာ ဖြစ်တယ်"

ဗိုလ်မှူးကြီး ကလီဗာက ဤသို့ စကားအဆုံးသတ်လိုက်သောအခါ ရစ်ချတ်သည် နာသန်နီယယ်လ်ဆိုသူဘက်သို့ လှည့်၍ မေးခွန်းထုတ်လေသည်။

"ခင်ဗျားကိုယ်တိုင် ပိုကာစီမံချက်ကို အကောင်အထည် ဖော်ရာမှာ ပါဝင်မယ်လို့ ကျုပ် နားလည်မိတယ်။ ဒီတော့ အခု ကျုပ် ရောမမြို့ကိုသွားရင် ခင်ဗျားပါ အတူလိုက်ခဲ့မှာလား"

"နိုး... နိုး... မောင်ရင်နဲ့အတူ တစ်ပါတည်းလိုက်မယ်လို့ ဆိုလိုတာ မဟုတ်ပါဘူး"

နာသန်နီယယ်လ်က ပြန်ဖြေလိုက်စဉ် ဗိုလ်မှူးကြီး ကလီဗာသည် ထိုင်ရာမှ ထ၍ ရေချိုးခန်းစစ်ဦးမည် ဆိုကာ ထွက်သွားလေသည်။

နာသန်နီယယ်လ်က ဆက်၍ အစီအစဉ်များ ပြောလေသည်။

"ဘီလျံနာသူဌေးကြီး ဝင်စတန်ရဲ့ အဆောက်အအုံရုံးခန်းတွေ အားလုံးကို မျက်ခြည်မပြတ် အကဲခတ်ကြည့်ဖို့ ကျုပ်တို့ဧဂျင့် (စုံထောက်) တွေ အနှံ့အပြား နေရာချထားတယ်။ ဒီလူကြီးက အမေရိကန်ပြည်က ဩစတြေလျကို ခရီးထွက်သွားရင်လည်း ကျုပ်တို့ ချက်ချင်းသိမှာပဲ။ သိပြီးတာနဲ့ မောင်ရင်နဲ့ ကျုပ်တို့ ဒီနေရာမှာ နောက်ဆုံးအကြိမ် တွေ့ဆုံဆွေးနွေးကြရမယ်။ ပြီးတာနဲ့ မောင်ရင်က အီတလီပြည် ရောမမြို့ကို လေယာဉ်နဲ့ အမြန်ဆုံးသွားရလိမ့်မယ်။ ကျုပ်အဖို့ကတော့ ဘာဆက်လုပ်ရမယ်ဆိုတာတော့ အထက်က အမိန့်မပေးသေးဘူး။ မောင်ရင် ခရီးထွက်သွားပြီးတော့မှပဲ အပြီးသတ် ညွှန်ကြားချက်အမိန့် ကျလိမ့်မယ်နဲ့ တူတယ်။ ဒါဟာ ဌာနချုပ်က အကြီးအကဲအာဏာပိုင်များအနေနဲ့ လုံခြုံရေး အခြေအနေအရ ညွှန်ကြားချက်တွေကို နောက်ဆုံးအချိန်ကျမှ ကပ်ပြီး ထုတ်တဲ့သဘောပဲ"

ရစ်ချတ်သည် ဘာမှပြန်မပြောဘဲ လျှို့ဝှက် ညွှန်ကြားချက်များပါရှိသော စာရွက်ကို စာအိတ်ထဲ ပြန်ထည့်ပြီး နောက်စာအိတ်ကိုလည်း သူ၏အင်္ကျီအိတ်ထဲ ထည့်ထားလိုက်သည်။

နာသန်နီယယ်လ်သည် ရစ်ချတ်အား ပြုံးကြည့်ရင်း ပြောပြန်သည်။

"ရောမမြို့မှာတော့ မောင်ရင့်အဖို့ ဘာအနှောင့်အယှက်မှ [illegible] မထင်ဘူး။ ကျုပ်ကိုယ်တိုင်လည်း မောင်ရင်နဲ့ မရှေးမနှောင်း ရောက်[illegible] ဒါပေမဲ့ မမျှော်လင့်ဘဲ အခက်အခဲ အနှောင့်အယှက် တစ်ခုခု[illegible] မောင်ရင့်အနေနဲ့ ရင်ဆိုင် ကျော်လွှားနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ [illegible]

www.burmeseclassic.com

www.burmeseclassic.com



သုသာန်မှာတုန်းက လူရှစ်ယောက်တိတိ ဝိုင်းပစ်ခတ်တိုက်တဲ့ကြားက မောင်ရင်လွတ်မြောက်လာတာကို ကျုပ်ဖြင့် အံ့ဩလို့ မဆုံးဘူး။ မောင်ရင်ဟာ အလွန်ကံကောင်းတဲ့ လူတစ်ယောက်ပဲလို့ ဆိုရမလို ဖြစ်နေတယ်"

ရစ်ချတ်က မည်သို့မှ ပြန်မပြောဘဲ လှောင်ပြောင်သရော်သလို ပြုံးနေရာ နာသန်နီယယ်လ်သည် ရုတ်တရက် နေရထိုင်ရခက်သလို ဖြစ်သွားပြီးမှ–

'ကိုင်း… ပြောစရာရှိတာတွေ ပြောပြီး ကော်ဖီသောက်ကြရအောင်။ ပြီးတော့မှ မောင်ရင်တစ်ယောက်တည်း လျှို့ဝှက်ညွှန်ကြားချက်ကို လေ့လာတာပေါ့' ဟု ပြောရင်း ထိုင်ရာမှ ထလိုက်သည်။

ရစ်ချတ်လည်း ဧည့်ခန်းမဘက်ဆီသို့ ထထွက်ခဲ့သည်။

ဧည့်ခန်းထဲတွင်ကား စီအိုင်အေ (ဂျေင်း) များ ဖြစ်သူ နယ်လ်ဆင်နှင့် ဂလိုရီယာတို့က တယ်လီဗီးရှင်း (ရုပ်မြင်သံကြား) ထိုင်ကြည့်နေသည်။

ဧည့်ခန်းတစ်နေရာတွင် ကော်ဖီအဆင်သင့် ဖျော်သောက်ရန် လျှပ်စစ်ကော်ဖီကရား၊ သကြား၊ နွားနို့၊ ပန်းကန် အစရှိသော ပစ္စည်းများ အဆင်သင့်ရှိရာ အိမ်ရှင် နယ်လ်ဆင်က ထိုစားပွဲဆီသို့ လက်ဖြင့် ညွှန်ပြလိုက်သည်။

ဂလိုရီယာက ရစ်ချတ်နှင့် နာသန်နီယယ်လ်တို့ ဝင်လာသည်ကို မြင်လျှင် တယ်လီဗီးရှင်းကို ချက်ချင်းပိတ်ထားလိုက်သည်။

❖

နောက်ငါးမိနစ်မျှ ကြာသောအခါ ဗိုလ်မှူးကြီး ကလီဗာအပါအဝင် ငါးယောက်စလုံး စားပွဲဝိုင်းတွင် ထိုင်၍ ကော်ဖီသောက်ရင်း စကားပြောနေကြလေသည်။

'ဟော့…နယ်လ်ဆင် လျှို့ဝှက်မိုက်ခရိုဒေါ့ကို အကျယ်ချဲ့ကြည့်ဖို့ မှန်ဘီလူးနဲ့ ပိတ်ကားငယ်နဲ့ ကိရိယာ လောလောဆယ်လိုနေတယ်။ ရစ်ချတ်က အလုပ်နည်းနည်း လုပ်စရာရှိလို့ပါ' ဟူ၍ ဗိုလ်မှူးကြီး ကလီဗာက ပြောလိုက်ရာ နယ်လ်ဆင် ဆိုသူက…

'ကျွန်တော်တို့ အိပ်ခန်းဆီမှာ အဆင်သင့်ရှိပါတယ်။ မစ္စတာရစ်ချတ် အဆင်သင့် ဖြစ်ပြီဆိုရင် ကျွန်တော်ကိုယ်တိုင် အဲဒီကိရိယာကို ထုတ်ဆင်ပေးပါ့မယ်' ဟု ပြောလိုက်သည်။

နယ်လ်ဆင်ဆိုသူမှာ အသက်သုံးဆယ်နီးပါးခန့်ရှိ လူငယ်တစ်ဦးဖြစ်ပြီး အင်္ဂါရုပ်အားဖြင့် အသိဉာဏ်ထက်မြက်သူတစ်ယောက်ဟု အကဲခတ်၍ ရပေသည်။



ဂလိုရီယာကတော့ အသက်သုံးဆယ်ကျော်အရွယ် ခပ်ဝဝအမျိုးသမီးတစ်ဦး ဖြစ်သည်။

တကယ်တော့ သူမနှင့် နယ်လ်ဆင်တို့သည် ဇနီးမောင်နှံမဟုတ်။ စီအိုင်အေ စုံထောက်များအနေဖြင့် ဤတိုက်ခန်းတွင် လင်မယား ဟန်ဆောင်နေကြရသည်ဖြစ်ရာ နယ်လ်ဆင်က 'ကျွန်တော်တို့ရဲ့အိပ်ခန်း' ဟု ပြောလိုက်ခြင်းကို ဂလိုရီယာအနေဖြင့် ရှက်မယောင်ဖြစ်သွားသည်ကို ရစ်ချတ်က သတိပြုလိုက်မိသည်။

ဂလိုရီယာသည် အနည်းငယ် ဝနေသည်မှလွဲ၍ မိန်းမချောတစ်ယောက်ဟု ဆိုနိုင်ပေသည်။

ရစ်ချတ်သည် ကော်ဖီပန်းကန်ကို စားပွဲပေါ်သို့ ပြန်ချ၍ ထိုင်ရာမှ ထရင်း နယ်လင်ဆင်ဆိုသူအား…

'ကိုင်း… ကျွန်တော်တော့ ရယ်ဒီပဲ၊ ခင်ဗျားအခန်းကိုသာ လိုက်ပြပါတော့' ဟု ပြောလိုက်သည်။

"ဟုတ်ကဲ့၊ ကျွန်တော့်နောက်ကသာ လိုက်ခဲ့ပါ"

ပြောပြောဆိုဆို နယ်လ်ဆင်က ရှေ့ဆောင်၍ အိပ်ခန်းရှိရာသို့ ထွက်သွားရာ ရစ်ချတ်လည်း သူ၏ နောက်မှ လိုက်သွားလေသည်။

နာသန်နီယယ်လ်နှင့် ဗိုလ်မှူးကြီး ကလီဗာတို့ကမူ ဂလိုရီယာနှင့် အတူ ဧည့်ခန်းတွင်ပင် ထိုင်စောင့်နေကြလေသည်။

■

## အခန်း (၄)

အီတလီနိုင်ငံ ရောမမြို့တော်၏ လမ်းတစ်လမ်းတွင် အသက် ၇၀ ခန့်ဟု ခန့်မှန်းရသည့် အဘိုးကြီးတစ်ယောက်သည် နွမ်းပါးစွာ အဝတ်အစားများ ဝတ်လျက် ခပ်မှန်မှန် လမ်းလျှောက်သွားလျက် ရှိလေသည်။

နေကာမျက်မှန်တပ်ထားသဖြင့် သူ၏မျက်လုံးများကို မမြင်ရသော်လည်း အဘိုးကြီး၏ နှုတ်ခမ်းလွှာနှင့် မုတ်ဆိတ်မွေးဖြူဖြူတို့ကိုကား ထင်ရှားစွာ မြင်ရပေသည်။

အဘိုးကြီးသည် ဇရာထောင်း၍ ကောင်းစွာ မသန်စွမ်းသော်ငြားလည်း လမ်းလျှောက်သွားရင်း မကြာခဏရပ်နားကာ အားပြုလမ်းလျှောက်ရသည်

www.burmeseclassic.com

www.burmeseclassic.com



သူ၏ သစ်သားတုတ်ကောက်ကြီးကို မှီရပ်နေတတ်သည်။

လမ်းသွားလမ်းလာလူအများစုသည် တုတ်ကောက်ကြီးနှင့် အဘိုးကြီးအား မည်သို့မျှ ဂရုစိုက်မကြည့်ကြချေ။

အနားကပ်၍ သေချာစွာကြည့်ပါမူ အဘိုးကြီး၏ ဆံပင်ဖြူက သဘာဝမကျဘဲ အသက်အရွယ်နှင့် မလိုက်အောင် ဖြူလွန်းသည်ဟု သတိပြုမိကြမည်ဖြစ်သည်။

သူ၏ ကုတ်အင်္ကျီကလည်း ပွလွန်းချောင်လွန်းသည်ဟု ဆိုရပေမည်။

ကုတ်အင်္ကျီပခုံးနှစ်ဖက်နှစ်ချက်တွင် သိုင်းလွယ်ထားသည့် သားရေအိတ်များတွင် ပွိုင့် ၃၅၇ အမျိုးအစား ခြောက်လုံးပြူးသေနတ်နှစ်လက်ရှိနေကြောင်းကိုကား မည်သူကမှ ရိပ်မိကြမည် မဟုတ်ချေ။

အသက် ၇၀ ကျော်ရွယ် နေကာမျက်မှန်နှင့် အဘိုးကြီးသည် စင်စစ်အားဖြင့် ကျွန်ုပ်တို့၏ ဇာတ်လိုက် 'ရစ်ချတ်' ပင် ဖြစ်သတည်း။

ရောမမြို့သို့ ရောက်ရောက်ချင်း ရစ်ချတ်သည် သူ ကျွမ်းကျင်လှသော ရုပ်ပြောင်း ရုပ်လွှဲပညာကို အသုံးချကာ အဘိုးကြီးတစ်ယောက်အသွင် ရုပ်ဖျက်လျက် အခြေအနေကို အကဲခတ် လျှောက်ကြည့်နေခြင်း ဖြစ်သည်။

သူသည် နယူးယောက်မြို့မှ အီတလီပြည် ရောမမြို့သို့ ပီ–အေ–အေ လေယာဉ်ဖြင့် လိုက်ပါခဲ့ရာတွင် ခရစ်ယာန်သာသနာပြုဘုန်းကြီးတစ်ဦးအသွင် ရုပ်ဖျက်၍ လိုက်ပါခဲ့သည်။

ကမ္ဘာအရပ်ရပ်မှ ခရစ်ယာန် ဘာသာဝင်တို့နှင့်တကွ သာသနာပြုပုဂ္ဂိုလ်များအနေဖြင့် ခရစ်ယာန်ဘာသာ 'ကက်သလစ်' ခေါ် ဗရင်ဂျီဂိုဏ်းချုပ် 'ပုတ်' ရဟန်းမင်းရှိရာ ရောမမြို့သို့ အခွင့်ရှိတိုင်း လာရောက်လေ့ရှိသဖြင့် ရစ်ချတ်သည်လည်း ခရစ်ယာန်သာသနာပြုတစ်ဦး ဟန်ဆောင်လျက် လာခဲ့ခြင်းဖြစ်သည်။

သို့သော် ယင်းသို့ ရုပ်ဖျက်နည်းကိုလည်း ကြာရှည်မသုံးချင်သဖြင့် ရောမမြို့သို့ ရောက်ပြီးနောက် အသွင်တစ်မျိုးပြောင်းကာ ရုပ်ဖျက်လိုက်ပြန်သည်။

ရောမမြို့တွင်းသို့ ရောက်ပြီး သုံးမိနစ်ခန့်အကြာတွင် သူသည် အမေရိကန်နိုင်ငံ အင်ဒီယားနားပြည်နယ်ဇာတိ ကုန်သည်ကြီး မစ္စတာရော့ဒရစ် အမည်ဖြင့် အမေရိကာနာဟိုတယ်တွင် ဝင်ရောက် အခန်းငှားတည်းခိုခဲ့သည်။

ယခု သူ၏ ရုပ်အသွင်ကား ဆံပင် ခပ်ပါးပါး မျက်စိမှုန်၍ မျက်မှန်အထူကြီးတပ်ထားရသူတစ်ဦး၏ ပုံသဏ္ဌာန်ဖြစ်လေသည်။



ယခုအချိန်အထိ သူသည် အသက်ရှင်နေခြင်းမှာ အမြဲတစေ သတိကြီးစွာထား၍ သွားလာလှုပ်ရှားခဲ့သောကြောင့်ပင်ဖြစ်ရာ အီတလီပြည် ရောမမြို့သို့ ရောက်လာချိန်တွင်လည်း သတိဟူသည် ပိုသည်မရှိ ဟူသော ဆောင်ပုဒ်ကိုပင် လက်ကိုင်ထားကာ ပတ်ဝန်းကျင် အခြေအနေကို အမြဲသတိနှင့် အကဲခတ်ကြည့်နေလေသည်။

ဘီလျံနာသူဌေးကြီး ဝင်စတန်နှင့်တကွ သူ၏ အရုဏ်သစ်ဂိုဏ်းသားများအား အထင်သေး၍ မဖြစ်။ ရန်သူကို အထင်သေးခြင်းသည် မိမိ အရေးနိမ့်မှု၊ ရှုံးမှုကို ဖြစ်စေတတ်သော အကြောင်းတစ်ခုဖြစ်ကြောင်း ရစ်ချတ်က ကောင်းစွာ ယုံကြည်လက်ခံထားသည်။

ရစ်ချတ်သည် ဟိုတယ်ခန်းထဲ နေရခြင်းကို ငြီးငွေ့သည် တစ်ကြောင်း၊ မိမိနှင့် တွေ့ဆုံဆက်သွယ်ရမည့်သူများနှင့်တကွ ရန်သူဘက်သားများ (ရှိလိုရှိငြား) လေ့လာလိုသည်တစ်ကြောင်း ရောမမြို့ အနှံ့အပြားသို့ လှည့်ပတ်လျှောက်ကြည့်ခြင်း ဖြစ်လေသည်။

ယင်းသို့ သွားရင်းက အုပ်စုလိုက်လာကြသော တိုးရစ္စခေါ် ကမ္ဘာလှည့်ခရီးသည်တစ်စုနှင့် ဆုံမိရာ အပျင်းပြေသဘောလည်း ဖြစ်စေ၊ သူ့အား လူစိမ်းတစ်ယောက်အနေဖြင့် လူတကာ မမြင်စေလိုသည့် သဘောဖြင့် 'တိုးရစ္စ' ခရီးသည် အုပ်စုနှင့် ရောနှောလိုက်ပါသွားကြည့်လေသည်။

သို့နှင့်ပင် မည်သို့မျှ အကြောင်းတစ်စုံတစ်ရာ မထူးဘဲ နှစ်ရက်ကြာသွားလေသည်။

တတိယမြောက်နေ့ နံနက်ပိုင်းတွင် ရစ်ချတ်သည် အီတလီအမျိုးသား အဘိုးကြီးတစ်ယောက်အသွင် ရုပ်ဖျက်လျက် လက်ဆွဲသားရေသေတ္တာကြီးကြီးတစ်လုံးကို လက်မှကိုင်ကာ မြို့တွင်းသို့ ထွက်ခဲ့လေသည်။

ထို့နောက် ပုဂ္ဂလိက တည်းခိုခန်းတစ်ခုသို့ သွားရန် သူ့ကိုယ်သူ အီတလီအမျိုးသား 'ရော်ဘတ်တို' အမည်ပေးလျက် တည်းခိုရန် မှတ်ပုံတင်လိုက်သည်။

(**မှတ်ချက်**။ ။ ရစ်ချတ်သည် ရောက်လေရာအရပ်တွင် အသွင်အမျိုး[illegible] ဖျက်သည့်အခါ ယုံကြည်လောက်သော အထောက်[illegible] အဖြစ် မှတ်ပုံတင်ကတ်ပြား၊ နိုင်ငံကူးလက်မှတ် [illegible] လက်မှတ်အတုများ အဆင်သင့်ပါအောင် [illegible] ယူဆောင်သွားလေ့ ရှိသည်။)

ထိုနေ့ မွန်းလွဲပိုင်းတွင် သူသည် အမေရိကန် အိ[illegible]

www.burmeseclassic.com

www.burmeseclassic.com



သွားလာရေး ဧဂျင်စီကုမ္ပဏီသို့ သွား၍ မိမိအတွက် 'ရော်ဘတ်တို' အမည်ဖြင့် စာများ ရောက်မရောက် စုံစမ်းကြည့်လေသည်။

အမေရိကန်မှ လေယာဉ်လက်မှတ် ဝယ်ယူချိန်က ယင်းကုမ္ပဏီမှတစ်ဆင့် ဝယ်ယူခဲ့ခြင်း ဖြစ်ပြီး ရောမမြို့သို့ ရောက်သောအခါ သွားရောက်ဆက်သွယ်ကြည့်ခြင်းပင် ဖြစ်သည်။

ကုမ္ပဏီက စာတစ်စောင်တော့ ရောက်နေကြောင်း ပြောပြီး သူ့အား အညိုရောင် စာအိတ်ရှည်တစ်အိတ် ထုတ်ပေးရာ ရစ်ချတ်လည်း စာအိတ်ကို ယူ၍ တည်းခိုခန်းသို့ ပြန်လာခဲ့လေသည်။ မိမိ၏ တည်းခိုခန်းသို့ရောက်မှ တံခါးကို လုံခြုံစွာပိတ်ပြီး စာအိတ်ရှည်ကို ဖွင့်ကြည့်လေသည်။

အညိုရောင် စာအိတ်ရှည်အတွင်း၌ နောက်ထပ် စာအိတ်ငယ်တစ်အိတ် ထွက်လာပြန်သည်။ စာအိတ်ငယ်ကို ဖောက်ကြည့်လိုက်သောအခါ ညွှန်ကြားချက်များပါသည့် စာရွက်သုံးရွက်နှင့်အတူ ဓာတ်ပုံနှစ်ပုံကို တွေ့ရသည်။ ဓာတ်ပုံနှစ်ပုံဆိုသော်လည်း လူတစ်ယောက်၏ပုံကို ရှေ့တည့်တည့်မှ လည်းကောင်း၊ ဘေးမှ လည်းကောင်း ရိုက်ကူးထားသည့် ပုံနှစ်ပုံ ဖြစ်သည်။

သည်တော့မှ ရစ်ချတ်လည်း ရောမမြို့သို့ရောက်ပြီး ဘာအလုပ်မှ မရှိဘဲ ပျင်းရိငြီးငွေ့နေခြင်း ပြေပျောက်စေမည့် စွန့်စားလှုပ်ရှားမှုများ စတင်တော့မှာပါတကားဟု တွေးကာ သဘောကျသွားမိတော့သည်။

ညွှန်ကြားချက်များကို လျှို့ဝှက်သင်္ကေတတစ်မျိုးဖြင့် ရေးထားသည်ဖြစ်ရာ ရစ်ချတ်သည် ရှေးဦးစွာ အဓိပ္ပာယ်အမှတ် ပေါ်အောင် သင်္ကေတများကို တစ်ဆင့် 'ဒီကုတ်' လုပ်နည်းဖြင့် ဘာသာပြန်ရလေသည်။ ယင်းသို့ အဓိပ္ပာယ်အမှန် ပေါ်လာတော့မှ ညွှန်ကြားချက်များကို သေချာစွာ ဖတ်ရှုရင်း လုံးဝ မှတ်မိအောင် အလွတ်ကျက်လိုက်သည်။ ထို့နောက် စာရွက်များကို မီးရှို့ဖျောက်ဖျက်ပစ်လိုက်သည်။

စာအိတ်ထဲပါသော လူနှစ်ယောက်၏ ဓာတ်ပုံများကိုတော့ သိမ်းထားလိုက်သည်။

ညွှန်ကြားချက် စာရွက်များတွင် ပါသော အချက်အလက်တွေက အတော်ပင် စုံလင်လှလေရာ ရစ်ချတ်သည် အိပ်ရာပေါ် ပက်လက်လှဲ၍ အနားယူရင်း စဉ်းစားနေမိသည်။

နောက်တစ်နေ့ မွန်းလွဲသုံးနာရီခွဲတိတိတွင် သူနှင့်အတူ ပူးတွဲအလုပ်လုပ်ရမည့် ပထမဆုံး လျှို့ဝှက်ဧဂျင်း(စုံထောက်)နှင့် ရောမမြို့ရှိ 'ကော်ဆိုလီယံ'တွင် တွေ့ဆုံရတော့မည် ဖြစ်သည်။ ထိုလူကား 'ကေဂျီဘီ'ခေါ် ရုရှ



ထောက်လှမ်းရေးအဖွဲ့မှ လက်ရွေးစင်စုံထောက် ဒုဗိုလ်မှူးကြီး 'တော့ချော့ဗ်စကီး' ဆိုသူဖြစ်သည်။

ပိုကာစီမံချက်ကို အကောင်အထည်ဖော်ရာတွင် ကမ္ဘာ့နိုင်ငံအသီးသီးက ပူးပေါင်းတာဝန်ယူ ဆောင်ရွက်နေကြသည့်အလျောက် ဆိုဗီယက်ယူနီယံအနေဖြင့် ရစ်ချတ်နှင့် ကူညီပူးပေါင်း၍ ရန်သူကို တိုက်ခိုက်ရန် 'တော့ချော့ဗ်စကီး' အား တာဝန်ပေးလွှတ်လိုက်ခြင်းပင် ဖြစ်သည်။

မိမိတို့၏ စီအိုင်အေ အထူးလျှို့ဝှက်သီးသန့်ဌာနမှ ကြီးကြပ်ကွပ်ကဲရေးမှူး နာသန်နီယယ်လ်သည်လည်း နောက်တစ်နေ့တွင် ရောက်ရှိလာပြီး အမေရိကာနာဟိုတယ်တွင်း၌ တည်းခိုနေလိမ့်မည်ဟု ညွှန်ကြားချက်ထဲတွင် ပါရှိလေသည်။

❖

ရစ်ချတ်သည် အီတလီအမျိုးသား ရော်ဘတ်တိုအသွင် ရုပ်ဖျက်ထားလျက်နှင့်ပင် နောက်တစ်နေ့မွန်းလွဲပိုင်းတွင် ရောမမြို့၏ ကျက်သရေဆောင် ရှေးဟောင်း ဗိသုကာလက်ရာတစ်ခု ဖြစ်သော 'ကော်ဆိုလီယံ' အဆောက်အအုံကြီးသို့ စောစောရောက်နှင့်နေပေသည်။

တစ်ချိန်က အလွန်ကြီးကျယ် ခမ်းနား တန်ခိုးထွားခဲ့သော ရောမအင်ပိုင်ယာကြီး တိုးတက်မှု အထွတ်အထိပ်သို့ ရောက်ရှိခဲ့စဉ် တည်ဆောက်ထားခဲ့သည့် ရှေးဟောင်းလက်ရာတစ်ခု ဖြစ်သည်။ ကော်ဆိုလီယံကြီးသည် ရင်သပ်ရှုမောဖွယ်ရာကောင်းလောက်အောင် ဗိသုကာပညာပေါ်လွင်နေသည့် ရှေးဟောင်းလက်ရာတစ်ခုပင် ဖြစ်သည်။

စင်စစ် ကော်ဆိုလီယံသည် ရောမ အားကစားရုံ၊ သို့မဟုတ် ပွဲကြည့်စင်ကြီးတစ်ခုပင် ဖြစ်သည်။ အလယ်ဗဟို၌ အားကစားပြိုင်ပွဲများ ကျင်းပသည့် စက်ဝိုင်းသဏ္ဍာန် ကွင်းကြီးရှိသည်။ စက်ဝိုင်း၏ ပတ်ပတ်လည်၌ ပွဲကြည့်စင်များ ရှိသည်။ ရှေး ရောမခေတ်က ဂလက်ဒီယေတာ ခေါ် ကျေးကျွန်သူရဲကောင်းများ အချင်းချင်း သူသေကိုယ်သေ စီးချင်းထိုး တိုက်ခိုက်သတ်ဖြတ်ကြသည်ကို ရောမတိုင်းရင်းသား ပရိသတ်ငါးသောင်းခန့်က ပျော်ပွဲ ရွှင်ပွဲသဖွယ် ဝိုင်းကြည့်ရှုလေ့ရှိသော နေရာကြီးပါတကားဟု ရစ်ချတ်က တွေးမိလေသည်။

ကော်ဆိုလီယံ အားကစားရုံကြီးအတွင်းသို့ ဝင်ရန် တံခါးပေါက်ရှစ်ဆယ်ပေါက်တိတိရှိရာ ရစ်ချတ်သည် ဝင်ပေါက်တစ်ပေါက်မှ ဝင်လိုက်သည်။

သူကိုယ်တိုင် ကွပ်ကဲရမည့် ပိုကာစီမံချက်တွင် အဖွဲ့

www.burmeseclassic.com



မည့် ရုရှထောက်လှမ်းရေးသမား တေရျော့ဗ်စကီးနှင့် ဤနေရာတွင် စတင်တွေ့ဆုံရမည်ဟု ဗဟိုမှ ညွှန်ကြားချက်တွင် ပါရှိသော်လည်း အလွန်ကျယ်ဝန်းသော အဆောက်အအုံကြီးအတွင်း လွယ်လွယ်ရှာတွေ့မည် မဟုတ်ဟု တွက်ထားမိပြီး ဖြစ်သည်။

အတွင်း၌ကား ရှေးဟောင်း ဗိသုကာလက်ရာများ အတော်ပျက်စီးနေပြီဖြစ်သည်။ တိုးရစ္စ ခေါ် ကမ္ဘာလှည့်ခရီးသည်အုပ်စုတချို့က လှည့်ပတ်လျှောက်ကြည့်နေသည်ကိုလည်း တွေ့ရသည်။

ရစ်ချတ်သည် တစ်ကိုယ်တော် ခရီးသည် တိုးရစ္စတစ်ဦးလို ဟိုဟိုသည်သည် လှည့်ပတ်လျှောက်ကြည့်ရင်း ရှာဖွေကြည့်ရာ ဆယ့်ငါးမိနစ်ခန့်ကြာသောအခါ မိမိ ရရှိထားသော ဓာတ်ပုံနှစ်ပုံထဲမှ လူ ရုရှားအမျိုးသား တေရျော့ဗ်စကီးကို တွေ့လေတော့သည်။

ထိုလူကား အသက် ၄၅ နှစ်အရွယ်ခန့် ထောင်ထောင်မောင်းမောင်း ဗလကောင်းကောင်း လူတစ်ယောက်ဖြစ်ပြီး အားကစားသမားများ ဝတ်လေ့ရှိသော ဘောင်းဘီရှည်နှင့် ကုတ်အင်္ကျီဝတ်ထားလေသည်။

ရစ်ချတ်သည် ရုရှားဘာသာစကား တတ်ကျွမ်းသူဖြစ်သည့်အတိုင်း ထိုလူရှိရာသို့ တိုက်ရိုက်လျှောက်သွားပြီး...

'ဟဲလို... တေရျော့ဗ်စကီး ခင်ဗျားအနေနဲ့ ကာအိုလာတိရစ္ဆာန်တွေရှိတဲ့ အရပ်မှာ ပီကာလို ခေါ်တဲ့ ဝက်သားကို စားဖို့ အဆင်သင့်ရှိရဲ့လား'ဟု ရုရှားဘာသာဖြင့် မေးလိုက်သည်။

ဤကား ကြိုတင် စီစဉ်ထားသည့်အတိုင်း မိမိတို့လူ ဟုတ်မဟုတ် သေချာအောင် လျှို့ဝှက်စကားဖြင့် ပြောလိုက်ခြင်းဖြစ်ရာ တေရျော့ဗ်စကီးဆိုသူကလည်း လျှို့ဝှက်စကား၏ ဒုတိယပိုင်းကို မှန်ကန်စွာ ပြန်ပြောလေသည်။

"ပီကာ (ဝက်သား)ကို နယူးဇီလန်နိုင်ငံမှာ စားကြတာဗျ။ ကျုပ်က 'မော်စကို'က ကြက်သားကောင်းကောင်းမှ စားချင်တာဗျ"

ဤတွင် ရစ်ချတ်က လျှို့ဝှက်စကား၏ အဆုံးသတ် တတိယပိုင်းကို ပြန်ပြောလေသည်။

"ဟုတ်ကဲ့...ကြက်သားကို ကက်တလက်ချက်စားရင် အလွန်အရသာရှိပါတယ်။ ဒါမျိုးကို မော်စကိုမြို့က အာရာဗီဟိုတယ်မှာ ကောင်းကောင်းရနိုင်တယ်။ ကိုင်း...ကျွန်တော်က အမေရိကန်က ရစ်ချတ် ဖြစ်ပါတယ်"

ပြောရင်းနှင့် ရစ်ချတ်သည် သူတို့၏ လက်ဝဲဘက်သို့ တစေ့တစောင်း ကြည့်လိုက်ရာ ခပ်လှမ်းလှမ်းရှိ ပွဲကြည့်စင် ခပ်မြင့်မြင့်တစ်နေရာ၌ မိမိတို့အား



လူနှစ်ယောက် အကဲခတ်ကြည့်နေသည်ကို သတိပြုမိလိုက်သည်။ တစ်ယောက်က အမျိုးသမီးဖြစ်လေသည်။

ဆိုဗီယက်ထောက်လှမ်းရေးသမား တေရျော့ဗ်စကီးသည် စောစောက မျက်နှာထားခပ်တင်းတင်း ဖြစ်နေရာမှ ပြုံးယောင်ယောင်ဖြစ်လာသည်။

"ဒါဖြင့် ဒုစရိုက်သမားတွေ လောကမှာ သေမင်းတမန်လို့ ကျော်ကြားတဲ့ မစ္စတာရစ်ချတ်ဟာ ခင်ဗျားပဲကိုး။ ခင်ဗျားရဲ့ ရုပ်ပြောင်းရုပ်လွှဲ အတတ်ပညာ ထူးချွန်တာကတော့ ကျော်ကြားနေပါတယ်။ အဲဒီလို ခင်ဗျားရဲ့ ရုပ်ပြောင်းရုပ်လွှဲ ရုပ်ဖျက်တဲ့အတတ် ထူးချွန်လွန်းလို့လည်း တစ်ခါက ကျုပ်တို့ မော်စကိုထောက်လှမ်းရေးအာဏာပိုင်တွေ အကြီးအကျယ် စိတ်ညစ်ခဲ့ရဖူးတယ်"

တေရျော့ဗ်စကီး၏စကားကြောင့် ရစ်ချတ်သည် အတိတ်က ဖြစ်ရပ်တစ်ခုကို သတိရပြီး ပြုံးမိလေသည်။

"အင်း... ဟုတ်မှာပါပဲ၊ ဟုတ်မှာပါပဲ"

ဤသို့ပြောရင်းနှင့် ရစ်ချတ်၏ စူးရှသော မျက်လုံးများက ပေ ၄၅၀ ခန့်အကွာ ပွဲကြည့်စင်တစ်နေရာမှ မိမိတို့နှစ်ယောက်အား ဂရုစိုက်ကြည့်နေသူ လူတစ်ယောက်ကို သတိပြုမိပြန်သည်။

"ဟော့လူ... ကျုပ်တို့ကို ကြည့်နေတဲ့ရန်သူ ရှိနေပြီဗျ။ ပေ ၄၅၀ လောက်အကွာမှာ လူတစ်ယောက်။ ပြီးတော့ ဘယ်ဘက်ပွဲကြည့်စင်မှာက နှစ်ယောက်ရှိနေတယ်။ ရန်သူဘက်သားတွေပဲ ဖြစ်ရမယ်"

ပြောပြောဆိုဆို ရစ်ချတ်သည် သူ၏ ကုတ်အင်္ကျီအတွင်း ပခုံးတွင် သိုင်းချိတ်ထားသော ခြောက်လုံးပြူးသေနတ်နှစ်လက်ကို အလွယ်တကူ ဆွဲထုတ်ယူနိုင်ရန် အသင့်ပြင်ဆင်ထားလိုက်သည်။

ရုရှထောက်လှမ်းရေးစုံထောက် တေရျော့ဗ်စကီးကလည်း သတိရှိသူဖြစ်သည့်အတိုင်း...

"ကျုပ်ရဲ့နောက်တည့်တည့်မှာလည်း နှစ်ယောက်ရှိသေးတယ်။ လွန်ခဲ့တဲ့ ငါးမိနစ်ကပဲ ကျုပ် မြင်ခဲ့တယ်"

ပြောရင်းနှင့် အခြေအနေကို သဘောမကျဟန်ဖြင့် မျက်မှောင်ကြုတ်လိုက်ပြီး ဆက်ပြောလေသည်။

"ကျုပ် နားမလည်နိုင်အောင် ဖြစ်နေတယ် မစ္စတာရစ်ချတ်။ ကျုပ် ဘယ်သူဘယ်ဝါဆိုတာ အရက်သစ်ဂိုဏ်းသားတွေက ဘယ်လိုမှ မသိနိုင်ဘူး။ ခင်ဗျားကလည်း ပိပိရိရိ ရုပ်ဖျက်ထားပြီးမှ လာခဲ့တာလျက်နဲ့ အခု

www.burmeseclassic.com

www.burmeseclassic.com



လို ရန်သူ့ဘက်သားတွေ ဒီနေရာရောက်နေတာ အလွန်ထူးဆန်းနေတယ်။ ခင်ဗျားတို့ဘက်က သတင်းပေါက်ကြားမှု ရှိနေလို့များလား"

"ဟုတ်ပါတယ်၊ ကျုပ်တို့ဘက်မှာ ရန်သူကို သတင်းပေးတဲ့ သစ္စာဖောက်သူရှိနေတာ အမှန်ပဲ။ ဒါပေမဲ့ ကျုပ်တို့မှာ လောလောဆယ် ဒီသစ္စာဖောက်ကို ရှာဖွေဖော်ထုတ် ရှင်းလင်းပစ်ဖို့က ..."

စကားကို ဆုံးအောင်ပင် မပြောနိုင်တော့ဘဲ ရစ်ချတ်သည် ရှုရှအမျိုးသားကိုပါ အတင်းဆွဲ၍ အနီးဆုံးကျောက်သားတိုင်ကြီးတစ်တိုင်၏ အကွယ်တွင် ဝပ်ချလိုက်သည်။

အကြောင်းမူကား သူစကားပြောနေစဉ်မှာပင် ရန်သူဘက်မှ သေနတ်ပစ်သံများမှ ဆက်တိုက်ထွက်ပေါ်လာသောကြောင့်ပင်တည်း။

မိမိတို့အား ရန်သူက ဆက်တိုက်ပစ်လိုက်သည့် ကျည်ဆန်ခြောက်ချက်အနက် နှစ်ချက်က အဝေးပစ် ရိုင်ဖယ်သေနတ်နှင့် ပစ်ခြင်းဖြစ်ကြောင်း သိသာလေသည်။

ရစ်ချတ်၏ လျင်မြန်ဖျတ်လတ်မှုကြောင့် ကျည်ဆန်များက ကျောက်သားတိုင်ကြီးကိုသာ ထိမှန်ကုန်လေသည်။

သေနတ်သံများကြောင့် ကော်ဆိုလီယံတွင် လှည့်လည် ကြည့်ရှုနေကြသော ခရီးသွားဧည့်သည် (တိုးရစ်) များလည်း ကြောက်အား လန့်အားနှင့် ခြေဦးတည့်ရာ ထွက်ပြေးကုန်ကြတော့သည်။

"အခု ကျုပ်တို့ကို ဝိုင်းပစ်နေတာ အနည်းဆုံး လူခုနစ်ယောက်လောက် ရှိမယ်ထင်တယ်။ ကျုပ်တို့ ဘယ်လိုလုပ်ကြရင် ကောင်းမလဲ"

ရှုရှစုံထောက်က သေနတ်သံများ ကြားနေရသည့်ကြားမှ ပြောရာ ရစ်ချတ်က–

'တစ်နည်းပဲ ရှိတယ်။ ဒီကောင်တွေ အကာအကွယ်ယူပြီး ပစ်ခတ်နေရာက အပြင်ဘက် ထွက်လာအောင် မျှားခေါ်ယူရမယ်။ ဒါမှ ကျုပ်တို့က တစ်ယောက်ပြီးတစ်ယောက် ရှင်းပစ်လို့ရမယ်' ဟု ပြောလိုက်သည်။

ထိုအတောအတွင်း ရှုရှစုံထောက် တေချော့ဗ်စကီးသည် သူ၏ ကုတ်အင်္ကျီအတွင်း ပခုံးနှစ်ဖက်တွင် လွယ်ထားသော ၉ မီလီမီတာ ခြောက်လုံးပြူး သေနတ်နှစ်လက်ကို အသင့်ဆွဲထုတ်ယူပြီး ဖြစ်သည်။

ထို့နောက် ရစ်ချတ်က သူ၏ အကြံရပုံကို ပြောပြလေသည်။

"ဒီလို လုပ်ကြရအောင်။ ဝိုင်းထားတဲ့ ရန်သူတွေဘက်ကို ကျုပ်တို့က ခန့်မှန်းပြီး ပစ်ကြမယ်။ သူတို့ကလည်း ပြန်ပစ်မှာ သေချာတယ်။ ဒီတော့



ကျုပ်က သေနတ်ထိမှန်သွားဟန်ဆောင်ပြီး မြေကြီးပေါ် ပစ်လှဲချလိုက်မယ်။ ဒီကောင်တွေက ဉာဏ်တုံးတဲ့သူတွေ ဖြစ်ရင် ကျုပ် သေနတ်မှန်သွားပြီလို့ ထင်တာနဲ့ ပြင်ဘက် ထွက်ချင်ထွက်လာနိုင်တယ်"

ထိုအကြံကို ရှုရှစုံထောက်ကလည်း သဘောတူသဖြင့် နှစ်ယောက်သား သေနတ်နှစ်လက်စီဖြင့် ပွဲကြည့်စင်တစ်နေရာရှိ ယောကျ်ားနှင့် မိန်းမ စုံတွဲရှိနေရာသို့ လည်းကောင်း၊ ပေ ၄၅၀ အကွာရှိ လူဆီသို့ လည်းကောင်း ကျည်ဆန်နှစ်ချက်စီ ပစ်လိုက်ကြသည်။

ချက်ချင်းပင် ရန်သူဘက်မှ သေနတ်ကျည်ဆန်တွေ ဒလဟောထွက်လာလေတော့သည်။

ရစ်ချတ်တို့၏ လက်ဝဲနှင့် ရှေ့တည့်တည့်မှသာမက နောက်တွင်ရှိ သေနတ်သမားလေးငါးယောက်ခန့်တို့က တစ်ပြိုင်နက် ကျည်ဆန်မိုးရွာသလို ဆက်တိုက်ပစ်ခတ်နေကြလေသည်။

ကျည်ဆန်တစ်တောင့်သည် ရှုရှစုံထောက် တေချော့ဗ်စကီး၏ ကုတ်အင်္ကျီလက်ဝဲဘက်မှ ကပ်၍ ဖြတ်ထွက်သွားရာ လက်ကို မထိသော်လည်း ကုတ်အင်္ကျီအသားကို ဖောက်ထွင်းသွားလေသည်။ အချို့ကျည်ဆန်များကလည်း ရစ်ချတ်၏ ဦးခေါင်း ဝဲယာနှစ်ဖက်မှ ပွတ်ကာသီကာ ဖြတ်ဝင်သွားသည်။

ဤတွင် ရစ်ချတ် သေနတ်ထိမှန်၍ ပြင်းစွာ နာကျင်ပြီး ကျယ်လောင်စွာ ဟစ်အော်ညည်းညူရင်း သူ၏ကိုယ်ကို မြေကြီးပေါ်သို့ ပစ်လှဲချလိုက်သည်။ သို့သော် ကျောက်သားတိုင်ကြီး၏ အကာအကွယ်ကိုတော့ ယူထားလျက် လှဲချနေခြင်း ဖြစ်သည်။

ထိုအချိန်၌ ရှုရှအမျိုးသား တေချော့ဗ်စကီးသည် ကျောက်တိုင်ကြီး တစ်ဖက်အစွန်းနားတွင် အသာဒူးထောက်ရင်း သေနတ်များကို အဆင်သင့် ကိုင်ထားလိုက်သည်။

သူ၏ လက်ဝဲဘက်ပွဲကြည့်စင်ပေါ်မှ အမျိုးသားနှင့် အမျိုးသမီးသည် စောစောက ဝပ်ပြီး ပစ်ခတ်နေရာမှ ရစ်ချတ် သေနတ်မှန်သွားလေပြီဟု ထင်မှတ်လျက် ဝမ်းသာအားရ မတ်တတ်ထရပ်လိုက်ကြသည်။

ရစ်ချတ်၏အဖော် တေချော့ဗ်စကီးတစ်ယောက် ရှိနေသေးကြောင်းကို လည်း ခေတ္တမေ့နေဟန်တူသည်။

အမျိုးသားက လူငယ်တစ်ဦးဖြစ်ပြီး ရိုင်ဖယ်သေနတ်တစ်လက်ကို ကိုင်ထားကာ သူ၏အဖော်အမျိုးသမီးကတော့ ခြောက်လုံးပြူးသေနတ် ကိုင်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှုထောက်လှမ်းရေးစုံထောက် တေချော့ဖ်စကီးသည် သေနတ်ပစ်ရာ၌ အထူးကျွမ်းကျင် လျင်မြန်သူ ဖြစ်လေသည်။

ကျောက်တိုင်ကြီး၏ တစ်ဖက်အစွန်းမှ အကာအကွယ်ယူလျက် သူ၏ ၉ မီလီမီတာသေနတ်ဖြင့် ဆက်တိုက် ပစ်လိုက်ရာ ကျည်ဆန်သုံးတောင့်က အမျိုးသမီးသေနတ်သမား၏ ရင်ဘတ်တည့်တည့်ကို ထိမှန်ပြီး တစ်ဆက်တည်းမှာပင် နောက်ထပ်ကျည်ဆန်လေးတောင့်သည် ရိုင်ဖယ်သေနတ်ကိုင်အမျိုးသားအား ထိမှန်သွားလျက် နှစ်ယောက်စလုံး အရုပ်ကြိုးပြတ် ပုံလဲသွားကြတော့သည်။

ရစ်ချတ်သည် မြေကြီးပေါ် ပစ်လှဲချနေသော်လည်း သူ၏ မျက်လုံးများက ရန်သူသေနတ်သမားများအား ဂရုစိုက်ကြည့်နေသည်ဖြစ်ရာ ပွဲကြည့်စင်တစ်နေရာမှ လူနှစ်ယောက် ဝပ်နေရာမှ မတ်တတ်ထရပ်လိုက်သည်ကို သတိပြုမိလေသည်။ သူတို့နှစ်ယောက်သည် တစ်ဦးနှင့်တစ်ဦး ပေနှစ်ဆယ်ခန့်ခွာ၍ နေရာယူထားကြသည်။

သာမန်အားဖြင့် ပေနှစ်ဆယ်ကွာသော ပစ်မှတ်နှစ်ခုကို တစ်ပြိုင်တည်းထိအောင် ပစ်ခတ်ရန် မလွယ်ကူသော်လည်း သေနတ်ပစ်အလွန်လက်ဖြောင့်သလောက် လျင်မြန်သူ ရစ်ချတ်အဖို့ ယင်းကိစ္စသည် ခက်ခဲသော ပြဿနာမဟုတ်ပါချေ။

လဲနေရာမှ မထဘဲ သူ၏ပွိုင့် ၃၅၇ သေနတ်နှစ်လက်ဖြင့် လျှပ်တစ်ပြက် လျင်မြန်စွာ အဟုန်ဖြင့် ပစ်လိုက်ရာ ကျည်ဆန်တောင့်တို့သည် ရန်သူလူဆိုးတစ်ဦး၏ ဦးခေါင်းတည့်တည့်သို့ ထိမှန်ကာ ညည်းညူဟစ်အော်ခြင်းပင်ပြုမနေနိုင်ဘဲ နောက်ပြန်လဲကျ အသက်ပျောက်သွားတော့သည်။

ဒုတိယမြောက်လူဆိုးကတော့ ခန္ဓာကိုယ်သို့ တိုက်ရိုက်မထိမှန်ဘဲ ရစ်ချတ်၏ ကျည်ဆန်တစ်တောင့်သည် ထိုလူ၏ လက်ဝဲဘက် နားရွက်ကို ထိမှန်သွားပြီး ပြင်းစွာ နာကျင်သလောက် တုန်လှုပ်ချောက်ချားလျက် ထိုလူ၏ကိုယ်သည် တစ်ဖက်သို့ ယိမ်းအသွားတွင် ရစ်ချတ်က နောက်ထပ်တစ်ချက် ပစ်လိုက်သည်။

သည်တစ်ခါတော့ သေနတ်ကျည်ဆန်သည် ထိုလူ၏ လည်တည့်တည့်သို့ ထိမှန်သွားသဖြင့် မရှုမလှ နာကျင် ထိခိုက်ရင်း လဲကျသေဆုံးသွားလေသည်။

ထိုလူနှစ်ယောက်၏ လက်ဝဲဘက် ပေတစ်ရာခန့်တွင် နောက်ထပ်ရန်သူသေနတ်သမားနှစ်ဦးသည် ကျောက်တိုင်တစ်ခု၏ အကွယ်တွင် ရှိနေသည်။



ရစ်ချတ်အနေဖြင့် ယင်းသေနတ်သမားနှစ်ဦးအား လှမ်းမမြင်ရသော်လည်း စောစောက သူတို့ ရမ်းပစ်လိုက်သော သေနတ်ကျည်ဆန်များ လာရာလမ်းကြောင်းကို ခန့်မှန်းခြင်းအားဖြင့် ပုန်းကွယ်နေသည့် နေရာကိုတော့ ရစ်ချတ်က အတတ်သိနေပြီ ဖြစ်သည်။

သူသည် အလွန်နားပါးသူလည်းဖြစ်၍ ရန်သူဘက်သားတို့၏ သေနတ်သံကို ကြားရုံမျှနှင့် မည်မျှကွာဝေးသော နေရာမှ ပစ်နေကြောင်းကို ခန့်မှန်းတွက်ချက် သိရှိနိုင်သူ ဖြစ်သည်။

ပေတစ်ရာအကွာမှ ရန်သူသေနတ်သမားနှစ်ဦးသည် ရစ်ချတ်နှင့် တေချော့ဖ်စကီးတို့ နှစ်ဦးစလုံးက အလွန်သေနတ်ပစ်လက်ဖြောင့်သူများ ဖြစ်ကြောင်း ရိပ်စားမိသဖြင့် အနည်းငယ် တုန်လှုပ်သွားကာ ဆုံးဖြတ်ချက်တစ်ခု ချလိုက်ကြသည်။

သူတို့၏ အကြံကား လက်ရှိနေရာထက် ပိုမြင့်သော ပွဲကြည့်စင်အပေါ်နားဘက်ဆီသို့ တက်၍ နေရာယူရန်ပင် ဖြစ်သည်။ ဤနည်းအားဖြင့် ခပ်မြင့်မြင့်နေရာမှ စီးကြည့်ရလျှင် ရစ်ချတ်နှင့် သူ၏ အဖော်တို့ ပုန်းကွယ် အကာအကွယ်ယူထားသည့် ကျောက်တိုင်ပတ်ဝန်းကျင် တစ်ခုလုံးကို ကောင်းစွာမြင်နိုင်လိမ့်မည်ဟု တွက်လျက် ဆုံးဖြတ်လိုက်ကြခြင်းပင် ဖြစ်သည်။

ယင်းသို့ ဆုံးဖြတ်လိုက်ပြီးနောက် သေနတ်သမားနှစ်ဦးသည် ဒူးထောက်ဝပ်တွားလျက် ပွဲကြည့်စင်၏ အပေါ်နားသို့ တဖြည်းဖြည်းချင်း တက်ကြလေသည်။ ဤသည်ပင်လျှင် သူတို့အမှား ဖြစ်သွားလေသည်။

ရစ်ချတ်သည် ကျောက်သားတိုင်ကြီး၏ အကွယ်မှပင် ထိုလူနှစ်ယောက်ရှိရာသို့ မော်ကြည့်နေလျက် နှစ်ဦးစလုံး၏ ကိုယ်အထက်ပိုင်းကို လှမ်းမြင်နေရလေသည်။

ရစ်ချတ်၏ လက်မှ ပွိုင့် ၃၅၇ ခြောက်လုံးပြူးသေနတ်သံတစ်ချက် ဒိုင်းခနဲ မြည်ဟိန်းသွားပြီး မရှေးမနှောင်းမှာပင် ရှေ့ဆုံးမှ သေနတ်သမားသည် ယမ်းအား ပြင်းထန်လှသော ကျည်ဆန် တိုက်ရိုက်ထိမှန်ပြီး ကျွမ်းထိုးမှောက်ခုံ လဲကျသွားတော့သည်။ ရစ်ချတ်၏ ဒုတိယကျည်ဆန်သည် ကျန်သေနတ်သမားအား မထိမှန်ဘဲ လွဲချော်ကာ သူ၏ဘေးမှ ကပ်ထွက်သွားသည်။

အကယ်၍သာ ထိုလူသည် အတွေ့အကြုံဝါရင့်သူဖြစ်ပါက ချက်ချင်း ပြားပြားဝပ်ချလိုက်မည် ဖြစ်သည်။ သို့သော် ထိုလူသည် ကြောက်အားလန့်အားနှင့် မတ်တတ်ထလိုက်သည်။

ဆယ်ပေခန့်သာ ကွာဝေးသော ပွဲကြည့်စင်အပေါ်ဆုံးသို့ အုတ်နံရံ

www.burmeseclassic.com

www.burmeseclassic.com



အကာအကွယ်ဆီသို့ ပြေးရန် ထလိုက်ခြင်းဖြစ်သည်။ ဤကား စစ်မြေပြင်၌ဆိုလျှင် ရန်သူနှင့် တိုက်နေရစဉ် ကြောက်အားလန့်အားနှင့် ပြုမိတတ်သော အကြီးဆုံး အမှားမျိုးပင် ဖြစ်သည်။

လျင်မြန်သလောက် လက်ဖြောင့်လှသူ ရစ်ချတ်၏ ခြောက်လုံးပြူး သေနတ်မှ ကျည်ဆန်တစ်တောင့်သည် ထိုလူ၏ ကိုယ်ခန္ဓာအလယ်တည့်တည့်သို့ တိုက်ရိုက်ထိမှန်ကာ တလိမ့်ခေါက်ကွေးလဲကျသွားလေတော့သည်။

ထိုနေရာနှင့် မျက်နှာချင်းဆိုင် ပွဲကြည့်စင်ပေါ်မှ နောက်ထပ် သေနတ်သမားတစ်ဦးသည် ရုရှစုံထောက် တေချော့ဇ်စကီးရှိရာ ကျောက်တိုင်၏ အစွန်းဘက်သို့ ကာဘိုင်သေနတ်တစ်လက်ဖြင့် အဆက်မပြတ် ပစ်ခတ်နေလေသည်။

ရစ်ချတ်သည် သူ၏နေရာမှ အခြေအနေကို အကဲခတ်ကြည့်ရာ ရုရှစုံထောက်မှာ ပြန်လည်ပစ်ခတ်ရန်အတွက် သူ၏ အော်တိုမက်တစ် ပစ္စတိုသေနတ်ဖြင့် ချိန်ရွယ်ခွင့်မရအောင် ဖြစ်နေကြောင်း တွေ့ရလေသည်။

ထို့ကြောင့် ရစ်ချတ်က သူစိတ်ကူးရသော အကြံကို ပြောပြလိုက်သည်။

“ဒီမယ် ရဲဘော်ကြီး ကျုပ်အကြံရပြီ။ ကာဘိုင်သေနတ်နဲ့ အကောင်ကို မဖယ်ရှားနိုင်ရင် ကျုပ်တို့ ဒီက ဘယ်လိုမှ လွတ်အောင် ထွက်လို့ ရမှာ မဟုတ်ဘူး။ ဒါကြောင့် ကျုပ်က ဒီဘက်အစွန်းကနေ သူ့ကို သုံးလေးချက် လှမ်းပစ်လိုက်မယ်။ ဒါမှ ဒီလူက ကျုပ်ရှိတဲ့ဘက်ကို စက္ကန့်ပိုင်းလောက်တော့ လှည့်ကြည့်လိမ့်မယ်။ အဲဒီ စက္ကန့်ပိုင်းအတွင်းမှာ ရဲဘော်ကြီးက သူ့ကို မှန်အောင် ကြိုးစားပစ်တော့။ ဒီနေရာက ကျုပ်တို့ မြန်မြန်ထွက်နိုင်မှ အေးမယ်ဗျ။ တော်တော်ကြာ အီတလီ ရဲတွေက သေနတ်သံကြားလို့ ရောက်လာရင် ပြဿနာ ပိုရှုပ်ကုန်မယ်။ ကိုင်း အဆင်သင့်သာ ပြင်ပေတော့”

ပြောပြောဆိုဆို ရစ်ချတ်သည် သူ၏ ပွိုင့် ၃၅၇ ခြောက်လုံးပြူးသေနတ်ဖြင့် တစ်ပြိုင်နက် နှစ်ချက်စီ လှမ်းပစ်လိုက်သည်။

အရုဏ်သစ်အဖွဲ့သား ကာဘိုင်သေနတ်သမားသည် ဆက်တိုက် ထွက်ပေါ်လာသော သေနတ်သံ လေးချက်ရှိရာ (ရစ်ချတ်ပုန်းကွယ်နေရာ) ဘက်ဆီသို့ စက္ကန့်ပိုင်းမျှ လှည့်ကြည့်မိလေသည်။

ထိုစက္ကန့်ပိုင်းအတွင်းမှာပင် ရုရှစုံထောက်တေချော့ဇ်စကီးသည် သူ၏ အော်တိုမက်တစ် ပစ္စတိုလ်သေနတ်ဖြင့် ကျည်ဆန်ခုနစ်တောင့်စလုံးကုန်အောင် ရန်သူသေနတ်သမား၏ ဦးခေါင်းဆီသို့ ချိန်၍ ပစ်လိုက်သည်။

ကျည်ဆန်ငါးတောင့်က လူကို မထိမှန်ဘဲ လွဲချော်သွားသော်လည်း နှစ်တောင့်ကမူ မလွဲချေ။ ကျည်ဆန်တစ်တောင့်က ကာဘိုင်သေနတ်သမား၏



ပါးစပ်ပေါက်တည့်တည့် ဝင်သွားပြီး ကျန်တစ်တောင့်က ထိုလူ၏ နဖူးပြင်ကို ထိမှန်သွားကာ ရုပ်ပျက်ဆင်းပျက်နှင့် လဲကျသေဆုံးသွားတော့သည်။

တေချော့ဇ်စကီးသည် ကေဂျီဘီ ဆိုဗီယက်ထောက်လှမ်းရေးအဖွဲ့မှ လက်ရွေးစင်စုံထောက်တစ်ဦးဖြစ်ကြောင်း သိသာထင်ရှားပြီဖြစ်သည်။ သေနတ်ပစ် ကျင်လည်လျင်မြန်ပုံကလည်း အံ့သြချီးကျူးဖွယ်ရာပင်တည်း။

ဘီလုံနာသူဌေးကြီး ဝင်စတန်၏ ရက်စက်ယုတ်မာလှသော ကမ္ဘာဖျက်ရန် အကြံအစည်ကို တားဆီး ဖြိုခွင်းရန်အတွက် မိမိ ဦးစီးခေါင်းဆောင်ရမည့် စစ်ဆင်ရေးတွင် တေချော့ဇ်စကီးသည် တကယ်အားကိုးနိုင်သည့် လူကောင်း တစ်ယောက်ပါတကားဟုလည်း တွေးတောကျေနပ်သွားမိသည်။

ရန်သူသေနတ်သမားများအားလုံးလိုလို ရှင်းလင်းပြီးဖြစ်၍ နှစ်ယောက်သား ကော်ဆိုလီယံ အဆောက်အအုံပြင်ဘက်သို့ အီတလီရဲများ ရောက်မလာမီ ပြန်ထွက်ရန် အရေးကြီးနေပြီဖြစ်ရာ လူသူအများ မမြင်မည့်လမ်းမှ ထွက်ကြရန် ကြံကြရပြန်သည်။

ကော်ဆိုလီယံတွင် ထွက်ပေါက်ရှစ်ခု ရှိသည့်အပြင် အလုပ်သမားများ ဝင်ထွက်သွားလာရန်အတွက် ပြုလုပ်ထားဟန် တူသော သီးသန့်ထွက်ပေါက်ငယ် တစ်ခုလည်း ရှိသေးသည်။ ရစ်ချတ်နှင့် တေချော့ဇ်စကီးတို့သည် အဆိုပါ ထွက်ပေါက်ငယ်မှ လျင်မြန်စွာ ထွက်လိုက်ကြသည်။ ပြင်ဘက်သို့ ရောက်သော အခါ အုတ်နံရံနှစ်ခုကြားရှိ လမ်းကျဉ်းတစ်ခုသို့ ရောက်သွားကြလေသည်။ အများပြည်သူတို့ အသုံးပြုသည့်လမ်း မဟုတ်သဖြင့် လူသူမရှိဘဲ တိတ်ဆိတ်ငြိမ်သက်နေလေသည်။ သို့သော် ရစ်ချတ်တို့က သတိကြီးစွာထားလျက်နှင့်ပင် ဆက်သွားကြသည်။

ရစ်ချတ်၏ စိတ်ထဲတွင် နောက်ထပ်ရန် သူဂိုဏ်းသားများ ရှိဦးမည် ဟု အင်မိသဖြင့် သူ၏ခြောက်လုံးပြူးနှစ်လက်စလုံးကို ကျည်ဆန်အသစ်များ ဖြည့်ထိုးထားလိုက်သည်။ ရုရှစုံထောက် တေချော့ဇ်စကီးသည်လည်း သူ၏ ပစ္စတိုလ်သေနတ်များကို ကျည်ဆန်ထပ်ဖြည့်ပြီးမှ နှစ်ယောက်သား ခပ်မှန်မှန် လျှောက်သွားကြသည်။

လမ်းကျဉ်းထောင့်ချိုးသို့ ရောက်၍ ကွေ့လိုက်သည်နှင့် သတိကြီးစွာဖြင့် လာခဲ့ခြင်းသည် မမှားကြောင်း လက်တွေ့သိရလေတော့သည်။ သူတို့နှင့် မျက်နှာချင်းဆိုင်မှ အီတလီအမျိုးသားဟု ထင်ရသော လူနှစ်ယောက်သည် လက်နက်ကိုယ်စီကိုင်လျက် လျှောက်လာကြသည်ကို ပက်ပင်းတိုးမိလေသည်။

တစ်ယောက်က လက်တစ်ဖက်တွင် ယခုခေတ် လူသုံးများသော လက်

www.burmeseclassic.com

www.burmeseclassic.com



ဆွဲအိတ်ပြားပြားတစ်ခု ကိုင်ထားပြီး ကျန်လက်တစ်ဖက်တွင်ကား ပစ္စတိုလ်သေနတ် ကိုင်ထားသည်။ ဒုတိယလူကတော့ အက်ဖ်အင်အေ ခေါ် စက်သေနတ်ငယ်တစ်လက် ကိုင်ထားလေသည်။

နှစ်ယောက်စလုံး ရစ်ချတ်တို့အား မြင်လျှင် အကြီးအကျယ် အံ့အားသင့်သွားပြီးနောက် လက်ဆွဲအိတ်ကိုင်ထားသူက

'ဟော့ ... ဟိုကောင်နှစ်ကောင်ပါလားကွ' ဟု အော်ပြောရင်း သူ၏လက်မှ ပစ္စတိုလ်ဖြင့် နှစ်ချက်လှမ်းပစ်လိုက်သည်။ ထိုလူနှစ်ယောက်စလုံးသည် ရန်သူ အရဏ်သစ်ဂိုဏ်းသားများဖြစ်ကြောင်း ထင်ရှားနေပြီ ဖြစ်သည်။

ရုရှစုံထောက် တေချော့ဗ်စကီးသည် လက်ကိုင်အိတ်နှင့် လူက သေနတ်နှင့်ပစ်ရန် ချိန်ရွယ်သည့် စက္ကန့်ပိုင်းအတွင်းမှာ သူ့ကိုယ်သူ လှဲချဝပ်ရင်း တစ်ချိန်တည်းမှာပင် သူ၏ အော်တိုမက်တစ် ပစ္စတိုလ်သေနတ်ဖြင့် လှမ်းပစ်လိုက်သည်။

ကျည်ဆန်တစ်တောင့်က ထိုလူ၏ လက်ဝဲဘက်က ပခုံးကို ထိမှန်ပြီး ဒုတိယကျည်ဆန်က ခြေသလုံးတစ်ဖက်ကို ထိမှန်သွားသဖြင့် သူ၏လက်မှ သေနတ်ကို လွှတ်ချရင်း ခွေယိုင်လဲကျသွားလေသည်။ သေနတ်ငယ်ကိုင်ထားသူ လူဆိုးဂိုဏ်းသားကလည်း ၉ မီလီမီတာကျည်ဆန်တွေ ဒလဟောထွက်အောင် ရစ်ချတ်ရှိရာဘက်သို့ ချိန်ပစ်လိုက်လေသည်။

ရစ်ချတ်ကလည်း ရန်သူ၏ လှုပ်ရှားမှုကို ကြိုတင်တွက်ထားပြီးသည့်အတိုင်း သူ့ကိုယ်သူ လျင်မြန်စွာ ဘေးဘက် ရှောင်တိမ်းလှဲချလိုက်ရင်း သူ၏ မို့င် ၃၅၇ ခြောက်လုံးပြူးသေနတ်နှစ်လက်စလုံးဖြင့် ပစ်လိုက်သည်။

စက်သေနတ် ကျည်ဆန်တွေက လူကို မထိဘဲ လွဲချော်သွားသော်လည်း ရစ်ချတ်၏ သေနတ်ကျည်ဆန်နှစ်တောင့်ကမူ လွဲချော်ခြင်း မရှိချေ။

ကျည်ဆန်များသည် အီတလီအမျိုးသားစက်သေနတ်သမား၏ ဝမ်းဗိုက်တည့်တည့်သို့ ထိမှန်သွားသဖြင့် လူရောစက်သေနတ်ပါ မြေပြင်ပေါ်သို့ လဲကျသွားလေသည်။

လက်ကိုင်အိတ် ဆွဲကိုင်ထားသူ ပထမလူက ရစ်ချတ်တို့အား မြင်မြင်ချင်း လှမ်းအော်ပြောလိုက်ခြင်း ဖြစ်သည်။ သူတို့အဖွဲ့သားများအား သတိပေးအော်ပြောလိုက်ခြင်း ဖြစ်ရမည်ဟု ရစ်ချတ်နှင့် တေချော့ဗ်စကီးနှစ်ဦးစလုံးက တွက်မိလေသည်။

ဤသို့ဆိုပါက နောက်ထပ် အီတလီအမျိုးသား အရဏ်သစ်ဂိုဏ်းသား ရန်သူများ ရှိနေဦးမည် ဖြစ်သည်။



"ရဲဘော်ကြီး၊ ဟိုကောင်လက်က လွှတ်ကျတဲ့ လက်ကိုင်အိတ်ကို သွားကောက်ယူထားလိုက်စမ်းပါ။ ကျုပ်တို့အတွက် အသုံးဝင်လိမ့်မယ် ထင်တယ်"

ရစ်ချတ်က ဤသို့ပြောလိုက်ခြင်းမှာ အကြောင်းရှိပေသည်။

သူသည် အသက်ဘေးအန္တရာယ် နီးကပ်လှသည့် အကျပ်အတည်းပေါင်းများစွာ ရင်ဆိုင်ခဲ့ရသည့် အတွေ့အကြုံများခဲ့သည့်အလျောက် ရန်သူဂိုဏ်းသားများ သေနတ်သမားလက်မှ လွှတ်ကျသည့် လက်ကိုင်အိတ်အတွင်း၌ မိမိတို့အတွက် အရေးပါသည့် သဲလွန်စတစ်စုံတစ်ရာ ရရှိလိမ့်မည်ဟု စိတ်ထဲက ထင်မိလေသည်။

အထူးသဖြင့် မိမိသည် အီတလီအမျိုးသား ရောဘတ်တိုအဖြစ် ပိရိသေသပ်စွာ ရုပ်ဖျက်လာပါလျက် မိမိအား ရန်သူဂိုဏ်းသားများက ဘာကြောင့် ရိပ်မိသိရှိပြီး ယခုလို ဝိုင်း၍ တိုက်ခိုက်ကြလေသနည်းဟု သူ့စိတ်ထဲ မကျေမနပ်ဖြစ်နေရာမှ ရန်သူလက်ကိုင်အိတ်ထဲတွင် ယင်းအကြောင်း ပေါ်ပေါက်စေနိုင်သည့် သဲလွန်စတစ်စုံတစ်ခုကို တွေ့လိုတွေ့ငြား ယူခိုင်းလိုက်ခြင်း ဖြစ်လေသည်။

တေချော့ဗ်စကီးလည်း သေနတ်ဒဏ်ရာဖြင့် လဲကျနေသူအနီး၌ ကျနေသော လက်ကိုင်အိတ်ကို ယူရန် ပြေးသွားစဉ် ရစ်ချတ်သည် နောက်ထပ် ရန်သူဂိုဏ်းသားများ ရှိသည် ထင်ရသည့် လမ်းကျဉ်း၏ လက်ယာဘက် အိမ်ခန်းတစ်ခန်းထဲသို့ ပြေးဝင်ကြည့်လေသည်။

အိမ်ခန်းတွင်း၌ မည်သူမှ မရှိသော်လည်း အတွင်းသို့ ဝင်သည့် တံခါးနှစ်ပေါက်ကိုတွေ့ရလေသည်။ ထိုအချိန်တွင် ရစ်ချတ်သည် စောစောက အီတလီအမျိုးသားလက်မှ လွှတ်ကျခဲ့သော စက်သေနတ်ငယ်ကို ကောက်ကိုင်ထားပြီးဖြစ်သည်။ တံခါးနှစ်ပေါက်အကြား လူသွားစင်္ကြံတစ်ခုရှိရာ ရစ်ချတ်သည် သတိကြီးစွာဖြင့် စင်္ကြံအတိုင်း လျှောက်ဝင်သွားလေသည်။ သူထင်သည့်အတိုင်းပင် နောက်ထပ် ရန်သူဂိုဏ်းသားများနှင့် ပက်ပင်းတိုးလေတော့သည်။

အားကစားသမားများ ဝတ်လေ့ရှိသည့် ဝတ်စုံဝတ်ထားသူ လူသုံးယောက်သည် ပစ္စတိုလ်သေနတ်ကိုယ်စီကိုင်လျက် မျက်နှာချင်းဆိုင်ဘက်မှ ထွက်လာသည်။

"ဟဲလို ... မိတ်ဆွေတို့ နေကောင်းကြရဲ့လား"

ရစ်ချတ်က သရော်သလို လှမ်းနှုတ်ဆက်ရင်း သူကိုယ်တိုင်က ဒူးထောက်ချလိုက်ပြီး စက်သေနတ်ငယ်ကို ခလုတ်လျင်မြန်စွာ ဆွဲလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



စက်သေနတ်ကျည်ဆန်များသည် ရန်သူဂိုဏ်းသားသုံးဦးအနက် တစ်ဦး၏ ဝမ်းဗိုက်ကို ထိမှန်သွားရာ ပုံလျက်သား လဲကျသွားတော့သည်။

ရစ်ချတ်လည်း ဆက်လက် ပစ်ခတ်မည်ပြုစဉ် စက်သေနတ်ငယ်၏ အော်တိုမက်တစ် အလိုအလျောက် ကျည်ဆန်ထွက်ခလုတ် ချွတ်ယွင်းပြီး မည်သို့မှ ပစ်မရအောင် ဖြစ်သွားလေသည်။

ရစ်ချတ်လည်း ချက်ချင်း သူ့ကိုယ်သူ ကြမ်းပြင်ပေါ်သို့ လှိမ့်လှဲချရင်း သူ၏ ပွိုင့် ၃၅၇ ခြောက်လုံးပြူးသေနတ်နှစ်လက်ကို ဆွဲထုတ်ပြီး လျင်မြန်စွာ ပစ်ခတ်လေသည်။

အီတလီနိုင်ငံရှိ အရှဏ်သစ်အဖွဲ့ဂိုဏ်းသားများသည် ရစ်ချတ်၏လက်မှ စက်သေနတ်ဂျမ်းဖြစ်ကာ ပစ်မရဘဲ ဖြစ်သွားသည်ကို မြင်ပြီး အလွန်ကျေနပ်သဘောကျကာ ဆေတန်နတ်မင်းကိုယ်တိုင် သူတို့ဘက်မှ ဝင်ကူခြင်း ဖြစ်ရမည်ဟု ယုံကြည်လျက် ခေတ္တမျှ ဆိုင်းငံ့နေမိရာ ထိုအခိုက်မှာပင် ရစ်ချတ်၏ ခြောက်လုံးပြူးသေနတ်နှစ်လက်မှ ကျည်ဆန်များက ထိုလူနှစ်ဦးစလုံးကို တိုက်ရိုက်ထိမှန်ကာ အရုပ်ကြိုးပြတ် လဲပြီး ငြိမ်သက်သွားကြလေသည်။

သို့ရာတွင် နောက်ထပ် သေနတ်သမားတစ်ဦး ရောက်လာပြီး ရစ်ချတ်အား ပစ်ခတ်ပြန်လေသည်။

သို့သော် လျင်မြန်ဖျတ်လတ်လှသူ ရစ်ချတ်က သူ၏ကိုယ်ကို လှိမ့်၍ ပြောင်းလိုက်ပြီးဖြစ်၍ ကျည်ဆန်များက လွဲချော်ကုန်လေသည်။

ရစ်ချတ်သည် လဲလျောင်းနေလျက်နှင့်ပင် ခြောက်လုံးပြူးသေနတ်နှစ်လက်စလုံးဖြင့် ပြန်လည်ပစ်ခတ်ရာ ရန်သူဂိုဏ်းသား ထိမှန်ကျဆုံးသွားပြန်သည်။

ထိုအတောအတွင်း အရှဏ်သစ်ဂိုဏ်းသားနှစ်ဦး ပေါ်လာပြန်သည်။

သို့သော် သူတို့ဘက်သားတွေ အတုံးအရုံး ကျဆုံးနေသည်ကို မြင်ရမှုနှင့် ရစ်ချတ်၏ သေနတ်ပစ်ခတ်နိုင်ပုံအစွမ်းကို ရိပ်မိကာ အနီးဆုံး အိမ်ခန်းတစ်ခန်းအတွင်းသို့ ဒရောသောပါး ဝင်ပြေးကြလေသည်။

အိမ်ခန်းတံခါးကို ပြန်ပိတ်ထားသော်လည်း ရစ်ချတ်က သူ၏ ကိုယ်လုံးဖြင့် တအားပစ်ဆောင့်တွန်းလိုက်ရာ တံခါး၏ ပတ္တာများ ပြုတ်ထွက်ကာ တံခါးရွက်ကြီးပါ ယိုင်လဲကျသွားသည်။

တစ်ချိန်တည်းမှာပင် ရစ်ချတ်က အတွင်းသို့ ပြေးဝင်ရင်း လက်နှစ်ဖက်တွင် ကိုင်ထားသော သေနတ်နှစ်လက်ကိုပါ ပစ်ခတ်လေသည်။ သူ၏ သေနတ်ကျည်ဆန်နှစ်တောင့်တည်းနှင့်ပင် ရန်သူဂိုဏ်းသားနှစ်ဦးအား သုတ်သင်ရှင်းလင်းပြီးသား ဖြစ်သွားလေသည်။



ထိုအချိန်မှာပင် အခြားအခန်းတစ်ခန်းမှ သေနတ်သံတစ်ချက် ကျယ်လောင်စွာ ကြားရသဖြင့် ရစ်ချတ်သည် ထိုအခန်းဆီသို့ အမြန်ပြေးကြည့်လေသည်။

"ဟဲလို... အမေရိကန်ရဲဘော်ကြီး၊ အိုကေပဲ မဟုတ်လား"

ပြုံးဖြီးဖြီးနှင့် ပြောလိုက်သော ရုရှစုံထောက် တေချော့ဗ်စကီး၏ ခြေရင်းတွင် ရန်သူဂိုဏ်းသားတစ်ဦး မရှူမလှ သေဆုံးနေသည်ကို မြင်ရလေသည်။

"ကျုပ်ယူခိုင်းတဲ့ လက်ကိုင်အိတ် ဘယ်မလဲဗျ"

ရစ်ချတ်က အရေးတကြီး မေးလိုက်သည်။

"ကျုပ်က လက်ကိုင်အိတ်နဲ့ လူနားကို ရောက်သွားချိန်မှာ ခင်ဗျားကို အလစ်ချောင်းပစ်မယ့် ရန်သူတစ်ယောက်ကို လှမ်းမြင်လိုက်လို့ ဒီဘက်ပြန်ထွက်လာခဲ့တာပါ။ လက်ကိုင်အိတ်အတွက် မပူပါနဲ့ ဟိုမှာပဲ ရှိနေပါတယ်။ ခင်ဗျားဘက်ကို ကျုပ် ပြေးလာမိလို့ တော်သေးတာပေါ့။ ကျုပ်သာ ဒီဘက်ရောက်မလာရင် ဟောဒီသတ္တဝါက ခင်ဗျားကို ချောင်းပစ်မှာ သေချာတယ်"

ပြောရင်းနှင့် တေချော့ဗ်စကီးက သူ၏ခြေရင်း၌ ကျဆုံးနေသော ရန်သူဂိုဏ်းသားကို ညွှန်ပြလိုက်သည်။

ထိုအချိန်၌ မလှမ်းမကမ်းမှ ဆူဆူညံညံလူသံများ ကြားရလေသည်။

ရစ်ချတ်နှင့် ရုရှစုံထောက် တေချော့ဗ်စကီးနှစ်ယောက်စလုံးက ထိုအသံများ၏ အဓိပ္ပာယ်ကို ချက်ချင်းရိပ်မိလိုက်သည်။ ကော်ဆိုလီယံအတွင်း သေနတ်သံများ ဆူညံနေသည်ကို အီတလီရဲတပ်ဖွဲ့က ကြား၍ အလုံးအရင်းနှင့် လိုက်လာကြလေပြီ။ သူတို့အနေဖြင့် ရဲတွေနှင့်တွေ့ဆုံဖြေရှင်းရမည့်အလုပ်ကို လွတ်အောင်ရှောင်ရန် အရေးကြီးပေသည်။

သို့သော် ရန်သူဂိုဏ်းသားတစ်ဦးထံမှ ရစ်ချတ် လိုချင်သော လက်ကိုင်အိတ်ကိုလည်း ရယူရန် လိုသဖြင့် နှစ်ယောက်သား စောစောက သေနတ်ထိမှန်လဲကျနေသည့် အီတလီအမျိုးသားရှိရာဘက်သို့ ပြေးကြရပြန်သည်။

လက်ကိုင်အိတ်က လွတ်ကျနေသော်လည်း အိတ်ထဲမှ ဝိုင်ယာလက်ကြိုးငယ်တစ်ခုက အီတလီအမျိုးသား၏ နားရွက်နားကြပ်ငယ်တစ်ခုနှင့် ဆက်သွယ်ထားကြောင်း တွေ့ရလေသည်။

ရုရှစုံထောက် တေချော့ဗ်စကီးသည် အဆိုပါ နားကြပ်နှင့် ဝိုင်ယာလက်ကြိုးပါ ဖြုတ်ယူပြီးမှ လက်ကိုင်အိတ်ကို ကောက်ယူလိုက်သည်။

"ကိုင်း... ရဲဘော်ကြီး။ ကျုပ် နောက်ကိုသာ လိုက်ခဲ့ပေတော့။ လူရှင်းတဲ့ လမ်းကျဉ်းတစ်ခုက သွားကြမယ်။ အဲဒီမှာ ကျုပ်ရဲ့ မော်တော်ကားလည်း

www.burmeseclassic.com

www.burmeseclassic.com



အဆင်သင့် ရှိနေတယ်”။ ပြောရင်းနှင့် တေချော့ဗ်စကီးက ရှေ့ဆောင်လျက် ခပ်သုတ်သုတ်ထွက်သွားရာ ရစ်ချတ်လည်း နောက်မှ ထက်ကြပ်မကွာ လိုက်သွားလေသည်။

အတန်ကြာအောင် သွားမိတော့မှ တေချော့ဗ်စကီး၏ မော်တော်ကားရပ် ထားရာ နေရာသို့ ရောက်သွားကြသည်။

သို့ရာတွင် ထိုနေရာ၌ စောစောက သေနတ်သံများကြောင့် စုရုံးရောက်ရှိကာ ဝိုင်းကြည့်နေသူ အရပ်သားပရိသတ် အတော်များများ ရောက်ရှိနေကြသည့်ပြင် အီတလီ ရဲတပ်ဖွဲ့ဝင်အချို့က စက်သေနတ်ငယ်များကိုင်လျက် စောင့်နေသည်ကို တွေ့ရလေသည်။

တေချော့ဗ်စကီးသည် ယင်းအကျပ်အတည်းမှ မည်သို့ လွတ်အောင် ထွက်ရပါမည်နည်းဟု မေးလိုဟန်ဖြင့် ရစ်ချတ်အား လှမ်းကြည့်လိုက်သည်။ ရစ်ချတ်ကလည်း စက္ကန့်ပိုင်းအတွင်း လွတ်မြောက်နည်းတစ်ခု ကြံစည်စိတ်ကူးကာ လက်တွေ့လုပ်ပြလိုက်သည်။

သူ၏မျက်နှာအမူအရာက ထိတ်လန့်တုန်လှုပ်သည့်ဟန်မျိုးဖြစ်အောင် အိုက်တင်လုပ်ရင်း ‘ကျုပ်တို့နောက်က အာရပ်အကြမ်းဖက်သမားတွေ လိုက်လာနေတယ်။ သူတို့က တွေ့သမျှ လူအားလုံးကို ပစ်သတ်နေတယ် ခင်ဗျ’ ဟု ထိတ်လန့်တကြား ဟစ်အော်လိုက်သည်။

ဤတွင် ဝိုင်းကြည့်နေသူ အရပ်သားပရိသတ်နှင့်တကွ အီတလီရဲများ ကြောက်အားလန့်အားနှင့် ခြေဦးတည့်ရာ ထွက်ပြေးကြတော့သည်။

သည်တော့မှ ရစ်ချတ်တို့လည်း တေချော့ဗ်စကီး၏ မော်တော်ကားဆီသို့ ရောက်အောင်သွားနိုင်ကြလေသည်။ ရှုရှုစုံထောက်ကိုယ်တိုင် ကားကို ကျင်လည်စွာ မောင်းနှင်ကာ မြောက်စူးစူးဘက်ဆီသို့ စက်ကုန်ဖွင့်၍ မောင်းသွားကြလေသည်။

“ဒါထက် အမေရိကန်ရဲဘော်ကြီး၊ ကျုပ်တို့နဲ့ ပူးပေါင်းအလုပ်လုပ်ရမယ့် ကျန်တဲ့အဖွဲ့ဝင် (ရေဂျင်း)တွေကို ဘယ်လိုဆက်သွယ်ရမတဲ့လဲ”

တေချော့ဗ်စကီးက မော်တော်ကားမောင်းရင်း မေးလျှင် ရစ်ချတ်က သူရရှိထားသော ညွှန်ကြားချက်အတိုင်း ပြန်ပြောလေသည်။

“အစီအစဉ်က ကျုပ်နဲ့ ခင်ဗျား အခု စတင်တွေ့ပြီးတဲ့နောက် ဒီနေ့ည ခင်ဗျားနဲ့ ကျုပ်တို့က ဗြိတိသျှ အမ်-အိုင်-၆ ထောက်လှမ်းရေးဧဂျင်းနဲ့ တွေ့ကြရမယ်။ အဲဒီလူကမှတစ်ဆင့် ပြင်သစ်အမျိုးသား ထောက်လှမ်းရေးတစ်ဦးကို ဆက်သွယ်လိမ့်မယ်”



“ပြီးတော့ကော...”

“ပြီးတော့ ကျုပ်တို့အားလုံး ဩစတြေလျနိုင်ငံကို သွားကြရုံပဲ”

တေချော့ဗ်စကီးသည် သဘောပေါက်ဟန်ဖြင့် ခေါင်းညိတ်လိုက်ပြီးမှ တစ်စုံတစ်ခုကို စဉ်းစားမိဟန်ဖြင့်...

‘ကျုပ်တို့အထက်လူကြီးတွေက အမိန့်ပေးလိုက်တာကတော့ ဘီလျံနာသူဌေးကြီး ဝင်စတန်ရဲ့ ဩစတြေလျက အခြေစိုက်စခန်းကို ဖြိုခွင်းဖျက်ဆီးပစ်ဖို့ပဲဗျ၊ ရဲဘော်ကြီးရဲ့ တာဝန်ကကော ဒါမျိုးပဲ မဟုတ်လား’ ဟု ပြောလေသည်။

“ဟုတ်ပါတယ်၊ ကျုပ်ရဲ့တာဝန်ကလည်း အဲဒါပါပဲ။ ဘီလျံနာကြီးရဲ့ စခန်းကို လုံးဝ ပျက်စီးသွားအောင် ဝင်စီးတိုက်ဖို့ ဖြစ်တယ်။ အရေးကြီးတာက အဲဒီကို ဝင်တိုက်ရာမှာ ကျုပ်တို့အသက်မသေဖို့ဘဲ”

ရစ်ချတ်က ပြောလိုက်လျှင် တေချော့ဗ်စကီးက ရယ်မောလိုက်သည်။ တစ်ဆက်တည်းမှာပင် သူ၏ စိတ်ထဲမှ ခံစားချက်တစ်ခုကို ထုတ်ပြောလေသည်။

“တကယ်လို့ ကျုပ်တို့က တာဝန်အရ ကြိုးစားတိုက်ရင်း သေဆုံးသွားရင်လည်း ကျုပ်တို့ရဲ့ အထက်လူကြီးတွေက ဘယ်လိုမှ တုန်လှုပ်ထိခိုက်မှာ မဟုတ်ဘူး။ ဝမ်းနည်းမှာလည်း မဟုတ်ဘူး။ အဲဒါ ကျုပ်တို့ ခင်ဗျားတို့ရဲ့ဘဝ အခြေအနေပဲ မဟုတ်ဘူးလား အမေရိကန်ရဲဘော်ကြီးခင်ဗျား...”

■

## အခန်း (၅)

အီတလီနိုင်ငံ ‘မြို့စားကြီး ဂိုလစ်တီ’၏ ဝင်းခြံကျယ်ကျယ်နှင့် အိမ်ကြီးသည် စီအိုင်အေထောက်လှမ်းရေးအဖွဲ့၏ လျှို့ဝှက်စခန်း ဖြစ်နေသည်မှာ ဆယ့်သုံးနှစ်ကျော်ကျော် ရှိနေပြီ ဖြစ်ကြောင်းကို မည်သူကမှ မရိပ်မိကြချေ။

ယင်းလျှို့ဝှက်စခန်းသည် ဥရောပတိုက်တစ်ခုလုံးတွင် စီအိုင်အေထောက်လှမ်းရေးအဖွဲ့၏ အရေးပါဆုံး အချက်အချာစခန်းလည်း ဖြစ်ပေသည်။

မြို့စားကြီး၏ အိမ်၌ စီအိုင်အေ လျှို့ဝှက်စခန်း ရှိကြောင်းကို အီတလီအစိုးရကပင် မသိချေ။

မသိအောင်လည်း စီအိုင်အေက လျှို့ဝှက်ပိရိစွာ ဖန်တီးခဲ့သည်။

မြို့စားကြီး ဂိုလစ်တီသည် အီတလီပြည်တွင် ပဒေသရာဇ်ခေတ်က မြေ

www.burmeseclassic.com

www.burmeseclassic.com



ရှင်နယ်ရှင်ကြီးများမျိုးရိုးမှ ဆင်းသက်လာသူဖြစ်၍ ကိုယ်ပိုင်မြေယာများမှ ရရှိသော အခွန်အတုတ်ငွေများဖြင့် မည်သည့်အလုပ်မှ မလုပ်ဘဲ စည်းစိမ်ခံကာ နေထိုင်ခဲ့သော်လည်း ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားလာချိန်တွင် တစ်နိုင်ငံလုံး ကမောက်ကမဖြစ်အောင် ဖက်ဆစ်အာဏာရှင် မူဆိုလီနီ၏ အစိုးရအဖွဲ့၏ ပြုမူလုပ်ဆောင်ချက်ကြောင့် မြို့စားကြီး၏ စည်းစိမ်ဥစ္စာအားလုံး ပြုတ်သွားခဲ့လေသည်။

ယင်းအခြေအနေကို သိထားသော အမေရိကန်ထောက်လှမ်းရေး (စီအိုင်အေ) က စစ်ကြီးဖြစ်ခါစအချိန်တွင် မြို့စားကြီးထံ ချဉ်းကပ်၍ စကားကမ်းလှမ်းခဲ့လေသည်။

မြို့စားကြီးအနေဖြင့် ယခင် စစ်မဖြစ်မီကကဲ့သို့ ဣန္ဒြေမပျက် အဆင့်အတန်းမြင့်မြင့် နေထိုင်သွားနိုင်အောင် စီအိုင်အေက လိုသလောက် ငွေကြေးထောက်ပံ့သွားမည်။ မြို့စားကြီးအနေဖြင့် ကျေးဇူးတုံ့ပြန်ရန်ကား သူ၏ ကျယ်ဝန်းလှသော အိမ်ကြီး၏ တစ်စိတ်တစ်ဒေသကို စီအိုင်အေ၏ လျှို့ဝှက်စခန်းအဖြစ် အသုံးပြုခွင့်ပေးရန်ပင် ဖြစ်သည်။

ယင်းသို့ ကမ်းလှမ်းချက်ကို သဘောတူ လက်ခံမည်ဆိုပါက အရေးအကြီးဆုံး အချက်တစ်ချက်ကို မြို့စားကြီးက အခိုင်အမာ ကတိပေးရမည် ဖြစ်သည်။

ယင်း 'ကတိ' ကား သူ၏ အိမ်တွင်းရှိ စီအိုင်အေ လျှို့ဝှက်စခန်းလုပ်ထားကြောင်းကို အီတလီနိုင်ငံ အစိုးရအပါအဝင် မည်သူ့ကိုမှ အသိမပေးရ ဟူ၍ပင် ဖြစ်သည်။

လက်ခံသဘောတူပြီးကာမှ မြို့စားကြီးသည် ပေးခဲ့သော ကတိကို ဖောက်ဖျက်ခဲ့သော် ရက်ရက်စက်စက် အပြစ်ဒဏ်ခတ်လိမ့်မည် ဖြစ်ကြောင်း၊ မြို့စားကြီးနှင့်တကွ မြို့စားကတော်အပြင် သူတို့၏သားသမီးများကို တစ်ယောက်မကျန် သေဆုံးကုန်အောင် မတော်တဆ ထိခိုက်မှုမျိုး တစ်ခုခုဖြစ်စေရန် စီအိုင်အေက လျှို့ဝှက်ပိရိစွာ လုပ်ကြံဖန်တီး၍ ဒဏ်ခတ်မည် ဖြစ်ကြောင်းကိုလည်း ကြိုတင် အသိပေးခဲ့လေသည်။

မြို့စားကြီးသည် ဤကမ်းလှမ်းချက်ကို သဘောတူလက်ခံခဲ့လေသည်။ သူ၏ စီးပွားရေးအခြေအနေက စစ်ပြီးခေတ်အိမ်ထောင်မိသားစု လူတန်းစေ့အောင် စားဝတ်နေရေး ခက်ခဲကျပ်တည်းနေလေရာ လူမသိဘဲ ငွေကြေးထောက်ပံ့ပေးမည်ဟူသော စီအိုင်အေ၏ ကမ်းလှမ်းချက်ကို လက်ခံခဲ့ခြင်းပင် ဖြစ်သည်။

မကြာမီ အမေရိကန်ထောက်လှမ်းရေး (စီအိုင်အေ)အဖွဲ့၏ လူများက



မြို့စားကြီး၏အိမ် တစ်စိတ်တစ်ဒေသကို သူတို့၏လျှို့ဝှက်ဆက်သွယ်ရေးစခန်းအတွက် လိုအပ်သော ပြုပြင်မွမ်းမံမှု၊ ပြင်ဆင်မှုများကို အလျင်အမြန် ပြုလုပ်ခဲ့ကြလေသည်။

မြို့စားကြီး၏အိမ်သည် ရောမမြို့၏ လူကုံထံ အထက်တန်းလွှာများ နေထိုင်ရာ ရပ်ကွက်သန့်သန့်တွင် တည်ရှိရာ ဝင်းခြံကလည်း ကျယ်ဝန်းသဖြင့် စီအိုင်အေအဖွဲ့ဝင်များက သူတို့၏ လျှို့ဝှက်စခန်း ပြုရန်အတွက် ပြင်ဆင်မှုများကို အများပြည်သူ ပရိသတ် မရိပ်မိအောင် စီစဉ်ဖန်တီးနိုင်ခဲ့သည်။

လျှို့ဝှက် အသံဖမ်းစက်၊ အသံလွှင့်စက်၊ ဝိုင်ယာလက်ကြိုးမဲ့ ကြေးနန်းဆက်သွယ်ရေးကိရိယာများ၊ နောက်ဆုံးပေါ် အီလက်ထရွန်းနစ် သိပ္ပံပညာဆိုင်ရာ ကိရိယာများ၊ အမေရိကန်ထောက်လှမ်းရေး စုံထောက်များ (လိုအပ်လျှင်) ကြာရှည်ခိုအောင်းနေနိုင်ရေး နေရာထိုင်ခင်းများ၊ လျှို့ဝှက်လက်နက်ဆန်းများ၊ စားနပ်ရိက္ခာများပါမကျန် အားလုံး ပြည့်စုံအောင် မြို့စားကြီးအိမ်အတွင်းသို့ သွင်းယူနိုင်ခဲ့သည်။

ယင်းစခန်းသည် ဥရောပနှင့် မြေထဲပင်လယ်ဒေသတစ်ခုလုံးတွင် အရေးပါဆုံးသော စီအိုင်အေ လျှို့ဝှက်စခန်းတစ်ခုဖြစ်သည့်အလျောက် မိမိတို့အချင်းချင်း ဆက်သွယ်ရာ၌ ရေခဲတောင်စခန်း ဟူသော လျှို့ဝှက်အမည်ဖြင့် အသုံးပြု ဆက်သွယ်ခဲ့ကြလေသည်။

❖

ရစ်ချတ်နှင့် ရုရှစုံထောက် ထောက်လှမ်းရေး တေချော့ဗ်စကီး အပါအဝင် လူငါးယောက်တို့သည် ရေခဲတောင်စခန်းခေါ် မြို့စားကြီးအိမ်အတွင်းရှိ စီအိုင်အေ လျှို့ဝှက်စခန်းတွင် ရောက်ရှိနေကြလေသည်။

ကျန်လူသုံးယောက်ကား အမေရိကန် စီအိုင်အေမှ ကြီးကြပ်ကွပ်ကဲ သူနာသန်နီယယ်လ်နှင့် ပြင်သစ်ပြည် ထောက်လှမ်းရေးအဖွဲ့မှ လက်ရွေးစင်စုံထောက် 'ဗီးလစ်' နှင့် ဗြိတိသျှထောက်လှမ်းရေး 'ကင်ဘာ' ဆိုသူတို့ပင် ဖြစ်သည်။

သူတို့ငါးယောက်သည် ဩစတြေးလျနိုင်ငံရှိ ဘီလုံနာသူဌေးကြီး ဝင်စတန်အခြေစိုက်စခန်းကို ဩစတြေးလျအစိုးရ၏ ပူးပေါင်းကူညီမှုဖြင့် သွားရောက် တိုက်ခိုက် ချေမှုန်းရမည့်အဖွဲ့ပင် ဖြစ်သည်။

သို့မှသာ ချမ်းသာ ကြွယ်ဝသလောက် စိတ်ရူးပေါက်ပြီး တတိယကမ္ဘာစစ်ကြီး မဖြစ် ဖြစ်အောင် လုပ်ကြံလှုံ့ဆော်မည့် ဘီလုံနာဝင်စတန်၏ ယုတ်မာ ပက်စက်လှသော အကြံကို ဖျက်ဆီးနိုင်မည် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တိုက်ခိုက်ရေးအဖွဲ့ကို ရစ်ချတ်က ခေါင်းဆောင်ပြီး သူနှင့်အတူ လိုက်ပါတိုက်ခိုက်ကြရမည့် အဖွဲ့ဝင်များက (အမေရိကန်တွင် ရှိစဉ်က ကြီးကြပ်ရေးမှူး နာသန်နီယယ်လ် ကြိုတင်ပြောခဲ့သည့်အတိုင်း) နိုင်ငံခြားသားများ ဖြစ်ကြသည်။ ၎င်းတို့ကား ရုရှစုံထောက် တေချော့ဖ်စကီး၊ ပြင်သစ်ထောက်လှမ်းရေးမှ 'ဖီးလစ်'၊ ဗြိတိသျှလျှို့ဝှက်ထောက်လှမ်းရေးမှ လက်ရွေးစင်စုံထောက် 'ကင်ဘာ' တို့ပင် ဖြစ်သည်။

သူတို့အား သက်ဆိုင်ရာအစိုးရ ထောက်လှမ်းရေးဌာနများမှ အတော်ဆုံး၊ သတ္တိအရှိဆုံး၊ တိုက်ရည်ခိုက်ရည် အကောင်းဆုံး လူများအဖြစ် ရွေးချယ်စေလွှတ်ခဲ့ခြင်းဖြစ်ရာ အင်အားကြီးမားလှသော ရန်သူအား တိုက်ခိုက်ချေမှုန်းကြမည့် 'သူရဲကောင်း' လေးယောက်ပင် ဖြစ်လေသည်။

ရစ်ချတ်သည် အခန်းလယ်ရှိ စားပွဲရှေ့တွင် ထိုင်နေပြီး ကျန်လူများက သူ၏ဘေးပတ်လည်တွင် ဝိုင်းထိုင်နေကြသည်။

ယခုမှ လူချင်းစတွေ့ဆုံကြရသူ ပြင်သစ်စုံထောက် ဖီးလစ်၊ ဗြိတိသျှထောက်လှမ်းရေး (ဧဂျင့်) ကင်ဘာတို့သည် ရစ်ချတ်အား အကဲခတ်လေ့လာနေကြဟန်တူသည်။

"ကျုပ်တို့ ခရီးထွက်ကြရမယ့်အစီအစဉ်ကို စောစောက ရှင်းပြခဲ့တာ အားလုံးသဘောပေါက်ကြရဲ့လား။ ကျုပ် တင်ပြတဲ့ အစီအစဉ်အကောင်အထည်ဖော်ရေးအတွက် အကြံပေးချင်တာများ ရှိသေးသလား"

ရစ်ချတ်က သူ၏ ပွိုင့် ၃၅၇-ခြောက်လုံးပြူးသေနတ်ကို တိုက်ချွတ်စစ်ဆေးကြည့်ရင်းက လှမ်းမေးလိုက်သည်။

ကြီးကြပ်ရေးမှူး နာသန်နီယယ်လ်သည် သူသောက်နေကျဆေးတံကို ခဲနေရင်းက သူ၏ အာဘော်ကို ထုတ်ဖော်ပြောလေသည်။

"ဒါတော့ မောင်ရင်ကိုယ်တိုင်က တိုက်ခိုက်ရေးအဖွဲ့ခေါင်းဆောင်။ အစကအဆုံး အစီအစဉ်အားလုံးကို ဦးဆောင်လုပ်ရမှာပဲ။ ကျန်တဲ့လူတွေက မောင်ရင့်ခေါင်းဆောင်မှုအတိုင်း လိုက်ကြရုံပဲ ရှိတယ်၊ ကျုပ်ကတော့ မောင်ရင်တို့အတွက် စိုးရိမ်မိတယ်။ ဒီနေ့မွန်းလွဲပိုင်းက မောင်ရင်နဲ့ တေချော့ဖ်စကီးတို့ကို ရန်သူဂိုဏ်းသားတွေ ဝိုင်းလုပ်ကြတိုက်ခိုက်ခံရတာဟာ အလွန်စိုးရိမ်စရာပဲ။ ဒီမယ် ရစ်ချတ်။ မောင်ရင်ဟာ အထူးသေသေသပ်သပ် ရုပ်ဖျက်ပြီးမှ ချိန်းဆိုထားတဲ့နေရာ (ကော်ဆိုလီယံ) ကို သွားခဲ့တာ မဟုတ်လား။ ဒါပေမဲ့ ရန်သူအရက်သစ်ဂိုဏ်းသားတွေက မောင်ရင် ဘယ်သူဘယ်ဝါမှန်းသိလို့ ဝိုင်းတိုက်ခဲ့ကြတယ်



မဟုတ်လား။ ဒီကောင်တွေသိဖို့က လုံးဝမဖြစ်နိုင်ဘူးလို့ ကျုပ် တထစ်ချ တွက်ထားရက်နဲ့ အခုလိုဖြစ်တာကို ကျုပ်က စိုးရိမ်မိတာပါ"

ဤတွင် ပြင်သစ်အမျိုးသား ထောက်လှမ်းရေးစုံထောက် ဖီးလစ်က...

'လောကမှာ မဖြစ်နိုင်ဘူးဆိုတာ မရှိဘူးလို့ တစ်ချိန်က ကျွန်တော်တို့ရဲ့ စစ်သူကြီး 'နပိုလီယံ'က မိန့်ကြားသွားခဲ့ပါတယ်။ ဒီနေ့ မစ္စတာရစ်ချတ်နဲ့ ရဲဘော် တေချော့ဖ်စကီးတို့ကို ရန်သူဂိုဏ်းသားတွေက ဝိုင်းပစ်ခတ်တိုက်ခဲ့တာဟာ ဘယ်လိုမှ ငြင်းမရတဲ့ အချက်ပဲ မဟုတ်လား။ ဒီလို ဝိုင်းတိုက်တဲ့လူတွေက ကျုပ်တို့လူနှစ်ယောက်ကို သိလို့ပဲဆိုတာ ထင်ရှားနေတယ်။ ဒါကြောင့် ကျွန်တော်တို့ဘက်က သတင်းပေါက်ကြားမှု ရှိရမယ်လို့ ဆိုနိုင်တယ်ခင်ဗျ' ဟု ပြောလိုက်သည်။

ပြင်သစ်စုံထောက် ဖီးလစ်သည် အသက် ၃၈ နှစ်ရွယ် အရပ်မနိမ့်မမြင့်၊ နှုတ်ခမ်းမွေးရေးရေးနှင့် လူတစ်ယောက်ဖြစ်သည်။ အမြင်အားဖြင့် သာမန် သူလိုငါလိုလူတစ်ယောက်ဟု ထင်ရသော်လည်း အရည်အချင်းနှင့် စွမ်းရည်ကိုမူ အထင်သေး၍မရချေ။ သူသည် ပြင်သစ်နိုင်ငံ တန်ပြန်သူလျှိုနှိမ်နင်းရေးထောက်လှမ်းမှုဌာနမှ အတော်ဆုံးလက်ရွေးစင် စုံထောက်တစ်ဦးဖြစ်သည်။ ထို့ကြောင့်လည်း ဖီးလစ်အား ပြင်သစ်ထောက်လှမ်းရေးဌာနက သူတို့၏ လက်ရွေးစင်ကိုယ်စားလှယ်အဖြစ် ရွေးချယ်စေလွှတ်လိုက်ခြင်း ဖြစ်ပေသည်။

တစ်ဖန် ဗြိတိသျှ ထောက်လှမ်းရေးတပ်မှ ကင်ဘာဆိုသူက သူ၏ သဘောထားကို ထုတ်ဖော်ပြောပြန်သည်။

"ဒီအတိုင်းဆိုရင် ကျုပ်တို့အဖွဲ့က ဒီမြို့ကထွက်တဲ့ ခရီးစဉ်ကို ရန်သူဘက်က ကြိုတင်သတင်းမရဘူးလို့ ဘာအာမခံချက်ရှိသလဲ။ ဥပမာ ကျုပ်တို့က ဒီရောမမြို့ကနေပြီး အိန္ဒိယပြည် ဘုံဘေမြို့ကို လေယာဉ်နဲ့ သွားမှာကို ကြိုတင်သိရင် နောက်ထပ် တိုက်ခိုက်ဖို့ မဖြစ်နိုင်ဘူးလား။ ဒါကြောင့် ကျုပ်သဘောကတော့ ကျုပ်တို့ဘက်က သတင်းပေါက်ကြားမှုကို အရေးတကြီး ရှာဖွေဖော်ထုတ် ရှင်းပစ်ဖို့ အကြံပေးချင်ပါတယ်"

ထိုစကားကို ပြင်သစ်စုံထောက် ဖီးလစ်က ဝင်၍...

'ခင်ဗျားရဲ့ အကြံပြုချက်ကို ကျွန်တော်လည်း ထောက်ခံချင်ပါတယ်။ ခက်တာက ကျွန်တော်တို့ရဲ့ လုပ်ငန်းအခြေအနေက အချိန်မရနိုင်အောင် ဖြစ်နေပါတယ်' ဟု ပြောလိုက်သည်။

ဤတွင် ရစ်ချတ်က 'ဘာပဲဖြစ်ဖြစ် ကျုပ်တို့အဖွဲ့ဟာ နက်ဖြန် လေယာဉ်နဲ့ ထွက်ကြမယ်' ဟု ပြောလိုက်သည်။ လေသံကလည်း မည်သို့မျှ ပြင်ဆင်ပြောင်းလဲ

www.burmeseclassic.com

www.burmeseclassic.com



တော့မည်မဟုတ်ဟု အပြီးသတ် ဆုံးဖြတ်ချက်ချ၍ ပြောသည့်လေသံမျိုး ဖြစ်နေလေရာ ဗြိတိသျှစုံထောက် ကင်ဘာ၏ စိတ်ထဲ၌ သူ၏ အကြံပြုချက်ကို ရစ်ချတ်က လက်မခံဘဲ ပယ်ချလိုက်သလို ဖြစ်သောကြောင့် စိတ်ထဲ၌ အောင့်သက်သက် ဖြစ်သွားမိသည်။

အင်္ဂလိပ်လူမျိုးတို့ ပင်ကိုစရိုက်တစ်ခုမှာ တစ်စုံတစ်ရာသော ကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးတိုင်ပင် အကြံပြုချက်ကို ဆွေးနွေးခြင်းမပြုဘဲ ပယ်ချခံရပါက မခံချင်စိတ် ဖြစ်ပေါ်တတ်ခြင်းပင်တည်း။

ကင်ဘာသည် အသက် ၄၇ နှစ်ရွယ် ကိုယ်လုံးကိုယ်ဟန် ကျစ်လျစ်တောင့်တင်းသူတစ်ဦး ဖြစ်သည်။ သူသည် စစ်အတွင်းက နာမည်ကြီးခဲ့သော အက်စ်အိုင်အက်စ်ခေါ် ဗြိတိသျှ လျှို့ဝှက်ထောက်လှမ်းရေးဌာနတွင် ကြာမြင့်စွာ အမှုထမ်းခဲ့သည့် အတွေ့အကြုံရှိသူလည်း ဖြစ်သည်။

သတ္တိအလွန်ကောင်းသည်ဟု နာမည်ရခဲ့သူလည်း ဖြစ်သည့်အလျောက် ယခု အဖွဲ့ခေါင်းဆောင် ရစ်ချတ်က ဆုံးဖြတ်ချက်ချလိုက်သည်ကိုပင် ထပ်တွန့်မေးခွန်းထုတ်ပြန်လေသည်။

“ကောင်းပါပြီ။ ခင်ဗျားပြောသလို ကျုပ်တို့ မူလအစီအစဉ်အတိုင်း နက်ဖြန် ခရီးစထွက်ကြပြီဆိုပါတော့။ တကယ်လို့ ရန်သူဘက်က လမ်းမှာကြားဖြတ် တိုက်ခိုက်လာရင်ကော ဘယ်လိုလုပ်မယ်ဆိုတာ စိတ်ကူးသလဲ။ နောက်တစ်ချက်က အရဏ်သစ်အဖွဲ့သားတွေဟာ အယူသီးသမား၊ အကြမ်းဖက်သမားတွေ ဖြစ်တဲ့အတိုင်း ကျုပ်တို့စီးမယ့် လေယာဉ်ပေါ်မှာ အချိန်ကိုက်ဗုံး ထည့်မလွှတ်ဘူးလို့ ဘယ်ပြောနိုင်မလဲ”

“ဟုတ်တယ်ဗျ။ ရန်သူဂိုဏ်းသားတွေက လေယာဉ်ပေါ် အချိန်ကိုက်ဗုံး ထည့်လွှတ်ရင် ဖြစ်နိုင်တယ်”

ပြင်သစ်စုံထောက်ဖီးလစ်ကပါ ဝင်ပြောလေရာ ရစ်ချတ်သည် သူ၏ သေနတ်ပြောင်းကို သေချာစွာ စစ်ဆေးကြည့်နေရာမှ ကင်ဘာဘက်သို့ လှည့်၍ အဖြေပေးလိုက်သည်။

“ဒါအတွက် ခင်ဗျားတို့ ဘာမှ မစိုးရိမ်ပါနဲ့။ ကျုပ်တို့ စီးရမယ့် အထူးလေယာဉ်က အခု မော်လ်တာကျွန်းမှာ ရှိနေတယ်။ ရန်သူဂိုဏ်းက ကျုပ်တို့ ဘယ်လေယာဉ်စီးမယ်ဆိုတာ မသိဘဲနဲ့ ဘယ်လိုလုပ်ပြီး ဗုံးလာထည့်နိုင်ပါ့မလဲ။ မော်လ်တာကျွန်းမှာလည်း ခင်ဗျားတို့ ဗြိတိသျှထောက်လှမ်းရေးက ၂၄ နာရီပတ်လုံး လုံခြုံရေးအစောင့်တွေ ချထားတယ်။ လေယာဉ်ပေါ်မှာလည်း ထောက်လှမ်းရေး စုံထောက်သုံးဦးဟာ နေ့ညမပြတ် တစ်ချိန်လုံး စောင့်နေတယ်။ အဲဒီ



လေယာဉ်က ကျုပ်တို့ကို သယ်ဆောင်ဖို့ ဒီရောမမြို့လေဆိပ်ကို လာတဲ့အခါမှာလည်း စုံထောက်သုံးဦးက လိုက်လာလိမ့်မယ်။ ဘုံဘေမြို့ရောက်တော့လည်း ဟိုမှာရှိတဲ့ စီအိုင်အေထောက်လှမ်းရေးအဖွဲ့သားတွေက အလားတူနည်းနဲ့ လေယာဉ်ကို နေ့ရောညပါ မျက်ခြည်မပြတ် စောင့်နေကြလိမ့်မယ်။ ဒါကြောင့် အရဏ်သစ်ဂိုဏ်းအနေနဲ့ ဘယ်နည်းနဲ့မှ ကျုပ်တို့လေယာဉ်ကို ဗုံးလာတပ်ဆင်လို့ မရနိုင်ဘူး”

သည်တော့မှ ဗြိတိသျှထောက်လှမ်းရေးစုံထောက် ကင်ဘာသည် ဘာမှ ဆက်မပြောတော့ဘဲ သူ၏ နှုတ်ခမ်းမွေးကို ဘယ်လက်ဖြင့် သပ်နေလေသည်။

ရုရှစုံထောက် တေချော့ဗ်စကီးကမူ မိမိတို့နှင့် လိုက်ပါမည့် ပြင်သစ်နှင့် ဗြိတိသျှစုံထောက်နှစ်ဦးအား အထင်ကြီးပုံမရချေ။ သို့သော် ပါးစပ်က ဖွင့်မပြောဘဲ ရစ်ချတ်အား လှမ်း၍ ‘ဒါထက် ရဲဘော်ကြီး။ အီတလီအမျိုးသား ရန်သူဂိုဏ်းသား လက်ကိုင်အိတ်က ကျုပ်တို့ ဘယ်သူဘယ်ဝါမှန်း သိစေတဲ့ ကိရိယာပါတယ် ထင်ပါသလား’ ဟု မေးလိုက်သည်။

“ဟုတ်တယ်၊ ဒီအတိုင်းပဲ ဖြစ်ရမယ်လို့ ယုံကြည်တယ်။ ဒီစခန်းမှာရှိတဲ့ အီလက်ထရွန်းနစ် ပါရဂူတွေကို ပြကြည့်တော့ သူတို့က တိတိကျကျ မပြောနိုင်ပေမယ့် အဝေးက စကားပြောသံကို ဖမ်းယူနားထောင်လို့ရတဲ့ ကိရိယာမျိုး ဖြစ်တယ်လို့ ဆိုတယ်”

ရစ်ချတ်က ပြန်ပြောလိုက်သည်ကို တေချော့ဗ်စကီးက ကျေနပ်ပုံမရချေ။

“ပစ္စည်းကတော့ အတော်ဆန်းတာပဲဗျ။ ကျုပ်ကိုယ်တိုင် ကြည့်ပြီးပြီ။ သံပြားဒိုင်ကလေးတစ်ခု တပ်ထားလိုက်ရင် အချက်ပေးသံလိုလိုသာ နားကြပ်ထဲက ကြားရတယ်။ စကားသံတို့ ဘာတို့ မကြားရဘူးခင်ဗျ”

“နေပါဦး၊ ခင်ဗျားက ဒီပစ္စည်းကို ဘယ်တုန်းက စမ်းကြည့်လို့ သိရတာလဲ”

ရစ်ချတ်က ပြန်မေးလိုက်သည်။

“ဒီနေ့မွန်းလွဲပိုင်းက ကျုပ်တို့ လေဆိပ်သွားပြီး မစ္စတာနာသန်နီယယ်လ်ကို ကြိုတုန်း ကျုပ်က အဲဒီလက်ကိုင်အိတ်ပါသွားတာနဲ့ စမ်းကြည့်ရင်း သတိပြုမိတာပါ”

တေချော့ဗ်စကီးက ပြန်ပြောလျှင် ရစ်ချတ်သည် မျက်မှောင်ကြုတ်၍ စဉ်းစားနေမိသည်။

“ဒါက အရေးမကြီးပါဘူး။ နောက်တော့ အမှန်ကို သိရမှာပေါ့”

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ပြောလိုက်သော်လည်း ရစ်ချတ်၏ စိတ်ထဲတွင်ကား ကြီးကြပ်ရေးမှူး နာသန်နီယယ်လ် ရောမလေဆိပ်သို့ ရောက်ရှိချိန်။ လက်ကိုင်အိတ်တွင်းမှ ထူးဆန်းသော ကိရိယာ မည်သို့ ဆက်စပ်နိုင်မည်ကို ဆက်စဉ်းစားနေမိသည်။

အဖြေမှန်ကိုကား သေချာစွာ စဉ်းစား၍ မရချေ။

ထိုအခိုက် နာသန်နီယယ်လ် ဝင်၍ ပြောပြန်သည်။

"အဲဒီပစ္စည်းဟာ ရန်သူက တစ်နည်းနည်း အသုံးချတာတော့ သေချာတယ်။ ဒီမယ် ရစ်ချတ် မောင်ရင် အဲဒီပစ္စည်းကို ကျွမ်းကျင်တဲ့ ပါရဂူတွေ စစ်ဆေးကြည့်ဖို့ အမေရိကန်ကို ပို့မယ် မဟုတ်လား"

"ဟုတ်ကဲ့၊ အချိန်တန်တော့ ကျုပ်က ဝါရှင်တန်မြို့ကို ပို့လိုက်မှာပါ"

ရစ်ချတ်က အရေးမကြီးသလို ပြန်ပြောလိုက်သည်။

ဗြိတိသျှစုံထောက် ကင်ဘာသည် သူသိလိုသော အချက်ကို မေးပြန်သည်။

"ဒါထက် ကျုပ်တို့ နက်ဖြန်ခရီးထွက်ရမယ့် အစီအစဉ်အသေးစိတ်ကို မသိရသေးပါလား။ ကျုပ်တို့ လေဆိပ်ကို သွားကြတော့ အဖွဲ့လိုက်သွားမှာလား။ ဒါမှမဟုတ် တစ်ဦးချင်းခွဲသွားရမလား ဆိုတာ ခင်ဗျား မပြောသေးဘူး။ ကျုပ်သဘောကတော့ အုပ်စုလိုက်သွားရင် ကျုပ်တို့ကို ဘေးအမြင်မှာ သံသယရှိစရာဖြစ်မယ် ထင်တယ် မဟုတ်ဘူးလား"

"အဲဒါ သိပ်မှန်တာပေါ့ဗျ"

ပြင်သစ်စုံထောက် ဖီးလစ်ကပြောလိုက်ရာ ကြီးကြပ်ရေးမှူး နာသန်နီယယ်လ်ကပါ ဝင်၍...

'ဒါတော့ ဟုတ်တယ်' ဟု ထောက်ခံလေသည်။

"လောလောဆယ်တော့ ရန်သူဘက်က ကျုပ်တို့ ရေခဲတောင်စခန်းကို ဒီမှာမရှိဘူးလို့ ယူဆရမယ် မဟုတ်လား။ တကယ်လို့သာ သူတို့ဘက်က သိတယ်ဆိုလို့ရှိရင် အီတလီအစိုးရကို လက်တို့သတင်းပေးလိုက်ပြီး အီတလီရဲတပ်ဖွဲ့က ဒီမြို့စားကြီးအိမ်ကို အတင်းဝင်စီး ရှာဖွေတော့မှာပေါ့။ ဒါပေမဲ့ ရန်သူဟာ ရောမမြို့က အထွက် လေဆိပ်နဲ့ မော်တော်ကားဂိတ်တွေမှာ မျက်ခြည်မပြတ် စောင့်ကြည့်နေမှာတော့ သေချာတယ်။ ဒါကြောင့် အဖွဲ့ခေါင်းဆောင်ဖြစ်တဲ့ ရဲဘော်ရစ်ချတ်က လေဆိပ်ကို အသွားမှာ ကျုပ်တို့လူတွေ သူနဲ့အတူ လိုက်ပါသွားဖို့က အလွန်အန္တရာယ်များမယ်လို့ တွက်လို့ ရလိမ့်မယ်။ ကျုပ်တစ်ယောက်တည်းရဲ့ စိတ်ထဲမှာတော့ အရေးအကြောင်းရှိရင် သူ့မှာ ပါတဲ့



သေနတ်နှစ်လက်နဲ့ နောက်ထပ် ကျုပ်တို့လူတစ်ယောက်ရဲ့ သေနတ်နှစ်လက်ပါ အတူရှိနေဖို့ ကောင်းတယ်လို့ သဘောရမိတယ်။ အဲဒီလို မစဉ်းစားသင့်ကြဘူးလား"

"ခင်ဗျားထောက်ပြတာကို စဉ်းစားသင့်တာ အမှန်ပဲ"

ကြီးကြပ်ရေးမှူး နာသန်နီယယ်လ်က မှတ်ချက်ချပြီးမှ ရစ်ချတ်ဘက်သို့ လှည့်မေးပြန်သည်။

"ဘယ်လိုလဲ ရစ်ချတ်၊ ကျုပ်တို့ လေဆိပ်ကို ဘယ်လိုသွားကြမလဲ"

"ကျုပ်တို့စီးရမယ့် လေယာဉ်က လေဆိပ်ကို မနက်ဖြန်မနက် ဆယ်နာရီမှာ ရောက်လာလိမ့်မယ်။ ကျုပ်တို့က လေဆိပ်ကို သွားရာမှာ တစ်ဦးစီခွဲပြီး သွားရမယ်။ တစ်ယောက်နဲ့တစ်ယောက် ဆယ့်ငါးမိနစ်လောက်စီ အချိန်ခွဲသွားတာ အကောင်းဆုံးပဲ။ ပထမဆုံး မစ္စတာ နာသန်နီယယ်လ်က စထွက်ပါ။ ပြီးတော့ ဗြိတိသျှကိုယ်စားလှယ် ကင်ဘာ လိုက်ရမယ်။ နောက်တော့ ဖီးလစ်က ဆက်လိုက်ပါ။ ဖီးလစ်သွားပြီးတော့ ရဲဘော်တေချော့ဗ်စကီးက သွားပေတော့။ ကျုပ်ကိုယ်တိုင်ကတော့ နောက်ဆုံးမှ လိုက်လာမယ်။ အစီအစဉ်ကတော့ ဒါပဲ ဘာများ မေးစရာရှိသေးသလဲ"

"တစ်ယောက်ချင်း ပရိုက်ဗိတ်ကားနဲ့ သွားမှာလား"

ရုရှစုံထောက် တေချော့ဗ်စကီးက မေးရာ ရစ်ချတ်က...

'ဒါတော့ ကျုပ် နက်ဖြန်မနက်ကျမှ ပြောမယ်။ ဘာများမေးစရာ ရှိသေးသလဲ' ဟု ပြောလိုက်ပြန်သည်။

ကျန်လူများက ဘာမှဆက်မပြောဘဲ ငြိမ်နေကြသည်။

ရစ်ချတ်သည် ထိုင်ရာမှ ရေခဲသေတ္တာဆီသို့ လျှောက်သွားပြီး နာနတ်သီးဖျော်ရည်တစ်ခွက် ယူသောက်နေလိုက်သည်။

အတန်ကြာမှ နာသန်နီယယ်လ်က သူ့ကိုယ်သူ ပြောသလိုနှင့်

'ကျုပ်တော့ ဒီရောမမြို့ကြီးက အမြန်ထွက်သွားရမှာကို ဝမ်းနည်းသလိုဖြစ်နေမိတယ်။ ရောမဆိုတာက သမိုင်းအစဉ်အလာ အလွန်တောက်ပြောင်ခဲ့တဲ့ ရှေးဟောင်းမြို့တစ်မြို့ပဲ မဟုတ်လား' ဟု ပြောလိုက်သည်။

သို့သော် ရုရှရဲဘော် တေချော့ဗ်စကီးကမူ 'ခင်ဗျားကသာ ဒီလိုပြောတာ ကျုပ်တော့ ဒီမြို့ကို သဘောမကျပါဘူးဗျာ။ ကျုပ်အနေနဲ့ ဘာမှလည်း စိတ်ဝင်စားစရာ မတွေ့မိဘူး။ အခုအချိန်အထိ တစ်နေ့တစ်နေ့ ဘုရားရှိခိုးကျောင်းတွေက ခေါင်းလောင်းထိုးသံတွေချည်း ကြားနေရလို့ ငြီးငွေ့နေတာပဲ။ ဒါကြောင့် ဒီမြို့က မြန်မြန်ထွက်သွားရလေ ကျုပ်တော့ ကြိုက်လေပဲ' ဟု ပြောလိုက်ရာ

www.burmeseclassic.com

www.burmeseclassic.com



ဘာသာရေးကိုင်းရှိုင်းသူ ပြင်သစ်စုံထောက် ဖီးလစ်က သဘောကျပုံမရချေ။

"ဒါက ဘာသာရေး ထုံးတမ်းစဉ်လာအရ ဘုရားရှိခိုးကျောင်းတွေက ခေါင်းလောင်းထိုးတာကို ဘာမှ ပြောဖို့မလိုပါဘူး"

ဤသို့ ခပ်တည်တည်ပြောပြီး ဖီးလစ်သည် သူ၏ ဖန်ခွက်ကို ကြမ်းပြင်ပေါ်သို့ ချလိုက်ရာ ရုရှစုံထောက် တေချော့ဗ်စကီးက ပြုံးလိုက်သည်။

ဖီးလစ်နှင့် ဆက်ပြောနေလျှင် မိမိတို့အလုပ်နှင့် မဆိုင်သော ဘာသာရေးကိစ္စတွေ ဆွေးနွေးနေရမည်ဟု တွက်လျက် အသာငြိမ်နေလိုက်သည်။

ထိုအခိုက် ဗြိတိသျှစုံထောက် ကင်ဘာက တစ်စုံတစ်ခု စဉ်းစားမိဟန်ဖြင့် 'ဒါထက် မစ္စတာရစ်ချတ်။ ကျုပ်တို့က ပင်လယ်ခရီးကိုလည်း သွားရဦးမှာ မဟုတ်လား။ ဘီလုံနာဝင်စတန်က ကျုပ်တို့ပင်လယ်ထဲရှိနေတုန်းမှာ လေမုန်တိုင်းကျအောင် သူ့ရဲ့ဆေတန်နတ်ဆိုးကို ဖန်ဆင်းခိုင်းနိုင်မှာ မဟုတ်ဘူးနော်' ဟု ရယ်စရာလုပ်ပြောရာ ပြင်သစ်စုံထောက် ဖီးလစ်က ပြုံးလေသည်။

နာသန်နီယယ်လ်သည် ဘာမှ မပြောဘဲ စားပွဲရှိ ဖဲထုပ်တစ်ထုပ်ကို ကောက်ယူပြီး တစ်ယောက်တည်း ဖဲချပ်များကို လှန်ကစားနေသည်။ ဗြိတိသျှစုံထောက် ကင်ဘာက သူ၏ နှုတ်ခမ်းမွှေးကို အသာလက်ဖြင့်သပ်နေသည်။ ရစ်ချတ်သည် နာနတ်သီးဖျော်ရည် ဖန်ခွက်ကို စားပွဲပေါ်တင်ပြီး ထိုင်ချလိုက်သည်။

သူ၏စိတ်ထဲ၌ တေချော့ဗ်စကီးသည် ပြင်သစ်စုံထောက် ဖီးလစ်အား ဘာသာရေးအကြောင်းစကားစပြီး ငြင်းခုံအနိုင်ယူချင်နေသည်ဟု ယူဆမိလေသည်။

ထင်သည့်အတိုင်းပင် ဘချော့ဗ်စကီးသည် ဗြိတိသျှစုံထောက်ကင်ဘာအား ပြောသလိုနှင့် 'နတ်ဆိုးတွေ၊ နတ်ကောင်းတွေအကြောင်း ပြောမနေပါနဲ့ဗျာ။ အဓိပ္ပာယ် မရှိပါဘူး' ဟု ပြောလိုက်သည်။

ထိုစကားကို ဘာသာရေး ယုံကြည်ကိုင်းရှိုင်းသူ ဖီးလစ်က မခံနိုင်သဖြင့်...

'ခင်ဗျားက ဘာသာတရားမရှိတဲ့ အရပ်မှာ မွေးဖွားကြီးပြင်းလာတဲ့လူတစ်ယောက်အနေနဲ့ ဒီအကြောင်းတွေကို ဘာသိလို့လဲ' ဟု ခပ်တည်တည်ပြောလိုက်သည်။

သို့ရာတွင် တေချော့ဗ်စကီးသည် စိတ်မဆိုးဘဲ 'ဒါတော့ ခင်ဗျားတို့ ထင်ချင်သလို ထင်နိုင်ပါတယ်၊ ပြီးတော့ လူတစ်ယောက်ဟာ မိမိယုံကြည်ချင်တာကို *လွတ်လပ်စွာ ယုံကြည်နိုင်ခွင့် ရှိတာပဲ' ဟု ပြောပြီး ရစ်ချတ်ဘက်သို့ပါ လှည့်၍ 'မဟုတ်ဘူးလား ရဲဘော်ကြီး ရစ်ချတ်' ဟု မေးလိုက်သည်။



ရစ်ချတ်သည် ရဲစွမ်းသတ္တိနှင့် တိုက်ရည်ခိုက်ရည်ကောင်းသူ ဖြစ်လင့်ကစား အတွေးအခေါ်ပိုင်းဆိုင်ရာများကို နှံ့စပ်အောင် လေ့လာဖတ်ရှုခဲ့ဖူးသူဖြစ်သည့်အလျောက် သူ၏ အဖွဲ့ဝင်များ ဘာသာရေးငြင်းခုံမှုကို ဆက်လက်မဖြစ်စေချင်သည့်သဘောဖြင့် စကားကိုတစ်မျိုး လှည့်ပြောလေသည်။

"ရှေးခေတ် ယုံကြည်ကိုးကွယ်မှု အယူအဆတွေကတော့ တစ်မျိုးကြီးပဲဗျ။ ဥပမာ–တစ်ချိန်က ကျုပ်တို့ကမ္ဘာကြီးရဲ့ ပြင်ဘက်ပတ်ပတ်လည် စကြဝဠာအတွင်းမှာ ဘောလုံးသဏ္ဍာန် အလုံးကြီးတွေ ရှိနေတယ်လို့ ယုံကြည်ခဲ့ကြတယ်။ ဒါပေမဲ့ အဲဒီအလုံးကြီးတွေက ဖန်တုံးကြီးတွေလား၊ ရေခဲတုံးကြီးတွေပဲလား ဆိုတာတော့ သူတို့ ဝေခွဲလို့ မရဘူး။ နောက်တစ်ခုက ရှေးခေတ်ဘာသာရေးခေါင်းဆောင်တွေက သိပ္ပံပညာဟာ မကောင်းဆိုးဝါးတွေရဲ့ အတတ်ပဲလို့ ဆိုတယ်"

"ဟာ...အဲဒါကတော့ ဘယ်လိုမှ လက်မခံနိုင်တဲ့ အယူအဆပဲ"

ကြီးကြပ်ရေးမှူး နာသန်နီယယ်လ်က မှတ်ချက်ချလိုက်ရာ ပြင်သစ်စုံထောက် ဖီးလစ်ကလည်း 'ဟုတ်တယ်၊ ဒါတော့ ကျွန်တော်လည်း လက်မခံနိုင်ဘူး' ဟု ဝင်ထောက်ခံလိုက်သည်။

ဤတွင် ရစ်ချတ်က ခပ်အေးအေးပင် စကားဆက်လေသည်။

"ခင်ဗျားတို့ လက်ခံတာ လက်မခံတာ အရေးမကြီးပါဘူး။ ခရစ်နှစ် ၁၂၄၃ ခုနှစ်ကဆိုရင် ဆေးပညာနဲ့ ဒဿနိကဗေဒပညာကို လေ့လာလိုက်စားခြင်းကို အကြီးအကျယ် ရှုတ်ချကန့်ကွက်ခဲ့ကြတယ်။ တစ်ခါ ၁၂၈၇ ခုနှစ်ကျတော့ ဓာတုဗေဒနဲ့ ရူပဗေဒဘာသာရပ်တွေ လေ့လာသင်ကြားမှုကို ဂိုဏ်းဆရာကြီးတွေက အားမပေးရုံမက ပြစ်တင်ရှုတ်ချခဲ့ကြတယ်။ ဒါတွေကြောင့် လူသားတွေအနေနဲ့ သိပ္ပံပညာ စူးစမ်းလေ့လာမှုဟာ ကမ္ဘာ့သမိုင်းမှာ အတော်ကြီးနောက်ကျခဲ့ရတယ်။ အဲဒီလိုမဖြစ်ခဲ့ရင် ဒီနေ့ သိပ္ပံပညာ အခြေအနေဟာ အတိုင်းထက်အလွန် တိုးတက်မှာ သေချာတယ်။ ဥပမာ ဆေးကုသမှုဘက်ကဆိုရင် ကင်ဆာရောဂါကို တကယ်ပျောက်ကင်းစေတဲ့ ကုထုံးနည်းသစ်တွေတောင် ရှိချင်ရှိနေမှာပါဗျ"

"ဒါထက် ပင်လယ်သမုဒ္ဒရာထဲမှာ လေမုန်တိုင်းကျအောင် နတ်ဆိုးတွေ ဖန်တီးနိုင်တဲ့ အယူအဆဆိုတာကကော ဘယ်လိုလဲ"

ရုရှစုံထောက် တေချော့ဗ်စကီးက စောစောက ဗြိတိသျှထောက်လှမ်းရေးသမား ကင်ဘာ၏စကားကို ပြန်ကောက်လိုက်သဖြင့် ရစ်ချတ်ကလည်း ပြန်၍ အဖြေပေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုတော့ ရှိတယ်ဗျ။ ရှေးလူတွေက ခေါင်းလောင်းတွေ ဆူညံအောင် ထိုးလိုက်ရင် မကောင်းဆိုးဝါးတွေ ထွက်ပြေးပြီး လေမုန်တိုင်းကျတာတို့ မိုး ကြိုးပစ်တာတို့ကို ကာကွယ်တားဆီးနိုင်တယ်လို့ ယူဆခဲ့ကြတယ်။ ဒါပေမဲ့ တကယ်တမ်းကျတော့ အမေရိကန်လူမျိုးတွေရဲ့ အသုံးချသိပ္ပံပညာကမှ မုန်တိုင်း တို့ မိုးကြိုးပစ်တာတို့ကို ကာကွယ်နိုင်တာဗျ"

ထိုစကားကို ကြီးကြပ်ရေးမှူး နာသန့်နီယယ်လ်ကိုယ်တိုင် အံ့အားသင့် သွားမိသည်။ မိုးကြိုးပစ်ခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်နှင့် သိပ္ပံပညာ မည်သို့ ဆက်စပ်ပတ်သက်သည်ကို သူ စဉ်းစားမရအောင် ဖြစ်နေမိသည်။

သူ၏အတွေးကို ရစ်ချတ်က ရိပ်မိဟန်ဖြင့် ပြုံးလျက် 'ကျုပ် ဆိုလိုတာ ရှင်းအောင် ပြောပါမယ်။ ဘင်ဖရင်းကလင်း ဆိုတဲ့ အမေရိကန်လူမျိုးတစ်ယောက် အကြောင်းတော့ ခင်ဗျားတို့ သိကြမှာပေါ့။ သူက သိပ္ပံပညာနည်းနဲ့ မိုးကြိုးလွှဲကို တီထွင်ခဲ့တဲ့လူလေဗျာ' ဟု စကားကို အဆုံးသတ်လိုက်သည်။

■

## အခန်း (၆)

အိန္ဒိယသမုဒ္ဒရာကြီးအလယ်ရှိ ပင်လယ်ပြင် အခြေအနေမှာ ရာသီဥတုကောင်း မွန်လျက် ရှိခြင်းကြောင့် လှိုင်းလေ မရှိဘဲ သာသာယာယာ ရှိနေလေသည်။

'လုံးလီး–လေဒီ' အမည်ရှိ သင်္ဘောတစ်စင်းသည် ပင်လယ်ပြင်ပေါ်တွင် မှန်မှန်ကြီး ခုတ်မောင်းသွားလျက် ရှိလေသည်။

သင်္ဘောရောက်ရှိနေသည့် ပင်လယ်ပြင်ဒေသကား အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်း၏ တောင်ဘက် မိုင် ၂၃၃ ခန့်ကွာ ပင်လယ်ပြင်ပင် ဖြစ်သည်။

သင်္ဘောသည် အိန္ဒိယသမုဒ္ဒရာမှတစ်ဆင့် တီမော်ပင်လယ်ဆီသို့ ဦးတည် ခုတ်မောင်းလျက် ရှိလေသည်။

လုံးလီး–လေဒီ အမည်ရှိ သင်္ဘော၏ တရားဝင်ပိုင်ဆိုင်သူမှာ ဂျက်ဆင် ဆိုသူ ဖြစ်သည်။ သို့သော် သူ့ပိုင်ငွေဖြင့် ဝယ်ယူခြင်း မဟုတ်။ စီအိုင်အေ ထောက်လှမ်းရေးအဖွဲ့က လျှို့ဝှက်စွာ ထုတ်ပေးငွေဖြင့် ဂျက်ဆင်က ဝယ်ယူ ခဲ့ခြင်း ဖြစ်သည်။

သင်္ဘောက အင်္ဂလိပ်ဘာသာဖြင့် ယော့သ်ဟု ခေါ်သော ရွက်လွှင့်သင်္ဘော ဖြစ်ပြီး အလျား ၇၅ ပေရှိကာ ပင်လယ်ပြင်တွင် ကောင်းစွာ သွားနိုင်သော



သင်္ဘောမျိုးဖြစ်သည်။ သို့ရာတွင် ရွက်သင်္ဘောဆိုသော်လည်း အရေးရှိလျှင် အသုံးပြုနိုင်ရန် မြင်းကောင်ရေ (၁၄၀၀) ရှိ အင်အားကောင်းလှသော အင်ဂျင် စက်ပါ တပ်ဆင်ထားပေသည်။

ယခု ထိုသင်္ဘောသည် အင်ဂျင်စက်ဖြင့် ခုတ်မောင်းလျက်ရှိရာ စက် အားကို အကုန်မဖွင့်ဘဲ ထက်ဝက် အင်အားမျှဖြင့်သာ ခုတ်မောင်းလျက် ရှိ သည်။ ယင်းသင်္ဘောပေါ်တွင် ပါလာသူခရီးသည်များကား အိန္ဒိယပြည် ဘုံဘေ မြို့မှတစ်ဆင့် သြစတြေးလျနိုင်ငံသို့ သွားကြမည့် ရစ်ချတ်နှင့် သူ၏အဖွဲ့သား များပင်တည်း။

သူတို့၏ လှုပ်ရှားသွားလာမှုခရီးစဉ်ကို ရုရှားသူလျှိုတို့က မသိစေရန် ရောမ မြို့မှ လေယာဉ်ဖြင့် ဘုံဘေမြို့သို့လာပြီး ထိုမှတစ်ဆင့် မထင်ရှားသော ပုဂ္ဂလိ က အပျော်စီး ရွက်သင်္ဘောဖြင့် လာခဲ့ကြခြင်း ဖြစ်လေသည်။

အီတလီပြည် ရောမမြို့မှ ထွက်ခွာစဉ်က မည်သည့် အနှောင့်အယှက် မှ မတွေ့ဘဲ ချောမောပြေပြစ်ခဲ့သည်။

မော်လ်တာကျွန်းမှတစ်ဆင့် လိုက်ပို့သော ဗြိတိသျှလေယာဉ်က စီဟာ ဗီလင် အမျိုးအစား ဂျက်လေယာဉ်ဖြစ်ပြီး ရောမလေဆိပ်သို့ ကြိုတင် စီစဉ် ထားသည့်အတိုင်း အချိန်မှန် ရောက်လာခဲ့သည်။

ရစ်ချတ်နှင့် သူ၏အဖွဲ့ဝင်များကလည်း မူလက တွက်ချက်လျာထား သည့်အတိုင်း အင်္ဂလိလေဆိပ်သို့ ရောက်ပြီး မကြာမီ လေယာဉ်စတင်ထွက်ခွာ ခဲ့ရာ ဘုံဘေမြို့လေဆိပ်သို့ အချိန်မှန်ရောက်ရှိလေသည်။

ထိုနေ့ညနေဘက်မှာပင် သူတို့အဖွဲ့သည် ဘုံဘေဆိပ်ကမ်း၌ ကြိုတင် ရောက်ရှိပြီး အသင့်စောင့်နေသော 'လုံးလီး လေဒီ' ရွက်သင်္ဘောဖြင့် ပင်လယ် သို့ ခရီးကို စတင်ထွက်ခွာခဲ့ကြသည်။

သင်္ဘောပိုင်ရှင် ဂျက်ဆင်နှင့် သူ၏ သင်္ဘောသားအဖွဲ့ သုံးဦးတို့ ပါရှိ ရာ သင်္ဘောသားများက အမေရိကန်မှ အပျော်တမ်းခရီးထွက်လာသူ တက္ကသိုလ် ကျောင်းသားကြီးများအဖြစ် ဟန်ဆောင်ထားကြသည့်အတိုင်း သင်္ဘောအထက် တွင် ရွက်ကြီးများကို တင်ရာ၌ ဆိပ်ကမ်းမှ ကြည့်နေသူများ အထင်ကြီးအောင် တပျော်တပါး ရွက်လွှင့်ထူခဲ့ကြသည်။

သို့သော် ဆိပ်ကမ်းမှထွက်၍ ပင်လယ်ပြင်သို့ ရောက်သည်နှင့် ရစ်ချတ် က အမိန့်ပေးချက်အရ ဂျက်ဆင်သည် သင်္ဘော၏ ရွက်များကို ချလော အင် ဂျင်စက်ဖြင့် ပြောင်း၍ ခုတ်မောင်းခဲ့သည်။

ဂျက်ဆင်သည် မှတ်ဆိတ်အရှည်ထားသူဖြစ်ရာ ပဲ့ကိုင်စက်ဘီးကို ထိန်း

www.burmeseclassic.com

www.burmeseclassic.com



နေပုံက တကယ့်ဝါရင့်ကြေးစား သင်္ဘောကပ္ပတိန် (မာလိန်မှူး)တစ်ဦးနှင့် တူနေသည်။

သူတို့သွားရန် လျာထားသည့် ခရီးစဉ်က အိန္ဒိယပြည်မှ အင်ဒိုနီးရှားပြည် ဂျာဗားကျွန်းကို ပတ်၍ တီမော်ပင်လယ်ကို ဖြတ်ကာ နယူးဂီနီကျွန်းတောင်ဘက်ရှိ ပင်လယ်ပြင်သို့ သွားရန်ပင် ဖြစ်သည်။

ထိုမှတစ်ဆင့် တောရက်စ်ရေလက်ကြားကို ဖြတ်ပြီး ပစိဖိတ်သမုဒ္ဒရာထဲဝင်ကာ ဩစတြေလျနိုင်ငံ လရစ္စတိန်းမြို့ဆိပ်ကမ်းသို့ အရောက်သွားရန် ခရီးစဉ် ရေးဆွဲသတ်မှတ်ခဲ့ကြသည်။

ယခု သူတို့၏ သင်္ဘောက ဂျာဗားကျွန်းတောင်ဘက် ပင်လယ်ပြင်သို့ ရောက်နေချိန်တွင် ရစ်ချတ်သည် သင်္ဘောကုန်းပတ်ပေါ်တက်၍ ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှုနေလေသည်။ ရိုးရိုးကြည့်ခြင်းမဟုတ်ဘဲ မှန်ဘီလူးအားကောင်းသော မှန်ပြောင်းဖြင့် မသင်္ကာဖွယ်ရာ အခြားရေယာဉ်များ ပတ်ဝန်းကျင်တွင် ရှိမရှိ လှည့်ပတ်ကြည့်ရှုခြင်း ဖြစ်သည်။

သူ၏ အလေ့အထတစ်ခုမှာ အမြဲတစေ သတိရှိရန်နှင့် နေရာတကာတွင် မသင်္ကာဖွယ်ရာ ဘေးအန္တရာယ် အရိပ်အယောင်များကို ရှာဖွေကြည့်တတ်ခြင်းပင် ဖြစ်သည်။

ထို့ကြောင့် ပင်လယ်ပြင်အတွင်း သူတို့သင်္ဘောဝန်းကျင်တွင် အခြားရေယာဉ်များ မတွေ့ရတော့မှ စိတ်ချပြီး သင်္ဘောကုန်းပတ်တစ်ခုလုံးကို လှည့်ပတ်လျှောက်ကြည့်ပြန်သည်။

ဂျက်ဆင်နှင့်အတူပါသူ (တက္ကသိုလ်ကျောင်းသားများ ဟန်ဆောင်ထားသော) သင်္ဘောသားသုံးဦးတို့မှာလည်း စင်စစ် စီအိုင်အေ ထောက်လှမ်းရေးအဖွဲ့သား လူငယ်များ ဖြစ်ကြလေသည်။

ရစ်ချတ်သည် သင်္ဘောတစ်စင်းလုံး လှည့်ပတ်ကြည့်ရှုစစ်ဆေးရာ သင်္ဘောသားလူငယ်နှစ်ဦးက သင်္ဘော၏ပဲ့ပိုင်းတွင် ရှိနေကြပြီး ကျန်တစ်ဦးက ကုန်းပတ်၏ လက်ယာဘက်ခြမ်းတစ်နေရာတွင် အသီးသီး ရှိနေကြကြောင်း တွေ့ရလေသည်။

"အင်း... အခုတိုင်း ဆိုတော့ အစစအရာရာ 'အိုကေ' ပါပဲ"

ကျေနပ်ဟန်ဖြင့် စိတ်ထဲမှ မှတ်ချက်ချပြီးနောက် ရစ်ချတ်သည် ဆက်လျှောက်သွားကာ မိမိအဖွဲ့သားရှိရာ သင်္ဘောဦးပိုင်းဆီသို့ သွားကြည့်ပြန်သည်။

ဂျက်ဆင်က ပဲ့ကိုင်စက်ဝိုင်းကို ကိုင်ထားလျက်ရှိပြီး ရှုရှုစုံထောက် တေချော့ဗ်စကီးနှင့် ဗြိတိသျှထောက်လှမ်းရေးသမား ကင်ဘာတို့အနီးတွင် စကား



ပြောနေကြသည်။ ကျန်အဖွဲ့ဝင်နှစ်ဦးတို့လည်း မလှမ်းမကမ်းတွင် ရှိနေကြသည်။

သူတို့နှစ်ဦးစလုံးသည် ရာသီဥတု ပူအိုက်ခြင်းကို မခံနိုင်ဟန်ဖြင့် ခန္ဓာကိုယ်အပေါ်ပိုင်းတွင် ရှပ်အင်္ကျီ စွပ်ကျယ်မဝတ်ဘဲ ကိုယ်တုံးလုံးနေကာ ဘောင်းဘီကိုသာ အသီးသီး ဝတ်ထားကြသည်။

ရစ်ချတ်က သူတို့အနီးရှိ ကုလားထိုင်လွတ်တစ်လုံးတွင် ဝင်ထိုင်လိုက်ရာ ကင်ဘာက လှမ်းစကားပြောလေသည်။

"အိုင်ဆေး...မစ္စတာရစ်ချတ်။ ခင်ဗျား စောစောကပြောတဲ့ လောကီပညာအကြောင်းဆိုတာကို ကျုပ်ဖြင့် ကောင်းကောင်း နားမလည်ဘူးဗျ။ ကိုယ့်လူ ပြောပုံအရဆိုရင် လောကီပညာ တတ်ကျွမ်းသူတစ်ယောက်က အစီအရင်တစ်ခု လုပ်လိုက်တာနဲ့ နာနာဘာဝ မကောင်းဆိုးဝါးတွေ ကိုယ်ထင်ပြတာကို မြင်နိုင်တဲ့ သဘောမျိုး ဖြစ်နေတယ်။ အဲဒါ ဟုတ်နိုင်ပါ့မလား။ ကိုယ့်လူက တကယ်ပြောတာ မဟုတ်ဘူးလို့ ကျုပ် ထင်တယ်"

ထိုစကားကို အနီးတွင် ရှိသူ 'ကြီးကြပ်ရေးမှူး' နာသန်နီယယ်လ်က ကြားဖြတ်ဝင်ဖြေလေသည်။

"ခင်ဗျားကလည်းဗျာ၊ အဓိပ္ပာယ်မရှိတာတွေ ပြောမနေစမ်းပါနဲ့။ လောကီပညာနဲ့ စီရင်တာနဲ့ ကိုယ်ထင်ပြအောင် လုပ်နိုင်တယ်ဆိုတာ ခင်ဗျား ယုံလို့လား"

"ကျုပ်ကတော့ မယုံပါဘူး"။ ဗြိတိသျှထောက်လှမ်းရေးသမား 'ကင်ဘာ' က ချက်ချင်းပြန်ဖြေလိုက်သည်။

ဤတွင် ပြင်သစ်စုံထောက် 'ဖီးလစ်' က 'ကင်ဘာ' အား လှမ်း၍ 'ဒါပေမဲ့ ခင်ဗျားက ဘုရားကို ယုံကြည်တယ် မဟုတ်လား' ဟု မေးလိုက်သည်။

'ကင်ဘာ' သည် ဤသို့အမေးခံရသည်ကို သဘောမကျဟန်ဖြင့် 'ခင်ဗျားကလည်း မဆိုင်တာတွေ ဆွဲထည့်မပြောပါနဲ့' ဟု ပြန်ပြောလိုက်သည်။

ထိုအခါ သင်္ဘောပဲ့ကိုင်စက်ဝိုင်းကို ကိုင်၍ ထိန်းမောင်းနေသူ 'ဂျက်ဆင်'ကပါ ဝင်ရောက် ဆွေးနွေးပြန်သည်။

"ခင်ဗျားတို့ပြောနေတာနဲ့ ကျုပ် တစ်ခုသတိရမိတယ်။ ဒုတိယကမ္ဘာစစ်အတွင်းက ကျုပ်က ဗြိတိသျှရေတပ်နဲ့အတူ စက်ဘုမှာ ရှိနေတုန်းရုတ်တရက် ဂျပန်တပ်တွေ ဝင်လာတော့ ကျုပ်တို့လည်း စစ်သုံ့ပန်းအဖြစ် အဖမ်းခံခဲ့ရတယ်။ အဲဒီ စက်ဘုအကျဉ်းထောင်မှာ နေရတုန်းက စာအုပ်တစ်အုပ် ဖတ်ခဲ့ရတယ်။ စာအုပ်ကတော့ 'လောကီပညာ' အကြောင်းစာအုပ်ပါပဲ။ လော

www.burmeseclassic.com

www.burmeseclassic.com



ကီပညာအကြောင်းတွေ စုံစုံလင်လင် ရေးထားတဲ့အနက် မျက်လှည့်ဆရာတချို့ဟာ ရိုးရိုးပရိသတ်ကို မျက်စိလှည့်ပြတာမျိုးသာမက လောကီပညာနည်းနဲ့ အထူးအဆန်းတွေ လုပ်ပြနိုင်တယ်လို့ ဆိုထားတယ်။ ဒါပေမဲ့ ကျုပ်ကတော့ ဒါတွေကို မယုံကြည်ပါဘူး”

‘ဂျက်ဆင်’ သည် ‘စီအိုင်အေ’ ထောက်လှမ်းရေးအဖွဲ့ဝင်၏ တရားဝင် အမှုထမ်းတစ်ဦး မဟုတ်ပေ။ သို့သော် စွန့်စားလုပ်ရှားမှု ဝါသနာပါပြီး ငွေကြေးကောင်းကောင်းရလျှင် ပေးအပ်သည့် တာဝန်ကို သစ္စာရှိရှိ ဆောင်ရွက်တတ်သူ ဖြစ်သည်။

ယခု ‘စီအိုင်အေ’က သူ့အား ငွေပေး၍ သဘော်ဝယ်ခိုင်းပြီး ပိုင်ရှင်မာလိန်မှူးအနေဖြင့် ‘ရစ်ချတ်’တို့အဖွဲ့အား ဩစတြေလျနိုင်ငံသို့ စစ်ဆင်ရေးထွက်နိုင်အောင် ပို့ပေးရန် တာဝန်ပေးသည်ကို ကျေနပ်စွာ လက်ခံဆောင်ရွက်နေခြင်း ဖြစ်သည်။

‘စီအိုင်အေ’ အဖွဲ့အနေဖြင့်ကား ‘ဂျက်ဆင်’ ၏ နောက်ကြောင်းရာဇဝင်ကို အသေးစိတ် လေ့လာထောက်လှမ်းသိရှိထားပြီး ဖြစ်သည်။

သူသည် ၁၉၂၈ ခုနှစ်က နယူးယောက်မြို့တွင် မွေးဖွားခဲ့ပုံ၊ အမေရိကန်ရေတပ်တွင် စစ်အတွင်းက အမှုထမ်းခဲ့ပြီး စစ်ပြီးမှ နုတ်ထွက်၍ ရိုးရိုးကုန်တင်သဘော်သားအဖြစ် အမှုထမ်းနေရာမှ ၁၉၆၄ ခုနှစ်က အင်ဒိုနီးရှား ‘ဂျာကာတာ’ မြို့၌ သဘော်ပေါ်မှ ဆင်းနေ၍ ထွက်ပြေးခဲ့ပုံများကိုလည်းကောင်း၊ နောက်ပိုင်းအရှေ့အာရှနိုင်ငံများတွင် လှည့်လည်၍ ရရာအလုပ် လုပ်ခဲ့ကြောင်းကို လည်းကောင်း သိထားလေသည်။

‘ဂျက်ဆင်’ နှင့် ‘စီအိုင်အေ’ တို့ ဆက်မိပုံမှာလည်း ကြိုတင်စီစဉ်မှုလုံးဝမရှိဘဲ မတော်တဆ ဖြစ်ပွားမှုတစ်ရပ်ကြောင့် ဆက်သွယ်မိခဲ့ခြင်း ဖြစ်လေသည်။

၁၉၆၉ ခုနှစ်က ‘ဂျက်ဆင်’ သည် ဟောင်ကောင်မြို့ ‘ဘား’ အရက်ဆိုင်တစ်ဆိုင်၌ ဗြိတိသျှရေတပ်သား ငါးဦးတို့နှင့် ခိုက်ရန်ဖြစ်ပွားပြီး ထိုးကြိတ်သတ်ပုတ်သည်အထိ ဖြစ်ခဲ့သည်။ စကားများကြရသည့် အကြောင်းကလည်း ဗြိတိသျှရေတပ်သားများက အမေရိကန်နိုင်ငံအကြောင်း သွယ်ဝိုက်၍ ထိခိုက်သောစကားများ ပြောသောကြောင့် ‘ဂျက်ဆင်’ က မခံမရပ်နိုင် ဖြစ်ရာမှ ရေတပ်သားငါးဦးအား စိန်ခေါ်ထိုးကြိတ်ခဲ့သည်ဟု ဆိုသည်။

သက်ဆိုင်ရာရဲက သူ့အား ဖမ်းဆီးအရေးယူသောအခါ ‘ဂျက်ဆင်’သည် တရားရုံးတော်သို့ ရောက်သည့် အချိန်အထိ ဒေါသကြီးလျက် ရှိလေသည်။



“ကျုပ်ရှေ့မှာ အမေရိကန် နိုင်ငံအကြောင်း ထိခိုက်ပြီး စကားပြောတဲ့ လူမှန်သမျှကို နာလန်မထူနိုင်အောင် ခပ်ကြမ်းကြမ်း ဆုံးမရမှာပဲ။ ကျုပ် အခုလို ပြောတာဟာ လူတိုင်းကို ဆိုလိုတာနော်။ အခု တရားခွင်ပေါ်ထိုင်နေတဲ့ ခင်ဗျားတို့ တရားသူကြီးတွေလည်း အပါအဝင် ဖြစ်တယ်”

ဤသို့ တရားခွင်တွင် ရုံတော်အား မထီမဲ့မြင် ပြုရာရောက်အောင် ပြောဆို၍လည်း ‘ဂျက်ဆင်’ သည် ရိုးရိုး အပြစ်ဒဏ်အပြင် နောက်ထပ် ထောင်ဒဏ်တစ်လတိတိ အပြစ်ပေး ခံခဲ့ရလေသည်။

သူ့အား တရားစီရင်သောနေ့က ရုံးသို့ လာရောက်အမှုနားထောင်သူ ပရိသတ်ထဲတွင် ‘စီအိုင်အေ’ အမေရိကန်ထောက်လှမ်းရေးမှ ဧဂျင်း (စုံထောက်) တစ်ဦးရှိနေခိုက်နှင့် ကြုံလေသည်။

‘စီအိုင်အေ’ စုံထောက်က ‘ဂျက်ဆင်’၏ သတ္တိရှိပုံ၊ ပြတ်သားပုံကို သတိပြုမိပြီး သဘောကျသွားသဖြင့် အခါအားလျော်စွာ လိုအပ်ပါက ခေါ်ယူအသုံးချထိုက်သူတစ်ဦး ဖြစ်ကြောင်း အထက်သို့ သတင်းပို့ အစီရင်ခံလိုက်လေသည်။

ထိုအချိန်မှစ၍ ‘ဂျက်ဆင်’ သည် ‘စီအိုင်အေ’ အဖွဲ့မှ ပေးအပ်သောတာဝန် ‘အလုပ်’ များကို ပုတ်ပြတ် ကန်ထရိုက်စနစ်သဘောမျိုးဖြင့် ရံဖန်ရံခါ လက်ခံလုပ်ပေးခဲ့သည်။

‘ဂျက်ဆင်’ သည် ရင်အုပ်ကားကား၊ ဗလကောင်းကောင်း၊ ထောင်ထောင်မောင်းမောင်းနှင့် လူထွားကြီးတစ်ဦး ဖြစ်သည် မုတ်ဆိတ်ရှည်ကြီးနှင့် ဖြစ်သော်လည်း သူ၏ ဦးခေါင်းမှ ဆံပင်က ကျိုးတိုးကျဲတဲနှင့် ခေါင်းပြောင်လုမတတ် ဆံပင်ပါးသူ ဖြစ်သည်။

‘ရစ်ချတ်’ သည် ‘ဂျက်ဆင်’ ၏ စကားကို စိတ်ဝင်စားဟန်ဖြင့် ဆွေးနွေးလေသည်။

“ဟုတ်ပါတယ်၊ မစ္စတာဂျက်ဆင်ပြောတဲ့ စာအုပ်ဆိုတာ ရှိပါတယ်။ လောကီပညာနဲ့ ပတ်သက်တဲ့ အလားတူ စာအုပ်မျိုးရေးသူ လေးဦးလောက် ရှိတယ်။ ဒါပေမဲ့ စာအုပ်ထဲ ပါတာတွေက အဓိပ္ပာယ်မရှိ၊ မဖြစ်နိုင်တာတွေများတယ်။ ဘာပဲဖြစ်ဖြစ် ‘ဘီလုံနာဝင်စတန်’ ဆိုတဲ့လူက အဲဒီ လောကီပညာစာအုပ်တွေ ဖတ်ရာက အဟုတ်ကြီးမှတ်ပြီး လေးလေးနက်နက် ယုံကြည်ခဲ့ရတယ်”

“လောကီပညာဆိုတဲ့ အထူးအဆန်းတွေကို ယုံကြည်တဲ့ လူတိုင်းကန္တစိတ္တဇဝေဒနာရှိသူ၊ စိတ်ရူးပေါက်နေတဲ့ လူပဲ ဖြစ်ရမယ်”

www.burmeseclassic.com

www.burmeseclassic.com



ပြင်သစ်စုံထောက် 'ဗီးလစ်'က ဝင်၍ မှတ်ချက်ချလိုက်ပြီးနောက် 'ရစ်ချတ်' ကပဲ ဆက်လက်ဆွေးနွေးပြန်သည်။

"လောကီပညာဆိုလို့ စုန်းအတတ်၊ မှော်အတတ်အကြောင်း ရေးထားတဲ့ စာအုပ်တွေလည်း ရှိသေးတယ်ဗျ။ စာအုပ်တစ်အုပ်က ဆိုရင် ငရဲပြည်မှာ ငရဲသား (၇၂) ဦးနဲ့ သူတို့အထက်က ငရဲမင်းလေးဦးရှိတယ်လို့တောင် ဆိုတယ်၊ အခုခေတ် 'မာဖီယား' လူဆိုးဂိုဏ်းတွေမှာ အုပ်စုဖွဲ့ထားပြီး အုပ်စုခေါင်းဆောင်တွေက ထိပ်က ဦးစီးကွပ်ကဲတဲ့ သဘောမျိုးပေါ့"

'ရစ်ချတ်' ၏ စကားကိုကြားလျှင် အားလုံးက ဝိုင်း၍ ရယ်မောကြလေသည်။ 'ရစ်ချတ်' က သူ၏ ဆွေးနွေးချက် မရပ်လိုက်ဘဲ ဆက်လက်ပြောပြန်လေသည်။

"ဆက်ပြီး နားထောင်ကြပါဦးလေ။ ငရဲသားတစ်ဦးစီမှာ လက်အောက်က တပ်သားတွေလည်း ရှိသေးသတဲ့ဗျ။ တပ်တစ်တပ်ရဲ့ အင်အား (၂၂၂၂) ရှိတယ်လို့လည်း ဆိုတယ်။ ဒီတိုင်းဆိုရင် လောကီပညာနည်းနဲ့ စီရင်တတ်တဲ့ မျက်လှည့်ဆရာတစ်ဦးဟာ သူ့မျက်လှည့်ပြပွဲကြီးအတွက် ခေါ်ခိုင်းစရာ မကောင်းဆိုးဝါးအင်အား အများကြီးရှိတယ်လို့ ဆိုရမလို ဖြစ်နေတယ်"

သဘော်မာလိန်မှူး 'ဂျက်ဆင်' သည် ရယ်ချင်လာသဖြင့် အားရပါးရ ရယ်မောပြီးမှ "ဒီတိုင်းဆိုရင် လောကီပညာ လိုက်စားထားတယ်ဆိုတဲ့ ဘီလျှံနှာ သူဌေး 'ဝင်စတန်' ဟာ သူ စိတ်ရှုပ်လာပြီး ကမ္ဘာကြီးကို ဖျက်ဆီးဖို့ ကြံရာမှာ သူ့ဘက်က မကောင်းဆိုးဝါး တပ်သား (၂၂၂၂) ဦးတောင် အကူအညီ ရနိုင်တယ်လို့ အဓိပ္ပာယ်ရနေပါပေါ့လားဗျ၊ ဒီလိုဆိုတော့ ခင်ဗျားတို့အဖွဲ့က ဒီကောင်ကြီးစခန်းကို သွားတိုက်မယ်ဆိုရင် စစ်တပ်ကြီးတစ်တပ်လုံး ခေါ်သွားမှဖြစ်မှာပေါ့ ဟုတ်လား။ ဟဲ... ဟဲ... ဟဲ" ဟု ပြောလိုက်သည်။

ရစ်ချတ်သည် သူပြောချင်သည့်စကား မဆုံးသေးသဖြင့် ဆက်ပြောလေသည်။

"ရှေးခေတ်သမိုင်းမှာ ထင်ရှားခဲ့တဲ့ ဆော်လမွန်ဘုရင် ဆိုတာ ခင်ဗျားတို့ ကြားဖူးတယ် မဟုတ်လား။ အဲဒီဆော်လမွန်ဘုရင်ဟာ တစ်ချိန်က ရိုးရိုးလူသားစစ်သည်တွေသာမက မကောင်းဆိုးဝါး စစ်သည်တွေ (၇၂)ဦးကိုပါ စေခိုင်းနိုင်စွမ်း ရှိတယ်လို့ လောကီပညာစာအုပ်တစ်အုပ်မှာ ဆိုထားတယ်။ တကယ်တော့ ယုံတမ်းစကား ဒဏ္ဍာရီပုံပြင်သဘောပါပဲ။ သူ့ဒဏ္ဍာရီအဆိုကတော့ ဆော်လမွန်ဘုရင်ဟာ သူနိုင်တဲ့ မကောင်းဆိုးဝါးစစ်သည်တွေကို ကြေးဝါနဲ့ သွန်းလုပ်ထားတဲ့ အိုးတစ်ခုထဲ ထည့်ပြီး အလုံပိတ်လိုက်သတဲ့။ ပြီးတော့... သူ



တိုက်ခိုက်လိုတဲ့ ဘေဘီလွန်နိုင်ငံက ရေအိုင်ကြီးတစ်အိုင်ထဲ သွားပစ်ထားလိုက်တယ်။ ဘေဘီလွန်ပြည်သားတွေက ကြေးအိုးကြီးကို တွေ့တော့ ဘာများပါလိမ့်လို့ သိချင်ဇောနဲ့ အတင်းဖျက်ဆီး ဖွင့်ကြည့်ကြသတဲ့။ သူတို့ကတော့ အထဲမှာ ရွှေငွေ ကျောက်မျက်ရတနာတွေ ရှိတယ်ထင်ပြီး ဖွင့်ကြည့်တာလို့ ဆိုတယ်။ ဒါပေမဲ့ ကြေးဝါအိုးကြီးကိုလည်း ဖွင့်ရော အတွင်းမှာ ရှိနေတဲ့ မကောင်းဆိုးဝါးတွေက အားလုံး ထွက်လာပြီး ကုန်းပေါ် တက်ကုန်တော့သတဲ့။ အဲဒီအချိန်ကစပြီး ဘေဘီလွန်ပြည်သာမက ဒီကမ္ဘာလောကကြီးတစ်ခုလုံး ကမောက်ကမ ဖြစ်ခဲ့ရတယ်လို့ ပုံပြင်က ဆိုတယ်"

"ဒါက ဘယ်လိုမှ အဓိပ္ပာယ်မရှိတဲ့ စကားပါဗျာ။ ဂျူးလူမျိုးတချို့ဆိုရင် သူတို့ကို ကူညီမယ့် ကယ်တင်ရှင်တစ်ဦး တစ်နေ့ပေါ်လာလိမ့်မယ်လို့ ယုံကြည်နေကြသလိုပေါ့။ အခု အာရပ်တွေနဲ့ စစ်ဖြစ်တဲ့စစ်ပွဲမှာ ဘယ်က ကယ်တင်ရှင်မှ ပေါ်မလာဘူး"

ကြီးကြပ်ရေးမှူး နာသန်နီယယ်လ်က သူ၏ထင်မြင်ချက်ကို ဝင်ပြောလိုက်သည်။

"ဒီလိုလည်း မဆိုင်တာ ဆွဲထည့်မပြောနဲ့လေ။ ခင်ဗျားလို ပြောစတမ်းဆိုရင် အမေရိကန်နိုင်ငံက အစ္စရေးဘက်ကို လက်နက်ပစ္စည်းတွေ ကူညီထောက်ပံ့တာဟာ တစ်နည်းအားဖြင့် ကယ်တင်ရှင် တစ်စုံတစ်ဦးက ကူညီတာလို့ မဆိုနိုင်ဘူးလား"

ရစ်ချတ်က စကားနိုင်လုသလို ပြန်ပြောလိုက်ရာ ဗြိတိသျှထောက်လှမ်းရေးသမား ကင်ဘာက ငြီးငွေ့လာဟန်ဖြင့် 'တော်ကြပါတော့ဗျာ။ လောကီပညာအကြောင်း မကောင်းဆိုးဝါး နာနာဘာဝတွေအကြောင်း ဒါလောက်ပြောရရင် တော်ကြရောပေါ့' ဟု ဝင်ပြောလိုက်သည်။

ထိုအခါ သဘော်မာလိန်မှူး ဂျက်ဆင်သည် သဘော်ပဲ့ကိုင်နေရာမှ 'ခင်ဗျားတို့အဖွဲ့ တကယ့်အလုပ်ဖြစ်တဲ့ ဘီလျံနှာဝင်စတန်ရဲ့ အခြေစိုက်စခန်းကြီးကိုဖြိုခွင်းရာမှာ အခုပြောနေကြတဲ့ လောကီပညာတို့ နာနာဘာဝ မကောင်းဆိုးဝါးတို့အကြောင်း ဒဿနိကဗေဒဆန်တဲ့ နည်းတွေရမှာမဟုတ်ဘူးဗျ' ဟု လှမ်း၍ စကားစလိုက်ပြီးနောက် ရစ်ချတ်ဘက်သို့ လှည့်ကာ ဆက်ပြောပြန်သည်။

"ကျုပ် နားလည်မိသလောက် ဘီလျံနှာကြီးရဲ့ စခန်းကို သွားတိုက်ရမယ့် ကျုပ်တို့အဖွဲ့ကလည်း နည်းနည်းကလေးပဲ ရှိမယ်လို့ ခင်ဗျားပြောတယ်။ အခု သဘော်မှာပါတဲ့ ကျုပ်တို့တစ်တွေရယ်၊ ဒါတောင်မှ သဘော်သားအဖြစ် လိုက်လာတဲ့ သဘော်သား သုံးယောက်မပါဘူး မဟုတ်လား။ ဟုတ်ပါပြီ၊ ကျုပ်

www.burmeseclassic.com

www.burmeseclassic.com



တို့ လူစုအပြင် သြစတြေလျ စစ်တပ်က ကူညီလိုက်ပါမယ့် ကွန်မန်ဒိုအထူးတိုက်ခိုက်ရေးတပ်သား ဆယ်ယောက်ပဲပါမယ်လို့ သိရတယ်။ ဒီအတိုင်းဆိုရင် ကျုပ်တို့တစ်တွေဟာ ရန်သူပိုင်နက်ရောက်သွားရင် ဝံပုလွေအုပ်ထဲကျသွားတဲ့ သိုးငယ်တစ်ကောင်လို ဖြစ်သွားမှာပေါ့"

ရစ်ချတ်သည် သူတပ်ထားသော နေကာမျက်မှန်ကို ချွတ်၍ မျက်မှန်ကို လက်ကိုင်ပဝါတစ်ထည်ဖြင့် ချွေးသုတ်ပြီးမှ ပြန်ဖြေလေသည်။

"မာလိန်မှူးကြီးပြောတာ မှန်ပါတယ်။ ကျုပ်တို့အဖွဲ့ရဲ့ အင်အားကနည်းလိမ့်မယ်။ ဒါကြောင့် ကျုပ်တို့အနေနဲ့ ငြိမ်းချမ်းရေးအသွင်ဆောင်တဲ့ 'ချိုးငှက်' များလို အပြင်ပန်းက ဘယ်လိုမှ ရန်မပြုတတ်တဲ့ဟန်မျိုး လုပ်ပြီး တကယ်ကျတော့ မြွေဟောက်လို ရက်ရက်စက်စက် အသေပေါက်သတ်နိုင်အောင် ကြိုးစားရမှာပေါ့။ ပြီးတော့ ကျုပ်တို့လူတွေအားလုံးက ရန်သူဘက်သားတွေထက် သေနတ်ပစ်ရာမှာ ပိုပြီး လက်ဖြောင့်ဖို့ လိုတယ်"

ဖီးလစ်နှင့် ကင်ဘာတို့သည် ရင်ဆိုင်ရမည့် အခြေအနေကို သဘောကျပုံမရချေ။ သူတို့အနေဖြင့် မိမိအဖွဲ့က ရန်သူကိုထားနှင့်ယှဉ်လျှင် အင်အားအလွန်နည်းနေခြင်းကို အားငယ်သလို ဖြစ်သည့်ပြင် ခေါင်းဆောင်လုပ်သူ ရစ်ချတ်ကဲ့သို့ 'တို့ဘက်က ဧကန်မုချ အောင်ရမည်' ဟု ယုံကြည်ချက်အပြည့်အဝ မရှိကြပေ။ ဤသည်ပင်လျှင် သူတို့၏ အင်အားနည်းချက် ဖြစ်လေတော့သည်။

ကြီးကြပ်ရေးမှူး နာသန်နီယယ်လ်ကလည်း ရစ်ချတ်၏ ခေါင်းဆောင်မှုနှင့်တကွ တိုက်ခိုက်ရေး အစီအစဉ်လုပ်ပုံကို သဘောမကျသဖြင့် သူ၏သဘောထားကို ဝင်ပြောလေသည်။

"ဂျက်ဆင်ပြောတာ အဓိပ္ပာယ်ရှိတယ်ဗျ။ အင်အား ရာချီပြီးရှိတဲ့ လက်နက်ကိုင် အယူသီးဝါဒသမား အရဏ်သစ်ဂိုဏ်းသားတွေကို ကျုပ်တို့က လူဆယ့်ခြောက်ယောက်တည်းနဲ့ ရင်ဆိုင်တိုက်ရမယ်ဆိုတာ သိပ်ပြီး အင်အားမမျှတတာ အမှန်ပဲ။ အရေးထဲ သြစတြေလျနိုင်ငံက ကျုပ်တို့ကို ကွန်မန်ဒိုတပ်သားဆယ်ယောက်ထဲ ပေးမယ်ဆိုတာဟာ အလွန်စိတ်ပျက်ဖို့ကောင်းတယ်။ ဒီမယ် ရစ်ချတ်၊ မောင်ရင့်အနေနဲ့ စစ်ဆင်ရေးစီမံချက်ကော အသေးစိတ်ဆွဲပြီးပြီလား၊ အခုအချိန်ထိ မောင်ရင်က ကျုပ်တို့ကို ဘာမှလည်း အသိမပေးသေးပါကလား"

"ဒါတွေပြောဖို့ အချိန်ရှိပါသေးတယ်။ ကျုပ်တို့တစ်တွေ သြစတြေလျပြည် ဘာရစ္စဘိန်းမြို့ရောက်ပြီးတော့မှ ပြောကြတာပေါ့"။ ရစ်ချတ်က ခပ်တည်တည် ပြန်ပြောလိုက်သည်။ သူ၏ မျက်နှာထားကလည်း တင်းမာနေသည်။



ရှရှစုံထောက် တေချော့ဗ်စကီးကလည်း ခရီးစဉ်ကို စိတ်ကူးကြည့်ရင်းက ဖွင့်ဟ ဆွေးနွေးပြန်သည်။

'ဘာရစ္စဘိန်းမြို့ကနေပြီး ဘီလျံနာဝင်စတန်ရဲ့ စခန်းထိအောင် မိုင်ကိုးရာနီးပါး ရှိတယ်။ ဒါလောက်ဝေးတဲ့ ခရီးကို ကျုပ်တို့က ဘယ်နည်းနဲ့မှ ခြေလျင်သွားလို့ မဖြစ်ဘူး။ မော်တော်ကားနဲ့ သွားတောင်မှ သိပ်မဟန်သေးဘူးဗျ။ ဘာပဲဖြစ်ဖြစ်လေ ကျုပ်တို့က သူ့ရဲ့ အခြေစိုက်စခန်းကြီးကို သွားချေမှုန်း ဖျက်ဆီးပစ်မယ်ဆိုတော့ ဘီလျံနာကြီးဘက်ကနေ ကြည့်ရင် အတော်ပဲ ဝမ်းသာစရာဖြစ်မှာပဲ"

"လောကမှာ ဘာကိုမှ တထစ်ချ သေချာပြီဆိုပြီး တွက်လို့ မရဘူးဗျို့။ အလုပ်တစ်ခုဟာ မပြီးမချင်း မသေချာသေးဘူးလို့ တွက်ရမယ်" ရစ်ချတ်က သူ၏ အယူအဆကို ခပ်အေးအေးပင် ပြောလိုက်သည်။

ဤတွင် ပြင်သစ်စုံထောက် ဖီးလစ်က ဝင်၍ 'မစ္စတာရစ်ချတ်၊ ခင်ဗျားနာမ်လောကက နတ်တွေ၊ နာနာဘာဝတွေ ရှိတယ်ဆိုရင် ကျုပ်တို့ဘက်က ဝင်ကူညီမစမှ ဖြစ်မယ်ထင်တယ်၊ ကျုပ်တို့ရဲ့ အင်အားသေးငယ်လှတဲ့ အဖွဲ့သားတွေ ဒီတိုက်ပွဲမှာ အသက်မသေဖို့ အရေးကြီးတယ် မဟုတ်လားဗျ' ဟု ပြောလိုက်သည်။

ရစ်ချတ်သည် ဖီးလစ်စကားကို လေးနက်စွာ စဉ်းစားဆင်ခြင်မိလေသည်။

သူပြောသလို မိမိ၏အဖွဲ့သားများ အသက်မသေဘဲ ရန်သူကို တိုက်ခိုက်ရန် အရေးကြီးပေသည်။ ဤသို့ဖြစ်ရန်အတွက် မိမိက တိုက်ခိုက်ရေးနည်းဗျူဟာကို အကောင်းဆုံးဖြစ်အောင် ကြိုတင်ရေးဆွဲမှ ဖြစ်ပေတော့မည်။

❖

နောက်နာရီအနည်းငယ်ကြာသောအခါ ရစ်ချတ်သည် ပိုကာစီမံချက်အတွက် တိုက်ခိုက်ရေးနည်းဗျူဟာကို အထူးအာရုံစိုက် အကွက်ချကာ ပြင်ဆင်ရေးဆွဲနိုင်ရေးအတွက် လေးလေးနက်နက် စဉ်းစားနေလေသည်။

လုံးလီးလေဒီ သင်္ဘောသည်ကား ကြိုတင်ခန့်မှန်းထားသည့် အတိုင်းပင်မှန်မှန်ကြီး ခုတ်မောင်းလျက် ရှိပေသည်။ ယခုဆိုလျှင် သင်္ဘောသည် တီမော်ပင်လယ်ပြင်ကို ဖြတ်ကျော်၍ တော ရက်စ် ရေလက်ကြားဆီသို့ ချဉ်းကပ်လျက် ရှိနေပြီ ဖြစ်သည်။ ယင်းရေလမ်းသည် နယူးဂီနီကျွန်းမှ သြစတြေလျနိုင်ငံ

www.burmeseclassic.com

www.burmeseclassic.com



'ကွင်းစ်လန်' ကမ်းခြေသို့ အနီးဆုံးလမ်းဖြစ်၍ ဤလမ်းကြောင်းမှ လာခဲ့ကြခြင်းဖြစ်သည်။

တောရက်စ်ရေလက်ကြားသည် အကျယ်ဆုံးနေရာ၌ (၈၃)မိုင်သာရှိပြီး အချို့နေရာများတွင် ဆိုလျှင် ကမ်းနှင့် အလွန်နီးကပ်စွာ သင်္ဘောကို ခုတ်မောင်းရလေသည်။

ယခုလောလောဆယ် ရောက်ရှိနေသည့် ရေပြင်ဆိုလျှင် ကမ်းနှင့် ဆယ့်ငါးမိုင်ခန့်သာ ကွာဝေးလေသည်။ တောင်ဘက်ရှိ မားလ်ဂရိတ်ကျွန်း၏ ကမ်းခြေနှင့် ဆယ့်ငါးမိုင်ဝေးခြင်းကို ဆိုလိုပေသည်။ နယူးဂီနီကျွန်းအနီးရှိ ဂေနာဂိန်ကျွန်းနှင့် ဆိုလျှင်လည်း သုံးဆယ့်လေးမိုင်သာ ကွာဝေးလေသည်။

မာလိန်မှူး ဂျက်ဆင်သည် သင်္ဘောကို ကြိုတင် ချမှတ်ထားသည့် ရေကြောင်းလမ်းအတိုင်း တစ်သဝေမတိမ်း မှန်ကန်အောင် ကျွမ်းကျင်စွာ ထိန်း၍ မောင်းနှင်လာနိုင်ခဲ့သည်။

မကြာမီ ရေလက်ကြားကို ဖြတ်ကျော်ခုတ်မောင်းသွားမိလျှင် သင်္ဘော၏ နောက်ဆုံးခရီးအဆင့်ဖြစ်သည့် အပြောကျယ်လှသော ပစိဖိတ်သမုဒ္ဒရာကြီးထဲသို့ ရောက်ရှိရာ သြစတြေးလျနိုင်ငံ ဘရစ္စဘိန်း ဆိပ်ကမ်းမြို့ဆီသို့ ဦးတည်ခုတ်မောင်းရတော့မည် ဖြစ်သည်။

ရစ်ချတ်သည် သင်္ဘော၏ အိပ်ခန်းပြင်ဘက် ကုန်းပတ်တွင် မတ်တတ်ရပ်နေရင်း အခြားပင်လယ်ပြင် တစ်နေရာအကြောင်း စဉ်းစားနေမိသည်။ ယင်းပင်လယ်ပြင်ကား သြစတြေးလျနိုင်ငံ မြောက်ပိုင်းပြည်နယ်နှင့် ကိတ်ယောက်ကျွန်းဆွယ်အကြားရှိ ကာပင်တေရီယာပင်လယ်ကွေ့ပင် ဖြစ်သည်။

ပင်လယ်ကွေ့၏ တောင်ဘက်အစွန်းတွင် ဂူးလ်ဂိုရမ်အမည်ရှိ မြို့ငယ်ကလေးတစ်မြို့ရှိသည်။ ထိုမြို့နယ်တစ်ခုလုံးလိုလို ဘီလျံနာဝင်စတန် သူဌေးကြီးက ပိုင်ဆိုင်ထားပြီး ဖြစ်သည်။ 'ဂူးလ်ဂိုရမ်' မြို့ကလေးမှ အရှေ့တောင်ဘက် သူဌေးကြီး၏ သိုးမွေးမြူရေးခြံကြီးဆီသို့ တိုက်ရိုက်သွားနိုင်သည့် မီးရထားလမ်း ဖောက်လုပ်ထားပေသည်။

ဤဆက်သွယ်ရေး လမ်းကြောင်းမှပင် ဘီလျံနာဝင်စတန် အခြေစိုက်စခန်းရှိရာ သိုးမွေးမြူရေးခြံအတွက် လိုအပ်သမျှ စားနပ်ရိက္ခာပစ္စည်းကိရိယာ လက်နက်ခဲယမ်းများပါမကျန် အားလုံးကို သယ်ယူဖြည့်တင်းလေ့ ရှိကြောင်း ရစ်ချတ်က ကြိုတင် သိရှိထားပြီး ဖြစ်သည်။ ဤသည်မှာလည်း အကြောင်းရှိပေသည်။

သူဌေးကြီး ဝင်စတန်၏ သင်္ဘောများပေါ်တွင် ပါလာသည့် ကုန်ပစ္စည်း



အတော်များများမှာ သြစတြေးလျအစိုးရ အကောက်ခွန်ဥပဒေနှင့် မလွတ်ကင်းသဖြင့် မဲလ်ဘုန်း၊ ဆစ်ဒနီ၊ လရစ္စဘိန်း စသော ဆိပ်ကမ်းမြို့ကြီးများသို့ ဝင်ရောက် ဆိုက်ကပ်ပါက ရှာဖွေရေးအဖွဲ့များနှင့် ပက်ပင်းတိုးပြီး ပြဿနာပေါ်ဖွယ်ရှိသည်။ ထို့ကြောင့် ဘီလျံနာကြီး အလိုရှိသည့် ပစ္စည်းမှန်သမျှ သူပိုင်ကုန်သင်္ဘောငယ်များဖြင့် တင်ဆောင်ကာ မထင်ရှားသည့် ဂူးလ်ဂိုရမ်မြို့ကလေး၏ ဆိပ်ကမ်းတွင်သာ ဆိုက်ကပ်လေ့ ရှိသည်။

ထို့ပြင် ဤမြို့ကလေးမှတစ်ဆင့် ကုန်ပစ္စည်းနှင့် ရိက္ခာများ သယ်ဆောင်ခြင်းသည် အခြားမြို့ကြီးများမှ သယ်ယူခြင်းထက် မိုင်ပေါင်း ကိုးရာခန့် ပိုမိုနီးလေသည်။ အဆိုပါ ဂူးလ်ဂိုရမ်မြို့ကလေးအကြောင်း စဉ်းစားရာမှ ရစ်ချတ်သည် သူ၏ စစ်ဆင်တိုက်ခိုက်ရေးနည်းဗျူဟာအကြောင်း ဆက်လက်တွေးတောမိလေသည်။ မိမိတို့အနေဖြင့် ဘီလျံနာသူဌေးကြီး၏ စခန်းအား အလစ်ဝင်စီး တိုက်ခိုက်ရန်ကား လုံးဝမဖြစ်နိုင်။ ဘီလျံနာကြီးက မိမိတို့ လာရောက်တိုက်ခိုက်လိမ့်မည်ဟု သေချာပေါက်တွက်လျက် ရေဒါ စသော ကြိုတင်သိရှိနိုင်ရေး ကိရိယာယန္တရားများ ပြင်ဆင်ထားရှိပေလိမ့်မည်။

ရန်သူအား အငိုက်ဖမ်းပြီး တိုက်ခိုက်ရန် မဖြစ်ပါက မိမိတို့အဖွဲ့၏ လက်တစ်ဆုပ်မျှသာရှိသော အင်အားနှင့် မည်သို့မည်ပုံ တိုက်ခိုက်ရမည်နည်း။ ဘာစ်ခတော့ သေချာသည်။ အလွန်ပြင်းထန်ပြီး ပေါက်ကွဲမှုယမ်းအား အထူးကြီးမားသော ဒိုင်းနမိုက် ယမ်းဘီလူးများကို အသုံးပြုရပေမည်။ ထို့ပြင် ဒိုင်ဖင်စလိုရိုက်စင် ကဲ့သို့ အဆိပ်ဓာတ်ငွေ့တစ်မျိုးကိုလည်း သုံးသင့်လျှင် သုံးရပေမည်။

ဤသို့ စဉ်းစားနေစဉ် ကြီးကြပ်ရေးမှူး နာသန်နီယယ်လ်က–

'ဟေ့...ရစ်ချတ်၊ မြန်မြန်လာစမ်းပါဦးကွ' ဟု အရေးတကြီးလှမ်းခေါ်သံကြားလိုက်ရသဖြင့် ရစ်ချတ်လည်း နာသန်နီယယ်လ်၏ အခန်းရှိရာကို ကပျာကယာ ပြေးသွားလိုက်သည်။

အခန်းထဲတွင် အခြားထောက်လှမ်းရေး စုံထောက်များပါ ရောက်ရှိနေကြပြီး နာသန်နီယယ်လ်က စိတ်လှုပ်ရှားလွန်းဟန်ဖြင့် လက်များပင် တုန်နေကာ 'ဌာနချုပ်' မှ အရေးတကြီး ပေးပို့လိုက်သည့် ဝိုင်ယာလက် ညွှန်ကြားချက်တစ်ရပ်ကို စကားဝှက်အဖြစ်မှ စကားပြေဖြစ်အောင် သင်္ကေတနည်းဖြင့် ပြန်လည်ရေးသားလျက် ရှိလေသည်။ သူ၏ မျက်နှာအမူအရာကလည်း တစ်စုံတစ်ရာသော အကြောင်းကိစ္စတစ်ခုကြောင့် စိုးရိမ်ပူပန်သည့်ဟန်မျိုး ဖြစ်နေသည်။

မိနစ်အနည်းငယ်ကြာသောအခါ လျှို့ဝှက်ညွှန်ကြားချက်ကို စကားပြေ

www.burmeseclassic.com

www.burmeseclassic.com



အဖြစ် အပြည့်အစုံ ပြန်ဆိုပြီးစီးသွားလေရာ နာသန်နီယယ်လ်က ဘာမှမပြော ဘဲ စာရွက်ကို ရစ်ချတ်အား လှမ်းပေးလိုက်သည်။

ရစ်ချတ်ကလည်း လျှင်မြန်စွာ ဖတ်ကြည့်ပြီးနောက် အခန်းတွင်းရှိ ကျန်အဖွဲ့ဝင်များပါ သိရလေအောင် အော်ဖတ်ပြလေသည်။

လျှို့ဝှက် ဝိုင်ယာလက်ကြေးနန်းက အောက်ပါအတိုင်း ဖြစ်လေသည်။

"ယနေ့ ၁၃ : ၀၀ နာရီတွင် အိမ်ဖြူတော်အား ရန်သူဂိုဏ်းသားများက ဒိုင်းနမိုက်ယမ်းဘီလူး လက်နက်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ သို့သော် လူထိခိုက်မှုမရှိ၊ အိမ်တော်အဆောက်အအုံ တစ်စိတ်တစ်ဒေသသာလျှင် ထိခိုက် ပျက်စီးသွားသည်။

အရဏ်သစ်ဂိုဏ်းသား အကြမ်းဖက်သမားများ လက်ချက် ဖြစ်ကြောင်း ယုံမှားဖွယ်မရှိ။ ပိုကာ စီမံချက်ကို မူလအစီအစဉ် အတိုင်း အမြန်ဆုံး ဆက်လက်အကောင်အထည်ဖော်ရန် ညွှန်ကြားလိုက်သည်။ အဓိက တရားခံအား အရှင်ဖမ်းစေလိုသည်"

အဆိုပါ ကြေးနန်း၏အောက်တွင် ဘလူးဘွိုင်ဟု လက်မှတ်ထိုးထားရာ ယင်းမှာ စီအိုင်အေ အထူးသီးသန့်ဌာနအကြီးအကဲ ကလီဗစ်၏ နာမည်ဝှက်ပင် ဖြစ်သည်။

ဖီးလစ်ကင်ဘာ၊ တေချော့ဖ်စကီး စသော အဖွဲ့ဝင်များသည် ရစ်ချတ်၏ ဖတ်ပြသံကိုကြားလျှင် အံ့အားသင့် တုန်လှုပ်သွားကြသည်။

ထိုအချိန်၌ သဘော်မာလိန်မှူး ဂျက်ဆင်သည်လည်း အခန်းတွင်း၌ ရှိနေပြီး ကြေးနန်းစာအကြောင်း သိသွားသဖြင့် ပွင့်လင်းစွာ ပြောတတ်သူပီပီ သူ၏ သဘောထားကို ဖွင့်ပြောလိုက်သည်။

"ဒါတော့ ခင်ဗျားတို့ အကြီးအကဲတွေက မဖြစ်နိုင်တာကို ခိုင်းလိုက်တာနဲ့တူနေပြီ။ သူတို့က အဓိကတရားခံဆိုတာ ဘီလျံနာသူဌေးကြီး ဝင်စတန်ကို ဆိုလိုတာ မဟုတ်လား။ ဒီလူနည်းစုကလေးနဲ့ ဘယ်လိုလုပ်ပြီး အရှင်ဖမ်းလို့ ဖြစ်နိုင်မှာလဲ။ ဘလူးဘွိုင်ဆိုတဲ့ လူက ညွှန်ကြားလိုက်ပုံကလည်း ကြည့်ဦးလေ။ တရားခံကို အရှင်ဖမ်းဖို့ ဖြစ်နိုင်ရင် လုပ်ပါလို့တောင် ထည့်မရေးလိုက်ဘူး"

ဗြိတိသျှထောက်လှမ်းရေးသမား ကင်ဘာကလည်း 'ဒီလိုဆိုရင် အရဏ်သစ်ဂိုဏ်းက တစ်ချိန်တည်း ရုရှပြည် မော်စကိုမြို့ကိုပါ တိုက်ခိုက်မလား မသိဘူး' ဟု ပြောလိုက်ရာ ရုရှစုံထောက် တေချော့ဖ်စကီးက ထိုစကားကို အဖြေပေးလေသည်။



"တကယ်လို့ မော်စကိုမြို့ကို ဘီလျံနာအုပ်စုက တိုက်ခိုက်တယ်ဆိုရင် ကရင်မလင်နန်းတော်ကြီးက အကြီးအကဲတွေ ကျုပ်ဆီကို ဝိုင်ယာလက်နဲ့ သတင်းပေးမှာပါ"

ထိုအခိုက် သဘော်ကုန်းပတ်ပေါ်တွင် တာဝန်ကျနေသူ သဘော်သားက 'အရှေ့တောင်ဘက် သဘော်တစ်စင်း ကျွန်တော်တို့ဘက်ကို တည့်တည့်ကြီးလာနေတယ်၊ အခုနေတော့ ဝေးသေးလို့ ဘာသဘော်ရယ်လို့တော့ မပြောနိုင်သေးဘူး၊ ဒါပေမဲ့ အတော်မြန်မြန်ကြီး ခုတ်မောင်းလာတယ်' ဟု ဟစ်အော် သတိပေးလိုက်သည်။

ဤအတိုင်းဆိုလျှင် လုံးလီလေဒီ အမည်ရှိ သဘော်အား လမ်းမှ ဖြတ်တိုက်မည့် ရန်သူ သဘော်လည်း ဖြစ်နိုင်လေသည်။

ရစ်ချတ်သည် ချက်ချင်းပင် မာလိန်မှူး ဂျက်ဆင်အား အမိန့်ပေးလိုက်သည်။ "သဘော်ပေါ်ရှိသမျှ လက်နက်တွေအားလုံးကို အမြန်ဆုံး အသင့်ပြင်ထားလိုက်ပါ"။ ပြောရင်းနှင့် ရစ်ချတ်သည် အခြေအနေမှန်ကို စဉ်းစားမိလေသည်။

မိမိက မည်သို့ပင် လျှို့ဝှက်စွာ စီစဉ်၍ ခရီးထွက်ခဲ့ပါသော်လည်း ရန်သူဘက်က မိမိရှိရာသို့ ခြေရာခံလိုက်နိုင်လောက်အောင် ကြိုတင် သတင်းရရှိထားကြောင်း ထင်ရှားနေပေပြီ။ ယင်းအချက်ကို ရစ်ချတ်သည် လေးနက်စွာ စဉ်းစားနေမိသည်။

■

## အခန်း (၇)

ဩစတြေလျနိုင်ငံ ကွင်းစ်လန်ပြည်နယ်ရှိ ဘီလျံနာသူဌေးကြီး ဝင်စတန်၏ သိုးမွေးမြူရေးခြံကြီးသည် ဧရိယာအားဖြင့် ဧကပေါင်း ရှစ်သိန်း ငါးသောင်း ကျယ်ဝန်းသဖြင့် သီးခြားတိုင်းပြည်ငယ်တစ်ခုသဖွယ် ဖြစ်နေတော့သည်။

ယင်းတိုင်းပြည်ငယ်ကို အာဏာရှင်စနစ်ဖြင့် အုပ်ချုပ်မင်းလုပ်နေသူကား သူ့ကိုယ်သူ ဆေတန်နတ်မင်း၏ တမန်တော်ဟု စိတ်ရူးပေါက်ကာ ယုံကြည်နေသော ဘီလျံနာ ဝင်စတန်ပင် ဖြစ်သည်။

သူ၏ သိုးမွေးမြူရေးခြံကြီးကို တင်းကျပ်စွာသော လုံခြုံမှု အစီအစဉ်များ ပြုလုပ်ပြီးနောက် ကမ္ဘာသစ် စတင်တည်ဆောက်ရန်အတွက် အခြေစိုက်စခန်းအဖြစ် ဖန်တီးထားပြီး ဖြစ်သည်။ ယင်းစခန်းကို ဘီလျံနာဝင်စတန်က 'ဒေဝဥယျာဉ်သစ်' ဟု အမည်ပေးထားသည်။

www.burmeseclassic.com

www.burmeseclassic.com



(မှတ်ချက်။ ။ 'ဒေဝဉယျာဉ်' ဆိုသည်မှာ ခရစ်ယာန်ဘာသာဝင်တို့ ယုံကြည်ချက်အရ ကမ္ဘာဦး လူသားများ စတင်ရာ ဌာနပင် ဖြစ်သည်။)

အပြင်ပန်းအားဖြင့် ဩစတြေလျနိုင်ငံ အစိုးရက သင်္ကာမကင်းမဖြစ်စေရန် မွေးမြူရေးလုပ်ငန်းကိုလည်း တကယ်ပင် အကြီးအကျယ် လုပ်ကိုင်လျက်ရှိရာ သိုးနှင့် နွားကောင်ရေက ဩစတြေလျနိုင်ငံ၏ သိုးနှင့် နွား စုစုပေါင်း၏ ငါးဆယ်ရာခိုင်နှုန်းကို ကွင်းစ်လန်ပြည်နယ် တစ်ခုတည်းကသာ ထွက်သည်ဟု ဆိုနိုင်လောက်အောင် များပြားလှပေသည်။

ဘီလျံနာကြီး၏ ခြံကျယ်ကြီးတွင် မွေးမြူရေးအပြင် စိုက်ပျိုးရေးလုပ်ငန်းများလည်း ရှိသေးသည်။ နာနတ်သီး၊ ငှက်ပျောသီး၊ မြေပဲ၊ ကော်ဖီ စသော သီးနှံများလည်း အနှံ့အပြား စိုက်ပျိုးထားလေသည်။

ဘီလျံနာ သူဌေးကြီးကိုယ်တိုင် နေထိုင်သည့် ဂေဟာ သို့မဟုတ် နန်းတော်ကား ဧကရှစ်သိန်းခွဲကျယ်ဝန်းသော ခြံကြီး၏ မြောက်ပိုင်းတွင် တည်ရှိလေသည်။

သူ အုပ်ချုပ် မင်းလုပ်ခြင်းကို နာခံနေရသူများမှာ ခြံကြီးရှိ မွေးမြူရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းအပေါ် သက်မွေးဝမ်းကျောင်းအလုပ်အဖြစ် မှီခိုနေသူ အလုပ်သမားများနှင့် ၎င်းတို့၏ မိသားစုပင် ဖြစ်သည်။ တကယ်လည်း သူ၏ ခြံမှထွက်သည့် ကုန်ပစ္စည်းများသည် ဩစတြေလျနိုင်ငံ၏ စီးပွားရေးတွင် အလွန် အရေးပါလှပေသည်။

သိုးသား၊ အမဲသား၊ သစ်သီးဝလံ စသော စားသောက်ကုန်များအပြင် သိုးမွေးနှင့် သစ်သီးများသည်လည်း ဘီလျံနာဝင်စတန်ပိုင် ခြံ၏ ထွက်ကုန်ပစ္စည်း ဖြစ်လေသည်။

ခြံကြီး၏ တောင်ဘက်အစွန်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ လုံးဝ မရှိသော နေရာတွင်ကား ဘီလျံနာသူဌေးကြီး ဝင်စတန်၏ အခြေစိုက်စခန်း ရှိလေသည်။ စခန်းဆိုသော်လည်း မြေပေါ်တွင်မဟုတ်၊ မြေအောက်တွင် အထူး စီမံ ဖန်တီးတည်ဆောက်ထားသော မြေအောက်ကမ္ဘာဟု ဆိုနိုင်သည့် မြေအောက် မြို့တော်တစ်ခုပင် ဖြစ်သည်။

အဏုမြူနျူကလီးယားစစ်ပွဲကြီးဖြစ်လျှင် ဘေးအန္တရာယ် လုံးဝ မရှိအောင် စီမံဖန်တီးထားရာ ကုန်ကျစရိတ်တွေက အမေရိကန်ဒေါ်လာငွေ သန်းပေါင်း သုံးရာကျော်ကျော် ရှိလေသည်။



ယင်း 'မြေအောက်မြို့တော်' ကို ဘီလျံနာကြီးက ဒေဝဉယျာဉ်သစ်ဟု ခေါ်လေ့ရှိသည်။

မြေအောက်မြို့တော်၏ အရွယ်ပမာဏကား အလျားပေ (၅၈၀)၊ အနံပေ (၃၁၀) ရှိသဖြင့် ဘောလုံးကွင်း နှစ်ကွင်းခန့်မျှ ကျယ်ဝန်းလေသည်။

တစ်ထပ်လျှင် (၁၃) ပေ မြင့်သော အထပ်ပေါင်း ငါးထပ်ရှိသည်။ မြေအောက်ကမ္ဘာ အဆောက်အအုံသည် မြေပြင်မှ ပေသုံးဆယ်အောက် နေရာမှ စတင် တည်ဆောက်ထားသည်။ အဆောက်အအုံနှစ်ဖက်အစွန်းများတွင် ငါးပေထုသော ကွန်ကရစ် ခေါင်မိုးများ ရှိပြီး ယင်းတို့အပေါ်မှ မြေကြီး (၇) ပေခန့် ဖုံးလွှမ်းထားသည်။ ယင်းနှစ်ဖက်အစွန်းတွင်ပင် ပြင်ပမှ ရန်သူများလာလျှင် ကြိုတင် သိရှိနိုင်ရန် မျှော်စင်ကြီး နှစ်ခုရှိလေသည်။

မျှော်စင်ကြီးတစ်ခုမှာ (၉၆) ပေ မြင့်ပြီး ရုတ်တရက် ကြည့်လိုက်လျှင် ဧရာမ ခဲတံကြီးတစ်ချောင်း မြေပြင်ပေါ်တွင် စိုက်ထူထားသည်နှင့် တူနေသည်။

ယင်းမျှော်စင်ပေါ်တွင်ကား 'ရေဒါ' နှင့် မိုးလေဝသခန့်မှန်းတွက်ချက်သည့် ကိရိယာများအပြင် ဘီလျံနာကြီး မျှော်မှန်းထားသော အဏုမြူစစ်ပွဲကြီး ဖြစ်လာချိန်၌ ကမ္ဘာတစ်ဝန်းလုံး ပျံ့နှံ့သွားမည့် အဏုမြူရေဒီယိုရောင်ခြည်ဓာတ်များ ပတ်ဝန်းကျင်တွင် ရှိမရှိ စမ်းသပ် ထောက်လှမ်းသိရှိနိုင်မည့် စက်ကိရိယာများလည်း ရှိလေသည်။

နောက်မျှော်စင်တစ်ခုကတော့ (၁၂၅) ပေသာမြင့်ပြီး အပေါ်၌ အင်အားကောင်းသော စက်အမြောက်လက်နက်များ တပ်ဆင်ထားသည်။ မတော်တဆ ပြင်ပမှ ရန်သူများ ချဉ်းကပ်လာလျှင် ပစ်ခတ် ချေမှုန်းရန်ပင် ဖြစ်သည်။

ဤသို့ ကြိုတင်ပြင်ဆင်ထားခြင်းမှာ အကယ်၍ ဩစတြေလျအစိုးရက ဘီလျံနာ ဝင်စတန်၏ အကြံအစည်ကို ရိပ်မိသိရှိသွားပြီး စစ်တပ်များ စေလွှတ်ပါက မိမိတို့က ခုခံ တိုက်ခိုက်နိုင်ရန် လိုလိုမည်မည် အသင့်ပြင်ဆင်ထားခြင်း ဖြစ်သည်။

'မြေအောက်မြို့တော်' တည်ဆောက်ထားရာနှင့် မလှမ်းမကမ်းတွင် သီးသန့်လေယာဉ်ကွင်းတစ်ခုလည်း ရှိလေသည်။ ယင်းလေယာဉ်ကွင်းမှာ ဘီလျံနာ ဝင်စတန်၏ ကိုယ်ပိုင်ဂျက်လေယာဉ် အပြင် မဲလ်ဘုန်း၊ ဘရစ္စဘိန်း စသော မြို့ကြီးများမှ ရိက္ခာများ၊ ပစ္စည်းများ သယ်ယူတင်ဆောင်လာသည့် ကုန်တင်လေယာဉ်များ ဆင်းနိုင်ရန်အတွက် ဖန်တီးပြုလုပ်ထားခြင်း ဖြစ်သည်။

ထို့ပြင် 'မြေအောက်မြို့တော်' သို့မဟုတ် 'ဒေဝဉယျာဉ်သစ်' ၏ ဘေးတည့်တည့်တွင် ဟယ်လီကော့ပ်တာ (ရဟတ်ယာဉ်) နှစ်စင်းဆင်းသက်နိုင်သည့်နေရာ

www.burmeseclassic.com

www.burmeseclassic.com



ပြုလုပ်ထားသေးသည်။ ရဟတ်ယာဉ်များသည် ဘီလျံနာကြီး၏ ဆိပ်ကမ်းမြို့ 'ဂူးလ်ဂိုရမ်'နှင့် ဤ မွေးမြူရေးခြံသို့ အရေးပေါ် သွားလာဆက်သွယ်ရန် စီစဉ်ထားရှိခြင်း ဖြစ်သည်။

မြေအောက်ကမ္ဘာ သို့မဟုတ် ဒေင်ဥယျာဉ်သစ်တွင် သားသမီး နှစ်ဦးစီရှိသော ဇနီးမောင်နှံစုံ (၁၂၀)အတွက် ကောင်းစွာ နေထိုင်နိုင်ရန် အဘက်ဘက်မှ လိုလေသေးမရှိ အဆင်ပြေ ပြည့်စုံအောင် စီစဉ်ဖန်တီးထားရှိလေသည်။

ယင်းဇနီးမောင်နှံစုံတို့ကို 'ဘီလျံနာ'သူဌေးကြီး ဝင်စတန်ကိုယ်တိုင် စီစဉ်ရွေးချယ် စည်းရုံးခေါ်ယူထားလေသည်။ သူ၏ ဆေတန်နတ်ဆိုး ယုံကြည်*ကိုးကွယ်မှုဝါဒကို အယူသီးစွာဖြင့် လက်ခံယုံကြည်သူ၊ ယုံကြည်ချက် ပြင်းပြ*သူများထဲမှ ရွေးချယ်ခဲ့ခြင်း ဖြစ်သည်။

နောက်ထပ်လူနေရန် တိုက်ခန်းများလည်း ရှိသေးသည်။

ဘီလျံနာသူဌေးကြီး၏ မြေအောက် ကမ္ဘာစခန်းကို ကာကွယ်စောင့်ရှောက်ရန်အတွက် သီးသန့်ထားသော အထူးလက်ရွေးစင်တပ်သားတစ်ရာတို့ နေထိုင်ရန် ဖြစ်သည်။

အဆိုပါ တပ်သားသစ်တစ်ရာအပြင် မိန်းမပျိုတစ်ရာ နေထိုင်ရန် အခန်းများလည်း ရှိသည်။ မိန်းမပျိုများမှာ အရဏ်သစ်ဂိုဏ်းသားများက နိုင်ငံပေါင်းစုံမှ အဓမ္မ ဖမ်းဆီး ပြန်ပေးဆွဲလာခဲ့သော ကျန်းမာသန်စွမ်းလှပကြော့ရှင်းသူ မိန်းကလေးများပင် ဖြစ်သည်။

အသက် ၁၆ နှစ်မှ ၂၁ နှစ်ရွယ်ကြားရှိ ထိုမိန်းကလေးများကို ဘီလျံနာဝင်စတန်ကြီးက သူကိုးကွယ်သော ဆေတန်နတ်မင်း၏ သမီးပျိုများဟု သတ်မှတ် ခေါ်ဝေါ်ထားလေသည်။

သူ၏အကြံကား တတိယကမ္ဘာစစ်ကြီး ဖြစ်၍ အဏုမြူ နျူကလီးယားလက်နက်ကြီးများကြောင့် ကမ္ဘာ့လူသား အားလုံး သေကျေ ပျက်စီးကုန်သောအခါ အဆိုပါ ပြန်ပေးအဆွဲခံ မိန်းကလေးများအား သူ၏ သီးသန့်လက်ရွေးစင် တပ်သားလူငယ်များနှင့် ထိမ်းမြား လက်ထပ်ပေါင်းသင်းစေရန် ဖြစ်သည်။

သူတို့ လက်ထပ်ပေါင်းသင်း၍ ရရှိလာသော ကလေးငယ်များနှင့်တကွ လက်ရှိစုရုံးပြီးသား ဇနီးမောင်နှံစုံ (၁၂၀) နှင့် သားသမီးများပါ စုစုပေါင်းကာ လူမျိုးဆက် အသစ်အဖြစ် ကမ္ဘာသစ်ကြီး ပြန်လည် စတင် ထူထောင်ရန်ပင် ဖြစ်သည်။

မိန်းကလေးများအားလုံးမှာ မျက်နှာဖြူ အမျိုးသမီးများချည်း ဖြစ်လေ



သည်။ ဤသည်မှာလည်း ဘီလျံနာဝင်စတန်၏ စိတ်ရူးပေါက်ချက် တစ်မျိုးပင် ဖြစ်သည်။

သူ၏စိတ်ထဲတွင် ကမ္ဘာပေါ်ရှိ အသားဝါ အသားမည်းလူမျိုးများသည် သွေးမသန့်၊ မျိုးရိုးယုတ်ညံ့သူများ ဖြစ်သည်ဟု ယူဆသောကြောင့်ပင်တည်း။

ဒေင်ဥယျာဉ်သစ်ဟု သူကိုယ်တိုင် အမည်ပေးထားသော မြေအောက်မြို့တော်အတွင်း လူများ နေထိုင်ရန် နေရာထိုင်ခင်းက မကျယ်ဝန်းလှသော်လည်း နေရသူများအဖို့ စိတ်ကျေနပ်လောက်အောင် ဖန်တီးပေးထားသည်။ ဇနီးမောင်နှံတစ်စုံလျှင် အခန်းငယ်သုံးခန်း ပါရှိသည့် တိုက်ခန်းတစ်ခန်းစီ ရရှိသည်။

အားလုံးစုပေါင်း စားသောက်နိုင်ရန်အတွက် ကျယ်ဝန်းသော ထမင်းစားခန်းကြီးတစ်ခန်း ရှိသည်။ ကလေးငယ်များအား ထိန်းရန်အတွက် ကလေးထိန်းဌာနတစ်ခုလည်း ရှိသည်။ ထို့ပြင် ဆေးဝါးပစ္စည်း အထူးစုံလင်သော ခုတင်ငါးဆယ်ဆံ့ ဆေးရုံတစ်ခုလည်း ရှိသည်။

ဘီလျံနာဝင်စတန်၏ အယူသီးသောဝါဒကို ယုံကြည်လက်ခံသူ ဆရာဝန်များထဲမှ အတော်ဆုံးများကို ရွေးချယ်ကာ အဆမတန် လစာငွေပေး၍ ခေါ်ယူထားရှိလေသည်။

မြေအောက်မြို့တော်၌ လေကောင်းလေသန့် မပြတ်ရရှိရေးနှင့် လေအေးစက်များ လည်ပတ်နေရေးအတွက် လိုအပ်သော လျှပ်စစ်ပစ္စည်းကိရိယာများလည်း ထားရှိသည့်အပြင် သောက်ရေသုံးရေ သန့်သန့် အမြဲတမ်း ရရှိအောင်လည်း ဖန်တီးထားပေသည်။

ဘီလျံနာကြီး၏ ယုတ်မာသောအကြံ အောင်ပြီး တတိယကမ္ဘာစစ်ကြီးဖြစ်ပွားလျက် ကမ္ဘာကြီးတစ်ခုလုံး မီးဟုန်းဟုန်းတောက်နေချိန်တွင် ဒေင်ဥယျာဉ်သစ်ခေါ် ဘီလျံနာ၏ မြေအောက် မြို့တော်မှ လူများက သန့်ရှင်းသော လေကောင်းလေသန့်နှင့် သောက်ရေသုံးရေများ လုံလောက်စွာ ရရှိနေမည် ဖြစ်ပေသည်။ မြေအောက်မြို့တော်အတွင်း အရေးရှိက အသုံးပြုရန် လက်နက်မျိုးစုံ အမြောက်အမြား စုဆောင်းထားရှိသော လက်နက်တိုက်တစ်ခုလည်း ရှိသည်။

စားနပ်ရိက္ခာ အဝတ်အထည်နှင့် စီးကရက်ဆေးပြင်းလိပ် ဆေးတံသောက်ဆေးမှစ၍ စားကုန်သောက်ကုန်နှင့် လူသုံးပစ္စည်းများ စုဆောင်း သိုလှောင်ထားသည်မှာလည်း မြေအောက်မြို့တော်မှ လူအများအဖို့ ငါးနှစ်စာမျှ လုံလောက်စွာ ရရှိပေသည်။ မြေအောက်မြို့တော် ဒုတိယအထပ်တွင်ကား [illegible] တစ်ရုံနှင့် ရေကူးကန် ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တတိယထပ်တွင် စာအုပ်မျိုးစုံ အမြောက်အမြားရှိသော စာကြည့်တိုက် တစ်ခုလည်း ရှိသည်။ ယင်းစာကြည့်တိုက်မှာပင် ကလေးသူငယ်များ ဖတ်ရန် စာအုပ်များ ထားရှိသော ကလေးစာကြည့်တိုက်ခွဲတစ်ခုကိုပါ ဖန်တီးပေးထား သေးသည်။

ဘီလုံနှာကြီးကိုယ်တိုင် မြေအောက်မြို့တော်၌ နေထိုင်မည့် လူနေအခန်း ကိုမူ အခြားအခန်းများထက် ပိုမို ကျယ်ဝန်းသလောက် ဇိမ်ခံပစ္စည်းမျိုးစုံဖြင့် တန်ဆာဆင်ထားလေသည်။ လူသုံးကုန်ပစ္စည်းဆိုလျှင် ဘာမှ လိုလေသေးမရှိအဲ ပြည့်စုံအောင် ဖန်တီးပေးထားသည်။

မြေအောက်မြို့တော်အတွင်း အထပ်ငါးထပ်ရှိသည့်အတိုင်း တစ်ထပ် နှင့်တစ်ထပ် ကူးရန်အတွက် လျှပ်စစ်လှေကားများ တပ်ဆင်ထားပြီး လျှပ်စစ် ဓာတ်အားပေးစက်များကိုမူ ပဌမထပ်တွင် ထားရှိလေသည်။

မြေအောက်မြို့တော် သို့မဟုတ် ဘီလုံနှာသူဌေးကြီး၏ ဒေဝဉယျာဉ် သစ်တွင် အဓိကအကျဆုံး၊ အရေးပါဆုံးနေရာကား အလျားပေ ၃၀၀၊ အနံပေ ၁၇ ရှိ ခန်းမဆောင်ကြီးပင် ဖြစ်သည်။ အဆိုပါ ခန်းမဆောင်ကြီးမှာ ဘီလုံနှာ သူဌေးကြီးဝင်စတန်က သူယုံကြည်သော ဆေတန်နတ်ဆိုးအား ကိုးကွယ်ပသမှု ပြုလုပ်ရာနေရာ ဖြစ်ပေသည်။

ဘာသာရေးတရား မပေါ်သေးသော ရှေးရောမ၊ ခေါမခေတ်နှင့် ရှေး အီဂျစ်ခေတ်က နတ်ဘုရားများ ကိုးကွယ်ရာတွင် ယဇ်ပူဇော်ခြင်းကဲ့သို့ ပူဇော် ပသမှုများ ပြုလုပ်ရာ ခန်းမဆောင်ကြီးများနှင့် တူလေသည်။

ခန်းမဆောင် ကြမ်းပြင်နှင့် ဘေးနံရံများကိုပါ အနီရောင် မာဘယ်ကျောက် ပြားများဖြင့် ဖန်တီးတည်ဆောက်ထားလေသည်။ ဆေတန်နတ်ဆိုး၏ အမှတ် အသားဖြစ်သော ဆိတ်သတ္တဝါတစ်ကောင်၏ အရုပ်ကြီးတစ်ခုလည်း ရှိပေသည်။ ဆိတ်ရုပ်ကြီး၏ ရှေ့တည့်တည့် ပေနှစ်ဆယ်ခန့်အကွာတွင်ကား ဘုရားစင်လိုလို ပြုလုပ်ခင်းကျင်းထားသည့် စားပွဲရှည်ကြီးတစ်လုံး ရှိလေသည်။

တစ်ဖန် ယင်းစားပွဲကြီး၏ ရှေ့တည့်တည့် ကြမ်းပြင်တွင် အနက်ရောင် စက်ဝိုင်းကြီးနှစ်ခု ရေးဆွဲထားလေသည်။

အခန်း၏ နံရံများတွင်ကား ဘီလုံနှာကြီး ယုံကြည်သော မကောင်း ဆိုးဝါး သို့မဟုတ် နတ်ဆိုးအမည်များကို ရေးခြယ်ထားလေသည်။

ဘီလုံနှာဝင်စတန်သည် ခရစ်ယာန်ဘုန်းကြီးဝတ်စုံနှင့် တူသော အနက် ရောင်ဝတ်စုံရှည်ကြီးကိုဝတ်လျက် ခန်းမဆောင်ကြီးအတွင်း မျက်နှာထား တည် တည်ဖြင့်ရပ်နေလေသည်။ သူ၏နောက်နားတွင် လူယုံတော်စတီးလ်နှင့် အီဘာရို



အမည်ရှိ အရက်သစ်အဖွဲ့ဝင်တစ်ဦးတို့လည်း ရှိနေကြသည်။ ဘီလုံနှာဝင်စတန် သည် သူ့ကိုယ်တိုင်ပြောသလိုလို၊ သူယုံကြည်ကိုးကွယ်သော ဆေတန်နတ်ဆိုးအား တိုင်တည်သလိုလိုနှင့် စကားပြောနေသည်။

"ငါတို့ကို ဆေတန်နတ်မင်းက မှတ်ကျောက်တင် စမ်းသပ်နေတာ အမှန်ပဲ။ ဒါကြောင့်သာ ဝါရှင်တန်အိမ်ဖြူတော်ကို ငါတို့အဖွဲ့သားတွေ တိုက် ခိုက်ရာမှာ မအောင်မြင်ခဲ့တာ ဖြစ်ရမယ်။ ငါတို့ဟာ ဖွဲ့သတ္တိ ရှိမရှိ နတ်မင်း အနေနဲ့ ကူညီစောင်မထိုက်မထိုက် အကဲစမ်းကြည့်တဲ့ သဘောပဲ။ ပြီးတော့ အီတလီပြည် ရောမမြို့မှာတုန်းက ရစ်ချတ်နဲ့ ရှရှစုံထောက်ကို ငါတို့ လူတွေလုပ် ကြံကြတော့ အရေးနိမ့်ခဲ့တာလည်း ဆေတန်နတ်မင်းက ငါတို့ကို စမ်းသပ်ကြည့် တာပဲ။ ဒီတိုင်းပဲ အခု ငါ့အာရုံထဲ ပေါ်နေတယ်"

ဤသို့ပြောရာမှ ဘီလုံနှာကြီးသည် ချာခနဲလှည့်ကာ သူ၏ လူနှစ်ယောက် ဘက်သို့ လှည့်၍ 'ဘာလဲ မင်းတို့က ငါ အခုပြောတာကို လက်မခံချင်ကြဘူးလား။ သဘောမတူကြဘူးလား' ဟု မေးလိုက်သည်။ အမှန်တော့ စတီးလ်နှင့် အီဘရို တို့သည် ထိုစကားကို မယုံကြည်ကြချေ။

ရောမမြို့၌ အရက်သစ်ဂိုဏ်းသားတွေ အရေးနိမ့်ခဲ့ခြင်းမှာ သေမင်းတမန် ဟု ကျော်ကြားသူ ရစ်ချတ်နှင့် ရှရှစုံထောက် ဘေချော့ဇ်စကီးတို့က မိမိတို့လူ များထက် တိုက်ရည်ခိုက်ရည် ပိုစွမ်းသောကြောင့်သာ ဖြစ်ကြောင်း သူတို့စိတ် ထဲ သိနေကြသည်။ သို့သော် နှစ်ဦးစလုံးက ဘီလုံနှာကြီး၏ စကားကို ဆန့် ကျင်၍ မပြောခြင်းသည် ဘေးရန်အကင်းဆုံး ဖြစ်ကြောင်းကိုလည်း သိနေကြသည်။

ထို့ကြောင့် စတီးလ်က 'ဟုတ်ပါတယ် ဆရာကြီးခင်ဗျာ၊ ဆေတန်နတ်မင်း က ကျွန်တော်တို့ရဲ့ စိတ်ဓာတ်ကို စမ်းသပ်နေတာ သေချာပါတယ်' ဟု ပြော ရင်း အနီးရှိ အီဘာရို ဘက်သို့ပါ လှည့်၍ 'မဟုတ်ဘူးလားဗျ' ဟု ထောက်ခံချက် တောင်းလိုက်သေးသည်။

"ဟုတ်တာပေါ့ဗျ ဆရာကြီး အမိန့်ရှိတဲ့အတိုင်း ဆေတန်နတ်မင်းဟာ ကျုပ်တို့ကို စမ်းသပ်နေတာ အမှန်ပဲ။ ဒါပေမဲ့ မကြာခင်မှာ ရစ်ချတ်ဆိုတဲ့ သတ္တဝါ မရှုမလှ အသက်ပျောက်မှာလည်း သေချာပါတယ်" အီဘာရိုကလည်း ဘီလုံနှာကြီး၏ အကြိုက်ကို လိုက်၍ ပြောလိုက်သည်။

အီဘာရိုဆိုသူကား အသက်လေးဆယ်ကျော်အရွယ် ခန္ဓာကိုယ်တုတ်တုတ် ခိုင်ခိုင်နှင့် အလွန်ဇွဲကောင်းသူတစ်ယောက် ဖြစ်သည်။ တစ်ချိန်က သူသည် အမေရိကန်ပြည် အရှေ့ဘက်ကမ်းရိုးတန်း မြို့တစ်မြို့တွင် ရဲအရာရှိတစ်ဦး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့သည်။ သို့သော် တရားခံများအပေါ် ရက်စက်ညှဉ်းပန်းလွန်းလှသဖြင့် ရဲတပ်ဖွဲ့မှ ပြုတ်ခဲ့လေသည်။

အီဘရိုသည် ငွေကြေး၊ မိန်းမ၊ လက်နက်များကို အလွန်ကြိုက်တတ်သူ ဖြစ်သည်။ ယခု ဘီလုံနာကြီး၏ အရုဏ်သစ်ဂိုဏ်းထဲ ဝင်လာခြင်းမှာလည်း ဆေတန်နတ်ဆိုး ကိုးကွယ်မှုဝါဒကို ယုံကြည်၍ မဟုတ်။ သူကြိုက်တတ်သော အရာများ ဖောဖောသီသီနှင့် လွယ်လွယ်ကူကူ ရနေသောကြောင့်သာ ဖြစ်သည်။ သူကပင် စကားဆက်ပြောပြန်သည်။

"ဟုတ်ပါတယ်ခင်ဗျ။ ဆေတန်နတ်မင်းက ကျွန်တော်တို့ကို စမ်းသပ်နေတာ သံသယဖြစ်စရာမရှိဘူး။ ဒါကြောင့်သာလျှင် ဟို ရစ်ချတ်ဆိုတဲ့ အကောင်နဲ့ သူ့အဖွဲ့ဝင်တွေ အိန္ဒိယပြည် ဘုံဘေမြို့က သင်္ဘောနဲ့ ခရီးမဆက်ခင် ကျွန်တော်တို့ လူတွေက လုပ်ကြံဖို့ မအောင်မြင်ခဲ့တာ ဖြစ်မှာပါ"

ထိုစကားကို ကြားလိုက်မှ ဘီလုံနာကြီး ဝင်စတန်သည် ကျေနပ်သွားဟန်ဖြင့် သူ၏ တင်းမာသော မျက်နှာထားလည်း ပြုံးယောင်ယောင် ဖြစ်လာတော့သည်။

"မင်းတို့နှစ်ယောက်စလုံး ဂရုစိုက် နားထောင်ကြစမ်း။ ရန်သူရဲ့သင်္ဘော လုံးလီးလေဒီကို ပင်လယ်ပြင်မှာ တိုက်ခိုက်ချေမှုန်းဖို့ ငါတို့ ထပ်လွှတ်ထားတဲ့ အာစဘာရှော့သ် သင်္ဘောဟာလည်း အောင်မြင်ချင်မှ အောင်မြင်မယ်။ ဆေတန်နတ်မင်းက ငါတို့ကို ဘယ်လောက်ထိအောင် စမ်းမလဲဆိုရင် ရန်သူဘက်သားတွေ ဒီစခန်းကို ရောက်လာတဲ့အထိ ဆက်စမ်းချင် စမ်းလိမ့်မယ်။ အရေးကြီးတာက မင်းတို့ ငါတို့တစ်တွေဟာ ဆေတန်နတ်မင်းရဲ့ အကူအညီနဲ့ ငါတို့သာလျှင် အပြီးသတ် အနိုင်ရလိမ့်မယ်လို့ ယုံကြည်ချက် ခိုင်ခိုင်မာမာရှိကြဖို့ပဲ"

ဤသို့ပြောရင်း ဝင်စတန်သည် စားပွဲကို လက်သီးဖြင့် တစ်ချက် ထုလိုက်ပြီးမှ ဆက်ပြောပြန်သည်။

"ကောင်းပြီ... တကယ်လို့ ရစ်ချတ်တို့ လူစုက ဘရစ္စဘိန်းမြို့ကို ရောက်တဲ့ထိလာနိုင်တယ် ဆိုပါစို့။ ဒီကောင်က ငါတို့ရဲ့ ဒီစခန်းကို တိုက်ဖို့ အထူးတိုက်ခိုက်ရေးအဖွဲ့တစ်ဖွဲ့ ဖန်တီးမှာ သေချာတယ်။ ဒါပေမဲ့ သူတို့ကောင်တွေ ဒီစခန်းကို ချဉ်းကပ်လာတာနဲ့ ငါတို့ရဲ့ ရေဒါကိရိယာတွေကြောင့် ချက်ချင်း ကြိုတင်သိရလိမ့်မယ်"

ပြောရင်းနှင့် သူသည် လူယုံတော် စတီးလ်၏ မျက်နှာအမူအရာကို အကဲခတ်ကြည့်ရာ သဘောမကျသဖြင့် လှမ်း၍ 'ဟေ့ကောင် စတီးလ်၊ မင်းက ဘာလဲဆေတန်နတ်မင်းက ငါတို့ကို ကာကွယ်စောင့်ရှောက်မှာကို သံသယရှိ



နေတာလား။ ဒီမယ်ကွ ငါတို့ရဲ့ ဒေင် ဥယျာဉ်သစ်ထဲကို တကယ့်စစ်တပ်ကြီး တစ်တပ် ချီလာရင်တောင် အတွင်းကို ဝင်နိုင်မှာ မဟုတ်ဘူးကွ။ သေချာပါတယ်' ဟု ဝေဖန်ပြစ်တင်သလို ပြောလိုက်သည်။

စတီးလ်သည် မိမိအား ဆရာကြီးဝင်စတန်က ဝေဖန်ပြောဆိုလိုက်မှန်း သိသော်လည်း ဘာမှပြန်မပြောဘဲ ရေငုံနေလိုက်သည်။ သူ၏စိတ်ထဲတွင်ကား တကယ့်အခြေအနေမှန်ကို တွက်ချက်သိရှိထား ပြီဖြစ်သည်။ သေမင်းတမန်ဟု ကျော်ကြားသော ရစ်ချတ်သည် စစ်တပ်တစ်တပ် အကူအညီကို ရယူမည့်သူမဟုတ်။

အကူအညီကိုလည်း လိုမည်မဟုတ်ဘဲ သူ၏ အစွမ်းအစ ကြံရည်ဖန်ရည် ရဲစွမ်းသတ္တိဖြင့် မိုက်မိုက်ကန်းကန်း တရကြမ်း တိုက်မည့် လူစားမျိုး ဖြစ်ကြောင်းကိုလည်း စတီးလ် ကောင်းစွာ ရိပ်မိသိရှိနေပြီ ဖြစ်သည်။ ပါးစပ်က မည်သို့မျှ ဖွင့်မပြောသော်လည်း သူ၏စိတ်ထဲက ဆရာကြီးဝင်စတန်အပေါ် ဝေဖန်မိနေလေသည်။

ဘီလုံနာကြီးသည် အကြံကြီးသလောက် အမှန်တရားကို ရင်မဆိုင်ဘဲ ဘဝင်မြင့်နေခြင်းကြောင့် ခက်နေသည်။ နေရာတကာတွင် ဆေတန်နတ်ဆိုးကိုချည်း အားကိုး၍မဖြစ်။ ဆေတန်နတ်က တကယ်ကူညီစောင့်ရှောက်မည်ဆိုလျှင်လည်း ကာယကံရှင်က မိမိကိုယ်ကိုယ် အားကိုးပြီး ကြိုးပမ်းအားထုတ်မှသာ ကူညီမည် ဖြစ်ကြောင်းကို ဆရာကြီး ဝင်စတန်အနေဖြင့် သဘောပေါက်ပုံ မရချေ။ ဤသို့လျှင် စတီးလ်သည် သူ၏စိတ်ထဲမှ ဝေဖန်ဆင်ခြင်နေမိလေသည်။

တစ်နှစ်လျှင် ဒေါ်လာငွေ (၇၅၀၀၀) လုပ်အားခ ရရှိသူ အီတရိကမူ စတီးလ်ကဲ့သို့ ငြိမ်မနေဘဲ...

'ဟုတ်တယ် ဆရာကြီးပြောတာ မှန်တယ်။ ဒီစခန်းအတွင်းကို ရောက်အောင် စစ်တပ်ကြီးတစ်တပ်တောင် ဝင်လို့ရမှာ မဟုတ်ဘူး' ဟု ဘီလုံနာကြီး၏ အကြိုက်ကိုလိုက်၍ ပြောလိုက်ပြီးကာမှ သူပြောပုံက တရားလွန် မြှောက်ပင့်ပြောလိုက်ရာ ရောက်သွားပြီလောဟု စဉ်းစားမိပြန်သဖြင့် ဆက်လက်၍ 'တစ်ခုတော့ရှိပါတယ်။ ရန်သူက ဒီစခန်းကို တကယ်လာတိုက်ခိုက်မယ်ဆိုရင် ထိခိုက်ပျက်စီးမှုတော့ အတော်များနိုင်ပါတယ်။ လေယာဉ်ကွင်းနဲ့ မြှော်စင်ကြီးတွေ ပျက်စီးသွားနိုင်တယ်။ ဒါလည်း သိပ်စိုးရိမ်စရာ မရှိပါဘူး၊ ဩစတြေးလျအင်္ဂလိပ် မှာ ရှိနေတဲ့ ကျွန်တော်တို့ရဲ့ ဂိုဏ်းသားတွေ သတင်းပေးချက်အရ ရစ်ချတ်တို့အဖွဲ့ ကို စစ်သားဆယ်ယောက်တည်း အကူအညီပေးမယ်လို့ သတင်းရတယ်။ စစ်သား ဆယ်ယောက်တည်းနဲ့ ဘာများလုပ်နိုင်မှာလဲ။ ကျွန်တော်တို့ဆီမှာ ရှိတဲ့ သံချပ်ကာ

www.burmeseclassic.com



(အာမတ်) ကားတစ်စီးတည်းနဲ့ ဒီကောင်တွေအားလုံး ပြုတ်သွားအောင် ချေမှုန်းနိုင်မှာပါ' ဟု ပြောလိုက်သည်။

ဘီလျံနာသူဌေးကြီး ဝင်စတန်သည် သူ၏ အစီအစဉ်ကို ဆက်ပြောပြလေသည်။

"ရုရှပြည် မော်စကိုမြို့တော်ကို ငါတို့လူတွေ တိုက်ခိုက်ဖို့ အစီအစဉ်ကို ပြန်ဖျက်ထားလိုက်မယ်။ ဝါရှင်တန်က အိမ်ဖြူတော်ကို ငါတို့လူတွေ ဝင်တိုက်တာကို အမေရိကန်ထောက်လှမ်းရေးက ကြိုတင် ရိပ်မိတာတော့ ထင်ရှားတယ်။ နောက်တစ်ချက်က အမေရိကန်ထောက်လှမ်းရေး (စီအိုင်အေ)နဲ့ ရုရှထောက်လှမ်းရေး (ကေဂျီဘီ)တို့ အခုကိစ္စမှာ ပူးပေါင်းလုပ်ကိုင်နေတာဖြစ်ရမယ်။ ငါတို့လူတွေက ဝါရှင်တန်ကို တိုက်သလို မော်စကိုကိုလည်း တိုက်မှာပဲဆိုတာကိုပါ သူတို့ ရိပ်မိနိုင်တယ်။ ဝါရှင်တန်မှာ ငါတို့ မအောင်မြင်ခဲ့တာကိုသာ ကြည့်တော့။ ဒါကြောင့် မော်စကိုမြို့ကို တိုက်ခိုက်ရေး အစီအစဉ်လည်း ဖျက်ပစ်လိုက်တာ အကောင်းဆုံးပဲ"

ဤသို့ပြောပြီး ဝင်စတန်သည် မျက်လုံးစုံမှိတ်ကာ တစ်စုံတစ်ခုကို စူးစိုက်အာရုံပြုဟန်ဖြင့် ခေတ္တငြိမ်နေပြီးမှ မျက်လုံးမဖွင့်ဘဲ ခတ်စီးပြောနေသူ တစ်ဦးပမာ ပြောပြန်သည်။

"ဟုတ်တယ်... ဟုတ်တယ်။ ဆေတန်နတ်မင်းကိုယ်တိုင် ငါ့ကိုလာပြီး တီးတိုးသတိပေးနေတာ ကြားယောင်မိနေတယ်။ ဟုတ်ပါတယ်၊ ရုရှပြည် မော်စကိုမြို့က ကရင်မလင်နန်းတော်ကို ဝင်တိုက်ခိုက်ဖို့ကိစ္စကို လုံးလုံး မဖျက်တောင်မှ ရွှေ့ဆိုင်းထားလိုက်ရမတဲ့"

ပြောပြီးမှ ဝင်စတန်သည် မျက်လုံးဖွင့်၍ ပြတင်းပေါက်နားဆီသို့ လျှောက်သွားသည်။

ပြင်ဘက်သို့ ခေတ္တမျှ လှမ်းငေးကြည့်နေရာ ဩစတြေးလျနိုင်ငံ၏ အပိုင်းဒုံဒေသဖြစ်၍ အပြင်ဘက်တွင် အပူရှိန်ဒီဂရီ (၁၀၂) ခန့်ရှိသောကြောင့် အလွန်ပူပြင်းလှသည့် ရာသီဖြစ်ကြောင်း ထင်ရှားနေသည့် အရိပ်အယောင်လက္ခဏာများ မြင်ရလေသည်။

စခန်း၏ အတွင်းဘက်တွင်မူ လျှပ်စစ်လေအေးစက်ကိရိယာများကြောင့် အပူရှိန်မှာ ဒီဂရီ (၇၀)ခန့်သာ ရှိနေသည်။

"စပိန်ပြည်က အခြေအနေနဲ့ ငါတို့ရဲ့ အစီအစဉ်ကကော ဘယ်လိုလဲ"

ဘီလျံနာကြီးက ရုတ်တရက် ပြန်လှည့်ပြီး လူယုံတော် စတီးလ်အား မေးလိုက်သည်။ ဤတစ်ကြိမ်တွင်မူ စတီးလ်က သွက်လက်စွာ ဖြေကြားလေသည်။



"အခြေအနေကောင်းပါတယ် ဆရာကြီး။ ကျွန်တော်တို့က တိုက်ခိုက်သုတ်သင်ဖို့ထားတဲ့ ပစ်မှတ်ပုဂ္ဂိုလ်ဟာ မနက်တိုင်း ရှစ်နာရီတိတိမှာ သူ့အိမ်က အချိန်မှန် မော်တော်ကားနဲ့ ထွက်ပါတယ်။ ကျွန်တော်တို့ရဲ့ အစီအစဉ်ကတော့ သူသွားမယ့် လမ်းတစ်နေရာမှာ အင်အားပြင်းထန်တဲ့ မြေမြှုပ်မိုင်းဗုံးထောင်ထားဖို့ပါပဲ။ မော်တော်ကားက အဲဒီနေရာကို ရောက်တာနဲ့ မိုင်းဗုံးပေါက်ကွဲပြီး ကား ရောလူပါ အစိတ်စိတ် အမြွှာမြွှာဖြစ်သွားပါမယ်။ ဒီပုဂ္ဂိုလ်ကြီး လုပ်ကြံခံရတာဟာ ရုရှထောက်လှမ်းရေး (ကေဂျီဘီ) ရဲ့ လက်ချက်ဖြစ်တယ်လို့ ကမ္ဘာ့အနှံ့အပြားက ကျွန်တော်တို့ အဖွဲ့သားတွေက သတင်းလွှင့်ဖို့လည်း အစီအစဉ်ရှိပါတယ်"

"အေး... ကောင်းတယ်ကွ။ တကယ်ပိုင်တဲ့ အကြံမျိုးပဲ။ စပိန်ပြည်က လုပ်ကြံမှုတရားခံဟာ ရုရှကွန်မြူနစ်တွေပဲလို့ ကမ္ဘာက ထင်မှာ သေချာတယ်။ နောက်ပြီး ငါတို့ရဲ့ ဒီအစီအစဉ်ကတော့ အမေရိကန် စီအိုင်အေက ကြိုတင် ရိပ်မိမှာလည်း မဟုတ်ဘူး"

ဘီလျံနာကြီးက သဘောကျဟန်ဖြင့် ပြောလိုက်ရာ စတီးလ်လည်း အားတက်မိလေသည်။

"ဒါဖြင့် စပိန်ပြည်က အစီအစဉ်အတိုင်း ဆက်အကောင်အထည်ဖော်လိုက်ရမလား ဆရာကြီး"

"အေး... မူလက စီစဉ်သတ်မှတ်ထားတဲ့ အချိန်ရောက်တာနဲ့ စပိန်ပြည် မဒရစ်မြို့တော်မှာရှိတဲ့ ငါတို့ရဲ့အဖွဲ့သား (ဧဂျင့်)တွေကို အစီအစဉ်အတိုင်း လုပ်လိုက်ကြဖို့ အကြောင်းကြားလိုက်ပေတော့" ဤသို့ အမိန့်ပေးလိုက်ပြီးနောက် ဘီလျံနာဝင်စတန်သည် ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်ချရင်း သူ၏ လက်ပတ်နာရီကို ကြည့်လိုက်သည်။

ထိုအချိန်၌ သူ၏ ကိုယ်ရေးအရာရှိ (အတွင်းရေးမှူး) မက်ကီလစ်သည် ရေဒီယိုဆက်သွယ်ရေးအခန်းတွင် ကမ္ဘာ့အရပ်ရပ်ရှိ အရဏ်သစ်ဂိုဏ်းသားများ ပေးပို့သည့် သတင်းများကို ဖမ်းယူပြီး စကားပြေပြန်ဆိုရေးသားလျက် ရှိရာ နောက် မိနစ်အနည်းငယ်အတွင်း ပြီးစီးသွားဖွယ် ရှိသည်ဟု ဘီလျံနာကြီးသည် နာရီကို ကြည့်ရင်း တွက်မိလေသည်။

ထို့နောက် စတီးလ်နှင့် အီဘရီတို့ဘက်သို့ လှည့်လိုက်ပြန်သည်။

"မင်းတို့နှစ်ယောက်စလုံးရဲ့ စိတ်ထဲမှာ သိချင်နေတဲ့ မေးခွန်းတစ်ခုရှိနေတယ်ဆိုတာ ငါ သိပါတယ်။ အမေရိကန် ဝါရှင်တန်မြို့က အိမ်ဖြူတော်ကို ငါတို့လူတွေ တိုက်ခိုက်ရာမှာ မအောင်ခဲ့တဲ့အတွက် ငါတို့ပိုင်တဲ့ အာတိယ

www.burmeseclassic.com



ကမ္ဘာစစ်ကြီး ဘယ်လိုလုပ် ဖြစ်နိုင်ပါ့မလဲလို့ မင်းတို့ သိချင်နေတယ် မဟုတ်လား။ အထူးသဖြင့် ငါတို့က မော်စကိုမြို့တော်ကို တိုက်ခိုက်ရေးပါ ရွေ့ဆိုင်းထားလိုက်တော့ ပိုပြီးတောင် စစ်ဖြစ်ဖို့ ခဲယဉ်းသွားမယ်လို့ မင်းတို့ ထင်နေကြတယ် မဟုတ်လား”

“ဒါတော့ ဟုတ်ပါတယ် ဆရာကြီး။ ကျွန်တော်တို့ရဲ့ စိတ်ထဲမှာ အဲဒီလိုတော့ တွေးလိုက်မိပါတယ်၊ လက်ရှိအခြေအနေ အတိုင်းဆိုရင် အမေရိကန်နဲ့ ဆိုဗီယက် ရုရှတို့ဟာ တစ်ဦးပေါ်တစ်ဦး အထင်မှားပြီး အဏုမြူနျူကလီးယားလက်နက်တွေ အပြန်အလှန်ပစ်ခတ်တိုက်ခိုက်ကြမယ်လို့ ကျွန်တော်တို့ မျှော်လင့်လို့ မရနိုင်ပါဘူး။ နောက်တစ်ခုလည်း ဆရာကြီးကို ကျွန်တော်ပြောချင်ပါသေးတယ်။ ဒါက သေမင်းတမန်လို့ ခေါ်တဲ့ ရစ်ချတ်အကြောင်းပါပဲ။ ဒီကောင်က ကျွန်တော်တို့ စောစောက ထင်ခဲ့တာထက် ပိုပြီး အန္တရာယ်ပေးနိုင်တာ အမှန်ပဲ။ ဒါကြောင့် ကျွန်တော့်သဘောထားကို ပွင့်ပွင့်လင်းလင်း တင်ပြရရင် အခုအချိန်မှာ ဆေးတန်နတ်မင်းကိုယ်တိုင်က ကျွန်တော်တို့ဟာ သူ့ကိုချည်း အားကိုးမနေဘဲ ကိုယ့်အစွမ်းနဲ့ကိုယ် တတ်နိုင်တာတွေ လက်တွေ့လုပ်စေချင်လိမ့်မယ်လို့ ထင်မိပါတယ်”

စတီးလ်က ခပ်ဘွင်းဘွင်းပင် ရှင်းပြလိုက်ရာ ဘီလုံနာကြီးက သူ၏ စူးရှတောက်ပြောင်လှသော မျက်လုံးများဖြင့် ပြန်ကြည့်လေသည်။

“ကောင်ကလေး ငါပြောလိုက်တာ လွန်များသွားလေပြီလား” ဤသို့ စတီးလ်၏ စိတ်ထဲမှ တွေးမိလေသည်။

သို့သော် ပြောမိပြီးမှတော့ မထူး၊ ဘီလုံနာကြီးအနေဖြင့် စိတ်ဆိုးဒေါသထွက်ရုံမှ လွဲ၍ ဘာမှ လုပ်နိုင်မည်မဟုတ်။ တစ်ခုတော့ရှိသည်။ ဘီလုံနာဝင်စတန်သည် အလွန်စိတ်ဓာတ်ခိုင်မာ ပြင်းထန်သူတစ်ယောက် ဖြစ်သည်။

စတီးလ်သည် ကမ္ဘာအနှံ့အပြားသို့ ခရီးလှည့်လည်ဖူးသူ ဖြစ်သည်။ အရှေ့တိုင်း (အထူးသဖြင့် ဂျပန်) မှ စိတ်ဓာတ်ခိုင်မာ ပြင်းထန်သူများကိုလည်း တွေ့ခဲ့ဖူးသည်။ သို့သော် ဘီလုံနာဝင်စတန်လောက် စိတ်ဓာတ်ပြင်းထန်သူဆို၍ တစ်ဦးတလေမှ မတွေ့ခဲ့ဖူးချေ။

ယခု သူက ဆေတန်နတ်ဆိုးအား ယုံကြည်ကိုးကွယ်သည့် စိတ်ဓာတ်နှင့် ယုံကြည်ချက်၊ ခံယူချက်ကလည်း အထူးပြင်းထန်ခိုင်မာကြောင်း ထင်ရှားနေသည်။

ဘီလုံနာကြီး၏ ဆေတန်ကိုးကွယ်မှုဝါဒတွင် သဘောကျစရာတစ်ခုတော့ ရှိသည်။ ယင်းမှာ လူ့ဘဝတွင် ကာမဂုဏ်အာရုံ၊ စည်းစိမ်များကို အပြည့်



အဝခံစားထိုက်သည် ဟူသော အယူအဆပင် ဖြစ်သည်။ ဒါမှလည်း လူ့ဘဝသည် ပျော်ရွှင်စရာ၊ ကြည်နူးစရာကောင်းမည် မဟုတ်ပါလော။

ဤအချက်သည်ပင်လျှင် ဆေတန်ဝါဒနှင့် အခြားကိုးကွယ်မှုဝါဒ၊ အခြားသမားရိုးကျ ကိုးကွယ်မှု ဘာသာများနှင့် ကွာခြားချက်ပင် ဖြစ်သည်။

စတီးလ်သည် ဤသို့ တွေးနေမိရာ သူ့ဆရာကြီး ပြောသည့် စကားကိုပင် အာရုံမစိုက်နိုင်အောင် ဖြစ်သွားသည်။

ဘီလုံနာကြီးကိုယ်တိုင်ကလည်း စတီးလ်၏ အမူအရာကို အကဲခတ်မိပြီး လေသံတင်းတင်းဖြင့် ‘ဟေ့ကောင်... စတီးလ်၊ မင်းက ငါပြောနေတဲ့ စကားကို ကောင်းကောင်း နားမထောင်ဘဲကိုးကွ’ ဟု မာန်လိုက်သည်။

စတီးလ်ကလည်း သူ့ဆရာကြီး ဒေါသထွက်ခြင်းကိုတော့ ကြောက်သဖြင့် ‘ကျွန်တော် ဝမ်းနည်းမိပါတယ် ဆရာကြီး၊ ကျွန်တော်က ဆက်လက်အကောင်အထည်ဖော်ရမယ့် စီမံချက် ‘ဝိုင်’အကြောင်း စဉ်းစားနေလို့ပါ’ ဟု ဖြောင်လိမ်ပြောလိုက်သည်။

သည်တော့မှ ဘီလုံနာကြီးက ဆက်လက်ပြောလေသည်။

“ငါပြောနေတာက ငါတို့ကိုယ်တိုင် အိုင်ဘီအမ်လို့ခေါ်တဲ့ အဝေးပစ်ဒုံးကျည်ကြီးနှစ်ခု တည်ဆောက်မယ်။ ရပ်ဝေးကပစ်မှတ်ကို မလွဲထိအောင် ပစ်နိုင်တဲ့ ဒုံးကျည်မျိုးကို ဆိုလိုတယ်။ အဲဒါကို တည်ဆောက်ဖို့က စရိတ်စက ငွေကြေး အမြောက်အမြား လိုမယ်။ ငွေလုံလုံလောက်လောက် ပြည့်စုံအောင် စီစဉ်ဖန်တီးဖို့ အချိန်လည်း လိုလိမ့်မယ်။ ဘာပဲဖြစ်ဖြစ် ငါတို့က ဖြစ်တဲ့နည်းနဲ့ တည်ဆောက်ရမှာပဲ။ ပြီးတော့ အဲဒီဒုံးကျည်ကြီးတွေနဲ့ မော်စကိုမြို့တော်ကို ချိန်ပြီး ပစ်လွှတ်မယ်။ ဒီတော့ ရုရှတွေက ဒါဟာ အမေရိကန်ရဲ့ လက်ချက်ပါလို့ ထင်ပြီး တုံ့ပြန် ကလဲ့စားချေတဲ့အနေနဲ့ သူတို့ကလည်း အမေရိကန်ပြည်ကို ဒုံးကျည်တွေနဲ့ ပစ်ခတ် တိုက်ခိုက်လိမ့်မယ်”

ထိုစကားကို ကြားလျှင် စတီးလ်သည် အကြီးအကျယ် အံ့အားသင့်ကာ ပါးစပ်အဟောင်းသားနှင့် သူ့ဆရာကြီးအား ပြန်ကြည့်ပါလေသည်။

ဆရာကြီး၏ အကြံအစည်က ဖြစ်နိုင်ပါမည်လား။ ဘီလုံနာကြီးသည် တကယ်ပင် စိတ်ဓာတ်ဖောက်ပြန် ရူးသွပ်သော သူ တစ်ယောက် ဖြစ်နေပြီလော။ သေမင်းတမန်ခေါ် ရစ်ချတ်ဆိုသူ အဓိကရန်သူတစ်ယောက် ရှိနေခြင်းကိုတော့ ဘီလုံနာကြီးက လုံးဝ ထည့်စဉ်းစားဟန်မတူ။ ဤသည်ပင်လျှင် စိတ်ရူးပေါက်သူတို့၏ အတွေးအခေါ်မျိုး ဖြစ်နေလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သော တစ်နှစ်အတွင်းက (စီအိုင်အေ) သူလျှိုငါးဦး မိမိတို့၏ အရဏ်သစ် ဂိုဏ်းအတွင်းသို့ ဂိုဏ်းသားများအဖြစ် ထိုးဖောက် ဝင်ရောက်နိုင်ခဲ့ပြီး နောက်ကျမှ သူလျှိုမှန်းသိ၍ သုတ်သင်ရှင်းလင်းခဲ့ရခြင်းကို ဆရာကြီးက မေ့နေပြီလော။ ယခု သူဌေးကြီးက တိုက်ချင်းပစ်ဒုံးကျည်များ တည်ဆောက်ဦးမည်ဟု ဆိုနေပြန်သည်။ တကယ်ပင် တည်ဆောက်နိုင်သည်ပဲထားဦး၊ အမေရိကန်နှင့် ရုရှတို့က မိမိတို့၏ ဒုံးကျည်များ မပစ်လွှတ်နိုင်မီ ကြေမွပျက်စီးသွားအောင် တိုက်ခိုက်ချေမှုန်းပစ်နိုင်သည့် အခြေအနေမျိုး ရှိကြောင်း စတီးလ်က ကောင်းစွာ သိထားသည်။

သို့သော် ဆရာကြီးဝင်စတန်အား မည်သို့ ရှင်းလင်းပြောပြရပါမည်နည်း။

ဤသို့ စဉ်းစား၍ မည်သို့ ပြန်ဖြေရမှန်း မသိမီပင် ဘီလျှံနာကြီးက စကားအကြောင်းအရာကို ပြောင်းလဲပြောဆိုပြန်သည်။

"နောက်တစ်ခု မင်းတို့ကို ပြောစရာရှိသေးတယ်။ ဒီနေ့မနက် ငါ လျှောက်စစ်ဆေးကြည့်တော့ လေးထပ်က ဆေးပစ္စည်း သိုလှောင်ခန်းနားက အိမ်သာခန်းမှာ အိမ်သာသုံးစက္ကူလိပ်တစ်လိပ်က ငါအမိန့်ပေးထားသလို မဟုတ်ဘဲ အောက်ဘက်က လှန်ဆွဲရတာမျိုး မဟုတ်တာ တွေ့ခဲ့ရတယ်။ စက္ကူလိပ်ကို အပေါ်ဘက်က ဆွဲယူရတဲ့ပုံစံမျိုး ဖြစ်နေတယ်။ ငါက စက္ကူလိပ်မှန်သမျှ အပေါ်ဘက်က ဆွဲယူလို့ရအောင် မထားရဘူးလို့ အမိန့်ပေးထားရက်နဲ့ အခုလိုဖြစ်ရတာဟာ ငါ့အမိန့်ကို ဖီဆန်တာပဲ မဟုတ်လား။ ဒါကြောင့် မင်းကိုယ်တိုင် အဲဒီစက္ကူလိပ်ကို ဘယ်သူက တပ်ဆင်တာလဲဆိုတာ စုံစမ်းပြီး ဒီလူကို အပြစ်ပေးရမယ်။ ငါ့သဘောအရ ဒီလူကို သေဒဏ်တောင် ပေးသင့်တယ်"

ဤသို့ပြောလိုက်သည်တွင် စတီးလ်၏စိတ်ထဲ တိကျသော ဆုံးဖြတ်ချက်တစ်ခု ချမှတ်လိုက်တော့သည်။ ဆရာကြီး ဘီလျံနာသူဌေး ဝင်စတန်သည် ဆေတန်နတ်မင်း၏ တမန်တော်လည်း မဟုတ်၊ ထူးချွန်သော ခေါင်းဆောင်ကောင်းလည်း မဟုတ်။ ဘီလျံနာဝင်စတန်သည် တကယ်ပင် စိတ်ရူးပေါက်နေသော သူရူးကြီးတစ်ယောက်ပေတကားဟု စတီးလ်က ဆုံးဖြတ်လိုက်သည်။

■



# အခန်း (၈)

"ဟိုသင်္ဘောက ကျုပ်တို့ရှိရာကို တည့်တည့်ကြီးလာနေတာတော့ အမှန်ပဲဗျ"

ရစ်ချတ်က သင်္ဘောကုန်းပတ်ပေါ်မှ ကြည့်ရင်း သူ၏အဖော်များကို ပြောလိုက်သည်။ ထိုအချိန်၌ သူ့အဖော်အားလုံးသည်လည်း ကုန်းပတ်ပေါ်သို့ စုရုံးရောက်ရှိနေကြပြီ ဖြစ်သည်။ ရစ်ချတ်သည် သူတို့သင်္ဘောဆီသို့ တူရူလာနေသော သင်္ဘောအား အင်အားကောင်းသော မှန်ပြောင်းဖြင့် ကြည့်နေရာမှ ပြောလိုက်ခြင်း ဖြစ်သည်။

ဘောရက်စ် ရေလက်ကြားအတွင်းရှိ ပင်လယ်ရေပြင်မှာ လေဆန်နေသဖြင့် လှိုင်းဂယက်များ ထလျက်ရှိလေသည်။

"ကျုပ်တော့ အခုလာနေတဲ့ သင်္ဘောဟာ ကျုပ်တို့ကို အန္တရာယ်ပြုမယ့် သင်္ဘောလို့ ထင်တာပဲ"။ ကြီးကြပ်ရေးမှူး နာသန်နီယယ်လ်က သူ၏ ထင်မြင်ချက်ကို ထုတ်ဖော်ပြောလိုက်သည်။

ထိုအချိန်၌ သင်္ဘောမာလိန်မှူး ဂျက်ဆင်က ပြေးတက်လာပြီး ရစ်ချတ်ထံ သတင်းပို့လေသည်။

"ဒီသင်္ဘောပေါ် ပါတဲ့ လက်နက်အားလုံး စက်သေနတ်တွေ အပါအဝင် အဆင်သင့် ပြင်ထားလိုက်ပြီ။ ကျုပ်တို့ရဲ့ လက်နက်အင်အားနဲ့ဆိုရင် စစ်တပ်တစ်တပ် လာရင်တောင် ခုခံနိုင်စွမ်း ရှိပါတယ်"

ဤတွင် ဗြိတိသျှထောက်လှမ်းရေးသမား ကင်ဘာက 'အခုလာနေတဲ့ သင်္ဘောက ဩစတြေးလျအစိုးရရဲ့ ကင်းလှည့်သင်္ဘော မဖြစ်နိုင်ဘူးလားဗျ' ဟု ဂျက်ဆင်အား လှမ်းမေးရာ မာလိန်မှူးဂျက်ဆင်က ခေါင်းခါပြလေသည်။

"မဖြစ်နိုင်ဘူးဗျ။ ဩစတြေးလျကင်းလှည့်သင်္ဘောဆိုရင် အခုလို ကျုပ်တို့သင်္ဘောဆီ တည့်တည့်ကြီး ဦးတည်ခုတ်မောင်းလာမှာ မဟုတ်ဘူး"

ဤသို့ ပြောပြီးမှ ဂျက်ဆင်သည် အဖွဲ့ခေါင်းဆောင် ရစ်ချတ်ဘက်သို့ လှည့်ပြောပြန်သည်။ "ကျုပ်တော့ ၂၅ ပေါင် အမြောက်ငယ်ကိုပါ ထုတ်ဆင်ထားလိုက်ပြီ။ ဒီလက်နက်က ကိုင်ထားပြီး ချိန်ပစ်ရခက်လို့ သင်္ဘောသားနှစ်ယောက်ကို အမြောက်တင်ပစ်ဖို့ သုံးချောင်းထောက် သံဒေါက်ကိုပါ ထုတ်ဆင်ခိုင်းထားတယ်"

ရစ်ချတ်လည်း မှန်ပြောင်းကို ချရင်း ကျေနပ်ဟန်ဖြင့် ခေါင်းညိတ်ပြလိုက်စဉ် ပြင်သစ်စုံထောက် ဖီးလစ်က လှမ်း၍ မေးခွန်းထုတ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မစ္စတာရစ်ချတ်ခင်ဗျား။ တကယ်လို့ အခုလာနေတဲ့သင်္ဘောက ရန်သူဘက်ကဆိုရင် ကျွန်တော်တို့ သင်္ဘောပေါ် တက်စီးမယ် ထင်ပါသလား။ ဒါမှမဟုတ် သင်္ဘောချင်းဝင်တိုက်ပြီး နစ်မြုပ်ပစ်ဖို့ ကြိုးစားမယ် ထင်သလား"

ထိုမေးခွန်းကို ရစ်ချတ်က ပြန်မဖြေမီ ကြီးကြပ်ရေးမှူး နာသန်နီယယ်လ်က ဗီးလစ်အား ထုံလှ အလှချည်လားဟု ဝေဖန်ပြစ်တင်သည့်ဟန်ဖြင့် ကြည့်ရင်း ဖြေကြားလေသည်။

"မောင်ရင်က ဒါများ မေးနေရသေးသလား၊ တကယ်လို့ ဟိုသင်္ဘောက ရန်သူဘက်ကဆိုရင် ကျုပ်တို့သင်္ဘောကို တက်စီးဖို့ ကြိုးစားမှာ မဟုတ်ဘူး။ ဘာကြောင့်လဲဆိုတော ကျုပ်တို့မှာ လက်နက်အင်အား ပြည့်စုံတာသိပြီး ဒီသင်္ဘောပေါ် တက်ဖို့ ကြိုးစားတဲ့လူမှန်သမျှ ကျည်ဆန်ဖျားမှာ အသက်ပါသွားမယ်ဆိုတာ သိလို့ပဲ။ နောက်ပြီး သင်္ဘောချင်း ဝင်တိုက်မယ်ဆိုရင် ကျုပ်တို့သင်္ဘောပျက်စီးသလို သူတို့သင်္ဘောလည်း ပျက်သင့်သလောက် ပျက်စီးမှာမို့ သင်္ဘောချင်းတိုက်ပြီး ကျုပ်တို့ကို နစ်မြုပ်ဖို့ ကြိုးစားမှာ မဟုတ်ဘူး။ ကျုပ်အထင်တော့ ဒီကောင်တွေအနေနဲ့ လက်ပစ်ဗုံးကို အများဆုံးသုံးလိမ့်မယ် ထင်တာပဲ"

ထိုအချိန်အထိ စကားတစ်ခွန်းမှမပြောဘဲ တစ်ဖက်သင်္ဘောကိုသာ အာရုံစိုက်ကြည့်နေသူ ရုရှစုံထောက် တေချော့ဗ်စကီးသည် ယခုစတင်၍ ပြောလေသည်။

"ရဲဘော်တို့ သေသေချာချာကြည့်ပါဦး။ ဟိုသင်္ဘောဟာ စောစောကလို ကျုပ်တို့သင်္ဘောရှိရာ တည့်တည့်ကို မလာတော့ဘဲ တဖြည်းဖြည်း လှည့်နေပြီဗျ။ ပြီးတော့ သင်္ဘောအရှိန်ကိုလည်း နည်းနည်းလျှော့လိုက်ပုံရတယ်"

ထိုစကားကိုကြားလျှင် ရစ်ချတ်အပါအဝင် လူအားလုံးက ပင်လယ်ပြင်ဆီသို့ လှည့်ကြည့်လိုက်သည်။ ထိုသင်္ဘောမှာ လိမ္မော်ရောင်ဆေး သုတ်ထားပြီး ပုံသဏ္ဌာန်အားဖြင့် ခရူဇာခေါ် ရေတပ်တိုက်သင်္ဘောပုံစံမျိုး ရှိကြောင်း သတိပြုမိကြလေသည်။ ရုရှစုံထောက် တေချော့ဗ်စကီး ပြောသည့်အတိုင်း မှန်နေကြောင်း အားလုံးက မြင်ကြလေသည်။

လုံးလီးလေဒီ သင်္ဘော၏ လက်ဝဲဘက်နှစ်မိုင်ခန့်အကွာ ပင်လယ်ပြင်တွင် လိမ္မော်ရောင်သင်္ဘောသည် စောစောကလို သင်္ဘောချင်း ဝင်တိုက်တော့မည့်ဟန် မဟုတ်တော့ဘဲ သင်္ဘောချင်း ဘေးချင်းယှဉ်၍ မျဉ်းပြိုင်ခုတ်မောင်းလျက် ရှိလေသည်။

သင်္ဘောမာလိန်မှူး ဂျက်ဆင်သည် တစ်ဖက်သင်္ဘောကို သေချာစွာ ကြည့်ခွင့်ရသဖြင့် ကြည့်ပြီးနောက် 'တစ်ခုတော့ သေချာပြီဗျ။ ဟိုသင်္ဘောဟာ



ဩစတြေလျအစိုးရရဲ့ ကင်းလှည့်သင်္ဘောမဟုတ်ဘူး။ အခု ကျုပ် အကဲခတ်ကြည့်ရသလောက် သင်္ဘောက အတော့်ကို အဆင့်အတန်းမြင့်မြင့် တည်ဆောက်ထားတာ အမှန်ပဲ။ ဒီသင်္ဘောမျိုး တည်ဆောက်ရင် ကုန်ကျငွေကလည်း အလွန်များလိမ့်မယ်' ဟု ပြောပြောဆိုဆို မှန်ပြောင်းဖြင့် တစ်ဖက်သင်္ဘောဆီသို့ လှမ်းကြည့်ပြန်လေသည်။ ဂျက်ဆင် အနေဖြင့် ထိုသင်္ဘော၏ အခြေအနေကို အနီးကပ် လေ့လာကြည့်ရှုလိုသဖြင့် မှန်ပြောင်းဖြင့် ထပ်မံ၍ အသေးစိတ်ကြည့်ခြင်း ဖြစ်လေသည်။

ထိုအချိန်၌ ရစ်ချတ်သည်လည်း အခြားမှန်ပြောင်းတစ်ခုဖြင့် လိမ္မော်ရောင်သင်္ဘောအား အသေးစိတ် ထပ်မံကြည့်လိုက်သည်။ မှန်ပြောင်း၏ သတ္တိကြောင့် အကွာအဝေးအားဖြင့် နှစ်မိုင်ခန့်ရှိသော ထိုသင်္ဘောအား အနီးကပ်ကြည့်ရသလို မြင်ရလေရာ ရစ်ချတ်သည် မည်သည့်နိုင်ငံမှ မည်သူမည်ဝါ၏ သင်္ဘောဟု ခန့်မှန်း၍ မရနိုင်အောင် ဖြစ်နေတော့သည်။

လိမ္မော်ရောင်သင်္ဘောသည် အလျားပေတစ်ရာခန့် ရှိသဖြင့် ပုဂ္ဂလိကသင်္ဘောဖြစ်ပါက အလွန်ကြီးသည်ဟု ဆိုနိုင်ပေသည်။ 'မီလျံနာ' ခေါ် ဒေါ်လာငွေသန်းချီ ကြွယ်ဝသူများသာလျှင် ငွေကုန်ခံ၍ ဝယ်စီးနိုင်မည့် သင်္ဘောမျိုးဖြစ်လေသည်။ သင်္ဘော၏ သစ်သားအစိတ်အပိုင်း အားလုံးကို တန်ဖိုးကြီးလှသော ကျွန်းသစ်နှင့် မဟော်ဂနီသားတို့ဖြင့် ပြုလုပ်ထားလေသည်။

ယခု အနီးကပ်မမြင်ရသော်လည်း ထိုသင်္ဘောတွင် အင်အားကောင်း အင်ဂျင်စက်နှစ်လုံး တပ်ဆင်ထားတာ ဖြစ်ရမည်ဟု ရစ်ချတ်က တထစ်ချတွက်မိသည်။ ဤမျှ တန်ဖိုးကြီးပြီး အထက်တန်းကျလှသော သင်္ဘောလိမ္မော်ရောင်ပိုင်ရှင်သည် မိမိတို့၏ အဓိကရန်သူ ဘီလျံနာသူဌေးကြီး ဝင်စတန် မဖြစ်နိုင်ပါလော။ ဤသို့လည်း ရစ်ချတ်က တွေးမိလေသည်။

သင်္ဘောပဲ့ကိုင် စက်ဝိုင်းထားရှိရာနေရာမှ အထပ်နှစ်ထပ်ရှိသော ကင်ဘင်ခေါ် အခန်း၏ ခေါင်မိုးအပေါ်တွင် တည်ရှိသဖြင့် အခြားသင်္ဘောများနှင့် စာသော် ဤသင်္ဘောပဲ့ကိုင် စက်ဝိုင်းတည်ရာနေရာက ပိုမြင့်နေသည်။

သင်္ဘော၏ ကိုယ်ထည် တည်ဆောက်ထားပုံကလည်း အထူးတောင့်တင်းခိုင်မာပုံရသည့်ပြင် ပင်လယ်သမုဒ္ဒရာအတွင်း လှိုင်းဒဏ်၊ လေဒဏ်တို့ ကြံ့ကြံ့ခံနိုင်ရန်အတွက် ရေကြောင်းအင်ဂျင်နီယာနှင့် ဗိသုကာ အတတ်ပညာနည်းအရ စနစ်တကျ ဖန်တီးထားလေသည်။

မှန်ပြောင်းဖြင့် အကဲခတ်လေ့လာကြည့်ရင်းနှင့်ပင် ရစ်ချတ်သည် စိတ်ထဲမှ အလိုလိုသိသကဲ့သို့ 'ဤသင်္ဘောကား ငါတို့အား ရန်ပြုလာသည့်သင်္ဘော အမှန်ဖြစ်ရမည်' ဟု ထင်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗြိတိသျှထောက်လှမ်းရေးအဖွဲ့မှ ကင်ဘာသည် ထိုသင်္ဘောကို ဂရုစိုက်ကြည့်နေရာမှ 'ဒီသင်္ဘောနာမည်ကို ကျုပ်ဖတ်လို့ ရပြီဗျို့။ နာမည်က 'အာစတာရှော့စ်' ဆိုပါကလား။ ဘယ်လိုနာမည်ကြီးမျိုးလည်း မသိဘူး။ ကြဲကြဲဖန်ဖန် မှည့်ခေါ်ထားတဲ့နာမည်နဲ့ တူတယ်'ဟု ပြောလိုက်သည်။

ရစ်ချတ်လည်း လိမ္မော်ရောင် သင်္ဘောအား မှန်ပြောင်းဖြင့် ထပ်ကြည့်ပြီးမှ သင်္ဘောအမည်ပေးထားပုံအကြောင်းကို ကျန်လူများအား ရှင်းပြလေသည်။

"ဒီလိုရှိတယ်ဗျ။ အာစတာဆိုတာ ရှေးဟောင်းဟီးဘရူး (ဂျူး) စကားဖြစ်တယ်။ ရောမခေတ်မတိုင်မီက မြေထဲပင်လယ်တစ်ဝိုက်မှာ ယဉ်ကျေးမှုထွန်းကားခဲ့တဲ့ ဖိုနီးရှင်းလူမျိုးများ ကိုးကွယ်တဲ့ နတ်ဘုရားတစ်ဦးရဲ့ အမည်ပါပဲ။ ရှေးလူမျိုးတို့ ကိုးကွယ်ခဲ့ကြတဲ့ နတ်ဘုရားဆိုတာတွေကလည်း အမျိုးမျိုးရှိတာ သိကြလိမ့်မယ်။ အခု ဟိုသင်္ဘောနာမည်ယူထားတဲ့ အာစတာနတ်ဘုရားကတော့ အချစ်နဲ့ အိမ်ထောင်ရေး သို့မဟုတ် လူမျိုးဆက် ပြန့်ပွားရေးဆိုင်ရာ နတ်ဘုရားလို့ ဆိုကြတယ်။ နောက်ပိုင်း ကမ္ဘာ့သမိုင်း အရဟီးဘရူးခေါ်တဲ့ ဂျူးလူမျိုးတွေ စစ်ရေးဘက်မှာ အရေးနိမ့်ပြီး အနိမ်ခံရတဲ့ အထဲမှာ သူတို့ကိုးကွယ်တဲ့ နတ်ဘုရားတွေကိုပါ စစ်အောင်နိုင်သူတွေက ဆက်ပြီး နှိမ်ခဲ့ကြတယ်။ အဲဒီနည်းနဲ့ (ကျုပ် ဗဟုသုတရှိသလောက် ပြောရရင်) အာစတာနတ်ဘုရားဟာ ငရဲပြည်က နတ်ဆိုးတစ်ဦးအဖြစ် စစ်နိုင်သူက သတ်မှတ်ကြေညာခဲ့ကြတယ်။ အခု ခင်ဗျားတို့ မြင်နေရတဲ့ သင်္ဘောရဲ့နာမည်က အာစတာ နတ်ဆိုးတစ်ဦးကို တိုင်တည်ဂုဏ်ပြုတဲ့အနေနဲ့ မှည့်ခေါ်ထားတယ်လို့ ကျုပ်က ဒီလိုပဲ တွက်မိတယ်"

ရစ်ချတ်က ရှေးဟောင်းသမိုင်းအကြောင်းကိုပါ ကိုးကား၍ ရှင်းပြလိုက်ရာ သူ၏ ဗဟုသုတပြည့်စုံနှံ့စပ်မှုကို ဖော်ပြလိုက်သည့် အထောက်အထားသဖွယ် ဖြစ်နေသောကြောင့် စီအိုင်အေကြီးကြပ်ရေးမှူး နာသန်နီယယ်လ်ကိုယ်တိုင် အထူးအံ့အားသင့်သွားပုံရလေသည်။

"မောင်ရင်ပြောတဲ့ အတိုင်းဆိုရင် သင်္ဘောနာမည်ကို အခုလို ဆန်းဆန်းပြားပြား မှည့်ခေါ်ထားပုံကိုက စဉ်းစားစရာ ဖြစ်နေပြီ"။ နာသန်နီယယ်လ်က မှတ်ချက်ချလိုက်သည်။

ကျန်လူများသည် အာစတာရှော့စ်အမည်ရှိ သင်္ဘောဆီသို့ လှမ်းကြည့်နေရာမှ ထိုသင်္ဘောသည် ရန်သူဖြစ်ရုံမက မိမိတို့အား တိုက်ခိုက်မည့် နည်းဗျူဟာကိုပါ ရိပ်မိကြလေတော့သည်။

အာစတာရှော့စ်သင်္ဘော၏ ကုန်းပတ်တစ်နေရာတွင် စောစောက ကင်း



ဇတ်ပတ္တူဖြင့် ဖုံးအုပ်ထားသော အရာဝတ္ထုကို လူတစ်စုက အမြန်ဖယ်ရှားခွာထုတ်လိုက်ရာ အတွင်းမှပစ္စည်းမှာ ဂျာမန်လုပ် ဂျုရပ် ၅၈ အမျိုးအစား အမြောက်ကြီး ဖြစ်နေကြောင်း လှမ်းမြင်ရလေသည်။

ယင်းအမြောက်အမျိုးအစားမှာ ယခုခေတ်ပေါ် အမြောက်များအနက် အထိရောက်ဆုံး၊ အပြင်းထန်ဆုံး ဖြစ်၍ လေယာဉ်ပစ် အမြောက်အဖြစ် အချို့နိုင်ငံများတွင် သုံးနေကြပြီ ဖြစ်သည်။

အဆိုပါ ဂျုရပ် ၅၈ အမြောက်သည် ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးခဲ့သည့်နောက်ပိုင်းတွင် တီထွင်ထုတ်လုပ်ခဲ့သော လက်နက်များအနက် ယမ်းအားပေါက်ကွဲအား အများဆုံး၊ အပြင်းထန်ဆုံး အမြောက်ဖြစ်၍ ကမ္ဘာပေါ်တွင် အကောင်းဆုံး လေယာဉ်ပစ်အမြောက်ဟု နာမည်ရခဲ့ပေသည်။

ယခု အာစတာရှော့စ်သင်္ဘောပေါ်တွင် ဂျုရပ် ၅၈ ဂျာမန်လုပ် အမြောက်ဖြစ်နေခြင်းအရ အာစတာရှော့စ်သည် ချစ်ကြည်ရေး မိတ်ဆက်လာခြင်းမဟုတ်။ မိမိတို့ လုံးလီးလေဒီ သင်္ဘောငယ်အား ချေမှုန်းနှစ်မြှုပ်ရန် လာခြင်းဖြစ်ကြောင်း ထင်ရှားနေပြီ။ "ဟာ သင်္ဘောက ကျုပ်တို့ကို မုန့်မုန့်ညက်ညက်ကြေအောင် အမြောက်နဲ့ ထုဖို့ ပြင်ဆင်နေပါကလား"

ကြီးကြပ်ရေးမှူး နာသန်နီယယ်လ်က ထိတ်လန့် တုန်လှုပ်ဟန်ဖြင့် ပြောလိုက်သည်။

ထိုအခိုက်မှာပင် မာလိန်မှူး ဂျက်ဆင်သည် သင်္ဘောကုန်းပတ်ဆီသို့ အရေးတကြီး ပြေးဆင်းလာရင်း ရစ်ချတ်အား 'ခေါင်းဆောင်ကြီး ကြည့်လုပ်ပါဦး' ဟု တောင်းပန်သည့် ဟန်မျိုးဖြင့် တစ်ချက်လှမ်းကြည့်လိုက်သည်။

ရစ်ချတ်ကိုယ်တိုင်ကလည်း ဂျက်ဆင်၏ မျက်လုံးအမူအရာကို ကြည့်ပြီး အဓိပ္ပာယ်သဘောပေါက်သဖြင့် စိုးရိမ်တုန်လှုပ်ခြင်း လုံးဝမရှိသော စစ်သူကြီးတစ်ဦး၏ဟန်ဖြင့် ပြန်ပြောလေသည်။

"ကျုပ်တို့ကလည်း နတ်ဘုရားတွေ အားကိုးမျှော်လင့်ပြီး လက်ပိုက်ကြည့်နေမှာမှ မဟုတ်ဘဲ"

ဤသို့ အစချီကာ ကျန်လူများအား သူ၏ နည်းဗျူဟာကို ရှင်း[illegible] သည်။ ထိုအခိုက် သူတို့၏ သင်္ဘောသည် ရုတ်တရက် လက်ဝဲဘက်သို့ [illegible] မြန်စွာ ကွေ့လိုက်သဖြင့် ရစ်ချတ်တို့ လူစုအားလုံး ယိုင်လဲမတတ် [illegible] သတိထားလိုက်ကြရသည်။

သင်္ဘော ရုတ်တရက် ကွေ့လိုက်သည့် အကြောင်း[illegible] ဂျက်ဆင်က သူကိုယ်တိုင် ပဲ့ကိုင်စက်ဝိုင်းကို တာဝန်ယူ ထိန်း[illegible]

www.burmeseclassic.com

www.burmeseclassic.com



ကို တည့်တည့်ဖြောင့်ဖြောင့် မသွားစေဘဲ ရေပြင်တွင် ကောက်လိုက် ကွေ့လိုက်နှင့် အကယ်၍ တစ်ဖက်သင်္ဘောမှ ရန်သူက တိုက်ခိုက်ပစ်ခတ်သည်ရှိသော် ချိန်ပစ်ရန်ခက်အောင် ဖန်တီးနေခြင်းကြောင့်ပင်တည်း။

ယင်းသို့ ဂျက်ဆင်က ရုတ်တရက် ဖြတ်ထိုးဉာဏ်ဖြင့် သင်္ဘောကို တည့်တည့်မမောင်းဘဲ ကွေ့ကောက်မောင်းရန် စိတ်ကူးရခြင်းသည်ပင်လျှင် သူတို့အဖွဲ့သားအားလုံး အသက်ဘေးအန္တရာယ်မှ သီသီကလေး လွတ်ကင်းစေသည့် အကြောင်းပင် ဖြစ်နေပေသည်။

တစ်ဖက်သင်္ဘောပေါ်မှ အရဏ်သစ်ဂိုဏ်းသားများဟု ယုံမှားသံသယဖြစ်စရာ မရှိတော့သော လူများသည် ဂျူရပ် ၅၈ ဂျာမန်လုပ် အမြောက်ကြီးဖြင့် စတင်ပစ်ခတ်ကြလေရာ မာလိန်မှူးဂျက်ဆင်၏ ကျွမ်းကျင်မှုဖြင့် သင်္ဘောကို ကွေ့ကောက်မောင်းနေ၍သာ သီသီကလေး လွတ်သွားသည်။

အမြောက်ကျည်ဆန်သည် လုံးလီးလေဒီသင်္ဘောနှင့် ကိုက် (၂၀)သာ ကွာသော ပင်လယ်ပြင်တွင် ကျရောက်ကာ အရှိန်ပြင်းစွာ ပေါက်ကွဲသွားလေသည်။

"ကံကောင်းလို့သာပေါ့ကွာ။ အမြောက်ကျည်ဆန်သာ လာထိမှန်ရင် ကျုပ်တို့သင်္ဘောဟာ တစ်ခါတည်း ကြေမွပျက်စီးသွားမှာ သေချာတယ်" ကြီးကြပ်ရေးမှူး နာသန်နီယယ်လ်က တကယ်ပင်တွေးပြီး စိုးရိမ်တုန်လှုပ်ဟန်ဖြင့် ပြောလိုက်သည်။

ရုရှစုံထောက် တေချော့ဗ်စကီးသည် ထိတ်လန့်တုန်လှုပ်ဟန် မတူဘဲ ခပ်ပြုံးပြုံးပင်နေသည်။ "ဒါပေမဲ့ အခု ကျုပ်တို့သင်္ဘောကို ကျည်ဆန်က လာမထိသေးဘူး မဟုတ်လားဗျ၊ အဲဒါပြီးတာပဲ ဟဲ... ဟဲ..."

ပြောပြောဆိုဆို တေချော့ဗ်စကီးသည် သင်္ဘောပေါ်တွင် အသင့်ရှိနေသော စက်သေနတ်ငယ်တစ်လက်ကို ကောက်ယူပြီးမှ 'ပထမကျည်ဆန်က မထိပေမယ့် ဒုတိယအမြောက်ကျည်ဆန်က လာထိနိုင်တယ် ဆိုတာကို မေ့ထားလို့ မရဘူး။ ဒါကြောင့် ကျုပ်တို့က ပြန်တိုက်ခိုက်ဖို့ ပြင်ဆင်ထားရလိမ့်မယ်' ဟု ဆက်ပြောလိုက်သည်။

ရန်သူ သင်္ဘောမှ ပစ်လိုက်သော ဒုတိယအမြောက်ကျည်ဆန်သည် ရုတ်ချက်တို့ သင်္ဘောအား ထိမှန်လုမတတ် ဖြစ်သွားပြန်သည်။ ကျည်ဆန်သည် အင်အားပြင်းထန်စွာဖြင့် သင်္ဘောနှင့် ကပ်လျက် ရေပြင်တွင် ပေါက်ကွဲလေရာ မြည်ဟိန်းသွားသော ပေါက်ကွဲသံကပင်လျှင် နားကွဲလုမတတ် ကျယ်လောင်လှပေသည်။



"ဟ... ဒီတစ်ခါလည်း ကျုပ်တို့ကို မထိသေးဘူးဗျို့။ လွဲသွားပြန်ပြီ ဟဲ...ဟဲ"။ ရုရှစုံထောက်တေချော့ဗ်စကီးက ရယ်မောကာဖြင့် ပြောလိုက်သည်။

ကြီးကြပ်ရေးမှူး နာသန်နီယယ်လ်သည် သဘောမကျဟန်ဖြင့် လှမ်းကြည့်လိုက်သည်။ ပါးစပ်မှ ဖွင့်မပြောသော်လည်း သူ၏စိတ်ထဲတွင်ကား တေချော့ဗ်စကီး အား မုန်းတီးနေမိလေသည်။

"ဒီရုရှကောင်ဟာ ဒါလောက်သေဘေးအန္တရာယ် နီးကပ်တာတောင်မှ ရယ်စရာဟာသ လုပ်နေတယ်။ နည်းနည်းမှလည်း ကြောက်ပုံမရဘူး။ ဒီကောင်ဟာ သေမင်းတမန် ရုတ်ချက်လိုပဲ ဘေးအန္တရာယ်နီးလာရင် မတုန်လှုပ်တတ်ဘူး။ သူ့ဘဝမှာ အသက်ရှင်နေခြင်းကို အလွန်တွယ်တာ မြတ်နိုးသလောက် ဘေးအန္တရာယ်ကိုလည်း စိတ်အေးလက်အေး ရင်ဆိုင်ဝံ့တဲ့ သတ္တိရှိတယ်။ ဒီလူမျိုးဟာ တော်တော်ကြောက်စရာကောင်းတာ အမှန်ပဲ"။ ဤသို့လျှင် ကြီးကြပ်ရေးမှူး နာသန်နီယယ်လ်သည် စိတ်ထဲမှ ဝေဖန်နေမိသည်။

ပြင်သစ်စုံထောက် ဖီးလစ်နှင့် ဗြိတိသျှထောက်လှမ်းရေးမှ ကင်ဘာတို့ကမူ ရန်သူသင်္ဘောမှ ပစ်ခတ်လိုက်သော အမြောက်ကျည်ဆန်များ ပေါက်ကွဲမှုအင်အားကို ကြည့်ပြီး အတော်ပင် စိုးရိမ်နေကြလေသည်။

ထိုအချိန်၌ သင်္ဘောသားများအဖြစ် လိုက်ပါလာသော စီအိုင်အေ အဖွဲ့သား လူငယ်သုံးဦးက ဦးပိုင်း အကာအရံများ မရှိသည့် နေရာတွင် သံမဏိပြားကြီးများဖြင့် အရေးပေါ် ကာဆီးရန် ကြိုးစားတပ်ဆင်နေကြသည်။ သံမဏိပြားကြီးများသည် အတော်မြင့်သဖြင့် ကိုယ်တိုင် ပဲ့ကိုင်မောင်းနှင်နေသူ မာလိန်မှူး ဂျက်ဆင်၏ ရှေ့မျက်နှာစာတည့်တည့်ကို ပိတ်ကာထားသလို ဖြစ်နေလေသည်။

ထို့ကြောင့် ဂျက်ဆင်သည် ထိုင်၍ ပဲ့ကိုင်မောင်းရန် မဖြစ်နိုင်တော့၍ မတ်တတ်ထပြီး ဆက်မောင်းနေရလေသည်။ ဖီးလစ်နှင့် ကင်ဘာတို့သည် သတ္တိနည်းသူ၊ သေရမည်ကို ကြောက်ရွံ့သူများမဟုတ်ပေ။ သတ္တိကောင်းပြီး တိုက်ရည်ခိုက်ရည် ထူးချွန်သူများဖြစ်၍လည်း သက်ဆိုင်ရာ အစိုးရက လက်ရွေးစင် ရွေးချယ်ပြီး ဤစစ်ဆင်ရေးတွင် ပါဝင်ရန် စေလွှတ်လိုက်ခြင်း ဖြစ်သည်။ သို့သော် သူတို့သည် အခြေအနေမှန်ကိုတော့ အမှန်အတိုင်း လေ့လာအကဲခတ်၍ သုံးသပ်ကြည့်တတ်သူများ ဖြစ်သည်။

ယခု ရန်သူက ဂျူရပ် ၅၈ အမြောက်ကြီးဖြင့် စတင်ပစ်ခတ်တိုက်ခိုက်နေချိန်၌ မိမိတို့က နှစ်မိုင်ခန့် ကွာဝေးသော နေရာမှ စက်သေနတ်ငယ်ဖြင့် မည်သို့ပြန်လည်တုံ့ပြန် တိုက်ခိုက်ပါမည်နည်း။

www.burmeseclassic.com

www.burmeseclassic.com



မည်သို့ပင်ဖြစ်စေ ဖိုးလစ်နှင့် ကင်ဘာ နှစ်ဦးစလုံးက ရှိသမျှ လက်နက်နှင့် မီးကုန်ယမ်းကုန် ဆက်တိုက်ရန် စိတ်ဓာတ်ခိုင်မာစွာဖြင့် ဆုံးဖြတ်ထားပြီး ဖြစ်ရာ အဖွဲ့ခေါင်းဆောင်လုပ်သူ ရစ်ချတ်၏ တည်ကြည်ခံ့ညားသော မျက်နှာကို လှမ်းကြည့်နေကြလေသည်။

ရစ်ချတ်သည် ကင်းဗတ်ရွက်ထည်ဖျင်ဖြင့် ချုပ်ထားသော ဝတ်စုံတစ်စုံကို ဝတ်ဆင်ရင်း အခြေအနေကို လေ့လာစဉ်းစားနေလေသည်။ ပြန်လည်တုံ့ပြန်တိုက်ခိုက်ခြင်း စတင်ရန်ကိုကား အမိန့်မပေးသေးချေ။

ရစ်ချတ်သည် သင်္ဘော၏ ဦးပိုင်းသို့ လျှောက်သွားပြီး ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှုလေသည်။ မိမိတို့ သင်္ဘောအနေဖြင့် လုပ်သင့်လုပ်ထိုက်သော ပြင်ဆင်မှုများ ပြုလုပ်ပြီးနေပြီ ဖြစ်၍ ကျေနပ်သွားမိသည်။

ထိုအခိုက် ရန်သူသင်္ဘောမှ နောက်ထပ် အမြောက်ကျည်ဆန်တစ်ခု သူတို့သင်္ဘော၏ လက်ယာဘက် ရေပြင်သို့ ကျရောက်ပေါက်ကွဲပြန်လေသည်။

ထိုအတောအတွင်းမှာပင် ရန်သူသင်္ဘော အာစတာရော့စ်၏ မာလိန်မှူးသည် ရစ်ချတ်တို့ သင်္ဘောအနီးသို့ ချဉ်းကပ်ရန် အကြိမ်ကြိမ် ကြိုးစား၍ ခုတ်မောင်းနေလေသည်။ သို့သော် မိမိတို့၏ မာလိန်မှူး ဂျက်ဆင်က ကျင်လည်စွာ ရှောင်တိမ်းကွေ့ကောက် မောင်းနေသဖြင့် မည်သို့မှ ချဉ်းကပ်၍ မရဘဲ ဖြစ်နေသည်။

ရစ်ချတ်သည် ဂျက်ဆင်နှင့်အတူ လိုက်ပါ၍ သင်္ဘောသားလုပ်နေသူ စီအိုင်အေအဖွဲ့သား လူငယ်သုံးဦးဆီသို့ လှမ်းကြည့်လိုက်ပြန်ရာ နှစ်ယောက်က ၂၅ ပေါင် စိန်ပြောင်းတစ်လက်ကို တပ်ဆင်နေကြပြီး ကျန်လူတစ်ဦးက စိန်ပြောင်းပစ်ရန်အတွက် နေရာချထား ပြင်ဆင်နေကြောင်း တွေ့ရသည်။

ဝုန်းခနဲ ပြင်းထန်စွာ ပေါက်ကွဲသံ ကြားရပြန်သည်။

သည်တစ်ခါတော့ ရန်သူသင်္ဘောမှ ဂျရပ် ၅၈ အမြောက်ကျည်ဆန်သည် ပစ်မှတ်နှင့် အလွန်နီးကပ်လှသည်ဟု ဆိုရပေမည်။

လုံးလီးလေဒီသင်္ဘော၏ လက်ဝဲဘက် ၁၅ ပေသာကွာသော ရေပြင်၌ အမြောက်ကျည်ဆန် ကျရောက် ပေါက်ကွဲလေရာ ဖြစ်ပေါ်လာသော ရေလှိုင်းကြီးများကြောင့် သင်္ဘောတစ်စင်းလုံး လူးသွားတော့သည်။

"မြင်ကြရဲ့လား။ အခုတစ်ချက်လည်း ကျုပ်တို့သင်္ဘောဘက်ကို မထိသေးဘူး။ လွဲသွားပြန်ပြီ။ ဒီနေ့ဟာ ကျုပ်တို့ ခင်ဗျားတို့ သေရမယ့်နေ့ မဟုတ်သေးဘူးဗျ။ သေချာပါတယ်၊ ဟဲ...ဟဲ...ဟဲ..."။ ရှုရှုစုံထောက် တေချော့ဗ်စကီးသည် လုံးဝ စိုးရိမ်တုန်လှုပ်ပုံမရဘဲ ရယ်စရာလုပ် ပြောနေပြန်သည်။



သင်္ဘောသားသုံးဦးအနက် ဖရက်ဒီအမည်ရှိ လူငယ်သည် အသင့်ပြင်ဆင်ထားသော ဘဇူကာနှင့်တူသည့် စက်သေနတ်ကို ကြည့်နေရာမှ ရစ်ချတ်အား လှမ်းမေးလေသည်။

"မစ္စတာရစ်ချတ် ခင်ဗျား။ ဒီသေနတ်ကို ဘယ်လိုပစ်ရတာလဲဗျ။ ကျွန်တော်ကြားဖူးတာက ဒီစက်သေနတ်ဟာ ပစ်လိုက်ရင် နောက်ကို ပြန်မကန်ဘူးလို့ ဆိုတယ် ဟုတ်သလားခင်ဗျ"

ထိုမေးခွန်းကို လက်နက်မျိုးစုံ ကျွမ်းကျင်သူ ရစ်ချတ်က ချက်ချင်းပင် အဖြေပေးလေသည်။

"ဟုတ်တယ်။ ဒီစက်သေနတ်က ပစ်လိုက်ရင် နောက်ကို ပြန်မကန်အောင် ဖန်တီးထားတယ်။ ပစ်နည်းက ရိုးရိုးသေနတ်ပစ်သလို ခလုတ်ဆွဲလိုက်ရုံပါပဲ။ ဒီသေနတ်တည်ဆောက်ထားပုံက ရူပဗေဒ သိပ္ပံပညာနည်းအရ တွက်ချက်တည်ဆောက်ထားတယ်။ သိပ္ပံပညာရဲ့ ညွှန်ပြချက်တစ်ခုက သေနတ်ပြောင်းရဲ့ အလယ်ဗဟို၌နေပြီး ညီမျှတဲ့ တွန်းကန်အား တစ်ဖက်စီ ထွက်အောင် ကျည်ဆန်ကို နေရာချထားပြီး ပစ်ဖောက်လိုက်ရင် ဆန့်ကျင်ဘက် တွန်းအားနှစ်ခုဟာ တစ်ခုကိုတစ်ခု ချေဖျက်လိုက်မှာမို့ သေနတ်ကိုင်တွယ်ပစ်ရသူအဖို့ နောက်ပြန်ကန်ခြင်း မရှိနိုင်ဘူးဆိုတဲ့ မူပါပဲ။ အဲဒီမူအရ တည်ဆောက်ထားတယ်။ တစ်ခုတော့ ရှိတာပေါ့၊ ဒီသေနတ်အတွက် အထူးစပယ်ရှယ်ကျည်ဆန်တစ်မျိုးကို သုံးရတယ်ဗျ။ ပြီးတော့လည်း..."

ရစ်ချတ်က စကားမဆုံးမီ ဝုန်းခနဲ ပေါက်ကွဲသံတစ်ခု ကြားလိုက်ရပြီး သင်္ဘောတစ်ခုလုံး တုန်ခါသွားရုံမက လှိုင်းတံပိုးများ ထကြွ လှုပ်ရှားနေသည့်ပြင် ပင်လယ်ပြင် မငြိမ်သက်မှုကြောင့် ယိမ်းယိုင်လှုပ်ရှားသွားလေသည်။

ရစ်ချတ်တို့လူစုလည်း ယိုင်လဲမသွားစေရန် အသီးသီး မနည်းကြိုးစားထိန်းထားလိုက်ရသည်။ သည်တစ်ခါတော့ စောစောက ရယ်မောနေခဲ့သူ ရှုရှုစုံထောက် တေချော့ဗ်စကီးကပင်လျှင် မပြုံးနိုင်တော့ချေ။

ယခုတစ်ကြိမ် အမြောက်ကျည်ဆန် ကျရောက် ပေါက်ကွဲပုံက မိမိတို့သင်္ဘောနှင့် နီးကပ်လှသည့်ပြင် သင်္ဘော၏ ဝမ်းဗိုက်အလယ်တည့်တည့်နှင့် ပေအနည်းငယ်မျှသာ ကွာခြားသောကြောင့် အားလုံး ထိတ်လန့် တုန်လှုပ်သွားမိကြခြင်း ဖြစ်သည်။

ထို့ကြောင့် စောစောက ကျည်ဆန်ကျတိုင်း ရယ်စရာပြောလုပ်နေခဲ့သူ ရှုရှုစုံထောက် တေချော့ဗ်စကီးသည် မရယ်မောနိုင်တော့။ မျက်နှာထား ခပ်တည်တည်ဖြစ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရစ်ချတ်သည် မာလိန်မှူးဂျက်ဆင်ရှိရာ သင်္ဘောဦးပိုင်းသို့ လျှောက်သွားလေသည်။ သူ သိချင်နေသော အချက်တစ်ခုကို မေးကြည့်ရန် သွားခြင်းဖြစ်သည်။ မာလိန်မှူးဂျက်ဆင်သည် ရန်သူသင်္ဘောမှ အမြောက်ကျည်ဆန်များကို အတတ်နိုင်ဆုံး ရှောင်တိမ်းကာ အထူးကြိုးစား ပဲ့ကိုင်ထိန်းမောင်းလျက် ရှိလေသည်။

"ဒီမယ်... ဂျက်ဆင်။ အခု ခင်ဗျားသင်္ဘောကို အင်ဂျင်စက်အင်အား ရှိသလောက် စက်ကုန်ဖွင့်မောင်းနေပြီလား။ ဟိုသင်္ဘောက ကျုပ်တို့ကို လိုက်မမီအောင် မောင်းနိုင်ပါ့မလား"

"ခင်ဗျားရဲ့ ပထမမေးခွန်းကို 'နိုး' လို့ ဖြေရမယ်။ ကျုပ်က စက်ကုန်ဖွင့် မမောင်းရသေးဘူး။ ဒုတိယမေးခွန်းကိုတော့ 'ရက်စ် အင် နိုး'လို့ နှစ်ခွ ဖြေရမယ်။ ရန်သူ သင်္ဘောက ကျုပ်တို့ထက် အင်ဂျင်စက်အား ပိုကောင်းတဲ့ အတွက် ပြိုင်မောင်းရင် သူတို့ မီလာနိုင်တယ်။ ဒါပေမဲ့ ကျုပ်တို့သင်္ဘောက ဆိုက်ငယ်တော့ ကွေ့ကောက် ရှောင်တိမ်းမောင်းတဲ့နေရာမှာ ကျုပ်တို့သာတယ်၊ ပိုပြီး မြန်မြန် ရှောင်နိုင် ကွေ့နိုင်တယ်။ အခုလောလောဆယ် ခင်ဗျားတို့ စက်သေနတ်နဲ့ လှမ်းပစ်နိုင်အောင် ကျုပ်တို့ သင်္ဘောဦးကို သူတို့သင်္ဘော ဘယ်ဘက် ရောက်အောင် လှည့်ပေးရမလား" ဂျက်ဆင်က ပဲ့ကိုင်မောင်းနေရင်း လှမ်းအော် ပြောလိုက်သည်။

"ဟုတ်ပြီ၊ အဲဒီလို လုပ်ပါ။ သင်္ဘောနှစ်စင်း အကွာအဝေးကိုလည်း မိုင်ဝက်လောက်အထိ နီးအောင် ကပ်ပေးစမ်းပါ။ ဒါပေမဲ့ သူတို့သင်္ဘောဦးက ကျုပ်တို့သင်္ဘောလေးတည့်တည့်ကို မချိန်မိအောင်တော့ သတိထားပါ။ သူတို့ရဲ့ ဂျရပ် ၅၈ အမြောက်က ဒီဂရီ ၃၆၀ လှည့်လို့ မရဘူး၊ တိုက်ပုံစံထားပြီးမှ ချိန်ပစ်လို့ ရတယ်။ အဲဒါသာ သတိထားပြီး ကြည့်လုပ်တော့"

"အိုကေ...ကျုပ် နားလည်ပြီ။ ကျုပ် သင်္ဘောကို ကွေ့တော့မယ် သတိထားနေကြ"

ပြောပြောဆိုဆို ဂျက်ဆင်သည် ပဲ့ကိုင်စက်ဝိုင်းကို ကျင်လည်စွာ ကိုင်လှည့်ပြီး သင်္ဘောကို လက်ယာဘက်သို့ လျင်မြန်စွာ ကွေ့မောင်းလေတော့သည်။

သို့သော် သူတို့၏ သင်္ဘော၏ အင်ဂျင်စက်အားက ရန်သူသင်္ဘော အာစတာရော့စ်ကဲ့သို့ အင်အား မကြီးမားသဖြင့် ကွေ့မောင်းသည့်တိုင်အောင် သင်္ဘောချင်း အကွာအဝေးမှာ တစ်မိုင်ခွဲခန့် ရှိနေလေသည်။

ရစ်ချတ်သည် အခြေအနေကို လျင်မြန်စွာ သုံးသပ် စဉ်းစားကြည့်ရ



ပြန်သည်။ မိမိတို့သင်္ဘော၏ စက်အားနှင့် ရန်သူသင်္ဘော လိုက်မမီအောင် ခုတ်မောင်းပြေးရန်ကား မဖြစ်နိုင်။ ထို့ကြောင့် ရန်သူသင်္ဘောက ဂျရပ် ၅၈ အမြောက်ကြီးဖြင့် ထိအောင် မပစ်နိုင်မီ မိမိတို့က သူတို့သင်္ဘော နစ်မြုပ်အောင် ကြံဖန်မှ ဖြစ်ချေတော့မည်။

ရစ်ချတ်သည် မိမိတို့သင်္ဘော၏ ဝဲယာနှစ်ဖက်ဘေးရှိ အကာအရံများ အခြေအနေကို ပြန်လေ့လာကြည့်ရာ သံမဏိပြားများဖြင့် ပြုလုပ်ထားကြောင်းနှင့် ယင်းသံမဏိပြားများကို အရေးရှိလျှင် ဖွင့်ထုတ်နိုင်အောင် ပတ္တာများလည်း တပ်ဆင်ထားကြောင်း သတိပြုမိလေသည်။

ကျန်အဖွဲ့ဝင်လေးဦးကတော့ ရစ်ချတ်၏ ဆုံးဖြတ်ချက်ကိုသာ စောင့်မျှော်နေကြသည်။ ထိုအချိန်၌ ရစ်ချတ်သည် မျက်နှာထားတည်တည်ဖြင့် မတ်ဘတ်ရပ်ပြီး စဉ်းစားနေပုံမှာ တိုက်ပွဲဝင်ခါနီး စစ်သူကြီးနှင့် မတူဘဲ ဒဿနိကပညာရှင် အတွေးအခေါ်သမားတစ်ဦး လေးနက်စွာ စဉ်းစားခန်းဝင်နေပုံနှင့် တူနေပေသည်။

သင်္ဘောချင်း အလွန်နီးကပ်အောင် ယှဉ်၍ ချဉ်းကပ်ပါက ရန်သူသင်္ဘောမှ စက်သေနတ်ကျည်ဆန်များကို ကြောက်စရာမလို။ မိမိတို့၏ သင်္ဘောသံမဏိဘေးကာများက စက်သေနတ်ကျည်ဆန်ဒဏ်ကို ကောင်းစွာခံနိုင်သည်။ သို့သော် သင်္ဘောချင်း အလွန်နီးကပ်ပါက ရန်သူဘက်သားများက လက်ပစ်ဗုံးများဖြင့် လှမ်းပစ်တိုက်ခိုက်နိုင်မည် ဖြစ်သည်။

တစ်ခုတော့ ရှိသည်။ သင်္ဘောချင်း အလွန်နီးကပ်အောင် ချဉ်းကပ်သွားပါက ရန်သူဘက်မှ ဂျရပ် ၅၈ အမြောက်ကြီးဖြင့် ပတ်ခတ်နိုင်မည် မဟုတ်ချေ။ ယင်းအမြောက်ကြီးသည် အဝေးရှိ ပစ်မှတ်ကိုသာ ပစ်ရသည့် လက်နက်မျိုး ဖြစ်သည်။

အထူးသဖြင့် အမြောက်ကြီး၏ ပြောင်းဝက အပေါ်သို့ ထောင်နေသဖြင့် ကျည်ဆန်သည် မိမိတို့ သင်္ဘောကို မထိမှန်ဘဲ အပေါ်သို့ ကျော်ထွက်သွားပေ ဖြစ်သည်။ တစ်ဖန် မိမိတို့သင်္ဘော၏ အားနည်းချက်များကို စဉ်းစားမိပြန်သည်။ သင်္ဘောချင်းနီးကပ်အောင် ချဉ်းကပ်လိုက်လျှင် ရန်သူသင်္ဘော၏ ကုန်း[illegible] ပိုမြင့်နေသောကြောင့် မိမိတို့ စက်သေနတ်ဖြင့် လှမ်းပစ်ခတ်ရန် လွယ်[illegible] မဟုတ်။

ထို့ကြောင့် အကောင်းဆုံးနည်းမှာ ရန်သူသင်္ဘောနှင့် [illegible] လျက် ကိုက်တစ်ရာခန့် ကွာဝေးနေအောင် ကြံဖန်ခုတ်မောင်းရန်[illegible] ကိုက်တစ်ရာကွာဝေးနေခြင်းအားဖြင့် ရန်သူက လက်ပစ်ဗုံးဖြင့် [illegible]

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်။ မိမိတို့၏ စက်သေနတ်များကတော့ ရန်သူသင်္ဘောကုန်းပတ်သို့ ရောက်အောင် အထောင်းစွာ ပစ်ခတ်နိုင်မည် ဖြစ်သည်။

ဤသို့လျှင် ရစ်ချတ်သည် အခြေအနေကို ရှုထောင့်အမျိုးမျိုးမှ သုံးသပ်စဉ်းစားနေစဉ် ရုရှရဲဘော် တေးချော့ဖ်စကီးက စတင်၍ မေးခွန်းထုတ်လေသည်။

"ဘာတွေများ စဉ်းစားနေတာလဲ အမေရိကန်ရဲဘော်ကြီး။ ခင်ဗျား စဉ်းစားပြီး အကောင်အထည်ဖော်မယ့် အစီအစဉ်က ဘေးအန္တရာယ် သိပ်မများတဲ့ အစီအစဉ်ဖြစ်မယ်လို့ မျှော်လင့်ပါတယ်"

ရုရှတစ်ယောက် တေးချော့ဖ်စကီးက ဤသို့မေးနေစဉ် ကျန်လူများဖြစ်သော နာသန်နီယယ်လ်၊ ဖီးလစ်နှင့် ကင်ဘာတို့ကလည်း အဖွဲ့ခေါင်းဆောင် ရစ်ချတ်က ပြန်လည်တိုက်ခိုက်ရန် ဆုံးဖြတ်တော့မည်ဟု ရိပ်မိဟန်ဖြင့် စက်သေနတ်ကို ပစ်ခတ်ရန် အဆင်သင့် ပြင်ထားလိုက်ကြသည်။

ဗြိတိသျှထောက်လှမ်းရေးသမားသည် ရန်သူအား ပြန်လည်ပစ်ခတ်ရန် လက်ယားနေဟန်တူသည်။ "မထူးပါဘူးဗျာ။ ကျုပ်တို့က ပြန်ပစ်ကြပါစို့။ သူတို့က အမြောက်နဲ့ ပစ်တာကို လှည့်ပတ်ရှောင်ပြေးနေရုံနဲ့ ကိစ္စပြီးမှာမှ မဟုတ်တာ"

ကင်ဘာက တကယ်ပင် ပြန်လည်တိုက်ခိုက်ရန် စိတ်ပါ တက်ကြွစွာဖြင့် ပြောလိုက်ရာ ကြီးကြပ်ရေးမှူး နာသန်နီယယ်လ်သည် အံ့အားသင့်သလို တုန်လှုပ်သလို ဖြစ်သွားလေသည်။

သူသည် ပင်ကိုသဘာဝ စရိုက်အားဖြင့် အကြမ်းဖက် တိုက်ခိုက်ခြင်းကို ဝါသနာပါသူ မဟုတ်ချေ။ မလာသေးသည့် ဘေးအန္တရာယ်ကို ကြိုတင်တွေးတော စိုးရိမ်တတ်သူလည်း ဖြစ်သည်။ ထို့ကြောင့် ဗြိတိသျှစုံထောက် ကင်ဘာက ပြန်လည်ပစ်ခတ် တိုက်ခိုက်ရန် အကြံပြုချက်ကို မထောက်ခံချင်ဟန်ဖြင့် 'စက်သေနတ်လောက်နဲ့ပစ်လို့ ရန်သူကို ဘယ်လိုမှ ထိခိုက်မှာ မဟုတ်ဘူး။ ကျုပ်သဘောကတော့ အခုလိုပဲ အမြောက်ကျည်ဆန်ကို ရှောင်တိမ်းရင်း ဒီသင်္ဘောကို ကမ်းခြေတစ်ခုခုနဲ့ နီးအောင် ကပ်သွားရင် ကောင်းလိမ့်မယ် ထင်တယ်။ ပြီးတော့ ကျုပ်တို့သင်္ဘောက အရွယ်အစား ပိုငယ်တော့ ကမ်းစပ်က ရေတိမ်တိမ်ထဲအထိ ဝင်သွားနိုင်တယ်။ ဟိုသင်္ဘောက ရေသိပ်တိမ်ရင် လာလို့ရမှာ မဟုတ်ဘူး' ဟု ပြောလိုက်သည်။

သူ၏ စကားဆုံးချိန်တွင်ပင် ရန်သူသင်္ဘော၏ ဂျရပ် ၅၈ အမြောက်



ကျည်ဆန်တစ်ခုသည် လုံးလီးလေဒီသင်္ဘော၏ လက်ယာဘက် ရေပြင်၌ နီးကပ်စွာ ကျရောက်ပေါက်ကွဲပြန်သည်။

ယမ်းအား ပြင်းထန်ခြင်းကြောင့် ရေပြင်တွင် လှိုင်းတံပိုးကြီးများ ဖြစ်ပေါ်တက်ကြွလာလေသည်။ ရေပြင်၏ လှုပ်ရှားမှုကြောင့် သင်္ဘောသည်လည်း လူးသွားလေရာ ရစ်ချတ်နှင့်တကွ လူအားလုံး ယိုင်လဲကျလုမတတ် ဖြစ်သွားလေသည်။

သင်္ဘောမာလိန်မှူး ဂျက်ဆင်က ပဲ့ကိုင်စက်ဝိုင်းကို ကျင်လည်စွာ ကိုင်တွယ်၍ ရစ်ချတ် ညွှန်ကြားသည့်အတိုင်း ကွေ့မောင်းလေရာ ရန်သူသင်္ဘော အာစတာရော့စ်က အရှေ့စူးစူးသို့ ဦးတည်ခုတ်မောင်းနေခိုက် လုံးလီးလေဒီက ဆန့်ကျင်ဘက် အနောက်ဘက်သို့ ဦးလှည့် မောင်းလျက် ရှိလေသည်။

ယင်းသို့ အနောက်ဘက်သို့ ဦးလှည့် ခုတ်မောင်းခြင်းသည်ပင် ရန်သူသင်္ဘောအား လှည့်စားသည့် နည်းပရိယာယ်မျိုး ဖြစ်လေသည်။ ရန်သူသင်္ဘော၏ မာလိန်မှူးအနေဖြင့် ရစ်ချတ်တို့သင်္ဘော လုံးလီးလေဒီသည် အမြောက်ကြီးဒဏ်ကို ကြောက်၍ ခုတ်မောင်းထွက်ပြေးနေလေပြီဟု ထင်မှတ်တော့မည် ဖြစ်သည်။

ထို့ကြောင့် ရန်သူသင်္ဘောသည် ရစ်ချတ်တို့သင်္ဘောနောက်သို့ လိုက်၍ ဆက်လက်တိုက်ခိုက်ရန် ပြန်လှည့်မောင်းလေသည်။ သို့သော် အာစတာရော့စ်သင်္ဘော၏ အရွယ်ပမာဏက ကြီးသဖြင့် လှည့်ကွေ့ရာတွင် မလျင်မြန်ဘဲ နှေးကွေးစွာ ကွေ့ရသည့်ပြင် ကွေ့သည့် နေရာ အကျယ်အဝန်း (ဧရိယာ) အားဖြင့်လည်း သုံးဆမျှ ပို၍ လိုအပ်လေသည်။

သူတို့သင်္ဘောက တစ်ပတ်ပြည့်အောင် ပြန်လှည့်ကာ အနောက်စူးစူးသို့ ဦးတည်နေချိန်တွင် ရစ်ချတ်တို့ သင်္ဘောက တစ်ဖန်ပြန်လှည့်ကွေ့ မောင်းနေပြန်ပြီ ဖြစ်လေသည်။

ရန်သူသင်္ဘော အာစတာရော့စ်၏ မာလိန်မှူး (ကပ္ပတိန်) ကား ဝီဒါမိယာအမည်ရှိ ဂျာမန်အမျိုးသားတစ်ဦး ဖြစ်သည်။ သူသည် လုံးလီးလေဒီသင်္ဘော ပြန်လှည့်ကွေ့ပြန်သည်ကို မြင်လျှင် အကြီးအကျယ် အံ့အားသင့်စွာဖြင့် ငေးကြည့်နေမိလေသည်။

အရွယ်ပမာဏ သေးငယ်သော လုံးလီးလေဒီသင်္ဘောက မိမိတို့ဘက်သို့ ဘည့်တည့်ကြီး ဦးတည် ခုတ်မောင်းလာခြင်းသည် သင်္ဘောချင်း ဝင်တိုက်ရန် အကြံဖြင့် ခုတ်မောင်းလာခြင်းပေလော။ ဤသို့လည်း မဖြစ်နိုင်ချေ။ သင်္ဘောငယ်ငယ်က သင်္ဘောကြီးကြီးကို ဝင်တိုက်ရန် ကြံမည်မဟုတ်။ သို့ဖြစ်လျှင် ဘာ

www.burmeseclassic.com



ကြောင့် လုံးလီးလေဒီက ယခု မိမိတို့ဘက်သို့ မျက်နှာချင်းဆိုင် ခုတ်မောင်းနေရသနည်း။

မာလိန်မှူး ဝီဒါမီယာသည် အာစတာရော့စ်သင်္ဘော၏ ပဲ့ကိုင်စက်ဝိုင်းကို တအားလှည့်၍ လက်ယာဘက်သို့ ကွေ့မောင်းရင်း သူ၏ သင်္ဘောမှ ပထမအရာရှိ (ဂျပန်လူမျိုး ယူမိုနာမာဆိုသူ) အား ဂျရပ် ၅၈ အမြောက်ပစ်သူများကို ထပ်ဆင့် အမိန့်ပေးခိုင်းလေသည်။

"ဟေ့...ယူမိုနာမာ။ အမြောက်ကိုင်နေတဲ့ သတ္တဝါတွေကို ပြောလိုက်စမ်း။ ဟိုဘက်က သင်္ဘောကို ထိအောင် ကြိုးစားပစ်ကြစမ်းလို့"

အာစတာရော့စ်သင်္ဘောက လက်ယာဘက်သို့ ကွေ့လျက် ရှိနေခိုက် မာလိန်မှူး ဝီဒါမီယာနှင့် ပထမအရာရှိ (ဂျပန်လူမျိုး) တို့နှစ်ဦးစလုံး အံ့အားသင့်ဖွယ်ရာတစ်ခုကို မြင်ရပြန်သည်။

လုံးလီးလေဒီသင်္ဘောသည်လည်း လက်ယာဘက်သို့ ကွေ့မောင်းကာ စက်ဝိုင်းပုံသဏ္ဌာန် ရေပြင်တွင် ပတ်ချာလှည့်မောင်းနေသည်ကို မြင်ရလေသည်။

မည်သို့သော ရည်ရွယ်ချက်ဖြင့် ဤသို့ ပတ်ချာလှည့်မောင်းနေရသနည်းဟု စဉ်းစားရ ခက်နေစဉ်မှာပင် ၂၅ ပေါင်ဒါ စိန်ပြောင်းကျည်ဆန်တစ်ခုသည် အာစတာရော့စ်သင်္ဘောနှင့် ဆယ်ပေမျှသာ ကွာသော ရေပြင်တွင် ဝုန်းခနဲ ကျရောက်ပေါက်ကွဲသွားလေသည်။ ယင်းပေါက်ကွဲမှုကြောင့် ရေလုံးကြီးများသည် သင်္ဘောပေါ်သို့ပင် ရောက်ရှိလေသည်။

"ဟာ... ဘယ်လိုပါလိမ့်။ သူတို့သင်္ဘောဦးမှာ အမြောက်လက်နက်တစ်မျိုး တပ်ဆင်ထားတာ ဖြစ်ရမယ်။ ကျုပ်တို့က သူတို့မှာ လက်နက်မပါဘူးထင်နေတာ လွဲသွားပြီ"

ဤသို့ မှတ်ချက်ချလိုက်သူမှာ အာစတာရော့စ်သင်္ဘောမှ ဒုတိယအရာရှိ ဆန်ဟီဆိုသူပင် ဖြစ်သည်။

သူသည် အင်ဒိုနီးရှားလူမျိုးဖြစ်ပြီး တိုက်ကွမ်ဒို ခေါ် ကိုးရီးယားနိုင်ငံမှ ကိုယ်ခံသိုင်းပညာ (အဆင့်မြင့် ကရာတေးသိုင်း) ကို အထူးကျွမ်းကျင်သူတစ်ဦးဖြစ်သည်။ သူပြောလိုက်ပုံက ပေါ့ပေါ့တန်တန် ရယ်စရာလို သဘောမျိုးဖြစ်နေရာ မာလိန်မှူး ဝီဒါမီယာသည် သဘောမကျချေ။

"ဟေ့... အရေးထဲ အဓိပ္ပာယ်မရှိတဲ့ စကားတွေကို ပြောမနေစမ်းပါနဲ့"

ဤသို့ မာန်လိုက်မှပင် လုံးလီးလေဒီသင်္ဘောမှ စိန်ပြောင်းကျည်ဆန်နှစ်ခုသည် ဆက်တိုက်ကျရောက် ပေါက်ကွဲပြန်သည်။

ကျည်ဆန်များက အာစတာရော့စ်သင်္ဘော၏ ကိုယ်ထည်နှင့် အလွန်



နီးကပ်လှသဖြင့် မာလိန်မှူး ဝီဒါမီယာနှင့်တကွ သူ၏ အရာရှိများက ချက်ချင်းအခြေအနေကို တွက်မိလေသည်။

တစ်ဖက်သင်္ဘောမှ စိန်ပြောင်းဖြင့် ပစ်ခတ်နေသူသည် ကောင်းစွာကျွမ်းကျင်လက်ဖြောင့်သူ ဖြစ်ရပေမည်။

ပစ်လိုက်သော ကျည်ဆန်တွေက မိမိတို့ သင်္ဘောနှင့် နီးသည်ထက်နီးလာပုံကို ထောက်ခြင်းအားဖြင့် လုံးလီးလေဒီသင်္ဘောမှ ပစ်ခတ်သူ၏ အရည်အချင်းကို ခန့်မှန်း၍ ရနိုင်ပေသည်။ နောက်ထပ်လည်း စိန်ပြောင်းကျည်ဆန်များ အဆက်မပြတ်လာနေသဖြင့် မာလိန်မှူးဝီဒါမီယာသည် ပဲ့ကိုင်စက်ဝိုင်းကို လျင်မြန်စွာလှည့်ကာ ကျည်ဆန် များကို ရှောင်တိမ်းနိုင်ရန်အတွက် လက်ဝဲဘက်သို့ မောင်းကွေ့လေသည်။

❖

ရစ်ချတ်သည် သင်္ဘောဦးပိုင်းရှိ သံမဏိအကာအရံများကြားမှ လှည့်ကြည့်ရင်း စိတ်ထဲ ကြိတ်မနိုင် ခဲမရ ဖြစ်နေလေသည်။

သူကိုယ်တိုင် ကြိုးစားပစ်လိုက်သော စိန်ပြောင်းကျည်ဆန်များ ရန်သူသင်္ဘောကို မထိမှန်ဘဲ လွဲချော်ကုန်၍ သူ့ကိုယ်သူ ဒေါသထွက်နေခြင်း ဖြစ်လေသည်။

သင်္ဘောနှစ်စင်းစလုံးက ပင်လယ်ပြင်တွင် ရွေ့လျား လှုပ်ရှားနေခိုက် ပစ်မှတ်ကို ထိအောင် ပစ်ခတ်ရခြင်းသည် မလွယ်ကူပါတကားဟုလည်း တွေးမိလေသည်။ ထိုအတောအတွင်း ရန်သူသင်္ဘော အာစတာရော့စ်သည် လက်ဝဲဘက်သို့ ကွေ့မောင်းနေသည်ကိုလည်း ရစ်ချတ်က သတိပြုမိလေသည်။

ထိုသင်္ဘောမှ ဂျရပ် ၅၈ အမြောက်ကြီးကို ကိုင်တွယ်ပစ်ခတ်နေသူများသည် ဦးနှောက်ဉာဏ်တုံးသူများ ဖြစ်ကြောင်း ထင်ရှားနေပေသည်။

သင်္ဘောကြီး ကွေ့လှည့်မောင်းနေရင်း အမြောက်ကြီးဖြင့် ဆက်ပစ်နေရာ ကျည်ဆန်များက လုံးလီးလေဒီအနားသို့ပင် မသီဘဲ အလွန်ဝေးကွာသော ပင်လယ်ရေပြင်၌ ကျရောက်ကုန်နေတော့သည်။

တစ်နည်းအားဖြင့် ထိုလူများသည် မထိမှန်နိုင်ကြောင်း မစဉ်းစားဘဲ ရမ်းသန်းပစ်ခတ်နေကြောင်း ထင်ရှားနေသည်။

ရစ်ချတ်သည် အံကြိတ်လျက် စိန်ပြောင်းလက်နက်ကို ကျည်ဆန်အသစ်ထိုးကာ သေချာစွာ ဂရုစိုက်ချိန်၍ ပစ်လိုက်သည်။ သူချိန်၍ ပစ်ပုံက ရန်သူသင်္ဘောတည့်တည့်သို့ မဟုတ်ဘဲ သင်္ဘောဦး၏ ရှေ့ပေးငါးဆယ်ခန့်ကွာသည့်

www.burmeseclassic.com

www.burmeseclassic.com



နေရာဖြစ်လေသည်။ သင်္ဘောခုတ်မောင်းနေသည့် လျင်မြန်နှုန်းနှင့် ကျည်ဆန်ရောက်သွားမည့် အချိန်ကို ခန့်မှန်း၍ ပစ်လိုက်ခြင်း ဖြစ်သည်။

ရစ်ချတ်သည် သူ၏ တွက်ကိန်း မှန်မမှန် စောင့်ကြည့်နေရာ ချက်ချင်းပင် အဖြေသိလိုက်ရလေတော့သည်။ ကျည်ဆန်သည် အနည်းငယ် မြင့်သွားသော်လည်း ရန်သူသင်္ဘော ရောက်လာချိန်၌ တည့်တည့်မတ်မတ်ကြီး ရောက်သွားရာ ထိုသင်္ဘော၏ ပင်မရွက်တိုင်ကို ထိမှန်ကျိုးပြတ်သွားတော့သည်။

"ဟာ... တကယ်ကောင်းတဲ့ ပစ်ချက်ပဲဗျို့။ အဲဒီတစ်ချက်တည်းနဲ့ ဟိုဘက်သင်္ဘောက ကောင်တွေ ကြောက်ဒူးတုန်သွားမှာ သေချာတယ်"။ မာလိန်မှူး ဂျက်ဆင်က ပဲ့ကိုင်စက်ဝိုင်းကို ကိုင်တွယ် ထိန်းမောင်းနေရာမှ လှမ်းအော်ပြောလိုက်သည်။

ရစ်ချတ်သည် နောက်ထပ် ပစ်ခတ်ရန် ပြင်ဆင်နေလေသည်။ သည်တစ်ခါတော့အာစတာရော့စ်သင်္ဘော၏ လက်ယာဖက်ကိုယ်ထည် သို့မဟုတ် သင်္ဘောဦးပိုင်းကို ထိမှန်အောင် ပစ်ရန် ချိန်ရွယ်ထားလေသည်။

မာလိန်မှူး ဂျက်ဆင်က ထည့်မစဉ်းစားမိသော အချက်တစ်ခုရှိလေသည်။ ရစ်ချက် ကိုယ်တိုင်ကမူ ထည့်စဉ်းစားမိလေသည်။ ယင်းကား ရန်သူသင်္ဘော မာလိန်မှူးသည် ဂျက်ဆင်ထင်သလို နုံအဉာဏ်ထုံသော လူတစ်ယောက် မဟုတ်ဟူသော အချက်ပင် ဖြစ်သည်။

တကယ်တော့လည်း ဝီဒါမီယာသည် တစ်ချိန်က ဂျာမန်ရေငုပ်သင်္ဘောတစ်စင်းကို ဦးစီးကွပ်ကဲခဲ့ဖူးသဖြင့် ရန်သူနှင့် ရင်ဆိုင်တိုက်ခြင်း၊ တိမ်းရှောင်ခြင်း စသော စစ်တိုက်နည်း ပရိယာယ်များကို နားလည်ကျွမ်းကျင်သူတစ်ဦး ဖြစ်ပေသည်။ ယခုလည်း သူသည် ရစ်ချတ်တို့သင်္ဘော လုံးလီးလေဒီ၏ တိုက်ခိုက်ပစ်ခတ်ပုံကို အကဲခတ်ကြည့်လိုက်ရုံနှင့် အခြေအနေအမှန်ကို ချက်ချင်း သိသွားလေသည်။

လုံးလီးလေဒီသင်္ဘော၏ ဦးပိုင်းနှင့် မိမိတို့သင်္ဘောတည့်တည့်မတ်မတ်ရှိနေချိန်တွင်သာ စိန်ပြောင်းအမြောက်ဖြင့် ပစ်ခတ်နိုင်ကြောင်း မာလိန်မှူး ဝီဒါမီယာက တွက်ချက်သိရှိသည့်ပြင် ထိုသင်္ဘောက မိမိတို့သင်္ဘောထက် အရွယ်ပမာဏ ပိုငယ်၍ လှည့်ပတ်ကွေ့မောင်းရာတွင်လည်း ပိုမို၍ လျင်မြန်ကြောင်းကိုပါ ရိပ်မိလိုက်ပြီ ဖြစ်သည်။

ထို့ကြောင့် သူသည် အထက်ပါအတိုင်း သင်္ဘောချင်း အနေအထား မဖြစ်ရလေအောင် အာစတာရော့စ် သင်္ဘောကို ကြံဖန်လှည့်ပတ် တိမ်းရှောင်၍ မောင်းလေသည်။



သို့နှင့်ပင် သင်္ဘောနှစ်စင်းသည် ပင်လယ်ပြင်၌ လိုက်တမ်းပြေးတမ်းကစားသလို တိမ်းရှောင်လိုက်၊ လှည့်ပတ်ကွေ့မောင်းလိုက်နှင့် နှစ်ဖက်စလုံးက လိမ္မာပါးနပ်စွာ လှုပ်ရှားနေကြလေသည်။

ကမ္ဘာဦးအခါက ရောမရေသတ္တဝါကြီးနှစ်ကောင် ပင်လယ်ပြင်တွင် အကြိတ်အနယ် တိုက်ခိုက်နေသကဲ့သို့လည်း တူနေတော့သည်။

မကြာခဏ အာစတာရော့စ်သင်္ဘောမှ ဂျုရပ် ၅၈ အမြောက်ပစ်သံ နှင့် ရစ်ချတ်တို့သင်္ဘောမှ စိန်ပြောင်းအမြောက်ပစ်သံတို့သည် သမုဒ္ဒရာအလယ်ဒေသ၏ တိတ်ဆိတ်ခြင်းကို ဖြိုခွင်းကာ ကျယ်လောင်စွာ မြည်ဟိန်းလျက် ရှိလေသည်။

ကမ္ဘာ့အပူပိုင်းခုံဒေသဖြစ်၍ နေရောင်က အလွန်ပူပြင်းစူးရှလျက်ရှိရာ သင်္ဘောနှစ်စင်း၏ လှုပ်ရှားမှုကြောင့် လှိုင်းတံပိုးများ ဖြစ်ပေါ် ထကြွနေသော ပင်လယ်ပြင်သည် နေရောင်တွင် လျှပ်စစ်မီးမောင်းကြီးများ ထိုးပြထားသလို တစ်မျိုးလှပ ကြည့်ကောင်းနေလေသည်။

သင်္ဘောနှစ်စင်းတို့သည် အကြိတ်အနယ် ဆက်လက်တိုက်ခိုက်ရန် ကြိုးစားလျက်ပင် ရှိနေကြသည်။ တစ်စင်းက ပစ်လိုက်သောကျည်ဆန် မထိမှန်အောင် မာလိန်မှူးက ကျင်လည်စွာ တိမ်းရှောင် ကွေ့မောင်းရင်း တစ်ချိန်တည်းမှာပင် တစ်ဖက် သင်္ဘောအား ကြိုးစား၍ ပစ်ခတ်လျက် ရှိလေသည်။

လက်ဝှေ့သမားနှစ်ဦး တစ်ဦးကိုတစ်ဦး စောင်ကာ အလစ်ချောင်း၍ ချက်ကောင်းမိအောင်ထိုးသတ်ရန် လှည့်ပတ်၍ လက်ဝှေ့ရေးပြနေပုံနှင့်လည်း တူနေလေသည်။ သို့နှင့်ပင် အချိန်တစ်နာရီခန့် ကြာသွားလေသည်။

ထိုအတောအတွင်း ရစ်ချတ်သည် တိကျပြတ်သားစွာ အဖြေတစ်ခုကို ကောက်ချက်ချမိလေသည်။ ယင်းကား မိမိတို့သင်္ဘော လုံးလီးလေဒီအနေဖြင့် ယခုလို လက်ဝှေ့ရေးပြသကဲ့သို့ ကြာရှည်လှည့်ပတ် ရှောင်တိမ်းနေရန်မဖြစ်။ တစ်ခုခု ပြတ်ပြတ်သားသား တုံးတိုက်တိုက် ကမ်းတိုက်တိုက် လုပ်ရတော့မည်ဟူ၍ပင်တည်း။

သူ၏ အလေ့အထတစ်ခုမှာ ပြဿနာတစ်ခုကို စဉ်းစားသုံးသပ်ရာတွင် ရှည်ရှည်ဝေးဝေး အနာဂတ်ကို ကြိုတင် မတွေးဘဲ လတ်တလော အရေးကြီးသည့် ပစ္စုပ္ပန်ကိုသာ အာရုံစိုက်စဉ်းစား၍ အဖြေရှာတတ်ခြင်းဖြစ်သည်။ ထို့ကြောင့် ယခုလည်း ရစ်ချတ်သည် လက်ငင်းအခြေအနေ သို့မဟုတ် ပစ္စုပ္ပန်ကိုသာ အဓိကထား၍ စဉ်းစား သုံးသပ်လေသည်။

ပစ္စုပ္ပန်ဆိုသည်မှာလည်း ယခု အချိန်မရွေး ရန်သူသင်္ဘော ဂျုရပ် ၅၈

www.burmeseclassic.com



မှ ကျည်ဆန် ထိမှန်ပြီး မိမိတို့ သင်္ဘောပျက်စီးနစ်မြုပ်သွားနိုင်သော အခြေအနေ ရှိနေသည့် ကာလပင် ဖြစ်သည်။ အရေးကြီးသည်ကား ရန်သူသင်္ဘောမှ ဂျရပ် ၅၈ အမြောက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်နေခြင်းကို ရပ်စဲအောင် ပိတ်ပင် တားဆီးရန် ဖြစ်သည်။

အမြောက်ကြီး ဆက်မပစ်နိုင်အောင် လုပ်ရန်ကလည်း တစ်နည်းတည်းသာ ရှိသည်။ ယင်းကား မိမိကိုယ်တိုင် ရန်သူသင်္ဘော အာစတာရှေ့စ်ပေါ်သို့ တက်တိုက်မှ ဖြစ်မည် ဟူ၍ပင်တည်း။ ဤသို့လျှင် ရစ်ချတ်သည် သုံးသပ်ကောက်ချက်ချသည်။

ထို့နောက် မိမိတို့သင်္ဘော အခြေအနေကို လှည့်ပတ် အကဲခတ်ကြည့်လိုက်သည်။ ၂၅ ပေါင်ဒါ စိန်ပြောင်း အမြောက်များဖြင့် အဆက်မပြတ် ပစ်ခတ်မှုကြောင့် ယမ်းငွေ့တလူလူထွက်ကာ ကာလိုက်မာတ်ငွေ့များသည် သင်္ဘောကုန်းပတ်တစ်ခုလုံးတွင် ပျံ့နှံ့စော်လျက် ရှိနေလေသည်။

သင်္ဘောပေါ်ရှိ လူအားလုံးမှာ ရန်သူနှင့် ရင်ဆိုင်တိုးနေရခြင်း အဆုံးသတ်ကံကြမ္မာကို ခန့်မှန်းတွေးတောနေကြဟန်ဖြင့် ပင်လယ်ပြင်ကြီးကို ငေးကြည့်နေကြသည်။ ပင်လယ်ရေပြင်ပေါ်တွင် ပြောင်လက်တောက်ပလျက် ရှိနေသော နေရောင်ကို သူတို့တစ်တွေ နေ့စဉ်မြင်တွေ့နေကျဖြစ်သော်လည်း ယနေ့တိုက်ပွဲပြီးဆုံးသွားလျှင် နောက်တစ်နေ့ (နက်ဖြန်) ကျတော့ ငါတို့သည် နေရောင်ကို မြင်ရပါ့မလားဟု တွေးတောနေကြပုံရလေသည်။

သူတို့၏ခေါင်းဆောင် ရစ်ချတ်သည် သင်္ဘောပေါ်ရှိ တစ်ခုတည်းသော လက်နက်ကြီး (၂၅ ပေါင်ဒါ) စိန်ပြောင်းဖြင့် ရန်သူသင်္ဘောကို ချေမှုန်းဖျက်ဆီးပစ်ရန် မဖြစ်နိုင်ဟူ၍ စဉ်းစားမိကြသည်။

သို့သော် တစ်ဖက်သင်္ဘောမှ အင်အားကောင်းလှသော ဂျရပ် ၅၈ အမြောက်ကျည်ဆန်များက တစ်ချိန်မဟုတ် တစ်ချိန် မိမိတို့သင်္ဘောအား မလွဲမသွေ ထိမှန်နိုင်သည် ဟူ၍လည်း တွေးတော စိုးရိမ်မိကြလေသည်။

သူတို့အားလုံးအနေဖြင့် ရစ်ချတ်၏ ခေါင်းဆောင်မှု အရည်အချင်းနှင့် တိုက်ရည်ခိုက်ရည်ကို အလွန်အထင်ကြီးကြလေသည်။ အခက်အခဲ ဘေးအန္တရာယ် မည်သို့ပင်ရှိစေကာမူ ရစ်ချတ်က ကျော်လွှားနိုင်လိမ့်မည်ဟု ယုံကြည်နေကြလေသည်။

ရစ်ချတ်အား သာမန်လူသားတစ်ယောက် မဟုတ်သယောင် ထူးခြားသော လူစွမ်းကောင်းတစ်ဦးဟု အကြီးအကျယ် အထင်ကြီးနေကြသော သူတို့ထဲတွင် ခြွင်းချက်အနေဖြင့် တစ်ယောက်တော့ ရှိလေသည်။



ထိုလူကား ရုရှထောက်လှမ်းရေး (ကေဂျီဘီ) အဖွဲ့မှ လက်ရွေးစင် စုံထောက် တေချော့ဗ်စကီးပင် ဖြစ်သည်။ သူ၏ စိတ်ထဲတွင် ရစ်ချတ်သည် သာမန်လူတို့နှင့် မတူအောင် ထူးခြားသူမဟုတ်။ သာမန်လူသားတစ်ယောက်ပင် ဖြစ်သည်ဟု ယုံကြည်လေသည်။

သို့သော် ရစ်ချတ်တွင် ထူးခြားချက်တော့ ရှိသည်။ အခြေအနေကို ဘက်စုံရှုထောင့်များမှ သုံးသပ်ပြီးနောက် အကောင်းဆုံး နည်းလမ်းကို စဉ်းစားရှာဖွေကာ ယင်းနည်းအတိုင်း အရိုးကြေကြေ အရေခန်းခန်း သဲသဲမဲမဲ ဇွဲနပဲကြီးစွာဖြင့် တိုက်ခိုက်ဖြေရှင်းတတ်သော အလေ့အထရှိသူဖြစ်သည်။

တစ်နည်းအားဖြင့် ရုရှစုံထောက် တေချော့ဗ်စကီးက ရစ်ချတ်သည် ရှေးဟောင်းဒဏ္ဍာရီပုံပြင်များထဲက သူရဲကောင်းလို လူထူးလူဆန်းမဟုတ်။ သို့သော် ဇွဲသတ္တိအရာတွင် သူမတူအောင် စိတ်ဓာတ်ခိုင်မာ ပြင်းထန်လှသူတစ်ဦးဟု ထင်မြင်သုံးသပ်မိလေသည်။

ယခု ရစ်ချတ်က သူကိုယ်တိုင် ရန်သူသင်္ဘောပေါ်သို့ ရောက်အောင် တက်ပြီး ဂျရပ် ၅၈ အမြောက်ကြီး ပစ်ခတ်မှု ရပ်စဲသွားအောင် လုပ်မည်ဟု သူ၏ စိတ်ကူးကို ထုတ်ဖော်ပြောလိုက်သောအခါ၌မူ တေချော့ဗ်စကီးသည် ဖီးလစ်၊ ကင်ဘာနှင့် နာသန်နီယယ်လ်တို့နည်းတူ အကြီးအကျယ် အံ့အားသင့်သွားမိလေသည်။

သူတစ်ယောက်တည်း တစ်ကိုယ်တော် စွန့်စားခန်းဆန်ဆန် ရန်သူသင်္ဘောပေါ်သို့ တက်ရန် ကြံစည်ခြင်းသည် 'ဒီလူ စိတ်မှ နှံ့ပါလေစ' ဟု စဉ်းစားစရာပင် ဖြစ်နေတော့သည်။

အားလုံးက ပါးစပ်အဟောင်းသားနှင့် အံ့သြငေးမောနေကြစဉ် ရစ်ချတ်က သူတစ်ယောက်တည်း ရန်သူသင်္ဘောပေါ်သို့ ဖြစ်သည့်နည်းနှင့် တက်ပြီး ရန်သူအားလုံးကို သုတ်သင်ရှင်းလင်းပစ်ရုံမက သင်္ဘောပေါ်တွင် ဒိုင်းနမိုက်ယမ်း ဘီလူးတစ်မျိုး တပ်ဆင်၍ အာစတာရှေ့စ်သင်္ဘောတစ်စင်းလုံးလိုလို အစိတ်စိတ်အမြွှာမြွှာဖြစ်အောင် ဖောက်ခွဲ ဖျက်ဆီးပစ်မည်ဟု ပြောလေသည်။

"ကျုပ်ကိုယ်တိုင် သင်္ဘောပေါ်မတက်လို့ မဖြစ်ဘူးဗျို့။ ဒီလိုမှမလုပ်ရင် ကျုပ်တို့အားလုံး တစ်ယောက်မကျန် သေကုန်လိမ့်မယ်"

ရစ်ချတ်က သူ၏စကားကို အဆုံးသတ်လိုက်ရာ ပြင်သစ်စုံထောက် ဖီးလစ်သည် ပါးစပ်မှ ဖွင့်ပြောရန် လုံးဝမရည်ရွယ်သော သူ၏စိတ်ထဲမှ ထင်မြင်ယူဆချက်ကို ရုတ်တရက် မေ့ပြီး ပြောလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"မနေ့တာရစ်ချတ် ခင်ဗျားရူးနေပြီလား။ ရူးနေလို့သာ မဖြစ်နိုင်တဲ့ အကြံကို ကြံတာပေါ့"

ရုရှစုံထောက် တေရျော့ဗ်စကီးကတော့ ဘာမှ မပြောဘဲ ဆိတ်ဆိတ်နေ လိုက်သည်။ ရူးသောသူများသာလျှင် မဖြစ်နိုင်တာကို မဖြစ်ဖြစ်အောင် လုပ်ကြ သည်ဟူသော အချက်ကိုလည်း သူသည် မတွေးမိချေ။

ရစ်ချတ်သည် ပြင်သစ်စုံထောက်၏ ဝေဖန်ချက်ကို လုံးဝ လျစ်လျူရှု၍ နေလိုက်သည်။ သူ့အနေဖြင့် ဖီးလစ်သည် ဦးနှောက်ဉာဏ်ကောင်းသူတစ်ယောက် မဟုတ်ဟု သတ်မှတ်ထားပြီး ဖြစ်သည်။ တစ်နည်းအားဖြင့် ရိုးလွန်း အလွန်း သည်ဟု သတ်မှတ်သည့်သဘောပင် ဖြစ်သည်။

ဖရက်အမည်ရှိ သဘော်သား လူငယ်ကလည်း ရစ်ချတ်၏ အစီအစဉ်ကို ဝေဖန်ပြောဆိုပြန်သည်။ "ကျွန်တော့်သဘော ပြောရရင် ရန်သူသင်္ဘောပေါ်ကို တစ်ယောက်တည်းတက်ဖို့ကြံတာ မျိုးချစ်စိတ် မတရားလွန်ကဲရာ ရောက်တယ်လို့ ထင်မိပါတယ်"

ဖရက်က ပြောရင်း သူသောက်လက်စ လက်ဖက်ရည်မတ်ခွက်ကို ဗြိတိသျှ ထောက်လှမ်းရေးသမား ကင်ဘာအား လှမ်းပေးလိုက်သည်။ ကင်ဘာသည် မတ်ခွက်ကို ယူ၍ အားရပါးရ မော့သောက်နေလိုက် သည်။

ရစ်ချတ်သည် သဘော်သားဖရက်၏ ဝေဖန်ချက်ကို သဘောကျပုံ မရ ချေ။

"ဒီမယ်ကွ၊ မျိုးချစ်စိတ်ဆိုတဲ့ စကားကို မသုံးစမ်းပါနဲ့။ ဒီစကားက အတိုက်အခံနိုင်ငံရေးသမားတွေက အာဏာရပါတီကို ဝေဖန်အပြစ်ရှာတဲ့အခါ သုံးတဲ့စကားလုံး ဖြစ်တယ်"

သူပြောနေခိုက် သင်္ဘောသည် လှိုင်းလုံးတစ်ခုဒဏ်ကြောင့် လူးသွား ရာ ရစ်ချတ်သည် ယိုင်လဲကျမသွားစေရန် သံလက်ရန်းတစ်ခုကို ဖမ်းကိုင် ထားလိုက်ရသည်။

သူပြောပုံကို သင်္ဘောသားဖရက်က ကျေနပ်ဟန်မတူဘဲ 'စကားလုံး သုံးတာ မသုံးတာ ထားပါဦး။ ခင်ဗျားက ဘာဖြစ်လို့ ဒါလောက်သေဘေးနီးတဲ့ အကြံကို စွန့်စွန့်စားစား လုပ်ချင်ရတာလဲ' ဟု မေးပြန် သည်။

"ဟော့ကောင်... ဖရက်။ ငါ ရှင်းရှင်းပြောမယ်။ ဘာကြောင့် စွန့်စား ချင်ရတာလဲလို့ မင်း မေးတယ်မဟုတ်လား၊ ဘာကြောင့်လဲဆိုတော့ ဒီစစ်ဆင် ရေးပြီးရင် ငါ ရရှိမယ့် ငွေကြောင့်ပဲကွ။ စစ်ဆင်ရေး အောင်မြင်မှလည်း ငါ့ အနေနဲ့ ဆုငွေ ဒေါ်လာတစ်သိန်းရမှာ။ အဲဒီ ဒေါ်လာငွေတစ်သိန်း ငါရမယ့်



အရေးမှာ ဟို ဘီလျံနာအရူးကြီး ဝင်စတန်အဖွဲ့သားတွေက ကြားဖြတ်နှောင့် ယှက်တာကို ငါ့အနေနဲ့ မခံနိုင်ဘူး။ ဒါကြောင့် သူတို့သင်္ဘောပေါ်တက်ပြီး အပြတ်ရှင်းဖို့ လုပ်တာပဲ။ ကိုင်း... ရှင်းပြီလား"

ရစ်ချတ်က ခပ်ဘွင်းဘွင်း ပြန်ပြောသည်ကို ကြီးကြပ်ရေးမှူး နာသန် နီယယ်လ်က သဘောမတူဟန်ဖြင့် ခေါင်းခါလေသည်။

"မောင်ရင်တစ်ယောက်တည်း ဟိုသင်္ဘောပေါ် တက်သွားရင် ဒေါ်လာ တစ်သိန်းမရဘဲ ကျည်ဆန်တွေသာ မောင်ရင့်ခန္ဓာကိုယ်အပြည့်ရမှာ သေချာတယ်။ နောက်ပြီး ဘယ်လိုလုပ်ပြီး သူတို့သင်္ဘောပေါ်တက်မှာလဲ။ သင်္ဘောချင်းယှဉ်ပြီး ခုန်တက်မယ် ဆိုတော့ ဟိုသင်္ဘောပေါ် မရောက်ခင် မောင်ရင် အသက်ပျောက် သွားမှာပဲ"

ထိုစကားကို ရုရှစုံထောက် တေရျော့ဗ်စကီးကလည်း သဘောတူပုံရ လေသည်။

"ဟုတ်တယ်ဗျ ရဲဘော်ကြီး။ ခင်ဗျားတစ်ယောက်တည်း ဟိုသင်္ဘော ပေါ်ကို ကူးမယ်ဆိုရင် ကျုပ်တို့က ကြိုတင်ကာကွယ်ပြီး ပစ်ခတ်ပေးနေဖို့ မလွယ်ဘူး။ ပစ်ခတ်ပေးနိုင်တောင်မှ သင်္ဘောချင်း ယှဉ်လိုက်ရင် ဟိုသင်္ဘောကုန်း ပတ်က ခြောက်ပေလောက် ပိုမြင့်နေလိမ့်မယ်"

"ကျုပ်က လူတကာမြင်လွယ်အောင် ဖြောင့်ကြီးကူးမှာ မဟုတ်ဘူး။ ဒီသင်္ဘောရဲ့ ပဲ့ပိုင်းမှာ ကြိုးနဲ့ တွယ်ပြီး အသာပုန်းခိုနေပြီးမှ သင်္ဘောချင်းနီး တော့ ဟိုဘက်သင်္ဘောကို အလစ်မှာ တက်ဖို့ စိတ်ကူးတယ်"

ရစ်ချတ်က ဤသို့ပြောသော်လည်း နာသန်နီယယ်လ်က "အဲဒီလို သင်္ဘော ပဲ့ပိုင်းမှာ တွဲလွဲခိုပြီး ပုန်းနေတယ်ပဲ ထားပါဦး။ ရန်သူက လှမ်းကြည့်လို့ မြင် သွားတာနဲ့ မောင်ရင့်ကို ရှိသမျှ သူတို့တစ်တွေက ဝိုင်းပစ်ချလိုက်မှာပေါ့။ မောင်ရင်ပုန်းနေတဲ့ နေရာက ဘာမှ အကာအကွယ်လည်း မရှိဘူး။ နောက်ပြီး သင်္ဘောချင်း နီးနီးကပ်ကပ်ဖြစ်အောင် သွားဖို့ကလည်း မလွယ်ပါဘူး" ဟု ပြောလေသည်။

ဤတွင် ရုရှစုံထောက် တေရျော့ဗ်စကီးက အားလုံးကို တိုင်တည်ပြော သလိုနှင့် "ကျုပ်တော့ ရဲဘော်ကြီး ရစ်ချတ်ဟာ သင်္ဘောချင်း ယှဉ်မိတာတောင် မှ အနည်းဆုံး ဆယ်ပေကွာဝေးနေမယ့် တစ်ဖက်သင်္ဘောကို ဘယ်လိုလုပ်ပြီး ခုန်တက်မလဲလို့ စဉ်းစားနေမိတယ်၊ အားကစားပြိုင်ပွဲ ကင်းထောက်နည်း နဲ့ ခုန်မှပဲ ဟိုသင်္ဘောကို ရောက်နိုင်မယ်" ဟု ပြောပြီး ရစ်ချတ်ဘက်သို့ လှည့် ၍ "ဘယ်လိုလဲဗျ ရဲဘော်ကြီး။ ခင်ဗျား ဟိုဘက်သင်္ဘောတက်ခါနီးမှ ရန်သူ

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်သားတွေက တက်ဖို့လှေကား ချပေးမယ်လို့ မျှော်လင့်ထားပါသလား’ ဟု မေးလိုက်သည်။

ရစ်ချတ်သည် ထိုမေးခွန်းကို လုံးဝ ဂရုမစိုက်ဘဲ သူပြောချင်သည့် စကားကိုသာ ဆက်ပြောလေတော့သည်။

“ခင်ဗျားတို့အားလုံး တစ်ယောက်မှ မျက်စိကို ကောင်းကောင်းအသုံး မချကြဘဲကိုး။ သေသေချာချာလည်း လေ့လာကြည့်ဦးမှပေါ့။ ခင်ဗျားတို့အနေနဲ့ ဟိုဘက်သင်္ဘောကို သေသေချာချာ မကြည့်မိကြသေးဘူးနဲ့ တူတယ်။ ဟိုသင်္ဘောရဲ့ ကိုယ်ထည်က သံမဏိနဲ့ လုပ်ထားတာတော့ သိကြမှာပေါ့။ သေသေချာချာ ကြည့်ရင် သင်္ဘောရဲ့ သံမဏိကိုယ်ထည်ဘေးနားမှာ အပေါ်တက်ဖို့ လှေကား တစ်ခု အသေတပ်ဆင်ထားတာ တွေ့ရလိမ့်မယ်။ မာလိန်မှူးဂျက်ဆင်ကသာ ကျုပ်တို့သင်္ဘောပဲ့ပိုင်းကို သူတို့သင်္ဘောဦးပိုင်းနားကို ခပ်နီးနီးရောက်အောင် ကပ် ပေးနိုင်ရင် ကျုပ်က ဒီသင်္ဘော ညာဘက်ဘေးကနေပြီး ဟိုသင်္ဘောရဲ့ လှေကားကို ဖမ်းမိအောင် လှမ်းခုန်လိုက်နိုင်လိမ့်မယ်။ ဟိုလှေကားပေါ်ရောက်တာနဲ့ ကျုပ်က ကုန်းပတ်ကို လက်ပစ်ဗုံးနဲ့ လေးငါးလုံး ပစ်ဖောက်ခွဲလိုက်မယ်။ ပေါက်ကွဲတာနဲ့ သူတို့လူတွေ အံ့အားသင့်ပြီး ကြောင်နေကြတုန်းမှာ ကျုပ်က ကုန်းပတ်ပေါ် ရောက်အောင် တက်သွားမယ်”။ ဤသို့ ရစ်ချတ်က သူ၏အစီအစဉ်ကို ပြောပြရာ ကျန်လူများမှာ အံ့အား သင့်လွန်းပြီး ဘာမှမပြောနိုင်ဘဲ ငေးကြည့်နေကြလေသည်။

အတန်ကြာမှ ကြီးကြပ်ရေးမှူး နာသန်နီယယ်လ်က ရစ်ချတ်၏ အကြံကို ဝေဖန်ပြောဆိုလေသည်။

“နေပါဦး မောင်ရင်ရ။ မောင်ရင် အဲဒီလိုလုပ်တော့ ရန်သူဘက်သားတွေက အသာကြည့်နေမှာတဲ့လား။ မောင်ရင်လှမ်းခုန်တာ မြင်တာနဲ့ (ဒါမှမဟုတ်) လှေကားကို တွယ်မိပြီးမှ မြင်တာနဲ့ မောင်ရင့်ကို အားလုံးကို ဝိုင်းပစ်ကြမှာ ပေါ့”

ထိုစကားကို တေချော့ဗ်စကီးကပါ ဝင်ထောက်ခံခဲ့လေသည်။

“ဟုတ်တယ်ဗျို့။ နာသန်နီယယ်လ် ပြောတာ မှန်တယ်။ ရဲဘော်ကြီး အဲဒီလို လှမ်းခုန်မယ်ဆိုရင် သေနတ်ကျည်ဆန်မပေါက်နိုင်တဲ့ သံမဏိသံချပ် ကာအင်္ကျီ ဝတ်သွားမှ ဖြစ်မယ်”

“ခင်ဗျားတို့နှစ်ယောက်စလုံး မှားတယ်”

ရစ်ချတ်က ခပ်တည်တည်ပြောပြီးမှ ရှုရှုစုံထောက်အား မျက်နှာချင်းဆိုင် လိုက်သည်။



“ရဲဘော် တေချော့ဗ်စကီးက ကျုပ်လှမ်းခုန်နေတဲ့ အချိန်မှာ ဟိုဘက် သင်္ဘောကို စက်သေနတ်နဲ့ အဆက်မပြတ် လှမ်းပစ်နေရမယ်။ ခင်ဗျားရဲ့ ပစ်ခတ်မှုကြောင့် ရန်သူဘက်သားတွေက ခင်ဗျားဘက်ကိုသာ အာရုံစိုက်ပြီး ပြန်ခုခံပစ်ဖို့ လုံးပန်းနေလိမ့်မယ်။ ဒီအချိန်မှာ ကျုပ်က ဟိုသင်္ဘောရဲ့ လှေကား ကို ရောက်အောင် လှမ်းခုန်လိုက်မယ်။ ပြီးတော့ ချက်ချင်းပဲ ကျုပ်ကလည်း လက်ပစ်ဗုံးနဲ့ လှမ်းပစ်မယ်”

သည်တော့မှ တေချော့ဗ်စကီးကလည်း သဘောပေါက်သွားပုံရလေ သည်။

“အင်း… ဒီလိုဆိုတော့ ဖြစ်နိုင်ပါတယ်”

သူ့ကိုယ်သူ ပြောသလိုပြောလိုက်ရာ ရစ်ချတ်က “ဖြစ်နိုင်ရုံတင် မက ဘူးဗျ၊ ဖြစ်အောင်ကို လုပ်ရလိမ့်မယ်” ဟု ပြောလိုက်သည်။

ကြီးကြပ်ရေးမှူး နာသန်နီယယ်လ်ကမူ ဘဝင်ကျပုံမရချေ။

“ကျုပ်ကတော့ မောင်ရင်တို့နှစ်ယောက်စလုံး ရူးနေပြီလို့ ထင်နေတာ ပဲ။ ဒါပေမဲ့ ဒီအတိုင်းပဲ စွတ်လုပ်မယ်ဆိုရင်တော့ အခြေအနေကို နည်းနည်းတော့ ပိုပြီးသာအောင် လုပ်သင့်တယ်။ ဥပမာ ကျုပ်က တေချော့ဗ်စကူးကို ဝင်ကူပြီး ရစ်ချတ်က ဟိုသင်္ဘောကူးနေချိန်မှာ စက်သေနတ်နဲ့ အဆက်မပြတ် ပစ်ပေးနိုင် တယ်”

သို့သော် ရစ်ချတ်က လက်သင့်မခံဘဲ “မလိုပါဘူး၊ ခင်ဗျား ဘာမှဝင်မ လုပ်ပါနဲ့” ဟု ခပ်ပြတ်ပြတ် ပြောလိုက်သည်။

သူပြောလိုက်ပုံက လေသံတင်းမာလွန်းသဖြင့် ကြီးကြပ်ရေးမှူး နာသန် နီယယ်လ်သည် အံ့အားသင့် တုန်လှုပ်သလို ဖြစ်သွားသည်။ ရစ်ချတ်ကလည်း ထိုလူမျက်နှာပျက်သွားသည်ကို သတိပြုမိသဖြင့် ဆက်လက်ဖြေရှင်းပြလေသည်။

“ဒီမယ် မစ္စတာ နာသန်နီယယ်လ်။ ဘာကြောင့် ခင်ဗျား ဝင်မပါစမ်း ပါနဲ့လို့ ဟန့်တားပေးရတဲ့ အကြောင်းကို ကျုပ်ပြောပြမယ်။ အခုကိစ္စက ကျုပ် ရဲ့အသက်ကို စွန့်ပြီး လုပ်ရမယ့် အလုပ်ဖြစ်တာ ခင်ဗျားအသိပဲ မဟုတ်လား။ ခင်ဗျားဟာ ကြီးကြပ်ကွပ်ကဲရေးသမားဆိုတော့ တကယ်တမ်း သေနတ်ပစ်ရာ မှာ ဘယ်လောက်လက်ဖြောင့်တယ် မဖြောင့်ဘူးဆိုတာ ကျုပ် မသိဘူး။ ဟော ဒီက ရဲဘော်ကြီး တေချော့ဗ်စကီးက အလွန်လက်ဖြောင့်တယ်ဆိုတာ ရောမမြို့ မှာတုန်းက ကျုပ်ကိုယ်တွေ့ မြင်ခဲ့ရလို့ သူ့ကို စိတ်ချတယ်။ ခင်ဗျားရဲ့ သေနတ် ပစ်ခတ်မှုအစွမ်းကို ကျုပ် မသိဘူး။ တကယ်လို့ ကျုပ်က ဟိုသင်္ဘောကို လှမ်း

www.burmeseclassic.com

www.burmeseclassic.com



ခုန်ကူးနေတုန်း ခင်ဗျားပစ်လိုက်တဲ့ ကျည်ဆန်ကလွဲချော်ပြီး ကျုပ်ကို လာမှန်ရင် ဘယ့်နှယ်လုပ်ပါ့မလဲ"

"ဒါတော့ မောင်ရင့်သဘောပဲ" နာသန်နီယယ်လ်က စိတ်ထဲ အောင့်သက်သက် ဖြစ်လျက်နှင့် ပြန်ပြောလိုက်သည်။

"အခုအရေးကြီးဆုံးက မာလိန်မှူးဂျက်ဆင်က ကျုပ်တို့သင်္ဘောကို လိုချင်တဲ့ အနေအထားရအောင် ထိန်းမောင်းနိုင်ဖို့ပဲ။ အဲဒီအနေအထားကိုရမှသာ ကျုပ်ရဲ့ အစီအစဉ် အကောင်အထည်ဖော်လို့ ရမယ်"

ရစ်ချတ်က ဆက်ပြောရာ ရှုရှုံထောက် တေချော့ဗ်စကီးက "တကယ်လို့ ဂျက်ဆင်က ခင်ဗျားလိုချင်သလို သင်္ဘောကို မောင်းမပေး နိုင်ရင်ကော..." ဟု မေးလိုက်သည်။

သူ၏စကားအဆုံးတွင် ကျယ်လောင်စွာ ပေါက်ကွဲသံကြီးနှင့်အတူ ရန်သူ သင်္ဘောမှ အမြောက်ကျည်ဆန်တစ်ခုသည် လုံးလီးလေဒီ၏ လက်ဝဲဘက် ရေပြင်ပေါ်သို့ ကျရောက် ပေါက်ကွဲပြန်လေသည်။

ရစ်ချတ်က အံကြိတ်လျက် တေချော့ဗ်စကီးအား ပြောလေသည်။

"ရဲဘော်ကြီးမေးခွန်းရဲ့ အဖြေက ဒါပဲဗျ။ ဂျက်ဆင်က ဒီသင်္ဘောကို ကျုပ်တို့လိုချင်တဲ့ အနေအထားရောက်အောင် မောင်းမပေးနိုင်ရင်တော့ ရန်သူ သင်္ဘောက အမြောက်ကျည်ဆန်အောက်မှာ ကျုပ်တို့အားလုံး အသက်ပျောက်ကြမှာ သေချာတယ်။ ကိုင်း ရှင်းရဲ့မဟုတ်လား"

■

## အခန်း (၉)

ရစ်ချတ်သည် သင်္ဘော၏ ပဲ့ပိုင်းတွင် ဒူးထောက်ဝပ်နေရင်း သေခြင်းတရားအကြောင်းကို ဒဿနိကဗေဒဆန်ဆန် တွေးနေမိလေသည်။ သေခြင်းတရားသည် အလွန်နက်နဲသလောက် ဆန်းကြယ်လှသည်။ ခန္ဓာကိုယ်ရုပ်ကြီးနှင့် စိတ်ဝိညာဉ် ဒွန်တွဲတည်ရှိကာ အသက်ရှင်နေစဉ် အမျိုးမျိုး လုပ်နိုင်ကိုင်နိုင် လှုပ်ရှားနိုင်သလောက် သေနတ်ကျည်ဆန်တည်းဟူ သော အရာဝတ္ထုတစ်ခု ချက်ကောင်းလာမှန်သည်နှင့် တစ်ပြိုင်နက် ခန္ဓာကိုယ်ရုပ်ကြီးသည် ချက်ချင်း ဖောက်ပြန်ပျက်စီးရလေတော့သည်။

ငါ၏ ကိုယ်ခန္ဓာရုပ်ကြီးသည်လည်း ယခု ရန်သူနှင့် ရင်ဆိုင် တိုက်



ခိုက်ရင်း ကျည်ဆန်တစ်တောင့် လာထိမှန်သည်နှင့် ရုတ်ခြည်း ပြောင်းလဲကာ ဖောက်ပြန်ပျက်စီးရတော့မည်ပါတကား။

ဤသို့လျှင် ရစ်ချတ်သည် ဆင်ခြင်သုံးသပ်ရင်း ရန်သူသင်္ဘောဘက်ဆီသို့ ခုန်ကူးရန်အတွက် စောင့်လင့်နေလေသည်။ အချိန် ဆယ့်ငါးမိနစ်ခန့် ကြာသွားသည်။

မာလိန်မှူး ဂျက်ဆင်သည် သင်္ဘောကို ရန်သူသင်္ဘောနှင့် တဖြည်းဖြည်း နီးလာအောင် ထိန်းမောင်းနိုင်သော်လည်း ရစ်ချတ် လိုချင်သည့် အနေအထားသို့ ရောက်သည်အထိ ပဲ့ကိုင်မမောင်းနိုင်ဘဲ ဖြစ်နေသည်။

တစ်ချိန်တွင် ဂျက်ဆင်သည် သူ၏သင်္ဘောကို ရန်သူသင်္ဘော အာစတာရော့စ်နှင့် သုံးလေးပေကွာသော နေရာသို့ပင် မောင်းနိုင်ခဲ့သည်။ သို့ရာတွင် ရစ်ချတ်လိုချင်သော အနေအထားမျိုး မဟုတ်ဘဲ၊ ရန်သူသင်္ဘော၏ လက်ယာဘက်အေးသို့ ဦးတိုက်ရောက်ရှိနေသဖြင့် ခက်နေပြန်သည်။

ရစ်ချတ်သည် တစ်ဖက်သင်္ဘောသို့ ခုန်ကူးရန်အတွက် အနေအထားမျိုး မရနိုင်၍ စိတ်မရှည်နိုင်တော့သလို ဖြစ်လာမိသည်။

သင်္ဘောနှစ်စင်း၏ မာလိန်မှူးနှစ်ဦးစလုံးသည် မိမိတို့၏ သင်္ဘောများကို ပဲ့ကိုင်ထိန်းမောင်းနေပုံက ရှေးခေတ်က စီးချင်းထိုးပွဲတွင် ဓားချင်းယှဉ်ခုတ်နေကြသူနှစ်ဦး တစ်ဦးကိုတစ်ဦး စောင်လိုက်၊ ခြောက်လိုက်၊ ရှောင်လိုက်၊ နောက်ဆုတ်လိုက်နှင့် အကြိတ်အနယ် ယှဉ်ပြိုင် တိုက်ခိုက်နေသကဲ့သို့ပင် ဖြစ်နေတော့သည်။

ရစ်ချတ်သည် သူ၏အကြံအောင်ပါတော့မည်လောဟု စိတ်လျှော့ရမလို ဖြစ်နေခိုက် အခြေအနေက ရုတ်ခြည်းပြောင်းလဲ ထူးခြားလာပြန်လေသည်။

အာစတာရော့စ် သင်္ဘော မာလိန်မှူး ဝီဒါမီယာသည် စိတ်တိုတိုနှင့် ဂျာမန်ဘာသာဖြင့် ဆဲရေးကြိမ်းမောင်း ရေရွတ်ရင်း သူ၏သင်္ဘောကို စက်ကုန်ဖွင့်မောင်းနေစဉ် တစ်ဖက်သင်္ဘောမှ မာလိန်မှူး ဂျက်ဆင်က အရှေ့မြောက်စူးစူးဆီသို့ ဦးတည်ခုတ်မောင်းလာလေသည်။

တစ်နည်းအားဖြင့် ဂျက်ဆင်၏ လုံးလီးလေဒီသင်္ဘောသည် အာစရာရော့စ် သင်္ဘောအား အတင်းဝင်တိုက်တော့မည့် လမ်းကြောင်းအတိုင်း တည့်တည့်မတ်မတ်ကြီး မောင်းလာနေခြင်း ဖြစ်သည်။

မာလိန်မှူး ဝီဒါမီယာသည် မိမိတို့သင်္ဘောထက် အရွယ်ပမာဏသေးငယ်သော လုံးလီးလေဒီက တည့်တည့်ကြီး ဝင်တိုက်ရန်လာနေချေပါကလားဟု အံ့အားသင့်နေသလောက် ရစ်ချတ်တို့သင်္ဘောမှ ဂျက်ဆင်ကမူ သတ္တိရှိရှိဖြင့်

www.burmeseclassic.com

www.burmeseclassic.com



လောင်းကစားသမားများ စွန့်စွန့်စားစား လောင်းကစားသလို လုပ်နေခြင်းဖြစ်သည်။

သူ၏သဘော်ကို အရှေ့မြောက်စူးစူးသို့ ဦးတည်ခုတ်မောင်းလာခြင်းမှာ ရန်သူသဘော် အာစတာရှော့စ်အား တကယ်ဝင်တိုက်ရန် ရည်ရွယ်၍ မောင်းလာခြင်းမဟုတ်ပေ။ သူက တကယ်ဝင်တိုက်မည့်ဟန်ဖြင့် ခပ်တည်တည်မောင်းလာပါက တစ်ဖက်သဘော်မှ မာလိန်မှူးသည် သဘော်ချင်း ဝင်တိုက်ပါက သူ၏သဘော်သည်လည်း တစ်စိတ်တစ်ဒေသ ထိခိုက်ပျက်စီးမည်ဖြစ်ရာ ကြဲဖန်တိမ်းရှောင်မောင်းနှင်လိမ့်မည်ဟု လောင်းကစားသမားဝိုင်းတွင် ထိုးကစားသလို တွက်ထားပြီး ဖြစ်သည်။

သူ တွက်ချက်ပြီး လောင်းကစားနည်းဖြင့် တည့်တည့်ကြီး မောင်းလိုက်သည့်အတိုင်းလည်း ရန်သူသဘော်မာလိန်မှူးက တကယ်ပင် ပြုလုပ်လေတော့သည်။ ဂျာမန်အမျိုးသား ကပ္ပတိန်ဝီဒါမီယာသည် လုံးလီးလေဒီက မိမိတို့သဘော်အား ဝင်တိုက်ရန် တည့်တည့်ကြီး လာနေကြောင်း သေချာပေါက်တွက်မိသည်နှင့် သူ၏ သဘော်ကို လက်ဝဲဘက်သို့ တအားကွေ့မောင်းလိုက်သည်။

ဤတွင် ဂျက်ဆင်ကလည်း နောက်မှ လိုက်၍ ကွေ့လိုက်လာသည်။

စောစောက စိတ်ပျက်နေမိသော ရစ်ချတ်သည် သဘော်နှစ်စင်းစလုံး၏ လှုပ်ရှားမှု အခြေအနေကို ကြည့်ပြီး ချက်ချင်း အားတက်လာမိပြန်သည်။ ယခုအတိုင်းဆိုလျှင် သူလိုချင်သည့် အနေအထားသို့ သဘော်နှစ်စင်း ရောက်ရှိပေတော့မည်။

မိမိတို့ မာလိန်မှူးဂျက်ဆင်က သဘော်အရှိန်နှုန်းကိုသာ မလျှော့စေဘဲ မှန်မှန် ဆက်လက် ခုတ်မောင်းနိုင်ရန်သာ အရေးကြီးပေသည်။ သဘော်၏ ခုတ်မောင်းနှုန်း မမှန်ပါက မိမိက တစ်ဖက်သဘော်သို့ ခုန်ကူးစဉ် သဘော်နှစ်စင်းအားချင်းပွတ်တိုက်မိပြီး မိမိသည်လည်း သဘော်နှစ်စင်းကြားတွင် ပိတ်ညှပ်မိကာ အရိုးတခြား အသားတခြား ဖြစ်သွားနိုင်ပေသည်။

ရစ်ချတ်သည် သူ၏ကိုယ်တွင် အသင့်ဆောင်ထားသော လက်နက်ပစ္စည်းများကို ပြန်လည်စစ်ဆေးကြည့်ရှုပြန်သည်။

သူ၏ အမ် ၃ စက်သေနတ်နှင့် ပွိုင့် ၄၅ ခြောက်လုံးပြူး သေနတ်နှစ်လက်အပြင် 'မာရင်း' တပ်သားများ စစ်မြေပြင်တွင် ကိုင်ဆောင်လေ့ရှိသည့် တိုက်ပွဲသုံး ဓားမြှောင်တစ်လက်ကိုပါ ခါးပတ်ကြားတွင် ခိုင်မြဲစွာ ချိတ်ဆွဲထားသည်။ အပိုကျည်ဆန်ကတ်များကိုလည်း ကင်းဗတ်အိတ်နှင့် ထည့်ထားသည်။ ထို့ပြင် ပခုံးတွင် လွယ်ထားသော ကင်းဗတ်အိတ်ထဲ၌ လက်ပစ်ဗုံးများ၊ စီ ၃



အမျိုးအစား ဒိုင်းနမိုက် ယမ်းဘီလူးနှင့် စနက်တံအချိန်ကိုက်၍ ဖောက်ခွဲသည့် ကိရိယာပစ္စည်းများ အသင့်ထည့်ထားသည်။

ရစ်ချတ်သည် မိမိတို့သဘော်၏ ကုန်းပတ်ပေါ်သို့ တစ်ချက်လှမ်းကြည့်လိုက်သည်။ ရုရှစုံထောက် တေချော့ဗ်စကီးသည် စက်သေနတ်ကိုင်လျက် နေရာယူပြီးဖြစ်ရုံမက ရစ်ချတ်အားမြင်လျှင် သူအဆင်သင့် ဖြစ်နေကြောင်း လက်ညှိုးနှင့် လက်မကို ဝလုံးပုံသဏ္ဌာန် ပြုလုပ်၍ အချက်ပြလိုက်သည်။

ထိုအချိန်၌ သူတို့သဘော်သည် ရန်သူသဘော် အာစတာရှော့စ်နှင့် ဆယ်ပေမျှသာ ကွာဝေးနေပြီ ဖြစ်သည်။ သူတို့သဘော်မှ လူအချို့ မိမိတို့သဘော်အား စက်ဆုပ်မုန်းတီးဟန်ဖြင့် လှမ်းကြည့်နေကြသည်ကိုပင် မြင်နေရလေပြီ။

မာလိန်မှူးဂျက်ဆင်သည် သူ၏ ရေကြောင်းပညာကျွမ်းကျင်မှုကို လက်တွေ့ပြသည့် အနေဖြင့် လုံးလီးလေဒီအား ရစ်ချတ်လိုချင်သည့် အနေအထားအတိုင်း ဖြစ်အောင် ကျင်လည်စွာ ထိန်းမောင်းကာ ရန်သူသဘော်နှင့် နီးကပ်သည်ထက် နီးကပ်အောင် မောင်းလေသည်။

ထိုအခိုက်မှာပင် ရုရှစုံထောက် တေချော့ဗ်စကီးသည် သူ၏ လုပ်ငန်းစတင်လေတော့သည်။

သူ၏ အမ် ၃ အေဝမ်းအမျိုးအစား စက်သေနတ်မှ ကျည်ဆန်တွေဒလဟောထွက်ကာ ရန်သူသဘော်၏ ကိုယ်ထည်ဘေးဆီသို့ မိုးသီးမိုးပေါက်ကျသလို အဆက်မပြတ် ထိမှန်လျက် ရှိပေသည်။

စက္ကန့်ပိုင်းအတွင်းမှာပင် ရစ်ချတ်သည် သက်ပြင်းတစ်ချက် ရှူလိုက်ပြီးနောက် သူ့တွင် ရှိသမျှ ခွန်အားကို ဖျစ်ညှစ်ထုတ်ကာ တစ်ဖက်သဘော်ကိုယ်ထည်ဘေးရှိ လှေကားဆီသို့ တအားလှမ်းခုန်လိုက်သည်။

စက္ကန့်အစိတ်အပိုင်း အနည်းငယ်မျှ သူ၏ ခန္ဓာကိုယ်သည် သဘော်နှစ်စင်းအကြား ပင်လယ်ရေပြင်၏ အထက်လေထဲတွင် ရှိနေလေရာ ရစ်ချတ်သည် အကယ်၍ တစ်ဖက်သဘော်မှ လှေကားဆီသို့ မရောက်ပါက ရေထဲသို့ ကျတော့မည်ဟု တွေးကာ ရေကူးရန်လည်း အဆင်သင့် ပြင်ထားလေသည်။

ထိုအချိန်၌ ပင်လယ်ရေပြင်ပေါ်မှ လေကလည်း ထန်လျက် ရှိနေသည်။

ပထမသော် တစ်ဖက်သဘော်ဆီသို့ မရောက်တော့ဟု ထင်ရသော်လည်း ကံအားလျော်စွာ သူ၏ လက်တစ်ဖက်က အာစတာရှော့စ်သဘော်ဘေးရှိ လှေကားကို ဖမ်းဆုပ်ကိုင်မိလေရာ ရစ်ချတ်သည် အားတက် ဝမ်းမြောက်လျက် တစ်ယောက်တည်း ကျေနပ်စွာဖြင့် ပြုံးမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပြီ၊ ဒီအတိုင်းဆိုရင် ငါ့အကြံအောင်တော့မှာပဲ' ဟု တွေးရင်း ရန်သူသင်္ဘော အာစတာရော့စ်အား အပြီးအပိုင် ချေမှုန်းတိုက်ခိုက်ရန် စတင်ပြင်ဆင်လေတော့သည်။

သူ၏ စစ်ဆင်ရေး ပထမအဆင့်အနေဖြင့် ရစ်ချတ်သည် အာစတာရော့စ်သင်္ဘော၏ ကုန်းပတ်ဦးပိုင်းနှင့် အလယ်ပိုင်းဆီသို့ ချိန်ရွယ်လျက် လက်ပစ်ဗုံးသုံးလုံးကို လျင်မြန်စွာ လှမ်းပစ်ဖောက်ခွဲလိုက်သည်။ လက်ပစ်ဗုံး တစ်လုံးနှင့် တစ်လုံးကို ဆယ်ပေခန့်စီကွာအောင် ချိန်လျက် ပစ်လိုက်ခြင်း ဖြစ်သည်။

လက်ပစ်ဗုံးသုံးလုံး အရှိန်ပြင်းစွာဖြင့် ပေါက်ကွဲပြီး နားကွဲလုမတတ် အသံများ မြည်ဟည်း၍ မဆုံးသေးမီမှာပင် ရစ်ချတ်သည် လှေကားမှတစ်ဆင့် သင်္ဘောကုန်းပတ်ပေါ်သို့ လျင်မြန် ဖျတ်လတ်စွာ တက်လိုက်သည်။

အသင့်ပါလာသော အမ် ၃ အမျိုးအစား စက်သေနတ်ကိုလည်း အဆင်သင့် ချိန်ရွယ်ထားပြီး ဖြစ်နေသည်။

သူပစ်လိုက်သော လက်ပစ်ဗုံးသုံးလုံးသည် အာစတာရော့စ်သင်္ဘောကုန်းပတ်ပြင်ကျယ်တွင်ပေါက်ကွဲသည်ဖြစ်၍ အကြီးအကျယ် ထိခိုက်ပျက်စီးမှု မဖြစ်သော်လည်း အသင့်အတင့်တော့ ထိခိုက်မှုရှိလေသည်။

သင်္ဘောဦးပိုင်းရှိ သစ်သားကယ်ဘင်ခေါ် အခန်းငယ်ဆိုလျှင် လုံးဝပျက်စီးသွားပြီး အနီးရှိ ကုလားထိုင် စသော ပရိဘောဂများ ကြေမွကုန်လေသည်။ ကယ်ဘင် အခန်းအနီးတွင် ရပ်နေသူ အရဏ်သစ်ဂိုဏ်းသားတစ်ဦးသည်လည်း ဗုံးပေါက်ကွဲမှုကြောင့် ထိခိုက်သေဆုံးသွားလေသည်။

နောက်လူတစ်ယောက်ကလည်း လက်ပစ်ဗုံးဒဏ်ဖြင့် ခြေထောက်တစ်ဖက် ပြတ်ထွက်သွားကာ ကုန်းပတ်ပေါ်တွင် သတိမေ့လဲကျနေလေသည်။

မည်သို့ပင်ဖြစ်စေ လက်ပစ်ဗုံးသုံးလုံးသည် ရစ်ချတ် ကြိုတင်မျှော်မှန်းခဲ့သည့် ရည်ရွယ်ချက်အတိုင်း ဖြစ်မြောက်အောင်မြင်အောင် စွမ်းဆောင်နိုင်ခဲ့လေသည်။

ရန်သူဂိုဏ်းသားများအနေဖြင့် သင်္ဘောပေါ်သို့ တက်လိုက်ချိန်တွင် အံ့သြတုန်လှုပ်စွာ ကယောင်ချောက်ချား ဖြစ်စေရန် ရည်ရွယ်လျက် လက်ပစ်ဗုံးများကို အသုံးပြုခဲ့ခြင်းဖြစ်ရာ ယခု သူတို့ လုံးဝ မမျှော်လင့်ဘဲ ဗုံးသုံးလုံးဆက်တိုက် ပေါက်ကွဲမှုကြောင့် အားလုံး ထိတ်လန့်တုန်လှုပ်စွာဖြင့် သင်္ဘောကုန်းပတ်ကြမ်းပြင်ပေါ်တွင် ဝပ်တွား၍ အကာအကွယ်ယူနေကြလေသည်။

ထိုအချိန်၌ ရစ်ချတ်သည် သင်္ဘောကုန်းပတ်ပေါ်သို့ ရောက်နေရုံမက တစ်ပိုင်းတစ်စ ပျက်စီးနေသော ကယ်ဘင်အခန်းငယ်၏ သစ်သားအကြွင်း



အကျန်များ နောက်ကွယ်၌ နေရာယူထားပြီး ဖြစ်လေသည်။

သို့သော် စက္ကန့်ပိုင်းအတွင်းမှာပင် အရဏ်သစ် ဂိုဏ်းသားများသည် ရစ်ချတ်ကို လှမ်းမြင်ကာ လက်ပစ်ဗုံးများ ပေါက်ကွဲခြင်း၏ အကြောင်းကိုပါ ရိပ်မိသိရှိလျက် ဩစတြေးလျနိုင်ငံလုပ် အော်စတင် စက်သေနတ်များဖြင့် တရကြမ်း ဝိုင်းပစ်ကြလေတော့သည်။

အော်စတင်စက်သေနတ်များမှ ထွက်လာသည့် ၉ မီလီမီတာ ကျည်ဆန်များသည် မိုးရွာသလို ကျလာကာ ရစ်ချတ်အကာအကွယ် ယူထားသော နေရာ၏ ဝဲယာနှစ်ဖက်စလုံးတွင် အဆက်မပြတ် လာရောက်ထိမှန်ကြလေသည်။

ဤတွင် သူသည် ရန်သူဘက်သားအား စက်ဆုပ်မုန်းတီးမိသလောက် ပြင်းစွာ ဒေါသထွက်လာသည်။ ဒေါသထွက်သည်ဆိုလျှင် ရစ်ချတ်၏ အသွင်သဏ္ဌာန်သည် ပြောင်းလဲလာတော့သည်။

သည်လိုအခါမျိုးတွင် သူသည် သာမန်သွေးသားရှိ လူသားတစ်ယောက်နှင့် မတူတော့။ တစ်ဖက်ရန်သူကို အပြတ်အသတ် ရက်ရက်စက်စက် ချေမှုန်းပစ်ရန်သာ အာရုံစူးစိုက်သလောက် လက်တွေ့အားဖြင့်လည်း ရန်သူတစ်ယောက်မကျန် ချေမှုန်းသုတ်သင်တတ်သော၊ သုတ်သင်နိုင်စွမ်းလည်းရှိသော ပါးကွက်အာဏာသားတစ်ယောက်ကဲ့သို့ ဖြစ်လာလေသည်။

ထိုအချိန်၌ သူ၏ မျက်လုံးများသည် ထူးခြားစွာ စူးရှတောက်ပြောင်လာလေသည်။ ရစ်ချတ်သည် လက်ပစ်ဗုံးတစ်လုံးကို ယူ၍ သင်္ဘောကုန်းပတ်အလယ်ဆီသို့ လှမ်းပစ်လိုက်ပြန်သည်။ သူ၏ စိတ်ထဲတွင်ကား သူသေကိုယ်သေ အပြတ်အသတ်တိုက်ရမည့်ပွဲဟူ၍ ဆုံးဖြတ်ထားပြီး ဖြစ်သည်။

ယင်းသို့ အပြတ်အသတ် တိုက်ရန်အတွက် မိမိက တစ်ယောက်တည်းပင် ဖြစ်လင့်ကစား ခံစစ်မဟုတ်ဘဲ ထိုးစစ်ဆင်တိုက်မှ ဖြစ်ပေမည်။ ထို့ကြောင့် သူပစ်လိုက်သော လက်ပစ်ဗုံးပေါက်ကွဲ၍ တစ်မိနစ် မကြာမီ နောက်ထပ် ဗုံးတစ်လုံးကို လှမ်းပစ်လိုက်ပြန်သည်။

သည်တစ်ခါတော့ သူသည် စောစောကလို စောင့်ကြည့်မနေတော့။ လက်ထဲရှိ အမ် ၃ စက်သေနတ်ဖြင့် ပစ်ခတ်ချေမှုန်းရန်၊ ရန်သူဂိုဏ်းသားများကို စတင်တိုက်ခိုက်ရန် လိုက်ရှာကြည့်လေသည်။

ထိုအခိုက်မှာပင် အရဏ်သစ်ဂိုဏ်းသားများသည် လက်နက်ကိုယ်စီ ဆွဲကိုင်လျက် သင်္ဘောကုန်းပတ်အလယ်မှ ပြေးလာကြလေသည်။

သို့သော် ထိုလူများအနေဖြင့် သူတို့သေနတ်များကို ပစ်ခတ်ရန် အခွင့်အရေးပင် မရလိုက်ကြပေ။ ရစ်ချတ်၏ အမ် ၃ စက်သေနတ်မှ ကျည်ဆန်များ

www.burmeseclassic.com



ဒလဟောထွက်လာပြီး အရှာသစ်ဂိုဏ်းသားတွေ အတုံးအရုံး ထိမှန်ကျဆုံးကြကုန်လေသည်။

ရှေ့ဆုံးမှ ပြေးလာသူ သုံးယောက်ဆိုလျှင် သူတို့၏ ကိုယ်အပြည့်နီးပါး စက်သေနတ်ကျည်ဆန်များ ထိမှန်ကာ ဘာဖြစ်မှန်းပင် သိလိုက်ကြဟန်မတူဘဲ စက္ကန့်ပိုင်းအတွင်း အသက်ပျောက်သွားကြသည်။

စတုတ္ထလူက ရစ်ချတ်အား လှမ်းပစ်မည် ပြုသော်လည်း သူ၏ လှုပ်ရှားမှုက မလျင်မြန်သဖြင့် ရစ်ချတ်က လက်ဦးကာ ရင်ဘတ်နှင့် ဝမ်းဗိုက်တွင် စက်သေနတ်ကျည်ဆန်တွေ အဆက်မပြတ် ထိမှန်ပြီးနောက် ပြန်လဲကျလျက် ငြိမ်သက်သွားတော့သည်။

နောက်ထပ် ရန်သူဂိုဏ်းသားနှစ်ဦးက စက်သေနတ်ကို ကိုင်လျက် ပြေးလာပြန်ရာ ရစ်ချတ်က သူ့အမ် ၃ စက်သေနတ်ဖြင့် လျင်မြန်စွာ ပစ်လိုက်သည်။

တစ်ယောက်က မျက်နှာတည့်တည့်ကို ကျည်ဆန် ထိမှန်ပြီး နောက်တစ်ယောက်ကလည်း ရင်ဘတ်တွင် စက်သေနတ်ကျည်ဆန်ထိမှန်သဖြင့် နှစ်ဦးစလုံး သင်္ဘောကုန်းပတ်၏ သံတန်းများပေါ် လဲကျရင်း အရှိန်လွန်ကာ ရေထဲသို့ ဖောက်ထိုးကျသွားကြလေသည်။

အာစတာရှေ့စ်သင်္ဘောပေါ်ရှိ အရှာသစ်ဂိုဏ်းသားများအဖို့ တစ်ယောက်ပြီးတစ်ယောက် သေပွဲဝင်ကြရသည့်နေ့ဟုပင် ဆိုနိုင်ပေသည်။

"ဟာ... သေမင်းတမန်ဆိုတဲ့ ရစ်ချတ်က ဒီသင်္ဘောပေါ် ရောက်နေပါလား"

ဂျာမန်သံဝဲဝဲဖြင့် အင်္ဂလိပ်လိုပြောသံကို ရစ်ချတ်က မလှမ်းမကမ်းမှ ကြားလိုက်ရသဖြင့် နောက်ထပ်ရန်သူဂိုဏ်းသား ရှိသေးကြောင်း သိရကာ သူ၏ စက်သေနတ်ကို ကျည်ဆန်လည်းထိုး အသစ်လဲ၍ မျက်ခြည်မပြတ် စောင့်ကြည့်နေလေသည်။

ထိုအခိုက် သင်္ဘောကုန်းပတ် ဦးပိုင်းသို့ ရန်သူဂိုဏ်းသားနှစ်ဦး ရောက်လာပြန်သည်။ ထိုနှစ်ယောက်က လှမ်းပစ်ရန် ဟန်ပြင်နေစဉ်မှာပင် ရစ်ချတ်က စက်သေနတ်ဖြင့် ဦးအောင်ပစ်လိုက်သည်။

နှစ်ဦးစလုံး ထိမှန်လဲကျချိန်မှာပင် ရစ်ချတ်သည် သင်္ဘော၏ဝမ်းအတွင်း လူသံသူသံကြားနေရသည့် အောက်ဆီသို့ လက်ပစ်ဗုံးနှစ်လုံး ပစ်လိုက်လေသည်။ ကျယ်လောင်စွာ ပေါက်ကွဲသံနှင့်အတူ သေခါနီး ထိတ်လန့်တကြား ဟစ်အော်လိုက်သော ရန်သူဂိုဏ်းသားများ၏ အသံကို ကြားလိုက်ရသည်။



ရန်သူတွေက သေမင်းတမန်ဟု အမည်ပေးခြင်းခံရသူ ရစ်ချတ်သည် သူ စိတ်ကူးအကွက်ချခဲ့သည့်အတိုင်း ရန်သူဂိုဏ်းသားများအား တရကြမ်း ထိုးစစ်ဆင် တိုက်ခိုက်နေပြီ ဖြစ်သည်။

မိမိတို့ သင်္ဘောရှိရာသို့ လှမ်းကြည့်လိုက်သောအခါ လုံးလီးလေဒီသည် ရန်သူသင်္ဘောမှ ကိုက်တစ်ရာကျော်ခန့် ကွာဝေးသော ပင်လယ်ပြင်တွင် အာစတာရှေ့စ်သင်္ဘောမှ အမြောက်ကျည်ဆန်များကို တိမ်းရှောင်ရင်း လှည့်ပတ်ကွေ့မောင်းလျက် ရှိကြောင်း တွေ့ရလေသည်။

ရစ်ချတ်သည် သင်္ဘော၏ ကယ်ဘင်အခန်းတံခါး၏ တံခါးဝမှ ခြောက်ပေခန့်သာကွာသောနေရာသို့ ရောက်နေစဉ် အရှာသစ်ဂိုဏ်းသားနှစ်ဦး သင်္ဘော၏အောက်ထပ်မှ တက်လာပြန်သည်။ ထိုလူနှစ်ယောက်သည် ကုန်းပတ်ပေါ်တွင် ရပ်နေသူ ရစ်ချတ်ကို မြင်လျှင် အကြီးအကျယ် အံ့အားသင့်ဟန်ဖြင့် ပါးစပ်အပြီး ငေးကြည့်နေမိကြလေသည်။

သူတို့ ငေးကြည့်နေစဉ်မှာပင် ရစ်ချတ်က နှစ်လုံးစလုံးအား အမ် ၃ စက်သေနတ်ဖြင့် ပစ်ချလိုက်လေသည်။ ရစ်ချတ်သည် ကယ်ဘင် အခန်းတံခါးကို ဆွဲဖွင့်၍ ဝင်ကြည့်လိုက်ရာ ရေဒီယိုစက်ခန်းဖြစ်နေကြောင်း တွေ့ရလေသည်။

အခန်းထဲတွင် လူမရှိသော်လည်း ရစ်ချတ် ဝင်မိသည့် အချိန်၌ ရန်သူဂိုဏ်းသားသုံးဦး အခန်းပြင်ဘက်သို့ ရောက်လာကြသည်။

သုံးဦးအနက် အရပ်ရှည်ရှည်နှင့် လူက အော်စတင် အမျိုးအစား စက်သေနတ်ကို ကိုင်ထားပြီး ကျန်လူနှစ်ဦးက ဘရောင်းနင်း ပစ္စတိုလ်သေနတ်ကိုယ်စီ ကိုင်ထားကြသည်။

"ဟေ့... ဒီကောင့်ကို အသေသတ်ပစ်ကြကွ"

အရပ်မြင့်မြင့်လူက ပြောရင်း စတင်ပစ်ခတ်ချိန်တွင် ကျန်လူနှစ်ယောက်ကပါ ပစ္စတိုလ်သေနတ်များဖြင့် လှမ်းပစ်ခတ်ကြလေသည်။

ကျည်ဆန်နှစ်တောင့်သည် ရစ်ချတ်၏ ဦးခေါင်းမှ နှစ်လက်မခန့်ကွာလျက် ဖြတ်ထွက်သွားသော်လည်း ရန်သူဂိုဏ်းသားများက သေနတ်ပစ် လက်ဖြောင့်သမားများ မဟုတ်ကြောင်း ထင်ရှားနေသည်။

စက်သေနတ်ကိုင် အရပ်ရှည်ရှည်လူဆိုလျှင် ရစ်ချတ်၏ ဘေးတွင်ရှိသော ဝိုင်ယာလက်စက်ကိုသာ ထိမှန်အောင် ပစ်နိုင်သဖြင့် ရေဒီယိုသာ ပျက်စီးသွားလေသည်။ ရစ်ချတ်က ပြန်လည်ပစ်ခတ်လိုက်သော စက်သေနတ် ကျည်ဆန်များကမူ ရန်သူသုံးဦးစလုံးကို တည့်တည့်မတ်မတ် ထိမှန်ကာ အရုပ်ကြိုးပြတ် လဲကျသေဆုံးသွားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



**ထိုအ**ချိန်၌ ရစ်ချတ်၏စိတ်ထဲတွင် ကျန်လူများသည် နောက်လိုက် **ငယ်**သားများသာ ဖြစ်၍ သူတို့၏ အကြီးအကဲ အဓိက ခေါင်းဆောင်ဖြစ်သူ **ဘီလုံ့**နာဝင်စတန်ကို အသေရရ အရှင်ရရမိမှသာလျှင် ကိစ္စအေးမည်ဟု တွက်မိလေသည်။

အာစတာရှေ့စ်သင်္ဘော၏ အင်ဂျင်စက်များက မှန်မှန်ခုတ်မောင်းလျက်ပင် ရှိသေး၍ စက်ခန်းထဲ၌ တာဝန်ကျနေသူ စက်သမားများ ရှိနေသေးကြောင်း ထင်ရှားလေသည်။

ထိုအခိုက်မှာပင် သင်္ဘောကုန်းပတ်ပေါ်သို့ တက်သည့် လှေကားအောက်ဆီမှ ဂျပန်အမျိုးသားတစ်ဦး တက်လာပြီး အတုံးအရုံး ကျဆုံးနေသော သူတို့အဖွဲ့သားများကို မြင်လျှင် အံ့အားသင့် တုန်လှုပ်ဟန်ဖြင့် "ဟာ... အကုန်လုံး သေကုန်ပါပကော" ဟု ရေရွတ်လိုက်သည်။

ယင်းသည်ပင်လျှင် ဂျပန်အမျိုးသားအနေဖြင့် လူ့ဘဝတွင် နောက်ဆုံးစကားပြောလိုက်ခြင်းပင် ဖြစ်သွားတော့သည်။ အကြောင်းမူကား ရစ်ချတ်က လျင်မြန်စွာ ပစ်လိုက်သော အမ် ၃ စက် သေနတ်ကျည်ဆန်များက ထိုလူ၏ မျက်နှာတည့်တည့်ကို ထိမှန်ကာ နောက်ပြန်လဲကျရင်း အသက်ပျောက်သွားသောကြောင့်ပင်တည်း။

သင်္ဘော၏ မာလိန်မှူးရှိရာ အခန်းတွင် လူများရှိနေကြောင်း သတိပြုမိသဖြင့် ရစ်ချတ်သည် သူ၏ စစ်ဆင်ရေးနည်းကို တစ်မျိုးတီထွင်ရပြန်လေသည်။

သူ၏ ကင်းဗတ်အိတ်ထဲတွင်ရှိသော လက်ပစ်ဗုံးနှစ်လုံးကို ထုတ်ယူလိုက်သည်။ ယင်းလက်ပစ်ဗုံးနှစ်လုံးမှာ သူကိုယ်တိုင် လုံးလီးလေဒီသင်္ဘောပေါ်တွင်ရှိစဉ် အထူးစီမံဖန်တီးခဲ့သော လက်နက်များ ဖြစ်သည်။ ရိုးရိုးလက်ပစ်ဗုံးများသည် ဖောက်ခွဲလိုက်ချိန်တွင် သံတိုသံစ ဗုံးဆန်များ ပြန့်ကျဲထွက်ကာ နီးရာလူကို ထိမှန်စေတတ်သည်။ ယခု လက်ပစ်ဗုံးနှစ်လုံးကမူ ယမ်းအားဖြင့် အသံကျယ်မြည်ပြီး ပေါက်ကွဲသော်လည်း သံတိုသံစများ လွင့်ထွက်မလာအောင် ရစ်ချတ်က ပြုပြင်စီမံထားလေသည်။

တစ်နည်းအားဖြင့် ယင်းလက်ပစ်ဗုံးများသည် ရန်သူအား ထိခိုက်ခြင်း မရှိစေဘဲ ခြောက်လှန့်ရုံလှန့်ရာတွင် အသုံးပြုရမည့် လက်နက်မျိုး ဖြစ်သည်။ ရစ်ချတ်သည် ထိုလက်ပစ်ဗုံးနှစ်လုံးကို သင်္ဘောမာလိန်မှူးနေရာဆီသို့ လှမ်းပစ်လိုက်လေသည်။

"ဟာ လက်ပစ်ဗုံးတွေဗျို့၊ လက်ပစ်ဗုံးတွေ"



ထိတ်လန့်တကြား ဟစ်အော်သံကြားလိုက်ရပြီးနောက် "ဟော့ ကောက်ယူပြီး ပြင်ဘက် ပစ်ထုတ်လိုက်" ဟု တစ်စုံတစ်ယောက်က အမိန့်ပေးလိုက်သည်။

တစ်ချိန်တည်းမှာပင် ဂျပန်ဘာသာဖြင့် ဆဲရေးတိုင်းထွာသံကိုလည်း ကြားရလေသည်။

လက်ပစ်ဗုံးများကြောင့် ရန်သူဂိုဏ်းသားများ အံ့အားသင့် တုန်လှုပ်နေကြချိန်မှာပင် ရစ်ချတ်သည် သင်္ဘောမာလိန်မှူး၏နေရာ အပေါ်ထပ်သို့ တက်သည့် လှေကားခုနစ်ထပ်ကို လျင်မြန်စွာ ပြေးတက်လိုက်သည်။

တစ်ချိန်တည်းမှာပင် သူ၏လက်မှ အမ် ၃ စက်သေနတ်ဖြင့် အဆက်မပြတ် ပစ်ရင်း တက်သွားလေသည်။

ထိုအခိုက်မှာပင် ရစ်ချတ် ပစ်လိုက်သော လက်ပစ်ဗုံးတစ်လုံးက ကျယ်လောင်စွာ မြည်ဟည်းလျက် ပေါက်ကွဲလေရာ ဗုံးဆန်များ ပေါက်ထွက်ထိခိုက်ခြင်း မရှိသော်လည်း ရန်သူဘက်သားများအနေဖြင့် ထိတ်လန့်တကြား ဖြစ်သွားကြကုန်သည်။ တုန်လှုပ်ချောက်ချားသွားကြကုန်သည်။

အင်ဒိုနီးရှားလူမျိုး ဒုတိယအရာရှိ ဆန်ဟီသည် လက်ပစ်ဗုံးပေါက်ကွဲချိန်တွင် မျက်နှာကို လက်ဝါးဖြင့် အုပ်လျက် အခန်းနံရံဘက်သို့ လှည့်နေရာ ဗုံးကွဲပြီးနောက် သူ၏ကိုယ်တွင် မည်သို့မှ ထိခိုက်ဒဏ်ရာရခြင်း မရှိသည်ကို အံ့သြနေမိလေသည်။

အာစတာရှေ့စ်သင်္ဘော၏ ပထမအရာရှိ (ဂျပန်လူမျိုး) နမာ ဆိုသူကမူ အလွန် ထိတ်လန့်တုန်လှုပ်ဟန်ဖြင့် ကြမ်းပြင်တွင် ဒူးထောက်လျက် မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော် ဖြစ်နေလေသည်။ သူ၏လက်တွင်ကား နေတိုးမဟာမိတ်စာချုပ်ဝင် တပ်ဖွဲ့များသုံးသည့် 'အေဘီ ၁၆' အမျိုးအစား မောင်းပြန်ရိုင်ဖယ်သေနတ်တစ်လက်ကို ကိုင်ထားလေသည်။

မာလိန်မှူးဖြစ်သူ ဂျာမန်အမျိုးသား ကပ္ပတိန် ဝီဒါမီယာသည် ရစ်ချတ်ပစ်လိုက်သော လက်ပစ်ဗုံးတစ်လုံးကို ကောက်ယူ၍ ရေထဲသို့ လှမ်းပစ်ချလိုက်သည်။

လက်ပစ်ဗုံးတစ်လုံး အသံကျယ်လောင်စွာဖြင့် ပေါက်ကွဲပြီး လူတွေဘာမျှ ထိခိုက်ခြင်း မရှိကြောင်း တွေ့ရလေသောအခါ၌ ဝီဒါမီယာသည် မစဉ်းစားတတ်သလို၊ နားမလည်နိုင်သလို အူကြောင်ကြောင် ဖြစ်နေသည်။

သို့သော် ချက်ချင်း အခြေအနေမှန် ရိပ်မိကာ ရစ်ချတ်က မိမိတို့အား တမင်သက်သက် ခြောက်လှန့်ခြင်းဖြစ်ကြောင်း သဘောပေါက်သွားကာ ပို၍ ဒေါသထွက်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် လေကားမှ တက်လာသူ ရစ်ချတ်ကို မြင်လိုက်သည်တွင် ကပ္ပတိန်ဝီဒါမီယာသည် စိတ်ကို မချုပ်တည်းနိုင်ဟန်ဖြင့် ဂျာမန်ဘာသာစကားဖြင့် ဆဲရေးတိုင်းထွာ ကြိမ်းမောင်းကာ သူ၏လက်မှ ပီ ၃၈ အမျိုးအစား ပစ္စတိုလ်သေနတ်ဖြင့် လှမ်းပစ်ရန် ချိန်ရွယ်လိုက်သည်။

သို့သော် သေနတ်ဖြင့် ချိန်ရွယ်ခြင်းသည်ပင်လျှင် မာလိန်မှူးဝီဒါမီယာ၏ ဘဝတွင် နောက်ဆုံး လှုပ်ရှားမှု ဖြစ်သွားတော့သည်။

သူ့ထက် ပို၍ လက်မြန်သူ ရစ်ချတ်၏ အမ် ၁၁ စက်သေနတ်မှ ကျည်ဆန်များသည် ကပ္ပတိန်ဝီဒါမီယာ၏ ခန္ဓာကိုယ်အနှံ့အပြားသို့ ထိမှန်ကာ အလွန်အမင်း အံ့သြသော ဟန်အမူအရာမျိုးဖြင့် ပါးစပ်ဟရင်း သေဆုံးသွားလေတော့သည်။

ထိုအခါ အာစတာရောစ့်သင်္ဘော၏ ပထမအရာရှိ (ဂျပန်လူမျိုး) နမာသည် သူ၏ မာလိန်မှူးကြီး ကျဆုံးသွားပုံကို မြင်ပြီး ဒေါသထွက်ထွက်နှင့် ဂျပန်လို ကျိန်ဆဲ ရေရွတ်ရင်း 'အေဘီ ၁၆' ရိုင်ဖယ်သေနတ်ဖြင့် ရစ်ချတ်အား လှမ်းပစ်လေသည်။ ယင်းလှုပ်ရှားမှုကို ကြိုတင် တွက်ထားပြီးသူ ရစ်ချတ်က ဘေးသို့ ရှောင်တိမ်းလိုက်သဖြင့် ကျည်ဆန်နှစ်တောင့် ဘေးချော်ထွက်သွားသည်။

တစ်ချိန်တည်းမှာပင် ရစ်ချတ်သည် ဘေးသို့ တိမ်းရှောင်ရင်း သူ၏ အမ် ၃ စက်သေနတ်ခလုတ်ကို ဆွဲပစ်လိုက်ရာ ဂျပန်အရာရှိ နမာသည်လည်း သူ၏ ဆရာသမား ဝီဒါမီယာနည်းတူ ပုံလျက်သား လဲကျ အသက်ပျောက်သွားတော့သည်။

ဤတွင် သင်္ဘောဒုတိယအရာရှိဖြစ်သူ ဆန်ဟီသည် ရစ်ချတ်အား တိုက်ခိုက်ရန် ပြေးလာလေသည်။ သူ၏အပြုအမူကြောင့် ရစ်ချတ်သည် ရုတ်တရက် အံ့အားသင့်ပြီး စက်သေနတ်ကို မပစ်ဘဲ ခေတ္တဆိုင်းငံ့ထားမိလေသည်။

ဆန်ဟီသည် သူ၏ခါးကြားတွင် အသင့်ရှိသော ပွိုင့် ၃၈ ခြောက်လုံးပြူးသေနတ်ကို လုံးဝ ဆွဲမယူခြင်းကပင် ထူးဆန်းနေသည်။ သို့သော် စက္ကန့်ပိုင်းအတွင်း သူ ဘာကြောင့် သေနတ်မဆွဲကြောင်းကို ရစ်ချတ်က သဘောပေါက်သွားလေသည်။

ဆန်ဟီသည် သူ၏အထက်အရာရှိနှစ်ဦးဖြစ်သော မာလိန်မှူးဝီဒါမီယာနှင့် ပထမအရာရှိ ဂျပန်လူမျိုး နမာတို့ ရှေ့ဆင့်နောက်ဆင့် ကျဆုံးသွားခြင်းကို မြင်ပြီး ပြင်းစွာ ဒေါသထွက်လာရာ ရစ်ချတ်အပေါ် ဒေါသစိတ်မွှန်နေခြင်းကြောင့် ရစ်ချတ်၏ လက်မှ စက်သေနတ်ကိုပင် ဂရုမစိုက်နိုင်တော့ချေ။

သူ၏ ခါးကြားမှ ခြောက်လုံးပြူးသေနတ်ကိုလည်း သတိမရဘဲ သူ



လေ့ကျင့် ကျွမ်းကျင်ထားသည့် 'တိုက်ကွမ်ဒို' ခေါ် အဆင့်မြင့် ကရာတေးသိုင်းပညာဖြင့် အသုံးချရန် စိတ်ကူးရမိလေသည်။ သူ၏လက်နှစ်ဖက်ဖြင့်သာ (လက်နက်မပါဘဲ) ရစ်ချတ်အား အရိုးတခြား အသားတခြားဖြစ်အောင် သတ်ပစ်ရန်သာ ဆန္ဒပြင်းပြနေခြင်း ဖြစ်လေသည်။

တကယ်တော့လည်း ဆန်ဟီကဲ့သို့ တိုက်ကွမ်ဒို သိုင်းပညာပါရဂူသည် လူတစ်ယောက်အား လက်ချည်းသက်သက်ဖြင့် အလွယ်တကူ သတ်နိုင်သည့် အစွမ်းရှိပေသည်။

တိုက်ကွမ်ဒို သိုင်းသမားများ ရန်သူအား အသေတိုက်ခါနီး ခြိမ်းခြောက်ကြုံးဝါးလေ့ရှိသည့်အတိုင်း "အိုင်း...ယီး...' ဟု ကျယ်လောင်စွာ ဟစ်အော်ကြုံးဝါးရင်း ဆန်ဒန်ချိုရှုဂီ ခေါ် တိုက်နည်းဖြင့် တိုက်ရန် ပြေးဝင်လာလေသည်။

အဆိုပါ ဆန်ဒန်ချိုရှုဂီ ခေါ် တိုက်နည်းမှာ အလွန်ကြောက်စရာကောင်းသော တိုက်ကွမ်ဒို တိုက်နည်းတစ်ခုဖြစ်ပြီး နွားသိုးတစ်ကောင်ဆိုလျှင် ရုတ်ခြည်း ဒိုင်းခနဲလဲကျ သေနိုင်လောက်အောင် ပြင်းထန် ထက်မြက်လှပေသည်။

သို့ရာတွင် ဆန်ဟီအနေဖြင့် လုံးဝမသိသော အချက်တစ်ချက် ရှိနေသည်။ ယင်းကား သေမင်းတမန်ဟု ကျော်ကြားသူ ရစ်ချတ်ကိုယ်တိုင်က အရှေ့တိုင်း ကိုယ်ခံသိုင်းပညာများကို အဆင့်မြင့်သင်တန်းများ ပြီးဆုံးသည်အထိ သင်ကြား လေ့ကျင့်ခဲ့ရုံမက 'တိုက်ကွမ်ဒို'(ကိုရီးယားသိုင်း) အပြင် နာမည်ကြီး ကွန်ဖူး (တရုတ်သိုင်းပညာ) ကိုပါ ကောင်းစွာ ကျွမ်းကျင်သူတစ်ဦး ဖြစ်သည် ဟူသော အချက်ပင်တည်း။

ရစ်ချတ်သည် ဆန်ဟီပြေးဝင်လာပုံကို မြင်ရုံနှင့် မည်သည့်သိုင်းကွက်တိုက်နည်းဖြစ်ကြောင်းကို ချက်ချင်း ရိပ်မိကာ ရှောင်ပြောင် ရယ်မောမိလေသည်။

"ကိုယ့်လူက ရုပ်ရှင်တွေ ကြည့်ပြီး ခေတ်လိုက်မင်းသား ဟန်မျိုး လုပ်ချင်တာကိုး... ဟဲ... ဟဲ"။ ပြောပြောဆိုဆို ရစ်ချတ်သည် လျှပ်တစ်ပြက်လျင်မြန်သော အဟုန်ဖြင့် လှုပ်ရှားလိုက်သည်။

တိုက်ကွမ်ဒိုသိုင်းပညာဖြင့်ပင် တိုက်ခိုက်လာသူအား မိမိကလည်း သေနတ်ဖြင့် မပစ်ဘဲ သိုင်းပညာဖြင့်ပင် တုံ့ပြန်တိုက်ခိုက်မှ ကောင်းမည်ဟု ဆုံးဖြတ်လျက် လှုပ်ရှားလိုက်ခြင်း ဖြစ်သည်။

ဆန်ဟီ ပြေးထွက်လာသည့် လမ်းကြောင်းမှ ဘေးသို့ အသာတိမ်းရှောင်လိုက်ရင်း တစ်ချိန်တည်းမှာပင် အရှေ့တိုင်း သိုင်းပညာဝေါဟာရဖြင့် အာချာ

www.burmeseclassic.com

www.burmeseclassic.com



ဂီခေါ် တိုက်နည်းကို သုံးကာ သူ၏ ခြေတစ်ဖက်ဖြင့် ဆန်ဟီ၏ ညာဘက်ရင်ဘတ်ဆီသို့ တအားပစ်ကန်လိုက်သည်။

ဤတိုက်ခိုက်နည်းမျိုးသည် ပြင်းထန်လှပြီး တစ်လက်မထုရှိသော သစ်သားပြားများပင် ကျိုးပဲ့ ကြေမွသွားစေနိုင်လေသည်။

ထို့ကြောင့်ပင် ဆန်ဟီသည် ရစ်ချတ်၏ ခြေဖျားများဖြင့် အကန်ခံလိုက်ချိန်တွင် ပြင်းစွာ နာကျင်ခြင်း ဝေဒနာကို ခံစားရကာ ခွေလဲကျသွားသည်။ သူ၏ မျက်နှာ အမူအရာကလည်း မယုံကြည်နိုင်လောက်အောင် အံ့ဩတုန်လှုပ်ဟန်ဖြင့် မျက်လုံးများ ပြူးထွက်လာသည်။

သို့သော် သူ၏ ဒေါသစိတ်က မပြေသေးသဖြင့် မခံမရပ်နိုင်အောင် နာကျင်နေသည့်ကြားမှပင် ရစ်ချတ်၏ ခြေထောက်ကို လှမ်းဆွဲရန် ကြိုးစားပါသေးသည်။

ဤသည်ကိုလည်း ရစ်ချတ်က ကြိုတင်တွက်ထားပြီး ဖြစ်၍ အသင့်ဖြစ်နေသည်။

သူ၏ တံတောင်ဆစ်ဖြင့် အင်ပီခေါ် တိုက်ကွမ်ဒိုသိုင်း တိုက်နည်းအသုံးပြုကာ ဆန်ဟီ၏ ကျောက်ကပ်ရှိရာသို့ တအားတွက်ရင်း တစ်ချိန်တည်းမှာပင် နူကီတေသိုင်းကွက်တိုက်နည်းအရ လည်ပင်းရင်းနားဆီသို့ လက်ဝါးစောင်းဖြင့် တအားခုတ်ချလိုက်သည်။

ဒုတိယအရာရှိ ဆန်ဟီအဖို့ သူ၏ နောက်ဆုံးအကြိမ် တိုက်ကွမ်ဒိုသိုင်း တိုက်ပွဲဆင်နွှဲပြီးသွားပြီ ဖြစ်သည်။ ရစ်ချတ်၏ နူကီတေလက်ဝါးစောင်းဖြင့် ခုတ်ချက်ဒဏ်ကြောင့် ကြမ်းပြင်ပေါ်သို့ လဲကျသွားချိန်တွင် တိုက်ကွမ်ဒိုသိုင်းသမား ဆန်ဟီမှာ အသက်ပျောက်သွားနေပြီ ဖြစ်သည်။

ရစ်ချတ်သည် ရန်သူသင်္ဘော၌ အရေးတကြီး လုပ်ရမည့် အလုပ်တစ်ခု ကျန်သေးကြောင်း စဉ်းစားမိလေသည်။ ယင်းကား မိမိတို့သင်္ဘော လုံးလီးလေဒီအား ဆက်လက်ပစ်ခတ်နေသည့် ဂျူရပ် ၅၈ အမြောက်ကြီးအပစ်အခတ် ရပ်သွားအောင် လုပ်ရန်ပင် ဖြစ်သည်။

အမြောက်ပစ်နေသူတို့ ညှဲ့ဖျင်းပြီး လက်မဖြောင့်၍ပဲလော၊ မိမိတို့သင်္ဘော မာလိန်မှူး ဂျက်ဆင် ရေကြောင်းပညာကျွမ်းကျင်၍ အရှောင်အတိမ်းကောင်း၍ပေလောဟု မပြောတတ်သော်လည်း ယခုအချိန်အထိ အမြောက်ကျည်ဆန်များသည် လုံးလီးလေဒီအား တစ်ချက်မျှ မထိသေးပေ။

ရစ်ချတ်သည် အမြောက်ကြီးရှိရာသို့ လျင်မြန်စွာပြေးသွားရင်း သူ၏ အမ် ၃ စက်သေနတ်ဖြင့် တရကြမ်း ပစ်ခတ်ရာ အမြောက်များရှိ လူလေးဦး



အတုံးအရုံး ကျဆုံးသွားကြလေသည်။ သို့သော် နောက်ထပ် အရံဆယ်သစ်ဝိုင်းထားပါဦး အမြောက်ပစ်ရန်အတွက် ပြေးလာပြန်သည်။

သူတို့သည်လည်း ရစ်ချတ်၏ စက်သေနတ် ကျည်ဆန်များ မိုးရွာသလို အဆက်မပြတ်ကျနေသည့်ကြားသို့ ဝင်မိကာ ထိမှန် သေဆုံးသွားကြပြန်သည်။

ထိုအခိုက် သူ၏ အမ် ၃ စက်သေနတ်ကျည်ဆန် ကုန်သွားလေသည်။

ရစ်ချတ်သည် ချက်ချင်း အကြံတစ်မျိုးရကာ ရန်သူ့ဂိုဏ်းသားတစ်ဦးလက်မှ လွတ်ကျနေသော အေဘီ ၁၆ မောင်းပြန်ရိုင်ဖယ်သေနတ်တစ်လက်ကို ကောက်ယူလိုက်သည်။ ရန်သူ၏ လက်နက်ဖြင့် ရန်သူအား ပြန်ချေမှုန်းသုတ်သင်ခြင်းသည် မကောင်းပါလော။

အေဘီ ၁၆ မောင်းပြန်ရိုင်ဖယ်သည် နေတိုးမဟာမိတ်အဖွဲ့မှ စစ်တပ်များ အသုံးပြုသည့် လက်နက်တစ်ခု ဖြစ်၍ အလွန်ထိရောက် အစွမ်းထက်လေသည်။ အာစတာရော့စ်သင်္ဘောပေါ်တွင် ရန်သူ့ဂိုဏ်းသားဦးရေ အတော်များများပါလာဟန် တူလေသည်။

အမြောက်ကြီးနားရှိ လူများ အတုံးအရုံး ကျဆုံးသွားသော်လည်း နောက်ထပ်ရန်သူဂိုဏ်းသားများ ပြေးထွက်လာကြပြန်ရာ ရစ်ချတ်လည်း အသင့်ကိုင်ထားပြီးသော အေဘီ ၁၆ မောင်းပြန်ရိုင်ဖယ်သေနတ်ဖြင့် တရကြမ်းပစ်ခတ်ရလေသည်။

ပြေးထွက်လာသူများသည် ရစ်ချတ်၏ ကျင်လည်စွာ ပစ်ခတ်လိုက်သော သေနတ်ကျည်ဆန်များ ထိမှန်ကာ တစ်ယောက်ပြီးတစ်ယောက် ကျဆုံးကုန်လေသည်။

ထိုအချိန်၌ အာစတာရော့စ်သင်္ဘော၏ ပဲ့ကိုင်စက်ဝိုင်းကို ထိန်းမောင်းမည့်သူ မရှိဘဲ ဖြစ်နေရာ ရစ်ချတ်သည် ကပျာကယာ ပြေးသွားပြီး စက်ဝိုင်းကို လက်ဝဲဘက်သို့ လျင်မြန်စွာ လှည့်လိုက်သည်။

အာစတာရော့စ် သင်္ဘောသည် ရုတ်တရက် ဘယ်ဘက်သို့ ကွေ့ရင်း ဟိမ်းစောင်းမလို ဖြစ်သွားရာ ရေဒီယိုစက်ခန်းဆီမှ ပြေးလာသူ အရုဏ်သစ်ဂိုဏ်းသားသုံးဦးသည် ယိုင်လဲကျလုမတတ် ဖြစ်သွားလေသည်။

သူတို့ကို မြင်သည်နှင့် ရစ်ချတ်က လက်ပစ်ဗုံးတစ်လုံး ယူ၍ လှမ်းပစ်လိုက်သည်။ သည်တစ်ခါတော့ မာလိန်မှူးအခန်းတွင် သုံးခဲ့သော ဓာတ်လက်ပစ်ဗုံးမျိုး မဟုတ်သဖြင့် ပြင်းစွာ မြည်ဟိန်းလျက် ပေါက်ကွဲသွားလေသည်။

လူသုံးယောက်အနက် တစ်ယောက်သည် လက်ပစ်ဗုံးဒဏ်ကြောင့် တိုက်ရိုက်ထိမှန်ပြီး ပွဲချင်းပြီး ကိစ္စချောသွားသည်။ နောက်လူတစ်ယောက်သည်လည်း

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တစ်ခြမ်းလုံး ဗုံးဆန်ထိမှန်လျက် မသေမရှင်ဖြစ်ကာ လဲကျသွားသည်။ တခြားသူတစ်ယောက်က ဗုံးပေါက်ကွဲသည့် အရှိန်ကြောင့် နောက်ပြန်လဲကျသွားရင်း ရစ်ချတ်အား တုန်လှုပ်ချောက်ချားစွာဖြင့် လှမ်းကြည့်နေလေသည်။

သူ၏လက်မှ သေနတ်ကို အသုံးပြုရန်ပင် မေ့နေသလိုဖြစ်ကာ ငေးကြောင်ကြည့်နေစဉ်မှာပင် ရစ်ချတ်၏ မောင်းပြန်ရိုင်ဖယ်သေနတ်ကျည်ဆန်များက သူ၏ ရင်ဘတ်တည့်တည့်သို့ ဝင်လာလျက် သေဆုံးသွားလေသည်။

စောစောက မသေမရှင်ဖြစ်နေသူသည်လည်း ဗုံးထိသည့်ဒဏ်နှင့်ပင် အသက်ပျောက်သွားရှာပြီ ဖြစ်သည်။ ထိုအတောအတွင်း အာစတာရော့စ်သင်္ဘောကြီးမှာ ဦးစီးမာလိန်မှူးမရှိသဖြင့် ပင်လယ်ရေပြင်တွင် သွားချင်သလိုသွားလျက် ရှိသည်။

ဘယ်ဘက်ယိမ်းလိုက်၊ ညာဘက်တိမ်းလိုက်နှင့် ကန္တာရပြင်အလယ်တွင် ရည်မှန်းချက်မရှိဘဲ ခြေဦးတည့်ရာ လျှောက်သွားနေသူတစ်ဦးကဲ့သို့ ဖြစ်နေလေသည်။

သင်္ဘောပေါ်တွင် လူသံသူသံ လုံးဝမကြားရတော့ဘဲ တိတ်ဆိတ် ငြိမ်သက်နေပြီ ဖြစ်သော်လည်း ရစ်ချတ်သည် ပို၍ စိတ်ချရစေရန် ရည်ရွယ်လျက် သူ၏ လက်ကျန် လက်ပစ်ဗုံးနှစ်လုံးကို သင်္ဘောဝမ်းဗိုက် အောက်ထပ်အတွင်းသို့ ပစ်ချဖောက်ခွဲပစ်လိုက်သည်။ ပြီးတော့မှ သူသည် ဤစစ်ဆင်ရေး၏ နောက်ဆုံးအဆင့်ကို ပြင်ဆင်လေသည်။

အသင့်ယူလာသော 'စီ ၃' အမျိုးအစား ဒိုင်းနမိုက် ယမ်းဘီလူးကိရိယာများကို ထုတ်ယူ၍ နောက် လေးမိနစ်ကြာလျှင် ပေါက်ကွဲစေရန် အချိန်ကိုက်ပြီးမှ သင်္ဘော၏အလယ်ဗဟိုတွင် သေချာစွာ တပ်ဆင်လိုက်သည်။

နောက် လေးမိနစ်တိတိကြာလျှင် ဒိုင်းစ်နမိုက် အချိန်ကိုက်ယမ်းဘီလူးသည် ပြင်းထန်စွာ ပေါက်ကွဲကာ အာစတာရော့စ်သင်္ဘောကြီးသည် ကြေမွပျက်စီးသွားရန် စီစဉ်ပြင်ဆင်ခြင်းပင် ဖြစ်သည်။

ထို့နောက် သူ၏ ကင်းဗတ်အိတ်အတွင်းမှ ပုလင်းတစ်လုံး ထုတ်လိုက်သည်။ ထိုပုလင်းမှာ ပင်လယ်ထဲ ရေကူးသည့်အခါ ငါးမန်းကြီးများ၏ အန္တရာယ်ရှိသဖြင့် ငါးမန်းများအနားသို့ မကပ်ချင်အောင် စူးရှသည့် အနံ့တစ်ခု ထွက်သော ဓာတုဗေဒဆေးတစ်မျိုး ပါရှိလေသည်။ ရစ်ချတ်သည် အဆိုပါ ငါးမန်းအန္တရာယ်ကာကွယ်သည့် ဆေးရည်ကို သူ၏ခန္ဓာကိုယ်တစ်ခုလုံး နှံ့အောင် ပက်ဖျန်းလိုက်သည်။

အစဉ်သဖြင့် သတိရှိရမည်ဟူသော ဆောင်ပုဒ်ကို လက်ကိုင်ထား



ပီပီ ရစ်ချတ်သည် သင်္ဘောပေါ်၌ ချောင်ခိုပုန်းအောင်း၍ မိမိအား ချောင်းပစ်မည့် ရန်သူဂိုဏ်းသားတစ်ယောက်တလေ ကျန်ရှိနေဦးမည်လောဟု သေချာစွာ လှည့်ပတ်ကြည့်လိုက်ပြန်သည်။

တစ်ယောက်မှ မရှိတော့ဟု ကျေနပ်တော့မှသာ သင်္ဘောကုန်းပတ်ပေါ်မှ ရေထဲသို့ ဒိုင်ဗင်ထိုးဆင်းကာ မိမိ၏ သင်္ဘောဘက်ဆီသို့ ရေကူးသွားလေသည်။

လျှင်မြန်သွက်လက်စွာ ကူးခပ်၍ ခပ်လှမ်းလှမ်းသို့ ရောက်တော့မှ နောက်သို့ ပြန်ကြည့်လိုက်ရာ အာစတာရော့စ်သင်္ဘောကြီးသည် ပင်လယ်ရေလှိုင်းများ၏ အရှိန်ဖြင့် ဘယ်ညာ လူးလိမ့်လျက်ပင် ရှိသေးကြောင်း တွေ့ရလေသည်။

အသင့်ပါလာသော ငါးမန်းရန် ကာကွယ်ရန် ဆေးရည်ပုလင်း အသစ်တစ်လုံးကို ဖွင့်၍ ရေကူးရင်းနှင့်ပင် သူ့ကိုယ်တွင် ပက်ဖျန်းသုတ်လိမ်းနေစဉ်ပင် ပြင်းထန် ကျယ်လောင်စွာသော ပေါက်ကွဲသံကို ကြားလိုက်ရလေသည်။ လေးမိနစ်ပြည့်သွားပြီဖြစ်၍ သူတပ်ဆင်ထားသော ဒိုင်းနမိုက်ယမ်းဘီလူး အချိန်ကိုက်ဗုံးများ ပေါက်ကွဲသွားပြီ ဖြစ်သည်။

သူမျှော်လင့်ထားသည့် အတိုင်းပင် အာစတာရော့စ်သင်္ဘောကြီးသည် လက်ယာဘက်သို့ တိမ်းစောင်းသွားရာမှ ပင်လယ်ရေများ ဝင်ကာ ရစ်ချတ်၏ မျက်စိအောက်မှာပင် တဖြည်းဖြည်း နစ်မြုပ်သွားလေသည်။

မကြာမီ ပင်လယ်ရေပြင်ပေါ်တွင် အရဏ်သစ်ဂိုဏ်းသားအချို့၏ အလောင်းများမှ လွဲ၍ သင်္ဘောကြီး၏ အစအန လုံးဝ မရှိတော့ချေ။

❖

ဆုံးလီးလေဒီသင်္ဘောသည် ကော်ရယ်လ်ပင်လယ်ကို ဖြတ်သန်းပြီး အပြောကျယ်လှသော ပစိဖိတ်သမုဒ္ဒရာကြီးအတွင်းသို့ ရောက်ရှိလာပြီ ဖြစ်သည်။

ယမန်နေ့က တစ်နေ့လုံးလုံး ပင်လယ်ပြင်တွင် လှိုင်းလေမရှိဘဲ သာသာယာယာ ရှိနေခဲ့သည်။ မိုးလေဝသအခြေအနေ ယခုကဲ့သို့ ဆက်လက်ကောင်းမွန်ပါက နောက်တစ်နေ့ဆိုလျှင် ဩစတြေလျနိုင်ငံ 'ဘရစ္စဘိန်း' မြို့ ဆိပ်ကမ်းသို့ မောစွာ ရောက်ရှိတော့မည် ဖြစ်သည်။

တကယ်တော့ ရာသီဥတုအခြေအနေကို အတိအကျ ခန့်မှန်း တွက်ချက်ရပေ။ အထူးသဖြင့် ပစိဖိတ်သမုဒ္ဒရာ၌ မိုးသက်မုန်တိုင်းများ မမျှော်လင့်

www.burmeseclassic.com



ဘဲ ကျရောက်တတ်ကြောင်း ရစ်ချတ်တို့ အဖွဲ့သားအားလုံး သိရှိထားပြီး ဖြစ်သည်။

သို့ဖြစ်လင့်ကစား မာလိန်မှူး ဂျက်ဆင်က စိုးရိမ်စရာ မရှိကြောင်းနှင့် သူ၏သင်္ဘော လုံးလီးလေဒီသည် ပင်လယ်ပြင်၌ ကျရောက်တတ်သော မုန်တိုင်းဒဏ်ကို ကောင်းစွာ ခံနိုင်ရည်ရှိကြောင်း ပြောလေသည်။

ရစ်ချတ်က ဂျက်ဆင်၏စကားကို ယုံကြည်ပြီး စိုးရိမ်ခြင်း မရှိတော့သော်လည်း ကျန်လူများကမူ အားတက်ကြပုံ မရချေ။

မည်သူကမှ ပါးစပ်က ဖွင့်မပြောသော်လည်း စိတ်ထဲမှ ပစိဖိတ်သမုဒ္ဒရာကြီး၏ မုန်တိုင်းထန်ခြင်းအန္တရာယ်ကို တွေးပြီး စိုးရိမ်နေကြလေသည်။

လတ်တလော ပင်လယ်ရေပြင် ဖြတ်သန်းတိုက်ခတ်နေသော လေပြင်းများကြောင့် တကယ့်လေပြင်းမုန်တိုင်းကြီး ကျရောက်လာပါက မိမိတို့ သင်္ဘောငယ်သည် မုန်တိုင်းဒဏ်ကို ခံနိုင်ပါမည်လောဟု သံသယဖြစ်နေကြသည်။

အရေးထဲ အမေရိကန်ရှိ စီအိုင်အေ ဌာနချုပ်မှ ပေးပို့သော ဝိုင်ယာလက်သတင်းတစ်ခုကလည်း သူတို့အား ပို၍ပင် စိတ်ဓာတ်ကျစေလေသည်။

ထိုသတင်းကား စပိန်ပြည်၏ ထိပ်သီးနိုင်ငံရေးခေါင်းဆောင်တစ်ဦးအား 'အရဏ်သစ်' ဂိုဏ်းသားများ လုပ်ကြံသတ်ဖြတ်လိုက်သည် ဟူ၍ပင် ဖြစ်သတည်း။

■

## အခန်း (၁၀)

ရစ်ချတ်သည် စစ်အတွင်းက ဩစတြေလျတပ်သားများ ဝတ်ဆင်လေ့ ရှိသည့် ကာကီရောင် ယူနီဖောင်းကို ဝတ်ဆင်လျက် 'ဂလုပ်မာစတာ' အမျိုးအစား ကုန်တင်လေယာဉ်မှ ပစ္စည်းများ သယ်ချနေသည်ကို အသာရပ်ကြည့်နေလေသည်။

သူတို့၏ လေယာဉ်ဆင်းသက်ခဲ့သော လေယာဉ်ကွင်းမှာ ဘီလျံနာသူဌေးကြီး ဝင်စတန်၏ အခြေစိုက်စခန်းရှိရာ သိုးမွေးမြူရေးခြံကြီးနှင့် ၅၈ မိုင်ခန့် ကွာဝေးသဖြင့် ထိုထက် ပို၍ နီးနီးကပ်ကပ် ဆင်းနိုင်လျှင် ကောင်းလေစွဟု တွေးနေမိလေသည်။ သို့ရာတွင် ထိုထက်ပို၍ နီးသော လေယာဉ်ကွင်းမရှိသဖြင့် ဤနေရာတွင်ပင် ဆင်းခဲ့ရခြင်း ဖြစ်သည်။

ကုန်တင်လေယာဉ် ဂလုပ်မာစတာ၏ လေယာဉ်မှူးသည် အထူးကျွမ်းကျင်သူဖြစ်သည့်အလျောက် ကုန်အပြည့်ပါလာသော လေယာဉ်ကို လေယာဉ်ပြေးလမ်းကြောင်းပေါ်သို့ ညင်သာစွာ မောင်းဆင်းနိုင်ခဲ့ပေသည်။



လေယာဉ်ကြီး ရပ်တန့်သွားသည်နှင့် ဝမ်းဗိုက်နောက်ပိုင်းတွင် တင်လာခဲ့သော ဟာမ်ဗလာအမျိုးအစား (အားမတ်) သံချပ်ကာကားကို မြေပြင်ပေါ်သို့ မောင်းချလိုက်ကြသည်။

သူတို့ ဆက်လုပ်ရမည့် နောက်ခြေလှမ်းကတော့ ဘီလျံနာကြီး၏ သိုးမွေးမြူရေးခြံသို့ အမြန်ဆုံးရောက်အောင် ဆက်သွားကြရန်ပင် ဖြစ်သည်။

ထို့နောက် အေဒင်ဥယျာဉ်သစ်ဟု ခေါ်သော ဘီလျံနာကြီး၏ အခြေစိုက်စခန်းကို ဖျက်ဆီးချေမှုန်းရန် ဖြစ်သည်။ ဖြစ်နိုင်လျှင် ဘီလျံနာဝင်စတန်အား အရှင်မိအောင် ဖမ်းယူကြမည်။ ဤကား ရစ်ချတ်ခေါင်းဆောင်သော စစ်ဆင်ရေးအဖွဲ့၏ ရည်မှန်းချက်ပင်တည်း။

လေယာဉ်ကွင်းမှ သိုးမွေးမြူရေးခြံသို့ သွားရာလမ်းမှာ ကတ္တရာလမ်းမဟုတ်ဘဲ မြေနီလမ်း ခပ်ကြမ်းကြမ်းဖြစ်၍ ရာသီဥတုက အပူရှိန်ဒီဂရီ ၁၀၀ ခန့် ရှိ၍ ပူပြင်းအိုက်စပ်လှသည့်အထဲ တစ်လမ်းလုံး ဖုန်တထောင်းထောင်းထလျက်နှင့်ပင် သွားကြရလေသည်။

နေရာဒေသကား ဩစတြေလျနိုင်ငံ၏ ကွင်းစ်လန်ပြည်နယ် ကျေးလက်ဒေသဆိုသော်လည်း လူနေအိမ်ခြေ သို့မဟုတ် မြို့ရွာများ လုံးလုံးမရှိသလောက် ခေါင်သောနေရာ ဖြစ်လေသည်။

သူတို့ရောက်ရှိနေသည့် နေရာမှာ ကွင်းစ်လန်ပြည်နယ်အရှေ့မြောက်ဒေသဖြစ်လေသည်။ လမ်းတစ်လျှောက်တွင်ကား ပေ ၁၈၀ ခန့်မြင့်သည့် 'ကင်းကာရီ' ခေါ် သစ်ပင်ကြီးများအချို့ကို ရံဖန်ရံခါ တွေ့ရလေသည်။

ရစ်ချတ်တို့၏ သံချပ်ကာ (အားမတ်) ကားကြီးမှာ အသွင်သဏ္ဌာန်အားဖြင့် ဧရာမ ဝမ်းဘဲကြီးတစ်ကောင်နှင့် တူနေလေသည်။ ရစ်ချတ်သည် သံချပ်ကာကားပေါ် ထိုင်လိုက်ရင်း လွန်ခဲ့သော ရက်အနည်းငယ်အတွင်းက ဖြစ်ရပ်များကို ပြန်ပြောင်းစဉ်းစားနေမိလေသည်။

မိမိတို့ သင်္ဘောလုံးလီးလေဒီသည် မူလ ရည်မှန်းထားသည့် အချိန်ထက် ငါးနာရီသာ နောက်ကျ၍ ဩစတြေလျနိုင်ငံ ဘရစ္စဘိန်းမြို့ ဆိပ်ကမ်းသို့ ဆိုက်ကပ်ရောက်ရှိခဲ့သဖြင့် သိပ်မဆိုးလှဟု ဆိုရပေမည်။

ဘရစ္စဘိန်းမြို့သည် ဧရိယာအကျယ်အဝန်းအားဖြင့် နယူးယောက်မြို့ထက် များစွာ ပိုကျယ်ဝန်းသော်လည်း လူဦးရေက ရှစ်သိန်းသာရှိသဖြင့် ကမ္ဘာ

www.burmeseclassic.com

www.burmeseclassic.com



မြို့ကြီးများနှင့် နှိုင်းယှဉ်သော်လည်း လူဦးရေနည်းသော မြို့တစ်မြို့ ဖြစ်နေပေသည်။

ရစ်ချတ်သည် ဘရစ္စဘိန်းမြို့သို့ ယခင်ကလည်း ရောက်ခဲ့ဖူးရာ ယခု တစ်ဖန်ပြန်ရောက်လာသောအခါ၌ မြို့၏အခြေအနေက ထူးထူးခြားခြား ပြောင်းလဲခြင်းမရှိ။ ယခင်အတိုင်းလိုပင် ရှိနေကြောင်း သတိပြုမိလေသည်။ မြို့လယ်ရှိ ဈေးဆိုင်ကနားများ၊ ကုန်ပဒေသာတိုက်များနှင့် မြို့သူမြို့သားတို့၏ ဝတ်စားဆင်ယင်ပုံ၊ သွားလာလှုပ်ရှားမှုကအစ ပြောင်းလဲမှု မရှိဘဲ ယခင်က ပုံစံအတိုင်းပင် ဖြစ်နေပေသည်။

မိမိတို့သည် သင်္ဘောဆိုက်ကပ်ပြီး နှစ်နာရီခန့်ကြာလျှင်ပင် ရစ်ချတ်နှင့် သူ၏ အဖော်ငါးဦးတို့သည် သြစတြေလျအစိုးရ၏ အထူးကိုယ်စားလှယ်နှစ်ဦးနှင့် တွေ့ဆုံ ဆွေးနွေးခဲ့ရသည်။ ယင်းဆွေးနွေးပွဲတွင် ရစ်ချတ်တို့၏ စစ်ဆင်ရေးတွင် လိုက်ပါမည့် သြစတြေလျ ကွန်မန်ဒိုတပ်ဖွဲ့၏ ခေါင်းဆောင် (ထောက်လှမ်းရေးအရာရှိ) 'ဟက်တာ' ဆိုသူလည်း ရှိနေလေသည်။

သြစတြေလျ အစိုးရအနေဖြင့် ပူးပေါင်းကူညီရန် ကွန်မန်ဒို (အထူးတိုက်ခိုက်ရေး) တပ်သားဆယ်ဦးသာ ပေးမည်ဟု သိခဲ့ရသော်လည်း ယခုတော့ ကွန်မန်ဒိုတပ်သားနှစ်ဆယ်ပေးမည်ဟု သိရလေသည်။

ထောက်လှမ်းရေးအရာရှိ ဟက်တာက ကွန်မန်ဒိုတပ်သား ဆယ်ယောက်အစား နှစ်ဆယ်ရရှိအောင် သူကိုယ်တိုင် အရေးဆို၍ စီစဉ်ခဲ့ကြောင်း ပြောပြလေသည်။

"ကျုပ် ကင်ဘာရာမြို့တော်က အာဏာပိုင်တွေကို သဘောပေါက်အောင် မနည်း ပြောယူရတယ်ဗျ။ တပ်သားအနည်းဆုံး နှစ်ဆယ်လောက်မှ မရရင် ဘီလျံနာဝင်စတန်ရဲ့စခန်းကို တိုက်ခိုက်ချေမှုန်းလို့ မဖြစ်နိုင်ဘူးလို့ အကြောက်အကန်ပြောတော့မှ သူတို့က ခွင့်ပြုခဲ့တယ်"

ဟက်တာဆိုသူကား တစ်ချိန်က ဗြိတိသျှ စစ်ဗိုလ်ကြီးများ ထားလေ့ရှိသည့် နှုတ်ခမ်းမွေးကားကားနှင့် ဖြစ်ပြီး ဘီယာအလွန်ကြိုက်တတ်သူဖြစ်သည်။

စစ်မြေပြင် တိုက်ခိုက်မှု အတွေ့အကြုံရှိသူ တပ်မှူးကောင်းတစ်ယောက် ဖြစ်၍ သြစတြေလျအစိုးရက ကွန်မန်ဒို တပ်ဖွဲ့ကို ဦးစီးကွပ်ကဲရန် ဟက်တာအား ရွေးချယ်စေလွှတ်ခဲ့ခြင်း ဖြစ်သည်။

'ဟမ်ဗလာ' အမျိုးအစား သံချပ်ကာ (အားမတ်)ကို သြစတြေလျ ကွန်မန်ဒိုတပ်သားတစ်ဦးက မောင်းနှင်လေသည်။

ရုရှစုံထောက် တေချော့ဗ်စကီးသည် လေယာဉ်ပေါ်မှ ဆင်းပြီးကာမှ



ဂလုပ်မာစတာ ကုန်တင်လေယာဉ်ကြီးကို သေချာစေ့စပ်စွာ အကဲခတ် လေ့လာနေသည်။ သူ့အနေဖြင့် တစ်နေ့ မော်စကိုမြို့သို့ (အသက်မသေဘဲ) ပြန်ရောက်သည် ရှိသော် အနောက်အုပ်စုနိုင်ငံများ၏ စစ်လက်နက်ပစ္စည်းကိရိယာများ အကြောင်း ပြန်လည် အစီရင်ခံရန် လေ့လာနေဟန်တူလေသည်။ ရစ်ချတ်ကိုယ်တိုင်ကမူ မိမိတို့ စီးနင်းလိုက်ပါရမည့် ဟမ်ဗလာသံချပ်ကာကားကို အကဲခတ် ကြည့်နေမိသည်။

ဘီလျံနာဝင်စတန်၏ စခန်းကို ဝင်တိုက်ရန်အတွက် ဤအားမတ်ကားသည် သင့်တော်ကိုက်ညီမည့်ယာဉ် ဟူ၍ အကဲဖြတ်လိုက်မိသည်။ ကုန်တင်လေယာဉ်ကြီးပေါ်မှ မောင်းချလိုက်သော ဟမ်ဗလာ သံချပ်ကာကား၏ နောက်မှ စစ်တပ်သုံး ဂျစ်ကားလေးစီးပါ တစ်စီးပြီးတစ်စီး ထွက်လာလေသည်။ ဂျစ်ကားလေးစီးအနက် တစ်စီးတွင် ၁၅၀ မီလီမီတာ အမျိုးအစား စက်သေနတ်တစ်လက်လည်း တပ်ဆင်ထားလေသည်။

ဂလုပ်မာစတာ လေယာဉ်ကြီးပေါ်မှ နောက်ဆုံးမောင်းချလာသော ယာဉ်ကား သံချပ်ကာ (အားမတ်) ကားအငယ်တစ်စီး ဖြစ်သည်။

ယင်းကားငယ်မှာ မိမိအဖွဲ့ ရန်သူစခန်းသို့ ချီတက်ရာတွင် ရှေ့ဆုံးမှ ကင်းထောက်အဖြစ် မောင်းသွားရမည့်ကားပင် ဖြစ်သည်။ ထိုကားပေါ်တွင် ၄၀ မီလီမီတာဘော်ဖာ အမျိုးအစား မောင်းပြန်စက်သေနတ်တစ်လက် တပ်ဆင်ထားသည်။

သြစတြေလျ ကွန်မန်ဒို (အထူးတိုက်ခိုက်ရေး) တပ်သားများသည် ကိုယ်စီကိုယ်င စစ်မြေပြင်သုံး ပစ္စည်းအသုံးအဆောင်များ ဖြစ်သော ရေဘူး၊ လက်ပစ်ဗုံး၊ မျက်ရည်ယိုဗုံး၊ မီးခိုးမှိုင်းဖြစ်စေသော ဗုံးနှင့် ကျည်ဆန်ခဲယမ်းအပိုများ အပြည့်အစုံ ကိုင်ဆောင်ထားကြလေသည်။

သူတို့အဖွဲ့တွင် အခြားအပိုပစ္စည်းများလည်း ပါရှိလေသည်။ စားနပ်ရိက္ခာ ရာရှင်ဘူးများ၊ ဘာနီ အမျိုးအစား မောင်းပြန် (အော်တိုမက်တစ်) ရိုင်ဖယ်သေနတ်သုံးလက် အပါအဝင် လက်နက်အပိုများအပြင် ကွန်မန်ဒိုတပ်သားများ သယ်ယူလာသော ထင်းရှူးသေတ္တာကြီး သုံးလုံးကိုပါ ရစ်ချတ်က သတိပြုမိလေသည်။

သေတ္တာကြီးများကို ဆေးအစိမ်းရောင်သုတ်ထားပြီး အင်္ဂလိပ်စာလုံး 'အီတစ်-ဒီ-အမ်'ဟု စာလုံးကြီးများဖြင့် ထင်ရှားစွာ ရေးမှတ်ထားသည်။

ယင်းအမှတ်အသား သင်္ကေတကို မြင်ရုံနှင့် သေတ္တာများအတွင်း၌ ရစ်ချတ်အလိုရှိသော ဒိုင်ဖင်စလိုရိုဆင်း ခေါ် ဓာတ်ငွေ့တစ်မျိုးပါသည့် ဓာတ်

www.burmeseclassic.com

www.burmeseclassic.com



ငွေ့ဖုံးများဖြစ်ကြောင်း သိရလေသည်။ အဆိပ် ဓာတ်ငွေ့ကို အနည်းငယ်မျှ ရှူရှိုက်မိသည်နှင့် လူတစ်ယောက်သည် ချက်ချင်း မူးဝေအော့အန်ရာမှ မလှုပ်မရှား နိုင်အောင် ဖြစ်သွားစေနိုင်ပေသည်။ ဓာတ်ငွေ့သုံးသည့်အခါ မိမိတို့အဖွဲ့သားများ အဖို့ အန္တရာယ်မရှိစေရန်အတွက် ဓာတ်ငွေ့ကာ မျက်နှာဖုံး (ဂက်စ်မတ်စ်) များ လည်း လုံလောက်စွာ ပါရှိလေသည်။

ရစ်ချတ်က မိမိတို့အတွက် လက်နက်ပစ္စည်းများကို ကြည့်ပြီး ကျေနပ် အားရနေချိန်မှာပင် ကွန်မန်ဒိုတပ်သားများက လေယာဉ်ကြီးပေါ်မှ တီ အင် တီ ယမ်းအား အလွန် ပြင်းထန်သော ဒိုင်းနမိုက် (ယမ်းဘီလူး) ဖောက်ခွဲသည့် ကိရိယာများကို သယ်ချလာကြပြန်သည်။

ဤယမ်းဘီလူးဖောက်ခွဲလက်နက်များဖြင့် အေဒင်ဥယျာဉ်သစ်ခေါ် ဘီလုံ နာဝင်စတန်၏ အခြေစိုက်စခန်းကြီးကို ဖောက်ခွဲ ဖျက်ဆီးပစ်ရန်ပင် ဖြစ်သည်။

ကွန်မန်ဒို တပ်ဖွဲ့ခေါင်းဆောင် ဟက်တာသည် ရစ်ချတ်ရပ်ကြည့်နေရာ သို့ လျှောက်လာပြီး ပြုံးရွှင်စွာဖြင့် “ဘယ်လိုသဘောရသလဲဗျ။ ကျုပ်တော့ အခုပါလာတဲ့ ကျုပ်တို့ရဲ့ လက်နက်ကိရိယာတွေနဲ့ဆိုရင် စစ်ဆင်ရေး အောင်မြင် ဖို့အတွက် ကောင်းကောင်းကြီးလုံလောက်ပြီလို့ ထင်မိတယ်။ အခုဆိုရင် ကျုပ် တို့အတွက်ဖို့ အဆင်သင့် ဖြစ်ပါတော့မယ်” ဟု ပြောလေသည်။

“ဟုတ်တယ်ဗျို့ လက်နက်ပစ္စည်းကတော့ လုံလောက်ပါတယ်။ အားလုံး အဆင်သင့်ဖြစ်ရင် ထွက်ကြတာပေါ့”

ရစ်ချတ်က ပြန်ပြောလိုက်လျှင် ရုရှနံ့ထောက် တေချော့ဗ်စကီးက ကွန် မန်ဒိုတပ်မှူး ဟက်တာအား လှမ်းစကားပြောပြန်သည်။

“ဒါထက် ရဲဘော်ကြီးခင်ဗျား။ ရဲဘော်ကြီးက ရိက္ခာနဲ့ ဆေးဝါးပစ္စည်း စုံစုံလင်လင်ပါဖို့ တာဝန်ယူရတဲ့ လူလို့ နားလည်မိပါတယ်။ တကယ်လို့ ကျုပ် တို့ တစ်ယောက်ယောက် မြွေကိုက်ခံရရင် မြွေဆိပ်ဖြေဆေးကော ပါခဲ့လားဗျ။ ကျုပ် ကြားဖူးဖတ်ဖူးတာက ခင်ဗျားတို့ ဩစတြေလျနိုင်ငံမှာ အလွန်ကြောက် စရာကောင်းတဲ့ ‘တိုင်ပန်’ဆိုတဲ့ မြွေဆိုးတစ်မျိုး သိပ်ပေါတယ်လို့ သိရတယ်။ ဟုတ်ပါသလား”

“ဒါအတွက် မစိုးရိမ်ပါနဲ့။ တိုက်ပန်မြွေဆိုတာ ရှိပေမယ့် အလွန်တွေ့ရခဲ ပါတယ်။ ကျုပ်ကိုယ်တိုင် တစ်ခါပဲမြင်ဖူးပါတယ်။ အလွန်ရှားပါးတဲ့ မြွေမျိုးပါ။ ဒါပေမဲ့ တိုက်ဂါးလို့ ခေါ်တဲ့ မြွေဆိုးတစ်မျိုးကိုတော့ သတိထားဖို့ လိုလိမ့် မယ်။ ဒီကောင်တွေက တခြားမြွေတွေထက် နှစ်ဆလောက်ကို အဆိပ်ပြင်းပြီး လူကို ကိုက်ရင်လည်း မယုံနိုင်လောက်အောင် လျင်မြန်တတ်တယ်”။ ဟက်တာက



ပြန်ပြောလိုက်ရာ ဗြိတိသျှထောက်လှမ်းရေးသမား ကင်ဘာသည် ထိတ်လန့် တုန်လှုပ်သွားပုံ ရလေသည်။

“ဟာ… တယ်ကြောက်စရာကောင်းတဲ့ မြွေမျိုးပါကလား”

“ဟုတ်ပါတယ်။ ဒါပေမဲ့ ဒီကောင်မျိုးက သူ့ကို သွားထိမှသာ ပြန် ကိုက်တတ်ပါတယ်။ ကိုက်ပြီဆိုရင်လည်း မသက်သာဘူး မှတ်ပေတော့။ တခြား မြွေလို ခြေသလုံးလောက် ပေါက်တာ မဟုတ်ဘူး။ လူတစ်ယောက်ရဲ့ ခါးလယ် လောက်ထိ လှမ်းပေါက်တတ်တယ်ခင်ဗျ”

ဟက်တာက ဆက်လက် ရှင်းပြကာမှ တေချော့ဗ်စကီးက ပို၍ပင် စိုးရိမ် သွားမိလေသည်။

“ဒါပေမဲ့ တကယ်လို့ မတော်တဆ အဲဒီမြွေကိုက်ခံရရင် ကုသဖို့ မြွေ ဆိပ်ဖြေဆေးတော့ ပါရဲ့မဟုတ်လား”

“ဟုတ်ကဲ့ ပါလာပါတယ်။ မစိုးရိမ်ပါနဲ့”

နောက်မိနစ်အနည်းငယ် ကြာလျှင် ရစ်ချတ် ခေါင်းဆောင်သည့် လူ ပေါင်း ၃၁ ယောက်ပါဝင်သော တိုက်ခိုက်ရေးအဖွဲ့သည် ဘီလုံနာသူဌေးကြီး ၏ စခန်းရှိရာ အနောက်မြောက်စူးစူးဆီသို့ စတင် ထွက်ခွာခဲ့ကြလေသည်။

❖

လမ်းကမကောင်းသည့်အပြင် အလွန်ကျဉ်းမြောင်းသဖြင့် ရစ်ချတ်တို့၏ သံချပ် ကာ (အာမတ်) ကားနှင့် ဂျစ်ကားလေးစီးတို့သည် ခဲခဲယဉ်းယဉ်းနှင့်ပင် ကြိုးစား မောင်းကြရလေသည်။

ရှေ့ဆုံးမှ ဂျစ်ကားကို ဟက်တာမောင်းနှင်ပြီး ရစ်ချတ်နှင့် ကြံ့ကြပ် ရေးမှူး နာသန်နီယယ်လ်တို့ စီးနင်းလိုက်ပါလာသည်။ ဒုတိယဂျစ်ကားတွင်မူ သဘော်မာလိန်မှူးဂျက်ဆင်နှင့် အင်္ဂလန်၊ ပြင်သစ်နှင့် ရုရှနိုင်ငံသားများဖြစ် ကြသော ကင်ဘာ၊ ဖီးလစ်နှင့် တေချော့ဗ်စကီးတို့ လိုက်ပါလာကြသည်။

ကွန်မိုဒို (အထူးတိုက်ခိုက်ရေး) တပ်ဖွဲ့မှူး ဟက်တာသည် တစ်နာရီ လျှင် တစ်ကြိမ်မှန်မှန် ဩစတြေလျအစိုးရမြို့တော် ကင်ဘာရာသို့ ဝိုင်ယာလက် စက်ဖြင့် ဆက်သွယ်၍ သတင်းပို့လေသည်။

ဂျစ်ကားနှစ်စီးနောက်မှ ဟမ်ဗလာ သံချပ်ကာကားလိုက်ပြီး ကျန်ဂျစ်ကား နှစ်စီးက နောက်ဆုံးမှလိုက်လျက် ခရီးဆက်ကြလေသည်။

သူတို့စစ်ကြောင်းကို ဘီလုံနာဝင်စတန်၏ အရက်သောက်ကိုက်သားများက

www.burmeseclassic.com

www.burmeseclassic.com



ယာဉ်များဖြင့်၍ ချဉ်းကပ်တိုက်ခိုက်မည့် အန္တရာယ်ရှိနိုင်မည်လောဟု စဉ်းစားကြည့်သောအခါ မရှိနိုင်ဟု ရစ်ချတ်က တွက်မိလေသည်။

ဘီလျံနာကြီး၏ အရဏ်သစ်ဂိုဏ်းသားများသည် သူတို့၏ စခန်းပြင်ဘက်သို့ ထွက်တိုက်ဝံ့မည် မဟုတ်ချေ။

တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းသက်သက် လုပ်နေပါသည်ဟု ဆိုသောမြို့ကြီးအတွင်းမှ လက်နက်ကိုင် အကြမ်းဖက်သမားများ ထွက်တိုက်သည်ဆိုသည်နှင့် ဩစတြေလျစစ်တပ်က အလုံးအရင်းနှင့် ပြန်လည်တိုက်ခိုက် ချေမှုန်းလိမ့်မည်ဟု ဉာဏ်ကြီးရှင် ဘီလျံနာဝင်စတန်က ကြိုတင် တွက်ချက်မိသည်မှာ သေချာပေသည်။

ဟမ်ဗလာ သံချပ်ကာ (အားမတ်) ကားနှင့်တကွ ဂျစ်ကားများ၏ အင်ဂျင်စက်သံသည် တောလမ်းတစ်လျှောက် အလွန်ဆူညံလျက်ရှိရာ ကင်ဂရူး (သားပိုက်ကောင်) များ အပါအဝင် တောတိရစ္ဆာန်များသည် ထိတ်လန့်တကြား ထွက်ပြေးကြကုန်လေသည်။

အဖွဲ့သားအများစုမှာ ဩစတြေလျနိုင်ငံသို့ ပထမဆုံးအကြိမ် ရောက်ဖူးသူများ ဖြစ်ကြသောကြောင့် ငှက်ကုလားအုပ် သတ္တဝါများကို အထူး စိတ်ဝင်စားနေကြလေရာ ဩစတြေလျလူမျိုး ဟက်တာက ရှင်းပြလေသည်။

“ဒီငှက်ကုလားအုပ်တွေက ပြေးတဲ့နေရာမှာ တကယ်မြန်တဲ့ အကောင်တွေဗျ။ ဒါပေမဲ့ တခြားသတ္တဝါတွေလို အကင်းမပါးဘူး။ မလျင်ဘူး။ ဉာဏ်တုံးတယ်လို့ဆိုရမယ်။ သူတို့ထွက်ပြေးနေတဲ့ လမ်းမှာ ခြံစည်းရိုးလို အကာအဆီးရှိနေရင် မရပ်ဘဲ အတင်း ဇွတ်ထိုးပြေးတတ်တဲ့ အကောင်မျိုးတွေ ဖြစ်တယ်”

ငှက်ကုလားအုပ်နှင့် ကင်ဂရူး (သားပိုက်ကောင်)များအပြင် အခြားတိရစ္ဆာန်များလည်း လမ်းတစ်လျှောက် ရံဖန်ရံခါ မြင်ရလေသည်။

ရစ်ချတ်ဦးစီးကွပ်ကဲသော ဘီလျံနာနှိမ်နင်းရေးတပ်ဖွဲ့သည် ရန်သူစခန်းသို့ မှန်မှန်ချီတက်လျက် ရှိလေပြီ။

❖

နေဝင်ဖျိုးဖျအချိန်တွင် ရစ်ချတ်က ရောက်သည့်နေရာ၌ပင် တစ်ညတာ ရပ်နားရန် ဆုံးဖြတ်လိုက်သည်။

ရပ်နားကြသောအခါ သူတို့၏ ယာဉ်များကို စက်ဝိုင်းသဏ္ဌာန် ဝိုင်း၍ ရပ်ထားပြီး အလယ်ဗဟိုတွင် ယာယီ ရွက်ဖျင်တဲတစ်လုံး ထိုး၍ နားကြလေသည်။



အမေရိကန်နိုင်ငံ ထူထောင်ခါစ အနောက်ဘက်နယ်မြေသစ်များသို့ သွားလျှင် ‘အင်ဒီယန်း’ လူရိုင်းများ တိုက်ခိုက်မည့်ရန်ကို ကာကွယ် ခုခံရန် မြင်းလှည်းများ တစ်စီးပြီး တစ်စီး ဆက်၍ စက်ဝိုင်းပုံသဏ္ဌာန် ရပ်ထားအိပ်လေ့ရှိသည့် ပုံစံမျိုးပင်တည်း။

သို့သော် သူတို့အဖွဲ့မှာ ခေတ်ဟောင်းက အမေရိကန်များနှင့် မတူသည့် အချက်ကတော့ ခေတ်ပေါ် ပစ္စည်းကိရိယာ အသုံးအဆောင်များ အပြည့်အစုံပါရှိခြင်းပင် ဖြစ်သည်။

မော်တော်ယာဉ်များ ပတ်ပတ်လည်ဝိုင်းထားသည့် နေရာ၏ အလယ်ဗဟိုတွင် ‘ရစ်ချတ်’တို့အဖွဲ့ တစ်ညတာ ရပ်နားအိပ်စက်ရန်အတွက် ရွက်ဖျင်တဲတစ်ခု အမြန်ထိုးထားလေသည်။

ထို့ပြင် ဓာတ်ဆီဖြင့် မောင်းရသော လျှပ်စစ်ဓာတ်အားပေး စက်ငယ်တစ်လုံး မောင်းထားကာ လျှပ်စစ်ဝိုင်ယာလက်ကြိုးများကို သူတို့ ရပ်နားရာစခန်းပတ်ပတ်လည်တွင် စက်ဝိုင်းသဏ္ဌာန် ချထားလိုက်သည်။

အကယ်၍ အဆိပ်ပြင်းသော မြွေဆိုးများ ချဉ်းကပ်လာပါက ဝိုင်ယာလက်ကြိုးနှင့် ထိပြီး လျှပ်စစ်ဓာတ်လိုက် သေဆုံးစေရန် စီမံထားခြင်းပင် ဖြစ်သည်။

သို့ဖြစ်လင့်ကစား မြွေကြောက်သူ ရှရှုံထောက် တေချော့ဗ်စကီးကသူတော့ ရွက်ဖျင်တဲထဲ မအိပ်ဘဲ မော်တော်ယာဉ်ပေါ်မှာသာ အိပ်မည်ဟု ကြေညာလိုက်လေသည်။ ဤတွင် ပြင်သစ်စုံထောက် ဖီးလစ်နှင့် မာလိန်မှူး ဂျက်ဆင်တို့ကပါ သူတို့လည်း တေချော့ဗ်စကီးနှင့်အတူ မော်တော်ယာဉ်ပေါ်မှာ အိပ်ရန် ဆုံးဖြတ်လိုက်သည်။

စခန်းချပြီး မကြာမီ နေဝင်သွားလေရာ စခန်းပတ်ဝန်းကျင်တစ်ခုလုံး မှောင်မိုက်သွားတော့သည်။ ဩစတြေလျနိုင်ငံ၏ အလွန်ခေါင်သော ဤဒေသမှာ လသာသည့် ညများ၌ အလင်းရောင် အသင့်အတင့်ရှိသော်လည်း ယခုညက လမိုက်သောညဖြစ်၍ လုံးဝ မှောင်မိုက်နေလေသည်။

စခန်းအတွင်း ရေနံဆီမှန်မီးအိမ်အချို့ ထွန်းညှိထားလင့်ကစား အမှောင်ထု၏ ပမာဏကို ထိရောက်စွာ ခွင်း၍ အလင်းမဆောင်နိုင်ချေ။ ရန်သူစခန်းနှင့် မနီးကပ်လှသော်လည်း ရစ်ချတ်သည် သတိဟူသည် ပိုသည်မရှိဟု ယူဆသည့်ဖြစ်သည့်အတိုင်း ကွန်မန်ဒိုတပ်သားများအား အလှည့်ကျ ကင်းစောင့်ရန် တာဝန်ပေးထားသည်။ ကင်းကျသူများသည် ညအခါကြည့်၍ မြင်နိုင်သော အထူးမှတ်မှန်များ

www.burmeseclassic.com

www.burmeseclassic.com



တပ်ဆင်ထားပြီး မောင်းပြန်သေနတ်လက်နက်များ အဆင်သင့် ကိုင်ထားကြလေသည်။

မတော်တဆ ရန်သူဂိုဏ်းသားများ ချုံခိုတိုက်ခိုက်ရန် ချဉ်းကပ်လာပါက ချက်ချင်း ပြန်လည်တုံ့ပြန်တိုက်ခိုက်နိုင်ရန် ကြိုတင် ပြင်ဆင်ထားခြင်းပင် ဖြစ်သည်။

ဩစတြေလျ ကွန်မန်ဒိုတပ်ဖွဲ့ခေါင်းဆောင် ဟက်တာကမူ "ဒီနေရာမှာတော့ ခင်ဗျားတို့ ဘာမှ စိုးရိမ်စရာမရှိပါဘူးဗျ၊ အခုလို ညကင်းတွေ ချထားမှတော့ အရဏ်သစ်ဂိုဏ်းသားတွေ ဘယ်လိုနည်းနဲ့မှ အလစ်ဝင်တိုက်လို့ မဖြစ်နိုင်တာ သေချာပါတယ်" ဟု ပြောလေသည်။

ကြီးကြပ်ရေးမှူး နာသန်နီယယ်လ်သည် ထိုနေရာ၌ တစ်ညအိပ် ရပ်နားခြင်းကို စောစောကပင် သဘောမကျချေ။ သူ၏ဆန္ဒကား လုံးဝ စခန်းချရပ်နားခြင်းမပြုဘဲ ညတွင်းချင်း ဘီလျံနာ ဝင်စတန်၏ စခန်းသို့ အရောက်ချီ၍ ဝင်တိုက်စေချင်သည့် သဘောရှိပေသည်။

"ဒီနေရာက ရန်သူစခန်းနဲ့ မိုင်နှစ်ဆယ်ပဲ အလှမ်းကွာနေမှတော့ ဘာလုပ်ဖို့ တစ်ညစောင့်နားဖို့ လိုသေးသလဲ။ အဓိပ္ပာယ်မရှိဘူး၊ ကျုပ်တို့လုပ်သင့်တာကတော့..."

သူ ဤသို့ပြော၍ မဆုံးသေးမီ ဗြိတိသျှစုံထောက် ကင်ဘာက ကြားဖြတ်လျက်...

'မိုင်နှစ်ဆယ် မဟုတ်ဘူးခင်ဗျာ။ မိုင်သုံးဆယ်ကျော်ဝေးတယ်။ မိုင်နှစ်ဆယ်ဆိုတာ ရန်သူစခန်းရဲ့ ပြင်ဘက်က ပထမ ခြံစည်းရိုးနဲ့ ဝေးတာကို ပြောတာဖြစ်တယ်။ အဲဒီ သံခြံစည်းရိုးကို ရောက်သွားတောင်မှ ဘီလျံနာအရူးကြီးရဲ့ တကယ့်စခန်းကို ရောက်ဖို့ နောက်ထပ် ဆယ်မိုင်ကျော်ကျော် သွားရလိမ့်ဦးမယ်' ဟု ဝင်ထောက်ပြလိုက်သည်။

သို့သော် နာသန်နီယယ်လ်က ယင်းအကြောင်းပြချက်ကို လက်မခံချေ။

"မိုင်သုံးဆယ်ဝေးရင်ကော ဘာဖြစ်လဲ။ ကျုပ်တို့ တောက်လျှောက်သွားတိုက်ဖို့ ပိုပြီးတောင် သင့်တယ်လို့ ဆိုရမယ်။ အခု ကျုပ်တို့ လာခဲ့တဲ့နှုန်းနဲ့ဆိုရင် သန်းခေါင်ကျော် နှစ်ချက်တီးလောက်မှာ ရန်သူစခန်းကို ရောက်သွားနိုင်တယ်။ လမိုက်နေတဲ့ညဖြစ်လို့လည်း ကျုပ်တို့အတွက် တစ်ပန်းသာတယ်။ ရန်သူက လုံးလုံးမျှော်လင့်မှာ မဟုတ်လို့ ကျုပ်တို့က အလစ်ဝင်တိုက်ရင် အောင်မြင်ဖို့ သေချာတယ်"

နာသန်နီယယ်လ်က ဤသို့ပြောသည်တွင် စောစောက ဘာမှမပြောဘဲ



အသာထိုင်နားထောင်နေသူ ရစ်ချတ်သည် မျက်နှာထားတည်တည်ဖြင့် လှမ်းကြည့်ရင်း "ဒီမယ် နာသန်နီယယ်လ် ခင်ဗျားလိုလူက ဘယ်လိုလုပ်ပြီး စီအိုင်အေ အဖွဲ့ထဲ ရောက်နေရတယ်ဆိုတာ ကျုပ်ဖြင့် စဉ်းစားလို့မရဘူး၊ ဘီလျံနာကြီး ဝင်စတန်ဟာ နောက်ဆုံးပေါ် သိပ္ပံပစ္စည်းကိရိယာ ယန္တရားတွေ မျိုးစုံကို သုံးပြီး သူ့စခန်း လုံခြုံရေးအတွက် စီစဉ်ထားရှိမယ်ဆိုတာ ခင်ဗျား စဉ်းစားမိဖို့ကောင်းတယ်။ သူရဲ့ မျှော်စင်ကြီးပေါ်မှာ အမြောက်လက်နက်တွေ ထားရှိရုံက 'ရေဒါ' စက်နဲ့တကွ ရန်သူချဉ်းကပ်လာရင် ညဘက်မြင်နိုင်ဖို့ လျှပ်စစ်ဆလိုက်မီးမောင်းကြီးတွေ၊ နောက်ပြီး ရန်သူချဉ်းကပ်လာတာနဲ့ အလိုအလျောက် အချက်ပေးတပ်လှန့်နိုးတဲ့ လျှပ်စစ်စက်ကိရိယာတွေ ရှိနေမှာ သေချာတယ်ဗျ။ ကျုပ်တို့က အဲဒါတွေ ထည့်မစဉ်းစားဘဲ ကျုပ်တို့က ညတွင်းချင်း သွားတိုက်မယ်ဆိုရင် ညအမှောင်ထုဟာ ကျုပ်တို့အတွက် အထောက်အကူပြုတဲ့ မိတ်ဆွေမဟုတ်ဘဲ ရန်သူဖြစ်သွားလိမ့်မယ်"ဟု ပြောလိုက်လေသည်။

ထိုစကားကို နာသန်နီယယ်လ်သည် မည်သို့ ပြန်လည်မချေပနိုင်သဖြင့် အောင့်သက်သက်နှင့်ပင် စခန်းချ ရပ်နားခြင်းကို သဘောတူလိုက်ရလေတော့သည်။

နောက်ထပ် အငြင်းမပွားတော့ဘဲ နာသန်နီယယ်လ်သည် ထိုင်ရာမှထ၍ ဆေးပုလင်းများထားရှိရာ သတ္တုစားပွဲငယ်ဆီသို့ လျှောက်သွားပြီး 'အာကာလ်ဆယ်လ်ဇာ' ခေါ် အစာကြေဆေးတစ်ခွက် ယူသောက်လိုက်သည်။

မာလိန်မှူးဂျက်ဆင်သည် နာသန်နီယယ်လ်၏ အပြုအမူကို ကြည့်ပြီး...

'ခင်ဗျားကလည်း ဘာကြောင့် ဒီဆေးကို ခဏခဏသောက်နေရတာလဲ၊ ဒါပါနဲ့ဆိုရင် ဒီနေ့ ခင်ဗျား ဒီဆေးသောက်တာ ငါးကြိမ်ရှိသွားပြီ။ ဒီဆေးက များများသောက်ရင် ခင်ဗျားရဲ့ ဗိုက်ကို ဒုက္ခပေးတတ်တယ်ဗျ' ဟု ပြောရာ နာသန်နီယယ်လ်က အစာကြေဆေးသောက်ရခြင်းအကြောင်းကို လက်တစ်ဖက်ဖြင့် သူ၏ ဗိုက်ကို နှိပ်ရင်း ရှင်းပြလေသည်။

"ဘာဖြစ်မှန်း မသိပါဘူးဗျာ။ ဒီနေ့ မနက်ပိုင်းက စပြီး ကျုပ်ဗိုက်မကောင်းဖြစ်နေတယ်။ ဗိုက်ထဲက နာရုံမကဘူး အောင့်ချင်အန်ချင် ဖြစ်နေတယ်"

ဤသို့ပြောလျှင် ကျန်လူများက နာသန်နီယယ်လ်အား ကရုဏာဖြစ်ဟန်ဖြင့် အသီးသီးခေါင်းညိတ်ပြကြသည်။ သို့သော် ရဲဘော် ဘေချော့ဗ်စကီးကမူ ခေါင်းမညိတ်ဘဲ ရေနံဆီမှန်အိမ်၏ မှောင်ရိပ်ထဲမှာ ရောက်နေသော သူ၏ မျက်နှာထားက ခပ်တည်တည်ဖြစ်နေသည်။

"ဒါထက် ဘီလျံနာကြီးရဲ့ စခန်းပြင်ဘက် ခြံစည်းရိုးကို ဘယ်အချိန်လောက်ရောက်မယ်လို့ ခင်ဗျားမှန်းသလဲ"

www.burmeseclassic.com

www.burmeseclassic.com



[illegible] ဘီယာသံဘူးကို ကိုင်မော့သောက်ရန် ဟန်ပြင်ရှင်း ပေးလိုက်သည်။

ထိုအချက်ကို ကွန်မန်ဒိုခေါင်းဆောင် ဟက်တာက ပြန်ဖြေမည်ပြုစဉ် ပြင်သစ်စုံထောက် ဖီးလစ်က "ကျွန်တော်ကတော့ အခိုင်အမာလုံခြုံအောင် [illegible]ထားတဲ့ ရန်သူစခန်းကို ဘယ်ပုံဘယ်နည်း တိုက်ကြမယ်ဆိုတာပဲ သိချင်လှပြီ" ဟု ကြားဖြတ် ဝင်ပြောလိုက်သည်။

ဤတွင် ဗြိတိသျှထောက်လှမ်းရေးမှ ကင်ဘာက "သူတို့ရဲ့ သံမဏိခြံစည်းရိုးကို ယမ်းဘီလူးနဲ့ ဖောက်ခွဲဖျက်လိုက်ရင်ရတာပဲ" ဟု ပြောပြီးကာမှ ဟက်တာဘက်သို့ လှည့်၍ "ဒါထက် အဲဒီခြံစည်းရိုးဆိုတာက ဘယ်နှပေလောက် မြင့်သလဲဗျ" ဟု မေးလိုက်သည်။

သည်တော့မှ ရစ်ချတ်က အဖွဲ့ခေါင်းဆောင်အဖြစ် ဝင်ပြောလေသည်။

"ခြံစည်းရိုးကို ဖောက်ခွဲပစ်ဖို့တောင် မလိုပါဘူး။ သံမဏိခြံစည်းရိုးက ရှစ်ပေလောက်ပဲ မြင့်တယ်လို့ သိရတယ်။ ကျုပ်တို့ရဲ့ သံချပ်ကာ (အားမတ်) ကားနဲ့ အတင်းဝင်တိုးမောင်းသွားရင် ရပါတယ်"

ရှရှုံစုံထောက် တေချော့ဗ်စကီးက ထပ်မံ၍ မေးပြန်ရာ ကွန်မန်ဒို ခေါင်းဆောင် ဟက်တာသည် သူတို့ရှေ့ရှိ စားပွဲပေါ်တွင် ချထားသော မြေပုံ၏နေရာကို ထောက်ပြရင်း စပြောလေသည်။

"ကိုင်း၊ ခင်ဗျားတို့ သေသေချာချာ နားထောင်ကြ။ ကျုပ်တို့ အခု ရောက်နေတာက ဟောဒီနေရာ ဖြစ်တယ်"။ ပြောရင်းနှင့် သူ၏လက်ညှိုးကို တခြားနေရာသို့ ရွှေ့ပြောင်းပြီး ထောက်ပြပြန်သည်။

"ကျုပ်တို့သွားရမယ့် နေရာကတော့ ဟောဒီမယ်။ ဟုတ်တယ် မဟုတ်လား။ ကောင်းပြီ ကျုပ်တို့ ဒီကနေပြီး မနက်အရုဏ်တက်ချိန်မှာ ထွက်ကြမယ်။ အဲဒီလို စောစောထွက်လိုက်တယ်ဆိုရင် ဆယ်နာရီလောက် ရောက်သွားမယ်"

"ဆယ်နာရီရောက်မယ် ဆိုတာ ဒီက မိုင်နှစ်ဆယ်ဝေးတဲ့ ပြင်ဘက် ခြံစည်းရိုးကို ဆိုလိုတာ မဟုတ်လား"

'ကင်ဘာ'က မေးလိုက်ရာ ကွန်မန်ဒိုခေါင်းဆောင် ဟက်တာက ခေါင်းညိတ်ပြလေသည်။

"ဟုတ်တယ်ဗျ၊ နောက်ပြီးတော့..."

သူ၏စကားမဆုံးမီ ရစ်ချတ်က ကြားဝင်ပြောလေသည်။

"အဲဒီ ပြင်ဘက်ခြံစည်းရိုး ရောက်ပြီးတဲ့နောက် ဘီလုံးနာကြီးရဲ့ တကယ့်စခန်းကို ဘယ်တော့မှ ရောက်မယ် ဆိုတာတော့ ဘယ်လိုမှ မပြောနိုင်ဘူး



မဟုတ်လား"။ ရစ်ချတ်၏စကားကို မာလိန်မှူး ဂျက်ဆင်က နားမလည်နိုင်ဘဲ အံ့သြနေမိလေသည်။

"ပြင်ဘက် ခြံစည်းရိုးက နေပြီး သူတို့ အခြေစိုက်စခန်းကို ဆယ်မိုင်ပဲ ဝေးတယ်ဆိုတော့ ဘာဖြစ်လို့ မြန်မြန်မရောက်ဘဲ ကြာစရာအကြောင်း ရှိသလဲ။ မြေပုံအရ ဆိုရင်လည်း သွားရမယ့်လမ်းက မောင်းလို့ လွယ်တဲ့ မြေပြန့်ပဲဟာ"

ဂျက်ဆင်က သူ၏ ထင်မြင်ချက်ကို ပြောလိုက်ရာ ကြီးကြပ်ရေးမှူး နာသန်နီယယ်လ်က ချက်ချင်း ဝေဖန်ပြောလေသည်။

"နေပါဦး၊ ခင်ဗျားက ကျုပ်တို့သွားရင် အရုဏ်သစ်ဂိုဏ်းသားတွေက အခမ်းအနားနဲ့ ခရီးဦးကြိုပြုနေမယ် ထင်လို့လား"

"ဒါတော့ ကျွန်တော်တို့ ဟိုရောက်မှပဲ အခြေအနေမှန်ကို သိရမှာပေါ့"

ပြင်သစ်စုံထောက် ဖီးလစ်က ဝင်ပြောလိုက်ပြီးနောက် အဖွဲ့ခေါင်းဆောင် ရစ်ချတ်က အခြေအနေကို တင်ပြလေသည်။

"ကျုပ်တို့ရဲ့ ထောက်လှမ်းရေး အဖွဲ့ဝင်တွေက ကြိုတင်လေ့လာလို့ရတဲ့ သတင်းအရ ဘီလုံးနာဝင်စတန်တို့အဖွဲ့မှာ ဗြိတိသျှလုပ် ဆာလာဒင် အမျိုးအစား သံချပ်ကာ (အားမတ်) ကားသုံးစီးတောင် ရှိသတဲ့။ အဲဒီ ဆာလာဒင် အားမတ်ကားတွေ ဆိုတာက (၁၂) တန်စီ ရှိတယ်၊ ၇၆ မီလီမီတာ အမြောက် လည်းပါတဲ့အတွက် အမြောက်ကျည်ဆန် ထိလိုက်ရင် ကျုပ်တို့ရဲ့ ဟမ်ဗလာ (အားမတ်) ကားဟာ ကြေမွသွားနိုင်တယ်"

ရစ်ချတ်က ရန်သူ၏ အင်အားကို ထောက်ပြသလို ပြောလိုက်သော်လည်း ရှရှုံစုံထောက် တေချော့ဗ်စကီးသည် စိုးရိမ်တုန်လှုပ်ပုံ မရချေ။

"ကျုပ်တို့မှာလည်း ဘော်ဇီကန် စက်အမြောက်နဲ့ ဘိုဖော်စက်သေနတ်တွေ ပါပါတယ်။ ရန်သူထက်ပိုပြီး မြန်မြန်ပစ်နိုင်တဲ့ လက်နက်ကောင်းချည်းပဲ"

သူပြောလိုက်ပုံက ရန်သူကို အထင်မကြီးဘဲ မိမိတို့အင်အားကို ဗိုဗို အားကိုးသည့်ပုံမျိုး ဖြစ်နေရာ ရစ်ချတ်က အခြေအနေကို ပြန်လည်သုံးသပ်ရပြန်လေသည်။

"ဒီလိုရှိတယ်ဗျ။ ကျုပ်တို့က သူ့စခန်းကို ဝင်တိုက်ဖို့ တစ်ခုတည်း စဉ်းစားနေလို့ မဖြစ်သေးဘူး။ ရန်သူရဲ့ အင်အားကိုလည်း အထင်သေးသင့်ဘူး။ ကွန်မန်ဒိုခေါင်းဆောင် ဟက်တာ ပြောသလို သူတို့ရဲ့ ၇၆ မီလီမီတာ အမြောက်ကလည်း အလွန်အင်အားကောင်းပြီး ပြင်းထန်တဲ့အတွက် ထိလိုက်ရင် မသက်သာဘူး။ ကျုပ်တို့ ကြိုတင်ရထားတဲ့ ထောက်လှမ်းရေး သတင်းတွေ

www.burmeseclassic.com

www.burmeseclassic.com



အရာရှိရှင် သူတို့ဘက်မှာ စစ်အတွင်းက သုံးခဲ့တဲ့ ဂျာမန်လုပ် အမြောက်လေး လက်ထည်း ရှိတယ်လို့ ဆိုတယ်။ စက်သေနတ်ကြီးတွေကိုတော့ ထည့်မပြောနဲ့တော့ အတော်များများရှိမှာ သေချာတယ်။ ဂျာမန်အမြောက်တွေက (၈၈) မီလီမီတာ အကြီးစားတွေနဲ့ ပစ်တာမို့ တစ်ချက်ထိလိုက်တာနဲ့ ကျုပ်တို့အားလုံး ထိန့်ချေသွားမှာ သေချာတယ်”

ဤတွင် ကြီးကြပ်ရေးမှူး နန်သန်နီယယ်လ်ကလည်း “နောက်ပြီး သူတို့ စခန်းအဝင်ဝမှာ ဂျာမန် ‘ပီအေကေ ၃၈’ စက်သေနတ်ကြီး လေးလက်လည်း ရှိသေးတယ်” ဟု ဝင်ပြောလိုက်သည်။

“နေပါဦး မစ္စတာ ရစ်ချတ်။ အခု ကျုပ်တို့ သွားကြရမယ့် အစီအစဉ်ကို သိပါရစေဦး။ ဘယ်ပုံဘယ်နည်း တိုက်မှာလဲ”

ဗြိတိသျှစုံထောက် ကင်ဘာက မေးမြန်းရာ ရစ်ချတ်က သူ့စိတ်ထဲ ရည်မှန်းထားပုံကို ဖွင့်ပြောပြလေသည်။

“ခင်ဗျားတို့ စိတ်ဝင်စားကြပြီး အဓိက စိုးရိမ်တာက အမြောက်တပ်ဆင်ထားတဲ့ မျှော်စင်ကြီးပဲ မဟုတ်လား။ အဲဒီအန္တရာယ်ကို ဖယ်ရှားပစ်ဖို့က တစ်နည်းပဲရှိတယ်။ ကျုပ်ကိုယ်တိုင် အဲဒီမျှော်စင်ပေါ်ရောက်အောင် တက်ပြီး အမြောက်ပစ်အဖွဲ့ကို သုတ်သင်ရမှာပဲ၊ ဒါထက်ကောင်းတဲ့နည်းလည်း မရှိဘူး”

“ကိုင်း... ရစ်ချတ်။ မောင်ရင် ဘယ်လိုပဲလုပ်လုပ် ကျုပ်ကတော့ ဆက် မလိုက်နိုင်တော့ဘူး။ ကျုပ်ရဲ့ဗိုက်က ဘယ်လိုဖြစ်မှန်းမသိဘူး။ တစ်ချိန်လုံး ရစ်ပြီး နာနေတယ်။ ဝမ်းရောဂါများဖြစ်ချင်သလား မသိဘူး”

နာသန်နီယယ်လ်က ပြောရင်း သူ၏ ဝမ်းဗိုက်ကို လက်ဖြင့် နှိပ်ရင်း ရွက်ထည်တဲအတွင်းမှ ခပ်သုတ်သုတ်ထွက်သွားလေသည်။

မာလိန်မှူး ဂျက်ဆင်က နာသန်နီယယ်လ်အား ကြည့်ရင်း “အင်း... သူ့ခမျာလည်း သနားပါတယ်၊ အရေးထဲကျမှ ဘာရောဂါ ဖြစ်မှန်း မသိဘူး” ဟု မှတ်ချက်ချလိုက်သည်။

“ကိုင်း... အားလုံး သေသေချာချာ နားထောင်ကြပေတော့။ ရန်သူစခန်းကို တိုက်ကြတဲ့အခါ ကျုပ်ရဲ့ စစ်ဆင်ရေး နည်းဗျူဟာက ဟောဒီလိုခင်ဗျ”

ဤသို့ အစချီကာ ရစ်ချတ်သည် သူ ကြိုတင်တွက်ချက်အကွက်ချထားသည့် အစီအစဉ် အသေးစိတ်ကို ပြောပြလေသည်။

■



# အခန်း (၁၁)

ဩစတြေလျနိုင်ငံ ‘ကွင်းစ်လန်’ပြည်နယ် အနောက်မြောက်ဒေသနှင့် ပတ်သက်၍ ဆိုရိုးစကားတစ်ခု ရှိလေသည်။ ယင်းကား ‘ဤနေရာဒေသသို့ သတ္တိကြောင်သူများ လုံးဝမလာကြ။ လာရောက်ကြသူများတွင်လည်း စိတ်ဓာတ် ကျဲ့ခိုင်ခြင်း မရှိသူတို့ သက်ဆိုးမရှည်နိုင်’ ဟူ၍ပင် ဖြစ်သည်။

ရစ်ချစ်နှင့်တကွ သူ၏ အဖွဲ့ဝင်များသည် သတ္တိကြောင်သူများလည်း မဟုတ်၊ စိတ်ဓာတ်ပျော့ညံ့သူများလည်း မဟုတ်ချေ။ သို့ဖြစ်လင့်ကစား သူတို့၏ မော်တော်ယာဉ်များ လူနေအိမ်ခြေလုံးဝမရှိသော တောလမ်းတစ်လျှောက် မောင်းနှင်သွားကြရင်း အဖွဲ့ဝင်များအနေဖြင့် မိမိတို့အဖွဲ့အင်အားနှင့် ရင်ဆိုင်ရမည့် ဘီလုံးနာကြီး ဝင်စတန်၏ အရက်သစ် ဂိုဏ်းအင်အားပမာဏကို နှိုင်းယှဉ်ချိန်ဆမိကြလေသည်။

တကယ်တမ်း ရင်ဆိုင်တိုက်ကြသည့်အခါ မိမိတို့အဖွဲ့ လူအင်အား လက်နက်အင်အား နည်းပါးမှုကြောင့် ရန်သူကို နိုင်အောင် တိုက်နိုင်ပါမည်လောဟု အနည်းငယ် စိုးရိမ်မှု သံသယရှိမှုတော့ ဖြစ်မိကြလေသည်။

ဤကား အဖွဲ့ဝင်အများစု၏ စိတ်ထဲ ဖြစ်ပေါ်ခံစားချက်သာ ဖြစ်လေသည်။

အဖွဲ့ခေါင်းဆောင် ရစ်ချတ်ကမူ ကျန်လူများကဲ့သို့ စိုးရိမ်ကြောင့်ကြမှု၊ သံသယဖြစ်မှု မရှိချေ။

‘ဟမ်ဗလာ’ သံချပ်ကာ (အားမတ်) ကားပေါ်တွင် မတ်တတ်ရပ်လိုက်ပါရင်း သူ၏စိတ်ထဲ၌ သံသယဒွိဟ လုံးဝ မရှိရုံမက လာလတ္တံ့သော တိုက်ပွဲ၌ စစ်ဆင်ရေး နည်းဗျူဟာ မှန်ကန်စနစ်ကျသူကသာ နိုင်ရမည်ဟု ဆင်ခြင်သုံးသပ်နေမိလေသည်။

ယခု မိမိကိုယ်တိုင် အကွက်ချ ‘ဆင်’လိုက်သော တိုက်ခိုက်မှု နည်းဗျူဟာသည် မှန်ကန်ပြီး အကောင်းဆုံးဖြစ်သည်ဟုလည်း သူ့ကိုယ်သူ ယုံကြည်မိလေသည်။ ရစ်ချတ်သည် ကံကောင်းမှသာ အနိုင်ရလိမ့်မည်ဟု ယူဆတတ်သူမဟုတ်ချေ။

မိမိတို့ဘက်မှ လက်နက်ပစ္စည်း ကိရိယာများ အခြေအနေကို ပြန်လည်စဉ်းစားကြည့်သောအခါ လူဦးရေအင်အား မများလှခြင်းမှ လွဲ၍ တိုက်အားအထူးကောင်းသည့် အခြေအနေမျိုး ရှိသည်ဟု အကဲဖြတ်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



**'ဟမ်ဗလာ' အမျိုးအစား** သံချပ်ကာ (အားမတ်) ကားဆိုက်အရွယ်ပမာ**ဏ [illegible]ခြင်း ကြီးလှသော်လည်း** ရန်သူနှင့် ရင်ဆိုင်တိုက်ရာတွင် အလွန်ထိ**ရောက်သော ယန္တရားတစ်ခု** ဖြစ်ပေသည်။ တစ်နာရီ မိုင် (၆၀) နှုန်းအထိ **မောင်းနှင်သွားလာနိုင်**သဖြင့် ရန်သူဘက်မှ သံချပ်ကာအကြီးစားများထက် ပို**၍ လျင်မြန်စွာ** ကွေ့နိုင်၊ ရှောင်နိုင်၊ တိမ်းနိုင်လေရာ စစ်မြေပြင်တိုက်ပွဲ၌ တစ်ပန်းသာနေသည်။

ရန်သူဘက်တွင်ရှိသော ဆာလာဒင် သံချပ်ကာ ကားကြီးများက တန်ချိန်ပိုလေးသဖြင့် လှုပ်ရှားရာ၌ နှေးကွေးသည် မဟုတ်ပါလော။

ဟမ်ဗလာ သံချပ်ကာ ကားကို မောင်းနှင်သူကား သဘော်မာလိန်မှူး ဂျက်ဆင်ပင် ဖြစ်သည်။ သဘော်ကို ပဲ့ကိုင်မောင်းနှင်ရာ၌ ကျွမ်းကျင်သလောက်၊ သံချပ်ကာကား မောင်းနှင်ရာတွင်လည်း အထူးကျွမ်းကျင် ဖျတ်လတ်သူဖြစ်သည့်အပြင် ဘေးအန္တရာယ်ရင်ဆိုင်ရခြင်းကို လုံးဝမကြောက်၊ သတ္တိကောင်းလှသူလည်း ဖြစ်သည်။ ဂျက်ဆင်ကဲ့သို့ပင် မိမိ၏ အဖွဲ့သားအားလုံးသည် စိတ်ချရသော သတ္တိခဲများချည်း ဖြစ်ကြောင်းကိုလည်း ရစ်ချတ်က ဆင်ခြင်သုံးသပ်မိလေသည်။

ရုရှထောက်လှမ်းရေး (ကေဂျီဘီ) အဖွဲ့မှ ရဲဘော်တေချော့ဗ်စကီး ဆိုလျှင် သတ္တိကောင်းရုံမက ရန်သူကို ချေမှုန်းရမည်ဆိုလျှင် အနည်းငယ်မှ လက်တွန့်ခြင်းမရှိ။ ကျေနပ်အားရစွာဖြင့် တိုက်ခိုက်သတ်ဖြတ်တတ်သူ ဖြစ်သည်။

ပြင်သစ်စုံထောက် ဖီးလစ်ဆိုလျှင်လည်း ဘာသာတရား ကိုင်းရှိုင်းသူဖြစ်လင့်ကစား၊ စစ်မြေပြင်ကျတော့ ရှပ်ရှပ်ချွံချွံ တိုက်ခိုက်ဝံ့သူ လူစားမျိုးဖြစ်သည်။ ဟုတ်ပါသည်။ ရစ်ချတ်နှင့် ယခုလိုက်ပါလာသူ အဖွဲ့ဝင်အားလုံးသည် အရေးရှိလျှင် ယုံကြည်အားကိုးရမည့် လူများချည်းဖြစ်ပေသည်။

ဤသို့လျှင် ရစ်ချတ်သည် သူ၏လူများအကြောင်း လေ့လာသုံးသပ်နေရင်းက ကြီးကြပ်ရေးမှူး နာသန်နီယယ်လ် ဆိုသူအကြောင်းကိုပါ ဆက်စပ်စဉ်းစားနေမိလေသည်။

နာသန်နီယယ်လ်သည် သတ္တိမရှိသူတစ်ယောက်တော့ မဟုတ်ချေ။ စီအိုင်အေ ထောက်လှမ်းရေးအဖွဲ့တွင် သူ အမှုထမ်းခဲ့သည့် သက်တမ်းတစ်လျှောက် သူ၏ ကိုယ်ရေးမှတ်တမ်းဖိုင်အရ၊ သတ္တိကောင်းသူတစ်ယောက်အဖြစ် အထက်လူကြီးများက မှတ်ချက်ရေးသားခြင်းခံရသူ ဖြစ်ပေသည်။

သို့ရာတွင် ယခု ဘီလျံနာသူဌေးကြီး၏ 'ဒေဝဉယျာဉ်သစ်' ခေါ်အခြေစိုက်စခန်းကြီးသို့ သွားရောက် တိုက်ခိုက်ရာတွင် နာသန်နီယယ်လ်တစ်ယောက် ပါမလာချေ။ အကြောင်းကတော့ ထိုနေ့နံနက်ပိုင်းမှစ၍ သူ၏ ဝမ်းဗိုက်ဒုက္ခပေးကာ



မကြာခဏ ဝမ်းသွားခြင်း၊ အော့အန်ခြင်း စသော ဝမ်းကိုက်ရောဂါ လက္ခဏာများ ဆက်တိုက်ဖြစ်နေသောကြောင့်ပင်တည်း။

ရစ်ချတ်ကိုယ်တိုင်က နာသန်နီယယ်လ်အား ယမန်နေ့ညက စခန်းချခဲ့သည့် နေရာအနီး သစ်ပင်ကြီးတစ်ပင်၏ အရိပ်အောက်တွင် နားနေစေကာ ကြည့်ရှုပြုစုရန်လည်း ကွန်မန်ဒိုတပ်သားတစ်ဦးကို ထားခဲ့လေသည်။

ပိုကာစစ်ဆင်ရေးဟု ကြိုတင် အမည်ပေးထားသော ဤစစ်ဆင်ရေးကို အကောင်အထည်ဖော်မည့် တိုက်ခိုက်ရေးအဖွဲ့၏ (ဟမ်ဗလာ သံချပ်ကာကား အပါအဝင်) မော်တော်ယာဉ်များသည် အစီအစဉ်အတိုင်း ဆက်လက် သွားကြရာ မကြာမီ ရန်သူစခန်း၏ ပြင်ပခြံစည်းရိုးသို့ ရောက်သွားကြလေသည်။

ရစ်ချတ်ကိုယ်တိုင် ကြိုတင်ခန့်မှန်း တွက်ပြခဲ့သည့်အတိုင်း ပြင်ပသံဆူးကြိုးများနှင့် ခြံစည်းရိုးကို အလွယ်တကူပင် တိုက်ဖျက်၍ ဆက်လက်မောင်းနှင်သွားကြပြီး ခြံစည်းရိုး၏ အတွင်းဘက် လေးမိုင်ကျော်ခန့်အထိ ရောက်သွားကြလေသည်။ သို့သော် ဘီလျံနာကြီး၏ အရဏ်သစ်ဂိုဏ်းသား လက်နက်ကိုင်တပ်ဖွဲ့များ၏ အရိပ်အယောင်ဟူ၍ လုံးဝ မတွေ့ရချေ။

ချုံခို၍ အလစ်တိုက်ခိုက်ရန် ဆို၍လည်း ပုန်းအောင်းနေစရာ ချုံနွယ်ပိတ်ပေါင်းများလည်း မရှိသော လွင်တီးခေါင်ဒေသမျိုး ဖြစ်နေသည်။ နံနက်ခင်း၏ နေရှိန်ကလည်း အလွန်ပူပြင်းလှသော အခြေအနေမျိုး ဖြစ်သည်။

ရစ်ချတ်သည် ပတ်ဝန်းကျင်ရှုခင်းကို သေချာစွာ လှည့်ပတ်အကဲခတ်ကြည့်ရာ ရန်သူ့ဘက်တွင် ရှိသည်ဆိုသော ဆာလာဒင်သံချပ်ကာကားများ ချုံခိုပုန်းအောင်းနေနိုင်သည့်နေရာ လုံးဝ မရှိကြောင်း တွေ့ရလေသည်။

ရာသီဥတု ပူပြင်းမှုဒဏ်ကြောင့် အာခြောက်လာကာ သံပရာရည်အေးအေးတစ်ခွက်လောက် သောက်လိုက်ရလျှင် ကောင်းလေစွဟု တောင့်တမိသော်လည်း မိမိတို့တွင် ပါမလာသဖြင့် မဖြစ်နိုင်ကြောင်း ပြန်လည် တွေးမိလေသည်။

တိုက်ခိုက်ရေးအဖွဲ့၏ ယာဉ်ခြောက်စီးသည် ဝက်ခေါင်းသဏ္ဌာန်ဖြန့်လျက် ဆက်မောင်းသွားကြရာတွင် ဟမ်ဗလာသံချပ်ကာ (အားမတ်) ကားက ထိပ်ဆုံးမှ ခေါင်းဆောင်မောင်းသွားလေသည်။

ဩစတြေလျ 'ကွန်မန်ဒို' အထူးတိုက်ခိုက်ရေး တပ်သားများ စီးနင်းလာသည့် စစ်မော်တော်ယာဉ်က ဟမ်ဗလာအားမတ်ကား၏ နောက်ပေါ်နှစ်ဆယ်ခန့် ခွာ၍ လိုက်ပါလာသည်။ ထို့ကားနောက်မှ ဂျစ်ကားလေးစီးက ဝဲယာတောင်ပံဖြန့်လျက် လိုက်လာပြီး ကျန်ဂျစ်ကားနှစ်စီးကမူ နောက်ဆုံးမှ ခပ်ခွာခွာ

www.burmeseclassic.com

www.burmeseclassic.com



လိုက်လာကြသည်။ ယင်းဂျစ်ကားနှစ်စီးသည် တစ်စီးနှင့်တစ်စီး ပေတစ်ရာခန့်ခွာ၍ မောင်းလျက် ရှိကြသည်။

ဗြိတိသျှထောက်လှမ်းရေးသမား ကင်ဘာက လက်ဝဲဘက် ဂျစ်ကားတွင် လိုက်ပါပြီး ပြင်သစ်စုံထောက် ဖီးလစ်က လက်ယာဘက် ဂျစ်ကားတွင် စီးနင်းလိုက်ပါလာကာ ယာဉ်မောင်းသူများအဖြစ် သြစတြေလျစစ်သားများက တာဝန်ယူ မောင်းလာကြသည်။

ဂျစ်ကားလေးစီးတွင် သံမဏိအကာများ တပ်ဆင်ထားရာ အမြောက်နှင့် ပစ်လျှင် ခံနိုင်မည် မဟုတ်သော်လည်း ရိုးရိုးစက်သေနတ်ကျည်ဆန်ဒဏ်ကိုတော့ ခံနိုင်လေသည်။

ကွန်မန်ဒိုတပ်မှူးဟက်တာ၏ ဂျစ်ကားတွင် ၁၀၅ မီလီမီတာ စပယ်ရှယ်စက်သေနတ်တစ်လက် ပါလာသည်။ ဂျစ်ကား၏ နောက်ပိုင်းမှ နေ၍ ပစ်ခတ်နိုင်အောင် အဆင်သင့်တပ်ဆင်ထားပြီး ဖြစ်သည်။ တစ်ဖန် ဂျစ်ကားသုံးစီးတွင်လည်း ဘာနီအမျိုးအစား စက်သေနတ်များကို ကား၏အမိုးပေါ်တွင် တပ်ဆင်ထားသည်။ အထက်ပါအတိုင်း လက်နက်များ တပ်ဆင်ထားခြင်းမှာ စိတ်ကူးရ၍ ရုတ်ခြည်းလုပ်လိုက်ကြသည့် အစီအစဉ်သာဖြစ်ပြီး လက်တွေ့စမ်းသပ်မှု မပြုရသေးပေ။ တကယ်တမ်း ရန်သူနှင့် ရင်ဆိုင်တိုက်ရချိန်၌ ဤလက်နက်များသည် ထိရောက်ပါမည်လော။ အဖြေကိုတော့ လက်တွေ့ကျမှ သိရမည် ဖြစ်သည်။

ရစ်ချတ်သည် ဟမ်ဗလာ (အားမတ်) ကားပေါ်တွင် မတ်တတ်ရပ်နေရာမှ ချာခနဲ လှည့်ကြည့်၍ ရုရှစုံထောက်အား ကြည့်လိုက်သည်။ တေချော့ဗစ်ကီးက ကားအတွင်းမှ ပြန်၍ မော့ကြည့်လေသည်။ သူ၏ လက်တစ်ဖက်က အော်လီကန်းသေနတ်၏ ခလုတ်ကို အဆင်သင့် ကိုင်ထားလေသည်။

သူသည် ရန်သူနှင့် အမြန်ဆုံး ရင်ဆိုင်၍ အကြိတ်အနယ် တိုက်ခိုက်ချင်သည့်စိတ်ဆန္ဒ ပြင်းပြနေပုံရလေသည်။ သူ၏ ၉ မီလီမီတာ မောင်းပြန်ပစ္စတိုလ်သေနတ်နှစ်လက်ကိုလည်း ရစ်ချတ်နည်းတူ ပခုံးနှစ်ဖက်တွင် သိုင်းလွယ်ထားသည့် သားရေအိတ်ဖြင့် အသင့်ချိတ်ထားသည်။ ကျည်ဆန်အပိုများလည်း အဆင်သင့် ဆောင်ထားသည်။ ထို့ပြင် အရေးအကြောင်းရှိ၍ လိုအပ်လာလျှင် အသုံးပြုနိုင်ရန် ဓာတ်ငွေ့ကာ မျက်နှာဖုံးနှစ်ခုကိုလည်း ယူလာသေးသည်။

ရစ်ချတ်သည် ရုရှရဲဘော် တေချော့ဗစ်ကီး၏ ပြည့်ပြည့်စုံစုံ ပြင်ဆင်လာပုံကို ကြည့်ပြီး သဘောကျမိသည်။

အထင်သေး၍မရသော ရန်သူနှင့် ရင်ဆိုင်တိုက်ရာတွင် ယခုလို အပြည့်



စုံဆုံး လက်နက်ပစ္စည်းများ သယ်ဆောင်လာခြင်းသည် အလွန်အရေးကြီးလှသည်၊ လိုအပ်သည် မဟုတ်ပါလော။

တစ်ဖန် ယမန်နေ့ည စခန်းချရာတွင် ကျန်ရစ်ခဲ့သူ ကြီးကြပ်ရေးမှူးနာသန်နီယယ်လ်အကြောင်းကို ဆက်လက် တွေးမိပြန်သည်။

နာသန်နီယယ်လ်နှင့်တကွ စောင့်ရှောက်ပြုစုရန် နေရစ်သူ သြစတြေလျကွန်မန်ဒိုတပ်သားတို့ကတော့ လာမည့်တိုက်ပွဲတွင် မပါဝင်ရသဖြင့် ဘေးအန္တရာယ်ရှိနိုင်မည်မဟုတ်။

သူတို့နှင့်အတူ ရစ်ချတ်က ထားပစ်ခဲ့သော လိုင်းတို့ ရေဒီယိုအသံလွှင့်စက်နှစ်လုံးကိုလည်း စိုးရိမ်စရာမရှိ။ ရန်သူနှင့် လက်လှမ်းဝေးနေသည်ဟု တွေးမိလေသည်။

ရစ်ချတ်သည် သူ၏ ခြေရင်းတွင် စုပုံထားသော ပစ္စည်းများဆီသို့ ငုံ့ကြည့်မိပြန်သည်။ ထိုပစ္စည်းများမှာ ဖောက်ခွဲဖျက်ဆီးရာတွင် အသုံးပြုရမည့် တီအင်တီ ယမ်းဘီလူး (၇၂) ပေါင်တိတိ ဖြစ်သည်။ ဤယမ်းဘီလူးပမာဏသည် ရန်သူစခန်း၏ အမြောက်တွင် မျှော်စင်နှင့် စခန်းကို ကာရံထားသော ကွန်ကရစ်အုတ်တံတိုင်းကြီးကိုပါ ဖောက်ခွဲဖျက်ဆီးပစ်ရန် ကောင်းစွာ လုံလောက်သည်။

အရေးကြီးသည်ကား ဖောက်ခွဲဖျက်ဆီးပစ်နိုင်လောက်အောင် မိမိအနေဖြင့် ရန်သူစခန်းအနီးသို့ ချဉ်းကပ်နိုင်ရန်ပင် ဖြစ်သည်။

ရန်သူ့ဂိုဏ်းသား လက်နက်ကိုင် အစောင့်များ၏ ပစ်ခတ်နှောင့်ယှက်မှုကို ရှောင်၍ အမြောက်တင် မျှော်စင်ကြီးအနီးသို့ ရောက်အောင် သွားရန် အရေးကြီးဆုံးပင် ဖြစ်သည်။

မိမိက ယခုလို ရန်သူစခန်းအား တိုက်ခိုက်ရန် စဉ်းစားနေသော်လည်း ဒေါင်ဥယျာဉ်သစ်ခေါ် ဘီလျံနာကြီး၏ စခန်းအနီး မချဉ်းကပ်နိုင်မီ ရန်သူဘက်မှ ပစ်လိုက်သော အမြောက်ကျည်ဆန်က မိမိတို့၏ ဟမ်ဗလာ သံချပ်ကာကားပေါ်သို့ တိုက်ရိုက် ထိမှန်ကျရောက်ပါက စစ်ဆင်တိုက်ခိုက်ရန် အစီအစဉ်တွေ စဉ်းစားစိတ်ကူးနေသမျှ အလဟဿဖြစ်ကုန်မှာပါတကားဟုလည်း တစ်ဘက်က စဉ်းစားမိပြန်သည်။

ရစ်ချတ်သည် ကွန်မန်ဒိုတပ်သားများ အသုံးပြုသော သံမဏိခမောက်တစ်လုံးကို ကောက်ယူ ဆောင်းလိုက်ပြီးနောက် မိမိတို့ အချင်းချင်း ရေဒီယိုဖြင့် ဆက်သွယ်စကားပြောရန် နားကြပ်နှင့် စကားပြော မိုက်ခရိုဖုန်းတို့ပါ အဆင်သင့် တပ်ဆင်ထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ရှေ့တည့်တည့် လှမ်းမျှော်ကြည့်ရင်း သူ၏ အဖော်များအား လှမ်းစကားပြောလေသည်။

"ကိုင်း... ရဲဘော်တို့ ရန်သူစခန်းနဲ့တော့ နီးလာပြီ။ အဆင်သင့်သာ ပြင်ထားကြပေတော့"

ရစ်ချတ်က ဘေးအန္တရာယ် နီးကပ်လာကြောင်း သတိပေးသလို ပြောလိုက်သော်လည်း ရှုရှုစုံထောက် တေချော့ဗ်စကီးသည် မည်သို့မျှ စိုးရိမ်တုန်လှုပ်ပုံမရဘဲ ပြုံးရွှင်စွာနှင့်ပင် "ကျုပ်တို့ ကံကောင်းပါစေလို့သာ ဆုတောင်းရမှာပဲ" ဟု ပြောပြန်လေသည်။

ရစ်ချတ်သည် 'ဝေါကီတော်ကီ' ခေါ် ရေဒီယိုဆက်သွယ်ရေးစက်ဖြင့် ကွန်မန်ဒိုတပ်ဖွဲ့မှူး ဟက်ဘာအား လှမ်းစကားပြောပြန်သည်။

"ကျုပ်တို့ အခုရောက်နေတဲ့နေရာက ဘီလုံနာကြီးရဲ့ မြေအောက်လှိုဏ်ဂုက်စခန်းနဲ့ ဘယ်လောက်ဝေးသလဲဗျ"

"သိပ်မဝေးတော့ဘူးဆိုပါတော့။ ရှေ့ကိုသာ ဂရုစိုက်ကြည့်နေပါ။ သူတို့ စခန်းပြင်ဘက်က မျှော်စင်ကြီးတွေ မြင်ရတော့မယ်"

ဟက်တာက ပြန်ပြောပြီးနောက် ရေဒီယိုဆက်သွယ်ရေးစက်ကို ရစ်ချတ်ကပင် ပြန်ပိတ်လိုက်သည်။

ထိုအခိုက်မှာပင် အေကေ ၃၆ အမျိုးအစား အမြောက်ကျည်ဆန်တစ်ခုသည် သူတို့၏ ဟမ်ဗလာ (အားမတ်) ကား၏ လက်ယာဘက် ၂၅ ကိုက်ခန့်ဝေးသော နေရာသို့ ကျရောက်ပြီး ကျယ်လောင်စွာ မြည်ဟိန်းလျက် ပေါက်ကွဲလေသည်။ သည်တော့မှ ရစ်ချတ်လည်း အခြေအနေအမှန်ကို ရိပ်မိလေသည်။ မိမိတို့အဖွဲ့လာနေခြင်းကို ရန်သူတို့ သိရှိသွားလေပြီ။

ယင်းအခြေအနေတွင် မိမိတို့အနေဖြင့် ရန်သူစခန်းသို့ အမြန်ဆုံးသွား၍ တရကြမ်း ဝင်တိုက်ရန်မှတစ်ပါး အခြားနည်းလမ်းမရှိတော့ပြီဟုလည်း ချက်ချင်းတွေးမိလေသည်။

ရန်သူက စတင်ပစ်ခတ်နေပြီဖြစ်၍ အမြောက်ကျည်ဆန်များကို ရှောင်တိမ်းရင်း ကွေ့ကောက် မောင်းနှင်ကာ အမြောက်မျှော်စင်ကြီးရှိရာသို့ အမြန်ဆုံး ရောက်အောင်သွားရန် အရေးကြီးဆုံးပင် ဖြစ်သည်။

ရစ်ချတ်က ဟာစ်အော်အမိန့်ပေးချက်အရ၊ ဟမ်ဗလာသံချပ်ကာ (အားမတ်) ကားကြီးသည် စက်ကုန်ဖွင့်၍ ရှေ့သို့ လျင်မြန်စွာ မောင်းသွားချိန်တွင် ကျန်အဖွဲ့ဝင်များတို့၏ ဂျစ်ကားများကလည်း အရှိန်ပိုပြင်းစွာဖြင့် မောင်းလိုက်လာကြသည်။ ရန်သူ၏ ကျည်ဆန်များကို ရှောင်တိမ်းရန်အတွက် ယာဉ်အားလုံး



သည် တည့်တည့်ဖြောင့်ဖြောင့် မသွားဘဲ ကွေ့ကောက်၍ မောင်းကြလေသည်။

ထိုအချိန်၌ အဖွဲ့ဝင်အားလုံးသည် လက်နက်ကိုယ်စီကိုင်ကာ ရန်သူအား ပြန်လည်ပစ်ခတ်ရန် အဆင်သင့် ပြင်ထားကြပြီဖြစ်သည်။ ဆက်သွားကြရင်းနှင့် မကြာမီ ဘီလုံနာဝင်စတန်၏ စခန်းအဆောက်အအုံကို ရှေ့မိုင်ဝက်ခန့်တွင် စတင်မြင်ကြရလေတော့သည်။

မိုင်ဝက်ခန့်ဝေးကွာတော့မှသာ မြင်ရပြီး စောစောက အမြောက်တင် မျှော်စင်ကြီးများကို ဘာ့ကြောင့် မိမိတို့က မမြင်ရလေသနည်းဟု ရစ်ချတ်က အံ့သြမိနေရာမှ ချက်ချင်းလိုပင် အဖြေကို တွေးမိလေသည်။

မိမိတို့အဖွဲ့၏ ယာဉ်များ မောင်းနှင်လာသော လမ်းကြောင်းရှုထောင့်အရ သစ်ရွက်များ ထူထပ်သော သစ်ပင်မြင့်ကြီးများ ရှိနေသဖြင့် မျှော်စင်ကြီးများကို ရုတ်တရက် မမြင်နိုင်ခြင်း ဖြစ်လေသည်။

မည်သို့ပင်ဖြစ်စေ ယခုတော့ အလွန်နီးကပ်နေပြီဖြစ်၍ မျှော်စင်ကြီးနှင့်တကွ ရန်သူစခန်းအဆောက်အအုံကို ထင်ထင်ရှားရှားကြီး မြင်နေရပြီဖြစ်သည်။

ဘီလုံနာကြီး၏ အခြေစိုက်စခန်းဖြစ်သော သိုးမွေးမြူရေး ခြံဝင်းကြီးကား ဘောလုံးကွင်းနှစ်ကွင်းစာမျှ ကျယ်ဝန်းသော မြေဧရိယာပေါ်တွင် တည်ဆောက်ထားပေသည်။

ဧရိယာအားဖြင့် ကျယ်ဝန်းသလောက် ပြင်ပမှ ရန်သူများ လွယ်လွယ်နှင့် မဝင်နိုင်အောင် အထူး ခိုင်ခံ့တောင့်တင်းစွာ ဖန်တီး တည်ဆောက်ထားကြောင်းကိုလည်း သတိပြုမိကြလေသည်။

ရစ်ချတ်သည် ရန်သူများအား ထိုးစစ်ဆင် တိုက်ခိုက်ရန် ချက်ချင်း ပြင်ဆင်လေတော့သည်။ ဟမ်ဗလာ (အားမတ်) ကားတွင် ပါသော အော်လီဂန်းစက်သေနတ်နှစ်လက်၏ ခလုတ်များကို အဆင်သင့်ကိုင်ထားရင်း ပစ်မှတ်ကို လှမ်းကြည့်လိုက်သည်။ ရှေးဦးစွာ တိုက်ခိုက်ရန်မှာ စခန်းပြင်ဘက်ရှိ မျှော်စင်ကြီးများပင် ဖြစ်သည်။

မျှော်စင်ကြီးနှစ်ခုအနက် တစ်ခုက ပေတစ်ရာကျော် မြင့်လေသည်။ သို့သော် ယင်းမျှော်စင်မြင့်မြင့်က အရေးမကြီးလှ၊ မိမိတို့အား အမြောက်ဖြင့် ပစ်ခတ်နေသော ဒုတိယမျှော်စင်ကို ရှေးဦးစွာ တိုက်ခိုက်ချေမှုန်းရန် အရေးကြီးသည်။

အမြောက်တင်မျှော်စင်ကြီးသည် ရစ်ချတ်တို့ ရောက်နေသောနေရာ၏ လက်ဝဲဘက်တွင် တည်ရှိလေသည်။ အမြင့် (၂၅) ပေ၊ အနံအားဖြင့်လည်း (၂၅) ပေခန့်ရှိလျက် အလွန်ခိုင်ခံ့ တောင့်တင်းစေရန် ဘိလပ်မြေ (ကွန်ကရစ်) ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



တည်ဆောက်ထားလေသည်။ မျှော်စင်၏ တစ်နေရာတွင် အေကေ ၄၇ အမြောက် ပြောင်းဝတစ်ခု ပြင်ဘက်သို့ ထုတ်ထားသည်ကိုလည်း မြင်ရသည်။

မျှော်စင်၏ ထိပ်ဆုံးတွင် စက်သေနတ်ဖြင့် ပစ်ရန်အတွက် အပေါက်များ ဖောက်လုပ်ထားသေးသည်။ ရစ်ချတ်က မျှော်စင်ကြီး၏ အနေအထားကို လှမ်းအကဲခတ်နေစဉ် အေကေ ၄၇ အမြောက်ကြီးက ငြိမ်သက်မနေဘဲ တစ်ချက်ပြီး တစ်ချက် ဆက်တိုက်ပစ်ခတ်နေလေသည်။

အမြောက်ကျည်ဆန်များသည် ရစ်ချတ်တို့၏ ဟမ်ဗလာ (အားမတ်) ကားဆီသို့ ချိန်ပစ်လိုက်၊ ကျန်ဂျစ်ကားများဆီသို့ လှမ်းပစ်လိုက်နှင့် မနားတမ်း ပစ်ခတ်နေလေသည်။ ယာဉ်တစ်စီးကို အမြောက်ဖြင့် သေချာစွာမှန်းဆ၍ ချိန်ရွယ်ပြီးပစ်ခတ်ရန် ပြင်ဆင်နေချိန်တွင်ပင် ထိုယာဉ်က အခြားနေရာသို့ ရွေ့လျား ရောက်ရှိသွားပြီး ဖြစ်နေသည်။

ရစ်ချတ် ဦးစီးသော တိုက်ခိုက်ရေးတပ်ဖွဲ့သည် သူတို့၏ အဓိက ရည်မှန်းချက်ဖြစ်သော ဘီလူးနှာဝင်စတန်၏ မြေအောက်စခန်းကြီးကို ဖြိုခွင်းချေမှုန်းရန်သာ အာရုံစိုက်လျက် ယာဉ်အားလုံးကို စက်ကုန်ဖွင့်လျက် ဆက်မောင်းသွားကြသည်။ ထိုအချိန်၌ ရန်သူဘက်မှ ဆာလာဒင် သံချပ်ကာနှစ်စီးသည် ရင်ဆိုင်တိုက်ခိုက်ရန်အတွက် မောင်းထွက်လာပြီ ဖြစ်သည်။

ဆာလာဒင် သံချပ်ကာ နှစ်စီးသည် တစ်စီးနှင့် တစ်စီး ခပ်ခွာခွာဖြန့်လျက် မောင်းလာလေရာ ရစ်ချတ်က ရုတ်ခြည်း စိတ်ကူးရသဖြင့် မိမိတို့၏ ဟမ်ဗလာ (အားမတ်) ကားကို ရန်သူ သံချပ်ကာ နှစ်စီး၏ကြားသို့ မောင်းဝင်ခိုင်းလိုက်သည်။ ဤတွင် ဆာလာဒင် နှစ်စီးတွင် ပါလာသူ အရဏ်သစ်ဂိုဏ်းသားများအနေဖြင့် အကျပ်တွေ့သွားတော့သည်။

ရစ်ချတ်တို့၏ ဟမ်ဗလာ (အားမတ်) ကားကို ချိန်၍ ပစ်ခတ်ပါက မထိမှန်ဘဲ လွဲချော်သွားသော် မိမိတို့အချင်းချင်းသာ ထိမှန်နိုင်သည့် အဖြစ်မျိုး ရောက်နေ၍ ရန်သူဂိုဏ်းသားများ အခက်တွေ့နေရခြင်းပင် ဖြစ်သည်။

မာလိန်မှူး ဂျက်ဆင်သည် ဟမ်ဗလာ (အားမတ်) ကားကို အထူးကျင်လည်စွာ မောင်းနှင်လျက် ရှိလေသည်။ သင်္ဘောမောင်းရာ၌ ကျွမ်းကျင်သလို ယခု သံချပ်ကာ (အားမတ်) ကား မောင်းရာတွင်လည်း သူမတူအောင် ကျင်လည် ဖျတ်လတ်ကြောင်း ဂျက်ဆင်က လက်တွေ့ပြနိုင်လေသည်။

တစ်ချိန်တွင် ဟမ်ဗလာ (အားမတ်) ကားသည် လက်ယာဘက်သို့ အနည်းငယ် ပိုနီးကပ်သွားရာ ရန်သူ ဆာလာဒင်သံချပ်ကာ ကားက တစ်ချက် လှမ်းပစ်လေသည်။ သို့သော် ဂျက်ဆင်က ဟမ်ဗလာ (အားမတ်) ကားကို ချက်



ချင်း ကွေ့ရှောင်မောင်းလိုက်သဖြင့် ကျည်ဆန်က လွဲချော်ပြီး မြေပြင်ပေါ်သို့သာ ကျရောက် ပေါက်ကွဲသွားလေသည်။

ဤတွင် ဒုတိယ ဆာလာဒင် သံချပ်ကာ ကားမှ အရဏ်သစ်ဂိုဏ်းသားများက ဟမ်ဗလာ (အားမတ်) ကားကို ချိန်၍ အမြောက်တစ်ချက် ပစ်ပြန်သည်။

မာလိန်မှူးဂျက်ဆင်က ကျင်လည်ဖျတ်လတ်စွာ ရှောင်တိမ်းမောင်းနိုင်ခြင်းကြောင့်သာ သီသီကလေး လွတ်သွားရာ အမြောက်ကျည်ဆန်သည် ဟမ်ဗလာ (အားမတ်) ကားနှင့် အလွန်နီးကပ်စွာ ပေါက်ကွဲသောကြောင့် ရစ်ချတ်တို့၏ အားမတ်ကားကြီးတစ်စင်းလုံး သိမ့်သိမ့်တုန်ခါသွားလေသည်။

ဂျက်ဆင်သည် အထူးသတိထားလျက် ဟမ်ဗလာကားကို လက်ယာဘက်သို့ ဒီဂရီ ၉၀ ချိုးကွေ့ရှောင်လိုက်လေသည်။ ရစ်ချတ်သည် အော်လီဂန်း စက်သေနတ်နှစ်လက်ကို တစ်ပြိုင်တည်းဆွဲ၍ ရန်သူ ဆာလာဒင်သံချပ်ကာကားမှ အမြောက်ပြောင်းကို ချိန်ပစ်လိုက်သည်။

သေနတ်ပစ်ရာ၌ အလွန်လက်ဖြောင့်သူဟု နာမည်ရထားသူ ဖြစ်သည့်အတိုင်း သူ၏အချိန်အဆနှင့် ပစ်ခတ်ချက်က အံ့သြဖွယ်ကောင်းလောက်အောင် ပစ်မှတ်အား တိုက်ရိုက် ထိမှန်သွားလေသည်။

အော်လီဂန်း စက်သေနတ် ကျည်ဆန်များသည် ရန်သူဆာလာဒင် သံချပ်ကား၏ အမြောက်ကို တိုက်ရိုက် ထိမှန်သဖြင့် ဆာလာဒင်၏ သံမဏိကိုယ်ထည် ဘာမှ မဖြစ်သော်လည်း အမြောက်ပြောင်းကြီး ကျည်သင့် ပျက်စီးကာ နောက်ထပ် အမြောက်ပစ်မရနိုင်အောင် အခြေအနေသို့ ရောက်သွားတော့သည်။

ထိုအတောအတွင်း ရန်သူဘက်မှ ဆာလာဒင် သံချပ်ကာကား နောက်ထပ်တစ်စီး ရောက်လာပြန်သည်။ ယင်း တတိယဆာလာဒင်သည် ကွန်မန်ဒိုစစ်သားများပါသောကားကို ချိန်၍ အမြောက်နှင့် ပစ်ခတ်သော်လည်း မော်တော်ယာဉ်၏ လှုပ်ရှားရှောင်တိမ်းမှုကြောင့် မထိမှန်ဘဲ လွဲချော်သွားလေတော့သည်။ တစ်ဖန် ဂျစ်ကားတစ်စီးကို ပြောင်းလှည့်၍ ပစ်ပြန်ရာ လူတွေကို မထိသော်လည်း ဂျစ်ကားလက်ဝဲဘက် ရှေ့ဘီးကို ထိမှန်သွားလေသည်။

ဂျစ်ကားသည် ဆက်လက်မလှုပ်ရှားတော့ဘဲ တစ်ဖက်စောင်းပြီး ရပ်သွားရာ ကားပေါ်မှ ဩစတြေးလျ ကွန်မန်ဒိုတပ်သားများက အလျင်အမြန် ခုန်ဆင်း၍ ဂျစ်ကားပေါ်ရှိ ဘာနီစက်သေနတ်ကြီးကို အောက်သို့ ဖြုတ်ချရန် ကြိုးစားကြလေသည်။

ဂျစ်ကားထိုးရပ်သွားသည်နှင့် ဆာလာဒင် သံချပ်ကာကားပေါ်မှ အရဏ် သစ်ဂိုဏ်းသားများသည် အားရကျေနပ်ဟန်ဖြင့် ဂျစ်ကားနှင့်အတူ ကွန်မန်ဒို

www.burmeseclassic.com

www.burmeseclassic.com



တပ်သားများအား အပြီးသတ် ချေမှုန်းရန်အတွက် စက်ကုန်ဖွင့်၍ ချဉ်းကပ်လာလေသည်။

မူလအနေအထားမှ ဂျစ်ကားဘက်ဆီသို့ လာရာတွင် ဆာလာဒင် သံချပ်ကာကားသည် ဒီဂရီ ၆၀ ခန့် ကွေ့မောင်းရလေသည်။ အရဏ်သစ်ဂိုဏ်းသားများသည် ထိုရပ်နေသော ဂျစ်ကားကို ချေမှုန်းပစ်ရန် ဂရုစိုက်လျက် ရှေ့တိုးလာခြင်းသည်ပင်လျှင် သူတို့၏အမှားဖြစ်သည်။ ဩစတြေးလျ ကွန်မန်ဒိုတပ်သားများပါဝင်သော အခြားကားများကို လုံးဝ သတိမပြုမိကြတော့ချေ။

ထို့ကြောင့် ယာဉ်တစ်စီးမှ ဩစတြေးလျ ကွန်မန်ဒိုတပ်သားများက ဆာလာဒင် သံချပ်ကာ ကားကို တိုက်ခိုက်ရန် အခွင့်ကောင်း ရသွားလေသည်။ အသင့်ပါလာသော ၄၀ မီလီမီတာ ဘိုဖာစက်သေနတ်ကြီးဖြင့် ဆာလာဒင်၏ ယာဉ်မောင်းနေရာသို့ ချိန်ကာ တရကြမ်း ပစ်ခတ်လေတော့သည်။

၄၀ မီလီမီတာ ဘိုဖာ စက်သေနတ် ကျည်ဆန်များသည် ဆာလာဒင် သံချပ်ကာကားမောင်းသူကို တိုက်ရိုက် ထိရုံမက လက်ဝဲဘက်ရှိ ဓာတ်ဆီတိုင်ကီကိုပါ ထိမှန်သွားလေရာ မီးစွဲလောင်ရာမှ ပြင်းထန်စွာ ပေါက်ကွဲလျက် ဆာလာဒင်တစ်စီးလုံး ကြေမွပျက်စီးသွားလေတော့သည်။

ထိုသံချပ်ကာကားပေါ်မှ အရဏ်သစ် ဂိုဏ်းသားများသည်လည်း အရိုးတခြား အသားတခြားဖြစ်ကာ မရှုမလှ သေဆုံးကုန်ကြလေသည်။ ထိုအတောအတွင်း ရစ်ချတ်တို့ အားမတ်ကား၏ လက်ယာဘက်မှ အခြားဆာလာဒင် သံချပ်ကာကားတစ်စီးသည် ဘိုဖာစက်သေနတ်ကြီးပါသော ကွန်မန်ဒိုဂျစ်ကားဆီသို့ စက်ကုန်ဖွင့်၍ မောင်းလာပြန်လေသည်။

ထိုအခါ ကွန်မန်ဒိုဂျစ်ကားများက ဘာတီစက်သေနတ်ဖြင့် လှမ်းပစ်ကြသော်လည်း ကျည်ဆန်ပမာဏနှင့် အင်အားက သေးငယ်သဖြင့် ဆာလာဒင် သံချပ်ကာကား၏ သံမဏိကိုယ်ထည်ကို ထိမှန်သည့်တိုင်အောင် မည်သို့မျှ အရာမရောက်ဘဲ ဖြစ်နေသည်။

ရန်သူ ဆာလာဒင်ပေါ်မှ အရဏ်သစ်ဂိုဏ်းသားများက သူတို့၏ အဓိက ပစ်မှတ်သည် ဘိုဖာစက်သေနတ်ကြီးပါသော ကွန်မန်ဒိုကားပင် ဖြစ်ကြောင်း တွက်မိသဖြင့် ထိုကားဆီသို့ ဦးတည်ကာ ၎င်းတို့၏ အမြောက်ဖြင့် ပစ်ခတ်လေသည်။

အမြောက်ကျည်ဆန်တစ်ခုသည် ဘိုဖာစက်သေနတ်ကြီးပါသောကားကို တည့်တည့်မတ်မတ် ထိမှန်သွားလေရာ ကျယ်လောင်စွာ မြည်ဟိန်းသွားသော



အသံကြီးနှင့် အတူ ကွန်မန်ဒိုတပ်သားများနှင့်တကွ ကားတစ်စီးလုံး အစိတ်စိတ်အမြွှာမြွှာဖြစ်အောင် ပျက်စီးသွားလေသည်။

ဆာလာဒင် သံချပ်ကာကားပေါ်မှ အမြောက်ပစ်သူ အရဏ်သစ်ဂိုဏ်းသားသည် ကြေမွပျက်စီးသွားသော ကွန်မန်ဒိုကားကို ကြည့်ပြီး အကြီးအကျယ် ကျေနပ် အားရသွားလေသည်။

ဤလုပ်ရပ် တစ်ခုတည်းဖြင့် သူတို့၏ ဆရာကြီး ဘီလျံနာဝင်စတန်က မိမိအား ချီးကျူးရုံမက ဆုလာဘ်များပင် ချီးမြှင့်လိမ့်မည်ဟုလည်း စိတ်ကူးယဉ်မိလေသည်။ ယင်းသို့ စိတ်ကူးယဉ်လျက်နှင့်ပင် သူတို့၏ ဆာလာဒင် သံချပ်ကာကားသည် ဟက်တာနှင့် ပြင်သစ်စုံထောက် ဖီးလစ်တို့ပါသော ဂျစ်ကားဆီသို့ ဦးလှည့်ကာ မောင်းသွားပြန်သည်။ ဟက်တာတို့၏ ဂျစ်ကားပေါ်တွင် ၁၀၅ မီလီမီတာ စက်အမြောက်ငယ်တစ်ခု ပါရှိလေသည်။

ထိုစက်အမြောက်ငယ်သည် စစ်မြေပြင်၌ တင့်ကားနှင့် သံချပ်ကားများကို တိုက်ခိုက် ဖြိုခွင်းရာတွင် အသုံးပြုလေ့ ရှိကြသည်။ တကယ်လည်း ထက်မြက် ထိရောက်လှသည်။ ပြောင်းဝမှ ထွက်သွားသော ကျည်ဆန်များသည် လျင်မြန်သလောက် အရှိန်အဟုန်ပြင်းစွာ ပစ်မှတ်ဆီသို့ သွားကာ တရကြမ်း ဖျက်ဆီးပစ်နိုင်စွမ်း ရှိလေသည်။

ထို့ကြောင့် ယခု ကွန်မန်ဒိုတပ်မှူး ဟက်တာက အဆိုပါ စက်အမြောက်ငယ်ဖြင့် ရန်သူ ဆာလာဒင် သံချပ်ကာကားအား ပစ်ခတ်ရန် အမိန့်ပေးလိုက်သည်။

၁၀၅ မီလီမီတာ စက်အမြောက်ကျည်ဆန်သည် ရှေ့တိုးလာသော ဆာလာဒင် သံချပ်ကာကား၏ ရှေ့ပိုင်းကို တည့်တည့်မတ်မတ်ကြီး ထိမှန်သွားလေရာ ကျယ်လောင်စွာ အသံကြီး မြည်ဟိန်းလျက် ဆာလာဒင်ကား၏ သံမဏိပြားကို ဖောက်ထွင်းသွားလေသည်။

တစ်ချိန်တည်းမှာပင် ဗြိတိသျှစုံထောက် ကင်ဘာက ဘာနီစက်သေနတ်ဖြင့် ဆာလာဒင် သံချပ်ကာကားကို သေသေချာချာ ချိန်၍ ပစ်လိုက်သည်။ ကံအားလျော်စွာ ကျည်ဆန်များသည် ဆာလာဒင်မောင်းသူ ရှေ့သို့ ကြည့်နိုင်ရန် ဖွင့်ထားသည့် အပေါက်တွင်းသို့ တိုက်ရိုက်ဝင်သွားကာ အတွင်းဘက်၌ ပေါက်ကွဲလေသည်။

ကွန်မန်ဒိုတပ်မှူး ဟက်တာ၏ ကားမှ ၁၀၅ မီလီမီတာစက် အမြောက်နှင့် ကင်ဘာ၏ ဘာနီစက်သေနတ်တို့က တစ်ချိန်တည်း တစ်ပြိုင်တည်း ပစ်မှတ်ကို ထိမှန်ခြင်းကြောင့် ရန်သူ အရဏ်သစ်ဂိုဏ်းသားတို့၏ ဆာလာဒင်

www.burmeseclassic.com

www.burmeseclassic.com



သံချပ်ကာကားသည် ပြင်းစွာ ပေါက်ကွဲမှုဒဏ်ဖြင့် ချက်ချင်း ပြိုကွဲပျက်စီးလျက် အတွင်းရှိ လူလေးယောက်စလုံးလည်း မရှုမလှ သေဆုံးကုန်လေသည်။

"ဟာ...ဒီတစ်ချက်တော့ သေသေချာချာ မိသွားတယ်ဗျို့၊ ဒီလိုမှပေါ့ ဗျ"။ ဗြိတိသျှစုံထောက် ကင်ဘာက အားရပါးရ ရေရွတ်လိုက်သည်။

ကွန်မန်ဒိုတပ်မှူး ဟက်တာသည် သူ၏ ဂျစ်ကားဖြင့် ပျက်စီးနေသော ဆာလာဒင်ကို ကွေ့ရှောင်ကာ ရစ်ချစ်တို့၏ ဟမ်ဗလာ (အားမတ်) ကားနောက် သို့ မောင်းလိုက်သွားလေသည်။

သူ၏ကားပေါ်တွင် အဆင်သင့်ရှိသော ဝေါကီတော်ကီ ရေဒီယိုစက်ဖြင့် အခြားဂျစ်ကားများအား "ဟေ့... မင်းတို့အားလုံး မစ္စတာရစ်ချတ် သွားရာ နောက်ကိုသာ ဆက်လိုက်ခဲ့ကြပေတော့။ ဒါပေမဲ့ မျက်စိကိုလည်း သေသေချာချာ ဖွင့်ထားကြ။

"စခန်းအဝင်ဝမှာ ရန်သူဘက်က ဂျာမန်စက်အမြောက်တွေ ရှိတယ်။ အဲဒါလည်း သတိထားကြ" ဟု လှမ်းအမိန့်ပေးလိုက်သည်။

ထိုအချိန်၌ ရန်သူဘက်မှ တတိယမြောက် ဆာလာဒင်သံချပ်ကာကား သည် သူတို့၏ အခြေအနေ မလှတော့ဟု ဆုံးဖြတ်လျက် တောင်ဘက်စူးစူး သို့ ကွေ့မောင်းထွက်ရန် ကြိုးစားလေသည်။

သို့သော် သူတို့သွားရာလမ်းကြောင်း၌ ရစ်ချတ်တို့၏ ယာဉ်များ ရှိနေ သဖြင့် ကွေ့ရှောင်သွားရန် လိုနေသည်။ ရစ်ချတ်သည် ရန်သူဆာလာဒင်၏ လှုပ်ရှားပုံကိုကြည့်ပြီး ရန်သူဂိုဏ်းသားတို့၏ အကြံကို ရိပ်မိသဖြင့် ဟမ်ဗလာ ကားဖြင့် အတင်းလိုက်ကာ အော်လီဂန်းစက်သေနတ်များဖြင့် တရကြမ်း ပစ်ခတ် တိုက်ခိုက်လေသည်။

အော်လီဂန်းများ၏ ၃၅ မီလီမီတာ ကျည်ဆန်များကလည်း အလွန်ပြင်း ထန်လှလေရာ အဆက်မပြတ် ပစ်ခတ်နေခြင်းကြောင့် ဆာလာဒင် သံချပ်ကာ ကား၏ ဘေးတစ်နေရာ၌ ပေါက်ကွဲသွားကာ ကျည်များအတွင်းသို့ ဝင်ရောက် ကုန်လေသည်။

လူတွေကို တိုက်ရိုက် မထိမှန်သေးလင့်ကစား ဆာလာဒင်အတွင်းရှိ အရဏ်သစ်ဂိုဏ်းသားများသည် အကြီးအကျယ် တုန်လှုပ်ချောက်ချားလျက် ရှိ လေပြီ။

"ဟေ့...မြန်မြန်အထဲကို ပြန်မောင်းဝင်တော့။ ရန်သူတွေက ငါတို့ကို ဝိုင်းတိုက်နေပြီ"။ အမြောက်ပစ်သူ အရဏ်သစ်ဂိုဏ်းသားက အော်ပြောလိုက်သည်။ ဆာလာဒင် မောင်းသူကိုယ်တိုင်ကလည်း ရစ်ချတ်တို့လူစုက မိမိတို့ ယာဉ်ကို



ဝိုင်းထားမှန်းသိသဖြင့် တုန်လှုပ်ချောက်ချားနေပြီဖြစ်ရာ သံချပ်ကာကားကြီးကို ကမန်းကတန်း ပြန်ကွေ့ကာ သူတို့၏ ဒေဝဥယျာဉ်သစ်စခန်းဝင်ဝရှိရာ မြောက် ဘက်စူးစူးသို့ တအားမောင်းလေသည်။

တိုက်ပွဲ၏ လက်ရှိအခြေအနေအရ ဘီလျံနာကြီး၏ စခန်းပြင်ဘက်တွင် ရစ်ချတ်တို့လူစုက အရေးသာလျက် ရှိနေပြီ ဖြစ်သည်။

ဟမ်ဗလာ သံချပ်ကာ (အားမတ်) ကားပေါ်တွင် ရစ်ချတ်သည် ယမ်းငွေ့ နှင့် မီးခိုးတလူလူဖြစ်နေသော ပတ်ဝန်းကျင်ကို လှည့်ပတ် အကဲခတ်ကြည့်နေ သည်။ သူသည် ယခုလို အရေးကြုံလျှင် တုန်လှုပ်ခြင်း၊ ပျာလောင်ခတ်ခြင်း အလျှင်းမရှိဘဲ ပကတိ စိတ်တည်ငြိမ်အေးဆေးစွာထားတတ်သူ ဖြစ်သည်။ ဒေါသထွက်ခြင်း၊ မုန်းတီးခြင်း စသော လှုပ်ရှားမှုများလည်း မရှိ။ ဦးနှောက် ကြည်လင်စွာထားလျက် စက်သေနတ်သံ၊ အမြောက်သံတွေ ကြားမှပင် စိတ် အေးအေးထားနိုင်သူ ဖြစ်လေသည်။

ရစ်ချတ်သည် ရန်သူဘက်မှ ဆာလာဒင် သံချပ်ကားကြီး လှည့်မောင်း ပြေးသည်ကို လှမ်းကြည့်ရင်း ပြုံးလိုက်သည်။ ဆေတန်နတ်ဆိုး၏ ကူညီစောင့် ရှောက်မှုကို အမြဲတစေရရှိနေမည်ဟု စိတ်ရူးပေါက်ကာ တွေးထင်နေသူ ဘီလျံနာ သူဌေးကြီး ဝင်စတန်၏ တွက်ကိန်းသည် တစ်ဖက်သတ် လွဲမှားနေကြောင်းကို ပို၍ ထင်ရှားအောင် ပြလိုက်ဦးမှ ဖြစ်ပေတော့မည်။

ဤသို့ စိတ်ထဲမှ တွေးရင်း သူ၏ လက်များက အော်လီဂန်း စက် သေနတ်နှစ်လက်ကို တစ်ပြိုင်တည်း ခလုတ်ဆွဲဖြုတ်၍ ဆက်တိုက် ပစ်ခတ်လေ သည်။ ရစ်ချတ်၏ သေနတ်ပစ်လက်ဖြောင့်မှု၊ အော်လီဂန်း စက်သေနတ်ကျည်ဆန် များ၏ ယမ်းအားပြင်းထန်မှုတို့ကြောင့် ဆာလာဒင်၏ လက်ယာဘက် နောက်ဘီး တစ်ခုကို ထိမှန်ပျက်စီးသွားလေရာ သံချပ်ကာကားကြီးသည် ထိန်း၍ မရတော့ဘဲ ယိမ်းယိုင်ကာ တစ်ဖက်စောင်းလျက် ကွေ့ကောက်သွားနေလေသည်။

မာလိန်မှူး ဂျက်ဆင်သည် ဟမ်ဗလာ (အားမတ်) ကားကို ကျင်လည် စွာ မောင်းလျက် ရန်သူ ဆာလာဒင်၏နောက်မှ ထက်ကြပ်မကွာ လိုက်၍ မောင်း လျက် ရှိသည်။

ရစ်ချတ်သည် အခြေအနေကို ပြန်လည်သုံးသပ်မိပြန်ပါသည်။ ယခုအတိုင်း ဆိုလျှင် မိမိတို့သည် ဘီလျံနာကြီး၏ မြေအောက်စခန်းနှင့် အလွန်နီးကပ်လျက် ရှိနေပြီဖြစ်ရာ မြေပြင်ပေါ်ရှိ သိုးမွေးမြူရေးခြံ အဝင်အဝနားသို့ ရောက်ရှိနေ ခြင်းကြောင့် မျှော်စင်ပေါ်ရှိ ရန်သူအမြောက်များက မိမိတို့အား ချိန်ရွယ်ပစ် ခတ်ရန် မလွယ်ကူတော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမှုကား အမြောက်တပ်ဆင်ထားပုံအရ အဝေးသို့သာ လှမ်းပစ်နိုင်ပြီး အနီးအပစ် ပစ်မှတ်ကို အောက်ဘက်သို့ စိုက်ပစ်ခတ်ရန် မဖြစ်နိုင်သောကြောင့်ပင်တည်း။

ဘီလျံနာဝင်စတာန်က အခိုင်အမာ တည်ဆောက်ထားသည် ဆိုသော သူ၏ မြေအောက်စခန်း၏ ခေါင်မိုးကို တောင့်တင်းခိုင်မာအောင် ဘိလပ်မြေ (ကွန်ကရစ်) ဖြင့် ပြုလုပ်ထားလေသလောဟုလည်း ရစ်ချတ်က စဉ်းစားမိလေသည်။ ယင်းမေးခွန်း၏ အဖြေကို စက္ကန့်ပိုင်းအတွင်းမှာပင် မှန်ကန်တိကျစွာ သိရလေသည်။

မျှော်စင်ပေါ်မှ အမြောက်ကျည်ဆန်တစ်ခုသည် ဟမ်ဗလာအားမတ်ကား၏ လက်ဝဲဘက် ခပ်လှမ်းလှမ်းတွင် ကျရောက်ပေါက်ကွဲသွားရာ မိမိတို့အဖို့မည်သို့မှ မထိခိုက်သလို ကျည်ဆန်ကျသော မြေပြင်တွင်လည်း ကြီးကြီးကျယ်ကျယ် ထိခိုက်ခြင်း မရှိချေ။ အဓိပ္ပာယ်ကား ရှင်းနေပေပြီ။

ရိုးရိုးမြေကြီးဆိုပါက အမြောက်ကျည်ဆန် ကျရောက်ပေါက်ကွဲသည်နှင့် ယမ်းအား ပြင်းထန်မှုကြောင့် မြေကြီး ချိုင့်ဝင်နိမ့်ကျသွားရမည် ဖြစ်သည်။ ယခုတော့ မြေကြီးက ကြီးကြီးကျယ်ကျယ် ချိုင့်ဝင်နိမ့်ကျခြင်း မရှိဘဲ ဖြစ်နေရာ ယင်းမြေကြီးအောက်တည့်တည့်ရှိ မြေအောက်စခန်းခေါင်မိုးသည် ဘိလပ်မြေ (ကွန်ကရစ်) ဖြင့် အခိုင်အမာ တည်ဆောက်ထားသောကြောင့်သာ ဖြစ်ရပေမည်။

ဟမ်ဗလာမောင်းနေသူ ဂျက်ဆင်က ရစ်ချတ်အား လှမ်း၍ မေးလေသည်။

"ကျုပ်တို့ ဘာဆက်လုပ်ကြရမှာလဲ ဆရာကြီးရဲ့။ ရန်သူရဲ့ ဆာလာဒင်နောက်ကိုပဲ ဆက်လိုက်ရမှာလား။ ဒီနေရာမှာတော့ ကြာကြာနေလို့ မသင့်ဘူးထင်တယ်။ မျှော်စင်ကကောင်တွေက အမြောက်ကို ကြဲဖန်အောက် စိုက်ပြီး ကျုပ်တို့ကို လှမ်းပစ်မှာ ကြောက်ရတယ်"

"ဒီလိုလုပ်ဗျာ။ ဘယ်ဘက်ကို ချိုးကွေ့ မောင်းစမ်းပါ။ စခန်းဝင်ဝနားမှာရှိတဲ့ ဂျာမန်အမြောက်ကို ကျုပ်က အရင်ဆုံး ဖျက်ဆီးပစ်လိုက်ချင်တယ်"

ရစ်ချတ်က ပြန်ပြောလိုက်ရာ ဂျက်ဆင်က ကျေနပ်ပုံမရချေ။

"ခင်ဗျားက ဘယ်ဘက်က စက်အမြောက်တစ်ခုတည်းကိုသာ ပြောနေတယ်။ ကျုပ်တို့ရဲ့ ညာဘက်မှာလည်း ရန်သူရဲ့ ဂျာမန်အမြောက်တစ်လက် တပ်ဆင်ထားသေးတယ် မဟုတ်လား"

ဂျက်ဆင်က ပြောသည်တွင် ရှုရှုံ့ထောက် တေချော့ဗစ်ကီးက ဝင်၍ "ဒါအတွက် မပူစမ်းပါနဲ့။ ဒီကားကိုသာ ကျုပ်လိုချင်သလို ကွေ့မောင်းပေးစမ်း။ ဂျာမန်အမြောက်ကို ကျုပ်က အိုဝင်စက်သေနတ်နဲ့ ပစ်ပြီး ဖျက်လိုက်နိုင်ပါတယ်" ဟု ပြောလေသည်။



"သူတို့ရဲ့ ဆာလာဒင် သံချပ်ကာကားကို စခန်းအဝင်အဝ ရောက်တာနဲ့ ကျုပ်က ဆာလာဒင်ရဲ့ ညာဘက်ခြမ်းကို တရကြမ်းပစ်မယ်။ အဲဒါ အကောင်းဆုံးနည်းပဲ" ရစ်ချတ်က သူ၏အစီအစဉ်ကို ပြောပြလေသည်။

"တကယ်လို့ ခင်ဗျားက အော်လီကန်းသေနတ်နဲ့ ပစ်လိုက်လို့ မထိရင်ကော" ဂျက်ဆင်က ပြန်မေးလိုက်ရာ ရစ်ချတ်က "ဒီလိုဆိုရင်တော့ ကျုပ်တို့အားလုံး သေကြရုံပဲပေါ့" ဟု ခပ်အေးအေးပင် ပြန်ပြောလိုက်သည်။

"ကိုင်း... ပြောနေကြာတယ်ဗျာ။ မြဲမြဲသာကိုင်ထားလိုက်ကြပေတော့။ ကျုပ်တော့ မောင်းတော့မယ်"

ပြောပြောဆိုဆို ဂျက်ဆင်သည် ဟမ်ဗလာအားမတ်ကားကို လက်ဝဲဘက်သို့ တအားကွေ့၍ မောင်းလေတော့သည်။ ရစ်ချတ်သည် ရန်သူစခန်းဝဆီသို့ ဂရုစိုက်ကြည့်နေရာ ဂျာမန်လုပ် အမြောက်နှစ်လက်ကို ၁၂၅ ပေခန့်အကွာတွင် လှမ်းမြင်မိလေသည်။

ထိုအမြောက်များကား စစ်မြေပြင်၌ သံချပ်ကာကားနှင့် တင့်ကားများကိုပါ တိုက်ဖျက်ရန် အသုံးပြုလေ့ရှိပြီး ယမ်းအား အလွန်ပြင်းထန်ကြောင်းကိုပါ ရစ်ချတ်က သိထားပြီး ဖြစ်သည်။

အမြောက်နှစ်လက်စလုံး၏ ပြောင်းဝများသည် မိမိတို့ဘက်ဆီသို့ တည့်တည့်ကြီး ချိန်ထားသည်ကို သတိပြုမိလေရာ ရစ်ချတ်သည် အော်လီကန်းစက်သေနတ်၏ ခလုတ်များကို တစ်ပြိုင်နက် ဆွဲလိုက်သည်။

အော်လီကန်းသေနတ်များမှ ၃၅ မီလီမီတာ ကျည်ဆန်များက အလွန်ပြင်းထန်လေရာ မိုးရွာသလို အဆက်မပြတ် ပစ်ခတ်လိုက်ခြင်းကြောင့် ရန်သူ၏ ဂျာမန်အမြောက်နှစ်လက်စလုံး ထိမှန်ပျက်စီးသွားလေသည်။ အမြောက်နှစ်လက်ကိုင်တွယ်ပစ်ခတ်သူ အရာကျသစ်အဖွဲ့သား လေးဦးတို့သည်လည်း အမြောက်များနှင့် အတူ မရှုမလှ သေဆုံးကြကုန်တော့သည်။

အော်လီကန်းစက်သေနတ်နှစ်လက်ကို တစ်ပြိုင်နက်တည်း အဆက်မပြတ်ဆွဲပစ်ရာ၌ အထူးအားစိုက်ရသဖြင့် ရစ်ချတ်၏ တစ်ကိုယ်လုံးချွေးများ ပြန်နေလေသည်။

သို့သော် သူသည် အနားယူရန် စိတ်မကူးဘဲ ရန်သူစခန်းအဝင်ဝ၏ ညာဘက်ယာဘက်ရှိ ကျန်အမြောက်နှစ်လက်ကို ဆက်လက် ဖြိုခွင်းရန်အတွက် အော်လီကန်းနှစ်လက်၏ ပြောင်းဝများကို လှည့်၍ ချိန်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက် သူတို့၏ ဟမ်ဗလာ (အားမတ်)ကား ရှေ့တည့်တည့် ၂၅ ပေခန့်သာ ကွာဝေးလျက်ရှိနေသော ရန်သူဆာလာဒင် သံချပ်ကာကားကြီးသည် ပြင်းထန်ကျယ်လောင်စွာ မြည်ဟည်းလျက် ပေါက်ကွဲ မီးလောင်ပျက်စီးသွားလေရာ ရစ်ချတ်ပင်လျှင် အံ့ဩနေမိလေသည်။ သို့သော် ချက်ချင်းလိုပင် ဖြစ်ရပ်မှန်ကို သိရလေသည်။

ကွန်မန်ဒိုတပ်မှူး ဟက်တာသည် ဂျစ်ကားနှစ်စီးကို အမြောက်တင် မျှော်စင်၏ အရှေ့တောင်ဘက်ဆီသို့ မောင်းသွားစေခဲ့သည်။ ယင်းနေရာ၌ဆိုလျှင် မျှော်စင်ပေါက်မှ အမြောက်နှင့် ပစ်ရန် အလှမ်းဝေးနေသောကြောင့်ပင် ဖြစ်သည်။ သူတို့ကားကမူ ရစ်ချတ်၏ ဟမ်ဗလာကား အားမတ်နောက်မှ ဆက်လက်၍ လိုက်လာခဲ့သည်။

ဟမ်ဗလာမောင်းသူ ဂျက်ဆင်က ရစ်ချတ်အမိန့်ပေးသည့်အတိုင်း လက်ဝဲဘက်သို့ ရုတ်တရက် ချိုးကွေ့လိုက်သောအခါ ဟက်တာသည် ရှေ့တည့်တည့်ရှိ ရန်သူသံချပ်ကာကားကြီးကို ထင်းထင်းကြီး မြင်နေရသည်။

ဤတွင် ဟက်တာသည် သူ၏ကားပေါ်မှ ၁၀၅ မီလီမီတာစက်သေနတ်ဖြင့် သေချာစွာ ချိန်၍ တရကြမ်း ပစ်ခတ်လေရာ ကျည်ဆန်များက ဆာလာဒင် သံချပ်ကာကား၏ အမြောက်သမားနေရာကို ထိမှန်သည့်အပြင် ဓာတ်ဆီတိုင်ကီကိုပါ တိုက်ရိုက်ထိမှန်ရာမှ သံချပ်ကာကားကြီး မီးလောင်ပေါက်ကွဲ ပျက်စီးသွားခြင်း ဖြစ်လေသည်။

တစ်ချိန်တည်းမှာပင် ဟက်တာ၏ကားပေါ်မှ ကွန်မန်ဒိုတပ်သားတစ်ဦးက ရန်သူစခန်း၏ အဝင်အဝကို ချိန်လျက် စက်သေနတ်ဖြင့် ပစ်ခတ်ရာ အတွင်း၌ ရပ်ထားသော ရန်သူဘက်မှ လော်ရီကားတစ်စီး ထိမှန်ပြီး ပျက်စီးသွားပြန်သည်။

ရစ်ချတ်သည် ဆာလာဒင်ကားကြီး ပျက်စီးနေသည်ကို အချိန်ကုန်ခံ ကြည့်မနေဘဲ ရန်သူစခန်း၏ လက်ယာဘက်ရှိ ဂျာမန်အမြောက်နှစ်လက်ကိုသာ အာရုံစိုက်နေသည်။ ယာဉ်မောင်းသူ ဂျက်ဆင်က ဟမ်ဗလာကား၏ အရှိန်ကို အနည်းငယ်လျှော့လိုက်စဉ် ရစ်ချတ်သည် ရန်သူ အမြောက်နှစ်လက်ဘက်သို့ ဂရုစိုက် ချိန်ရွယ်ပြီးမှ အော်လီဂန်းစက်သေနတ်ဖြင့် တရကြမ်း ပစ်ခတ်လေသည်။

ပင်ကိုအားဖြင့် သေနတ်ပစ်လက်ဖြောင့်သူ ဖြစ်သည့်ပြင် အထူးဂရုစိုက် ချိန်ရွယ်ပြီးမှ ပစ်လိုက်ခြင်းကြောင့် ပစ်မှတ်ကို တည့်တည့်မတ်မတ်ပင် ထိသွားလေသည်။ အော်လီဂန်းစက်သေနတ် ကျည်ဆန်များဒဏ်ကြောင့် ရန်သူစခန်း လက်ယာဘက်မှ အမြောက်နှစ်လက်စလုံး ပျက်စီးသွားပြန်လေတော့သည်။



"ကိုင်း... ဂျက်ဆင်။ စခန်းတံခါးဝဘက်ကို မောင်းပြီး အထဲကိုသာ ဝင်လိုက်ပေတော့။ ဘီလျံနာအရှူးကြီးရဲ့ ဂိုဏ်းသားတွေကို မှတ်လောက်သားလောက်အောင် ဆုံးမဖို့ အချိန်တန်ပြီ။ ပထမဆုံးလုပ်ဖို့က ဒီကောင်တွေ ရန်မမူနိုင်အောင် သတိမေ့စေတဲ့ ဓာတ်ငွေ့ဗုံးတွေကိုတော့ သုံးရလိမ့်မယ်"

ရစ်ချတ်က ပြောလိုက်ရာ ဂျက်ဆင်လည်း နားလည်ဟန်ဖြင့် ခေါင်းညိတ်လေသည်။ "ဓာတ်ငွေ့သုံးတာက အရေးမကြီးဘူး။ ကျုပ်က နှလုံးအားနည်းနေတယ်လို့ ဆရာဝန်က ပြောဖူးတာကြောင့် ဓာတ်ငွေ့လက်နက်သုံးရင် ကျုပ်အတွက် မကောင်းဘူးထင်တယ်။ အို... ဘာပဲဖြစ်ဖြစ်လေ ရန်သူကို ချေမှုန်းဖို့က အဓိကပဲ ဖြစ်တယ်။ သတိထားသာ ကိုင်လိုက်ကြပေတော့"

ဤသို့ပြောရင်းနှင့် မာလိန်မှူး ဂျက်ဆင်သည် ဟမ်ဗလာအားမတ်ကားကြီး၏ စတီယာရင်လက်ကိုင်ကို တအားလှည့်ကာ ဧဒင်ဥယျာဉ်သစ်ဟု အာဏာရူး ဘီလျံနာက အမည်ပေးထားသော စခန်းပေါက်ဝဆီသို့ ဦးတည်မောင်းသွားလေသည်။

သူတို့၏ အားမတ်ကားကြီး ဝင်သွားသည်နှင့် အတွင်းဘက်ရှိ အရဏ်သစ်ဂိုဏ်းသားများ ထိတ်လန့်တကြားဖြစ်သော ခြေဦးတည့်ရာ ထွက်ပြေးကြကုန်လေသည်။

ရစ်ချတ်သည် စခန်း၏ အတွင်းဘက်အခြေအနေကို သေချာစွာ လှည့်ပတ် အကဲခတ်ကြည့်လိုက်သည်။ အပေါ်ယံအားဖြင့် သိုးမွေးမြူရေးခြံအဖြစ် ပြုလုပ်ထားသော စခန်း၏ အတွင်းဘက်တစ်နေရာတွင် အဆောက်အအုံတစ်ခုရှိရာ ယင်းအဆောက်အအုံ၏ နံရံတစ်ဖက်တွင် ဓာတ်လှေကားများ တပ်ဆင်ထားသည်ကို တွေ့ရသည်။

ထိုဓာတ်လှေကားများမှတစ်ဆင့် ဘီလျံနာကြီး၏ မြေအောက်အခြေစိုက်စခန်းသို့ ဆင်းရကြောင်း ရစ်ချတ်က ချက်ချင်း ရိပ်မိလိုက်ပြီ ဖြစ်သည်။

မလှမ်းမကမ်းတွင် ဂျစ်ကား၊ ကုန်တင်ကား၊ လော်ရီကားများ အတော်များများကိုလည်း တွေ့ရသည်။ ရစ်ချတ်သည် အော်လီဂန်း စက်သေနတ်နှစ်လက်ဖြင့် ဆက်တိုက် ပစ်ခတ်လိုက်ရာ ယာဉ်များ၏ ဓာတ်ဆီတိုင်ကီကို ထိမှန်ပြီး ချက်ချင်း မီးစွဲလောင်ကာ ပျက်စီးကုန်လေသည်။

ထိုအချိန်၌ ရစ်ချတ်တို့အဖွဲ့မှ အခြားယာဉ်များသည်လည်း စခန်းအတွင်းသို့ လိုက်ဝင်လာကြပြီ ဖြစ်သည်။ ရှေ့ဆုံးကားတွင်ပါလာသူ မှူးကြီးထောက် တေချော့ဗ်စကီးသည် အိုဝင်စက်သေနတ်ကို အသင့်ကိုင်ထားရင်း ရန်သူအား တိုက်ခိုက်ချေမှုန်းရန် လက်ယားနေပုံရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟမ်ဗလာ အားမတ်ကား အပါအဝင် ရစ်ချတ်တို့ လူစု၏ ယာဉ်များ ဝင်ရောက်လာသည်ကို ဘီလျံနာကြီး၏ အရဏ်သစ်ဂိုဏ်းသားများက သိရှိသွား ပြီဖြစ်ရာ အစိမ်းရောင် ယူနီဖောင်းဝတ်ထားသော လက်နက်ကိုင်အစောင့်များ ပြေးထွက်လာကြလေသည်။

စက်သေနတ်ငယ်၊ မောင်းပြန်ရိုင်ဖယ် စသော လက်နက်မျိုးစုံကိုင်ထား သော လုံခြုံရေးအစောင့်များသည် ပြင်ပရန်သူများ ဝင်လာပါက တိုက်ခိုက်နှိမ် နင်းရန်အတွက် ဘီလျံနာကြီးက အထူးစီစဉ်ထားသည့် ကာကွယ်ရေးတပ်ဖွဲ့ပင် ဖြစ်သည်။

သို့သော် သူတို့သည် စစ်မြေပြင်တိုက်ခိုက်ရေး အတွေ့အကြုံရှိသူများ မဟုတ်။ ဘီလျံနာ ဝင်စတန်၏ စည်းရုံးသိမ်းသွင်းမှုဖြင့် ဆေတန်နတ်ဆိုး၏ ကူညီမစမှုကို ယုံကြည်သော အယူသီးဝါဒသမားများသာ ဖြစ်သည်။

ရဲဘော်တေချော့ဗ်စကီးကား တိုက်ခိုက်မှုအတွေ့အကြုံရှိသည့်ပြင် လက် နက်မျိုးစုံ ကိုင်တွယ်ပစ်ခတ်ရာ၌ အထူးကျွမ်းကျင်သူ ပါရဂူတစ်ဦး ဖြစ်လေသည်။ ယင်းအချက်ကို အရဏ်သစ်ဂိုဏ်းသားများက ရိပ်မိသိရှိပုံ မရချေ။ သူတို့၏ သေနတ်များဖြင့် လှမ်းပစ်ရန် ပြင်ဆင်နေချိန်မှာပင် တေချော့ဗ်စကီးက သူ၏ အိုဝင်စက်သေနတ်ဖြင့် တရကြမ်း ဆွဲပစ်လေတော့သည်။

ထိုစက်သေနတ်သည် စစ်မြေပြင်၌ အလွန်ထိရောက်သော လက်နက် တစ်ခုဖြစ်ပြီး တစ်မိနစ်လျှင် ကျည်ဆန် (၃၅၀) တိတိ ထွက်အောင် လျင်မြန် လှပေသည်။

အစိမ်းရောင်ယူနီဖောင်းဝတ် ရန်သူဂိုဏ်းသားများသည် တေချော့ဗ်စကီး ၏ လက်မြန်မှုကြောင့် အံ့အားသင့် တုန်လှုပ်ကာ နီးရာ အကာအကွယ်ရှိရာသို့ ထွက်ပြေးရန် ကြိုးစားကြသော်လည်း လူ (၁၄) ယောက်ကတော့ အပြေးမမြန် သဖြင့် စက်သေနတ်ကျည်ဆန် ထိမှန်ကာ အတုံးအရုံး ကျဆုံးသွားသည်။ ၎င်း တို့အထဲ အမျိုးသမီးနှစ်ဦးပင် ပါဝင်နေ၍ ရစ်ချတ်တို့ လူစုအနေဖြင့် အံ့ဩ နေမိသည်။ ဘီလျံနာဝင်စတန်သည် အမျိုးသမီးများကိုပင် လက်နက်ကိုင် တိုက်ခိုက် စည်းရုံး လေ့ကျင့်ပေးထားကြောင်း ထင်ရှားပေသည်။

တေချော့ဗ်စကီးက စက်သေနတ်ဖြင့် ပစ်ခတ်နေချိန်မှာပင် ရစ်ချတ်က ဒီအမ်ခေါ် ဓာတ်ငွေ့ပါသည့် လက်ပစ်ဗုံးများကို ပစ်လေရာ စက်သေနတ်ကျည် ဆန် မထိသူ အရဏ်သစ်ဂိုဏ်းသားများသည် ဒီအမ်ဓာတ်ငွေ့သင့်ကုန်ကြလေ သည်။

ယင်းဓာတ်ငွေ့၏ အာနိသင်ကား အနည်းငယ် ရှူရှိုက်မိသည်နှင့် မူး



ဝေအော့အန်ရာမှ သတိမေ့သွားသည်အထိ ဖြစ်တတ်လေသည်။ သတိမေ့သူများ ဆိုလျှင်လည်း မူးမူးနောက်နောက် ဖြစ်ရုံမျှမက အလွန်အကျွံ အရက်မူးနေသူများ ကဲ့သို့ ခန္ဓာကိုယ်ကို မထိန်းနိုင်ဘဲ ဒယိမ်းဒယိုင်ဖြစ်ကာ သတိကောင်းစွာ မရှိ ကြတော့ချေ။

ရှုရှုရဲဘော် တေချော့ဗ်စကီးသည် အိုဝင်စက်သေနတ်ဖြင့် မြင်မြင်သမျှ ရန်သူဂိုဏ်းသားများကို ဆက်တိုက်ပစ်ခတ် ချေမှုန်းနေလေသည်။

"ဟေ့... ဂျက်ဆင်။ အရှေ့တောင်ဘက် မျှော်စင်ဘက်ကို လှည့်မောင်း ပါ။ ပြီးတော့ ဓာတ်ငွေ့ကာ မျက်နှာဖုံးတွေ တပ်ထားကြ။ ရဲဘော် တေချော့ဗ် စကီးလည်း ဓာတ်ငွေ့ကာ မျက်နှာဖုံး ကြိုတင်တပ်ထားဖို့ မမေ့ပါနဲ့"

ဤကဲ့သို့ အမိန့်ပေးပြီးနောက် ရစ်ချတ်သည် ဩစတြေလျ ကွန်မန်ဒို တပ်မှူးဟက်တာကိုလည်း မျှော်စင်ဘက်သို့ လှည့်မောင်းပြီး ဘာနီစက်သေနတ် ဖြင့် ပစ်ခတ်တိုက်ခိုက်ရန် အမိန့်ပေးလိုက်သည်။

ထို့နောက် ရှုရှုစုံထောက် တေချော့ဗ်စကီးဘက်သို့ လှည့်ပြောပြန်သည်။

"ရဲဘော်ကြီး၊ အခုအချိန်မှာတော့ ဓာတ်ငွေ့ဗုံးတွေ သုံးဖို့ မသင့်တော် ဘူး။ ရိုးရိုးလက်ပစ်ဗုံးနဲ့ လက်နက်ငယ်တွေ သုံးပြန်ရင်လည်း ရှုပ်ထွေးကုန် လိမ့်မယ်။ ဒါကြောင့် ခင်ဗျားက စက်သေနတ်နဲ့ပဲ ပစ်စေချင်တယ်"

"မစ္စတာရစ်ချတ်။ ကျုပ်က ဟမ်ဗလာကို ဘယ်လို မောင်းပေးရမှာလဲ၊ မျှော်စင်နားကို ရောက်အောင် မောင်းလိုက်၊ နောက်ပြန်ဆုတ်လိုက် လုပ်ရမှာ လား။ ခင်ဗျားက ဘယ်လိုတိုက်မှာလဲ"

ဂျက်ဆင်က ရစ်ချတ်အား လှမ်းမေးလိုက်လေသည်။

"သိပ်ပြီး စိတ်မစောပါနဲ့ ဂျက်ဆင်ရဲ့၊ စိတ်အေးအေးထားစမ်းပါ။ ဒီလို လုပ်၊ ခင်ဗျားက ဒီဟမ်ဗလာကို အရှေ့တောင်ဘက် မျှော်စင်နား ဆယ်ပေကျော် လောက်ထိအောင် မောင်းပါ။ ပြီးတော့ ပြန်ဆုတ်ခဲ့၊ အဲဒီလို နှစ်ကြိမ်လောက် လုပ်ရင် တော်ပါပြီ။ ခင်ဗျားက နောက်ပြန်ဆုတ်နေချိန်မှာ ရန်သူဘက်က ပြန် မပစ်နိုင်အောင် ရဲဘော်ကြီး တေချော့ဗ်စကီးက မီးခိုးဗုံးနဲ့ ဓာတ်ငွေ့ဗုံးတွေ ပစ်ပေးလိမ့်မယ်။ ခင်ဗျား ဒုတိယအကြိမ် ရှေ့တိုးမောင်းတဲ့အခါ ကျုပ်က ဒီ ကောင်တွေကို အပြတ်ရှင်းဖို့ ကြည့်လုပ်မယ်။ ကိုင်း... ဒါပါပဲ စိတ်အေးအေး ထားပြီးသာ မောင်းစမ်းပါ"

ရစ်ချတ်က သူလိုချင်သော အစီအစဉ်ကို ပြောပြလေသည်။

ထိုအချိန်၌ သူတို့၏ ဟမ်ဗလာ (အားမတ်) ကားသည် မျှော်စင်နှင့် ပေ (၃၅၀) ခန့်အကွာတွင် ရှိနေသည်။ ဂျက်ဆင်သည် ရစ်ချတ် ညွှန်ကြားသည့်အတိုင်း

www.burmeseclassic.com

www.burmeseclassic.com



စက်တုန့်ဖွင့်၍ ရှေ့သို့ မောင်းထွက်လေသည်။ ရစ်ချတ်ကတော့ အော်လီကန်း စက်သေနတ်နှစ်လက်ဖြင့် မျှော်စင်ကြီး တည့်တည့်သို့ သေချာစွာ ချိန်ထားပြီး ဖြစ်သည်။

သူတို့၏ နောက်ဘက် လက်ဝဲဘက် ခပ်ယွန်းယွန်း ကိုက် (၅၀) အကွာ တွင် ကွန်မန်ဒိုတပ်မှူး ဟက်တာ၏ ဂျစ်ကားကလည်း လိုက်ပါလာကြောင်း ရစ်ချတ်က သတိပြုမိလေသည်။

ဟက်တာ၏ တာဝန်ကား ရစ်ချတ်က ပစ်ချိန်တွင် သူကလည်း ၁၀၅ မီလီမီတာ စက်သေနတ်ကြီးဖြင့် မျှော်စင်ကြီးအား ပစ်ခတ်တိုက်ခိုက်ရန် ဖြစ် သည်။ ဟက်တာ၏ ဂျစ်ကားနောက်တွင် အခြားကွန်မန်ဒိုဂျစ်ကားနှစ်စီးသည် လည်း ထက်ကြပ်မကွာ ရှိနေသည်။

နောက်ထပ်ဂျစ်ကားတစ်စီးက ဟမ်ဗလာ အားမတ်ကားနှင့် ရင်ပေါင် တန်းလိုက်လာသည်။ ယင်းဂျစ်သည် ပထမအချီ တိုက်ခိုက်ရာတွင် ဝင်မပါ သေးဘဲ စောင့်နေလျက် ကျန်ယာဥ်များက ပစ်ခတ်တိုက်ခိုက်ပြီး လှည့်အထွက် တွင်မှ (အကယ်၍ ရန်သူက တုံ့ပြန်တိုက်ခိုက်မှ) စက်သေနတ်များဖြင့် ပစ် ခတ်ရန်ပင် ဖြစ်သည်။

အထူးသဖြင့် မျှော်စင်၏ အောက်ခြေတွင် ရှိသော ဘန်ကာခေါ် ကတုတ်အတွင်းရှိ ရန်သူဂိုဏ်းသားများအား ပစ်ခတ်ရမည် ဖြစ်သည်။

ဂျက်ဆင်သည် ဟမ်ဗလာ (အားမတ်) ကားကြီးကို မျှော်စင်၏ အရှေ့ တောင်ထောင့်ဆီသို့ ဦးတည်လျက် တအားမောင်းလျက် ရှိသည်။ မျှော်စင်အောက် နားရှိ ရန်သူ အရူးသစ်ဂိုဏ်းသားများက ဟမ်ဗလာနှင့်တကွ နောက်ပါဂျစ်ကား များဆီသို့ စက်သေနတ်ဖြင့် လှမ်းပစ်နေကြသည်။ သို့သော် တိုက်ခိုက်မှုအတွေ့ အကြုံရှိသူ ရစ်ချတ်တို့ လူစုအား မည်သည့်ကျည်ဆန်မှ မထိမှန်သေးချေ။

ထိုအတောအတွင်း မျှော်စင်ပေါ်မှ လှမ်းပစ်နေသော အမြောက်သံများ ရုတ်တရက် ရပ်သွားသည်။

ဟမ်ဗလာ (အားမတ်) ကားနှင့် ဂျစ်ကားများက မျှော်စင်အနီးသို့ ချဉ်း ကပ်လာပြီဖြစ်၍ အမြောက်ဖြင့် လှမ်းပစ်ရန် မဖြစ်တော့သောကြောင့်ပင်တည်း။

ရန်သူအစောင့်တပ်သားများက စက်သေနတ်ဖြင့် ပစ်ခတ်နေပြီ ဖြစ်၍ ရစ်ချတ်သည် ဟမ်ဗလာ (အားမတ်)၏ သံမဏိပြားများကို အကာအကွယ်ယူ ထားလိုက်ရသည်။

မျှော်စင်အောက်ခြေမှ အရူးသစ်ဂိုဏ်းသားများက တရကြမ်း ပစ်ခတ်



မှုကြောင့် ဟမ်ဗလာကားပေါ်သို့ စက်သေနတ်ကျည်ဆန်များ မိုးရွာသလို အဆက်မပြတ် ကျရောက်လာလေသည်။

ရစ်ချတ်သည် သူ့အား ကျည်မသင့်အောင် အထူးသတိထားလျက် အော်လီကန်းသေနတ်နှစ်လက်ကို သေချာစွာ ချိန်ပြီးမှ မျှော်စင်၏ အရှေ့နှင့် တောင်ဘက် အုတ်နံရံများဆီသို့ ပစ်လိုက်လေသည်။

တစ်ချိန်တည်းမှာပင် ကွန်မန်ဒိုတပ်မှူး ဟက်တာကလည်း သူ၏ကား ပေါ်မှ ၁၀၅ မီလီမီတာ စက်သေနတ်ကြီးဖြင့် ရန်သူမျှော်စင်အား သဲသဲမဲမဲပစ် ခတ်နေလေသည်။ ထိုအချိန်၌ ရစ်ချတ်တို့၏ ဟမ်ဗလာ (အားမတ်) ကားသည် မျှော်စင်၏ အရှေ့တောင်ထောင့်နှင့် ပေငါးဆယ်ခန့်သာ ကွာဝေးသော နေရာ သို့ ရောက်နေပြီ ဖြစ်သည်။

မျှော်စင်အောက်ခြေရှိ ဘန်ကာ (ကတုတ်) ကိုလည်း နီးကပ်စွာ မြင်နေရပြီ ဖြစ်ရာ ရစ်ချတ်သည် သူ၏ အဖွဲ့ဝင်များအား ဟစ်အော်အမိန့်ပေးလိုက်သည်။

"ကိုင်း... ကိုယ့်လူတို့။ ရန်သူရဲ့ မျှော်စင်ကြီးကို အပြီးသတ် ချေမှုန်း ကြစို့လား။ ရဲဘော်တေချော့ဗ်စကီး ခင်ဗျားလည်း အဆင်သင့်သာ ပြင်ထား ပေတော့"

ဤသို့ပြောရင်း ရစ်ချတ်သည် ဟမ်ဗလာကားကြီး၏ အရှိန်ကို အနည်း ငယ် လျှော့မောင်းရန် အမိန့်ပေးလိုက်ပြန်သည်။ ဂျက်ဆင်ကလည်း ဟမ်ဗလာ (အားမတ်) ကား၏ အရှိန်ကို သိသိသာသာ လျှော့လိုက်သည်။

ဟမ်ဗလာတွင် ဂီယာ ၁၂ ချက်ရှိလေရာ အရှိန်ကို ထိန်းမောင်းရာ၌ ဂီယာ ၁၂ မျိုးစလုံး အသုံးချရသော်လည်း ဂျက်ဆင်သည် ကျင်လည်သွက်လက် စွာ ကိုင်တွယ်မောင်းနှင်နိုင်ပေသည်။

အမြောက်တင်မျှော်စင်၏ ကွန်ကရစ်နံရံအနီးသို့ ရောက်ပြီး ဝင်တိုက် တော့မည့်ဆဲဆဲရှိတော့မှ ဂျက်ဆင်က ဟမ်ဗလာကားကို ဘရိတ်အုပ်ရပ်လိုက် သည်။ ရုရှားလူမျိုး တေချော့ဗ်စကီးသည် ရစ်ချတ် သတိပေးထားသည့်အတိုင်း အဆင်သင့် ဖြစ်နေပေပြီ။

ကမ္ဘာ့ဖျက်ရန် ကြံစည်လောက်အောင် စိတ်ရူးပေါက်နေသည့် ဘီလုံနာ ဝင်စတန်အား အပြီးသတ် တိုက်ခိုက်ချေမှုန်းရာတွင် သူသည် အစီက အရေးပါ သူများတွင် ပါဝင်လိုသည့်ဆန္ဒ ပြင်းပြသူဖြစ်သည့်အလျောက် ယခု နောက်ဆုံး တိုက်ပွဲတွင် တေချော့ဗ်စကီးက လက်သံပြောင်ပြောင်နှင့် တိုက်ခိုက်မှုစွမ်းရည်ကို ပြသရန် အဆင်သင့်ဖြစ်နေပေပြီ။

ထို့ကြောင့် အစီအစဥ်အတိုင်း ရန်သူဂိုဏ်းသား လက်နက်ကိုင် အစောင့်

www.burmeseclassic.com

www.burmeseclassic.com



များ ရုတ်တရက် ပြန်လည်တုံ့ပြန်တိုက်ခိုက်ခြင်း မပြုနိုင်ရန် မီးခိုးထွက်စေသောဗုံးနှင့် 'ဒီအမ်' ဓာတ်ငွေ့ဗုံးများကို မျှော်စင်၏ ဝဲယာနှစ်ဖက်သို့ လှမ်းပစ်လိုက်လေသည်။

ဂျက်ဆင်သည် ရစ်ချတ်၏ ညွှန်ကြားချက်ဖြင့် ဟမ်ဗလာအားမတ်ကားကြီးကို လျင်မြန်စွာ နောက်ဆုတ် ကွေ့မောင်းကာ မျှော်စင်နှင့် ၂၅ ပေခန့်ကွာသည့် နေရာသို့ ပြန်ဆုတ်လိုက်သည်။

မျှော်စင်၏ လက်ဝဲဘက်တွင် ကျရောက်ပေါက်ကွဲသော မီးခိုးဗုံးများမှ အဖြူရောင်မီးခိုးတွေ အလိပ်လိုက် ထွက်လာကာ ပတ်ဝန်းကျင်တစ်ခုလုံး ဘာမှ မမြင်ရအောင် ဖြစ်သွားချိန်မှာပင် လက်ယာဘက်တွင်လည်း ဒီအမ်ဓာတ်ငွေ့ဗုံးများမှ နီကျင့်ကျင့်အရောင် ဓာတ်ငွေ့များ ထွက်လာလေသည်။

အရဏ်သစ်ဂိုဏ်းသား လက်နက်ကိုင် အထူးတပ်ဖွဲ့မှ အစောင့်တပ်သားများသည် ဓာတ်ငွေ့တွေ ထွက်လာမှန်း ရိပ်မိသဖြင့် ကပျာကယာ ဓာတ်ငွေ့ကာမျက်နှာဖုံးများ အသီးသီးစွပ်လိုက်ကြသည်။ သို့သော် ချက်ချင်းလိုပင် သူတို့သည် အံ့အားသင့် တုန်လှုပ်သွားပြန်လေသည်။ သူတို့၏ ဓာတ်ငွေ့ကာ မျက်နှာဖုံးများသည် ရိုးရိုးဓာတ်ငွေ့ဆိုလျှင် ကာကွယ်နိုင်သော်လည်း ဒီအမ်အမျိုးအစား အနီရောင်ဓာတ်ငွေ့ကိုတော့ ကာကွယ် နိုင်စွမ်းမရှိကြောင်း ချက်ချင်းသိရသောကြောင့်ပင်တည်း။

သူတို့ဆရာကြီး ဘီလျံနာဝင်စတန်၏ စိတ်ရူးပေါက်ဝါဒကို ယုံကြည်သူ အယူသီးသမားများဖြစ်သည့်အလျောက် လက်နက်ကိုင် အထူးတပ်ဖွဲ့သားများက 'ဆေတန်နတ်မင်း ကယ်တော်မူပါလော့'ဟု ကယောင်ချောက်ချား ဆုတောင်းမိကြလေသည်။ သို့သော် သူတို့လွဲမှားစွာ ယုံကြည်အားကိုးသော ဆေတန်နတ်ဆိုးက တကယ့်အရေးကျတော့ မကယ်နိုင်ပါချေ။

ဒီအမ်ဓာတ်ငွေ့သတ္တိကြောင့် သူတို့သည် မူးဝေအော့အန်ရုံမက ဝမ်းဗိုက်ပါ ထိခိုက်ဖောက်ပြန်ကာ ချက်ချင်း ဝမ်းလျှောခြင်းကို အလူးအလဲ ခံစားကြရလေတော့သည်။ အထူးသဖြင့် စက်သေနတ်သမားများနှင့် အမြောက်ပစ်သူများသည် ဒီအမ်ဓာတ်ငွေ့သင့်ပြီး မည်သို့မှ တုံ့ပြန်တိုက်ခိုက်ခြင်း မပြုနိုင်တော့သည့် အခြေအနေမျိုး ဖြစ်ကုန်ကြသည်။

ဓာတ်ငွေ့များသည် မြေပြင်မှ အထက်သို့ တဖြည်းဖြည်း လွင့်တက်သွားလေရာ မျှော်စင်အပေါ်ရှိ လူများသည်လည်း အလားတူ မူးဝေအော့အန်ခြင်း၊ ဓာတ်ပျက် ဝမ်းလျှောခြင်း ဝေဒနာများ ခံစားကြရလေသည်။



ကောင်းစွာ မတ်တတ်ရပ်ရန်ပင် မတတ်နိုင်တော့ဘဲ ယိမ်းထိုးကာ အော့အန်လိုက်၊ ဝမ်းလျှောလိုက်နှင့် အလူးအလဲ ခံစားနေရလေသည်။

အချို့ကဆိုလျှင် ဟမ်ဗလာကားကြီးကို မြင်မြင်ချင်း လက်ပစ်ဗုံးများ ပစ်ခတ်ဖောက်ခွဲခြင်း မပြုမိသည်ကို နောင်တရမိနေကြသည်။

လက်ပစ်ဗုံးပစ်ရုံနှင့် ဟမ်ဗလာ (အားမတ်) ကားကို မည်သို့မှ မထိခိုက်နိုင်သော်လည်း ဟမ်ဗလာအတွင်းမှ လူများက ဒီအမ်ဓာတ်ငွေ့ဗုံးများ ပစ်ခွဲရန် ပြင်ဘက်သို့ ခေါင်းပြူထွက်ဝံ့ကြမည် မဟုတ်ဟု စဉ်းစားမိကြဟန် တူပေသည်။

ခက်သွားပုံက ဘန်ကာအတွင်းရှိ အရဏ်သစ်ဂိုဏ်း အထူးလက်နက်ကိုင်တပ်ဖွဲ့မှူးက လက်ပစ်ဗုံးမသုံးရန် တားမြစ်ထားခဲ့ခြင်းပင် ဖြစ်သည်။ လက်ပစ်ဗုံးသုံးပါက မတော်တဆ အချို့လက်ပစ်ဗုံးများ အတွင်းဘက်ကျပြီး ပေါက်ကွဲပါက သူတို့အားလုံး သေကုန်ကြမည်ဟု တပ်မှူးလုပ်သူက စိုးရိမ်သောကြောင့် တားမြစ်ခဲ့ခြင်းဖြစ်လေသည်။

မည်သို့ပင်ဖြစ်စေ မျှော်စင်အောက်ခြေရှိ ဘန်ကာအတွင်းမှ အရဏ်သစ်ဂိုဏ်းသားအားလုံးလိုလို အသက်မသေသော်လည်း မည်သို့မှ လှုပ်ရှားတိုက်ခိုက်ခြင်း မပြုနိုင်တော့သည့် အခြေအနေသို့ ရောက်ရှိနေပြီ ဖြစ်သည်။ အချို့ဆိုလျှင် လုံးဝ မဟန်နိုင်တော့ဘဲ မြေကြီးပေါ်တွင် တုံးလုံးလဲကျနေကြလေသည်။

သူတို့ အယူသီးစွာ ယုံကြည်ခဲ့သော ဆေတန်နတ်မင်းက ယခုလို အရေးကြုံသည့်အခါ မကယ်ဘဲ လျစ်လျူရှုထားလေရော့သလားဟု တွေးသူက တွေးနေမိကြလေသည်။

❖

ထိုအတောအတွင်း ရစ်ချတ်ခေါင်းဆောင်သော ကွန်မန်ဒိုတိုက်ခိုက်ရေးအဖွဲ့က လက်နက်မျိုးစုံဖြင့် တရကြမ်း ပစ်ခတ်တိုက်ခိုက်နေကြလေသည်။

ဓာတ်ငွေ့မသင့်ဘဲ ပြန်လည်ပစ်ခတ်နေသူ အရဏ်သစ် ဂိုဏ်းသားများအား ဝိုင်းတိုက်ကြခြင်းဖြစ်ရာ အပြန်အလှန် ပစ်ခတ်နေကြသော စက်သေနတ်သံများ နားကွဲလုမတတ် ဆူညံနေပုံက စစ်မြေပြင်မှ တကယ့်တိုက်ပွဲကြီးတစ်ခု နှင့်ပင် တူနေတော့သည်။

ခပ်လှမ်းလှမ်းရှိ သစ်ပင်တစ်ပင်ပေါ်မှ ဩစတြေလျနိုင်ငံပေါက် 'ဘောင်လာဘတ်' ခေါ် ငှက်နှစ်ကောင်သည် မြေပြင်မှ တိုက်ပွဲကို မျက်လုံးပြူးလျက် လှည့်ကြည့်နေကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း... နောက်တစ်ချီ ပြန်တိုက်ကြဦးစို့"

ယာဉ်မောင်းသူ ဂျက်ဆင်က အော်ပြောရင်း ဟမ်ဗလာ (အားမတ်) ကားကြီးကို အရှေ့တောင်ဘက်ဆီသို့ ခပ်ကြမ်းကြမ်း မောင်းသွားလေသည်။

မျှော်စင်အောက်ခြေရှိ ရန်သူခံတပ် (ဘန်ကာ) ၏ အရှေ့ဘက်နှင့် တောင်ဘက်တွင် အဖြူရောင်မီးခိုးလုံးများ ရှိနေဆဲပင် ဖြစ်သည်။ သို့သော် ရန်သူဘက်မှ ပြန်လည်ပစ်ခတ်ခြင်း လုံးဝမရှိဘဲ တိတ်ဆိတ် ငြိမ်သက်နေသည်။ ရစ်ချတ်တို့ သုံးလိုက်သော ဒီအမ်ဓာတ်ငွေ့ဗုံးများက တကယ်ထိရောက်ကြောင်း ထင်ရှားနေပေသည်။

ဟက်တာနှင့် သူ၏ကွန်မန်ဒိုတပ်သားများကတော့ ဟမ်ဗလာ (အားမတ်) ကားနောက်သို့ လိုက်မလာဘဲ ဘီလျံနာကြီး၏ မြေအောက်စခန်းတွင်းသို့ ဆင်းသည့် အပေါက်ဝဆီသို့ ဦးတည်ကာ ဘာနီစက်သေနတ် ၁၀၅ မီလီမီတာ သေနတ်များဖြင့် ပစ်ခတ်လျက် ရှိသည်။

ရစ်ချတ်သည် အသင့်ယူဆောင်ခဲ့သော 'တီအင်တီ' ယမ်းဘီလူး (ဒိုင်းနမိုက်) လက်နက်သုံးခုကို အသုံးပြုရန်အချိန် ရောက်ပြီဟု ဆုံးဖြတ်လိုက်သည်။ ထို့ကြောင့် ဟမ်ဗလာ (အားမတ်) ကား၏ အပေါက်မှ နေ၍ ရန်သူဘန်ကာရှိရာသို့ ချိန်ကာ တီအင်တီ ယမ်းဘီလူးဗုံးများကို လှမ်းပစ်လိုက်သည်။

တစ်ချိန်တည်းမှာပင် ယာဉ်မောင်းသူ ဂျက်ဆင်အား စခန်းပြင်ဘက်ရှိ ဘီလျံနာကြီး၏ သီးသန့်လေယာဉ်ကွင်းဆီသို့ မောင်းခိုင်းပြန်သည်။

"ကျုပ်တို့ တိုက်ခိုက်လို့ အခြေအနေ ရှုပ်ထွေးနေတုန်းမှာ ဘီလျံနာနဲ့ လူယုံတော် စတီးလ်တို့က အလစ်မှာ လေယာဉ်နဲ့ ထွက်ပြေးချင်ပြေးမှာဗျ။ ဒါကြောင့် ကျုပ်တို့က အရင်ဦးအောင် သူတို့လေယာဉ်တွေကို ဖျက်ဆီးပစ်ရမယ်"

ရစ်ချတ်က ပြောလိုက်ချိန်တွင် လျင်မြန်ဖျတ်လတ်သူ ဂျက်ဆင်သည် ဟမ်ဗလာကားကြီးကို လေယာဉ်ကွင်းဆီသို့ စက်ကုန်ဖွင့်မောင်းလျက် ရှိနေပေပြီ ဖြစ်သည်။

လေယာဉ်ကွင်းတွင် ဟယ်လီကော်ပတာ (ရဟတ်ယာဉ်) တစ်စင်းနှင့် ကုန်တင်လေယာဉ်တစ်စင်းရှိရာ ရစ်ချတ်က အော်လီကန်းစက်သေနတ်ဖြင့် အဆက်မပြတ် ပစ်ခတ်လိုက်ရာ နှစ်စင်းစလုံးသုံးမရအောင် ပျက်စီးသွားလေတော့သည်။

ထိုအခိုက် ကျယ်လောင်စွာ ပေါက်ကွဲသံကြီး ကြားလိုက်ရသဖြင့် လှမ်းကြည့်လိုက်ရာ ရစ်ချတ်ပစ်ခဲ့သော တီအင်တီ ယမ်းဘီလူးဗုံးများ ပေါက်ကွဲသံ ဖြစ်ကြောင်း သိရလေသည်။ ကြောက်စရာအသံကြီး ကြားရသည့် မရှေးမနှောင်း



မှာပင် ရန်သူဘက်သားတို့၏ ဘန်ကာတစ်ခုလုံး ကြေမွပျက်စီးသွားသည်ကို တွေ့ရလေသည်။

"ဟာ... ဟုတ်ပြီဗျို့။ ကျုပ်တို့ တွက်ထားခဲ့တဲ့အတိုင်း ဖြစ်သွားပြီ"

ဂျက်ဆင်က အံ့သြခြင်း၊ ဝမ်းသာအားရ ဖြစ်ခြင်း စသော စိတ်လှုပ်ရှားမှုများ ဖြစ်ဟန်ဖြင့် ရေရွတ်လိုက်သည်။

"အဲဒါ ကျုပ်တို့အစွမ်း မဟုတ်ဘူးဗျ၊ တီအင်တီ ယမ်းဘီလူးရဲ့ အစွမ်းသာဖြစ်တယ်"။ ရစ်ချတ်က ခပ်တည်တည်ပြောလိုက်သည်။

ရုရှားစုံထောက် တေချော့ဖ်စကီးသည် ဟမ်ဗလာ (အားမတ်) ကားကြီး အသုံးဝင်မှုကို ကျေနပ်သဘောကျသွားပုံရသည်။

"အင်္ဂလန်ပြည်လုပ် ဒီအားမတ်ကားကြီးက အတော်ကောင်းတာပဲ။ ဒီနေ့တိုက်ပွဲမှာ ဟမ်ဗလာကြီးက ကျုပ်တို့အတွက် အများကြီး အထောက်အကူ ဖြစ်စေတယ်။ ဒါပေမဲ့ ကျုပ်တို့ ဆိုဗီယက်ရုရှက အားမတ်ကားတွေကလည်း ဒီလိုပဲ ကောင်းတာပါပဲ"

ထိုစကားကို ဂျက်ဆင်က မည်သို့မျှ ပြန်မဖြေဘဲ သူ၏မျက်နှာမှ ချွေးများကို လက်ကိုင်ပဝါတစ်ထည်ဖြင့် သုတ်နေလိုက်သည်။ သူ့အနေဖြင့် ယခုစစ်ဆင်ရေးတွင် ရစ်ချတ်၏ ခေါင်းဆောင်မှုဖြင့် မိမိတို့ပင် ဧကန်မုချနိုင်လိမ့်မည်ဟု တထစ်ချ ယုံကြည်ထားပြီး ဖြစ်သည်။

ရန်သူဘန်ကာ ပျက်စီးသွားသကဲ့သို့ အမြောက်တင်မျှော်စင်ကြီးသည်လည်း ပျက်စီးသွားပြီဖြစ်ရာ ဂျက်ဆင်တို့ လူစုအနေဖြင့် ပို၍ပင် အားရကျေနပ်ဖွယ် ဖြစ်နေပေသည်။ ရန်သူ၏ တင့်ကားတိုက်ဖျက်ရေး အမြောက်နှစ်လုံးစလုံးမှာလည်း မည်သို့မှ သုံးမရအောင် ပျက်စီးနေပြီ ဖြစ်သည်။

အမြောက်တစ်လက်သည် မူလနေရာမှ ပြုတ်ပြီး လွင့်စဉ်ထွက်သွားလျက် အရှေ့ဘက် ပေသုံးဆယ်ခန့်ကွာဝေးသည့်နေရာသို့ ရောက်နေလေသည်။ နောက်အမြောက်တစ်လက်ကလည်း ပြောင်းကြီးတစ်ခုလုံးကောက်ကွေးပြီး လုံးဝ ပျက်စီးနေပြီ ဖြစ်သည်။

ရစ်ချတ်တို့အုပ်စု ထိုးစစ်ဆင်ရာတွင် တိုက်အားအလွန်ကောင်းခြင်းကြောင့် ရန်သူဘက်မှ ခုခံကာကွယ်မှုကို ချေမှုန်းပစ်နိုင်ခြင်းပင်တည်း။

"မစ္စတာရစ်ချတ်ခင်ဗျား။ အခု ဘာဆက်ပြီးလုပ်ကြရမှာလဲ"

ရုရှရဲဘော်ကြီး တေချော့ဖ်စကီးမေးလိုက်လျှင် ရစ်ချတ်က အပြုံးယဲ့ယဲ့ ပါပါ ပြုံးလိုက်ပြီး "ကျုပ်တို့ ဆက်လုပ်ရမယ့် အစီအစဉ်ကတော့ ဘီလျံနာ ဝင်စတန်ကို အပြတ်သုတ်သင်ရှင်းလင်းဖို့ပဲပေါ့ ရဲဘော်ကြီးရဲ့"

■

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

"ငါသည် ယခုအချိန်အထိ အကြံအစည်များ မအောင်မြင်ခြင်း၊ ရန်သူ၏ ထိုးနှက်တိုက်ခိုက်ခြင်းများကို တွေ့ကြုံခံစားနေရသည်မှာ ငါ့အား ဆေတန်နတ်မင်းက မှတ်ကျောက်တင် စမ်းသပ်နေခြင်းသာ ဖြစ်တန်ရာ၏။ ငါ၏ စိတ်ဓာတ် ကြံ့ခိုင်ခြင်း ရှိ မရှိ၊ ငါ၏ ယုံကြည်ချက် ပြင်းထန်ခြင်း ရှိမရှိ၊ ဆေတန်နတ်မင်းက စမ်းသပ်နေခြင်း ဖြစ်၏။ သို့ဖြစ်လင့်ကစား ငါသည်သာလျှင် ဆေတန်နတ်မင်း၏ တမန်တော် အစစ်အမှန် ဖြစ်၏" ဤသို့လျှင် ဘီလုံနာသူဌေးကြီးဝင်စတန်သည် ဆင်ခြင်သုံးသပ်နေမိလေသည်။

နေရာကား မြေအောက်စခန်းတစ်နေရာရှိ ခန်းမဆောင်ကြီးနှင့် ကပ်လျက်စစ်ဆင်ရေးကွပ်ကဲမှုအခန်းတွင် ဖြစ်သည်။ ဘီလုံနာဝင်စတန်သည် ခရစ်ယာန်သာသနာပြုဘုန်းတော်ကြီးများ၏ ဝတ်စုံနှင့် ခပ်ဆင်ဆင် အစိမ်းရောင် ဝတ်ရုံရှည်ကြီးကို ဝတ်ဆင်ထားကာ အခန်းတွင်းရှိ တယ်လီဗီးရှင်း (ရုပ်မြင်သံကြား) စက်ကို ကြည့်ရင်း အထက်ပါအတိုင်း ဆင်ခြင်သုံးသပ်နေခြင်း ဖြစ်သည်။

တယ်လီဗီးရှင်းစက်၏ ပိတ်ကားငယ်တွင် စခန်းပြင်ဘက် မြေပြင်ပေါ်ရှုခင်းကို ကောင်းစွာ မြင်ရအောင် ဖန်တီးထားသည် ဖြစ်ရာ လွန်ခဲ့သော နာရီဝက်အတွင်းက မြင်ခဲ့ရသမျှ ဖြစ်ရပ်တို့က မိမိတို့ အရဏ်သစ်ဂိုဏ်းသားတွေကသာ မရှုမလှ အရေးနိမ့်နေကြောင်း ထင်ရှားစေသဖြင့် ဘီလုံနာဝင်စတန်သည် ဆေတန်နတ်မင်းက သူ့အား မှတ်ကျောက်တင် စမ်းသပ်ကြည့်နေခြင်းပေလော ဟု ဆင်ခြင်သုံးသပ်မိခြင်း ဖြစ်လေသည်။

ရစ်ချတ်ဆိုသူ ခေါင်းဆောင်သော ရန်သူအုပ်စုအား မိမိ ယုံကြည်ကိုးကွယ်သော ဆေတန်နတ်မင်းက အဘယ်ကြောင့် နှိမ်နင်းချေမှုန်းခြင်းမပြုဘဲ ယခုအချိန်အထိ မိမိတို့ အရဏ်သစ်ဂိုဏ်းသားတွေသာလျှင် မရှုမလှ အရေးနိမ့်နေရပါသနည်းဟု သံသယဖြစ်ရာမှ ဘီလုံနာဝင်စတန်သည် ယင်းသို့ ကောက်ချက်ချမိခြင်း ဖြစ်ရပေသည်။

စခန်းပြင်ဘက် မြေပြင်တိုက်ပွဲ အခြေအနေကို ဆန်းစစ်ကြည့်သော် ရန်သူ ရစ်ချတ်တို့ဘက်မှ ဆုံးရှုံးမှုဆို၍ ဂျစ်ကားတစ်စီးကို မိမိတို့တပ်သားများက ချေမှုန်းနိုင်ခဲ့သည်။

ဤကား တိုက်ပွဲ၏အစပထမပိုင်းသာ ဖြစ်သည်။ သုံးမိနစ်ခန့် ကြာသော်အခါ မိမိတို့၏ ဆာလာဒင်သံချပ်ကာကားကြီး ရစရာမရှိအောင် ပျက်စီးခဲ့ပြီး



သည်။ ယခုဆိုလျှင် ရန်သူ (ရစ်ချတ်တို့အဖွဲ့) သည် မိမိတို့ မြေအောက်စခန်း ဒင်ဥယျာဉ်သစ်အပေါက်ဝသို့ပင် ရောက်နေပြီ ဖြစ်သည်။ ဤမျှအထိ ရန်သူက အရေးသာနေခြင်းသည် အဘယ်ကြောင့်နည်း။

ဆေတန်နတ်မင်းက မိမိတို့ကို ကူညီစောင့်ရှောက်မည့်အစား ရန်သူကို အားပေးနေခြင်းပေလော။ စိတ်ရှုပ်ပေါက်နေသူပီပီ ဘီလုံနာဝင်စတန်သည် သံသယဖြစ်လာမိပြန် သည်။

သူ၏အစိက လူယုံတော်များဖြစ်သူ စတီးလ်၊ မက်ကီလစ်နှင့် အီဘရိုတို့ သုံးဦးသည်လည်း ဘီလုံနာကြီးနှင့်အတူ တယ်လီဗီးရှင်း (ရုပ်မြင်သံကြား) စက်ကို ကြည့်နေရာ မြင်ရသော ရှုခင်းကို မယုံကြည်နိုင်လောက်အောင် အံ့သြတုန်လှုပ်ခြင်း ဖြစ်နေကြလေသည်။

ထိုအခိုက် မြေအောက်စခန်း၏ ပထမအထပ်မှ လက်ရွေးစင် လုံခြုံရေးတပ်သားတစ်ဦး၏ ဟစ်အော်ညည်းညူသံကို ကြားလိုက်ရလေသည်။

"ဓာတ်ငွေ့တွေလာနေပြီ။ ဓာတ်... ဓာတ်ငွေ့တွေ လာနေပြီ။ သိပ်ခံရခက်ပါကလား။ အို... ဘုရားသခင် ကယ်တော်မူပါ၊ ကယ်တော်မူပါ"

ထိုမျှနှင့်ပင် စကားသံရပ်သွားရာ အဆိုပါ တပ်သားသည် သတိမေ့မြောသွားပြီဟု ခန့်မှန်းရပေသည်။

ဘီလုံနာကြီးသည် မျက်နှာခက်ထန်တင်းမာစွာဖြင့် လူယုံတော် စတီးလ်အား အမိန့်ပေးလေသည်။

"ဟေ့...အခု အော်လိုက်တဲ့အကောင်ကို ရှာပြီး သေဒဏ်ပေးလိုက်။ ဒီခွေးသားက ကယောင်ချောက်ချားနဲ့ ဘုရားသခင်လို့ တမ်းတရေရွတ်လိုက်တာ ကြားတယ်မဟုတ်လား။ ငါတို့ရဲ့ ကယ်တင်ရှင် အစစ်ဖြစ်တဲ့ ဆေတန်နတ်မင်းကို တမ်းတရမယ့်အစား ဘုရားသခင်လို့ တမ်းတတာကို ခွင့်မလွှတ်နိုင်ဘူး။ ဒီကောင့်ကို ရှာပြီး သေဒဏ်ပေးရမယ်"

ထိုစကားကို စတီးလ်က မည်သို့မျှပြန်၍မပြောကြားချေ။ သူသည် တယ်လီဗီးရှင်းစက်၏ ပိတ်ကားပေါ်တွင် ပေါ်နေသော မြင်ကွင်းကိုသာ ငေးကြည့်နေမိလေသည်။

ခပ်စောစောကပင် စတီးလ်သည် စိတ်ထဲ၌ ဘီလုံနာဝင်စတန်သည် ဆေတန်နတ်မင်း၏ တမန်တော်လည်းမဟုတ်၊ လူသားတို့၏ ကယ်တင်ရှင်လည်းမဟုတ်၊ စိတ်ရှုပ်ပေါက်ပြီး အယူလွဲနေသူဟု အကဲဖြတ်ခဲ့မိပြီဖြစ်ရာ ယခုလက်ငင်း မြင်နေရသော မြေပေါ်တိုက်ပွဲ အခြေအနေအရ မိမိ၏ ယူဆချက်သည် တထစ်ချ မှန်ကန်နေပြီဟု ဆုံးဖြတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အနေးဆဲ ဘုရားသခင်က တမ်းတသူ လက်နက်ကိုင် အစောင့်တပ်သားအား သေဒဏ်ပေးရမည်ဟု အမိန့်ပေးနေခြင်းသည်ပင်လျှင် ဘီလျံနာကြီး၏ စိတ်ရူးဖောက်ပြန်မှု ထင်ရှားစေသည် မဟုတ်ပါလော။

စတီးလ်သည် သူ တစ်ချိန်က အထင်ကြီးစွာဖြင့် ယုံကြည်မိခဲ့သူ ဆရာကြီး ဘီလျံနာဝင်စတန်အပေါ် စိတ်ပျက်မိသလောက် သူ့ကိုယ်သူလည်း အကြီးအကျယ် စိတ်ပျက်မိလေသည်။ သူသည် ကံကြမ္မာနှင့် ယှဉ်ပြိုင်ကာ လောင်းကစားမိသူကဲ့သို့ ဖြစ်နေပေသည်။

မိမိတို့ရှိရာသို့ လာနေသော (ရစ်ချတ်တို့အဖွဲ့) ၏ လုံးလီးလေဒီသင်္ဘောအား မိမိတို့ဘက်မှ အာစတာရှော့စ် သင်္ဘောဖြင့် ပင်လယ်ပြင်တွင် ကြားဖြတ်တိုက်ခိုက်ရန် စေလွှတ်စဉ်က စတီးလ်သည် ရန်သူခေါင်းဆောင် ရစ်ချတ်နှင့်တကွ အပေါင်းပါအားလုံး တစ်ယောက်မကျန် လုံးလီးလေဒီသင်္ဘောနှင့်အတူ ပင်လယ်ထဲ နစ်မြုပ်ပျက်စီးသွားရမည်ဟု ယုံကြည်မိခဲ့သည်။ တစ်နည်းအားဖြင့် စိတ်ထဲမှ လောင်းကစားခဲ့မိသည်။

ယခုတော့ မိမိ၏ လောင်းကစားမှု ရှုံးသွားလေပြီ။ တစ်ဖန် ရစ်ချတ်တို့အဖွဲ့ မိမိတို့၏ စခန်းဆီသို့ ချဉ်းကပ်လာသောအခါ မိမိတို့ဘက်မှ တင့်ကားဖျက်အမြောက်များ၊ ဆာလာဒင်သံချပ်ကာ ကားကြီးများက ရန်သူအား စိစိကြေအောင် ချေမှုန်းနိုင်လိမ့်မည်ဟု မျှော်လင့်မိခဲ့ပြန်သည်။

ယင်းမျှော်လင့်ချက်သည်လည်း ယခုတော့ အကောင်အထည်ပေါ်မလာ ရုံမက ရန်သူက မိမိတို့ရှိရာ မြေအောက်စခန်းဝသို့ပင် ချင်းနင်း ဝင်ရောက်လာပြီ ဖြစ်သည်။ ပြင်ပရန်သူလာပါက မည်သို့မျှ မိမိစခန်းဆီသို့ မချဉ်းကပ်နိုင်အောင် အာမခံချက်သဖွယ် အလွန်စိတ်ချရပါသည် ဆိုသော အမြောက်တင် မျှော်စင်ကြီးသည်လည်း ယခုတော့ ရန်သူ၏ ပစ်ခတ်ချေမှုန်း ဖျက်ဆီးခြင်းကို ခံလိုက်ရပေပြီ။

သေမင်းတမန်ခေါ် ရစ်ချတ်ခေါင်းဆောင်သည့် အဖွဲ့က ယခု မိမိတို့၏ မြေအောက်စခန်းကိုပါ ဆက်လက် တိုက်ခိုက်တော့မည် ဖြစ်သည်။ မိမိတို့ဘက်မှ နောက်ဆုံး မျှော်လင့်ချက်တစ်ခုသာ ရှိတော့သည်။ ယင်းကား မြေအောက်စခန်းအတွင်းရှိ အရဏ်သစ်ဂိုဏ်းက အထူးကာကွယ်ရေးတပ်သားများပင် ဖြစ်သည်။ အထူးကာကွယ်ရေးတပ်သားများက ရန်သူရှေ့မတိုးအောင် ခုခံကာကွယ် တိုက်ခိုက်ခြင်း မပြုနိုင်ပါက မိမိတို့အဖွဲ့ လုံးဝ မျှော်လင့်ချက်ရှိတော့မည် မဟုတ်ချေ။

စေ့စေ့တွေးလေ စိတ်မာတ်ကျစရာ ကောင်းလေ ဖြစ်နေရာမှ စတီးလ်



သည် ရန်သူအဖွဲ့ခေါင်းဆောင် ရစ်ချတ်အား ပြင်းစွာစက်ဆုပ် မုန်းတီးလာမိပြန်သည်။

“ငါကိုယ်တိုင် ဒီကောင်ကို မသေသေအောင် သတ်ပစ်မယ်” ဤသို့လည်း ဆုံးဖြတ်လေသည်။

လောလောဆယ်တော့ မိမိတို့၏ နေရာသည် စိုးရိမ်စရာ မရှိသေး။ စစ်ဆင်ရေးကွပ်ကဲမှုစခန်းနှင့်တကွ ကပ်လျက်ရှိသော ခန်းမဆောင်ကြီးတို့သည် မြေအောက်မြို့တော်၏ အခြားနေရာများနှင့် လုံးဝ အဆက်အသွယ်ပြတ်အောင် ပြုလုပ်နိုင်သည့် အစီအစဉ်များ ဖန်တီးထားရှိသည်။

လိုအပ်၍ ခိုင်ခံ့သော တံခါးကြီးများကို ပိတ်လိုက်ပါက မည်သို့မှ ဝင်ရောက်၍ ရမည် မဟုတ်ချေ။ သံမဏိတံခါးကြီးများက တောင့်တင်းသလောက် လေလုံအောင်ပင် ဖန်တီးထားပြီး မိမိတို့အတွက် ပြင်ပမှ လေကောင်းလေသန့် မှန်မှန်ဝင်အောင်လည်း အထူး စီမံဖန်တီးထားသည်။ ရန်သူဘက်က အသုံးပြုနေသော ဒီအမ်အဆိပ်ငွေ့ကိုပါ ကာကွယ်တားဆီးနိုင်သည့် အခြေအနေမျိုး ရှိသည်။

တစ်ဖန် ခန်းမဆောင်နှင့် စစ်ဆင်မှု ကွပ်ကဲရေးအခန်းကို သီးသန့်ကာကွယ်စောင့်ရှောက်ရန်အတွက် လက်နက်ကိုင်တပ်သား နှစ်ဆယ်ကလည်း အဆင်သင့်ရှိပေသည်။

အကယ်၍ ယင်းလက်နက်ကိုင် ကာကွယ်ရေး တပ်သားနှစ်ဆယ်က ရန်သူကိုခုခံ၍ မအောင်မြင်ခဲ့သော် စတီးလ်သည် ရန်သူ၏ခြေလှမ်းကို ကြိုတင်ခန့်မှန်း တွက်ကြည့်မိပြန်သည်။

မိမိတို့ ယခု ရှိနေသော အခန်းသည် မြေအောက်စခန်း၏ ဆဋ္ဌမအထပ်တွင်ရှိလေရာ ရန်သူအနေဖြင့် ချဉ်းကပ်လာနိုင်စရာ တစ်ခုတည်းသောလမ်းမှာ ပဥ္စမအထပ်မှ ဆဋ္ဌမအထပ်သို့ လာရန် လှေကားက နှစ်ဖက်စလုံးတွင် ရှိနေသဖြင့် သေမင်းတမန် (ရစ်ချတ်) တို့အဖွဲ့က ယင်းလှေကားနှစ်ခုအနက် လာချင်သည့်ဘက်မှ လာနိုင်ပေသည်။ လာချင်လာပါစေ၊ မိမိက အသင့်စောင့်ပြီး ဦးအောင် ပစ်ခတ်တိုက်ခိုက်ရန်သာ ရှိသည်။

ဤသို့လျှင် စတီးလ်သည် သူ၏ဆရာကြီး ဘီလျံနာဝင်စတန်အပေါ် မယုံကြည်တော့သော်လည်း တစ်ဖက်ရန်သူ ရစ်ချတ်ကိုလည်း စက်ဆုပ် မုန်းတီးကာ သူကိုယ်တိုင် သတ်ချင်စိတ် ဖြစ်ပေါ်နေမိလေသည်။

အီဘာရိုဆိုသူသည်လည်း လုံးဝ စကားမပြောဘဲ တယ်လီဗီရှင်းကိုသာ ပါးစပ်အဟောင်းသားနှင့် ငေးကြည့်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ လက်တွင် ၇ ဒသမ ၆၂ မောင်းပြန်ရိုင်ဖယ်သေနတ်ကို ကိုင်ထားသော တယ်လီဗီးရှင်း (ရုပ်မြင်သံကြား) စက်၏ ဗိတ်ကားပေါ်တွင် ရုပ်ရှင်ကားတစ်ကားသဖွယ် မြင်နေရသော ပြင်ပရှုခင်းမှ လှုပ်ရှားမှုများကို ငေးကြည့်နေခြင်း ဖြစ်သည်။

ပြင်ဘက်တွင်ကား ရစ်ချတ်တို့အဖွဲ့က ပစ်ခတ် တိုက်ခိုက်ရန် ရှေ့တိုးဝင်လာပြီး မိမိတို့၏ အထူးလက်ရွေးစင် ကာကွယ်ရေးတပ်သားများ တစ်ယောက်ပြီးတစ်ယောက် ကျည်သင့်ကျဆုံးနေကြပြီ ဖြစ်သည်။ ယင်းမြင်ကွင်းကို ဘီလျံနာဝင်စတန်၏ လူယုံတစ်ဦးဖြစ်သူ အီဘရိုက တအံ့တဩ ငေးမောကြည့်ရှုရင်း စိတ်တွေ တုန်လှုပ်ချောက်ချားလျက်နေခြင်း ဖြစ်သည်။

ရစ်ချတ်တို့အဖွဲ့သည် မြေအောက်စခန်း၏ ပထမအထပ်သို့ ဝင်၍ ထိုးစစ်ဆင် တိုက်ခိုက်နေကြလေပြီ။ ဘီလျံနာကြီး၏ နောက်လူယုံတစ်ဦးဖြစ်သူ မက်ကီလစ်သည် ရုပ်မြင်သံကြား (တယ်လီဗီးရှင်း) စက်ကို ကြည့်ပြီး ဇောချွေးများ ပြန်လျက်ရှိလေသည်။

သူကတော့ ရန်သူ၏ တရကြမ်း ထိုးစစ်ဆင်မှုကို ကြည့်၍ တုန်လှုပ်ချောက်ချားမိခြင်းကို ဟန်ဆောင် ဖုံးကွယ်မနေတော့ဘဲ "ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲ။ သေမင်းတမန်ကြီးလို့ နာမည်ကြီးနေတဲ့ ရစ်ချတ် ဆိုတဲ့ သတ္တဝါကို ဘယ်လိုလုပ်ပြီး တားဆီးကြမလဲ" ဟု မေးလိုက်သည်။

ဘီလျံနာဝင်စတန်သည် သူ၏ကိုယ်ရေးအရာရှိဖြစ်သူ မက်ကီလစ်အား ခပ်တည်တည် လှမ်းကြည့်လိုက်သည်။

နှစ်ပေါင်း ၂၀ ခန့် သူနှင့်အတူတွဲ အလုပ်လုပ်ခဲ့သူ မက်ကီလစ်ပင်လျှင် ယခုတော့ စိတ်ဓာတ်ကျနေပြီဖြစ်ကြောင်း အကဲခတ်မိသည်နှင့်အမျှ မိမိ၏ အခြေစိုက်စခန်းရှိရာသို့ ကျူးကျော်တိုက်ခိုက်လာသူ ရစ်ချတ်အား ပို၍ပင် စက်ဆုပ် မုန်းတီးမိလေသည်။

"ဟေ့ ငါပြောပြမယ်။ အခုအချိန်အထိ ဆေတန်နတ်မင်းက ငါတို့ရဲ့စိတ်ဓာတ်ကို စမ်းသပ်နေတာကွ။ ရန်သူဘက်က အရေးသာနေသယောင် လုပ်ပြတာဟာ မင်းတို့ ငါတို့ရဲ့ စိတ်ဓာတ်ကို စမ်းနေတာပဲ။ အဲဒါကို သဘောမပေါက်တဲ့ မင်းတို့က တုန်လှုပ်ချောက်ချားတာဟာ ဆေတန်နတ်မင်းအပေါ် မင်းတို့ရဲ့ ယုံကြည်မှု အပြည့်အဝမရှိတဲ့သဘော ဖြစ်တယ်။ ဒီမယ် မင်းတို့ ဘာမှ မစိုးရိမ်ကြနဲ့။ အပြီးသတ်ကျတော့ ငါတို့သာ အောင်ပွဲခံရမှာပါ။ ဆေတန် နတ်မင်းက ရစ်ချတ်ဆိုတဲ့ အကောင်ကို ကြည့်မနေပါဘူး။ ငရဲပြည်ကို တိုက်ရိုက်ရောက်အောင် ပို့လိုက်လိမ့်မယ်"



ဘီလျံနာဝင်စတန်က သူ့ စိတ်ရှုးပေါက် ယုံကြည်သည့်အတိုင်း ခပ်တည်တည် ပြောလိုက်ပြီးနောက် မက်ကီလစ်အား သူနှင့်အတူ လိုက်ခဲ့စေကာ ကပ်လျက် ခန်းမဆောင်သို့ ခေါ်သွားလေသည်။

ကျန်ရစ်သူ စတီးလ်နှင့် အီဘရိုတို့ကိုလည်း "မင်းတို့လည်း မကြောက်ကြနဲ့၊ ဆေတန်နတ်မင်းက မင်းတို့ဘက်က အချိန်မီ ဝင်ကူညီစောင့်ရှောက်ပါလိမ့်မယ်" ဟု ပြောလိုက်သေးသည်။

စတီးလ်နှင့် အီဘရိုတို့သည် ဘာမှ ပြန်မပြောဘဲ တယ်လီဗီးရှင်းစက်ကိုသာ ကြည့်နေကြလေသည်။ အလွန်လုံခြုံလှပါသည်ဆိုသော မိမိတို့ မြေအောက်စခန်း၏ ပထမထပ်သို့ ရန်သူက ချင်းနင်း ဝင်ရောက်နေခြင်းကိုသာ အံ့ဩငေးမောနေကြခြင်း ဖြစ်လေသည်။

■

## အခန်း (၁၃)

မြေအောက်စခန်း၏ ပထမထပ်သို့ ဝင်ရောက်မိချိန်တွင် ရစ်ချတ်တို့၏ ဟာမ်ဗလာ (အားမတ်) ကားနှင့် ဂျစ်ကားသုံးစီးပါဝင်ရောက်နိုင်ခဲ့ကြလေသည်။

ရစ်ချတ် ဦးစီးကွပ်ကဲသော တိုက်ခိုက်ရေးအဖွဲ့တွင် လူအင်အား (၁၈) ယောက်ပါပြီး လူတိုင်း ကိုယ်စီကိုယ်င ဓာတ်ငွေ့ကာမျက်နှာဖုံးများ တပ်ဆင်ထားကြသည်။ လက်နက်အနေဖြင့် စက်သေနတ်မျိုးစုံနှင့် မောင်းပြန်သေနတ်များ ကျည်ဆန်အပိုများလည်း ပြည့်ပြည့်စုံစုံ ပါရှိကြလေသည်။

ပထမအထပ်တွင် ခုခံတိုက်ခိုက်နေသူ အရုဏ်သစ်ဂိုဏ်းသားများသည် ရစ်ချတ်၏ တရကြမ်း ပစ်ခတ်တိုက်ခိုက်မှုကြောင့် တစ်ယောက်ပြီးတစ်ယောက် ကျဆုံးနေသည့်ကြားမှ ကျည်မသင့်ဘဲ ကျန်ရှိသူများသည် ဒုတိယထပ်သို့ တိမ်းရှောင်ထွက်ပြေးကြကုန်သည်။ မိမိတို့အား ခုခံတိုက်ခိုက်နေသူများထဲတွင် အမျိုးသမီးအချို့ ပါရှိကြောင်းကို တွေ့ရသဖြင့် ရစ်ချတ်ပင်လျှင် အံ့ဩမိလေသည်။

သို့သော် မိမိတို့အနေဖြင့် ယောကျ်ားမိန်းမ ခွဲခြားနေ၍ မဖြစ်၊ စက်သေနတ်ကိုင်အမျိုးသမီးတစ်ဦးသည် ရန်သူယောကျ်ားကဲ့သို့ပင် ကြောက်ရမည် မဟုတ်ပါလော။ ဆယ်မိနစ်ခန့် ကြာသောအခါ ဆက်လက်ပစ်ခတ်စရာ ရန်သူ တစ်ဦးတစ်ယောက်မျှ မကျန်ရှိတော့ချေ။

နောက်ထပ် လှမ်းရမည့် ခြေလှမ်းကား ဘီလျံနာကြီး ဝင်စတန်ရှိရာသို့

www.burmeseclassic.com

www.burmeseclassic.com



သွားရောက်နိုင်နင်းရန်ပင် ဖြစ်သည်။ ဤမြေအောက်စခန်းတွင်းသို့ ရောက်ရှိခဲ့ဖူးသူ မိမိတို့၏ 'တန်ပြန်သူလျှို' များ သတင်းပေးချက်အရ ဘီလုံနာဝင်စတန်၏ စိတ်ရူးပေါက်ပြီး ဘုရားရှိခိုးကျောင်းသဖွယ် စီမံဖန်တီးထားသော အထူးခန်းမကြီး တစ်ခုရှိကြောင်း ရစ်ချတ်က ကြိုတင်သိထားပြီး ဖြစ်သည်။

ထိုခန်းမဆောင်တွင် ဘီလုံနာဝင်စတန်သည် ဂိုဏ်းဆရာ၊ မော်ဆရာ ယောင်ယောင် ရွတ်ဖတ် သရဇ္ဈာယ်ခြင်း၊ ဆေတန်နတ်ဆိုးအား တိုင်တည် ဆုတောင်းခြင်း စသော အရူးဆန်ဆန် လုပ်ရပ်များ ပြုလုပ်လေ့ရှိကြောင်းကိုလည်း သိထားပြီး ဖြစ်သည်။

ယခုလို အရေးကြီးနေသည့် အချိန်တွင် ဘီလုံနာကြီးသည် ထိုခန်းမဆောင်ကြီးအတွင်းမှာပင် ဘဝဇာတ်သိမ်းစေခြင်းသည် အဆီလျော်ဆုံးပင် ဖြစ်သည်ဟု ရစ်ချတ်က ဆုံးဖြတ်လိုက်သည်။

"ကိုင်း...ကိုယ့်လူတို့ ဒီအချိန်ကစပြီး ကျုပ်တို့လူစု ခွဲတိုက်ကြမယ်။ ကျန်နေတဲ့ ရန်သူကို နှစ်ဖက်ညှပ်ပြီးတိုက်တာ အကောင်းဆုံးပဲ"

ဤသို့ပြောပြီး ဩစတြေလျ ကွန်မန်ဒိုတပ်ဖွဲ့ခေါင်းဆောင် ဟက်တာ၏ အုပ်စုကို တောင်ဘက်တွင် နေရာယူစေသည်။ ယင်းအဖွဲ့သည် ဓာတ်လှေကားများနှင့် ရိုးရိုးလှေကားများကို အသုံးပြု၍ ဆက်လက် ချီတက်ရမည်ဖြစ်ပြီး မိမိ (ရစ်ချတ်) အပါအဝင် ဂျက်ဆင်၊ ဗြိတိသျှစုံထောက် ကင်ဘာ၊ ပြင်သစ်လူမျိုး ဖီးလစ်နှင့် ရုရှရဲဘော် တေချော့ဗ်စကီးတို့က မြောက်ဘက်မှနေ၍ တိုက်ခိုက်ပြီး ရှေ့တိုးသွားကြရန် အစီအစဉ် ပြုလုပ်လိုက်သည်။

မြေအောက်စခန်းဖြစ်၍ မြေပေါ် အဆောက်အအုံနှင့် ဆန့်ကျင်ဘက်ဖြစ်နေပုံကား ပထမအထပ်မှ ဒုတိယအထပ်သို့ သွားလျှင် လှေကားဖြင့် မတ်တတ်ရပ်၍ အောက်သို့ ဆင်းရခြင်းပင် ဖြစ်သည်။ ရစ်ချတ်တို့သည် ဓာတ်လှေကားဖြင့် မဆင်းဘဲ ရိုးရိုးလှေကားများမှ အောက်သို့ဆင်းကြရန် ဆုံးဖြတ်လိုက်ကြသည်။

ပိုကာစစ်ဆင်ရေး၏ နောက်ဆုံးအဆင့် သို့မဟုတ် အပြီးသတ်တိုက်ပွဲ ဆင်နွှဲကြရတော့မည် ဖြစ်၍ မြေအောက်စခန်းအတွင်းသို့ မဆင်းမီ သေချာစေ့စပ်စွာ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ကြရသေးသည်။

မိမိတို့လက်နက်များကို ဂရုတစိုက် ပြန်လည် စစ်ဆေးကြည့်ရှုခြင်း၊ ကျည်ဆန်အပိုများ လုံလောက်စွာ ပါရှိမရှိ ထပ်ဆင့် စစ်ဆေးခြင်း၊ သေနတ်ကျည်ဆန်များ ဒဏ်ကို ခံနိုင်သည့် သံကိုယ်ချပ်အင်္ကျီများ ဝတ်ဆင်ခြင်း စသည်ဖြင့် ကြိုတင်ပြင်ဆင်ကြပြီးနောက် အရဏ်သစ်ဂိုဏ်းသားများ ပြေးပေါက်ပိတ်စေရန် ရည်ရွယ်ချက်ဖြင့် ဓာတ်လှေကားများကို ဘာနီစက်သေနတ်ဖြင့် ပစ်ခတ်



ဖျက်ဆီးလိုက်ပြီးနောက် ဓာတ်လှေကားဆင်းတက်သည့် ကျင်းများထဲသို့ လက်ပစ်ဗုံး သုံးလေးလုံးစီ ပစ်ချ ဖောက်ခွဲလိုက်ကြသည်။

ရစ်ချတ်သည် စစ်ဆင်ရေးတစ်ခုလုံးကို ကြီးကြပ်ကွပ်ကဲရသူဖြစ်ရာ မိမိတို့ ထောက်လှမ်းရေးသူလျှိုများထံမှ ကြိုတင် ရရှိထားသော မြေအောက်စခန်း၏ မြေပုံတစ်ခု ထုတ်ယူပြီးနောက် သေချာစွာ လေ့လာကြည့်ရှုနေပြန်သည်။

အားလုံး အဆင်သင့်ဖြစ်သည်နှင့် အုပ်စုနှစ်စုခွဲကာ အသီးသီးထွက်ကြလေရာ တပ်မှူးဟက်တာနှင့် ဩစတြေလျ ကွန်မန်ဒိုတပ်သား (၁၂)ဦးတို့က တောင်ဘက်လှေကားဆီသို့ ပြေးကြစဉ် ရစ်ချတ်တို့အုပ်စုက မြောက်ဘက်သို့ သွားကြလေသည်။

ရုပ်ရှင်ရုံများမှာကဲ့သို့ ထွက်ပေါက်ဟု မီးနီစာလုံးများဖြင့် ရေးထားသည့် တံခါးတစ်ခုတွေ့ရသဖြင့် အတင်း ဖျက်ဆီးပစ်ပြီး အတွင်းဘက်သို့ ရောက်သောအခါ ရစ်ချတ်သည် သူတို့ ရရှိထားသော မြေအောက်စခန်းမြေပုံက အသေးစိတ်မမှန်ဘဲ မှားယွင်းနေကြောင်း သိရလေတော့သည်။

ပထမအထပ်မှ ကျန်အထပ်များသို့ ဆင်းရန်အတွက် လှေကားများ မရှိကြောင်း တွေ့ရလေသည်။

(မှတ်ချက်။ ။ ထောက်လှမ်းရေးသတင်းအရ မြေအောက်စခန်း သို့ ဆင်းရန် အထပ်တိုင်းတွင် လှေကားနှစ်ခု ရှိရမည် ဖြစ်သည်။)

ယခု လက်တွေ့ကျတော့ အောက်ထပ်သို့ ဆင်းရန် ရောမ ကွန်ကရစ် ဘီလပ်မြေပြွန်ကြီးတစ်ခုသာ ရှိကြောင်း တွေ့ရလေသည်။ ယင်း ကွန်ကရစ်ပြွန်ကြီး၏ အတွင်းနံရံတွင် အောက်ထပ်သို့ဆင်းရန် သံမဏိလှေကားထစ်များ ရှိလေသည်။ ဂျက်ဆင်သည် ကွန်ကရစ်ပြွန်ကြီးကို ကြည့်ပြီး စိတ်ပျက်ဟန်ဖြင့် ခေါင်းခါလိုက်သည်။

"ဒီပြွန်ကြီးထဲက လှေကားထစ်တွေ နင်းဆင်းရမယ်ဆိုရင်တော့ မဟန်ဘူးဗျ။ ရန်သူက ကျုပ်တို့ကို ထင်ထင်ရှားရှားကြီး မြင်နေရမှာ သေချာတယ်။ သူတို့အကာအကွယ်ယူပြီး ချောင်းပစ်ရုံပဲ မဟုတ်လား"

ဂျက်ဆင်က မှတ်ချက်ချလိုက်စဉ် ရစ်ချတ်သည် ကွန်ကရစ်ပြွန်ကြီး၏ အဝဆီသို့ ချဉ်းကပ်သွားပြီး အောက်ဘက်သို့ ငုံ့ကြည့်လိုက်သည်။ သို့သော် ဗျာကယာ သူ၏ဦးခေါင်းကို ပြန်ရုပ်လိုက်ရသည်။ အကြောင်းမူကား ရစ်ချတ်၏ ဦးခေါင်းပြွန်ဝမှ ပြန်ရုပ်လိုက်သည့် စက္ကန့်ပိုင်းအတွင်းမှာပင် ပြွန်ကြီး၏ အောက်

www.burmeseclassic.com

www.burmeseclassic.com



ခြေမှ စက်သေနတ်ကျည်ဆန်များ ဆက်တိုက်ထွက်လာသောကြောင့်ပင်တည်း။

"အဲဒါပေါ့ဗျ၊ ရန်သူကို ဘယ်တော့မှ အထင်မသေးနဲ့ဆိုတဲ့ ဆောင်ပုဒ်ကို လက်ကိုင်ကျင့်သုံးဖို့ အရေးကြီးတယ် ဆိုတာ။ ဒီပထမထပ်က သူတို့ဂိုဏ်သားတွေကို ကျုပ်တို့ နှိမ်နင်းနိုင်ခဲ့ပေမယ့် အောက်ထပ်တွေမှာ တခြားလက်နက်ကိုင် အစောင့်တွေ ရှိသေးတာ။ အခု ထင်ရှားနေပြီလေ၊ အစိပ္ပာယ်ကတော့ ရန်သူဟာ ကျုပ်တို့ဝင်လာတာကိုသိလို့ ပြန်တိုက်ဖို့ အဆင်သင့် စောင့်နေပြီဆိုတဲ့ သဘောပဲ"။ ရှုရှထောက်လှမ်းရေး စုံထောက် တေချော့ဗ်စကီးက မှတ်ချက်ချလိုက်သည်။

ဗြိတိသျှလူမျိုးကင်ဘာကလည်း "ဟုတ်တယ်ဗျို့ ကျုပ်တို့ ဒီလမ်းကနေပြီး ရန်သူရှိရာကို ဝင်လို့မဖြစ်ဘူး။ တောင်ဘက်ကတစ်ဆင့် ချဉ်းကပ်မှပဲ ဖြစ်မယ်" ဟု ဝင်ပြောလေသည်။

ဤတွင် ရစ်ချတ်က အခြေအနေကို ရုတ်ခြည်း စဉ်းစားသုံးသပ်ပြီး သူ၏ သဘောထားကို ပြောပြလေသည်။

"ကျုပ်တို့က တောင်ဘက်က လှေကားထိအောင် သွားနေဖို့ အချိန်မရဘူး။ လောလောဆယ် အရေးကြီးတာက ဒီကွန်ကရစ်ပြွန်ပေါက်ကြီး ဒီတိုင်းထားလို့ မဖြစ်ဘူး။ ရန်သူက ကျုပ်တို့ပြန်တိုက်ဖို့ရာ အသုံးချနိုင် ပြုနိုင်တဲ့ လမ်းကြောင်း ဖြစ်နေတယ်။ ဒါကြောင့် ဒီပြွန်ကြီးထဲကို ဒီအမ်ခါတ်ငွေ့ဗုံးတွေ ပစ်လွှတ်ချရမယ်"

"ဟုတ်တယ်ဗျ။ ဒါမှ ရန်သူက ချက်ချင်းပြန်တိုက်မယ့်အန္တရာယ်ကို ကာကွယ်နိုင်မယ်။ နောက်ပြီး မီးခိုးဗုံးတွေလည်း အသုံးပြုသင့်တယ်။ မီးခိုးတွေ ပိတ်မှောင်နေခြင်းအားဖြင့် ကျုပ်တို့ရဲ့ လှုပ်ရှားမှုကို" ဂျက်ဆင်က ဝင်ထောက်ခံပြီးနောက် ချက်ချင်းပင် မီးခိုးဗုံးခြောက်လုံးနှင့် ဒီအမ်ခါတ်ငွေ့ဗုံး ခြောက်လုံးကို ကွန်ကရစ်ပြွန်ကြီးထဲသို့ ပစ်ချလိုက်ကြလေသည်။

ပြီးတော့ ရစ်ချတ်တို့အဖွဲ့သည် မီးခိုးလုံးများ၏ အကာအကွယ်ကို ယူလျက် မြေအောက်စခန်း ဒုတိယအထပ်သို့ အမြန်ပြေးဆင်းကြလေသည်။

ဒုတိယအထပ်တွင်လည်း ကွန်ကရစ်ပြွန်ကြီး၏ လှေကားသို့ ဝင်ထွက်နိုင်သည့် တံခါးရှိရာ ကင်ဘာနှင့် ဖီးလစ်တို့က ထိုတံခါးမှ နေ၍ တီအင်တီ ယမ်းဘီလူးဗုံးငယ် (၂ ပေါင်ဗုံး) နှစ်လုံးကို ပြွန်ကြီးထဲသို့ ပစ်ချလိုက်သည်။

ချက်ချင်းလိုပင် ပြွန်ကြီး၏အောက်ခြေ၌ ပေါက်ကွဲသံကို ကြားရသည်။ ဒုတိယအထပ်၏ တစ်ဖက်အစွန်းတွင် အားကစားလေ့ကျင့်သည့် 'ဂျင်နေဆီယံ' ခေါ် အားကစားရုံအပြင် ရေကူးကန်ငယ်တစ်ခုကိုပါ တွေ့ရလေသည်။



အံ့သြမိကြသော်လည်း အချိန်ကုန်ခံ၍ လှေ့လာကြည့်ရှုခြင်း မပြုနိုင်ကြချေ။ အကြောင်းကတော့ အရဏ်သစ်ဂိုဏ်း၏ အထူးလက်ရွေးစင်တပ်ဖြစ်သော အစိမ်းရောင် ယူနီဖောင်းဝတ် လက်နက်ကိုင်များက ရစ်ချတ်တို့လူစုအား ပစ်ခတ်တိုက်ခိုက်ရန် အဆင်သင့် စောင့်နေကြသောကြောင့်ပင် ဖြစ်သည်။

လက်ရွေးစင် အစောင့်တပ်သားများထဲတွင် အမျိုးသမီးများလည်း ရှိလေသည်။ အားလုံးမှာ ဘီလျံနာကြီး၏ ဆေးတန်နတ်ဆိုး ကိုးကွယ်မှုဝါဒကို အယူသီးစွာ ယုံကြည်ကြပုံ ရလေသည်။

သူတို့မျက်နှာထားများက ခက်ထန်တင်းမာပြီး ခြောက်လုံးပြူးပစ္စတိုလ်၊ မောင်းပြန်ရိုင်ဖယ်သေနတ်၊ စက်သေနတ် စသော လက်နက်ကိုယ်စီကိုင်ကာ ရစ်ချတ်တို့အဖွဲ့အား အကြိတ်အနယ် ခုခံတိုက်ခိုက်ရန် အဆင်သင့် ဖြစ်နေကြလေသည်။ ရစ်ချတ်နှင့် သူ၏ အဖော်လေးဦးတို့သည် လူချင်းခွဲဖြန့်လျက် ရန်သူကို ရင်ဆိုင်ကြလေသည်။

ယူနီဖောင်း အစိမ်းရောင်ဝတ် ရန်သူတပ်သားသုံးဦးသည် ရှုရှရဲဘော် တေချော့ဗ်စကီး တစ်ဦးတည်းကို ဝိုင်း၍ တိုက်ခိုက်ရန် ပြေးလာကြသော်လည်း ဗြိတိသျှစုံထောက် ကင်ဘာက အိုဝင်စက်သေနတ်ဖြင့် ပစ်ခတ်လိုက်ရာ သုံးဦးစလုံး လမ်းခုလတ်တွင်ပင် ကျည်သင့် ကျဆုံးသွားလေသည်။

ဘစ်ချိန်တည်းမှာပင် ရဲဘော်တေချော့ဗ်စကီးသည် ရစ်ချတ်နှင့် ဖီးလစ်တို့ဘက်တို့ ဦးတည်ပစ်ခတ်နေသူ ရန်သူအုပ်စုတစ်စုအား သူ၏ စက်သေနတ်ငယ်ဖြင့် ဆွဲပစ်လိုက်လေသည်။ စက်သေနတ်ပစ်ရာတွင် အထူးကျွမ်းကျင်သူ တေချော့ဗ်စကီး၏ လက်သံက ပြောင်လှပေသည်။ ရစ်ချတ်အား ဦးတည်ပစ်ခတ်ရန် ကြိုးစားသူ ဂိုဏ်းသားလေးဦးစလုံး စက်သေနတ်ကျည်သင့်ပြီး ကျဆုံးသွားလေသည်။

ထိုအတောအတွင်း ရစ်ချတ်နှင့် ပြင်သစ်စုံထောက် ဖီးလစ်တို့သည် ရေကူးကန်ရှိရာဘက်သို့ ဆက်လက် ရွေ့တိုးသွားကြလေသည်။ အရုဏ်သစ်ဂိုဏ်းသား လက်နက်ကိုင်အစောင့်များက ပြန်လည် ခုခံပစ်ခတ်ကြသော်လည်း ရစ်ချတ်နှင့် ဖီးလစ်တို့၏ လျင်မြန်လက်ဖြောင့်မှုကြောင့် တစ်ယောက်ပြီး တစ်ယောက် ထိမှန်ကျဆုံးသွားကြလေရာ ကျန်လူများက နောက်ပြန်ဆုတ်ရင်း ခံစစ်သဘော တိုက်ကြလေသည်။

အရေးထဲ ရေကူးကန်ဘေးမှ အမျိုးသမီးဂိုဏ်းသားတစ်ဦးက ပွိုင့် ၄၄ ခြောက်လုံးပြူးသေနတ်ဖြင့် လှမ်းပစ်ရာ ကျည်ဆန်သည် ရစ်ချတ်၏ ဦးခေါင်းဘေးဘက် နှစ်လက်မခန့်ကွာလျက် သီသီကလေး လွဲသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးဖြစ်၍ ဘာမှပြန်မလုပ်ဘဲ ကြည့်နေလိုက်ပါက မိမိသာလျှင် အသက်သေရမည်ပါတကားဟု ဆုံးဖြတ်လျက် ရစ်ချတ်လည်း မတတ်သာဘဲ အမျိုးသမီးအား အိုဝင်စက်သေနတ်ဖြင့် ပစ်ချလိုက်ရတော့သည်။ ထိုအမျိုးသမီး နောက်ပြန်လန်လဲကျသွားချိန်မှာပင် အရုဏ်သစ်ဂိုဏ်းသားနှစ်ဦး (အမျိုးသမီးနှင့် အမျိုးသား) တို့သည် ရေကူးကန်ပေါင်၏ တစ်ဖက် အစွန်နားတွင် ဝပ်နေရာမှ ထလိုက်သည်။ သူတို့နှစ်ဦးစလုံးတွင် ပွိုင့် ၂၃၃ ကာဘိုင်သေနတ် ကိုယ်စီကိုင်ထား ကြလေသည်။ ရစ်ချတ်တို့အား ပစ်သတ်ရန်အတွက် နှစ်ယောက်စလုံးက ကာဘိုင် သေနတ်ခလုတ်ကို ဆွဲပစ်ကြပါသော်လည်း စက္ကန့်ပိုင်းမျှ နောက်ကျသွားလေ သည်။

သင်္ဘောနှင့် သံချပ်ကာကားမောင်းနှင်ရာ၌ ကျွမ်းကျင်သလောက် သေနတ် ပစ်ရာတွင်လည်း လျှင်မြန်လက်ဖြောင့်လှသူ မာလိန်မှူး ဂျက်ဆင်က လက်ဦး သွားလေသည်။ ပွိုင့် ၂၃၃ ကာဘိုင်သေနတ်ကိုင် အရုဏ်သစ်ဂိုဏ်းသား ယောကျ်ား နှင့် မိန်းမနှစ်ဦးစလုံး ဂျက်ဆင်၏ အိုဝင်စက်သေနတ်ကျည်ဆန်များတွင် အသက် ပါသွားကြလေသည်။

အနီးကပ်ရန်သူဆို၍ မရှိတော့သော်လည်း ရေကူးကန်၏ အရှေ့ဘက် တွင် ရန်သူ လက်နက်ကိုင်တပ်သားနှစ်ဆယ်ခန့် ကျန်နေသေးလေရာ ရစ်ချတ် နှင့် ဂျက်ဆင်တို့က အိုဝင်စက်သေနတ်ဖြင့် တရကြမ်း ပစ်ခတ် တိုက်ခိုက်ကြရ ပြန်လေသည်။

နှစ်ဆယ်နှင့်နှစ်ယောက် အင်အားချင်း မမျှလင့်ကစား လျှင်မြန်ဖျတ်လတ် မှုနှင့် သေနတ်ပစ် လက်ဖြောင့်မှုတွင် အဆပေါင်းများစွာ သာနေသော ရစ်ချတ် တို့၏ စက်သေနတ်ကျည်ဆန်များက ရန်သူတပ်သားများအား တစ်ယောက်ပြီး တစ်ယောက် ထိမှန် ကျဆုံးစေကုန်သည်။

အရုဏ်သစ်ဂိုဏ်းသားတစ်ယောက်ဆိုလျှင် ကပ္ပလီလူမည်း (နီဂရိုး) ဖြစ် ပြီး ရေကူးကန်တစ်ဖက်ရှိ ဒိုင်ဗင်ထိုးသော သစ်သားဘုတ်ပြားကို အကာအကွယ် ယူ၍ ပြန်လည် ပစ်ခတ်ရန် ကြိုးစားလေသည်။ သို့ရာတွင် သူ၏ခြေလှမ်းကို ကြိုမြင်သူ ပြင်သစ်စုံထောက်ဖီးလစ်က ဦးဆောင်ပစ်လိုက်ရာ ဝမ်းဗိုက်တည့်တည့်သို့ ကျည်ဆန်ထိမှန်ပြီး ရေထဲသို့ ဇောက်ထိုးကျသွားလေသည်။

တစ်ချိန်တည်းမှာပင် ရေကူးကန်စပ်ရှိ အခြားအရုဏ်သစ်ဂိုဏ်းသားများ သည်လည်း ရစ်ချတ်နှင့် သူ၏ ရောင်းရင်းလေးဦးတို့၏ ကျင်လည်လျှင်မြန် စွာ ပစ်ခတ်ချက်ကြောင့် တစ်ယောက်ပြီးတစ်ယောက် ကျည်သင့်ပြီး ရေကန်ထဲ လိမ့်ကျကုန်ကြလေသည်။



ထိုအခိုက် ရစ်ချတ်၏ အိုဝင်စက်သေနတ်တွင် ကျည်ဆန်ကုန်သွားလေ ရာ ဖြည့်ထည့်ရန် အချိန်မရသဖြင့် သူ၏ပွိုင့် ၃၅၇ ခြောက်လုံးပြူးသေနတ် နှစ်လက်ကို ထုတ်၍ အသုံးချရလေသည်။ ရုရှရဲဘော်တေချော့ဗ်စကီးသည်လည်း သူကိုင်နေကျ မောင်းပြန်ပစ္စတို သေနတ်နှစ်လက်ကို ထုတ်ယူ၍ ဆက်လက်ပစ်ခတ် တိုက်ခိုက်နေပြီ ဖြစ်သည်။

ဂျက်ဆင်၊ ကင်ဘာနှင့် ဖီးလစ်တို့သည်လည်း အိုဝင်စက်သေနတ်များ မှ ကျည်ဆန်ကုန်နေကြပြီ ဖြစ်၍ ၉ မီလီမီတာ ဘရောင်းနင်း အမျိုးအစား ယမ်းအားပြင်းထန်သော ပစ္စတိုသေနတ်များဖြင့် ဆက်လက် ပစ်ခတ်နေကြလေ သည်။ သူတို့အဖွဲ့သားများ တစ်ပြိုင်တည်း စုပေါင်းပစ်ခတ် တိုက်ခိုက်မှု အင် အားက အလွန်ကောင်းသဖြင့် ရန်သူဂိုဏ်းသား လက်နက်ကိုင်အစောင့်များ အတုံးအရုံး ကျဆုံးကုန်ကြလေသည်။

ရေကူးကန်အစပ်နားရှိ အရုဏ်သစ်ဂိုဏ်းသားများဆိုလျှင် ရစ်ချတ်တို့ လူစု လျှပ်တစ်ပြက် လျှင်မြန်စွာ ပစ်လိုက်သော ကျည်ဆန်များ ထိမှန်ပြီး တစ် ယောက်ပြီးတစ်ယောက် ယိမ်းယိုင်လဲကျသွားပုံက အရက်မူးလွန်၍ ကိုယ့်ကိုယ် ကိုယ် မထိန်းနိုင်သော ဘားကျွမ်းသမားများနှင့် တူနေတော့သည်။

ထိုအချိန်၌ ရေကူးကန်အတွင်းမှ ရေသည် စောစောကလို မကြည်လင် တော့ဘဲ အရုဏ်သစ်ဂိုဏ်းသားတို့၏ သွေးဖြင့် နီရဲလျက် ရှိနေပြီဖြစ်သည်။ ရန်သူလက်နက်ကိုင် အစောင့်ဦးရေကလည်း အလွန်များလှပေသည်။ ရစ်ချတ်တို့ အဖွဲ့က ပစ်လိုက်သော ကျည်ဆန်တိုင်းက မလွဲချော်ဘဲ တစ်ယောက်ပြီးတစ်ယောက် ထိမှန်ကျကုန်သော်လည်း ရန်သူဂိုဏ်းသားခြောက်ယောက် ရှိသေးကြောင်း သတိ ပြုမိကြလေသည်။

ထိုခြောက်ယောက်အနက် နှစ်ဦးက အမျိုးသမီးများ ဖြစ်ပြီး အားလုံး အသက် ၂၀ မှ ၃၀ အတွင်း လူငယ်များ ဖြစ်သည်။ သူတို့၏ မျက်နှာထားက အယူသီးဝါဒသမားများပီပီ ခက်ထန်တင်းမာလျက် ရှိလေသည်။

သူတို့တွင်လည်း ဆက်လက်ပစ်စရာ ကျည်ဆန်ကုန်နေပြီဖြစ်ရာ လက် မြှောက် အရှုံးပေးမည့်အစား လူချင်း ဝင်ပူးသတ်ရန် ပြေးထွက်လာကြလေ သည်။

ဘီလျံနာဝင်စတန်၏ လွဲမှားသော နတ်ဆိုးကိုးကွယ်မှုဝါဒကို [illegible] စုံမှိတ် ယုံကြည်လောက်အောင် အယူသီးသူများ ဖြစ်သည့်အလျောက် [illegible] အော်ကြုံးဝါးလျက် လူချင်း ပူးသတ်ရန် ပြေးလာလေသည်။

ရှေ့မှ လူသည် ဂျက်ဆင်၏ အနီးသို့ရောက်လာလျှင် ကရာတေးကွင်း[illegible]

www.burmeseclassic.com

www.burmeseclassic.com



သိုင်းပညာနည်းဖြင့် တိုက်မည့်ဟန်မျိုးဖြင့် လက်ဝါးစောင်းကို မြှောက်ရွယ်လာလေသည်။ သို့သော် သူတို့ထက် ပို၍လျင်မြန်သူ ဂျက်ဆင်က ထိုလူ၏ဝမ်းဗိုက်သို့ ဓားမြှောင်ဖြင့် စိုက်ထိုးလိုက်သည်။ ထို့ပြင် လူတစ်ကိုယ်လုံးကိုပါ ဖမ်းယူမြှောက်ပြီး ရေထဲသို့ ပစ်ချလိုက်လေသည်။

တစ်ချိန်တည်းမှာပင် ဗြိတိသျှစုံထောက် ကင်ဘာက သူ့အား လည်ပင်းညှစ်သတ်ရန် ကြံသူရန်သူဂိုဏ်းသားတစ်ဦးအား ပစ္စတိုလ်သေနတ်ဖြင့် ကပ်ပစ်လိုက်သည်။

ပြင်သစ်စုံထောက် ဖီးလစ်ကမူ အရဏ်သစ်ဂိုဏ်း အယူသီးသမားတို့နည်းတူ ဂျပန်သိုင်းပညာဖြင့် တိုက်ခိုက်လေသည်။ ဂျူဒိုသမား၏ တိုက်နည်းအတိုင်း ဟစ်အော် ညာသံပေးဝင်လာသော ရန်သူဂိုဏ်းသားအား ဖီးလစ်က ဂျူဒိုဂျပန်သိုင်း ဝေါဟာရအရ၊ 'ဆူရီကိုမီအာရီ' ခေါ် နည်းဖြင့် လျှပ်တစ်ပြက်လျင်မြန်စွာတိုက်လိုက်ရာ အရဏ်သစ်ဂိုဏ်းသားသည် ကျောရိုးကျိုးကာ အရုပ်ကြိုးပြတ် လဲကျသွားတော့သည်။

ဖီးလစ်အနေဖြင့် ပထမဆုံးအကြိမ် အရှေ့တိုင်း သိုင်းပညာ ကျွမ်းကျင်မှုစွမ်းရည်ကို လက်တွေ့ပြသလိုက်ခြင်း ဖြစ်၍ ရစ်ချတ်တို့ပင်လျှင် အံ့ဩမိလေသည်။

ရုရှရဲဘော် တေချော့ဗ်စကီးသည် သူ့ထံသို့ အတင်းပြေးဝင်လာသော ရန်သူဂိုဏ်းသား အမျိုးသမီးနှစ်ဦးအား ခြေထောက်ကို ချိန်၍ ပစ္စတိုသေနတ်ဖြင့် ပစ်လိုက်သည်။ အမျိုးသမီးက ပြင်းစွာ နာကျင်၍ ဟစ်အော်ရင်း ကျသွားလေသည်။

ရန်သူ အယူသီးသမားတစ်ယောက်ကမူ လက်နက်မဲ့မဟုတ်ဘဲ ဓားမြှောင်တစ်ချောင်း ထုတ်ရွယ်လျက် ရစ်ချတ်ရှိရာသို့ ပြေးဝင်လာလေသည်။

"အင်း... တော်တော်အတဲ့ နုံတဲ့ လူပါကလား။ ငါ့ကို ဓားနဲ့ထိုးသတ်ဖို့သာ စိတ်စောနေပြီး သူကိုယ်တိုင် သေရတော့မယ် ဆိုတာတော့ မစဉ်းစားမိလို့နဲ့တူတယ်"။ ဤသို့လျှင် စိတ်ထဲမှ ထိုလူအား ဝေဖန်ရှုပ်ချရင်း ရစ်ချတ်သည် လျှပ်တစ်ပြက် လျင်မြန်လှသောအဟုန်ဖြင့် လှုပ်ရှားလိုက်သည်။

သူ၏ညာဘက်ခြေဖျားဖြင့် ဓားမြှောင်ကိုင် အရဏ်သစ်ဂိုဏ်းသား၏ ရင်ဘတ်တည့်တည့်ကို တအားပစ်ကန်လိုက်ပြီး တစ်ချိန်တည်းမှာပင် ထိုလူ၏ လက်တစ်ဖက်ကို ဖမ်းဆွဲလိုက်သည်။

ရစ်ချတ်၏ လှုပ်ရှားမှုက လျင်မြန်ဖျတ်လတ်လွန်းသဖြင့် ရန်သူဂိုဏ်းသားများမှာ ရုတ်တရက် အံ့အားသင့်ပြီး ကြောင်နေလေရာ ထပ်ဆင့်လာမည့် တိုက်ခိုက်မှုကိုပင် သတိထားကာကွယ်ခြင်း မပြုနိုင်တော့ချေ။



ရစ်ချတ်က ရှူတို ခေါ် ဂျပန်သိုင်းခုတ်နည်းဖြင့် ထိုလူ၏ လည်ပင်းကို တအားခုတ်လိုက်ပြီး လူတစ်ကိုယ်လုံးကိုပါ မွေ့ချီ၍ ရေကူးကန်ထဲ ပစ်ချလိုက်လေသည်။ မရှေးမနှောင်းမှာပင် ရုရှရဲဘော် တေချော့ဗ်စကီးသည် သူ့အား အတင်းဝင်ပူးသတ်ရန် ကြိုးစားသူ အရဏ်သစ်ဂိုဏ်းသား အမျိုးသမီးတစ်ဦးအား ရေကန်ထဲသို့ ကန်ချလိုက်ပြန်သည်။

သေနတ်ယမ်းငွေ့များ တလူလူဖြစ်နေသော အားကစားရုံကြီးအတွင်း ရန်သူဘက်မှ လှုပ်ရှားမှုဆို၍ မရှိတော့ဘဲ တိတ်ဆိတ်ငြိမ်သက်နေပြီ ဖြစ်သော်လည်း ရစ်ချတ်သည် ပို၍သေချာစေရန် ပတ်ဝန်းကျင်သို့ သေချာစေ့စပ်စွာ လှည့်ပတ်ကြည့်ပြန်လေသည်။

တိုက်ပွဲ၏ အရှုံးအနိုင်စာရင်းကို ကောက်ကြည့်သော် ရန်သူဂိုဏ်းသား လက်နက်ကိုင်အစောင့်အားလုံးကို သုတ်သင်ရှင်းလင်းနိုင်ပြီး မိမိတို့ဘက်မှ ထိခိုက်မှုဆို၍ ဗြိတိသျှစုံထောက် ကင်ဘာ တစ်ယောက်သာလျှင် ပြေးလွှားရင်း ဒူးထောက်လဲကျရာမှ ဒူးဆစ်မပြော့ပလောက်အောင် ပွန်းပဲ့သွားခြင်းသာ ရှိလေသည်။

နောက်တစ်ခု ရစ်ချတ်က သတိပြုမိသည်မှာ ကင်ဘာနှင့် ဖီးလစ်တို့က ရဲဘော်တေချော့ဗ်စကီး၏ အပြုအမူကို သဘောမကျဘဲ ကဲ့ရဲ့ရှုတ်ချလိုဟန်ဖြင့် ကြည့်နေကြခြင်းပင် ဖြစ်သည်။ ရန်သူဂိုဏ်းသား လက်နက်ကိုင် တိုက်ခိုက်သူဖြစ်လင့်ကစား တေချော့ဗ်စကီးက အမျိုးသမီးများကို တုံ့ပြန်တိုက်ခိုက်ပုံက ရက်စက်လွန်းလှသည်ဟု သူတို့နှစ်ဦးက သဘောထားပုံရလေသည်။

ရန်သူကို တိုက်ခိုက်ရာ၌ သွေးအေးအေးဖြင့် သတ်ရန် ဝန်မလေးသူ ဂျက်ဆင်ပင်လျှင် တေချော့ဗ်စကီးအား ကဲ့ရဲ့ပြစ်တင်သည့်ဟန်ဖြင့် ကြည့်နေလေသည်။

ထိုအချိန်၌ တေချော့ဗ်စကီးသည် ကျည်ဆန်သင့်၍ ဒဏ်ရာရသော်လည်း အသက်ရှင်လျက် ရှိနေသော ရန်သူဂိုဏ်းသား အမျိုးသမီးတစ်ဦး၏ ဦးခေါင်းကို ပစ္စတိုလ်ဖြင့် တေ့ချိန်လျက် မေးခွန်းထုတ်လေသည်။

"ဟဲ့ကောင်မ၊ ငါမေးတာ မှန်မှန်ပြောစမ်း။ နင်တို့ဆရာကြီး ဘီလုံနှာခင်စတန်နဲ့ သူ့လူယုံတော်တွေ ဘယ်မှာလဲ"

အမျိုးသမီးမှာ တေချော့ဗ်စကီး မျက်နှာအမူအရာနှင့် မေးခွန်းမေးလိုက်သော လေသံတင်းမာပုံကြောင့် သေရမည်ကို အလွန်ထိတ်လန့် တုန်လှုပ်နေလေသည်။ မေးသည့် မေးခွန်းကို ဖြေကြားလိုက်ပါက သူမ၏ အသက်ချမ်းသာရာ

www.burmeseclassic.com

www.burmeseclassic.com



ရလိမ့်မည်ဟု မျှော်လင့်မိဟန်ဖြင့် ရန်သူဂိုဏ်းသား အမျိုးသမီးက သေနတ်ဒဏ်ရာကြောင့် ပြင်းစွာ နာကျင်နေသည့်ကြားမှပင် ကြိုးစားဖြေလေသည်။

"ဆရာကြီးက ဒီစခန်းဆဋ္ဌမအထပ်က ခန်းမဆောင်ကြီးထဲမှာ ရှိပါတယ်။ ကျွန်မ… ကျွန်မကို မသတ်ကြပါနဲ့…ရှင်။ ကျွန်မကို ချမ်းသာပေး"

အမျိုးသမီး၏စကား မဆုံးသေးမီ တေဇျော့ဗ်စကီး၏ လက်မှ ပစ္စတိုသေနတ်သည် ဒိုင်းခနဲ ကျည်ဆန်ထွက်လာပြီး သူမလည်း မရှုမလှ သေဆုံးသွားရလေသည်။

"ဟန်ကျပြီဗျို့ ဘီလုံနာဝင်စတန် ဘယ်မှာရှိတယ်ဆိုတာ ကျုပ်တို့ သိရပြီဗျ"

တေဇျော့ဗ်စကီးက ဝမ်းသာအားရနှင့် သူ၏လုပ်ရပ်ကို ဂုဏ်ယူကြွားဝင့်သလို ပြောလိုက်သည်တွင် ဗြိတိသျှစုံထောက် ကင်ဘာက မခံမရပ်နိုင်လောက်အောင် ဒေါသထွက်လျက် ရုရှစုံထောက်အား ပြစ်တင်ပြောဆိုလေသည်။

"ခင်ဗျားဟာ လူစိတ်မရှိတဲ့ တိရစ္ဆာန်တစ်ကောင်နဲ့ ဘာမှမခြားဘူး။ ရက်စက် ယုတ်မာလှတယ်"

ဤသို့ ခပ်ဘွင်းဘွင်းပင် ထုတ်ဖော်ဝေဖန်ရင်း ခေါင်းဆောင်ဖြစ်သူ ရစ်ချတ်ဘက်သို့ လှည့်၍ ရုရှစုံထောက် တေဇျော့ဗ်စကီးအပေါ် မကျေနပ်ကြောင်း အရေးဆိုပြန်သည်။

"ဘယ်လိုလဲဗျ ရစ်ချတ်။ အဖွဲ့ခေါင်းဆောင်အနေနဲ့ ဒီလူ မတရားရက်စက်နေတာကို ခွင့်ပြုနေမှာလား။ ဘာမှမတတ်နိုင်တော့ဘဲ ဒဏ်ရာရပြီးသား မိန်းမတစ်ယောက်ကို သွေးအေးအေးနဲ့ ပစ်သတ်တာဟာ မလွန်လွန်းဘူးလား။ ခင်ဗျားတို့တာဝန်က ဘီလုံနာကြီးက တတိယကမ္ဘာစစ်ဖြစ်အောင် ကြံစည်တာကို ကာကွယ်တားဆီးဖို့ပဲ မဟုတ်လား။ ကျုပ်တို့က ရက်စက်ယုတ်မာတဲ့ လူသတ်သမားတွေမှ မဟုတ်ဘဲ"

ထိုစကားကို ကြားလျှင် တေဇျော့ဗ်စကီးက သရော်သလို ရယ်မောရင်း ချေပပြန်လေသည်။

"အဲဒါကြောင့် ခင်ဗျားတို့ အင်္ဂလိပ်လူမျိုးတွေ ခက်နေတာပေါ့ဗျ။ ရန်သူနဲ့ အပြတ်တိုက်နေရချိန်မှာ လူကြီးလူကောင်းဆန်ဆန် တယ်ပြီး သဘောထားကြီးချင်ကြတယ်။ ဒါကြောင့်လည်း ခင်ဗျားတို့ ဗြိတိသျှအင်ပါယာကြီး ပျက်ခဲ့တာပဲ"

ဤတွင် ရစ်ချတ်က ဝင်၍ သူ၏ သဘောထားကို ပြောလေသည်။



"ကျုပ်ကတော့ ခုခံကာကွယ်ဖို့ အခြေအနေ မရှိတဲ့ရန်သူကို အသားလွတ် သတ်တာတော့ သဘောမတူဘူး။ ဒါပေမဲ့ တစ်ခုတော့ ရှိတယ်၊ အခု ကျုပ်တို့လာလုပ်နေတဲ့ အလုပ်တာဝန်က သူတော်ကောင်းတရား ကျင့်ကြံအားထုတ်ဖို့မဟုတ်ဘူး။ ကမ္ဘာဖျက်ဖို့ ကြံလောက်အောင် စိတ်ရူးပေါက်နေတဲ့ ဘီလုံနာကြီးကို သုတ်သင်ရှင်းလင်းပစ်ဖို့ လာတာသာဖြစ်တယ်။ ရဲဘော်တေဇျော့ဗ်စကီးရဲ့ လုပ်ရပ်က ကျုပ်တို့ရဲ့ စစ်ဆင်ရေးကို မထိခိုက်ဘူး၊ မနှောင့်ယှက်ဘူးဆိုရင်တော့ ကျုပ်အနေနဲ့ ဘာမှ မပြောလိုဘူး"

"တကယ်လို့ အနှောင့်အယှက်ဖြစ်ရင်ကော ခင်ဗျားက ဘယ်လိုအရေးယူမှာလဲ။ တေဇျော့ဗ်စကီးကို ပညာပေးဟောပြောမှာလား၊ သူ့အထက်အဖွဲ့အစည်း (ကေဂျီဘီ) ကို သတင်းပို့ တိုင်ကြားမှာလား"

ကင်ဘာက မေးလိုက်ပုံက သရော်သလို ငေါ့သလို လေသံမျိုး ဖြစ်နေရာ ရစ်ချတ်သည် ချက်ချင်း မျက်နှာထား တင်းမာခက်ထန်လာလေသည်။

"ဘယ်လိုအရေးယူမလဲဆိုရင် တေဇျော့ဗ်စကီးရဲ့ ဦးခေါင်းထဲကို ဟောဒီ သေနတ်ကျည်ဆန်တစ်တောင့် ပစ်သွင်းလိုက်မယ်။ ရှင်းပြီလား။ ဒါတင် မကသေးဘူး။ ခင်ဗျားကိုလည်း ကျုပ်ရဲ့ လုပ်ငန်းမှာ ဝင်ရောက်နှောင့်ယှက်မယ်ဆိုရင် ကျုပ်က ဟောဒီခြောက်လုံးပြူးသေနတ် ကျည်ဆန်နဲ့ ဆုံးမရမှာပဲ"

ရစ်ချတ်က သူ၏လက်မှ ဖို့ဒ် ၃၅၇ ခြောက်လုံးပြူးသေနတ်ကြီးကို အဓိပ္ပာယ်ပါပါ ကိုင်ဆရင်း ခပ်တည်တည်ပြောလိုက်မှ တေဇျော့ဗ်စကီးနှင့် ကင်ဘာ ကိုယ်တိုင်ပင်လျှင် အံ့အားသင့်သွားမိလေသည်။

ထို့နောက် ရစ်ချတ်ကပင် ဗြိတိသျှ စုံထောက်ကင်ဘာဘက်သို့ လှည့်၍ ဆက်ပြောပြန်သည်။

"ဒီမယ် ကင်ဘာ။ ခင်ဗျားကို ကျုပ် နောက်တစ်ခုပြောရဦးမယ်။ ဒီစစ်ဆင်ရေးမှာ ကျုပ်က ဦးစီးကွပ်ကဲနေတဲ့ ခေါင်းဆောင်ဖြစ်တယ်။ ဒီတော့ ခင်ဗျားတို့က ကျုပ်ရဲ့လုပ်ရပ်တွေနဲ့ ပတ်သက်လို့ ဘာမှ ဝင်ပြီး လျှာမရှည်ပါနဲ့။ ငြင်းချက်ထုတ်မယ်လည်း မကြံနဲ့။ ခင်ဗျားသာမက ကျန်လူတွေလည်း ဒီအတိုင်းပဲ။ ကျုပ်ကို ပြန်မငြင်းကြနဲ့။ အားလုံး ပါးစပ်ပိတ်ထားပြီး ညွှန်ကြားတဲ့အတိုင်းသာ လိုက်နာကြပါ။ ရှင်းရဲ့မဟုတ်လား။ ကိုင်း ကျုပ်နောက်ကို လိုက်ခဲ့ကြပေတော့။ မြေအောက်စခန်းရဲ့ တတိယထပ်ကို ဆင်းတဲ့ လှေကားဆီ သွားကြမယ်"

❖

www.burmeseclassic.com

www.burmeseclassic.com



တတိယအထပ်သို့ ဆင်းသည့် လှေကားမှာ အဆောက်အအုံ၏ တောင်နှင့် မြောက်ဘက်သွား စင်္ကြံပေါ်တွင် တည်ရှိလေသည်။ ယင်းစင်္ကြံ၏ အလယ်ဗဟိုတွင် အရှေ့မှ အနောက်ဘက်သို့သွားသည့် လူသွားစင်္ကြံကို ကန့်လန့်ဖြတ် တည်ဆောက်ထားသည်။ တတိယအထပ်သို့ဆင်းသည့် လှေကားက အဆိုပါ စင်္ကြံနှစ်ခုဆုံရာ အနီးတွင် ရှိလေသည်။ လှမ်းမြင်နေရသော်လည်း လှေကားရှိရာသို့ သွားရာတွင်မူ ရစ်ချတ်တို့အဖွဲ့အဖို့ လွယ်ကူချောမောလှမည် မဟုတ်ပေ။

သတိဟူသည် ပိုသည် မရှိ ဟူသော စကားကို အမြဲတစေ လက်ကိုင်ထားသူ ရစ်ချတ်သည် မိမိတို့အား ပုန်းအောင်းချောင်းပစ်မည့် ရန်သူ ရှိမရှိ သတိထားကြည့်ရင်း ရှေ့ဆက်သွားရာ သူ၏ လက်ဝဲဘက်၌ ပြင်သစ်စုံထောက် ဖီးလစ်က လိုက်ပါလာသည်။ တေချော့ဗ်စကီး၊ ဂျက်ဆင်နှင့် ဂျော့ဝါရင် ဆိုသူတို့က အရှေ့မှ အနောက်ဘက်သွား စင်္ကြံ၏ အရှေ့ဘက်ခြမ်းမှ အခြေအနေကို အကဲခတ်ကြည့်နေကြသည်။ ထိုအချိန်၌ အဆောက်အအုံကြီးတစ်ခုလုံး ဘာသံမှ မကြားရဘဲ တိတ်ဆိတ်ငြိမ်သက်လျက်ရှိရာ ထိုသို့ တိတ်ဆိတ်နေခြင်းကပင်လျှင် တစ်မျိုးစိတ်ချောက်ချားဖွယ်ရာ ဖြစ်နေပေသည်။ သို့ရာတွင် တိတ်ဆိတ်ငြိမ်သက်ခြင်းက စက္ကန့်ပိုင်းမျှသာ ကြာလေသည်။

ရစ်ချတ်အနေဖြင့် ကြိုတင်တွက်ထားမိသည့်အတိုင်း ရန်သူက စတင်လှုပ်ရှားလိုက်ပုံကား လှေကားထိပ်မှ လည်းကောင်း၊ လှေကား၏ ဟိုမှာဘက် ရစ်ချတ်တို့လူစု၏ လက်ဝဲဘက်အခန်းတစ်ခန်း၏ တံခါးမှလည်းကောင်း၊ အရဏ်သစ်ဂိုဏ်းသား အထူးလက်ရွေးစင် လက်နက်ကိုင်တပ်သားများက လက်နက်မျိုးစုံဖြင့် တရကြမ်း ပစ်ခတ်တိုက်ခိုက်ကြခြင်းပင် ဖြစ်သည်။

တရစပ် ထွက်ပေါ်လာသော စက်သေနတ်သံများက စောစောက တိတ်ဆိတ်နေခြင်းကို ဖောက်ဖျက်ဖြိုခွင်းလိုက်ပြီဖြစ်သည်။ ရစ်ချတ်တို့အဖွဲ့ ကံကောင်းသွားစေပုံက ပြင်သစ်စုံထောက်ဖီးလစ်၏ မျက်စိလျင်မှုပင် ဖြစ်သည်။ ရန်သူဂိုဏ်းသားများ စတင်ပစ်ခတ်ခြင်းမပြုမီ စက္ကန့်၏အစိတ်အပိုင်းအတွင်း ဖီးလစ်က လှေကားထိပ်နားတွင် ပုန်းဝပ်နေသူ ရန်သူဂိုဏ်းသားအချို့၏ ဦးခေါင်းများနှင့် တကွ စက်သေနတ်ပြောင်းများကို မြင်လိုက်မိလေသည်။

"အားလုံး ဝပ်လိုက်ကြ၊ လှေကားထိပ်မှာ ရန်သူ"

ဖီးလစ်၏ လှမ်းအော်သတိပေး၍ မဆုံးသေးမီမှာပင် ရစ်ချတ်က လျင်မြန်ဖျတ်လတ်စွာ လက်ယာဘက်သို့ လှဲချ တိမ်းရှောင်လိုက်ပြီး ရန်သူဘက်သို့ ပစ်ခတ်လေသည်။ ပြင်သစ်စုံထောက် ဖီးလစ်ကလည်း ရုတ်တရက် ဝပ်ချလိုက်ရင်း သူ၏ ပစ္စတိုလ်သေနတ်ဖြင့် လှေကားထိပ်ဆီသို့ ပစ်ခတ်လေသည်။



ရစ်ချတ်က ကျည်ဆန်အသစ် ထပ်ဖြည့်ထိုးထားပြီး ဖြစ်သော အိုဝင်စက်သေနတ်ဖြင့် ပစ်ခတ်ခြင်းဖြစ်ရာ လှေကားထိပ်ဆုံးမှ ရန်သူဂိုဏ်းသားသုံးဦးကို တိုက်ရိုက်ထိမှန်သွားပြီး နောက်ပြန်လဲကျသွားလေသည်။ လှေကား၏ ဟိုဘက်အခန်းတံခါးဝမှ ပစ်ခတ်တိုက်ခိုက်သူ အရဏ်သစ်ဂိုဏ်းသား သုံးဦးတို့သည်လည်း ကံဆိုးသွားသည်ဟု ဆိုရပေမည်။ သူတို့၏ ကျည်ဆန်နှစ်တောင့်က ပြင်သစ်စုံထောက် ဖီးလစ်အား ထိမှန်သော်လည်း ဝတ်ထားသော သံမဏိကိုယ်ကျပ်အင်္ကျီကြောင့် ဘာမှမဖြစ်ချေ။

ထိုအချိန်၌ ရစ်ချတ်က လှေကားထိပ်ဆီသို့ အိုဝင်စက်သေနတ်ဖြင့် ပစ်နေပြီဖြစ်ရာ မယုံကြည်နိုင်လောက်အောင် လျင်မြန်ဖျတ်လတ်လွန်းသဖြင့် ရန်သူဂိုဏ်းသားသုံးဦးသည် စက္ကန့်ပိုင်းမျှ ခေတ္တအံ့အားသင့်ပြီး ငေးကြည့်နေမိသည်။

ဤတွင် ပြင်သစ်စုံထောက် ဖီးလစ်က ၉ မီလီမီတာ မောင်းပြန်ပစ္စတိုလ်သေနတ်ဖြင့် ဆက်တိုက် ပစ်ခတ်လိုက်သောကြောင့် သုံးဦးစလုံး ထိမှန်ကျဆုံးသွားလေသည်။

နောက်ထပ် အရဏ်သစ်ဂိုဏ်းသားလေးဦး အခန်းတွင်းမှ ထွက်လာလေရာ သူတို့တွင် မောင်းပြန် (အော်တိုမက်တစ်) သေနတ်ပါသော်လည်း ပစ်ခတ်ရာတွင် လျင်မြန်မှု၊ လက်ဖြောင့်မှုအရာတွင် ရစ်ချတ်နှင့် ဖီးလစ်ကို မမီသောကြောင့် အိုဝင်စက်သေနတ်ကျည်ဆန်များ လာရာလမ်းသို့ ဝင်တိုးမိလျက်သား ဖြစ်သွားကာ ကိစ္စချောသွားကြပြန်သည်။

ထိုအတောအတွင်း ကြိုတင်ပုန်းအောင်းနေရာ အခန်းများမှ စုပြုံထွက်လာသော ရန်သူဂိုဏ်းသား အုပ်စုတစ်စုအား ရုရှစုံထောက် တေချော့ဗ်စကီး၊ မာလိန်မှူး ဂျက်ဆင်နှင့် အဖွဲ့ဝင် ဂျော့ဝါရင်တို့က လက်ဦးအောင် တိုက်ခိုက်ပစ်ချလိုက်ကြပြန်သည်။

"ဟော့လူတွေ သတိထားကြ၊ ခင်ဗျားတို့ရှေ့မှာ နောက်ထပ် ရန်သူတွေ လာနေပြီ"။ ပြင်သစ်အမျိုးသား ဖီးလစ်က ဟစ်အော် သတိပေးလိုက်သံကြားရသဖြင့် တေချော့ဗ်စကီးတို့လူစုသည် ချက်ချင်းပင် ဝပ်တွားနေရာယူလိုက်ကြလေသည်။

သူတို့ရှေ့တည့်တည့် စင်္ကြံတစ်နေရာတွင် အရဏ်သစ်ဂိုဏ်းသား [illegible] လက်ရွေးစင်တပ်သား (၁၂) ဦး ရောက်နေကြပြန်သည်။ သူတို့ [illegible] ဘီလျံနာဝင်စတန်က စိတ်ရူးပေါက်စည်းရုံးလှုံ့ဆော်ခြင်းကို [illegible] မျက်ကန်းများသဖွယ် ယုံကြည်နေ၍သာ ယခုလို မိုက်ရူးရဲ [illegible] ဖြစ်နေကြကြောင်း ထင်ရှားပေသည်။

www.burmeseclassic.com

www.burmeseclassic.com



အရဏ်သစ်ဂိုဏ်းသား (၁၂) ဦးစလုံးသည် သေနတ်ကျည်ဆန် ကာကွယ်ရန်အတွက် ပလတ်စတစ်ထူထူဖြင့် ပြုလုပ်ထားသော 'ဒိုင်း' များ ကိုယ်စီကိုင်ထားကြသည်။ သို့သော် သူတို့ဒိုင်းများက တစ်ကိုယ်လုံးတော့ မကာကွယ်နိုင်ဘဲ ဒူးဆစ်အောက်ပိုင်း၌ လွတ်နေရာ ရှုရှဲဘော် တေချော့ဗ်စကီးက ခြေထောက်များကို ချိန်၍ပစ်ခတ်လိုက်သည်။ အရဏ်သစ်ဂိုဏ်းသား (၁၂) ဦးစလုံး ခြေထောက်တွင် ကျည်ဆန်ထိမှန်သဖြင့် ပြင်းစွာ နာကျင်ခြင်းဒဏ်ကြောင့် ဟစ်အော်ညည်းညူရင်း တစ်ဦးပေါ် တစ်ဦး ထပ်လျက် တစ်ပြိုင်တည်း စုပြုလဲကျသွားလေသည်။

ခြေထောက်တွင် ဒဏ်ရာရသော်လည်း ရန်သူဂိုဏ်းသားများက သူတို့လက်တွင်ရှိနေသော သေနတ်များဖြင့် ပစ်ခတ်ကြပြန်သည်။ သို့သော် သေနတ်ပစ်အထူးကျွမ်းကျင်သူ ရစ်ချတ်အဖွဲ့နှင့် မည်သို့မှ မယှဉ်နိုင်လေရာ တစ်မိနစ်အတွင်း အရဏ်သစ်ဂိုဏ်းသားအားလုံး မလှုပ်မယှက် ငြိမ်သက်သွားကြလေတော့သည်။ ရစ်ချတ်သည် ဝပ်နေရာမှ မတ်တတ်ထလိုက်ပြီး အရပ်လေးမျက်နှာသို့ လှည့်ပတ်ကြည့်ပြန်လေသည်။

ရန်သူဂိုဏ်းသားများ၏ အရိပ်အယောင်ကို လုံးဝမတွေ့ရတော့မှ စိတ်ချသွားပြီး သူ၏အနီးရှိ ပြင်သစ်စုံထောက် ဖီးလစ်အား ပြုံး၍ စကားပြောလေသည်။

"ကျေးဇူးပါပဲဗျာ။ ခင်ဗျားရဲ့ လျှင်မြန်ဖျတ်လတ်မှုကြောင့်သာ ကျုပ်အသက်မသေတာ အမှန်ပဲ။ စောစောပိုင်းက ခင်ဗျားအပေါ် ကျုပ်အထင်မကြီးခဲ့မိတာကိုလည်း ဝန်ခံလိုပါတယ်။ အပြင်ပန်းအားဖြင့် သိမ်မွေ့နူးညံ့ပုံရလေတော့ ကြမ်းတမ်းတဲ့တိုက်ပွဲမျိုးမှာ ခင်ဗျားက ပျော့ညံ့တုန့်လှုပ်လေမလားလို့ပဲ သံသယဖြစ်ခဲ့မိတယ်။ ဒါပေမဲ့ အခုတော့ ခင်ဗျားဟာ ကျုပ်ထင်သလိုမဟုတ်ဘဲ အရေးကြုံရင် အင်မတန် လျှင်မြန်ဖျတ်လတ်ရုံမက သေနတ်ပစ်ရာမှာလည်း တကယ်လက်ဖြောင့်တဲ့အတွက် အားကိုးထိုက်တဲ့ လူတစ်ယောက်ဖြစ်တာ ကောင်းကောင်းကြီး သိရပါတယ်။ မဲစီး မွန်ဆီယာ ဖီးလစ်"

(မဲစီး ဆိုသည်မှာ ပြင်သစ်ဘာသာဖြင့် ကျေးဇူးတင်ပါတယ်ဟု ပြောခြင်းပင် ဖြစ်သည်။)

❖

ရစ်ချတ်တို့အဖွဲ့သည် လှေကားထိပ်မှ နေ၍ လက်ပစ်ဗုံးသုံးလေးလုံး ပစ်ချဖောက်ခွဲလိုက်ပြီး လှေကားတစ်လျှောက် ပုန်းအောင်း ချောင်းပစ်မည့်သူ မရှိတော့ကြောင်း သေချာတော့မှ တတိယအထပ်သို့ ဆင်းကြလေသည်။



တတိယထပ်တွင် အရဏ်သစ်ဂိုဏ်းသား လက်နက်ကိုင်အချို့နှင့် ရင်ဆိုင်တိုးပါသော်လည်း ချက်ချင်းလိုပင် ရစ်ချတ်တို့က သုတ်သင် ရှင်းလင်းနိုင်ခဲ့သည်။

ထိုအခိုက် တတိယထပ်၏ တစ်ဖက်အစွန်းရှိ စတုတ္ထထပ်သို့ ဆင်းသည့်လှေကားဆီမှ ပစ်ခတ်သံများ ဆူညံစွာ ကြားရလေရာ ကွန်မန်ဒိုခေါင်းဆောင်ဟက်တာတို့အဖွဲ့သည်လည်း မိမိတို့ ကြိုတင်စီမံထားသည့်အတိုင်း စစ်မျက်နှာတစ်ခုဖွင့်၍ တိုက်ခိုက်နေလေပြီဟု ရစ်ချတ်က ရိပ်မိလေသည်။

အမှန်အားဖြင့်လည်း ဟက်တာခေါင်းဆောင်သော ဩစတြေလျ ကွန်မန်ဒိုများသည် ဒီအမ်ခါတ်ငွေ့ဗုံးများ အပါအဝင် လက်နက်မျိုးစုံ အသုံးပြုလျက် ရန်သူဂိုဏ်းသားများကို တိုက်ခိုက် ရှင်းလင်းပြီး မြေအောက်စခန်း၏ အစိက ခန်းမဆောင်ကြီးသို့ သွားလျက် ရှိပေသည်။

ရစ်ချတ်က ဟက်တာထံသို့ ဝေါကီတော်ကီ ရေဒီယိုစက်ဖြင့် ဆက်သွယ်စုံစမ်းကြည့်ရာ အသေးစိတ်ကိုပါ သိရလေသည်။ ဟက်တာတို့လူစုက တတိယထပ်ရှိ အခန်းများကိုပါ ရိုက်ချိုးဖွင့်ကြည့်ရာ ဘီလျံနာကြီးက မတရား ပြန်ပေးဆွဲထားသော မိန်းမပျိုများကို တွေ့ရသဖြင့် ကယ်ဆယ်လိုက်ရကြောင်း သိရသည်။

ထို့နောက် ရစ်ချတ်ကပင် ဆက်လက်၍ ဝေါကီတော်ကီစက်ဖြင့် ဟက်တာအား စစ်ဆင်ရေး ညွှန်ကြားချက်ပေးလေသည်။

"ကျုပ် စိတ်ထင်တော့ ဘီလျံနာကြီးရဲ့ လူယုံတော်စတီးလ်က သီးသန့်ခန်းမဆောင်ကြီးရဲ့ တောင်ဘက်နဲ့ ကပ်လျက် အခန်းနှစ်ခန်းမှာ လက်နက်ကိုင်အစောင့်တွေ ချထားမှာ သေချာတယ်။ ဒါကြောင့် ခင်ဗျားတို့အဖွဲ့က တောင်ဘက်ကနေပြီး တိုက်ရမယ်။ ကျုပ်တို့က မြောက်ဘက်က ဝင်တိုက်မယ်၊ ဒါပေမဲ့ ပဉ္စမအထပ်ကျတော့ ခဏစောင့်နေဦး။ ကျုပ်က အချက်ပေးလိုက်မှသာ စတိုက်ပါ"

ဤသို့ အမိန့်ပေးပြီးနောက် ရစ်ချတ်သည် သူ၏ အဖော်များနှင့်ပါခေါ်လျက် စတုတ္ထထပ်သို့ ဆင်းသွားလေသည်။ ယင်းအထပ်တွင် ဘီလျံနာဝင်စတန်၏ မြေအောက်စခန်းတစ်ခုလုံးနှင့် သက်ဆိုင်သောအလုပ်ရုံ (ဝပ်ရှော့) များလေဝင်စက်နှင့် လေအေးစက်ကိရိယာ ယန္တရားများပြုပြင်ထိန်းသိမ်းသည့် စက်ခန်းများ ရှိလေသည်။

ထိုအထပ်တွင်လည်း အရဏ်သစ်ဂိုဏ်း၏ လက်ရွေးစင် လက်နက်ကိုင်တပ်သားများ ရှိရာ ရစ်ချတ်တို့က အမြန်ဆုံး ရှင်းလင်းပစ်ပြီး ပဉ္စမထပ်သို့ ဆက်လက်ဆင်းသွားကြလေသည်။ ဆရာဝန် ဆရာမများနှင့် လူနာများသည်လည်း

www.burmeseclassic.com

www.burmeseclassic.com



ဘီလျံနာကြီး၏ နောက်လိုက် အယူသီးသမားများ ဖြစ်သည့်အလျောက် ရစ်ချတ်တို့အား လက်နက်မျိုးစုံဖြင့် ပစ်ခတ် တော်လှန် ခုခံကြလေသည်။

သို့သော် လူချင်း တိုက်ခိုက်မှုအရည်အချင်း ယှဉ်၍မရသဖြင့် အရုဏ်သစ်ဝိုင်းသားများပင် အရေးနိမ့်ကာ တိုက်ပွဲက ချက်ချင်း အဆုံးသတ်သွားလေသည်။ ထို့ကြောင့် ရစ်ချတ်တို့သည် ပထမထပ်ရှိ လက်နက်ကိုင်တပ်များ၏ သီးသန့်လုံခြုံရေးခန်းသို့ ဆင်းသည့် လှေကားထိပ်သို့ ရောက်သွားကြလေသည်။

အပေါ်ဆုံးမြေညီထပ်၌ တွေ့ခဲ့ရသော သံမဏိလှေကားထစ်များ လုပ်ထားသည့် ကွန်ကရစ်ပြွန်ကြီး၏ အောက်ခြေကိုလည်း မြင်ကြရလေသည်။ ရှုရှဲဘော် တေချော့ဇ်စကီးသည် တီအင်တီ ယမ်းဘီလူးဗုံးနှစ်လုံးဖြင့် ကွန်ကရစ်ပြွန်ကြီး၏ အောက်ခြေကို ဖောက်ခွဲဖျက်ဆီးလိုက်လေသည်။

လက်နက်ကိုင်အစောင့်များအခန်း၏ ဟိုဘက်တွင် ဘီလျံနာကြီး စစ်ဆင်ရေးကွပ်ကဲမှုအခန်းနှင့် သီးသန့်ခန်းမဆောင်ကြီး ရှိကြောင်းကို ရစ်ချတ်က ကြိုတင် သိထားပြီးဖြစ်သည်။ ယင်းခန်းမဆောင်ကြီး၌ပင် အဓိကတရားခံ ဘီလျံနာကြီး ရှိရပေမည်။

ရစ်ချတ်သည် အခြေအနေကို ကျေနပ်ဟန်ဖြင့် ပြုံးပြီး သူ၏ အဖော်များဘက်သို့ လှည့်၍ "ကိုင်း... ရဲဘော်တို့ ဘီလျံနာဝင်စတန်ရဲ့ လူယုံတော်အဖွဲ့ကို သွားပြီး ရှင်းပစ်ကြပါစို့" ဟု ပြောလိုက်သည်။

■

## အခန်း (၁၄)

လူယုံတော်စတီးလ်သည် သူတို့၏ရန်သူ ရစ်ချတ်တို့လူစု တဖြည်းဖြည်း နီးကပ်လာပြီဟု သိပြီးဖြစ်၍ ပြန်လည် ခုခံတိုက်ခိုက်ရေး အစီအစဉ်ကို သေချာစွာ သုံးသပ်ကြည့်နေလေသည်။ အထူးသဖြင့် တိုက်ခိုက်ရေးအဖွဲ့ ခေါင်းဆောင် ရစ်ချတ်၏ နေရာတွင် သူ့ကိုယ်သူနေကြည့်ပြီး မည်သို့မည်ပုံ တိုက်ခိုက်မည်ဟု စဉ်းစားကြည့်လေသည်။

ပထမအချက်အနေဖြင့် တိုက်ခိုက်ရေးအဖွဲ့ကို အုပ်စုခွဲ၍ စစ်မျက်နှာဖြန့်ကာ နှစ်ဖက်ညှပ်တိုက်ခြင်းသည် အကောင်းဆုံးဖြစ်သည်။ ယခုဆိုလျှင် ရစ်ချတ်သည် မိမိလူများအား နှစ်စုခွဲ၍ ချဉ်းကပ်လာနေပြီဟု တွက်နိုင်ပေသည်။

သီးသန့်ခန်းမဆောင်ကြီးသို့ ဝင်ရန် တစ်ဖွဲ့က တောင်ဘက်ရှိ လက်နက်



ကိုင်အစောင့်များ အခန်းမှ လည်းကောင်း၊ ကျန်တစ်ဖွဲ့က မြောက်ဘက်မှ လည်းကောင်း၊ နှစ်ဖက်ညှပ်၍ တိုက်ရန် သေချာသလောက် ရှိသည်။ သို့သော် ယင်းတွက်ချက်သည် မှားကောင်း မှားနိုင်သည်ဟုလည်း စတီးလ်က တွေးမိလေသည်။

သို့ရာတွင် သူ၏ ခန့်မှန်း တွက်ချက် ကြည့်ခြင်းသည် မမှားပါချေ။ သူထင်သည့်အတိုင်းပင် ရစ်ချတ်သည် သူ၏ လူများအား နှစ်စုခွဲ၍ ခန်းမဆောင်ကြီး၏ တောင်ဘက်နှင့် မြောက်ဘက်တို့မှ နှစ်ဖက်ညှပ်တိုက်ရန် ချင်းနင်းဝင်ရောက်လာပြီ ဖြစ်လေသည်။

❖

စတီးလ်ကဲ့သို့ပင် ရစ်ချတ်သည်လည်း ရန်သူ၏ ခြေလှမ်းကို ကြိုတင်ခန့်မှန်း တွက်ချက်ပြီး ဖြစ်လေသည်။

သူသည် လက်မြန်သလောက် ဦးနှောက်အတွေးအခေါ်ကလည်း လျင်မြန် ထက်မြက်သူ ဖြစ်သည်။ ရန်သူ ဘီလျံနာဝင်စတန်၏ ညာလက်ရုံး လူယုံတော် စတီးလ်၏ အရည်အချင်းကိုလည်း သိထားပြီး ဖြစ်၍ မိမိတို့ စစ်ဆင်ရေး နည်းဗျူဟာကို စတီးလ်က ကြိုတင် တွက်ချက်လျက် သူတို့လူများကို အုပ်စုနှစ်စုခွဲကာ စစ်မျက်နှာနှစ်ဖက်မှ ခုခံတိုက်ခိုက်စေလိမ့်မည်ဟု ရစ်ချတ်က တထစ်ချ တွက်မိလေသည်။

ထို့ကြောင့် မိမိ၏ အဖော်လေးဦးနှင့် ကွန်မန်ဒိုတပ်မှူးဟက်တာတို့အဖွဲ့အား သံမဏိတံခါးကြီးများကို ဖောက်ခွဲဖျက်ဝင်သည့်အခါ အရုဏ်သစ်ဂိုဏ်းသား လက်ရွေးစင် လုံခြုံရေးတပ်သားများသည် စခန်းမြေပုံထဲပါသော ၄င်းတို့အခန်းတွင်း၌ ရှိတော့မည် မဟုတ်ဟု ကြိုတင်ပြောလေသည်။

"အားလုံး ကျုပ်ပြောတာ နားထောင်ကြပါ။ ဒီစခန်းရဲ့ အရေးကြီးဆုံး အချက်အချာဌာနဖြစ်တဲ့ သီးသန့်ခန်းမဆောင်ကြီး ကာကွယ်ရေးကို ကွပ်ကဲမယ့်လူက ဘီလျံနာကြီးရဲ့ လူယုံတော် စတီးလ်ဆိုသူပဲ ဖြစ်တယ်။ သူက အလွန်အကင်းပါးသူလည်း ဖြစ်တဲ့အတွက် ကျုပ်တို့ရဲ့ ခြေလှမ်းကို ကြိုမြင်ပြီး သူတို့လက်နက်ကိုင်တပ်သားတွေကို အသာ နောက်ဆုတ်နေစေပြီးမှ ကျုပ်တို့အပေါင်ကို စောင့်နေလိမ့်မယ်။ ကျုပ်တို့က တံခါးကြီးတွေ ဖျက်ဝင်လိုက်တော့မှသာ သူတို့လူတွေက တရကြမ်း စုပေါင်း ပစ်ခတ်တိုက်ခိုက်ကြလိမ့်မယ်၊ ဒီတော့ ခင်ဗျားတို့က ဒီအမ်ဓာတ်ငွေ့ဗုံးတွေ သုံးရလိမ့်မယ်။ ဒါပေမဲ့ အဲဒါကိုချည်း

www.burmeseclassic.com

www.burmeseclassic.com



အားကိုးမနေနဲ့ စတီးလ်နဲ့ သူ့လူတွေမှာ ဓာတ်ငွေ့ကာ မျက်နှာဖုံးတွေ ကြိုတင်တပ်ထားဖို့ များတယ်။ ဒီလူက အလွန် 'လျင်' တဲ့သူ ဖြစ်တယ်"

ဤသို့ အဆုံးသတ်လိုက်ပြီးနောက် ရစ်ချတ်တို့အဖွဲ့၏ ထိုးစစ်ဆင်မှု စတင်လေသည်။ တစ်ဖွဲ့နှင့် တစ်ဖွဲ့ အဆက်မပြတ် ဆက်သွယ်မှုရှိစေရန်အတွက် ဆေါ်တီတော်ကီ ရေဒီယိုစက်ငယ်များကိုလည်း နှစ်ဖွဲ့စလုံးတွင် အဆင်သင့်ထားရှိလေသည်။

အထူးသဖြင့် တောင်ဘက်နှင့် မြောက်ဘက် ခွဲတိုက်ကြမည့် အုပ်စုနှစ်စုသည် တစ်ချိန်တည်း၊ တစ်ပြိုင်နက် ပစ်ခတ်တိုက်ခိုက်မိအောင် တစ်ဖက်နှင့်တစ်ဖက် ဆက်သွယ်အချက်ပေး၍ တိုက်ကြရန် စီစဉ်ထားလေသည်။

ရှေးဦးစွာ အခိုင်အမာ တည်ဆောက်ထားသော သံမဏိတံခါးကြီးများကို တီအင်တီ ယမ်းဘီလူး (ဒိုင်းနမိုက်) ဖြင့် ဖောက်ခွဲဖျက်ဆီးရာ ယမ်းအားပြင်းထန်သော ပေါက်ကွဲမှုဒဏ်ကြောင့် တံခါးကြီးများ ပျက်စီးပွင့်ထွက်သွားလေသည်။

ထို့နောက် အတွင်း၌ ရှိနေမည့် ရန်သူတပ်သားများ ရှိလိုရှိငြား လက်ပစ်ဗုံးအနည်းငယ် ပစ်သွင်းဖောက်ခွဲပစ်လိုက်ကြပြီးနောက် တစ်ဆက်တည်းမှာပင် ဒီအမ်ဓာတ်ငွေ့ဗုံးများကိုပါ ပစ်သွင်းလိုက်ပြီးမှ ရစ်ချတ်တို့လူစုသည် တရကြမ်း ပစ်ခတ်ကြရင်း အတွင်းသို့ ပြေးဝင်ကြလေသည်။

အတွင်း၌ လက်နက်ကိုင်အစောင့်များ၏ အခန်းနှစ်ခန်းရှိရာ ကြိုတင်ပြောသည့်အတိုင်းပင် နှစ်ခန်းလုံး၌ လူ လုံးဝမရှိကြောင်း တွေ့ရလေသည်။

ရန်သူဂိုဏ်းသားများကို ကွပ်ကဲသူ စတီးလ်က သူ့လူများအား အုပ်စုခွဲ လူဖြန့်ထားလိုက်ကြောင်း ထင်ရှားနေပြီ ဖြစ်သည်။ ယခုဆိုလျှင် အရဏ်သစ်ဂိုဏ်းအထူးသီးသန့် လက်နက်ကိုင်တပ်သားများသည် ခန်းမဆောင်ကြီး၏ မြောက်ဘက်နှင့် တောင်ဘက်တို့တွင် အသီးသီး နေရာယူပြီးသား ဖြစ်နေရပေမည်။

တကယ်တော့လည်း စတီးလ်က အရဏ်သစ်ဂိုဏ်းသား လက်နက်ကိုင်ဆယ်ဦးတို့အား တောင်ဘက်သို့ သွားစောင့်နေစေပြီး ကျန်တပ်သား ဆယ်ဦးကိုတော့ သူနှင့် အီဘရီဆိုသူနှင့် အတူ ခန်းမဆောင်၏ မြောက်ဘက်မှနေ၍ ခုခံတိုက်ခိုက်ရန် ပြင်ဆင်ထားလေသည်။

ခန်းမဆောင် တောင်ဘက်စွန်း ရန်သူတပ်သားများသည် ဒူးထောက်နေရာယူကာ စက်သေနတ်များ အသင့်ကိုင်ထားလျက် ရစ်ချတ်တို့ ဝင်အလာကို စောင့်နေကြလေသည်။

ယင်းသို့ ရန်သူ (ရစ်ချတ်အဖွဲ့) အား စောင့်နေရင်း အရဏ်သစ်ဂိုဏ်း



သား လက်နက်ကိုင်တပ်သားအချို့သည် ခန်းမဆောင်ကြီး၏ အလယ်ဗဟိုဘက်ဆီသို့ ရံဖန်ရံခါ လှမ်းကြည့်မိလေသည်။

အလျားပေသုံးရာ၊ အနံ ပေတစ်ရာ့ရှစ်ဆယ်ရှိသော ခန်းမဆောင်ကြီး၏ အလယ်တွင်ကား သူကိုယ်တိုင် ဆေတန်နတ်မင်း၏ တမန်တော်ဟု စိတ်စွဲပေါက်နေသူ ဘီလုံနာသူဌေးကြီး ဝင်စတန်နှင့် သူ၏ အပေါင်းတော်မြဲ မက်ကီလစ်တို့ ရှိနေကြသည်။ ဘုရားစင်လိုလို ပြုလုပ်ထားသော စင်မြင့်တစ်ခု၏ ရှေ့၌ သူတို့နှစ်ယောက် မတ်တတ်ရပ်နေကြသည်။

ဘီလုံနာဝင်စတန်က ဦးဆောင်၍ ဆေတန်နတ်မင်း ကူညီစောင့်ရှောက်တော်မူပါဟု အဓိပ္ပာယ်ရသည့် ဆုတောင်းခြင်းတစ်မျိုးကို ရွတ်ဆိုနေကြသည်။

အရဏ်သစ်ဂိုဏ်းသား လက်နက်ကိုင်တပ်သားများ၏ စိတ်ထဲတွင် အလွန်လုံခြုံရပါသည်ဆိုသော မိမိတို့ မြေအောက်စခန်းကြီးအတွင်းသို့ ထိုးဖောက်ဝင်ရောက်လာနိုင်သူ ရန်သူ၏ ထိုးစစ်ကို တွေးပြီး တုန်လှုပ်နေမိကြသည်။

သို့သော် တစ်ဖက်ကလည်း သူတို့ဆရာကြီး ဘီလုံနာဝင်စတန်၏ ဝါဒကို ယုံကြည်ချက်က ပြင်းထန်လျက်ပင် ရှိနေကြသည်။

ယခု ရင်ဆိုင်ရလတ္တံ့သော တိုက်ပွဲသည် ဆရာကြီး ဘီလုံနာဝင်စတန်သို့မဟုတ် ဆေတန်နတ်မင်း၏ တမန်တော်အနေဖြင့် ရန်သူနှင့် အပြီးသတ်ရင်ဆိုင်အားပြိုင်ရမည့် နောက်ဆုံးတိုက်ပွဲဟူ၍လည်း တပ်သားများ၏ စိတ်ထဲတွင် သိနေကြသည်။

ထိုအခိုက် ရစ်ချတ်တို့အဖွဲ့က တီအင်တီ ယမ်းဘီလူးဖြင့် သံမဏိတံခါးကြီးများ ဖောက်ခွဲဖျက်ဆီးလိုက်ခြင်းမှ တစ်ဆင့် စခန်း၏ နံရံအချို့ကို မီးစွဲလောင်ပြီး မီးတောက်မီးလျှံများ တက်လာလေရာ အရဏ်သစ်ဂိုဏ်းသား လက်နက်ကိုင် အစောင့်များသည် ပို၍ပင် စိုးရိမ်တုန်လှုပ်လာကြလေသည်။

အရေးထဲ မြေအောက်စခန်းအတွင်း စနစ်တကျ တပ်ဆင်ထားသော လေအေးစက်များက ချွတ်ယွင်းရပ်တန့်သွားသဖြင့် အားလုံး ချွေးဒီးဒီး ပြန်နေကြလေသည်။ ရန်သူ (ရစ်ချတ်) တို့ဘက်မှ ပစ်ခွဲထားသော ဒီအမ်ဓာတ်ငွေ့ကလည်း တဖြည်းဖြည်း ပျံ့နှံ့လျက် ရှိနေပြီဖြစ်သည်။ ငါတို့တစ်တွေ ဒီတောင်ကကျော်မှ ကျော်နိုင်ပါ့မလား ဟူ၍ပင် သူတို့စိတ်ထဲတွင် သံသယဖြစ်နေကြလေသည်။

မြေအောက်စခန်းသို့ ပြင်ပမှ လေကောင်းလေသန့်များ ဝင်နေရန်အတွက် သိပ္ပံနည်းကျကျ ဖန်တီးထားပါသော်လည်း ပြင်ပမှ လေအေးစက်ကို ရန်သူ (ရစ်ချတ်) တို့က ဖျက်ဆီးပစ်လိုက်လျှင် မည်သို့လုပ်ရပါမည်နည်း။

အရဏ်သစ်ဂိုဏ်းသားများ ရုတ်တရက် နားမလည်နိုင်သော အချက်

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကလည်း **ရန်သူ** (ရစ်ချတ်တို့အဖွဲ့) က ဘာကြောင့် စတင်ပစ်ခတ်တိုက်ခိုက်ကြခြင်း မပြုကြသနည်းဟူသော အချက်ပင်ဖြစ်သည်။ ကွန်မန်ဒိုတပ်မှူး **ဟက်တာနှင့်အဖွဲ့က** တစ်ဖက်မှ ရစ်ချတ်တို့အုပ်စု စစ်ဆင်ရေးကွပ်ကဲမှုအခန်းကို **ရှေ့ဦးစွာ** ရှင်းလင်းပြီးမှ စတင်တိုက်ခိုက်သည့် အချိန်ကို စောင့်နေကြကြောင်း **အရေှ**သစ်ဂိုဏ်းသားများက မသိကြချေ။

ရစ်ချတ်ကိုယ်တိုင်က သူတို့ ပြီးသည်အထိ ပစ်ခတ်ခြင်းကို စောင့်ရန် **ဟက်တာ**အား ညွှန်ကြားထားခဲ့သည်။ သူ၏ရည်ရွယ်ချက်ကား အားလုံး ဝေါကီ**တော်ကီ**ရေဒီယိုစက်ဖြင့် ဆက်သွယ်အချက်ပေးပြီး ရန်သူအား တစ်ပြိုင်နက်နှစ်ဖက်ညှပ် တိုက်ခိုက်ကြရန်ပင် ဖြစ်သည်။

မြေအောက်စခန်း သီးသန့်ခန်းမဆောင်ကြီး၏ အနောက်ဘက် နံရံတွင် တံခါးတစ်ခု ရှိသည်။ တောင်ဘက် လက်နက်ကိုင်အစောင့်များ အခန်း၏ မြောက်ဘက် ပေ ၂၀၀ ခန့် အကွာတွင် ဖြစ်သည်။ ယင်းတံခါးပေါက်သည် ဘီလျံနာကြီး၏ စစ်ဆင်ရေး ကွပ်ကဲမှုအခန်းသို့ ဝင်သည့် တံခါးပင် ဖြစ်လေသည်။

ဘီလျံနာကြီး ဝင်စတန်နှင့် သူ၏အပါးတော်မြဲ မက်ကီလစ်တို့သည် သူတို့ ယုံကြည်အားကိုးသော ဆေတန်နတ်မင်းအား တိုင်တည်ဆုတောင်းလျက်ပင် ရှိနေကြရာ သူတို့ကို ကြည့်ပြီး အရှေ့သစ်ဂိုဏ်းသား လက်နက်ကိုင်အစောင့်များက အားမလို အားမရဖြစ်နေကြသည်။ ရန်သူ (ရစ်ချတ်တို့အဖွဲ့) က လက်ဦးသွားမည်ကို စိုးရိမ်နေကြလေသည်။

ဆေတန်နတ်မင်းက တကယ်တမ်း ကယ်ဆယ်မစမည် ဆိုပါက ယခုလို အချိန်မနှောင်းမီ ကယ်ဆယ်တော်မူပါလော့ဟုလည်း လက်နက်ကိုင်ဂိုဏ်းသားအချို့က ကျိတ်၍ ဆုတောင်းနေမိကြသည်။

❖

ထိုအတောအတွင်း ရစ်ချတ်နှင့် သူ၏အဖော်လေးဦးတို့သည် ရန်သူအား အပြီးသတ် တိုက်ခိုက်ချေမှုန်းရန်အတွက် ပြင်ဆင်နေကြလေသည်။

တီအင်တီ ယမ်းဘီလူးဖြင့် ဖောက်ခွဲ ဖျက်ဆီးလိုက်သော သံမဏိတံခါးကြီး၏ အတွင်းဘက်တွင် အခန်းတစ်ခန်း ရှိသေးသည်။ သီးသန့်ခန်းမဆောင်သို့ ဝင်လျှင် ပထမဆုံး ရောက်သည့် ပြင်ပအခန်းပင် ဖြစ်သည်။ ရစ်ချတ်တို့ ဝင်သွားသောအခါ အခန်းတွင်း၌ မည်သူမျှ မရှိတော့ချေ။

ဘီလျံနာကြီး၏ လူယုံတော်စတီးလ်နှင့် အဖွဲ့တို့က သီးသန့်ခန်းမဆောင်အတွင်းသို့ ဆုတ်ခွာပြေးသွားကြပြီဖြစ်သည်။ ထိုအတောအတွင်း ရစ်ချတ်တို့က ဘီလျံနာကြီး၏ စစ်ဆင်ရေး ကွပ်ကဲမှုအခန်းတွင်းသို့ လက်ပစ်ဗုံးခြောက်လုံးပစ်သွင်း၍ ဖောက်ခွဲလိုက်ခြင်း ဖြစ်လေသည်။



ရှုရှုံထောက် တေချော့ဗ်စကီးက ခန်းမဆောင်ကြီးအလယ်သို့ ဝင်သည့် တံခါးအခြေအနေကို လေ့လာကြည့်ရှုနေစဉ် ရစ်ချတ်သည် ဝေါကီ တော်ကီရေဒီယိုဖြင့် ကွန်မန်ဒိုတပ်မှူး ဟက်တာအား ဆက်သွယ် စကားပြောလေသည်။

"ဒီမယ်... ဟက်တာ၊ ခင်ဗျားတို့ဘက်က ဒိုင်းနမိုက် (ယမ်းဘီလူး) အချိန်ကိုက်ဗုံးတွေကို သုံးမိနစ်တိတိအကြာမှာ ပေါက်ကွဲအောင် ချိန်ထားပါ။ ပေါက်ကွဲလို့ တံခါးပျက်ပြီး ပွင့်သွားတာနဲ့ မီးခိုးဗုံးနဲ့ လက်ပစ်ဗုံးတွေ ကြိုတင်ပစ်သွင်းရင်း ခင်ဗျားတို့အဖွဲ့က ခန်းမဆောင်အလယ်ကို အတင်းပြေးဝင်လာခဲ့ကြပေတော့..."

ဤသို့ အမိန့်ပေးပြီးနောက် သုံးမိနစ်ခန့်အကြာတွင် ကျယ်လောင်စွာ ပေါက်ကွဲသံကြီးနှင့်အတူ သီးသန့်ခန်းမဆောင်ကြီး၏ အနောက်ဘက် နံရံကြီးပြိုကွဲ ပျက်စီးသွားလေသည်။ နောက်ထပ် မိနစ်ဝက်အတွင်း မီးခိုးဗုံးများပေါက်ကွဲကာ မီးခိုးလုံးကြီးများ ပေါ်ထွက်လာလေသည်။

ရစ်ချတ်ခေါင်းဆောင်သော အုပ်စုသည် ခန်းမဆောင်ကြီး၏ မြောက်ဘက်မှ အခန်းလယ်ဆီသို့ မီးခိုးလုံးတွေ ကြားမှပင် ပြေးဝင်လာကြလေသည်။ တစ်ချိန်တည်းမှာပင် ဟက်တာခေါင်းဆောင်သော ဩစတြေလျ ကွန်မန်ဒိုတပ်သားများက တောင်ဘက်မှ ပြေးလာကြရာ ရန်သူအရှေ့သစ်ဂိုဏ်းသား လက်နက်ကိုင်အစောင့်များကလည်း လက်နက်မျိုးစုံဖြင့် စတင် ပစ်ခတ်လေသည်။

ဟက်တာ၏ အဖွဲ့မှ ကွန်မန်ဒိုတပ်သားတစ်ဦးသည် ကံဆိုးရှာလေသည်။ ရန်သူကျည်ဆန်တစ်တောင့်က သူ၏ ပါးစပ်တည့်တည့်သို့ ထိမှန်ပြီး ကျဆုံးသွားလေသည်။

ရစ်ချတ်ကိုယ်တိုင်ပင်လျှင် ရန်သူ၏ ကျည်ဆန်သုံးတောင့် ထိမှန်ခြင်းခံရသော်လည်း ကျည်ဆန်ဒဏ်ခံနိုင်သော သံမဏိကိုယ်ကျပ် အကျႌကြောင့်သာ အသက်မသေခြင်း ဖြစ်လေသည်။ နောက်ထပ် ကျည်ဆန်တစ်ခုက သူ၏လက်ယာဘက် တင်ပါးနား ရှပ်မှန်ပြီး ထွက်သွားရာ ရစ်ချတ်သည် ပူခနဲ နာကျင်သော ဆဒနာ ခံစားလိုက်ရသည်။ သို့သော် သူတို့သည် ရန်သူ၏ ခုခံပစ်ခတ်မှုကို ဂရုမစိုက်ဘဲ ရှေ့သို့တိုးသွားကြလေသည်။

စောစောက အုပ်စုနှစ်စု ခွဲထားသော လူအားလုံးပေါင်းမိပြီ ဖြစ်၍ ယခုအခါ ရစ်ချတ်အပါအဝင် လူအင်အား (၁၄) ယောက် ရှိနေပြီ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အရဏ်သစ်ဂိုဏ်းသား လက်နက်ကိုင် အစောင့်များ စုရုံးကာ ပစ်ခတ်တိုက်ခိုက်နေသော နေရာဆီသို့ ဆက်လက် ချီတက်ပြေးသွားရင်း ရစ်ချတ်တို့အဖွဲ့က နောက်ထပ် မီးခိုးဗုံးနှင့် လက်ပစ်ဗုံးများကိုပါ လှမ်းပစ်ဖောက်ခွဲလိုက်ကြလေသည်။

ဘီလျံနာကြီး၏ လူယုံတော် စတီးလ်သည် တိုက်ခိုက်မှု အရည်အသွေးမညံ့သလောက် ရန်သူ၏ နည်းပရိယာယ်ကို ခန့်မှန်း တွက်ဆတတ်သူ ဖြစ်လေသည်။ ရစ်ချတ်တို့ လူစုက ဆက်တိုက်ပစ်ခတ်နေရာမှ ခေတ္တ အပစ်ရပ်လိုက်သောအခါ စတီးလ်ကလည်း သူတို့အဖွဲ့သားများအား ဆက်လက် မပစ်စေဘဲ ခန်းမဆောင်ကြီး၏ ဘေးနားရှိ တိုင်ကြီးများနောက်တွင် အကာအကွယ်ယူထားစေလိုက်သည်။

ထိုအချိန်၌ ရန်သူ (ရစ်ချတ်) တို့က သေနတ်ပစ်ခတ်ခြင်းကို ခေတ္တရပ်ထားသော်လည်း မီးခိုးဗုံးများ ဆက်လက်ပစ်ခွဲသဖြင့် ခန်းမဆောင်ကြီးအတွင်း မီးခိုးလုံးကြီးများ ဖြစ်ပေါ်လျက် ရှိလေသည်။

ယင်းမီးခိုးလုံးကြီးများ၏ အကာအကွယ်ကို ယူလျက် ရစ်ချတ်တို့အဖွဲ့က ရန်သူရှိရာသို့ မှန်း၍ ပြေးတက်လာကြချိန်တွင် စတီးလ်တို့ လူစုကလည်း အလားတူပင် အကြံတူရပြီး မီးခိုးလုံးကြီးများကြားမှ ရှေ့သို့ ပြေးတက်လာကြလေသည်။ ဤတွင် နှစ်ဖက်သော အင်အားစုများ ထိပ်တိုက်ပက်ပင်း တိုးကာ အနီးကပ်တိုက်ပွဲ ဖြစ်လာလေတော့သည်။

ရစ်ချတ်တို့လူစုမှာ စက်သေနတ်ကျည်ဆန်များ ကုန်နေပြီဖြစ်၍ ခြောက်လုံးပြူး၊ ပစ္စတိုလ်၊ ဓားမြှောင် စသော လက်နက်ငယ်များနှင့် လူလူချင်း တိုက်ခြင်းကိုသာ အားကိုးနေရလေသည်။

စတီးလ်ခေါင်းဆောင်သော အရဏ်သစ်ဂိုဏ်းသား လက်ရွေးစင် တပ်သားများသည်လည်း ခေလှသည် မဟုတ်ချေ။ အယူသီးသမားများပီပီ ဇွဲနပဲကြီးစွာ တိုက်ခိုက်ရန် စိတ်ဓာတ် ပြင်းပြသည်သာမက ဂျူဒို၊ ကရာတေး၊ သိုင်းပညာများကို တတ်ကျွမ်းသူများလည်း ဖြစ်သည်။

နှစ်ဖက်သောအင်အားစုတို့ ထိပ်တိုက် ပက်ပင်းတိုးကြသောအခါ လူအင်အားအနေဖြင့် စတီးလ်တို့၏ အရဏ်သစ်ဂိုဏ်းက လူအင်အားသာနေလေရာ ရတ်တရက်ဆိုလျှင် ရစ်ချတ်တို့အဖွဲ့က အရေးနိမ့်ပြီး တစ်ယောက်မကျန် အသက်ဆုံးရှုံးရကုန်လိမ့်မည်ဟု ထင်ရပေသည်။

အရဏ်သစ်ဂိုဏ်း၏ ဆရာကြီး ဘီလျံနာဝင်စတန်နှင့် သူ၏ လက်ပါးစေ မက်ကီလစ်တို့ကမူ တိုက်ခိုက်နေကြသော စတီးလ်တို့ လူစုရှိရာသို့ မလာ



ဘဲ ခန်းမဆောင် အလယ်ဗဟိုရှိ ဘုရားစင်လိုလို စားပွဲကြီးရှေ့တွင် ရပ်နေကြလေသည်။ စောစောပိုင်းက ဆုတောင်းရွတ်ဖတ် သရဇ္ဈာယ်ခြင်း၊ မန္တာန်ဆန်ဆန် စကားလုံးများ ရွတ်ဆိုခြင်း စသည်တို့ကိုမူ ရပ်စဲလိုက်ပြီ ဖြစ်သည်။

သူတို့နှစ်ဦးသည် အနက်ရောင် ကျောက်ပြားဖြင့် ပြုလုပ်ထားသည့် ဘုရားစင်သဏ္ဍာန် စားပွဲကြီး၏နောက်တွင် အကာအကွယ်ယူလိုက်ကြသည်။ လောလောဆယ်အားဖြင့် သူတို့နေရာမှာ လုံခြုံမှု ရှိနေသည်။

ရန်သူရစ်ချတ်တို့အဖွဲ့နှင့် ထိုနေရာကြားတွင် စတီးလ်ခေါင်းဆောင်သော မိမိတို့၏ လက်ရွေးစင်တပ်သားများ ရှိနေသောကြောင့်ပင် ဖြစ်သည်။

သို့ရာတွင် ဘီလျံနာကြီးအနေဖြင့် မသိသော အချက်ကား သေမင်းတမန်ဟု နာမည်ရသူ ရစ်ချတ်က လူယုံတော် စတီးလ်တို့အဖွဲ့နှင့် အီဘရို စသော မိမိဘက်သားများကို ရှေးဦးစွာ သုတ်သင်ပြီး ဘီလျံနာဝင်စတန်ကိုပါ ဖြစ်သည့်နည်းဖြင့် အပြတ် ချေမှုန်းပစ်ရန် အခိုင်အမာ ဆုံးဖြတ်ထားပြီ ဟူသော အချက်ပင် ဖြစ်သည်။

တစ်နည်းအားဖြင့် ရစ်ချတ်သည် ဘီလျံနာကြီးအား အရှင်ဖမ်းဆီးခေါ်ဆောင်ခဲ့ရန် စီအိုင်အေဌာနချုပ်၏ ညွှန်ကြားချက်အမိန့်ကို ဂရုမစိုက်ဘဲ အရှင်ဖမ်းမရလျှင် အသေတော့ရအောင် ဖမ်းမည်ဟု စိတ်ပိုင်းဖြတ်ထားပြီး ဖြစ်လေသည်။

အလားတူပင် အခိုင်အမာ စိတ်ပိုင်းဖြတ်ထားသူတစ်ဦးလည်း ရှိပေသည်။ ထိုလူကား ဘီလျံနာကြီး၏ လူယုံတော် စတီးလ်ပင်ဖြစ်ပြီး မိမိတို့ဂိုဏ်းအပေါ် တစ်ဆင့်ပြီးတစ်ဆင့် အနိုင်ယူကာ ယခု အခြေစိုက် မြေအောက်စခန်းထိအောင် အတင့်ရဲစွာဝင်လာသူ ရစ်ချတ်အား အသေသတ်ပစ်ရန် ဆုံးဖြတ်ထားလေသည်။

ထို့ကြောင့် စတီးလ်သည် ယခု နှစ်ဖက်သော လက်နက်ကိုင်အင်အားစုများ မီးခိုးလုံးကြီးများကြားဝယ် ရင်ဆိုင် ပက်ပင်းတိုးမိနေခိုက် ရစ်ချတ်တစ်ဦးတည်းသာ ဂရုစိုက် ရှာဖွေကြည့်နေလေသည်။ သို့သော် သူသည် လူချင်းနီးနီးကပ်ကပ် မတိုးမိအောင်တော့ အထူး သတိထားလေသည်။

လူချင်း ပူးမိလျှင် ရစ်ချတ်နှင့် ကာယဗလချင်း ယှဉ်ပြိုင် တိုက်ခိုက်ရမည်ကို သူမလိုလား၊ ခပ်လှမ်းလှမ်းမှ အသေပစ်သတ်ရန်သာ ရည်ရွယ်လေသည်။ စတီးလ်နှင့် အီဘရိုတို့သည် ကြမ်းပြင်တွင် ဝပ်တွားလျက် ခန်းမဆောင်ကြီး၏ အရှေ့ဘက်နံရံဆီသို့ တဖြည်းဖြည်း တိုးသွားလေသည်။ ရစ်ချတ်ကို မြင်သည်နှင့် သူတို့က ဦးဆောင်ပစ်ခတ်ရန်ပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအတောအတွင်း ရစ်ချတ်မှာ မီးခိုးလုံးများကြား နှစ်ဖက်သော လက်နက်ကိုင်တပ်သားများ ရင်ဆိုင်တိုးမိနေခြင်းကြောင့် အခြေအနေ ရှုပ်ထွေးနေသဖြင့် ရုတ်တရက် ဘာလုပ်ရမှန်း မသိအောင် ဖြစ်နေလေသည်။

ထိုအခိုက် အရဏ်သစ်ဂိုဏ်းသား လက်ရွေးစင် တပ်သားတစ်ဦးက ဗာဘိုင်သေနတ်ထိပ်ဖျားတွင် တပ်ရသော လှံစွပ်ကို ဆုပ်ကိုင်လျက် ပြေးဝင်လာရာ ရစ်ချတ်က မယုံကြည်နိုင်လောက်အောင် လျင်မြန်လှသောအဟုန်ဖြင့် လှုပ်ရှားလိုက်သည်။

ကွန်ဖူးတရုတ်သိုင်းပညာနည်းအရ ဆီလွန်ဟု ခေါ်သော တိုက်ခိုက်နည်းဖြင့် ထိုလူ၏ ရင်ဘတ်ညာဘက်ကို ခြေဖျားဖြင့် ပစ်ကန်လိုက်ရာ အရဏ်သစ်ဂိုဏ်းသားသည် နောက်ပြန်လဲကျပြီး သူ၏လက်မှ လှံစွပ်ပါ လွတ်ကျသွားလေသည်။ တစ်ချက်တည်းမှာပင် ရစ်ချတ်က ပေါင်ချောင်ခေါ် ကွန်ဖူးသိုင်းတိုက်ခိုက်နည်းအရ လက်သီးဆုပ်လျက် ထိုသူ၏ ပါးစပ်တည့်တည့်သို့ တစ်ချက်ပစ်ထိုးလိုက်သည်။ လက်သီးချက်က မည်မျှ ပြင်းထန်သနည်းဟူမူ အရဏ်သစ်ဂိုဏ်းသား၏ ပါးစပ်မှ သွားသုံးလေးချောင်း ကျွတ်ထွက်သွားပြီး ဦးနှောက်တစ်ခုလုံး ထုံကျဉ်သွားလေသည်။

အယူသီးသမား အရဏ်သစ်ဂိုဏ်းသားသည် အလျှော့မပေးသေးဘဲ ချက်ချင်း ပြန်ထ၍ ရစ်ချတ်အား ကရာတေးသိုင်းနည်းဖြင့် တိုက်ခိုက်ရန် ကြိုးစားသေးသည်။ သို့သော် ရစ်ချတ် 'ကန္နကီတေ' ခေါ် လက်ချောင်းဖျားများ အသုံးပြု တိုက်ခိုက်နည်းဖြင့် ထိုလူ၏ လည်မျိုတည့်တည့်သို့ တအားထိုးလိုက်သည်။ သည်တစ်ခါတော့ အရဏ်သစ်ဂိုဏ်းသားသည် နောက်ပြန် လန်လဲကျသွားရာမှ လုံးဝပြန်မထတော့ဘဲ မလှုပ်မယှက် ငြိမ်သက်သွားတော့သည်။

ထိုအခိုက်မှာပင် ရန်သူဂိုဏ်းသား နောက်ထပ်နှစ်ဦးက ဘရောင်းနင်း ပစ္စတိုလ်သေနတ် ကိုယ်စီဖြင့် ရစ်ချတ်ရှိရာသို့ ပြေးဝင်လာပြန်သည်။

အနီးကပ် ပစ်သတ်ရန် ရှေ့လောကြီးစွာဖြင့် ပြေးလာခြင်း ဖြစ်သည်။ သို့သော် သူတို့သေနတ်မောင်းကို ဆွဲဖြုတ်၍ ပစ်လိုက်ချိန်တွင် ရစ်ချတ်က လျင်မြန်စွာ ဒူးထောက်ဝပ်ချ ရှောင်လိုက်သည်။ ရန်သူဂိုဏ်းသားနှစ်ဦးသည် ရစ်ချတ်ကိုသာ အာရုံစိုက်တိုက်ခိုက်နေသဖြင့် အနားသို့ရောက်လာသော ကွန်မန်ဒို တပ်မှူး ဟက်တာကို သတိမပြုမိကြချေ။ ဤသည်ပင်လျှင် သူတို့၏ ကြီးစွာသော အမှားဖြစ်သွားတော့သည်။

အနီးကပ်တိုက်ပွဲတွင် အထူးကျွမ်းကျင်သော ဟက်တာသည် အရဏ်သစ်ဂိုဏ်းသားတစ်ဦး၏ ဝမ်းဗိုက်ကို ဓားမြှောင်ဖြင့် ထိုးလိုက်ပြီး တစ်ချိန်တည်း



မှာပင် ကျန်တစ်ဦး၏ သေနတ်ကိုင်ထားသော လက်ကို တအားဆောင့်ဆွဲလိုက်ရင်း လက်တစ်ဖက်ဖြင့် တွက်လိုက်သည်။ သို့နှင့်ပင် ရန်သူဂိုဏ်းသားနှစ်ဦး စလုံးအား သုတ်သင်ရှင်းလင်းပြီး ဖြစ်သွားသည်။

ခန်းမဆောင်၏ တစ်နေရာတွင် မာလိန်မှူး ဂျက်ဆင်သည် အရဏ်သစ်ဂိုဏ်းသား သေနတ်ကိုင်တစ်ဦးနှင့် ရင်ဆိုင်နေရလေသည်။ ထိုလူက ပစ္စတိုလ်သေနတ်ဖြင့် ဂျက်ဆင်အား အနီးကပ်ပစ်သတ်ရန် ကြိုးစားပါသော်လည်း ပို၍ ဗလကောင်းသူ ဂျက်ဆင်က သေနတ်ကိုင်ထားသော လက်ကောက်ဝတ်ကို ဖမ်းဆုပ်ကိုင်ပြီး ပစ္စတိုပြောင်းဝကို ထိုလူ၏ ရင်ဘတ်ဘက်သို့ လှည့်လိုက်ရာ ဒိုင်းခနဲ ကျည်ဆန်ထွက်သွားပြီး အရဏ်သစ်ဂိုဏ်းသားခမျာ သူ့သေနတ်နှင့်ပင် ကိစ္စချောသွားတော့သည်။ သို့ဖြစ်လင့်ကစား ဂျက်ဆင်အဖို့ လူ့ဘဝသက်တမ်းကုန်ရမည့်အချိန် ရောက်နေပြီ ဖြစ်သည်။

ရန်သူဂိုဏ်းသားတစ်ဦးက စစ်မြေပြင်သုံး ဓားမြှောင်တစ်လက်ဖြင့် အလစ်တွင် ဂျက်ဆင်၏ နောက်ကျောကို တအားထိုးစိုက်လိုက်လေသည်။ ဓားဒဏ်ရာက သေလောက်အောင် ပြင်းထန်လှသော်လည်း စိတ်ဓာတ်ခိုင်မာ ကြံ့ခိုင်လှသူ ဂျက်ဆင်သည် ရန်သူဂိုဏ်းသားဘက်သို့ ပြန်လှည့်ပြီး သူ၏ ဓားမြှောင်နှင့်ပင် ရင်ဘတ်တည့်တည့်ကို တအားထိုးစိုက်လိုက်လေသည်။ ဤသည်ပင်လျှင် မာလိန်မှူး ဂျက်ဆင်၏ လူ့ဘဝတွင် နောက်ဆုံး လှုပ်ရှားမှုပင် ဖြစ်လေသည်။

တစ်မိနစ်အတွင်း ဂျက်ဆင်ရော သူ့အား ဓားနှင့် ထိုးခဲ့သူ အရဏ်သစ်ဂိုဏ်းသားတို့ နှစ်ဦးစလုံး လဲကျ အသက်ပျောက်သွားလေသည်။

ထိုနေရာမှ ဆယ့်ငါးပေခန့်အကွာတွင် ရုရှစုံထောက် တေချော့ဗ်စကီးသည် ရန်သူဂိုဏ်းသားငါးဦးနှင့် သဲသဲမဲမဲ တိုက်ခိုက်လျက် ရှိနေသည်။

အရဏ်သစ်ဂိုဏ်းသား ငါးဦးစလုံးက ဓားမြှောင်ကိုယ်စီနှင့် ဖြစ်သော်လည်း အနီးကပ်တိုက်ပွဲတွင် တေချော့ဗ်စကီးက သူတို့ထက် များစွာ လျင်မြန်ဖျတ်လတ်ကြောင်းကို မသိကြချေ။

ကေဂျီဘီခေါ် ရုရှထောက်လှမ်းရေးအဖွဲ့သား တေချော့ဗ်စကီးသည် ကွန်ဖူးတရုတ်သိုင်းပညာ ကျွမ်းကျင်သူ၊ ခွန်အားဗလအားဖြင့်လည်း ရန်သူဂိုဏ်းသားထက် ပိုမိုသန်စွမ်းသူဖြစ်လေရာ သုံးမိနစ်အတွင်း ဓားမြှောင်ကိုင် ရန်သူ ငါးဦးစလုံးအား သုတ်သင် ရှင်းလင်းပြီး ဖြစ်သွားတော့သည်။

ဘီလျံနာကြီး၏ လူယုံတော် စတီးလ်နှင့် သူ၏အဖော် အီဘရုတ်တို့သည် ပေသုံးဆယ်ခန့်အကွာမှ ခန်းမဆောင်၏ တိုင်တစ်လုံးကို အကာအကွယ်ယူလျက် ရစ်ချတ်အား ချိန်ရွယ်ပစ်ခတ်နေကြလေသည်။ သို့သော် သူတို့အား လှမ်းမြင်

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ပြင်သစ်စုံထောက် ဖီးလစ်က ရန်သူတပ်သားတစ်ဦးလက်မှ လွတ်ကျနေသော စက်သေနတ်ငယ်တစ်လက်ကို ကောက်ယူ၍ စတီးလ်ရှိရာဘက်သို့ ပစ်ခတ်လေသည်။

ဤတွင် စတီးလ်နှင့် အီဘရိုတို့သည် ကြမ်းပြင်တွင် ဝပ်တွားလျက် ဘီလျံနာကြီး၏ ဘုရားရှိခိုးစင် သို့မဟုတ် ကျောက်စားပွဲကြီး၏ အကာအကွယ်ဆီသို့ တွားသွားကြလေသည်။

ထိုအချိန်၌ ရစ်ချတ်က သူတို့နှစ်ဦးကို လှမ်းမြင်လိုက်ပြီဖြစ်ရာ သူ၏ အမိကပစ်မှတ်ဖြစ်သော ဘီလျံနာဝင်စတန်သည်လည်း စတီးလ်တို့ ယခု အကာအကွယ်ယူထားသည့် ကျောက်စားပွဲကြီးနားတွင် ရှိရမည်ဟု တွက်မိလေသည်။

သူတို့ပုန်းအောင်းနေသော နေရာမှ ထွက်လာအောင် မည်သို့ ကြံရပါမည်နည်းဟု စဉ်းစားနေခိုက် ပြင်သစ်စုံထောက် ဖီးလစ်က အနီးသို့ ရောက်လာပြီး "ကျွန်တော့်မှာ မီးခိုးဗုံးခြောက်လုံးတော့ ပါတယ်"ဟု ပြောလေသည်။

"ဟုတ်လား၊ ဒါဖြင့် မီးခိုးဗုံးတွေ ဖောက်ခွဲကြရအောင်"။ ရစ်ချတ်က ပြောပြီး ချက်ချင်းပင် မီးခိုးဗုံးများ ပစ်၍ ဖောက်ခွဲလိုက်ကြသည်။ သူ၏အကြံကား မီးခိုးလုံးများ၏ အကာအကွယ်ကို ယူလျက် ရန်သူရှိရာသို့ ချဉ်းကပ်တိုးဝင်သွားရန်ပင် ဖြစ်သည်။

ရစ်ချတ်က သူ၏ မွိုင့် ၃၅၇ ခြောက်လုံးပြူးသေနတ် နှစ်လက်အပြင် အိုဝင်စက်သေနတ်တစ်လက်နှင့် ဓားမြှောင်တစ်လက်ကိုပါ ဆောင်၍ ရန်သူရှိရာသို့ သွားမည် ဖြစ်သည်။

ထိုအချိန်၌ သူ့အား ကာဗာ (အကာအကွယ်) ပေးသည့် အနေဖြင့် ပြင်သစ်စုံထောက် ဖီးလစ်က နောက်ပိုင်းမှနေ၍ ရန်သူများ ပုန်းနေရာဆီသို့ ပစ်ခတ်ပေးနေရန် စီစဉ်လျက် ရစ်ချတ်သည် ကျောက်စားပွဲကြီးဆီသို့ ရှေ့တိုးသွားလေသည်။

ခန်းမဆောင်ကြီး၏ ဘုရားရှိခိုးစင်လုပ်ထားသည့် ကျောက်စားပွဲကြီး နောက်တွင် ရှိနေကြသော ဘီလျံနာဝင်စတန်၊ သူ၏ အပါးတော်မြဲ မက်ကီလစ်အပြင် စတီးလ်နှင့် အီဘရိုတို့ လေးဦးစလုံးမှာ ချောင်ပိတ်မိပြီး ပြေးပေါက်မရှိသော သားကောင်များကဲ့သို့ ဖြစ်နေကြလေသည်။

သူတို့လောကတွင် သေမင်းတမန်ဟု နာမည်ကြီးသူ ရစ်ချတ်က ယခု မိမိတို့ရှိရာသို့ ချဉ်းကပ်လာနေပြီ ဖြစ်သည်။ ဘီလျံနာ ဝင်စတန်တို့ လေးဦးစလုံးသည် မီးခိုးဗုံးများ ဖောက်ခွဲလိုက်စဉ်ကပင် ဓာတ်ငွေ့ကာမျက်နှာဖုံးများ ကိုယ်စီ တပ်ဆင်ထားပြီး ဖြစ်သည်။



သူတို့၏ရန်သူ ရစ်ချတ်သည်ကား မီးခိုးတွေကြားမှပင် တဖြည်းဖြည်း ရှေ့တိုးလာလေသည်။ ပြင်သစ်စုံထောက် ဖီးလစ်သည်လည်း ရစ်ချတ်၏ နောက်မှ ထက်ကြပ်မကွာ လိုက်ပါလာလေသည်။ တဖြည်းဖြည်းနှင့် ရစ်ချတ်သည် နီးကပ်လာလေရာ သူနှင့် အနီးကပ်ဆုံးနေရာတွင် ရှိနေသူ အီဘရိုက စတင်လှုပ်ရှားလိုက်သည်။

သူ၏လက်တွင် အသင့်ရှိသော စက်သေနတ်ငယ်၏ ပြောင်းကို ရစ်ချတ်ဘက်သို့ လှည့်၍ ပစ်ရန် ကြိုးစားလေသည်။ သို့သော် ယင်းသည်ပင်လျှင် သူ၏ နောက်ဆုံး လှုပ်ရှားမှု ဖြစ်သွားတော့သည်။

ရစ်ချတ်က စက္ကန့်ပိုင်းမျှ ပို၍ လျင်မြန်စွာ လှုပ်ရှားလျက် မွိုင့် ၃၅၇ ခြောက်လုံးပြူးဖြင့် အနီးကပ် ပစ်လိုက်ရာ အီဘရို၏ ဦးခေါင်းတည့်တည့်သို့ ထိမှန်သွားလေသည်။ ကျည်ဆန်ယမ်းအား ပြင်းထန်လှသဖြင့် ဒလဟောပန်းထွက်လာသော သွေးများက သူ၏အနီးရှိ စတီးလ်၊ မက်ကီလစ်နှင့် ဘီလျံနာဝင်စတန်တို့ကိုပါ ရဲရဲနီသွားစေလေသည်။ သုံးယောက်စလုံး ရုတ်တရက် အံ့အားသင့်တုန်လှုပ်လျက် နောက်သို့ ခြေတစ်လှမ်းစီ ဆုတ်လိုက်ကြသည်။

ချက်ချင်းပင် ပြန်သတိရပြီး ရစ်ချတ်အား ဝိုင်းပစ်ခတ်ကြမည်အပြုတွင် ပြင်သစ်စုံထောက် ဖီးလစ်က ကျောက်စားပွဲကြီးပေါ်မှ ဖြတ်လျက် ဒိုင်ဗင်ထိုးကာ မက်ကီလစ်ဆိုသူ၏ ကိုယ်ကို အတင်းဝင်တိုးလျက် နှစ်ယောက်သား လူချင်းခင်ပူးသွားလေသည်။

ရစ်ချတ်သည် စက်သေနတ်ငယ်ဖြင့် ဘီလျံနာကြီး ဝင်စတန်နှင့် စတီးလ်တို့အား ပစ်ခတ်ရန် သေနတ်ထဲမှ ကျည်ဆန် လုံးဝကုန်နေပြီ ဖြစ်လေသည်။ စက္ကန့်ပိုင်းအတွင်း ဘီလျံနာဝင်စတန်နှင့် စတီးလ်တို့က မိမိအား သေနတ်ကိုယ်စီဖြင့် ပစ်ခတ်ကြတော့မည်ဖြစ်ရာ ရစ်ချတ်အနေဖြင့် စက်သေနတ်ကို ချပြီး သူ၏ မွိုင့် ၃၅၇ ခြောက်လုံးပြူးသေနတ်ကို ဆွဲရန်ပင် အချိန်မရတော့ချေ။

ထို့ကြောင့် မိမိကိုယ်ကိုယ် ကာကွယ်ရန် တစ်ခုတည်းသော နည်းလမ်းသာ ရှိတော့သည်ဟု တွက်လျက် ရစ်ချတ်သည် ဘီလျံနာကြီးနှင့် စတီးလ်တို့ နှစ်ဦးစလုံးအား မိမိကိုယ်လုံးဖြင့် အတင်းဝင်ပူးပစ်တိုက်လိုက်လေသည်။

လူချင်းဝင်တိုက်သည့်အရှိန်ကြောင့် နှစ်ဦးစလုံး လက်မှ သေနတ်များ လွင့်ထွက်ကျကုန်လေသည်။

"ဆေးတန်နတ်မင်း ကူညီမစတော်မူပါလော့…"

သူ စိတ်ရှုးပေါက် ယုံကြည်အားကိုးသော ဆေးတန်နတ်ဆိုးအား ဟစ်

www.burmeseclassic.com

www.burmeseclassic.com



အော်တိုင်တည်ရင်း ဘီလုံးနာဝင်စတန်သည် သူ၏အမိကရန်သူ ရစ်ချတ်အား ရင်ဆိုင်ရန် ပြင်ဆင်လိုက်သည်။

သူကိုယ်တိုင်က ကွန်ဖူးနှင့် ကရာတေးသိုင်းပညာကို ကျွမ်းကျင်အောင် လေ့ကျင့်သင်ကြားထားသည့်အလျောက် ယခုလည်း အရှေ့တိုင်း သိုင်းသမား တစ်ယောက် တိုက်ပွဲဝင်ခါနီးဖြစ်သည့်ပုံစံမျိုးဖြင့် ဘယ်ဘက်လက်မောင်းကို ရင်ဘတ်ရှေ့တွင် ကန့်လန့်ဖြတ်ကာ ညာဘက်လက်ဖြင့် ရန်သူအား တိုက်ခိုက်ရန် ပြင်ဆင်လိုက်သည်။

လူယုံတော် စတီးလ်သည်လည်း ကရာတေး ဂျပန်သိုင်းတတ်သူ ဖြစ်လေရာ ဟီရာကင် ညာဘက်လက်ဝါးစောင်းဖြင့် ရစ်ချတ်အား ခုတ်ချရန် ဟန်ပြင်ထားလေသည်။ အမှန်တော့ စတီးလ်သည် ယင်း ကရာတေးခုတ်နည်းဖြင့် တိုက်ခိုက်ရန် ဟန်ပြင်ထားသော်လည်း ရန်သူ (ရစ်ချတ်) အား လှည့်စားခြင်းသာ ဖြစ်လေသည်။

ရစ်ချတ်အနေဖြင့် ယင်းတိုက်ခိုက်နည်းကို ခုခံရန် ဟန်ပြင်တော့မှ စတီးလ်က ဝမ်းဗိုက်ကို ခြေဖျားဖြင့် တအားပစ်ကန်ရန် ကြံရွယ်ထားပေသည်။

သို့ရာတွင် စတီးလ်တို့ ဆရာတပည့်နှစ်ယောက်စလုံး၏ အကြီးအကျယ် မှားယွင်းချက်ကား သူတို့ရန်သူ (ရစ်ချတ်) ၏ ကိုယ်ခံသိုင်းပညာကို အထင် သေးမိခြင်းပင် ဖြစ်သည်။ တစ်နည်းအားဖြင့် ဘီလုံးနာဝင်စတန်နှင့် စတီးလ်တို့က ရစ်ချတ်၏ အနီးကပ် လူချင်းတိုက်ခိုက်မှုစွမ်းရည်ကို အထင်သေးမိကြလေသည်။ ဤသည်ပင်လျှင် သူတို့အဖို့ တွက်ကိန်းမှားသွားခြင်း ဖြစ်လေသည်။

ဘီလုံးနာကြီးက ရစ်ချတ်၏ လည်မျိုကို နူကေတီ သိုင်းကွက်တိုက် နည်းဖြင့် တိုက်ရန် ကြိုးစားချိန်တွင် စတီးလ်ကလည်း ရစ်ချတ်၏ ရင်ဘတ်ကို တအားပစ်ကန်လိုက်သည်။

သူတို့၏ တိုက်ခိုက်နည်းသာ ပစ်မှတ်ကို ထိမှန်သွားပါက ရစ်ချတ်သည် ထိုနေရာတွင်ပင် ပွဲချင်းပြီး ကိစ္စချောသွားမည်မှာ အမှန်ဖြစ်သည်။ သို့ရာတွင် ရစ်ချတ်က ရန်သူ၏ ထိုးစစ်ဆင်ကွက်ကို ကြိုမြင်ထားသည့်အလျောက် အံ့ဩဖွယ် ကောင်းလောက်အောင် လျင်မြန်လှသောအဟုန်ဖြင့် တုံ့ပြန်တိုက်ခိုက်လေသည်။

သူ၏လက်နှစ်ဖက်လုံးဖြင့် စတီးလ်၏ ခြေထောက်ကို ဖမ်းဆီးပြီး တအား လိမ်ချိုးရင်း ဘီလုံးနာကြီး၏ နူကေတီ တိုက်နည်းကို ကျင်လည်စွာ တိမ်းရှောင်လိုက်သည်။

ဘီလုံးနာဝင်စတန်သည် ဒေါသပြင်းစွာ ထွက်လျက် "ဆေတန်နတ်မဲ တန်ခိုးဖြင့် သေစေလော့…" ဟု ဟစ်အော်ကြုံးဝါးရင်း နောက်တစ်ကြိမ် ထပ် တိုက်ခိုက်ရန် ကြိုးစားပြန်သည်။



သို့သော် ယခုလို အရေးကြုံလျှင် စိတ်လှုပ်ရှားမှု လုံးဝမရှိဘဲ တည်ငြိမ် အေးဆေးစွာ တိုက်နိုင်စွမ်းရှိသူ ရစ်ချတ်က ပို၍ လျင်မြန်စွာ လှုပ်ရှားလိုက်ပြန် သည်။

ကွန်ဖူး တရုတ်သိုင်းပညာဝေါဟာရဖြင့် လွန်တောင်ဟုခေါ်သော တိုက် ခိုက်နည်းအရ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားကာ ဘီလုံးနာကြီး၏ ရင်ဘတ်တည့်တည့်သို့ တအားပစ်ထိုးလိုက်ရာ လက်သီးချက်ပြင်းထန်လွန်းသဖြင့် နောက်ပြန်ယိုင်လဲကျသွားလေသည်။

ယိုင်လဲသည့်အရှိန်ကြောင့် နောက်နားတွင် ပြင်သစ်စုံထောက် ဖီးလစ်နှင့် မက်ကီလစ်တို့ လူချင်းလုံးသတ်ကာ စက်သေနတ်ယယ်တစ်လက် လုနေကြရာ သို့ ဝင်တိုက်မိလေသည်။

ဘီလုံးနာဝင်စတန်သည် ဒေါသပြင်းစွာ ထွက်နေသဖြင့် လွန်တောင် ကွန်ဖူးသိုင်းချက်ကြောင့် နာကျင်ခြင်းကိုပင် သတိမရနိုင်ဘဲ ချက်ချင်း ပြန်ထ ၍ ရစ်ချတ်ရှိရာသို့ ပြေးဝင်လာပြန်လေသည်။ ထိုအချိန်၌ ရစ်ချတ်သည် ဝင်စတန် နှင့် စတီးလ်နှစ်ဦးစလုံးကို မျက်ခြည်မပြတ် စောင့်ကြည့်နေလေသည်။

လူယုံတော် စတီးလ်သည် သူ ပိုင်လှပြီထင်၍ ရစ်ချတ်အား ခြေဖြင့် ပိတ်ကန်လိုက်သော်လည်း တစ်ဖက်မှ သူ၏ခြေထောက်ကို လျင်မြန်စွာ ဖမ်း ဆွဲ လိမ်ချိုးလိုက်ခြင်းကြောင့် အံ့အားသင့်ခြင်း၊ ပြင်းစွာ နာကျင်ခြင်း ဖြစ်ရုံမက စိတ်ဓာတ်ပါ ချောက်ချားသွားမိလေသည်။

သို့သော် ရန်သူရစ်ချတ်က စက်ဆုပ်မုန်းတီးခြင်းကြောင့် အကြီးအကျယ် ဒေါသထွက်လာပြီး နောက်တစ်ကြိမ်တိုက်ခိုက်ရန် အရှေ့တိုင်းသမားများ ခြိမ်း ခြောက် ကြုံးဝါးနည်းမျိုးဖြင့် ညာသံပေး ဟစ်အော်ကာ ပြေးဝင်လာပြန်သည်။

ဤတွင်လည်း ရစ်ချတ်က သူ့ကိုယ်သူ ကျောက်စားပွဲသားနားသို့ အသာ လှဲချ၍ တိမ်းရှောင်လိုက်ချိန်တွင် ဘီလုံးနာဝင်စတန်သည် အခြေအနေကို အခွင့် ကောင်းယူကာ စားပွဲကြီးပေါ်ကို တက်လိုက်ပြီးမှ ရစ်ချတ်ရှိရာသို့ လွှားခနဲ ခုန်အုပ်လိုက်သည်။

စတီးလ်ကလည်း တစ်ယောက်နှင့်နှစ်ယောက်ဆိုလျှင် မိမိတို့က အရေး သာရမည်ဟု တွက်လျက် ရစ်ချတ်ရှိရာသို့ ခုန်လွှားဝင်လာလေသည်။

သူတို့၏ အပြုအမူကို မျက်ခြည်မပြတ် ကြည့်နေသူ ရစ်ချတ်သည် ရန်သူနှစ်ဦးစလုံးအား သူ၏ ပိုင့် ၃၅၇ ခြောက်လုံးပြူးသေနတ်ဖြင့် အလွယ် တကူ သုတ်သင်နိုင်သော်လည်း ယင်းသို့ ပြုခြင်းသည် မတော်ဟု ယူဆကာ

www.burmeseclassic.com

www.burmeseclassic.com



သူကိုယ်တိုင်က လက်နက်မဲ့တိုက်နည်းဖြင့် ပြန်လည်တုံ့ပြန်ရန် ဆုံးဖြတ်လိုက်လေသည်။

အထူးသဖြင့် ကမ္ဘာ့ဖျက်ရန် ကြံစည်လောက်အောင် စိတ်ရူးပေါက်မိုက်မဲလှသူ အာဏာရူး ဘီလုံနာ ဝင်စတန်အား လက်နက်လုံးဝမပါ လက်ချည်းသက်သက်ဖြင့် ကွပ်မျက်သုတ်သင်ချင်စိတ် ဖြစ်ပေါ်မိလေသည်။ ရှေးဦးစွာ လူယုံတော်စတီးလ်အား ရှင်းပစ်လိုပေသည်။

ရစ်ချတ်သည် အမေရိကန် မာရင်းတပ်သားများ စစ်မြေပြင်၌ သုံးလေ့ရှိသော ဓားမြှောင်ကို ထုတ်ယူပြီး စတီးလ်အား ပစ်ပေါက်လိုက်သည်။

မျက်စိနှင့် လိုက်၍ မကြည့်နိုင်လောက်အောင် လျှင်မြန်သလောက် အရှိန်ပြင်းစွာဖြင့် လေထဲပျံဝဲလာသော ဓားမြှောင်သည် လူယုံတော်စတီးလ်၏ လည်မျိုတည့်တည့်ကို ထိုးစိုက်ဝင်သွားလေရာ လည်ပင်းနောက်သို့ တိုင်အောင် ထုတ်ချင်းပေါက်သွားလေသည်။

သို့နှင့်ပင် ဘီလုံနာကြီး၏ လူယုံတော် စတီးလ်သည် မရှုမလှ ဘဝဇာတ်သိမ်းသွားလေတော့သည်။ ရစ်ချတ်သည် လဲကျသေဆုံးနေသော စတီးလ်အား အချိန်ကုန်ခံကြည့်မနေတော့ဘဲ ဘီလုံနာဝင်စတန် ဒုတိယအကြိမ် ပြေးဝင်တိုက်ခိုက်ခြင်းကို ရင်ဆိုင်ရပြန်လေသည်။

လူချင်းနီးကပ်တော့မှ ရုတ်တရက်ဘေးသို့ တိမ်းရှောင်ရင်း 'ဂျူဒို' ခေါ် ကွန်ဖူးသိုင်းတိုက်နည်းဖြင့် ဘီလုံနာကြီး၏ လည်ပင်းဘေးဘက်သို့ တအားခုတ်ချလိုက်သည်။

ခုတ်နည်းက မှန်ကန်တိကျသလောက် အရှိန်ပြင်းလှသဖြင့် ဘီလုံနာကြီးသည် တစ်ကိုယ်လုံး ထုံကျဉ်ကာ ရုတ်တရက် လေဖြတ်ခံရသလို ဖြစ်သွားစဉ် ရစ်ချတ်က လျှင်မြန်စွာ လူချင်း ဝင်ပူးလိုက်သည်။ ထို့နောက် အာဏာရူးကြီး ဝင်စတန်၏ တစ်ကိုယ်လုံးကို မွေ့ယူမလိုက်ပြီး ကြမ်းပြင်ပေါ်သို့ ကိုင်ပေါက်ချလိုက်သည်။

ဝင်စတန်အဖို့ ကံဆိုးပုံကား ကြမ်းပြင်ပေါ်သို့ ပက်လက်လန်အကျတွင် ကျောက်စားပွဲခြေထောက်တစ်ခု၏ အောက်ခြေ၌ အလှဖန်တီးထားသည့် ကျောက်သားအချွန်တစ်ခုနှင့် ပစ်ဆောင့်မိလေသည်။

ခါးရိုးတည့်တည့်သို့ ထိမှန်ပြီး အရိုးကျိုးသွားချိန်တွင် ရစ်ချတ်၏ ဂျူဒိုလက်ဝါးစောင်းခုတ်နည်း၊ ခုတ်ချက်ဒဏ်ကလည်း ပြင်းထန်လှသောကြောင့် အာဏာရူးကြီး ဘီလုံနာသည် 'ဆေတန်နတ်မင်း ကယ်တော်မူပါ' ဟု ကယောင်ချောက်ချား ရေရွတ်မြည်တမ်းရင်း အသက်ပျောက်သွားလေတော့သည်။



ကမ္ဘာစစ်ဖြစ်အောင် လုပ်ကြံဖန်တီးရန် အကြီးအကျယ် ကြံစည်လောက်အောင် စိတ်ရူးပေါက်ခဲ့သူ ဘီလုံနာသူဌေးကြီး ဝင်စတန်ကား မကြံအပ် မစည်ရာကို ကြံစည်သူတို့ ရင်ဆိုင်ရတတ်သည့်အတိုင်း အသေဆိုးနှင့် သေသွားရှာပြီ ဖြစ်လေသည်။

ရစ်ချတ်သည် ခြောက်လုံးပြူးနှစ်လက်ကို ဆွဲထုတ်ကိုင်ရင်း ခန်းမဆောင်အတွင်း လှည့်ပတ်ကြည့်လိုက်သည်။ ပြင်သစ်စုံထောက် ဖီးလစ်သည် ဘီလုံနာကြီး၏ အပါးတော်မြဲ မက်ကီလစ်အား အနိုင်သတ်နိုင်သော်လည်း သူကိုယ်တိုင်က လက်မောင်းတွင် ဓားဒဏ်ရာတစ်ချက် ရခဲ့သည်။

ကွန်မန်ဒိုတပ်မှူး ဟက်တာ၊ ဗြိတိသျှစုံထောက် ကင်ဘာနှင့် ကျန်ကွန်မန်ဒိုတပ်သားများမှာ အထိအခိုက်မရှိဘဲ ရန်သူအားလုံးကို ချေမှုန်းသုတ်သင်ပြီး ဖြစ်သည်။

"ဘယ့်နှယ်လဲ မစ္စတာရစ်ချတ်၊ ကျွန်တော်တို့ပဲ အောင်ပွဲခံရပြီ မဟုတ်လား ခင်ဗျာ"။ ဖီးလစ်က ပြောလျှင် ရစ်ချတ်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ကျုပ်တို့ရဲ့ စစ်ဆင်ရေး အောင်မြင်စွာ အဆုံးသတ်နိုင်ပါပြီ။ နောက်ထပ် လုပ်စရာ ကျန်တာက လမ်းမှာ ဗိုက်မကောင်းလို့ ထားပစ်ခဲ့တဲ့ ကြီးကြပ်ရေးမှူး နာသန်နီယယ်လ်ကို အပြန်မှာ ဝင်ခေါ်သွားရုံပါပဲ။ လူသားအားလုံးကို ဒုက္ခပေးနေတဲ့ အာဏာရူး 'ဘီလုံနာ' ဝင်စတန်ရဲ့ 'အရဏ်သစ်' ဂိုဏ်းကြီးကတော့ ဇာတ်သိမ်းသွားပြီ ဆိုပါတော့ဗျာ"

■

# နိဂုံး

အီတလီနိုင်ငံ ရောမမြို့တော်ရှိ 'စီအိုင်အေ' (ထောက်လှမ်းရေးအဖွဲ့)၏ လျှို့ဝှက်စခန်း ပြုလုပ်ထားရာ မြို့စားကြီး 'ဂိုလစ်တီ' ၏ တိုက်အိမ်ကြီးမှာ ခေတ်မီလေအေးစက်များ တပ်ဆင်ထားသဖြင့် နွေရာသီပင် ဖြစ်လင့်ကစား အပူအအေးမျှတ၍ နေသာထိုင်သာ ရှိနေပေသည်။

အဆောက်အအုံကြီး၏ သီးသန့် အစည်းအဝေးခန်းထဲတွင် လူသုံးယောက်ရှိနေရာ ၎င်းတို့မှာ ဩစတြေးလျနိုင်ငံမှ စစ်ဆင်ရေး အောင်မြင်ပြီး၍ ပြန်လာခဲ့သူ ရစ်ချတ်၊ ကြီးကြပ်ရေးမှူး နာသန်နီယယ်လ်နှင့် ရောမစခန်းဘာဝန်ခံ 'မီဇို' တို့ပင် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ့်နှယ်လဲဗျ ကြီးကြပ်ရေးမှူးကြီးရဲ့ နေလို့ကောင်းသွားပြီလား"

'မီဇို' က မေးလိုက်ရာ 'နာသန်နီယယ်လ်' သည် သူ၏ဝမ်းဗိုက်ကို နှိပ်ပြလေသည်။

"နေလို့တော့ ကောင်းပြီဆိုပါတော့။ ဒါပေမဲ့ အခုလောလောဆယ်မှာ ခင်ဗျားတို့ အီတလီ အစားအစာတွေကို စားလို့မဖြစ်သေးဘူး။ စပ်လွန်းတယ်"

ပြောရင်းနှင့် သူသည် အခန်းတံခါးဝသို့ လှမ်းကြည့်လိုက်သည်။

မီဇိုလည်း ဘာများပါလိမ့်ဟု လှမ်းကြည့်ရာ သူတို့စခန်းမှ ရေဒီယိုဆက်သွယ်ရေးတာဝန်ခံဖြစ်သူ ဝင်လာသည်ကို မြင်ရလေသည်။

ဆက်သွယ်ရေးအရာရှိသည် ရစ်ချတ်ရှိရာသို့ လျှောက်လာပြီး စာရွက်တစ်ရွက် လှမ်းပေးလေသည်။ စာရွက်ပေါ်တွင်ကား အလွန်တိုတောင်းသော အင်္ဂလိပ်စာနှစ်လုံးသာလျှင် လက်နှိပ်စက်ဖြင့် ရိုက်ထားလေသည်။

စာလုံး၏ အဓိပ္ပာယ်က 'လေဆာစစ်ပွဲ' ဟူ၍သာဖြစ်လေသည်။ သို့သော် ရစ်ချတ်က ချက်ချင်း နားလည်သဘောပေါက်မိသည်။

နာသန်နီယယ်လ်က စခန်းတာဝန်ခံ 'မီဇို'အား ဆက်စကားပြောနေလေသည်။

"အမှန်အတိုင်းပြောရရင် ဟိုသြစတြေလျနိုင်ငံမှာတုန်းက ကျုပ်က ဗိုက်နာလို့ နေရစ်ခဲ့ရတာ။ သေမယ်တောင် ထင်မိခဲ့တယ်။ ဖြစ်ပုံကလည်း တော်တော်ဆန်းတယ်လို့ ဆိုရမယ်။ စားတဲ့အစာကြောင့် ဗိုက်ထဲမှာ အဆိပ်ဖြစ်တာဆိုရအောင်လည်း တစ်ဖွဲ့လုံး ကျုပ်နဲ့ အတူတူ အစားအစာတွေ စားခဲ့ကြလေတော့ တခြားလူတွေ ဘာမှမဖြစ်ဘဲ ကျုပ်တစ်ယောက်တည်းမှာ ဘာကြောင့် ဗိုက်ဒုက္ခပေးရတာလဲ"

"ဒါတော့ အဖြေရှင်းရှင်းကလေးပါ"

ရစ်ချတ်က သစ်သီးဖျော်ရည်တစ်ခွက်သောက်နေရာမှ လေသံခပ်အေးအေးဖြင့် ပြောရင်း နာသန်နီယယ်လ်၏ မျက်နှာကို သရော်သလို ခပ်ပြုံးပြုံး လှမ်းကြည့်လိုက်သည်။

ပြီးတော့ သူကပင် ဆက်ပြောလေသည်။

"ဒီမယ် နာသန်နီယယ်လ်။ ခင်ဗျား ဗိုက်နာဝမ်းလျှောပြီး ကျုပ်တို့နဲ့ ဆက်မလိုက်နိုင်အောင် ကျုပ်ကိုယ်တိုင် ခင်ဗျားရဲ့အစာထဲမှာ မှိုတစ်မျိုးက တစ်ဆင့် ထုတ်ယူရတဲ့ အဆိပ်တစ်မျိုး ခပ်ထားလိုက်တယ်။ ရှင်းပြီလား"

ရစ်ချတ်စကားကြောင့် 'မီဇို' မှာ အထူးပင် အံ့အားသင့်သွားလေသည်။

ကြီးကြပ်ရေးမှူး နာသန်နီယယ်လ်ကမူ မည်သို့မှ စိတ်လှုပ်ရှားပုံမရဘဲ ရစ်ချတ်အား ပြန်ကြည့်နေသည်။ ရစ်ချတ်က ဆက်မပြောဘဲ စကားကို ဖြတ်



ထားလိုက်သောအခါ၌မှ နာသန်နီယယ်လ်သည် စိတ်မရှည်နိုင်တော့ချေ။

"ဘာလဲ မောင်ရင်က ကျုပ်ဗိုက်နာပြီး နေရစ်ခဲ့တာကို ရယ်စရာဟာသလုပ်ပြောနေတာလား"

"မဟုတ်ဘူးခင်ဗျ။ ကျုပ်က ခင်ဗျားရဲ့အစာထဲကို တမင်သက်သက် အဆိပ်တစ်မျိုး ခပ်ခဲ့တယ်။ အဲဒါ ဘာကြောင့်လဲ သိလား။ ခင်ဗျားက ကျုပ်တို့ 'စီအိုင်အေ' အဖွဲ့ထဲမှာ ကြီးကြပ်ရေးမှူးအဆင့် ရောက်နေပေမယ့် တစ်ဖက်ကလည်း ခင်ဗျားဟာ ရန်သူဘီလုံးနာဝင်စတန်ရဲ့ သူလျှိုအဖြစ် တိတ်တိတ်ပုန်းအမှုထမ်းနေတယ်ဆိုတာ ကျုပ်ရိပ်မိလို့ပဲ။ ခင်ဗျားဟာ 'ဒပ်ဘယ်လ်ဧဂျင့်' လို့ခေါ်တဲ့ သူ့လူကိုယ့်ဘက်သား နှစ်ဖက်လွှ သစ္စာဖောက်ဖြစ်တယ်။ ခင်ဗျားလို သစ္စာမရှိတဲ့လူမျိုးကို ကျုပ်တို့ စစ်ဆင်ရေးထွက်ရာမှာ အတူခေါ်သွားလို့ ဘယ်နည်းနဲ့မှ စိတ်မချနိုင်တဲ့အတွက် လမ်းခုလတ်မှာ ခင်ဗျားကို ချန်ထားပစ်လို့ရအောင် ကြံခဲ့ရတယ်။ ရှင်းရှင်းပြောရရင် ကျုပ်တို့ ဘီလုံးနာကြီးရဲ့ အခြေစိုက်စခန်းကို ဖြိုခွင်းဖို့ စစ်ဆင်ရေးထွက်ရာမှာ သူ့တပ်သားသူလျှိုဖြစ်တဲ့ ခင်ဗျားကို ခေါ်သွားရင် အန္တရာယ်ရှိမှာမို့လို့ ဒီလိုကြံရတာပဲ။ ကျုပ်အနေနဲ့ ခင်ဗျားကို အဲဒီအချိန်ကတည်းက သတ်ပစ်ရင်ရပေမယ့် ကျုပ်က မသတ်ချင်လို့ ကျုပ်တို့နဲ့ အတူ မလိုက်နိုင်ရုံ အစာထဲ အဆိပ်ခပ်ပျော့ပျော့ ခပ်ခဲ့ရတယ်"

'ရစ်ချတ်' က ခပ်တည်တည်ပြောလိုက်ရာ ကြီးကြပ်ရေးမှူးနာသန်နီယယ်လ်သည် အကြီးအကျယ် အံ့အားသင့် တုန်လှုပ်ဟန်ဖြင့် မျက်လုံးပြူးနေတော့သည်။ သို့သော် အလျှော့မပေးလိုသေးသဖြင့် 'ဟန်ကိုယ့်ဖို့' အမူအရာဖြင့် 'အိုက်တင်' လုပ်ကြည့်သေးသည်။

"ဟာ... မောင်ရင်ကလည်း မဟုတ်တာတွေ ဖွတ်ပြောနေပြန်ပါပြီ။ မောင်ရင် အခုပြောတာတွေဟာ အတည်မဟုတ်ဘဲ ကျုပ်ကို နောက်နေတာလို့ ထင်ပါတယ်။ မောင်ရင်ပြောသလို ကျုပ်က ဒပ်ဘယ်လ်ဧဂျင့်' တန်ပြန်သူလျှိုဆိုရင် ဘယ်မလဲ သက်သေအထောက်အထား။ မောင်ရင် တစ်ခုမေ့နေတာက ကျုပ်ဟာ အမေရိကန်က ထွက်လာတဲ့ အချိန်ကစပြီး တောက်လျှောက် မောင်ရင်တို့နဲ့အတူ လိုက်ပါခဲ့ရုံမက လမ်းခရီးမှာ မောင်ရင်တို့ ရင်ဆိုင်ခဲ့ရတဲ့ ဘေးအန္တရာယ်မှန်သမျှကို ကျုပ်ကလည်း အတူရင်ဆိုင်ခဲ့ရတယ် ဆိုတဲ့ အချက်ပဲ။ လုံးလီးလေဒီသင်္ဘောနဲ့ ပင်လယ်ပြင်ကို ဖြတ်လာခဲ့တော့လည်း ကျုပ်ဟာ အတူပါခဲ့တယ် မဟုတ်လား"

ထိုစကားကြား၍လျှင် ရစ်ချတ်က လှောင်ပြောင် သရော်သလို ရယ်မောလိုက်သည်။

"ဒါတော့ ခင်ဗျားက 'ဒပ်ဘယ်လ်ဧဂျင့်'အဖြစ် ပိပိရိရိ ဟန်ဆောင်

www.burmeseclassic.com



နေသူဖြစ်လေတော့ ယုတ္တိရှိအောင် ကျုပ်တို့နဲ့အတူ လိုက်ခဲ့တာသာ ဖြစ်တယ်။ အမှန်တော့ ခင်ဗျားတို့ မူလအစီအစဉ်က အမေရိကန်မှာကတည်းက ကျုပ်ကို လုပ်ကြံသတ်ဖြတ်ခဲ့ဖို့ ဖြစ်တယ်။ ဒါပေမဲ့ ခင်ဗျားတို့လွှတ်လိုက်တဲ့ လူသတ်သမား တွေထက် ကျုပ်က 'လျင်' လို့ ခင်ဗျားတို့အကြံ မအောင်ဘဲ ကျုပ်က ဩစတြေ လျနိုင်ငံထိအောင် ဆက်လာနိုင်ခဲ့တယ်။ မှတ်မိသေးရဲ့လား သင်္ချိုင်းနားမှာ ကျုပ်ကို သေနတ်နဲ့ ဝိုင်းပစ်ကြတုန်းက ခင်ဗျားလည်း ရှိနေတယ်။ အဲဒါ ကျုပ် ကို အပျောက်ရှင်းဖို့ ခင်ဗျားကိုယ်တိုင် အကွက်ဆင်ပေးခဲ့တာပဲ"

'နာသန်နီယယ်လ်' သည် ရုတ်တရက် ထိုင်ရာမှ ထလိုက်သည်။ သူ၏ မျက်နှာအမူအရာကလည်း ရစ်ချတ်အား ဒေါသထွက်သည့်ဟန်မျိုး ဖြစ်နေသည်။

"ဟေ့...ရစ်ချတ် မောင်ရင်က သက်သက်မဲ့တရားစွပ်စွဲတာပဲ။ ကျုပ်က ရန်သူဘက်သား သူလျှိုဆိုရင် သက်သေအထောက်အထား ဘာရှိလို့လဲ"

"အဲဒီတုန်းက ခင်ဗျားဟာ ကျုပ်ကို လုပ်ကြံတဲ့ သင်္ချိုင်းနားမှာ မရှိ ဘူးဆိုရင် ဘာကြောင့် ဟိုအချိန်က အသုဘချလာတာကို ခင်ဗျားဟာ သိနေ တာလဲ"

BURMESE CLASSIC

"ကျုပ်သိတယ်လို့ ဘယ်တုန်းကပြောလို့လဲ"

"ဟဲ...ဟဲ... ခင်ဗျားဟာခင်ဗျား မေ့နေလို့ပါ။ ခင်ဗျားကိုယ်တိုင်က 'စီအိုင်အေ' စခန်းအမှတ် (ဝိုင်စီ-၂) မှာ ကျုပ်တို့ဆုံတဲ့ညက အမှတ်မထင် ပြောခဲ့တယ်လေ။ ဒါတင်မကသေးဘူး၊ အဲဒီတုန်းက မအောင်မြင်ခဲ့တော့ အီတလီပြည် ရောမမြို့ရောက်တော့လည်း ခင်ဗျားဟာ ကျုပ်ကို လုပ်ကြံ ဖျောက် ဖျက်ဖို့ နောက်တစ်ကြိမ် အကွက်ဆင်ပေးခဲ့ပြန်တယ်"

"ဒါတော့ မောင်ရင်က စိတ်ထဲထင်တာတွေ ရမ်းပြောနေတာပဲ။ ရောမ မြို့မှာ မောင်ရင်ဟာ ဘယ်ဟိုတယ်မှာ တည်းခိုမယ်ဆိုတာတောင် မသိဘဲနဲ့ ကျုပ်က ဘယ်လိုလုပ်ပြီး မောင်ရင့်ကို လုပ်ကြံဖို့ အကွက်ဆင်နိုင်မှာလဲ"

နာသန်နီယယ်လ်က ထပ်တွန့်ငြင်းသော်လည်း ရစ်ချတ်က ပြုံးလိုက် သည်။

"အဲဒါကိုလည်း ကျုပ်ပြောပြမယ်။ ကျုပ် အမေရိကန်က ထွက်မလာ ခင်မှာ ခင်ဗျားက ကျုပ်ကို လာတွေ့တော့ ခင်ဗျားမှာ လက်ဆွဲသားရေသေတ္တာ နှစ်လုံးပါတယ်။ အဲဒီသေတ္တာတစ်လုံးထဲမှာ ကိရိယာတစ်မျိုး ပါလာတယ်။ ကိရိယာဆိုတာက ကျုပ်သွားလေရာကို ခြေရာခံလိုက်လို့ရအောင် အချက်ပေး တဲ့ လျှပ်စစ် 'အီလက်ထရွန်နစ်' ကိရိယာအဆန်းတစ်မျိုး ဖြစ်တယ်။ ခင်ဗျား တို့ရဲ့ အရဏ်သစ်ဂိုဏ်းသားတွေက ရောမမြို့မှာ ကျုပ်ရှိတဲ့နေရာကို အဲဒီကိရိ ယာသုံးပြီး သိခဲ့တယ်။ ဒီမယ်နာသန်နီယယ်လ်၊ ရောမမြို့မှာတုန်းက ကျုပ်တို့



ရဲဘော် တေဇျော့ဇ်စကီးက ရန်သူဘက်သားတစ်ယောက်ဆီက ကျကျန်ရစ်တဲ့ သားရေသေတ္တာတစ်လုံးကို ဖွင့်ရှာကြည့်တော့ ကျုပ်ရဲ့ ခန္ဓာကိုယ်က လျှပ်စစ်ဓာတ် လှိုင်း အော်ရာကို ခြေရာခံလိုက်လို့ရတဲ့ ကိရိယာတစ်ခုကို တွေ့ခဲ့တယ်။ တစ်ခု ပဲ ခင်ဗျားတို့အကြံ ဟာသွားတာက လူသတ်သမားတွေကို ကွပ်ကဲတဲ့ လူယုံ တော်စတီးလ်က ကျုပ်ကို သတ်ဖို့ လွှတ်လိုက်ရာမှာ ကျုပ်တို့လောက် မမြန် တဲ့အကောင်တွေ လွှတ်မိတာပဲ"

နာသန်နီယယ်လ်သည် ရုတ်တရက် ဘာပြောရမှန်းမသိဘဲ မျက်နှာကြီး နီမြန်းလျက်ရှိစဉ် ရစ်ချတ်ကပင် ဆက်ပြောပြန်သည်။

"ဒီကိစ္စကို အရင်ဆုံး ဆက်စပ်တွေးယူပြီး ကောက်ချက်ချနိုင်ခဲ့တဲ့လူ ကတော့ ကျုပ်ရဲ့ ရှုရှုရဲဘော်ကြီး တေဇျော့ဇ်စကီးဖြစ်တယ်။ ရန်သူလူသတ်သမား ရဲ့ သားရေသေတ္တာထဲက ကိရိယာအဆန်းကို ဂရုစိုက်လေ့လာကြည့်ရာက သူ ဟာ အဖြေမှန်ကို စဉ်းစားမိလာတယ်။ ဘာပဲဖြစ်ဖြစ် ခင်ဗျားဟာ ကမ္ဘာဖျက် ဖို့ ကြံလောက်အောင် စိတ်ရှူးပေါက်ပြီး တတိယကမ္ဘာစစ်ဖြစ်ဖို့ ကြိုးစားခဲ့တဲ့ လူယုတ်မာကြီး ဘီလုံနာဝင်စတန်ရဲ့ ဩဇာခံ လက်ပါးစေ တန်ပြန်သူလျှိုဖြစ်တယ် ဆိုတာတော့ ထင်ရှားနေပြီ"

ရစ်ချတ်၏ စကားအဆုံးတွင် ကြီးကြပ်ရေးမှူး နာသန်နီယယ်လ်သည် စိတ်ထဲမှ ဆုံးဖြတ်ချက် ချလိုက်သည်။ သူ၏အကြောင်းကို ရစ်ချတ်က သိသွား ပြီဖြစ်၍ မည်သို့မှ မတတ်နိုင်တော့ လက်တလော ပြဿနာရှင်းရန်က ရစ်ချတ် အား သုတ်သင်ပစ်မှ ဖြစ်ချေတော့မည်။

ဤသို့ စဉ်းစားရင်း နာသန်နီယယ်လ်သည် သူ၏ ဘယ်ဘက်ခြေသလုံး ကို လက်ဖြင့် အယားဖျောက်ရန် ကုတ်သလို လုပ်ရင်း ဘောင်းဘီအတွင်း ဝှက်ထားသော ဘာရက်တာ ၃၈ ခြောက်လုံးပြူး သေနတ်ကို ဆွဲထုတ်လိုက် သည်။ ဤသည်ပင်လျှင် သူ၏ ကြီးစွာသော အမှားပင်ဖြစ်လေသည်။

သူ၏ ခြေလှမ်းကို ကြိုတင်တွက်ထားပြီးဖြစ်သူ ရစ်ချတ်က ပို၍ လျင် မြန်စွာ လှုပ်ရှား လှုပ်ရှားလိုက်လေသည်။ ရစ်ချတ် ခြောက်လုံးပြူးသေနတ်မှ ပထမဆုံးကျည်ဆန်က နာသန်နီယယ်လ်၏ လည်ပင်းတည့်တည့်ကို ထိမှန်ပြီး ဆက်တိုက်ပင် ဒုတိယကျည်ဆန်က နားရွက်အောက်နား ပါးပြင်ကို ထိမှန်သွားရာ နောက်ပြန်လဲကျရင်း အသက်ပျောက်သွားလေတော့သည်။

စီအိုင်အေ စခန်းတာဝန်ခံ မိဗိုမှာ သူ၏မျက်စိရှေ့မှောက်တွင် ဖြစ်ပျက် သွားပုံများကို ကြည့်ရင်း ပါးစပ်အဟောင်းသားနှင့် အံ့အားသင့်နေမိလေသည်။

**တက္ကသိုလ်နေဝင်း**

www.burmeseclassic.com